ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်

တရားမျှတမှုလက်လှမ်းမီရေးနှင့် သမားရိုးကျမဟုတ်သော

တရားမျှတရေးစနစ်များ သုတေသနလေ့လာမှု

# ကချင်ပြည်နယ်

UNDP

*Empowered lives.*
*Resilient nations.*



ပဲလော်ကြားဆားညုပ်

မိတ်ဖက်အလှူရှင်များ

တရားမျှတမှုလက်လှမ်းမီရေးနှင့် သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များဆိုင်ရာ သုတေသနလေ့လာမှု စီမံကိန်း အကောင်အထည်ဖော် ဖြစ်မြောက်ရေးအတွက် ဩစတေးလျ၊ ဖင်လန်၊ ဆွီဒင်နှင့် ဗြိတိန် နိုင်ငံအစိုးရများမှ ဘဏ္ဍာရေးအရပံ့ပိုးကူညီသည်။

သတိပေးချက်

ဤပုံနှိပ်ထုတ်ဝေသည့် အစီရင်ခံစာတွင်ဖော်ပြထားသည့်အမြင်များမှာ ရေးသားသူများ၏ သဘောထားအမြင်များသာဖြစ်ပြီး ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်အပါအဝင် ကုလသမဂ္ဂ သို့မဟုတ် ၎င်းအဖွဲ့ဝင်နိုင်ငံများ၏ သဘောထားအမြင်များကို ကိုယ်စားပြုထင်ဟပ်သည်ဟု မယူဆနိုင်ပါ။ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်သည် ဘေးဒုက္ခများကို ကြံ့ခိုင်ကျော်လွှားနိုင်မည့် နိုင်ငံများအဖြစ် တည်ဆောက်ရန်နှင့် လူတိုင်း၏ဘဝအရည်အသွေးကို ပိုမိုကောင်းမွန်စေမည့် ဖွံ့ဖြိုးတိုးတက်မှု ထွန်းကားစေရေးအတွက် လူ့ဘောင်အဖွဲ့အစည်းအဆင့်အားလုံးရှိ ပြည်သူများနှင့် လက်တွဲကူညီလျက်ရှိသည်။ အရေအတွက် ၁၇၀ ကျော်သော နိုင်ငံများနှင့် ဒေသအသီးသီးရှိလက်တွေ့လုပ်ငန်းခွင်များတွင် ဘဝများတိုးတက်မြင့်မားစေရေးနှင့် ကြံ့ခိုင်သည့်နိုင်ငံများတည်ဆောက်နိုင်ရေးအတွက် ကမ္ဘာ့တစ်ဝှမ်းမှရှုထောင့်အမြင်များနှင့် ဒေသန္တရ အသိပညာများကိုလည်း မျှဝေပေးသည်။

မူပိုင်ခွင့် @ UNDP ၂၀၁၇ ခုနှစ်

ဓာတ်ပုံ- UNDP မြန်မာ၊ ပညာအလင်းပွင့် မြန်မာ သုတေသနဖောင်ဒေးရှင်း (EMReF)

Empowered lives.
Resilient nations.

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်
တရားမျှတမှုလက်လှမ်းမီရေးနှင့် သမားရိုးကျမဟုတ်သော
တရားမျှတရေးစနစ်များ သုတေသနလေ့လာမှု

# ကချင်ပြည်နယ်

ပဲလှော်ကြားဆားညှပ်

# ဝေါဟာရအတိုအကောက်အညွှန်း

| | |
|---|---|
| 10 HHH | ဆယ်အိမ်မှူး (ဆယ်အိမ်စုခေါင်းဆောင်) |
| 100 HHH | ရာအိမ်မှူး (ရာအိမ်စုခေါင်းဆောင်) |
| CLA | စာပေနှင့်ရိုးရာယဉ်ကျေးမှု အဖွဲ့အစည်း |
| DNK | မသိပါ |
| GAD | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန |
| IDP | ဒေသတွင်းရွှေ့ပြောင်းနေထိုင်ရသူများ |
| KIA | ကချင်လွတ်မြောက်ရေးတပ်မတော် |
| KIO | ကချင်လွတ်မြောက်ရေးအဖွဲ့အစည်း |
| RTA | ဖြေဆိုရန်ငြင်းဆို |
| SGBV | လိင်ပိုင်းဆိုင်ရာ နှင့် ကျား/မ အခြေပြုအကြမ်းဖက်မှု |

# ပုံပြအညွှန်း


| | |
|---|---|
| ပုံ ၁.၁ | တရားဝင်ဖြစ်မှုနှင့် ယုံကြည်မှု |
| ပုံ ၂.၁ | ပညာအဆင့်အတန်း |
| ပုံ ၂.၂ | အိမ်ထောင်စု လစဉ်ဝင်ငွေအဆင့်အတန်း |
| ပုံ ၂.၃ | လူထုမီဒီယာများနှင့် ထိတွေ့မှု |
| ပုံ ၂.၃ (က) | သတင်းအချက်အလက် လက်လှမ်းမီ ရယူနိုင်မှု |
| ပုံ ၃.၁ | လူမှုယုံကြည်မှု၊ ယုံကြည်ထိုက်မှု နှင့် မျှတမှု |
| ပုံ ၃.၂ | လူမှုယုံကြည်မှု၊ အခြားသူများအပေါ် ယုံကြည်မှု |
| ပုံ ၃.၃ | ပြုမူဆက်ဆံမှုအပေါ် အဆုံးအဖြတ်ပေးသည့် အချက်များ |
| ပုံ ၃.၄ | နေ့စဉ်သုံးစကားလုံးများ |
| ပုံ ၄.၁ | အငြင်းပွားမှုပြဿနာ အမျိုးအစားများ |
| ပုံ ၄.၂ | အငြင်းပွားမှုပြဿနာဖြစ်စဉ် အကြိမ်အရေအတွက် |
| ပုံ ၄.၃ | အဓိက တရားမျှတမှု ပြဿနာများ |
| ပုံ ၅.၁ | အဓိက ဦးစားပေးပြဿနာများကို ဖြေရှင်းရန် ကြိုးပမ်းအားထုတ်မှုလမ်းကြောင်းများ |
| ပုံ ၅.၂ | လူမှုရေးအရလက်ခံနိုင်သည့် ပုဂ္ဂလိကအငြင်းပွားမှုပြဿနာဖြေရှင်းသည့် လမ်းကြောင်းများ |
| ပုံ ၅.၂ (က) | လူမှုရေးအရလက်ခံနိုင်သည့် ပုဂ္ဂလိကအငြင်းပွားမှုပြဿနာဖြေရှင်းသည့် လမ်းကြောင်းများ၊ တတိယပုဂ္ဂိုလ်များ |
| ပုံ ၆.၁ | တရားသူကြီးများအပေါ် သဘောထားအမြင်များ |
| ပုံ ၆.၂ | ဥပဒေအရာရှိများအပေါ် သဘောထားအမြင်များ |
| ပုံ ၆.၃ | ရဲများအပေါ် သဘောထားအမြင်များ |
| ပုံ ၆.၄ | ရပ်ရွာလူထုခေါင်းဆောင်များအပေါ် သဘောထားအမြင်များ |
| ပုံ ၆.၅ | သာတူညီမျှမရှိသည့် ပြုမူဆက်ဆံမှုပေါ် သဘောထားအမြင်များ |
| ပုံ ၆.၆ | တာဝန်ယူတာဝန်ခံမှုအပေါ် သဘောထားအပြုအမူများ |
| ပုံ ၇.၁ | ပညာရေးအဆင့်အတန်း (ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ရသည့် ဖြေဆိုသူများ) |
| ပုံ ၇.၁ (က) | ကျား၊ မ အလိုက် ပညာရေးအဆင့်အတန်း (ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ရသည့် ဖြေဆိုသူများ) |
| ပုံ ၇.၂ | အိမ်ထောင်စုလစဉ်ဝင်ငွေအဆင့်အတန်း (ဒေသတွင်းရွှေ့ပြောင်းနေထိုင်ရသည့် ဖြေဆိုသူများ) |
| ပုံ ၇.၂ (က) | အိမ်ထောင်စုလစဉ်ဝင်ငွေအဆင့်အတန်း (ဒေသတွင်းရွှေ့ပြောင်းနေထိုင်ရသည့် ဖြေဆိုသူများနှင့် ရွှေ့ပြောင်းနေထိုင်သူများ မဟုတ်သည့်ဖြေဆိုသူများ) |
| ပုံ ၇.၃ | လူထုမီဒီယာများနှင့် ထိတွေ့မှု (ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ရသည့် ဖြေဆိုသူများ) |
| ပုံ ၇.၃ (က) | သတင်းအချက်အလက် လက်လှမ်းမီရရှိမှု (ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ရသည့် ဖြေဆိုသူများ) |

ပုံ ၇.၄ လူမှုယုံကြည်မှု၊ ယုံကြည်ထိုက်မှုနှင့်မျှတမှု (ဒေသတွင်းရွှေ့ပြောင်းနေထိုင်ရသည့်ဖြေဆိုသူများ)
ပုံ ၇.၅ လူမှုယုံကြည်မှု၊ အခြားသူများအပေါ်ယုံကြည်မှု (ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ရသည့် ဖြေဆိုသူများ)
ပုံ ၇.၆ ပြုမူဆက်ဆံခြင်းဆိုင်ရာ အကြောင်းအချက်များ (ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ရသည့် ဖြေဆိုသူများ)
ပုံ ၇.၇ နေ့စဉ်သုံးစကားလုံးများ (ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ရသည့် ဖြေဆိုသူများ)
ပုံ ၇.၈ အငြင်းပွားမှုပြဿနာ အမျိုးအစားများ (ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ရသည့် ဖြေဆိုသူများ)
ပုံ ၇.၉ အငြင်းပွားပြဿနာဖြစ်စဉ် အကြိမ်အရေအတွက် (ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ရသည့် ဖြေဆိုသူများ)
ပုံ ၇.၁၀ တရားမျှတမှုဆိုင်ရာ အဓိကပြဿနာများ (ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ရသည့် ဖြေဆိုသူများ)
ပုံ ၇.၁၁ အဓိက ဦးစားပေးပြဿနာများကိုဖြေရှင်းရန် ကြိုးပမ်းအားထုတ်မှုများ (ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ရသည့် ဖြေဆိုသူများ)
ပုံ ၇.၁၃ (က) တရားသူကြီးများအပေါ် သဘောထားအမြင်များ (ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ရသည့် ဖြေဆိုသူများ)
ပုံ ၇.၁၃ (ခ) ဥပဒေအရာရှိများအပေါ်သဘောထားအမြင်များ (ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ရသည့် ဖြေဆိုသူများ)
ပုံ ၇.၁၃ (ဂ) ရဲများအပေါ် သဘောထားအမြင်များ (ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ရသည့် ဖြေဆိုသူများ)
ပုံ ၇.၁၃ (ဃ) ရပ်ရွာလူထုခေါင်းဆောင်များအပေါ် သဘောထားအမြင်များ (ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ရသည့် ဖြေဆိုသူများ)
ပုံ ၇.၁၄ သာတူညီမျှမရှိသည့် ပြုမူဆက်ဆံမှုအပေါ် သဘောထားအမြင်များ (ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ရသည့် ဖြေဆိုသူများ)
ပုံ ၇.၁၅ တာဝန်ယူတာဝန်ခံမှုအပေါ် သဘောထားအမြင်များ (ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ရသည့် ဖြေဆိုသူများ)
ပုံ ၇.၁၅ (က) တာဝန်ယူတာဝန်ခံမှုဆိုင်ရာ အဟန့်အတားများနှင့် ပတ်သက်၍ သဘောထားခံယူချက်များ (ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ရသည့် ဖြေဆိုသူများ)

## နောက်ဆက်တွဲ (ခ)
# ပုံပြအညွှန်း

ပုံ ၂.၁ (က) ကျား/မ အလိုက် ပညာရေးအဆင့်အတန်း
ပုံ ၂.၁ (ခ) ကျား/မ အလိုက် မြန်မာစာတတ်မြောက်မှု
ပုံ ၂.၁ (ဂ) လူမျိုးအလိုက် ပညာရေးအဆင့်အတန်း
ပုံ ၂.၁ (ဃ) လူမျိုးအလိုက် မြန်မာစာတတ်မြောက်မှု
ပုံ ၂.၂ (က) ဝင်ငွေအဆင့်အတန်းအလိုက် အိမ်ထောင်စုပိုင်ဆိုင်မှုများ
ပုံ ၂.၃ (ခ) ကျား/မ အလိုက် သတင်းအချက်အလက် လက်လှမ်းမီရယူနိုင်မှု
ပုံ ၂.၃ (ဂ) ဘာသာစကားများ
ပုံ ၃.၁ (က) လူမှုယုံကြည်မှု၊ ယုံကြည်ထိုက်မှုနှင့် မျှတမှု (ကျား/မ လိင်အပိုင်းအခြားအလိုက်)
ပုံ ၃.၁ (ခ) လူမှုယုံကြည်မှု၊ ယုံကြည်ထိုက်မှုနှင့် မျှတမှု (ကိုးကွယ်သည့်ဘာသာအလိုက်)
ပုံ ၃.၂ (က) လူမှုယုံကြည်မှု၊ အခြားသူများအပေါ်ယုံကြည်မှု (ကျား/မ လိင်အပိုင်းအခြားအလိုက်)
ပုံ ၃.၂ (ခ) လူမှုယုံကြည်မှု၊ အခြားသူများအပေါ်ယုံကြည်မှု (ကိုးကွယ်သည့် ဘာသာအလိုက်)
ပုံ ၃.၄ (က) နေ့စဉ်သုံး ဝေါဟာရစကားလုံးများ (ကျား/မ အပိုင်းအခြားအရ)
ပုံ ၅.၂ (က) အငြင်းပွားမှုဖြေရှင်းရာတွင် ပိုမိုနှစ်သက်သည့် နည်းလမ်းများ (တွေ့ဆဖြစ်ရပ် ၁)
ပုံ ၅.၂ (ခ) အငြင်းပွားမှုဖြေရှင်းရာတွင် ပိုမိုနှစ်သက်သည့် နည်းလမ်းများ (တွေ့ဆဖြစ်ရပ် ၂)
ပုံ ၅.၂ (ဂ) အငြင်းပွားမှုဖြေရှင်းရာတွင် ပိုမိုနှစ်သက်သည့် နည်းလမ်းများ (တွေ့ဆဖြစ်ရပ် ၃)
ပုံ ၅.၂ (ဃ) အငြင်းပွားမှုဖြေရှင်းရာတွင် ပိုမိုနှစ်သက်သည့် နည်းလမ်းများ (တွေ့ဆဖြစ်ရပ် ၄)
ပုံ ၅.၂ (င) အငြင်းပွားမှုဖြေရှင်းရာတွင် ပိုမိုနှစ်သက်သည့် နည်းလမ်းများ (တွေ့ဆဖြစ်ရပ် ၅)
ပုံ ၅.၂ (စ) အငြင်းပွားမှုဖြေရှင်းရာတွင် ပိုမိုနှစ်သက်သည့် နည်းလမ်းများ (တွေ့ဆဖြစ်ရပ် ၆)
ပုံ ၆.၆ (က) တာဝန်ယူ တာဝန်ခံမှုဆိုင်ရာ အဟန့်အတားများနှင့် ပတ်သက်၍ သဘောထားခံယူချက်များ
ပုံ ၇.၁ (ခ) ပညာရေးအဆင့်အတန်း (ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ရသူများနှင့်ရွှေ့ပြောင်းနေထိုင်ရသူ မဟုတ်သည့် ဖြေဆိုသူများ)

ပုံ ၇.၁ (ဂ) ကျား/မ အလိုက် မြန်မာစာတတ်မြောက်မှု (ဒေသတွင်းရွှေ့ပြောင်းနေထိုင်ရသည့် IDP ဖြေဆိုသူများ)
ပုံ ၇.၁ (ဃ) ကျား/မ အလိုက် မြန်မာစာတတ်မြောက်မှု (ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ရသူများနှင့် ရွှေ့ပြောင်းနေထိုင်ရသူ မဟုတ်သည့် ဖြေဆိုသူများ)
ပုံ ၇.၂ (ခ) အိမ်ထောင်စုအလိုက်ပိုင်ဆိုင်မှုများ (IDP နှင့် non-IDP ဖြေဆိုသူများ)
ပုံ ၇.၃ (ခ) ကျား/မ အလိုက် သတင်းအချက်အလက်လက်လှမ်းမီ ရယူနိုင်မှု (IDP ဖြေဆိုသူများ)
ပုံ ၇.၃ (ဂ) ဘာသာစကားများ (IDP ဖြေဆိုသူများ)
ပုံ ၇.၅ (က) လူမှုယုံကြည်မှု။ ။ ကျား/မ အလိုက် ယုံကြည်ထိုက်မှုနှင့် မျှတမှု (IDP ဖြေဆိုသူများ)
ပုံ ၇.၅ (ခ) လူမှုယုံကြည်မှု။ ။ ကျား/မ အလိုက် အခြားသူများအပေါ်ယုံကြည်မှု (IDP ဖြေဆိုသူများ)
ပုံ ၇.၇ (က) ကျား/မ အလိုက် နေ့စဉ်သုံးဝေါဟာရစကားလုံးများ (IDP ဖြေဆိုသူများ)
ပုံ ၇.၇ (ခ) ကျား/မ အလိုက် နေ့စဉ်သုံးဝေါဟာရစကားလုံးများ (non-IDP နှင့် IDP ဖြေဆိုသူများ)
ပုံ ၇.၁၂ (က) အငြင်းပွားမှုဖြေရှင်းရာတွင် ပိုမိုနှစ်သက်သည့်နည်းလမ်းများ- တွေးဆဖြစ်ရပ် ၁ (IDP ဖြေဆိုသူများ)
ပုံ ၇.၁၂ (ခ) အငြင်းပွားမှုဖြေရှင်းရာတွင် ပိုမိုနှစ်သက်သည့်နည်းလမ်းများ- တွေးဆဖြစ်ရပ် ၂ (IDP ဖြေဆိုသူများ)
ပုံ ၇.၁၂ (ဂ) အငြင်းပွားမှုဖြေရှင်းရာတွင် ပိုမိုနှစ်သက်သည့်နည်းလမ်းများ- တွေးဆဖြစ်ရပ် ၃ (IDP ဖြေဆိုသူများ)
ပုံ ၇.၁၂ (ဃ) အငြင်းပွားမှုဖြေရှင်းရာတွင် ပိုမိုနှစ်သက်သည့်နည်းလမ်းများ- တွေးဆဖြစ်ရပ် ၄ (IDP ဖြေဆိုသူများ)


## ဇယားအညွှန်း


ဇယား ၂.၁ ဖြေဆိုသူများ၏ လူမျိုး၊ ကျား/မ ပြဇယား
ဇယား ၂.၂ ဖြေဆိုသူများ၏ လူမျိုး၊ ကိုးကွယ်သည့်ဘာသာပြဇယား
ဇယား ၂.၃ ဖြေဆိုသူများ၏ မြို့နယ်၊ ကိုးကွယ်သည့်ဘာသာပြဇယား
ဇယား ၂.၄ လူမျိုးအလိုက် ပညာရေးအဆင့်အတန်း
ဇယား ၂.၅ လူမျိုးအလိုက် အိမ်ထောင်စု လစဉ်ဝင်ငွေအဆင့်အတန်း
ဇယား ၃.၁ တရားမျှတမှုအပေါ်သဘောထားအမြင်များ
ဇယား ၃.၂ ဥပဒေအပေါ် သဘောထားအမြင်များ
ဇယား ၅.၁ တတိယပုဂ္ဂိုလ်များ၊ အငြင်းပွားမှုပြဿနာဖြေရှင်းရာတွင် ဖြစ်နိုင်ချေအခန်းကဏ္ဍ တာဝန်များ
ဇယား ၆.၁ တရားမျှတရေးစနစ်အပေါ် သဘောထားအမြင်များ
ဇယား ၆.၂ တရားရေးပုဂ္ဂိုလ်များအပေါ် ယုံကြည်မှု
ဇယား ၇.၁ ဒေသတွင်း ပြောင်းရွှေ့နေထိုင်ရသည့် IDP ဖြေဆိုသူများ၏ လူမျိုး၊ ကျား/မ ပြဇယား
ဇယား ၇.၂ ဒေသတွင်းပြောင်းရွှေ့နေထိုင်ရသည့် IDP ဖြေဆိုသူများ၏ လူမျိုး၊ ကိုးကွယ်သည့်ဘာသာပြဇယား
ဇယား ၇.၃ တရားမျှတမှုအပေါ် သဘောထားအမြင်များ (IDP ဖြေဆိုသူများ)
ဇယား ၇.၄ ဥပဒေအပေါ် သဘောထားအမြင်များ (IDP ဖြေဆိုသူများ)
ဇယား ၇.၅ တရားမျှတရေးစနစ်အပေါ် သဘောထားအပြုအမူများ (IDP ဖြေဆိုသူများ)
ဇယား ၇.၆ တရားရေးပုဂ္ဂိုလ်များအပေါ် ယုံကြည်မှု (IDP ဖြေဆိုသူများ)


## နောက်ဆက်တွဲ (က)


ဇယား ၁ သုတေသနလေ့လာမှု နမူနာကောက်ကွက် ပမာဏအရွယ်အစား
ဇယား ၁ (က) သုတေသနလေ့လာမှု နမူနာကောက်ကွက် ပမာဏအရွယ်အစား (non-IDP နှင့် IDP ဖြေဆိုသူများ)


## နောက်ဆက်တွဲ (ခ)


ဇယား ၂ (က) မြို့နယ် ဝန်ဆောင်မှုများ ရရှိရန် ကုန်ကျစရိတ်များ
ဇယား ၃.၁ (က) ကျား/မ အလိုက် တရားမျှတမှုအပေါ် သဘောထားအမြင်များ
ဇယား ၃.၁ (ခ) မြို့ပြ/ကျေးလက်ဒေသအလိုက် တရားမျှတမှုအပေါ် သဘောထားအမြင်များ
ဇယား ၃.၁ (ဂ) ကိုးကွယ်သည့်ဘာသာအလိုက် တရားမျှတမှုအပေါ် သဘောထားအမြင်များ
ဇယား ၇.၃ (က) ကျား/မ အလိုက် တရားမျှတမှုအပေါ် သဘောထားအမြင်များ (IDP ဖြေဆိုသူများ)

# မာတိကာ


ဝေါဟာရအတိုအကောက်အညွှန်း ..... က
ပုံပြအညွှန်း ..... က
ဇယားအညွှန်း ..... ဂ
ကျေးဇူးတင်လွှာ ..... ဆ
ဥယျောဇဉ် ..... ဇ
အစီရင်ခံစာအကျဉ်းချုပ် ..... ၁

အခန်း ၁ နိဒါန်း ..... ၇
သုတေသနလေ့လာမှုရည်ရွယ်ချက်နှင့် နည်းနိဿယ ..... ၈
အယူအဆဆိုင်ရာ ခြုံငုံသုံးသပ်ချက် ..... ၈

အခန်း ၂ သုတေသနလေ့လာသည့် နေရာဒေသများနှင့် ဖြေဆိုသူများ၏ ဝိသေသသွင်ပြင်လက္ခဏာများ ..... ၁၁
လေ့လာသည့်နေရာဒေသများအကျဉ်းချုပ် ..... ၁၂
ယဉ်ကျေးမှုဆိုင်ရာလေ့လာတွေ့ရှိချက်များ ..... ၁၂
လူဦးရေဆိုင်ရာလေ့လာတွေ့ရှိချက်များ ..... ၁၂
သုတေသနလေ့လာမှုတွင်ဖြေဆိုသူများ ..... ၁၂
ယဉ်ကျေးမှုဆိုင်ရာဝိသေသသွင်ပြင်လက္ခဏာများ ..... ၁၄
ပညာရေးအဆင့်အတန်းနှင့် မြန်မာစာတတ်မြောက်မှု ..... ၁၅
မသန်စွမ်းမှု အခြေအနေ ..... ၁၇
ဝင်ငွေနှင့်အိမ်ထောင်စုပိုင်ဆိုင်မှု ..... ၁၇
လူထုမီဒီယာထိတွေ့မှုနှင့် သတင်းအချက်အလက်ရရှိမှု ..... ၁၈
ဝန်ဆောင်မှုများလက်လှမ်းမီရရှိမှု ..... ၂၀
အဓိကပံ့ပိုးကူညီသည့်ဇစ်မြစ်များ ..... ၂၁

အခန်း ၃ တရားမျှတမှုနှင့်ဥပဒေအပေါ် သဘောထားအမြင် ..... ၂၃
လူမှုယုံကြည်မှု ..... ၂၄
တရားမျှတမှုအပေါ်သဘောထားအမြင်များ ..... ၂၆
ဥပဒေအပေါ်သဘောထားအမြင်များ ..... ၂၉

အခန်း ၄ အငြင်းပွားမှုပြဿနာများနှင့် တရားမျှတမှုဆိုင်ရာဦးစားပေးပြဿနာများ ..... ၃၃
တစ်ဦးချင်း/အိမ်ထောင်စုအဆင့် ..... ၃၄
အမှုပြဿနာ အငြင်းပွားမှု အမျိုးအစား ပုံစံများ ..... ၃၄
အမှုပြဿနာဖြစ်ပွားသည့် အကြိမ်အရေအတွက် ..... ၃၅
တရားမျှတမှုဆိုင်ရာဦးစားပေးပြဿနာများ ..... ၃၆
ကဏ္ဍအလိုက်ပြဿနာများ ..... ၃၇
မြေယာပိုင်ဆိုင်မှုနှင့်အိမ်ရာ ..... ၃၇
မူးယစ်ဆေးဝါး ..... ၃၉
ပဋိပက္ခနှင့် အရင်းအမြစ်ထုတ်ယူမှုဆိုင်ရာ နိုင်ငံရေးစီးပွားရေး ..... ၄၂
တရားမအငြင်းပွားမှုပြဿနာများ ..... ၄၄
လိင်ပိုင်းဆိုင်ရာ နှင့် ကျား/မ အခြေပြု အကြမ်းဖက်မှု ..... ၄၅
နိုင်ငံသားဆိုင်ရာစာရွက်စာတမ်းအထောက်အထားရယူမှု ..... ၄၈
ပြစ်မှုဆိုင်ရာတရားမျှတမှုစနစ် ..... ၄၉

အခန်း ၅ ပြဿနာဖြေရှင်းသည့်လမ်းကြောင်းများ ..... ၅၁
တိုက်ရိုက်စေ့စပ်ညှိနှိုင်းခြင်းများနှင့် တတိယပုဂ္ဂိုလ် အကူအညီ ..... ၅၂

နည်းလမ်းစနစ်များနှင့် လမ်းကြောင်းအမျိုးမျိုး ..... ၅၄
ပုဂ္ဂလိကအငြင်းပွားမှု ဖြေရှင်းခြင်း၊ လူမှုရေးအရလက်ခံနိုင်သည့် နည်းလမ်းများ ..... ၅၅
ပြစ်မှုဆိုင်ရာတရားမျှတမှုစနစ် ..... ၆၈
ရဲအရေးပိုင်သည့်အမှုများနှင့် လုပ်ပိုင်ခွင့်အာဏာ ..... ၆၈
ပြစ်မှုကျူးလွန်တတ်သူများခြေချုပ်နှင့် ခံဝန် ..... ၆၈
ဥပဒေကိုယ်စားလှယ် လိုက်ပါဆောင်ရွက်မှု (ရှေ့နေလိုက်ပါနိုင်မှု) ..... ၆၉
မြို့နယ်အုပ်ချုပ်ရေး ..... ၆၉

အခန်း ၆ တရားမျှတမှုစနစ်နှင့် တရားရေးပုဂ္ဂိုလ်များအပေါ် သဘောထားအမြင် ..... ၇၁
တရားမျှတမှုစနစ်အပေါ် သဘောထားအမြင်များ ..... ၇၂
တရားရေးပုဂ္ဂိုလ်များအပေါ် ရှုမြင်သည့် သဘောထားအမြင်များ ..... ၇၃
တရားသူကြီးများ ..... ၇၃
ဥပဒေအရာရှိများ ..... ၇၄
ရဲများ ..... ၇၅
ရပ်ရွာခေါင်းဆောင်များ ..... ၇၅
တရားရေးပုဂ္ဂိုလ်များအပေါ် အများပြည်သူယုံကြည်မှု ..... ၇၆
မညီမျှသည့် ပြုမူဆက်ဆံမှုအပေါ် သဘောထားအမြင်များ ..... ၇၇
တာဝန်ခံမှုအပေါ် သဘောထားအပြုအမူများ ..... ၇၈

အခန်း ၇ ဒေသတွင်းပြောင်းရွှေ့နေထိုင်ရသည့် ဖြေဆိုသူများ ..... ၈၁
သုတေသနလေ့လာမှုတွင် ပါဝင်ဖြေဆိုသူများ ..... ၈၂
ယဉ်ကျေးမှုဆိုင်ရာဝိသေသလက္ခဏာများ ..... ၈၂
ပညာအဆင့်အတန်းနှင့် မြန်မာစာတတ်မြောက်မှု ..... ၈၃
မသန်စွမ်းသူများ ..... ၈၅
အိမ်ထောင်စုဝင်ငွေနှင့် ပိုင်ဆိုင်မှု ..... ၈၅
လူထုမီဒီယာများနှင့်ထိတွေ့မှု၊ သတင်းအချက်အလက် လက်လှမ်းမီရယူနိုင်မှု ..... ၈၆
ဝန်ဆောင်မှုများလက်လှမ်းမီရယူနိုင်မှု အဓိကထောက်ပံ့ပေးသည့်အရင်းအမြစ်များ ..... ၈၈
တရားမျှတမှုနှင့် ဥပဒေအပေါ် သဘောထားအမြင် ..... ၈၉
လူမှုယုံကြည်မှု (Social Trust) ..... ၈၉
တရားမျှတမှုနှင့် ဥပဒေအပေါ်သဘောထားအမြင် ..... ၉၀
တရားမျှတမှုဆိုင်ရာအငြင်းပွားမှုပြဿနာများနှင့် ဦးစားပေးပြဿနာများ ..... ၉၃
တစ်ဦးချင်း/ အိမ်ထောင်စုအဆင့် ..... ၉၅
ကဏ္ဍအလိုက်ပြဿနာများ ..... ၉၈
ပြဿနာဖြေရှင်းသည့် လမ်းကြောင်းများ ..... ၁၀၃
တိုက်ရိုက်စေ့စပ်ညှိနှိုင်းခြင်းများနှင့် တတိယပုဂ္ဂိုလ်အကူအညီ ..... ၁၀၃
စခန်းစီမံခန့်ခွဲမှုဖွဲ့စည်းပုံ ..... ၁၀၄
တရားမျှတမှုစနစ်နှင့် တရားရေးပုဂ္ဂိုလ်များအပေါ် သဘောထားအမြင်များ ..... ၁၀၆
တရားမျှတမှုစနစ်အပေါ် သဘောထားအမြင်များ ..... ၁၀၇
တရားရေးပုဂ္ဂိုလ်များအပေါ် အများပြည်သူယုံကြည်မှု ..... ၁၀၉
မမျှတသော ပြုမူဆက်ဆံမှုအပေါ် သဘောထားအမြင်များ ..... ၁၁၀
တာဝန်ယူတာဝန်ခံမှုအပေါ် သဘောထားအမြင်များ ..... ၁၁၁

အခန်း ၈ ကောက်ချက်နိဂုံးနှင့် အကြံပြုချက်များ ..... ၁၁၄
သာတူညီမျှ တန်းတူမှု ..... ၁၁၅
တာဝန်ယူတာဝန်ခံမှု ..... ၁၁၆
တရားရေးလုပ်ပိုင်ခွင့်အာဏာအပေါ် အများပြည်သူယုံကြည်မှု ..... ၁၁၈
နောက်ဆက်တွဲ(က) သုတေသနနည်းနိဿယ ..... ၁၂၀
နောက်ဆက်တွဲ(ခ) နောက်ဆက်တွဲပုံနှင့် ဇယားများ ..... ၁၂၃



ဓာတ်ပုံ- နမ့်မွန်ကျေးရွာရှုခင်း၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ်

# ကျေးဇူးတင်လွှာ

ဤအစီရင်ခံစာ ဖြစ်မြောက်ရေးအတွက် အဖွဲ့အစည်းအသီးသီးမှ ပံ့ပိုးကူညီပေးခဲ့သည်။ UNDP ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်မှ ကြီးမှူးပြီး တသီးပုဂ္ဂလအကြံပေးပညာရှင်များဖြစ်သည့် Elaine Chan နှင့် Jessica So တို့က အကောင်ထည်ဖော်ဆောင်ရွက်ခဲ့ကြသည်။

ကွင်းဆင်းလေ့လာမှုများကို ကချင်ပြည်နယ်တွင် ပညာအလင်းပွင့် မြန်မာသုတေသနအဖွဲ့ Enlightened Myanmar Research Foundation က လုပ်ဆောင်ခဲ့ပြီး ဘာသာပြန်ဆိုမှုကို ဦးစိုးမြတ်သူက ပံ့ပိုးပေးသည်။

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် UNDP အနေဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ အရေးပါသည့် ကူညီပံ့ပိုးမှုများအားလည်းကောင်း၊

ဤ သုတေသနလေ့လာမှုတွင် အစွမ်းကုန် ပါဝင်ကူညီပေးကြသည့် တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရဲအရာရှိများ၊ ရပ်ကွက်/ကျေးရွာအုပ်စု/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်နှင့် ခရိုင်အဆင့် အထွေထွေအုပ်ချုပ်ရေးအရာရှိများ၊ စာပေနှင့်ရိုးရာယဉ်ကျေးမှု အဖွဲ့အစည်းကိုယ်စားလှယ်/ တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊

အစီရင်ခံစာပါ အချက်အလက်များကို သုတေသနလေ့လာမှု အဖွဲ့နှင့်အတူ စိတ်ရှည်စွာ ပါဝင်ဆွေးနွေး ခဲ့ကြသည့် ကချင်ပြည်နယ် မြစ်ကြီးနား၊ မိုးညှင်း၊ ဖားကန့်၊ ပူတာအိုမြို့နယ်၊ မြစ်ကြီးနားရှိ ဂျန်မိုင်ကောင်းနှင့် စိန့်ပေါလ်၊ ဖားကန့်ရှိ ရောဘတ်စသည့် ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ရသူများ စခန်းများတွင် နေထိုင်သော ပြည်သူအသီးသီးအားလည်းကောင်း၊

သုတေသနလေ့လာမှု (၂) နှစ်တာကာလအတွင်း သန္နိဋ္ဌာန်အပြည့်ဖြင့် ပါဝင်လက်တွဲခဲ့ကြပြီး UNDP Rule of Law အဖွဲ့ဝင်များဖြစ်ကြသည့် Mascha Mattews (Programme Specialist)၊ Simone Boneschi (Rule of Law Specialist)၊ ဦးပေါလ်ဒွဲလာ (Programme Analyst)၊ ဒေါ်သက်မွန်စိုး (Programme Associate)၊ Ugo Okoh (Programme Management Specialist)၊ ဦးဇော်မင်းနောင် (National Field Officer)၊ ဒေါ်နှင်းမာလာထွန်း (Programme Associate)၊ ဒေါ်နွေးနွေးလွင် (National Officer)၊ Natalie Matranga (Rule of Law Officer)၊ Leo Twiggs (Rule of Law Officer)၊ ဦးဇော်လော့ဒ် (National Field Officer) တို့အားလည်းကောင်း၊ ကချင်ပြည်နယ်ရှိ UNDP ရုံးခွဲအားလည်းကောင်း၊ သုတေသနလေ့လာမှုတွင် အဖိုးတန် အကြံဉာဏ်များပေးခဲ့ကြသည့် Scott Ciment (Chief Technical Adviser)၊ Emma Morley (Team Leader) နှင့် Jessica Price (Programme Analyst) တို့အားလည်းကောင်း၊ အထူးကျေးဇူးတင်ရှိပါသည်။

ဤအစီရင်ခံစာကို Jenny Rouse တည်းဖြတ်ပါသည်။

# ဥပဓျောဇဉ်

မြန်မာနိုင်ငံရှိ တရားမျှတရေးကဏ္ဍသည် နိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုကာလတွင် အရေးပါသည့် နေရာမှပါဝင်သည်။ တရားရုံးများ၊ ဥပဒေအရာရှိများ၊ ရဲများနှင့် တရားမျှတမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အခြားအစိုးရဌာနများသည် လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နေချိန်တွင်ပင် သမားရိုးကျ အုပ်ချုပ်ရေးစနစ် အပေါ် ပြည်သူများ၏ ယုံကြည်မှုကို ပြန်လည်တည် ဆောက်ရန်နှင့် ခိုင်မာစေရန် လိုအပ်လျက်ရှိကြောင်း သတိ ပြုမိကြသည်။ သာတူညီမျှမှု၊ တရားမျှတမှုနှင့် အခွင့်အ ရေးများကို အခြေခံသည့် ပြုမူဆက်ဆံမှုများအတွက် ပြည် သူများ၏ မျှော်လင့်ချက်များမှာလည်း မြင့်မားလာပြီး၊ မြန်မာ ပြည်သူများ၏ သမားရိုးကျ တရားမျှတရေးစနစ်အပေါ် ယုံကြည်စိတ်ချမှုအား တိုင်းတာခြင်းဖြင့် တိုးတက်မှုကို တစ်စိတ်တစ်ပိုင်း သိရှိနိုင်မည်ဖြစ်သည်။

"တရားမျှတမှုလက်လှမ်းမီရေးနှင့် သမားရိုးကျ မဟုတ်သော တရားမျှတရေးစနစ်များ သုတေသနလေ့လာ မှု၊ ကချင်ပြည်နယ်" အစီရင်ခံစာသည် မြန်မာနိုင်ငံရှိ တရားမ နှင့် ရာဇဝတ်မှုများဆိုင်ရာ တရားမျှတရေး ဝန်ဆောင်မှု များအပေါ် ပြည်သူများ၏ မျှော်လင့်ချက်များ၊ ပဋိပက္ခများ ပေါ်ပေါက်လာပါက အခြေခံအဆင့်တွင် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော နည်းလမ်းများ အားအသုံးပြုပုံ စသည်တို့ကို ဖေါ်ထုတ်တင်ပြထားသည်။ တစ်ဦးချင်း၊ မိသားစုများနှင့် အုပ်စုလိုက်အလွတ်သဘော အခင်းအကျင်း များ၊ ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ရသူ စခန်းများနှင့် ပဋိ ပက္ခ ဖြစ်လွယ်သည့်နေရာဒေသများတွင် တွေ့ဆုံဆွေးနွေး မေးမြန်းသည့် နည်းနိဿယသည် အနာဂတ် တရားမျှတ ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစီအစဉ်များ ရေးဆွဲ ရာတွင် အထောက်အကူဖြစ်နိုင်မည့် ရခဲသည့် အချက်အ လက်များအား ရရှိစေသည်။ ထို့အပြင် အမှုကိစ္စများကို တရားမျှတရေးစနစ်နှင့် မိမိဆန္ဒအလျောက်ဖြစ်စေ၊ ဆန္ဒ အလျောက်မဟုတ်သည်ဖြစ်စေ ထိတွေ့ဆက်ဆံရာတွင် မျှတ စွာ ကိုင်တွယ်ဖြေရှင်းလိမ့်မည်ဟု ယုံကြည်မှုနည်းပါးသည့် ပြည်သူများ၏ အမြင်ကိုလည်း နားလည်သိမြင်စေသည်။ ထိုသို့ ယုံကြည်မှုနည်းပါးခြင်းကြောင့် ပြည်သူများသည် အငြင်းပွားမှုများ ဖြေရှင်းရာတွင် မျှတသည့်ရလဒ်များ ဆောင်ကြဉ်းပေးနိုင်သည့် သမားရိုးကျမဟုတ်သော နည်း လမ်းများကို များစွာမှီခိုသော်လည်း၊ ထိုရလဒ်များသည် ဥပ ဒေ၊ လုပ်ထုံးလုပ်နည်း သို့မဟုတ် လူ့အခွင့်အရေးစံများနှင့် အမြဲတစေ ကိုက်ညီမှုမရှိတတ်ပါ။



ယုံကြည်မှု ပြန်လည် တည်ဆောက်ရန်အတွက် တရားမျှတရေး စနစ်အတွင်း ပါဝင်သည့်သူများနှင့် အဖွဲ့ အစည်းအားလုံး၏ အရည်အသွေးနှင့် တရားမျှတစွာ ဆောင် ရွက်မှုများ မြင့်မားလာစေရေးအတွက် တိုင်းတာ၍ရသည့် တိုးတက်မှုများကို အစိုးရမှဖော်ဆောင်သွားရန် လိုအပ် သည်။ တရားမျှတရေးစနစ်အပေါ် ပြည်သူများ၏ အမြင်နှင့် မျှော်လင့်ချက်များကို နားလည်သဘောပေါက်ခြင်းသည် ထိ ခိုက်လွယ်ဆုံးနှင့် လူ့အဖွဲ့အစည်းအတွင်း ဖယ်ကြဉ်ခံရဆုံးသူ များအပါအဝင် ပြည်သူများအားလုံး၏ တရားမျှတမှု ဆိုင်ရာ လိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက်ပေးလိုပါက မြန်မာ နိုင်ငံအနေဖြင့် မဖြစ်မနေဆောင်ရွက်ရမည့် ကနဦးအဆင့် ဖြစ်သည်။

နောက်ဆုံးအနေဖြင့် ဤအစီရင်ခံစာအတွက် တွေ့ ဆုံမေးမြန်းမှုများကို သဘောတူလက်ခံ ဖြေကြားပေးခဲ့ သည့် ကချင်ပြည်နယ်မှ ပြည်သူအားလုံးကို ကျေးဇူးတင်ရှိပါ ကြောင်းနှင့် ဤအစီရင်ခံစာသည် ပေါ်လစီမူဝါဒချမှတ် သူများ၊ ဖွံ့ဖြိုးတိုးတက်မှု မိတ်ဘက်အဖွဲ့အစည်းများ၊ အရပ် ဘက်လူမှုအဖွဲ့အစည်းများနှင့် အခြား အကျိုးဆိုင်အဖွဲ့ အစည်းများအား မြန်မာနိုင်ငံတွင်း အခွင့်အရေးများကို အခြေခံပြီး စွမ်းရည်ပြည့် တရားမျှတရေးစနစ် တည်ဆောက် ရာတွင် တဖက်တလမ်းက အထောက်အကူပြုနိုင်မည်ဟု မျှော်လင့်ပါကြောင်း။

Peter Batchelor
Country Director
UNDP Myanmar



# အစီရင်ခံစာအကျဉ်းချုပ်

ဓာတ်ပုံ -  ကစားနေသောကလေးများ၊ မိုးညှင်းမြို့နယ်၊ ကချင်ပြည်နယ်။

(၂၀၁၃)ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုလက်လှမ်းမီရေး ဆိုင်ရာလေ့လာမှုတစ်ရပ်ကို ပထမအကြိမ် ဆောင်ရွက်ခဲ့ပြီးနောက် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်တို့တွင် ထပ်မံသုတေသနပြုလုပ်ခဲ့သည်။ ဤဒုတိယအကြိမ်တွင် ယခင်လုပ်ဆောင်ချက်များအပေါ် ပိုမိုကျယ်ကျယ်ပြန့်ပြန့် နက်နက်ရှိုင်းရှိုင်းဆောင်ရွက်ခဲ့ပြီးသမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များကိုပါ အလေးပေးထည့်သွင်းခဲ့သည်။

ဤ သုတေသနတွင် အဓိကမေးခွန်း (၃) ခုကို အခြေခံထားသည်။

( ၁ ) တရားမျှတမှုကို ပြည်သူများ မည်ကဲ့သို့ ရယူရှာဖွေကြသနည်း။

( ၂ ) သမားရိုးကျ တရားမျှတရေးစနစ်အပေါ် ပြည်သူများ၏ သဘောထားထင်မြင်ချက်၊ ယုံကြည်မှုနှင့် အားကိုးသက်ဝင်မှုများမှာ အဘယ်နည်း။

( ၃ ) ဒေသတွင်းတည်ရှိနေသည့် သမားရိုးကျမဟုတ်သော တရားမျှတရေး ဖြစ်စဉ်များ၊ ၄င်းတို့ ကျင့်သုံးလည်ပတ်ပုံများမှာ အဘယ်နည်း။

သုတေသန နည်းနိသာယကို နောက်ဆက်တွဲ(က) တွင် ဖော်ပြထားသည်။ ကချင်ပြည်နယ်တွင်း လေ့လာ တွေ့ရှိချက်များကို ဤအစီရင်ခံစာတွင် အနှစ်ချုပ်ဖော်ပြထားသည်။[၁] ဒေသတွင်းရွှေ့ပြောင်းနေထိုင်ရသူများ မဟုတ်သည့် non-IDP ဖြေဆိုသူများနှင့် ပတ်သက်သည့် တွေ့ရှိချက်များကို ကနဦးအစီရင်ခံထားပြီး ဒေသတွင်းရွှေ့ပြောင်းနေထိုင်ရသည့် IDP ဖြေဆိုသူများနှင့် ပက်သက်သည့် တွေ့ရှိချက်များကိုလည်း အထူးဖော်ပြထားသည်။[၂] မှတ်သားသင့်သည်မှာ ဤတွေ့ရှိချက်များသည် နမူနာကောက်ကွက်နည်းနိသာယကို အခြေခံထားသည့်အတွက် ကိုယ်စားပြုမှုထက်စာလျှင် အညွှန်းသဘောပိုဆောင်ပြီး ကျယ်ပြန့်သည့်လူဦးရေ အတိုင်းအတာတစ်ခုခုကို ယေဘုယျကောက်ချက်ပေးနိုင်မည် မဟုတ်ပါ။

လေ့လာတွေ့ရှိချက်များသည် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် UNDP ၏ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှု လက်လှမ်းမီရေး လုပ်ငန်းစဉ်များ ချမှတ်ရာတွင် ထည့်သွင်းစဉ်းစားသင့်သည့် အချက်အလက်များ သတ်မှတ်ဖော်ထုတ်ရာတွင် အထောက်အကူပြုနိုင်ရန် ရည်ရွယ်သည်။

"ပဲလော့်ကြားဆားညှပ်" ခေါင်းစဉ်သည် အခြားသူများကြား ဖြစ်ပွားသည့် ပဋိပက္ခကြောင့် ဆိုးရွားသည့် အခြေအနေများထဲ ကျရောက်ရပြီး၊ ပဋိပက္ခကို ယင်းအခြားပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကိုယ်တိုင်က ၎င်းတို့အကြားဖြေရှင်းအဖြေရှာမှသာ ထိုအခြေအနေများ တိုးတက် ကောင်းမွန်နိုင်မည့် အနေအထားတွင် အင်အားမဲ့တတ်နိုင်စွမ်းမရှိ ခံစားနေရသည်များကိုဖော်ပြထားသည်။ တပ်မတော်နှင့် ကေအိုင်အေ* တို့အကြား လက်နက်ကိုင်ပဋိပက္ခကြောင့် ပြည်နယ်တွင်း ပြည်သူများ၏ ဘဝများနှင့် တရားမျှတမှု လက်လှမ်းမီရရှိရေးတို့အပေါ် သက်ရောက်သည့်ဆိုးကျိုးများကို ကချင်ပြည်နယ်အစီရင်ခံစာတွင် အသေးစိတ်တင်ပြထားသည်။

အစီရင်ခံစာ အခန်း (၁) နိဒါန်းတွင် သုတေသန တွေ့ရှိချက်များ၊ နောက်ဆက်တွဲ ခွဲခြမ်းစိတ်ဖြာ လေ့လာသုံးသပ်မှု အခင်းအကျင်းများပါဝင်သည့် သုတေသနလေ့လာမှု အယူအဆများကို ဖော်ပြထားသည်။ ယင်းမှာ (၁) လုပ်ပိုင်ခွင့်အာဏာ၏ တရားဝင်ဖြစ်မှု၊ (၂) တရားစီရင်ရေး အခွင့်အာဏာ ကျင့်သုံးမှုအပေါ် ပြည်သူလူထု၏ ယုံကြည်မှု၊ (၃) ရဲ၊ တရားသူကြီးများ၊ ဥပဒေအရာရှိများ၏ တာဝန်ယူတာဝန်ခံမှု အပါအဝင် တရားဥပဒေစိုးမိုးမှု စသည့်ကောင်းမွန်သည့် အုပ်ချုပ်မှု၏ အခြေခံသဘောတရား ၃ ချက်အပေါ် အခြေခံထားသည်။ နိုင်ငံအများအပြားတွင် တရားမျှတမှု၊ တရားစီရင်ရေးစနစ်၏ တရားဝင်ဖြစ်မှုအပေါ် ပြည်သူလူထု ယုံကြည်မှုသည် လူ့အဖွဲ့အစည်းတွင်း လက်ခံထားသည့် စံတန်ဖိုးများနှင့်ဆက်စပ်မှုရှိသည်။ ထိုလက်ခံထားသည့် စံတန်ဖိုးများသည် အခြေခံအားဖြင့် လူ့အခွင့်အရေး အထူးသဖြင့် အနှစ်သာရပြည့်ဝသည့် သာတူညီမျှမှု၊ ခွဲခြားဆက်ဆံမှုမရှိခြင်း၊ ဥပဒေရှေ့မှောက်တွင် မှန်ကန်သည့် လုပ်ထုံးလုပ်နည်းများအရ တရားမျှတသည့် ပြုမူဆက်ဆံခံရခွင့်များအပေါ် အခြေခံသည်။ ထို့အတွက်လက်ခံထားသည့် စံတန်ဖိုးများအတွက် တရားမျှတမှုလက်လှမ်းရေးအတွက် အဓိကကျပြီး တရားစီရင်ရေး လုပ်ငန်းစဉ်များနှင့် ရလဒ်များအပေါ် ပြည်သူတို့၏ မျှော်လင့်တောင်းတချက်များကို သိရှိစေသည်။ ထို့အပြင် ၎င်းတန်ဖိုးများသည် ပြည်သူ့ဝန်ဆောင်မှု တာဝန်ယူထားသူများသည် မိမိလုပ်ဆောင်ချက်များအတွက် ပြည်သူလူထုအား တာဝန်ယူ ဖြေကြားနိုင်ရမည်ဖြစ်ပြီး ပြည်သူလူထုကထိုအစိုးရအရာရှိများအားတာဝန်ယူတာဝန်ခံမှုရှိရန် တောင်းဆို ပိုင်ခွင့်ရှိသည်ဆိုသော တူညီသည့် မျှော်လင့်တောင့်တချက်တစ်ခုကိုလည်း ရည်ညွှန်းသည်။

အခန်း (၂) တွင် ကချင်ပြည်နယ်တွင်း သုတေသန လေ့လာရာနေရာများ၊ လူဦးရေ၊ အဓိကဖြေဆိုသူများ(ဥပမာ ရွှေ့ပြောင်းနေထိုင်ရသူ မဟုတ်သည့် non-IDP) ဖြေဆိုသူ

၁ ကချင်ပြည်နယ်တွင်းသုတေသနလေ့လာသည့် နေရာဒေသများနှင့် ဖြေဆိုသူများကို ရည်ရွယ်ချက်ရှိစွာရွေးချယ်ထားသည်။ တွေ့ရှိချက်များမှာ လေ့လာမှု နမူနာကောက်ကွက်ကိုသာ ထင်ဟပ်ဖော်ပြသည်။ ဖြေဆိုသူများအကြား ကိန်းဂဏန်းစာရင်းဇယားအရ ဆက်စပ်နှိုင်းယှဉ်မှုများ ပြုလုပ်နိုင်မည်မဟုတ်သကဲ့သို့ ဤတွေ့ရှိချက်များသည် ကျယ်ပြန့်သည့် လူဦးရေအတိုင်းအတာတစ်ခုအတွက် ယေဘူယျကောက်ချက်ဆွဲနိုင်မည်မဟုတ်ပါ။
၂ ဤအစီရင်ခံစာတွင် ဖြေဆိုသူဆိုသည်မှာ သုတေသနလေ့လာမှုတွင် အုပ်စုလိုက်ပါဝင်ဆွေးနွေးသူနှင့် အင်တာဗျူး မေးခွန်းများ ဖြေကြားသူမည်သူကိုမဆို ရည်ညွှန်းသည်။

များ၏ လူမှုစီးပွား ယဉ်ကျေးမှု နောက်ခံအခြေအနေများကို ဖော်ပြထားသည်။ အခန်း (၃) မှ အခန်း (၆) အထိ ထိုဖြေဆိုသူများမှရရှိသော သုတေသနတွေ့ရှိချက်များကို ခွဲခြမ်းစိတ်ဖြာ သုံးသပ်တင်ပြထားသည်။ ဒေသတွင်းရွှေ့ပြောင်းနေထိုင်ရသည့် IDP ဖြေဆိုသူများကို အခန်း (၇) တွင် အထူးဖော်ပြထားသည်။

အခန်း (၃) တွင် ဖြေဆိုသူများက ယခင်နှစ်အတွင်း ၎င်းတို့ကိုယ်တိုင် သို့မဟုတ် ရပ်ရွာအသိုင်းအဝိုင်းအနေဖြင့် ပါဝင်ပက်သက်သည့် ပြဿနာအငြင်းပွားမှုများကို တင်ပြပြောဆိုသည့် အနေအထားကို ဖော်ပြထားသည်။ ဤတွင် ဖြေဆိုသူများအကြား လူမှုယုံကြည်မှုရေချိန် မည်မျှရှိမရှိ လေ့လာခြင်းဖြင့်စတင်သည်။ ယေဘုယျအားဖြင့် ဖြေဆိုသူများသည် မိသားစုနှင့် ရပ်ရွာအပေါ် ယုံကြည်မှု ပိုမိုပြီး `အပြင်လူများ´အပေါ်မယုံကြည်တတ်သည်ကိုဖော်ပြကြသည်။

အခန်း (၃) တွင် တရားမျှတမှုနှင့် ဥပဒေများအပေါ် ဖြေဆိုသူများ၏ ရှုထောင့်အမြင်များကို ဆန်းစစ်ထားသည်။ ယေဘုယျအားဖြင့် ဖြေဆိုသူများသည် အငြင်းပွားမှုပြဿနာများကို ရပ်ရွာအတွင်းဖြေရှင်းမှုကို ပို၍နှစ်သက်ကြသည်မှာ ထင်ရှားသည်။ အငြင်းပွားမှုမှ မိမိလိုလားသည့် ရလဒ်ရရှိခြင်းထက် လုပ်ငန်းစဉ်တလျှောက် တရားမျှတမှုရှိခြင်းက ပိုအရေးပါသည်ဟု ဖြေဆိုသူအားလုံးက သဘောတူကြသည်။ အမျိုးသားနှင့် အမျိုးသမီးများသည် ယဉ်ကျေးမှုဓလေ့ထုံးတမ်း ထိန်းသိမ်းစောင့်ရှောက်ရန် တူညီသော စံတန်ဖိုးနှင့်တာဝန်များရှိကြသည်။ ကိုးကွယ်သည့်ဘာသာသို့မဟုတ် လူမျိုးမတူသော်လည်း လူတိုင်းသည် အစိုးရ၏ စောင့်ရှောက်မှုနှင့် အလေးထားမှုကို ညီမျှစွာခံထိုက်သည်။ ပြည်သူများသည် မတရားမှုများကြုံတွေ့ရပါက လိုအပ်သည့် အကူအညီ၊ ကုစားမှုနှင့် မျှတသည့်ရလဒ်များ ရရှိပိုင်ခွင့်ရှိရမည်ဟု ဖြေဆိုသူအများစုက သဘောတူကြသည်။ ကျေးလက်ဖြေဆိုသူများနှင့်စာလျှင် မြို့ပြဖြေဆိုသူများသည် မြန်မာနိုင်ငံတော်သစ် တည်ဆောက်ရေးတွင် အသွင်ကူးပြောင်းမှုဆိုင်ရာ တရားမျှတရေးကို အခြေခံထားရန် ပို၍နှစ်သက်ကြသည်။

မှတ်သားသင့်သည့် အချက်တစ်ခုမှာ မြန်မာလူ့အဖွဲ့အစည်းတွင် လူတစ်ဦး ကောင်းမွန်စွာ ပြုမူဆက်ဆံခံရမှုကို အဆုံးဖြတ်ပေးသည့် အဓိက အကြောင်းအချက်များမှာ ဥစ္စာခန ချမ်းသာကြွယ်ဝမှုနှင့် ပညာရေးအဆင့်အတန်းများဖြစ်သည်ဟု ဖြေဆိုသူများစွာက ဖော်ပြကြသည်။ ဖြေဆိုသူများသည် အကြမ်းအားဖြင့် သမားရိုးကျ တရားမျှတရေးစနစ်နှင့် ထိတွေ့မှုမရှိကြပါ။ ၎င်းတို့သည် တစ်ခါတစ်ရံ ဥပဒေကို မသိခြင်း (သို့မဟုတ်) နားလည်မှုလွဲခြင်း ဖြစ်တတ်သည်။ ဖြေဆိုသူ ၅ ပုံ ၄ ပုံ နီးပါးက မြန်မာနိုင်ငံတွင် ဥပဒေရှေ့မှောက်တွင် ပြည်သူများအားလုံး အခွင့်အရေး တူညီမှုမရှိဟု ထင်မြင်ကြသည်။

အခန်း (၄) တွင် ကချင်ပြည်နယ်၌ ဖြေဆိုသူများကြုံတွေ့ရလေ့ရှိသည့် အငြင်းပွားမှုများ၏ သဘောသဘာဝနှင့် မည်သို့သော အငြင်းပွားမှုပြဿနာများက ဦးစားပေးအမျိုးအစားများဖြစ်သည်ကို ဆန်းစစ်လေ့လာသည်။ အဖြစ်များဆုံး အငြင်းပွားမှုပြဿနာများသည် မြေယာနှင့်ကြွေးမြီကိစ္စများနှင့် ဆက်စပ်နေသည်။ ဖြေဆိုသူများ၏ ကိုယ်ပိုင်အတွေ့အကြုံများအရ အစိုးရအရာရှိများ၏ အာဏာအလွဲသုံးစားမှုများသည်လည်း အထူးအဆန်း မဟုတ်ကြောင်း တင်ပြပြောဆိုသည်။

အခန်း (၄) တွင် ကချင်ပြည်နယ်၌ သိသာစွာ ဖြစ်ပွားနေသော ပြဿနာများနှင့် ဤလေ့လာမှုနှင့် ဆက်စပ်နေသောပြဿနာအငြင်းပွားမှုများအားလည်း ဆန်းစစ်လေ့လာထားသည်။ မြေယာအငြင်းပွားမှုများ၊ မူးယစ်ဆေးနှင့် ဆက်စပ်သည့် ပြဿနာများ၊ ပဋိပက္ခ၏ နိုင်ငံရေး/စီးပွားရေးသက်ရောက်မှုများ၊ အရင်းအမြစ်ထုတ်ယူမှု စသည်များမှ ပေါ်ပေါက်လာသည့် ပြဿနာများမှာ ရပ်ရွာပြဿနာများအဖြစ် သိသာစွာ ပြောင်းလဲဦးတည်သွားကြသည်။ လိင်ပိုင်းဆိုင်ရာနှင့် ကျား/မ အခြေပြုအကြမ်းဖက်မှု (SGBV) သည်လည်း ဦးစားပေး ပြဿနာတစ်ရပ်ဖြစ်ပြီး လူမှုရေးနှင့်ယဉ်ကျေးမှုများဆိုင်ရာ စံနှုန်းများက ပို၍ဆိုးရွားသွားစေသည်။

တပ်မတော် နှင့် ကေအိုင်အေကြား ဖြစ်ပွားသည့် လက်နက်ကိုင်ပဋိပက္ခတွင် ၎င်းတို့ ကြားညှပ်ကြသည်ဟု ဖြေဆိုသူများက ခံစားကြသည်။ လုံခြုံမှုနှင့်ကာကွယ်စောင့်ရှောက်မှု ကင်းမဲ့ခြင်းများအပြင် တာဝန်ယူတာဝန်ခံမှုလည်း မရှိဟု ရှုမြင်ကြသည်။ ၎င်းတို့လူနေမှုဘဝများပေါ် ပဋိပက္ခ၏ ဆိုးကျိုးသက်ရောက်မှုများကို ကုစားဖြေရှင်းနိုင်ခြင်းမရှိသည့်အတွက် စိတ်မသက်သာရာရကြသည်။

အချို့ တရားရေးအရာရှိများက မူးယစ်ဆေးဝါးပြဿနာကို ဆက်လက်ဖြစ်ပွားနေသည့် ပဋိပက္ခနှင့် ချိတ်ဆက်ပြီးအချို့က မူးယစ်ဆေးဝါးပြဿနာအဓိကအကြောင်း တရားတစ်ရပ်မှာ ဆင်းရဲမွဲတေမှုဟု အသိအမှတ်ပြုကြသည်။ ရာဇဝတ်မှုအမျိုးအစား အတော်များများမှာ မူးယစ်ဆေးဝါးမှုများဖြစ်ပြီး အထူးသဖြင့် ကျောက်စိမ်းတူးဖော်သည့်ဒေသများတွင် ပို၍တွေ့ရသည်။

ပြည်သူများက အငြင်းပွားမှုပြဿနာများနှင့် စိုးရိမ်ပူပန်မှုများအတွက်ကျေအေးပြေလည်မှုရရှိစေရန် အဖြေရှာပုံများကို အခန်း (၅) တွင် လေ့လာထားသည်။ ဖြေဆိုသူများစွာက ၎င်းတို့၏ပြဿနာများကို ရပ်ရွာဒေသတွင် ကြိုးပမ်းဖြေရှင်းလိုကြသည်။ ဤသည်မှာ ရပ်ရွာအတွင်း နားလည်မှုအယူအဆပေါ် အခြေခံပြီး ကျေနပ်ဖွယ်ရလဒ်တစ်ခုကို ထိုပြဿနာ အငြင်းပွားမှုတွင် ပါဝင်ပတ်သက်သည့်သူများအကြား နားလည်မှုတစ်ရပ် ရှာဖွေရယူခြင်းဖြစ်ပြီး အများစုမှာ အောင်မြင်မှုမရှိပါ။ အမှုပြဿနာ ၄ ပုံ ၃ ပုံ ကျော်တွင်

တိုင်ကြားသူများသည် ပထမဦးစွာ တိုက်ရိုက်ညှိနှိုင်းမှုများဖြင့် ဖြေရှင်းရန်ကြိုးစားကြပြီး ထိုမှတဆင့်အချို့မှာတတိယပုဂ္ဂိုလ် အကူအညီရယူကြသည်။ အဓိက ဦးစားပေးပြဿနာများ၏ ၆၀% ကျော်မှာ မဖြေရှင်းနိုင်သေးပေ။ ဤသည်မှာ ဖြေဆိုသူများ၏ တရားမျှတမှု လက်လှမ်းမီရရှိရေးမှာ အကန့်အသတ် များစွာရှိနေသည်ကို ညွှန်ပြသည်။ အချို့တိုင်ကြားသူများမှာ ကြောက်ရွံ့၍ သော်လည်းကောင်း၊ နောက်ဆက်တွဲရပ်သိမ်းရမည် သို့မဟုတ် အရှက်ရမည်စိုး၍ တိုက်ရိုက်ညှိနှိုင်းမှုများ မအောင်မြင်သောအခါ တစ်စုံတစ်ယောက်ထံမှ ထပ်မံအကူအညီရယူခြင်း သို့မဟုတ် ဆက်လက်လုပ်ဆောင်ချက်များ မပြုလုပ်ကြပါ။

ကချင်ပြည်နယ်တွင် သမားရိုးကျတရားမျှတမှုစနစ်ပြင်ပတွင် ပုဂ္ဂလိက အငြင်းပွားမှုပြဿနာများအား ဖြေရှင်းပုံနည်းလမ်းများ ကျယ်ပြန့်စွာရှိသည်။ ရိုးရာဓလေ့ထုံးတမ်းနှင့် ယဉ်ကျေးမှုလုပ်ထုံးများကို ခေတ်သစ်ကျွမ်းကျင်မှုနှင့်လိုက်လျောညီထွေ ပြုပြင်ထားသည်မှာ ထင်ရှားသည်။ ပြည်သူများသည် ရပ်ရွာမှလေးစားထိုက်သည့် ပုဂ္ဂိုလ်များပါဝင်သည့် ဆုံးဖြတ်ချက်ချမှတ်ပေးသော ကော်မတီ၏ အကူအညီရယူ၍ ပြဿနာဖြေရှင်းတတ်ကြသည်။ ကော်မတီဝင်များသည် တိုးသာလျော့သာ သဘောရှိပြီး လူမှုရေး အကြောင်းအရာများ၊ ဖြေလျော့စေသည့် အကြောင်းအချက်များကို လက်ခံစဉ်းစား၍ ဆုံးဖြတ်ချက် ချမှတ်ကြသည်။ အုပ်ချုပ်ရေး၊ သမားရိုးကျတရားမျှတရေးစနစ်နှင့် ရိုးရာဓလေ့ထုံးတမ်း စနစ်များကြား ပေါင်းစပ်လုပ်ကိုင်မှု မရှိသလောက်ဖြစ်သည် သို့မဟုတ် မရှိပါ။

အခန်း(၆)တွင် တရားမျှတမှုစနစ်နှင့် တရားမျှတရေး ဝန်ဆောင်မှုများပေးသည့် တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရပ်ရွာလူထုခေါင်းဆောင်များအပေါ် ဖြေဆိုသူများ၏သဘောထားအမြင် အပြုအမူများကို အစီရင်ခံထားသည်။ အဂတိလိုက်စားမှုနှင့် အစိုးရအရာရှိများ၏ ပြည်သူလူထုအပေါ် တာဝန်ယူမှု တာဝန်ခံမှုကို အထူးလေ့လာထားပြီး အများလက်ခံထားသည့် စံတန်ဖိုးများကို ပြန်လည်သုံးသပ်ထားသည်။

ဖြေဆိုသူများသည် တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် ရဲများသည် စွမ်းဆောင်ရည် ပြည့်ဝသည်ဟု ယုံကြည်သော်လည်း ထိုသူများ၏ စံတန်ဖိုးများသည် မျှတမှု၊ လေးစားမှု၊ အဂတိတရားကင်းမှုစသည့် အများလက်ခံထားသည့် စံတန်ဖိုးများနှင့် လိုက်လျောညီမှုမှာ မသေချာဟုဆိုကြသည်။ ဤအချက်မှာ ဖြေဆိုသူများသည် သမားရိုးကျတရားမျှတမှု စနစ်နှင့်ထိတွေ့မှု နည်းသည်ကို ထင်ဟပ်ခြင်းဖြစ်နိုင်သည်။ တစ်ဖက်တွင်မူ ရပ်ရွာလူထု ခေါင်းဆောင်များသည် ရပ်ရွာဦးစားပေးများနှင့် လိုက်လျောညီထွေရှိကြပြီး အများလက်ခံထားသည့် စံတန်ဖိုးများကို လေးစားကြသည်ဟု ဖြေဆိုသူအများစုက ယုံကြည်သည်။ ယေဘုယျအားဖြင့် အဓိကတရားရေး ပုဂ္ဂိုလ်များအနက် တရားသူကြီးများနှင့် ရဲများသည် ယုံကြည်ခံရမှု အနည်းဆုံးဖြစ်ပြီး ရပ်ရွာလူ့အသိုင်းအဝိုင်း ခေါင်းဆောင်များမှာ ယုံကြည်မှု အများဆုံးခံရသည်။

အခန်း(၆)တွင် အစိုးရအရာရှိများ၏ ပြည်သူများအပေါ် တန်းတူညီမျှမဆက်ဆံမှုများ အပေါ် သဘောထားအမြင်နှင့် အတွေ့အကြုံများကို ဖော်ပြထားသည်။ ပြစ်မှုတစ်ခုဖြင့် စွဲချက်တင်ခံရသောအခါ ဆင်းရဲသူများသည် ဥပဒေအောက်တွင် အခြားသူများနှင့်တန်းတူ ပြုမူဆက်ဆံ မခံရဖွယ်အများဆုံးဟု ဖြေဆိုသူများက ထင်မှတ်ကြသည်။ ဖြေဆိုသူအများစုက အဂတိလိုက်စားမှုကို သတင်းပို့တိုင်ကြားမည် သို့မဟုတ် တိုင်ကြားကောင်းမည်။ ထိုသို့ တိုင်ကြားပါက အရေးယူမှုကို အရေးယူဆောင်ရွက်မှု ရှိနိုင်သော်လည်းတာဝန်ယူတာဝန်ခံမှုရှိရန်မှာ များစွာ မျှော်လင့်မထားကြောင်းဆိုပါသည်။ အဂတိလိုက်စားမှုဖြစ်ရပ်ကို မတိုင်လိုသူအများစုက ထိုအဂတိလိုက်စားမှုပင်လျှင် တာဝန်ယူမှုတာဝန်ခံမှုရှိရန် အဟန့်အတားဖြစ်နေသည်။ ငွေကြေးတစ်စုံတရာ ပေးရမည်၊ ဗျူရိုကရေစီနှင့် ပတ်သက်ရမည်၊ သို့မဟုတ် ရလဒ်တစ်စုံတစ်ရာ မရ၍ လက်လျော့ရမည် စသည်များကို စိုးရိမ်သဖြင့် သတင်းပို့တိုင်ကြားရန် ဝန်လေးကြသည်ဟု ဆိုသည်။ ထိုအချက်များသည် တရားမျှတမှု လက်လှမ်းမီရေးကိုအဟန့် အတားဖြစ်သည်မှာ ထင်ရှားသည်။

အခန်း(၇)တွင် ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ရသည့် (IDP) ဖြေဆိုသူများနှင့် အစီရင်ခံစာတွေ့ရှိချက်များကို အထက်ဖော်ပြပါ အခန်းများအတိုင်း တင်ပြထားသည်။ ထိုဖြေဆိုသူ (၁၀၀)ဦးမှာ ဘုရားကျောင်း အဝန်းအဝိုင်းတွင်းရှိ ဒေသတွင်းရွှေ့ပြောင်းနေထိုင်ရသူ (IDP) စခန်းနှစ်ခုတွင် နေထိုင်ရသူများဖြစ်သည်။ အများစုမှာ ဂျိမ်းဖော သို့မဟုတ် ကချင်ခရစ်ယာန်များ ဖြစ်သည်။ အခြားဖြေဆိုသူများနှင့် နှိုင်းစာလျှင် (IDP) ဖြေဆိုသူများသည် ပညာအဆင့်အတန်းများစွာ နိမ့်ပါးကြပြီး မြန်မာစာပေစကား တတ်မြောက်မှုနည်းပါးသည်။ အိမ်ထောင်စုတွင် မသန်စွမ်းသူရှိနိုင်မှုနှစ်ဆမြင့်မားပြီး အိမ်ထောင်စုဝင်ငွေ အနိမ့်ဆုံးနှင့် အိမ်ထောင်စုပိုင်ဆိုင်မှု အလွန်နည်းပါးကြသည်။ လိုအပ်ပါက အကူအညီရယူ တောင်းခံနိုင်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိဟု (၃)ဦးတွင် (၁)ဦး နီးပါးက ဖော်ပြကြသည်။

(IDP)ဖြေဆိုသူများတွင် လူမှုယုံကြည်မှု ရေချိန်နည်းကြသည်။ အခြားဖြေဆိုသူများကဲ့သို့ ၎င်းတို့သည် မိသားစု ဆွေမျိုးအသိုင်းအဝိုင်းအပေါ် ယုံကြည်ဆုံးဖြစ်ပြီး မိမိအသိုင်းအဝိုင်းပြင်ပမှသူများအပေါ် ယုံကြည်မှုအနည်းဆုံးဖြစ်သည်။

ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ ထိန်းသိမ်းစောင့်ရှောက်ရာတွင် အမျိုးသမီးနှင့် အမျိုးသားများတွင် တူညီသည့်

စံတန်ဖိုး နှင့် တာဝန်များရှိကြသည်။ မည်သည့် ကိုးကွယ်သည့်ဘာသာ သို့မဟုတ် လူမျိုးမဆို လူတိုင်းသည် အစိုးရ၏ တူညီသည့် စောင့်ရှောက်မှုနှင့် ဦးစားပေးအလေးထားမှု ခံထိုက်သည်။ ပြည်သူများသည် မတရားမှုတွေ့ကြုံရပါက အကူအညီ၊ ကုစားမှုနှင့် မျှတသည့်ရလဒ်များရရှိပိုင်ခွင့်ရှိရမည်ဟု (IDP)ဖြေဆိုသူ အများစုက သဘောတူကြသည်။ ပြဿနာများကိုလည်း ဒေသန္တရရပ်ရွာအတွင်း အများစုက ပို၍ဖြေရှင်းလိုကြသည်။

(အခြားဖြေဆိုသူများ အချိုးအစားထက် ပိုမြင့်မားသည့်)ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ရသည့် (IDP) ဖြေဆိုသူ အများစုက မြန်မာလူ့အဖွဲ့အစည်းတွင် လူတစ်ဦး ကောင်းမွန်စွာပြုမူ ဆက်ဆံခံရမှုသည် ခနဉ်စွာ ချမ်းသာကြွယ်ဝမှုပေါ် အဓိကအခြေခံသည်ဟု လည်းကောင်း၊ (အခြားဖြေဆိုသူ အချိုးအစားထက် သိသာစွာမြင့်မားသည့် ဖြေဆိုသူအများစုက တဖန်) နိုင်ငံရေးအဆက်အသွယ်နှင့် ပညာရေးအဆင့်အတန်းတို့သည် အဆုံးအဖြတ်ပေးသည့် အကြောင်းအချက်များဖြစ်သည်ဟုလည်းကောင်း ယုံကြည်ကြသည်။ အခြားဖြေဆိုသူများကဲ့သို့ပင် ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ရသည့် (IDP)ဖြေဆိုသူများသည် တရားရေးဆိုင်ရာ အခြားတာဝန်ရှိသူများထက်စာလျှင် ရဲများနှင့် ပို၍ကျွမ်းဝင်မှုရှိကြသည်။ ၎င်းတို့၏ ၄ ပုံ ၃ ပုံ နီးပါးက မြန်မာနိုင်ငံတွင် ဥပဒေရေ့မှောက်၌ ပြည်သူများအားလုံး တန်းတူအခွင့်အရေးများ မရှိဟု ထင်မြင်ကြသည်။

အခြားဖြေဆိုသူများနှင့် မတူသည့်အချက်မှာ အငြင်းပွားမှုပြဿနာများတွင် ပါဝင်ပါတ်သက်သည့် ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ရသည့် (IDP)ဖြေဆိုသူများသည် အလုပ်ချိန်၊လုပ်အားခ သို့မဟုတ် ခိုက်ရန်ဖြစ်ပွားမှုများနှင့် ပို၍ဆက်စပ်သည်။ လုပ်အားခေါင်းပုံဖြတ်ခြင်း၊ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများ ရှာဖွေရယူရာတွင် ခွဲခြားဆက်ဆံ ခံရသည်ဟု ၎င်းတို့က တင်ပြကြသည်။

အခြားဖြေဆိုသူများကဲ့သို့ပင် လက်နက်ကိုင် ပဋိပက္ခတွင် ကြားညှပ်ရသည်ဟု ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ရသည့် (IDP)ဖြေဆိုသူများကလည်း ခံစားရသည်။ မိမိတို့ ဇာတိကျေးရွာများသို့ ပြန်လိုကြသော်လည်း ကြောက်ရွံ့မှု၊ မလုံခြုံမှု၊ စီးပွားရေးနှင့် ပညာရေး အခွင့်အလမ်းများ မရှိမှုတို့က အဟန့်အတားများဖြစ်စေသည်။ ၎င်းတို့ကို လက်ခံထားသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့်လည်း ဆက်ဆံရေးမကောင်းပါ။ အိမ်တွင်းအကြမ်းဖက်မှု၊ အခြား လိင်ပိုင်းဆိုင်ရာစော်ကားခြင်း၊ ခေါင်းပုံဖြတ်ခြင်းများသည် ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ရသည့် (IDP) အသိုင်း အဝိုင်းကြား ဖြစ်ပွားလျက်ရှိပြီး ကျူးလွန်သူများ အပေါ် တုံ့ပြန်အရေးယူမှု မရှိသလောက်ဖြစ်သည်။

အခြားသူများထက်စာလျှင် ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ရသည့် (IDP)ဖြေဆိုသူများသည် ၎င်းတို့၏ အငြင်းပွားမှု ပြဿနာများ ဖြေရှင်းရာတွင် မိမိကိုယ်ကို ပို၍အားကိုးကြသည်။ အမှုအားလုံးနီးပါးတွင် ၎င်းတို့သည် တစ်ဖက် အမှုသည်နှင့် တိုက်ရိုက်စေ့စပ်ညှိနှိုင်းကြသည်။ အမှုပြဿနာထက်ဝက်နီးပါးမှာ တတိယပုဂ္ဂိုလ်များ အကူအညီဖြင့် သို့မဟုတ် အကူအညီမပါဘဲ ဖြေရှင်းပြေလည်သွားကြသည်။ ၎င်းတို့၏ အဓိက ဦးစားပေးပြဿနာ ၄ ပုံ ၁ ပုံ နီးပါးမှာ ဖြေရှင်းနိုင်ခြင်း မရှိပါ။ အငြင်းပွားမှုဖြေရှင်းရာတွင် အကူအညီပေးသည့် တတိယ ပုဂ္ဂိုလ်များတွင် (IDP)စခန်းစီမံခန့်ခွဲအုပ်ချုပ်ရေး တာဝန်ခံများပါဝင်သည်။

အစိုးရအရာရှိများ၏ အဂတိလိုက်စားမှုနှင့် တာဝန်ယူတာဝန်ခံမှုအပေါ် ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ရသည့် (IDP)ဖြေဆိုသူများ၏ သဘောထားအမြင်များမှာ အခြားဖြေဆိုသူများ၏ သဘောထားအမြင်များနှင့် များစွာထပ်တူကြသည်။ ၎င်းတို့ကလည်း တရားရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များသည် စွမ်းဆောင်ရည် ပြည့်ဝသည်ဟု ယုံကြည်သော်လည်း မျှတမှု၊ လေးစားမှုနှင့် အဂတိတရား ကင်းမဲ့မှု စသည့် အများလက်ခံထားသော စံတန်ဖိုးများနှင့် ကိုက်ညီမှုအပေါ် သံသယဖြစ်လိုကြသည်။ တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် ရဲများသည် ၎င်းတို့ ဝန်ဆောင်မှုများအတွက် လာဘ်လာဘ မျှော်ကိုးကြသည်ဟု အခြားဖြေဆိုသူများနည်းတူ ဒေသတွင်း ရွှေ့ပြောင်းရသည့် (IDP) ဖြေဆိုသူများ၏ ရဲများအပေါ် အကောင်းမြင်မှုမှာ သိသာစွာနည်းပါးသည်။ အခြားဖြေဆိုသူများကဲ့သို့ (IDP) ဖြေဆိုသူများက အရာရှိများသည် ပြည်သူများအပေါ် တန်းတူညီမျှ ဆက်ဆက်မှုမရှိ၊ အထူးသဖြင့် ဆင်းရဲသူများ သည် ထိုကဲ့သို့ ပိုမိုတွေ့ကြုံရသည်ဟု ယုံကြည်ကြသည်။

မြေယာ မှတ်ပုံတင်ရာတွင် အကျင့်ပျက်ခြစားမှုဖြစ်နိုင်ဖွယ် သာဓကဖြစ်ရပ်အပေါ် သတင်းပို့တိုင် ကြားမည် သို့မဟုတ် တိုင်ကြားကောင်းမည်ဟု (IDP) ဖြေဆိုသူအများစုက ဆိုသော်လည်း မှတ်ပုံတင် အထောက်အထား အသစ်လဲရာတွင် တွေ့ကြုံနိုင်မည့် အဂတိလိုက်စားမှုအပေါ် သတင်းပို့တိုင်ကြားမည့်သူမရှိသလောက်ဖြစ်သည်။ အဂတိလိုက်စားသည့်ဖြစ်ရပ်ကို သတင်းပို့ တိုင်ကြားလိုသူများသည် ကျူးလွန်သည့် အရာရှိအား အရေးယူသည့်ရလဒ် ထွက်ပေါ်ရန် မျှော်ကိုးကြသည်။ အဂတိတရားဖြစ်တည်နေမှုနှင့် ၎င်းတို့ကိုယ်တိုင် အကြောက်တရားက ထိုအဂတိလိုက်စားမှုများကို တိုင်ကြားရန် စိုးရွံ့စေသည်ဟု မတိုင်ကြားလိုသူများကဆိုသည်။

ဤသုတေသနလေ့လာမှု သုံးသပ်ချက်နှင့် အကြံပြုချက်များ အနှစ်ချုပ်ကို အခန်း(၈)တွင် ဖော်ပြထားသည်။ ဤလေ့လာမှုသည် အခြေခံစံတန်ဖိုးများဖြစ်သည့် တန်းတူ

ညီမျှမှု၊ တာဝန်ယူတာဝန်ခံမှုနှင့် တရားမျှတမှု လက်လှမ်းမီရေးအတွက်အချက်အချာကျသည့် တရားစီရင်ရေး အခွင့်အာဏာအပေါ် ပြည်သူလူထု ယုံကြည်မှုနိမ့်ပါးနေခြင်းတို့ကို အခိုင်အမာ ဖော်ပြထားသည်။ လူမျိုး၊ ဘာသာ၊ ကျား/မ ကွဲပြားမှုအပေါ် အခြေခံသည့် မညီမျှသည့် ပြုမူဆက်ဆံမှု၊ ထိခိုက်လွယ်မှုတို့သည် အစိုးရနှင့်အခြားသူများ၏တန်းတူညီမျှ အသိအမှတ်ပြုမှု၊ ပြုမူဆက်ဆံမှု စသည့်တို့ကို ၎င်းတို့၏မျှော်လင့်တောင့်တချက်များအဖြစ် မီးမောင်းထိုးဖော်ပြသည်။ ဖွဲ့စည်း တည်ဆောက်မှုဆိုင်ရာ မညီမျှမှုများကို ပြန်လည်တည့်မတ်ခြင်း၊ အမြစ်တွယ်နေသည့်ဘေးဖယ်ခြင်းနှင့်ပစ်ပယ်ခြင်း ပုံစံအသီးသီးကို ပြင်ဆင်ခြင်းတို့အား နိုင်ငံတော်နှင့်ပြည်သူများအကြား ထိတွေ့ဆက်ဆံမှုဆိုင်ရာ ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ချမှတ် ဆောင်ရွက်သင့်သည်။

ဖြေဆိုသူများသည် အစိုးရတာဝန်ယူ တာဝန်ခံမှုဆိုင်ရာ အခြေခံမှုများကို လက်ခံဆုပ်ကိုင်ထားပြီး ယင်းကို အခွင့်အရေးတစ်ရပ်အဖြစ် ရယူလိုသည်ဟု ဖော်ပြကြသည်။ အစိုးရအာဏာပိုင်များသည် ခွဲခြားဆက်ဆံမှု လုပ်ရပ်အပြုအမူ များသည် တရားမျှတမှုလက်လှမ်းမီရေးအတွက် အတားအဆီးများဖြစ်စေသည်။ အဂတိလိုက်စားမှုများရှိနေခြင်း၊ လက်စားခြေတုံ့ပြန်ခံရမည်ကိုစိုးရိမ်ခြင်းတို့သည် အစိုးရအရာရှိများ၏ တာဝန်ယူတာဝန်ခံမှုရှိစေရန် ပြည်သူများ၏ကြိုးပမ်းအားထုတ်မှုများကို အတားအဆီးဖြစ်စေသည့်အချက်များ ဖြစ်သည်။

အစိုးရတာဝန်ယူ တာဝန်ခံမှု ကင်းမဲ့မှု ဖြေရှင်းရန် ဦးစားပေးကဏ္ဍ (၄) ရပ်ကို ဤအစီရင်ခံစာတွင် သတ်မှတ်ဖော်ထုတ်ထားသည်။ ၎င်းတို့မှာ (၁) အုပ်ချုပ်ရေးဆိုင်ရာ တရားမျှတမှု အယူအဆနှင့် အလေ့အထများကို အားပေးမြှင့်တင်ရန် (အစိုးရအရာရှိများ၏ လုပ်ပိုင်ခွင့်အာဏာအလွဲသုံးစားမှု၊ တရားရေးဆန်သည့် ဆုံးဖြတ်ချက်များ[၃] နှင့် ပတ်သက်သည့် ကုစားအဖြေရှာရန် တရားဝင်နည်းလမ်းအားလုံး ကျယ်ပြန့်စွာပါဝင်မှုရှိရန်) (၂) အဂတိလိုက်စားမှု တိုက်ဖျက်ဖြေရှင်းသည့် နည်းလမ်းများ အားကောင်းလာစေရန်။ (၃) မြန်မာနိုင်ငံ Common Law စနစ်အောက် ပြစ်မှုဆိုင်ရာ နစ်နာမှု အယူအဆအား ပိုမိုနားလည်လာစေရန်။ (၄) အသွင်ကူးပြောင်းမှု တရားမျှတရေးဆိုင်ရာ ဆွေးနွေးမှုများ စတင်ရန် တို့ဖြစ်သည်။

တရားမျှတမှုစနစ်အပေါ် ပြည်သူများ၏ယုံကြည်မှု မြှင့်တင်ရေးသည် နောက်ထပ်ဦးစားပေးတစ်ရပ် ဖြစ်သည်။ မျှတမှု၊ လေးစားမှု၊ ဥပဒေရှေ့မှောက် တန်းတူညီမျှမှု စသည့် အများလက်ခံထားသည့် စံတန်ဖိုးများ မြှင့်တင်မှုကို ဦးတည်ပြီး အထူးသဖြင့် ပွင့်လင်းမြင်သာမှု၊ အမှီခိုကင်း လွတ်လပ်မှုနှင့် မျှတမှု (တရားစီရင်ရာတွင်) တို့ကို မြှင့်တင်ရေး မူဝါဒများချမှတ်ရန် အရေးကြီးသည်။ ပွင့်လင်းမြင်သာမှု မြင့်မားခြင်းသည် နိုင်ငံတော်မှ ယခင်သိမ်းဆည်းခဲ့သည့် မြေယာပြန်လည်စွန့်လွှတ်ခြင်းနှင့် ခွဲဝေခြင်း စသည့် အခြားလုပ်ငန်းစဉ်များအတွက် အကျိုးကျေးဇူးများလည်း ဖြစ်ထွန်းနိုင်သည်။

၃ တရားရေးမဟုတ်သည့် အစိုးရအရာရှိများ၏ အရေးပါသည့်ဆုံးဖြတ်ချက်များအပေါ် ပြည်သူများအနေဖြင့် တရားဝင်ကြားနာပိုင်ခွင့် သို့မဟုတ် အယူခံပိုင်ခွင့် (နည်းလမ်းတကျ တောင်းဆိုသည့်တိုင်အောင်) မရှိသည့်အတွက် စီမံခန့်ခွဲအုပ်ချုပ်မှုဆိုင်ရာ ဥပဒေသည် အဓိကပြဿနာတစ်ရပ်ဖြစ်သည်။



# အခန်း (၁)
# နိဒါန်း

ဓာတ်ပုံ- ဒေသဈေးတစ်ခုမှ ပန်းနှင့် သစ်သီးသည်များ၊ မြစ်ကြီးနား ၊ ကချင်ပြည်နယ်။

## သုတေသန ကျောရိုးအခြေခံ

တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုလက်လှမ်းမီရေးဆိုင်ရာ လေ့လာမှုများကို မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး များတွင် ၂၀၁၃ ခုနှစ်၌ ပထမအကြိမ်ပြုလုပ်ပြီးနောက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) သည် တရားမျှတမှုလက်လှမ်းမီရေးနှင့် သမားရိုးကျ မဟုတ်သော တရားမျှတရေးစနစ်များကို ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် လေ့လာမှုများ ဆက်လက်လုပ်ဆောင်ခဲ့ပါသည်။

ဤဒုတိယအကြိမ် သုတေသနလုပ်ငန်းသည် ယခင်ပြုလုပ်ခဲ့သည့် ပထမအကြိမ် လေ့လာမှု၏အတိုင်းအတာကို ပိုမိုနက်ရှိုင်းကျယ်ပြန့်စေခဲ့ပြီး သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များကိုပါ အထူးပြု လေ့လာနိုင်ခဲ့ပါသည်။ ၂၀၁၃ လေ့လာမှု၏ အဓိကတွေ့ရှိချက်ဖြစ်ပြီး ၂၀၁၄ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဆောင်ရွက်ခဲ့သည့် [၄] နောက်ဆက်တွဲ သီးခြားလေ့လာမှုများတွင်လည်း ထပ်ဆောင်း ဖော်ပြသည့်အချက်မှာ အချင်းပြဿနာအမျိုးမျိုး၏ အများစုမှာ ရပ်ကွက်နှင့် ကျေးလက်အဆင့်တွင် ညှိနှိုင်းဖြေရှင်းပြေလည်သွားကြပြီး သမားရိုးကျ တရားမျှတရေးစနစ်သို့ ရောက်မလာကြပေ။

အထက်ဖော်ပြပါ သုတေသနလုပ်ငန်းများနှင့် အနည်းငယ်မျှသော အခြားအရည်အသွေး အခြေခံလေ့လာမှုများ (Qualitive studies) ပြုလုပ်ခဲ့သည်ဆိုသော်ငြားလည်း မြန်မာနိုင်ငံရှိ တရားမျှတမှု ရရှိရေးဆိုင်ရာ နားလည်သဘောပေါက်နိုင်မှုအသိများစွာလိုအပ်နေသေးသည်။ ဤသုတေသနလေ့လာမှုသည် မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးမှုအားကောင်းလာစေရေးနှင့် တရားမျှတမှုပိုမိုရရှိလာစေရေး အတွက်(UNDP)ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ ကြိုးပမ်းချက်များကိုအောက်ဖော်ပြပါအတိုင်းပံ့ပိုးသွားရန်ရည်ရွယ်သည်။

(၁) သမားရိုးကျ တရားမျှတရေးစနစ်မှတဆင့် တရားမျှတမှုကို ပြည်သူများ ရှာဖွေရယူသည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ အခြေခံအဆင့် နားလည်ခြင်းအားချဲ့ထွင်ခြင်း။

(၂) သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်ကို နက်ရှိုင်းစွာ နားလည်သိမြင်ခြင်း။

ဤသုတေသနလေ့လာမှု တွေ့ရှိချက်များသည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)၊မြန်မာနိုင်ငံအစိုးရနှင့် အခြားဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်အဖွဲ့အစည်းများ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုအစီအစဉ်များ ရေးဆွဲချမှတ်နိုင်ရေးအတွက် အခြေခံအချက်များ သတ်မှတ်ဖော် ထုတ်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်သည်။

## သုတေသန ရည်ရွယ်ချက်နှင့် နည်းနိဿယ

ဤလေ့လာမှု၏ ရည်ရွယ်ချက်မှာ သမားရိုးကျဖြစ်သော၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးဆန်သော၊ သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များ၊ ပြည်သူများက အငြင်းပွားမှု ပြဿနာများနှင့် ဆုံးရှုံးနစ်နာမှုများအတွက် အဖြေရှာရန် ထိုစနစ်များကို အသုံးပြုသည့် အကြောင်းအရင်းများနှင့် အသုံးပြုပုံများကို ပိုမိုနားလည်သဘောပေါက်ရန်ဖြစ်သည်။

ဤလေ့လာမှုတွင် အောက်ဖော်ပြပါ အဓိကမေးခွန်း (၃) ခုကို အခြေခံသည်။

( ၁ ) တရားမျှတမှုကို ပြည်သူများမည်ကဲ့သို့ ရယူရှာဖွေကြသနည်း။

( ၂ ) သမားရိုးကျ တရားမျှတရေးစနစ်အပေါ် ပြည်သူများ၏ သဘောထားထင်မြင်ချက်၊ ယုံကြည်မှုနှင့် အားကိုးသက်ဝင်မှုများမှာ အဘယ်နည်း။

( ၃ ) ဒေသတွင်း တည်ရှိနေသည့် သမားရိုးကျမဟုတ်သော တရားမျှတရေးဖြစ်စဉ်များ၊ ၎င်းတို့ ကျင့်သုံးလည်ပတ်ပုံများမှာ အဘယ်နည်း။

လေ့လာမှုနည်းနိဿယကို နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသည်။ မှတ်သားရမည်မှာ လေ့လာမှုနေရာဒေသများနှင့် ဖြေဆိုသူ [၅] ရွေးချယ်သည့်ပုံစံကြောင့် တွေ့ရှိချက်များသည် လေ့လာမှုနမူနာကိုသာ[၆] ထင်ဟပ်ဖော်ပြသည်။ ဖြေဆိုသူများကြား ကိန်းဂဏန်းစာရင်းအရ ထင်ရှားသည့်နှိုင်းယှဉ်မှုများ ပြုလုပ်နိုင်မည်မဟုတ်သကဲ့သို့ တွေ့ရှိချက်များသည် ကျယ်ပြန့်သည့် လူဦးရေ အတိုင်းအတာတစ်စုံတစ်ရာအတွက် ယေဘုယျကောက်ချက်ချနိုင်မည်လည်း မဟုတ်ပါ။

---

၄ မြန်မာဥပဒေ အထောက်အကူ ကွန်ယက်၊ အကြောက်တရားနှင့် မျှော်လင့်ချက်အကြား - မြန်မာနိုင်ငံတွင်း တရားဥပဒေစိုးမိုးမှုနှင့် တရားမျှတမှု ရရှိရေး မြှင့်တင်ရာတွင် ကြုံရသည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ (စက်တင်ဘာ ၂၀၁၄)

၅ ဤအစီရင်ခံစာတွင် ဖြေဆိုသူဆိုသည်မှာ သုတေသနလေ့လာမှုတွင် အုပ်စုလိုက် ပါဝင်ဆွေးနွေးသူနှင့် အင်တာဗျူးမေးခွန်းများ ဖြေကြားသည်။ မည်သူ့ကိုမဆို ရည်ညွှန်းသည်။

၆ ဤအစီရင်ခံစာတွင် စစ်တွေမြို့နယ်တွင် သုတေသန နည်းနိဿယများကို ကနဦးစမ်းသပ်သည့်အနေဖြင့် ပြုလုပ်ခဲ့သည့် အုပ်စုလိုက်ဆွေးနွေးမှုများ (FGD) နှင့် အဓိက သတင်းအချက်အလက်ပံ့ပိုးသူများနှင့် အင်တာဗျူးမေးမြန်းမှုများ (KII) မှ ရရှိသည့်တွေ့ရှိချက်များ ထည့်သွင်းထားသည်။ သို့သော် အိမ်ထောင်စုအဆင့် တစိတ်တပိုင်းဖွဲ့စည်း တည်ဆောက်ထားသည့် အင်တာဗျူးမေးခွန်းပုံစံ (household semi-structured interview questionnaire) များမှာ ကနဦးစမ်းသပ်လေ့လာမှုပြီးနောက် ပြန်လည်သုံးသပ်ခဲ့ရသဖြင့် ယင်းမှ တွေ့ရှိချက်များကို ထည့်သွင်းခြင်းမရှိပါ။

# အယူအဆဆိုင်ရာ ခြုံငုံသုံးသပ်ချက်


အဓိက အယူအဆနှစ်ခုဖြစ်သော တရားဝင်ဖြစ်မှုနှင့် ယုံကြည်မှုတို့သည် မည်သည့် လူ့အဖွဲ့အစည်းတွင်မဆို ကောင်းမွန်သည့်အုပ်ချုပ်မှု၏ အခြေခံများဖြစ်သည်။ သမိုင်းဝင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၏ ရလဒ်များက မြန်မာနိုင်ငံတွင်း နိုင်ငံရေးအာဏာကျင့်သုံးခြင်းတွင်ထိုအယူအဆ (၂) ခု၏ အချက်အချာကျမှုကို သက်သေပြခဲ့သည်။ တရားဝင်ဖြစ်မှုနှင့် ယုံကြည်မှုတို့သည် တရားဥပဒေစိုးမိုးရေးတွင် ပင်ကိုယ်အားဖြင့် ပါဝင်နေပြီး သမားရိုးကျ တရားမျှတရေးစနစ်မှတဆင့် ဥပဒေပိုင်းဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာအား ကျင့်သုံးရာတွင်လည်း အရေးပါသည်။

တရားဝင်ဖြစ်မှုသည်ဥပဒေလိုက်နာမှုအားမြှင့်တင်ပြီး၊ သမားရိုးကျ တရားမျှတရေးကဏ္ဍတွင် ပါဝင်ဆောင်ရွက်သူများနှင့် ပူးပေါင်းဆောင်ရွက်မှုကို အားပေးပြီး ရပ်ရွာလူ့အဖွဲ့အစည်းများ၏ လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အားကောင်းစေသောနည်းလမ်းများဖြင့် ရပ်ရွာလူမှုအဖွဲ့အစည်း[၇] နှင့် ထိတွေ့ဆောင်ရွက်မှုအား အဆင်ပြေချောမွေ့စေရန် အထောက်အကူပြုသည်။ တရားမျှတရေးစနစ်အပေါ် ပြည်သူယုံကြည်မှုနှင့် ၎င်း၏ တရားဝင်မှုတို့မှ အခြား အများပြည်သူဆိုင်ရာ အင်စတီကျူးရှင်းများအပေါ် ယုံကြည်စေမှုကို တိုးမြှင့်စေသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းသည် ထိုကဲ့သို့သော အခြားအင်စတီကျူးရှင်းများ[၈] ကျူးလွန်နိုင်သော အလွဲသုံးစားမှုများ မဖြစ်ပွားစေရန် အာမခံချက်အချို့ကိုပေးသည်။ ယုံကြည်မှုဆိုသည်မှာ ပြည့်မီသောအရည်အချင်းနှင့် လူအများလက်ခံကျင့်သုံးသော စံတန်ဖိုးများ၏ လုပ်ဆောင်ချက်တစ်ရပ်ဖြစ်သည်။ တနည်းအားဖြင့်၊တရားမျှတရေးစနစ်အပေါ်ပြည်သူယုံကြည်မှုသည် ထိုစနစ်အတွင်း အခန်းကဏ္ဍတစ်ခုအား လုပ်ဆောင်နေသူများသည် အရည်အချင်းပြည့်မီပြီး (အသိပညာ၊ ကျွမ်းကျင်မှုနှင့် အရင်းအမြစ်များ)၊ ပြည်သူလူထုမှ ၎င်းတို့အပေါ် ယုံကြည်ထားသည့်အတိုင်းလုပ်ဆောင်ရန် မှန်ကန်သော ရည်ရွယ်ချက်များရှိခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ဒေသဆိုင်ရာလိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရန် [၉] ကိစ္စရပ်များအပေါ်တွင် ပြည်သူလူထုမှ မျှော်မှန်းထားသည်နှင့်အညီ ထိရောက်မှုတစ္စာ တုံ့ပြန်ဆောင်ရွက်ရန်ဖြစ်သည်။ တဆက်တည်းအားဖြင့် အစိုးရအရာရှိများမှ လာဘ်ပေးလာဘ်ယူ (သို့မဟုတ်) ပြင်ပသြဇာအာဏာလွှမ်းမိုးမှု/ ဖိအားပေးမှုများကို မလွန်ဆန်နိုင်သောအခါတွင် (သို့မဟုတ်) ခွဲခြားဆက်ဆံသော နည်းများဖြင့်ဆောင်ရွက်လျှင်၊ ထိုအပြုအမူများသည် တရားမျှတမှု လက်လှမ်းမီရေးအား တားမြစ်သည့် ပြည်သူ့ယုံကြည်မှုအပေါ် အဟန့်အတားဖြစ်စေနိုင်သည်။

တရားဝင်ဖြစ်မှုသည်လည်း အများကလက်ခံထားသော စံတန်ဖိုးများနှင့်ပတ်သက်သည်။ တရားဝင်မှုကို အစိတ်အပိုင်း (၃) ခုပါဝင်သည်ဟု အဓိပ္ပါယ်သတ်မှတ်သည်။ ၎င်းတို့မှာ (၁) ရှင်းလင်းတိကျသော သဘောတူခွင့်ပြုချက်၊ (၂) အာဏာပိုင်များ၏ ဥပဒေနှင့်ညီညွတ်ခြင်းဆိုင်ရာ စံများအားလိုက်နာမှုအပေါ်တွင် အခြေခံသည့် ရှင်းလင်းတိကျသော သဘောတူခွင့်ပြုချက်၊ (၃) အများမှ လက်ခံထားသော စံတန်ဖိုးများ (သို့မဟုတ်) မှန်ကန်သောရည်ရွယ်ချက်များဖြစ်သည်။[၁၀] မြန်မာနိုင်ငံ၏ နောက်ခံအခြေအနေတွင် ဤအဓိပ္ပါယ်ဖွင့်ဆိုချက်၌ (၄) အာဏာပိုင်၏ ပင်ကိုယ်ရှိရင်းစွဲ ဝိသေသများဆိုသည့် အချက်ကိုလည်း ထပ်ဆောင်းထည့်သွင်းထားသည်။

ထို့ကြောင့် အများကလက်ခံထားသော စံတန်ဖိုးများနယ်ပယ်တွင် တရားဝင်ဖြစ်မှုနှင့် ယုံကြည်မှုတို့၏ အယူအဆများသည် တစ်ခုပေါ်တစ်ခုနွယ်ယှက်နေသည် (ပုံ ၁.၁ တွင်ရှု)။ [၁၁]

ပုံ ၁ . ၁ တရားဝင်ဖြစ်မှုနှင့်ယုံကြည်မှု




၇ Tom Tyler and Jonathan Jackson ပြုစုရေးသားသည့် အများကြိုက် တရားဝင်ဖြစ်မှုနှင့် ဥပဒေအခွင့်အာဏာ ကျင့်သုံးမှု (Popular Legitimacy and the Exercise of Legal Authority) လိုက်နာကျင့်သုံးမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ပူးပေါင်းပါဝင်မှုကို လှုံ့ဆော်ခြင်း (Motivating Compliance, Cooperation and Engagement) ၂၀၁၃

၈ Steven Van de Walle ၏ တရားမျှတမှု/ တရားစီရင်မှု စနစ်အပေါ် ယုံကြည်မှု (Trust in the Justice System): ဥရောပတခွင် နှိုင်းယှဉ်သုံးသပ်အမြင် (A Comparative View Across Europe) ၂၀၀၉

၉ Jonathan Jackson et al : ဥရောပလူမှုညွှန်းကိန်းများ ပြုစုရေးဆွဲခြင်းဆိုင်ရာမှတ်စုများ/ ဥရောပလူမှုညွှန်းကိန်းများ ဖွံ့ဖြိုးတိုးတက်မှု မှတ်စုများ ၂၀၁၁ (Notes on the Development of European Social Indicators)

၁၀ ဥရောပ လူမှုစစ်တမ်း တရားမျှတမှု ညွှန်းကိန်းများ ဖွံ့ဖြိုးတိုးတက်မှုမှ တူညီရာကောက်ထုတ်ခြင်း/ ကောက်နှုတ်ခြင်း (Drawing similarity upon the development of the European Social survey justice indicatiors), David Beethan ၏ အာဏာတရားဝင်ဖြစ်မှု (The Legitimation of Power) လန်ဒန်၊ Macmillan၊ ၁၉၉၉)၊ Mike Hough နှင့် Stefano Maffei ရေးသားပြုစုသည့် `တရားမျှတမှုအပေါ် ယုံကြည်မှု´ (`Trust in Justice´) `တရားဝင်ဖြစ်မှုအပေါ် တွေးဆချက်´ (`Thinking about legitimacy´)၊ ဥရောပ ပစ်မှုဗေဒ Criminology in Europe (၂) ၂၀၁၃ အတွဲ ၅-၁၀ တို့ကိုရှု။

၁၁ Jonathan Jackson နှင့် Jacinta Gau ရေးသားပြုစုသည့် အယူအဆ ထုဆစ်ခြင်း၊ တရားဝင်အခွင့်အာဏာနှင့် ပတ်သက်၍ ယုံကြည်မှုနှင့် တရားဝင်ဖြစ်မှုအပေါ် လူထုသဘောထားအမြင်များကို ခွဲခြမ်းစိတ်ဖြာမှု (`Carving up Concepts? Differentiation between Trust and Legitimacy in Public Attitudes towards Legal Authority´) E.Shockley et al အတွဲများ၊ ယုံကြည်မှုအပေါ် နွယ်ယှက်ရှုထောင့်အမြင်များ (Interdisciplinary Perspectives on Trust) Switgerland၊ Springer International၊ ၂၀၁၆၊ အတွဲ ၄၉-၆၉

ဤလေ့လာမှုတွင် တရားမျှတမှုလက်လှမ်းမီရေး အတွက် အများလက်ခံထားသောစံတန်ဖိုးများမှာ အဓိကကျကြောင်း ဖော်ထုတ်ထားသည်။ ၎င်းတို့သည် သမားရိုးကျဖြစ်သော၊ စီမံအုပ်ချုပ်မှုဆန်သော သို့မဟုတ် သမားရိုးကျမဟုတ်သော တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များအပေါ် ပြည်သူများ၏ မျှော်လင့်ချက်များကိုလည်း ညွှန်းဆိုသည်။[၁၂] ထိုအများလက်ခံထားသော စံတန်ဖိုးများတွင် တရားဥပဒေ ရှေ့မှောက်တွင်[၁၃] သာတူညီမျှမှု၊ ခွဲခြားဆက်ဆံမှုမရှိခြင်း၊ အခြားသူများအား လေးစားခြင်း၊ တရားမျှတမှုနှင့် လူ့အဖွဲ့အစည်းအတွင်း ခြစားမှုကင်းရှင်းခြင်းတို့ ပါဝင်သည်။ ရပ်ရွာအဆင့်တွင် လူမှုရေးကိစ္စရပ်များ၌ သာတူညီမျှမှု၊ ခွဲခြားဆက်ဆံမှု မရှိခြင်းတို့နှင့် သက်ဆိုင်ပြီး တရားစီရင်ရေး လုပ်ငန်းစဉ်များတွင်မူ ပွင့်လင်းမြင်သာမှု၊ လွတ်လပ်မှု၊ တရားမျှတမှုရှိခြင်းတို့ကို ဆိုလိုသည်။ ထိုစံတန်ဖိုးများသည် လူ့အခွင့်အရေးအခြေခံမှုများနှင့်လည်း ဆက်စပ်နေသည်။[၁၄]

ထိုလက်ခံထားသော စံတန်ဖိုးများသည် တူညီသောမျှော်မှန်းချက်တစ်ခုဖြစ်သည့် တာဝန်ခံမှုအားလည်း ညွှန်းဆိုသည်။ တာဝန်ခံမှုသည် ဒီမိုကရေစီ (သို့မဟုတ်) ကောင်းမွန်သော အုပ်ချုပ်မှုစနစ်၏ မရှိမဖြစ်ရှိရမည့် လိုအပ်ချက်များမှ တစ်ခုဖြစ်သည်။ ဆိုလိုရင်းမှာ အများပြည်သူဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာတစ်ရပ်ကို တာဝန်ယူထားရသည့် ရွေးကောက်ခံထားရသော(သို့မဟုတ်) ခန့်အပ်ခြင်းခံထားရသော တာဝန်ရှိပုဂ္ဂိုလ်များသည် ၎င်းတို့၏ လုပ်ရပ်များ၊ လုပ်ဆောင်ချက်များနှင့် ဆုံးဖြတ်ချက်များအတွက် တာဝန်ရှိပြီး တာဝန်ခံမှုရှိရမည်။ အရပ်ဖက်လူ့အဖွဲ့အစည်းသည် အစိုးရရုံးများရှိ ထိုသူတို့အား တာဝန်ယူမှုရှိစေရန် တောင်းဆိုရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သည်။ တာဝန်ခံမှုဆိုသည်မှာ မည်သည့်လုပ်ရပ်အတွက် မည်သူတာဝန်ရှိသည်၊ မည်သည်က ဥပဒေနှင့်မညီသော လုပ်ရပ်ဖြစ်သည်ကို ဖော်ထုတ်ပေးသည်။[၁၅]

ထို့ကြောင့်အားဖြင့် တရားဥပဒေစိုးမိုးရေး နောက်ခံအခြေအနေတစ်ခုအတွင်းရှိတရားမျှတရေးကဏ္ဍဆိုင်ရာပြုပြင်ပြောင်းလဲရေးတွင် အများပြည်သူဆိုင်ရာလုံခြုံရေးအား သေချာစေခြင်း၊ ထိရောက်ပြီးမှန်းဆနိုင်သော အုပ်ချုပ်မှုအား မြှင့်တင်ခြင်း၊ သာတူညီမျှမှုအပေါ် အာမခံချက်များ၊ အခြေခံအခွင့်အရေးများအား အကာအကွယ်ပေးခြင်းတို့ အပေါ် လေးစားလိုက်နာခြင်းနှင့် လွတ်လပ်ပြီးတာဝန်ခံမှုရှိသော တရားစီရင်ရေးမှတဆင့် အစိုးရသည် ဥပဒေကိုလိုက်နာစေခြင်း စသည်များပါဝင်သော မူဝါဒဆိုင်ရာ ရည်မှန်းချက်များနှင့် ဆက်စပ်နေသည်။[၁၆] ထိုနယ်ပယ်တစ်ခုချင်းစီ၏ တိုးတက်မှုသည် နောက်ခံအခြေအနေတစ်ခုမှ အခြားတစ်ခုအပေါ်မူတည်၍ ကွဲပြားနိုင်ပြီး ကွဲပြားသောရည်မှန်းချက်များသည် ဥပမာအားဖြင့် အများပြည်သူလုံခြုံရေးနှင့် တရားမဝင် ဝင်ရောက်နေထိုင်မှုများကတဖက်၊ အခြားတဖက်တွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှု စသည့်ကွဲပြားခြားနားသည့် ရည်မှန်းချက်များ တစ်ခုနှင့်တစ်ခု ပွတ်တိုက်သည့်သဘောတခါတရံ ရှိနိုင်သည်။

ဤလေ့လာမှု၏ဦးတည်ချက်မှာ တရားမျှတမှုလက်လှမ်းမီရေးဖြစ်သည်။ တရားမျှတမှု လက်လှမ်းမီရေး သည် တရားဥပဒေစိုးမိုးရေးနှင့် ဆက်စပ်သော စိန်ခေါ်မှုများအား စူးစမ်းရှာဖွေရာတွင် အရေးပါသော မှတ်ကျောက်တစ်ခု ဖြစ်သည်။ အခြေခံအခွင့်အရေးများအား ချိုးဖောက်ခံရသော အခါ (သို့မဟုတ်) ခြိမ်းခြောက်ခံရသောအခါတွင်၊ ထိရောက်သော ကုစားမှုတစ်ခုအား သေချာစေရေး၌ (၁) အခြေခံအခွင့်အရေးများအား အသိအမှတ်ပြုခြင်း (ဥပဒေတွင် သို့မဟုတ် ဓလေ့ထုံးတမ်းတွင်)၊ (၂) ထိုအခွင့်အရေးများအားသိရှိခြင်း၊ (၃) အခွင့်အရေးများအား ခုခံကာကွယ်ရသောအခါ သို့မဟုတ် ခြိမ်းခြောက်ခံရသောအခါတွင် တောင်းဆိုမှုများပြုလုပ်ရန် ယုံကြည်မှုနှင့် လုပ်ဆောင်နိုင်စွမ်း၊ (၄) တရားစီရင်ရေး လုပ်ငန်းစဉ်တိုင်း၏ တရားမျှတမှု၊ (၅) နောက်ဆုံးရလဒ်၏ တရားမျှတမှု၊ (၆) အခွင့်အရေးများနှင့်ပါတ်သက်သည့် ဆုံးဖြတ်ချက်များအား အာဏာတည်စေခြင်းနှင့် အကောင်အထည်ဖော်ရာတွင် တရားမျှတမှုနှင့် ထိရောက်မှုရှိခြင်းတို့ ပါဝင်သည်။ မည်သည့်လုပ်ငန်းစဉ်နှင့် နောက်ခံအခြေအနေတွင်မဆို ထိရောက်သော ကုစားမှုရရှိရန် ထိုအချက်များအားလုံးကို လိုအပ်ပေမည်။

အခွင့်အရေးများအား သိရှိခြင်းသည် တရားမျှတမှု လက်လှမ်းမီရေးသို့ ဦးတည်သောလမ်းကြောင်းတွင် အရေးပါသော ပထမအဆင့်ဖြစ်သည်။ ထိုအခွင့်အရေးများအား အသိအမှတ်ပြုခြင်းသည် တရားမျှတမှုသို့ ဦးတည်သော လမ်းကြောင်းတစ်ခုသေချာစွာရှိစေရန် လိုအပ်သောအခြေခံတစ်ခုဖြစ်သည်။ တရားဥပဒေရှေ့မှောက်တွင် တန်းတူညီမျှမှု အခြေခံသဘောတရားနှင့် လက်ခံထားသော စံတန်ဖိုးများအား လေးစားလိုက်နာမှုရှိခြင်းတို့သည် မြန်မာနိုင်ငံ၏တရားမျှတမှုလက်လှမ်းမီရေးကို တိုးတက်စေရာတွင် အရေးပါသော အချက်များဖြစ်လာမည်။

---

၁၂ အောက်ခြေ မှတ်စု (၁) နှင့် နောက်ဆက်တွဲ (၁) တွင်ရှု။

၁၃ တရားဥပဒေရှေ့မှောက်ညီမျှမှုရှိခြင်းသည် မျှတသည့် စီရင်ကြားနာမှု အခွင့်အရေးနှင့် မှန်ကန်သည့် လုပ်ထုံး လုပ်နည်းများ၏ အခြေခံ အုတ်မြစ်ဖြစ်ပြီး အဆိုပါ အချက်ကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်း ၏ အပိုဒ် (၇) တွင် ထည့်သွင်းထားသည်။ တရားဥပဒေအောက်တွင် အားလုံးတန်းတူညီမျှရှိနေမည်ဟူသောဖြင့် အားလုံး ကို ခွဲခြားဆက်ဆံမှု မရှိဘဲ ဥပဒေမှ ကာကွယ်ပေးထားသည်ဟု နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံ တကာ/ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၏ အပိုဒ် (၁၄) တွင် ဖော်ပြထားသည်။

၁၄ လူ့အခွင့်အရေးသည် လူသားအားလုံး၏ မွေးရာပါအခွင့်အရေးဖြစ်သည်။ လူသားအားလုံးကိုဆိုလိုရာတွင် မည်သည့်နိုင်ငံသား၊ မည်သည့်နိုင်ငံသား၊ မည်သည့်နေရာ၊ ကျား/မ မရွေး၊ တိုင်းရင်းသား လူမျိုးစုမရွေး၊ မည်သည့် အသားအရောင်၊ ကိုးကွယ်မှု၊ ဘာသာစကားနှင့် မည်သည့်အဆင့်အတန်းကိုမဆို ဆိုလိုသည်။ လူတိုင်းသည် ခွဲခြားမှု မရှိဘဲ ၎င်းတို့၏ လူ့အခွင့်အရေးကို တန်းတူညီမျှ ရရှိနိုင်သည်။ နိုင်ငံတကာ လူ့အခွင့်အရေးများမှ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများကို မြှင့်တင် ကာကွယ်ရန်အတွက် အစိုးရများ လိုက်နာ သို့မဟုတ် ရှောင်ကျဉ်ရမည့် တာဝန် ဝတ္တရားများကို ပြဋ္ဌာန်း ချမှတ်ထားသည်။

၁၅ ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီ၊ အခြေခံသဘောထားများနှင့် အုပ်ချုပ်မှု ဝေါဟာရများ၏ အဓိပ္ပါယ်နှင့် ပြည်သူအုပ်ချုပ်ရေး၊ အထွေထွေအတွင်းရေးမှူးရုံး မှတ်စု-ပြည်သူအုပ်ချုပ်ရေးဆိုင်ရာ ကျွမ်းကျင်သူများ ကော်မတီအဖွဲ့၊ နယူးယောက်တွင် ၅ ကြိမ်မြောက် အစည်းအဝေး၊ ၂၇-၃၁ မတ်လ ၂၀၀၆ ၊ အခြေခံအုပ်ချုပ်မှု ဝေါဟာရ နှင့် ပြည်သူအုပ်ချုပ်မှုဆိုင်ရာ သုတပေါင်းချုပ်မှ အစီအစဉ် (၅)၊ (UN Doc. E/C ။ ၁၆/၂၀၁၆/၄)

၁၆ ဤလေ့လာမှုတွင် တရားဥပဒေစိုးမိုးရေး၏ အနက်အဓိပ္ပါယ်ကို ဖွင့်ဆိုနေခြင်းမဟုတ်သော်လည်း ၎င်း၏အရေးပါသောအချက်များကို ထုတ်နှုတ်ပြခဲ့သည်။ ၎င်းတို့မှာ ( ၁ ) ဥပဒေနှင့်အညီ အစိုးရ၏ ကတိကဝတ် ( ၂ ) မျှတမှုနှင့် ပွင့်လင်းမြင်သာမှုရှိသည့် ဥပဒေပြုခြင်း၊ စီရင်ဆုံးဖြတ်ခြင်း နှင့် ဥပဒေ အာဏာသက်ရောက်ခြင်း ( ၃ ) လေးစားမှုနှင့် တူညီသော ဂုဏ်သိက္ခာ ရှိမှု ဖြစ်စေသည့် ဥပဒေပြဋ္ဌာန်းချက်များ ( ၄ ) တရားမျှတမှုမှု ရရှိရေးတို့ဖြစ်သည်။ ကမ္ဘာ့တရားရေး စီမံကိန်းတွင်လည်း ရှာဖွေ့လေ့လာနိုင်သည်။ http://worldjustice-proect.org/Factors တွင် ကမ္ဘာ့တရားရေး စီမံကိန်း၏ တရားဥပဒေစိုးမိုးရေး ညွှန်းကိန်း၊ အထွေထွေ အတွင်းရေးမှူးချုပ် အစီရင်ခံစာ - ပဋိပက္ခ ကာလတွင်း နှင့် ပဋိပက္ခ အလွန် လူမှုအသိုင်းအဝိုင်းအတွင်း အသွင်ကူးပြောင်းမှုကာလ တရားမျှတမှုမှုနှင့် တရားဥပဒေစိုးမိုးမှု၊ ၁၃ ဩဂုတ် ၂၀၁၄ ( UN Doc. S / 2004 / 616 )



# အခန်း(၂)
# သုတေသနလေ့လာသည့် နေရာဒေသများနှင့် ဖြေဆိုသူများ၏ ဝိသေသလက္ခဏာများ

ဓာတ်ပုံ - ဒေသခံလမ်းလျှောက်တီးဝိုင်းအဖွဲ့. လေ့ကျင့်နေစဉ်၊ မြစ်ကြီးနား၊ ကချင်ပြည်နယ်။

# သုတေသနလေ့လာသည့် နေရာဒေသ ခြုံငုံသုံးသပ်ချက်

ဤအခန်းတွင် ဒေသတွင်းရွှေ့ပြောင်းနေထိုင်ရသူ မဟုတ်သည့် (non-IDP) ဖြေဆိုသူများနှင့်ပတ်သက်သည့် သုတေသန လေ့လာရာနေရာ ဒေသများ၊ လူဦးရေ၊ လူမှုစီးပွားနှင့် ယဉ်ကျေးမှု ဝိသေသလက္ခဏာများကို ခြုံငုံဖော်ပြထားသည်။ ထို့အပြင် ဖြေဆိုသူများ၏ ဒေသန္တရအာဏာပိုင်များ၊ ဒေသတွင်းဝန်ဆောင်မှုများနှင့် လက်လှမ်းမီ ထိတွေ့သည့် နည်းလမ်းများ၊ ၎င်းတို့အနေဖြင့်လိုအပ်ပါကအခြားအကူအညီ ရယူပုံများကိုလည်း လေ့လာထားသည် (ဒေသတွင်းရွှေ့ပြောင်းနေထိုင်ရသည့် (IDP) ဖြေဆိုသူများနှင့်ပတ်သက်၍ အခန်း (၇) တွင် ရှု)။

## သုတေသနလေ့လာသည့် နေရာဒေသ ခြုံငုံသုံးသပ်ချက်

သုတေသန လေ့လာမှုကို ကချင်ပြည်နယ်အတွင်း မြောက်ပိုင်း (ပူတာအို)၊ တောင်ပိုင်း (ဗန်းမော်)၊ အနောက်ပိုင်း (မိုးညှင်း) နှင့် အလယ်ပိုင်း (မြစ်ကြီးနား) စသည့် ဒေသများရှိ ရပ်ရွာများတွင် ပြုလုပ်ခဲ့သည် (မြေပုံတင်ရှု)။ ထိုခရိုင် (၄) ခုရှိ ခရိုင်တစ်ခုချင်းစီတွင် မြို့နယ်တစ်ခုကို ဗဟိုပြု ရွေးချယ်လေ့လာခဲ့သည်။ ၎င်းတို့မှာ (ပူတာအို၊ ဗန်းမော်၊ မိုးညှင်းနှင့် မြစ်ကြီးနားမြို့နယ်တို့ ဖြစ်သည်။ မြို့နယ်တစ်ခုချင်းစီတွင် ရပ်ကွက်နှင့် သို့မဟုတ် ကျေးရွာနှစ်ခုကို အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန တာဝန်ရှိပုဂ္ဂိုလ်များနှင့် အနီးကပ်ညှိနှိုင်းပြီး ရည်ရွယ်ချက်ရှိစွာ ရွေးချယ်ခဲ့သည်။ မြစ်ကြီးနားနှင့် ဗန်းမော်မြို့နယ်များတွင် ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ရသူ (IDP) စခန်း (၂) ခု၌လည်း လေ့လာမှု ဆောင်ရွက်ခဲ့သည်။

သွားရောက်လေ့လာခဲ့သော မြို့နယ်များအနက် ပူတာအိုမြို့နယ်သည် အဝေးလံဆုံးဖြစ်ပြီး ယေဘုယျအားဖြင့် "အေးချမ်းသည်" ဟု အချို့အစိုးရအရာရှိများက မှတ်ယူကြသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးတစ်ဦးက မြစ်ကြီးနားနှင့် ဗန်းမော်တို့သည် ဧရာဝတီမြစ်တစ်ဖက်တစ်ချက်တွင် တည်ရှိပြီး ထိုမြို့နယ် (၂) ခုအကြား တိုက်ရိုက်ကုန်သွယ်မှုများစွာမရှိဟု ရှင်းပြသည်။ မြစ်ကြီးနားနှင့် ဗန်းမော် ဆက်သွယ်သည့် အဓိကလမ်းမ တစ်လျှောက်တွင် တပ်စခန်းများစွာ တည်ရှိသည်။

မိုးညှင်းမြို့နယ်သည်ကချင်ပြည်နယ်နှင့် မြန်မာနိုင်ငံအောက်ပိုင်းကို ဆက်သွယ်ပေးသည့် အချက်အခြာဆုံမှတ်ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည့်အပြင် ကချင်ပြည်နယ်တစ်ခုလုံး၏ ဆန်၊ စပါး အဓိကထုတ်လုပ်ရာမြို့လည်းဖြစ်သည်။ ပို၍ထင်ရှားသည်မှာ မိုးညှင်းခရိုင်တွင် ပါဝင်သည့် ဖားကန့်မြို့နယ်တွင် ကျောက်စိမ်းတွင်း အမြောက်အများရှိသည်။

လက်နက်ကိုင် ပဋိပက္ခကြောင့် တည်ငြိမ်မှုမရှိဟု အချို့အစိုးရအရာရှိများ မှတ်ချက်ပေးသော်လည်း ကချင်ပြည်နယ်သည် မြန်မာနိုင်ငံတွင်း သဘာဝအရင်းအမြစ် သယံဇာတ ပေါကြွယ်သည့်ဒေသဟု ဖော်ပြကြသည်။

## ယဉ်ကျေးမှုဆိုင်ရာ လေ့လာတွေ့ရှိချက်

ကချင်လူမျိုးများတွင် ယေဘုယျအားဖြင့် အဓိကမျိုးနွယ်စု (၆) ခုရှိပြီး ၎င်းတို့မှာ ဂျိမ်းဖော၊ လရီ/လချိတ်၊ လောဝို/မရူ၊ လီဆူ၊ ရဝမ်နှင့် ဇိုင်ဗာ/အဇီး တို့ ဖြစ်သည်။

## လူဦးရေဆိုင်ရာ လေ့လာတွေ့ရှိချက်

ကချင်ပြည်နယ်တလျှောက် သုတေသန လေ့လာသည့် နေရာဒေသများသည် ယေဘုယျအားဖြင့် လူဦးရေစုံလင်ပြီး မတူကွဲပြားသည့် တိုင်းရင်းသားလူမျိုး၊ ကိုးကွယ်သည့်ဘာသာများ ရောထွေးနေထိုင်ကြသည်။


မြို့နယ် (၄) ခုအနက် မိုးညှင်းမြို့နယ်၌သာလျှင် ကချင်လူမျိုးများမှာ လူနည်းစုဖြစ်ပြီး အများစုမှာ ရှမ်းလူမျိုးများဖြစ်သည်။ ယေဘုယျအားဖြင့် လီဆူနှင့် ရဝမ်လူမျိုးများသည် ပူတာအိုအပါအဝင် ကချင်ပြည်နယ်မြောက်ပိုင်းတွင် အများစုနေထိုင်ကြသည်။

## သုတေသနလေ့လာမှု ဖြေဆိုသူများ

ဤအခန်းတွင် အိမ်ထောင်စုအလိုက် ဖွဲ့စည်းတည်ဆောက်ထားသည့် အင်တာဗျူး မေးခွန်းပုံစံဖြေဆိုသူများ၏ လူဦးရေ၊ ယဉ်ကျေးမှုနှင့် လူမှုစီးပွားနောက်ခံ အခြေအနေများကို ဖော်ပြထားသည်။

ကချင်ပြည်နယ်မြို့နယ် (၄) ခုအတွင်း ရပ်ကွက်နှင့် ကျေးရွာ (၈) ခုမှ အရွယ်ရောက်ပြီး ဖြေဆိုသူ စုစုပေါင်း (၃၀၀) ဦး (အမျိုးသမီး ၁၅၀၊ အမျိုးသား ၁၅၀) တို့အား တွေ့ဆုံမေးမြန်းခဲ့သည်။ ဖြေဆိုသူများ၏ ပျမ်းမျှအသက် မှာ (၄၃) နှစ်ဖြစ်ပြီး အသက်အငယ်ဆုံး (၁၈) နှစ်နှင့် အသက်အကြီးဆုံး (၆၉) နှစ်ဖြစ်သည်။ တွေ့ဆုံမေးမြန်းချိန်တွင် ဖြေဆိုသူ ၄ ပုံ ၃ ပုံ နီးပါး (၇၃.၃%) သည် အိမ်ထောင်သည်များဖြစ်သည်။

## UNDP တရားမျှတမှုလက်လှမ်းမီရေး နှင့် သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များ သုတေသနလေ့လာရာ နေရာဒေသများ (ကချင်ပြည်နယ်)




Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

# ယဉ်ကျေးမှု ဝိသေသလက္ခဏာများ

ဖြေဆိုသူများက ၎င်းတို့၏ တိုင်းရင်းသားလူမျိုးနှင့် ကိုးကွယ်သည့်ဘာသာကို ဖော်ပြကြသည်။[၁၇] တိုင်းရင်းသားလူမျိုးနှင့် ပတ်သက်၍ ဖြေဆိုသူများ၏ အဖြေများကို အုပ်စု (၇)ခု ခွဲထားသည်။[၁၈] ၎င်းတို့မှာ ဂျိမ်းဖော၊ လီဆူ၊ ရဝမ်၊ အခြား ကချင်[၁၉]၊ ရှမ်းနီ[၂၀]၊ အခြားရှမ်း[၂၁] နှင့် အခြား[၂၂] တို့ဖြစ်သည်။ ဖြေဆိုသူများကို လူမျိုးစု၊ ကျား/မ အလိုက် ခွဲခြားထားမှုကို ဇယား ၂.၁ တွင် ဖော်ပြထားသည်။

ကိုးကွယ်သည့် ဘာသာနှင့်ပတ်သက်၍ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်[၂၃] နှင့် မွတ်စလင် စသဖြင့် ဖြေဆိုသူများက ၎င်းတို့ကိုယ်တိုင် သတ်မှတ်ဖော်ပြသည်။ ဖြေဆိုသူများကို လူမျိုးနှင့် ကိုးကွယ်သည့် ဘာသာ အလိုက် ခွဲခြားထားမှုကို ဇယား ၂.၂ နှင့် မြို့နယ်၊ ကိုးကွယ် သည့်ဘာသာအလိုက် ခွဲခြားထားမှုကို ဇယား ၂.၃ တွင် ဖော်ပြထားသည်။

ဇယား ၂.၁ ဖြေဆိုသူများ၏ လူမျိုး၊ လိင် ကျား/မ ပြဇယား

| လူမျိုး | ကျား/မ | | စုစုပေါင်း |
|---|---|---|---|
| | မ | ကျား | |
| ဂျိမ်းဖော | ၂၅ | ၂၅ | ၅၀ |
| လီဆူ | ၂၅ | ၂၅ | ၅၀ |
| ရဝမ် | ၂၅ | ၂၅ | ၅၀ |
| အခြားကချင် | ၂၁ | ၉ | ၃၀ |
| ရှမ်းနီ | ၈ | ၂၇ | ၃၅ |
| အခြားရှမ်း | ၁၅ | ၁၀ | ၂၅ |
| အခြား | ၃၁ | ၂၉ | ၆၀ |
| စုစုပေါင်း | ၁၅၀ | ၁၅၀ | ၃၀၀ |

ဇယား ၂.၂ ဖြေဆိုသူများ၏ လူမျိုး၊ ကိုးကွယ်သည့်ဘာသာပြဇယား

| လူမျိုး | ကိုးကွယ်သည့် ဘာသာ | | | စုစုပေါင်း |
|---|---|---|---|---|
| | ဗုဒ္ဓဘာသာ | ခရစ်ယာန် | မွတ်စလင် | |
| ဂျိမ်းဖော | -- | ၅၀ | -- | ၅၀ |
| လီဆူ | ၁ | ၄၉ | -- | ၅၀ |
| ရဝမ် | -- | ၅၀ | -- | ၅၀ |
| အခြားကချင် | ၁ | ၂၉ | -- | ၃၀ |
| ရှမ်းနီ | ၃၅ | -- | -- | ၃၅ |
| အခြားရှမ်း | ၁၈ | ၇ | -- | ၂၅ |
| အခြား | ၄၄ | ၆ | ၁၀ | ၆၀ |
| စုစုပေါင်း | ၉၉ | ၁၉၁ | ၁၀ | ၃၀၀ |

၁၇ ဖိအားပေး တိုက်တွန်းလှုံ့ဆော်မှုမပါသည့် အဖွင့်မေးခွန်းဖြေကြားချက်

၁၈ ဤအမျိုးအစား အုပ်စုများကို ကျယ်ပြန့်စွာ လက်ခံအသိအမှတ်ပြုထားသည့် သီးခြားတိုင်းရင်းသား လူမျိုး (၁၃၅) ခု စာရင်းအရ ယေဘုယျအားဖြင့် သတ်မှတ်သည်။ ထိုစာရင်းတွင် နားလည်သဘောပေါက်လွယ်သည့် လူမျိုးစုများအပြင် မတိကျ မရေရာဖွယ် တိုင်းရင်းသားလူမျိုး အချက်အလက်များပါဝင်ပြီး ယေဘုယျအားဖြင့် လူမျိုးအပေါ် အခြေခံသည့် ခွဲခြားမှုများရှိသည်။

၁၉ ကချင်၊ ခါကူ၊ လော်ဗို/မရူ၊ လချိတ်/လရှီနှင့် ဇိုင်ဖား/အဇီး အပါအဝင်

၂၀ မြန်မာဘာသာဖြင့် ရှမ်းနီ၊ ရှမ်းဘာသာဖြင့် တိုင်လန်ဟု သိကြသည်။

၂၁ ရှမ်း၊ ရှမ်းကြီးနှင့် ဝ အပါအဝင်

၂၂ ဗမာ၊ တရုတ်၊ ဂေါ်ရခါး၊ အိန္ဒိယ၊ မွန်၊ မွတ်စလင်နှင့် သွေးနှော အပါအဝင် (ဤနောက်ဆုံးအုပ်စုတွင် ဗမာ-ကချင်၊ ကချင်- တရုတ်၊ ကိုးကန့်-ဗမာ၊ လီဆူ-တရုတ်၊ မွန်-ကချင်၊ ရှမ်း-ဗမာ၊ ရှမ်း-တရုတ်နှင့် ရှမ်း-ကချင်များ ပါဝင်သည်။)

၂၃ ယေဘုယျအားဖြင့် ခရစ်ယာန်ဟု မိမိကိုယ်ကို သတ်မှတ်သည့် ဖြေဆိုသူများသည် ၎င်းတို့၏အသင်းတော်များကို ဆက်လက်/ထပ်မံဖော်ပြခြင်းမရှိပါ။


ဇယား ၂.၃ ဖြေဆိုသူများ၏ မြို့နယ်၊ ကိုးကွယ်သည့်ဘာသာပြဇယား

| မြို့နယ် | ကိုးကွယ်သည့် ဘာသာ | | | စုစုပေါင်း |
|---|---|---|---|---|
| | ဗုဒ္ဓဘာသာ | ခရစ်ယာန် | မွတ်စလင် | |
| မြစ်ကြီးနား | ၂၅ | ၅၅ | ၆ | ၈၆ |
| ဗန်းမော် | ၁၈ | ၅၁ | ၄ | ၇၃ |
| ပူတာအို | ၂ | ၇၀ | -- | ၇၂ |
| မိုးညှင်း | ၅၄ | ၁၅ | -- | ၆၉ |
| စုစုပေါင်း | ၉၉ | ၁၉၁ | ၁၀ | ၃၀၀ |

# ပညာရေးအဆင့်အတန်းနှင့် မြန်မာစာပေ၊ စကားတတ်မြောက်မှု

ခွဲခြမ်းစိတ်ဖြာနိုင်ရန်အလို့ငှာ ဖြေဆိုသူများ၏ ပညာအဆင့်အတန်းပြီးမြောက်မှုနှင့် ပတ်သက်သည့် ဖြေဆိုချက်များကို အုပ်စု (၇) စု ခွဲထားသည်။ ၎င်းတို့မှာ ကျောင်း လုံးဝ မတက်ဖူး/ အတန်းပညာမရှိ၊ မူလတန်း[၂၄]၊ အလယ်တန်း[၂၅]၊ အထက်တန်း[၂၆]၊ တက္ကသိုလ်ဝင်တန်း [၂၇]၊ ကောလိပ်/ဘွဲ့ကြို[၂၈]၊ ဘွဲ့လွန်[၂၉] နှင့် အခြား[၃၀] တို့ဖြစ်သည်။ ဖြေဆိုသူများကို ပညာအဆင့်အတန်းအလိုက် ပုံ (၂.၁) တွင် ဖော်ပြထားသည်။

ပုံ ၂.၁ ပညာရေးအဆင့်အတန်း




၂၄ တစ်တန်းမှ လေးတန်းကြား အဆင့်တစ်ခုခုအောင်မြင်ပြီးသူ
၂၅ ငါးတန်းမှ ရှစ်တန်းကြား အဆင့်တစ်ခုခု အောင်မြင်ပြီးသူ
၂၆ ကိုးတန်း နှင့် ဆယ်တန်းကြား အဆင့်တစ်ခုခု အောင်မြင်ပြီးသူ
၂၇ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ
၂၈ လက်ရှိ တက္ကသိုလ် ကောလိပ်များတွင် အဆင့်မြင့်ပညာသင်ကြားနေသူများနှင့် ဘွဲ့ရပြီးသူများ
၂၉ အလွတ်ပညာရေးပါဝင်သည်။

အချိုးအစားမြင့်မားသည့် ဖြေဆိုသူ (၂၈.၀%) သည် အလယ်တန်းအဆင့် ပညာရေးတစ်စုံတစ်ရာ ရှိကြပြီး (၅%) သည် ကျောင်းပညာရေး သို့မဟုတ် အလွတ်ပညာရေး တစ်စုံတစ်ရာမရှိကြဘဲ အခြား (၁၂.၇%) သည် အခြေခံပညာအဆင့် တစ်စုံတစ်ရာရှိကြသည်။ ဖြေဆိုသူ ၄ ပုံ ၁ ပုံ နီးပါး (၂၃.၇%) မှာ အထက်တန်းပညာရေးအဆင့်တစ်ခု ရှိပြီး (၁၃.၀%) မှာ တက္ကသိုလ်ဝင်ခွင့် အောင်ခဲ့ကြသည်။ ဖြေဆိုသူအနည်းစုဖြစ်သည့် (၁၆.၀%) သည် ဘွဲ့ကြို သို့မဟုတ် ဘွဲ့လွန် စသည့် အဆင့်မြင့်ပညာရေးရရှိကြသည်။

အခြေခံ၊ အလယ်တန်း သို့မဟုတ် အထက်တန်း ပညာအဆင့် တစ်စုံတစ်ရာရှိမှုတွင် အမျိုးသမီးများထက် စာလျှင် အမျိုးသား အချိုးအစားပိုမြင့်မားသည်။ သို့သော် အထက်တန်းပညာ တက္ကသိုလ်ဝင်ခွင့်အောင်မြင်မှု သို့မဟုတ် ကောလိပ်/ ဘွဲ့ကြိုပညာရေးအဆင့် တစ်စုံတစ်ရာရှိမှုတွင် အမျိုးသားများထက် အမျိုးသမီးအချိုးအစား ပိုများသည် (ပုံ ၂.၁ (က) နောက်ဆက်တွဲ (ခ) တွင် ရှု)။

ကျောင်းပညာ (သို့မဟုတ်) အလွတ်ပညာ မတက်ရောက်ခဲ့သည့် ဖြေဆိုသူများအနက် ထက်ဝက်နီးပါး (၁၅ ဦးတွင် ၆ ဦး ၄၀%) သည် လီဆူများဖြစ်ပြီး အခြေခံပညာအဆင့် တစ်စုံတစ်ရာရှိသူများအနက် ၄ ပုံ ၁ ပုံကျော် (၃၈ ဦးတွင် ၁၁ ဦး ၂၈.၉%) မှာ လီဆူများဖြစ်သည်။ လီဆူဖြေဆိုသူအားလုံးထဲမှ အထက်တန်းပညာရေးအဆင့် တစ်စုံတစ်ရာရှိသူ အချိုးအစားမှာ အမြင့်မားဆုံးဖြစ်ပြီး (၅၀ ဦး အနက် ၁၅ ဦး) ၃၀% ရှိသည်။ အခြေခံပညာအဆင့် တစ်စုံတစ်ရာရှိသည့် ဖြေဆိုသူအားလုံးအနက် ၅ ပုံ ၁ ပုံနီးပါး (၃၈ ဦးအနက် ၇ ဦး) ၁၈.၄% မှာ ရှမ်းနီ သို့မဟုတ် `အခြားရှမ်း´ များဖြစ်သည်။ အခြေခံပညာအဆင့် တစ်စုံတစ်ရာရှိမှု အချိုးအစားသည် `အခြားရှမ်း´များတွင် အမြင့်မားဆုံးဖြစ်ပြီး (၂၅ ဦးအနက် ၇ ဦး) ၂၈.၀% ရှိသည် (ဇယား ၂.၄ တွင်ရှု)။

ဇယား ၂.၄ လူမျိုးအလိုက် ပညာရေးအဆင့်အတန်း

| ပညာရေးအဆင့်အတန်း | လူမျိုး | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| | ကျိမ်းဖော | လီဆူ | ရဝမ် | အခြားကချင် | ရှမ်းနီ | အခြားရှမ်း | အခြား | |
| အတန်းပညာမရှိ | ၁ | ၆ | ၃ | ၀ | ၂ | ၂ | ၁ | ၁၅ |
| မူလတန်း | ၃ | ၁၁ | ၄ | ၂ | ၇ | ၇ | ၄ | ၃၈ |
| အလယ်တန်း | ၁၆ | ၁၂ | ၁၄ | ၁၀ | ၁၂ | ၆ | ၁၄ | ၈၄ |
| အထက်တန်း | ၁၁ | ၁၅ | ၇ | ၈ | ၅ | ၄ | ၂၀ | ၇၀ |
| တက္ကသိုလ်ဝင်တန်း | ၁၀ | ၁ | ၁၁ | ၆ | ၃ | ၁ | ၇ | ၃၉ |
| ကောလိပ်/ဘွဲ့ကြို | ၉ | ၃ | ၁၁ | ၄ | ၆ | ၅ | ၉ | ၄၇ |
| ဘွဲ့လွန် | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ |
| အခြား | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၃ | ၅ |
| စုစုပေါင်း | ၅၀ | ၅၀ | ၅၀ | ၃၀ | ၃၅ | ၂၅ | ၆၀ | ၃၀၀ |

ဖြေဆိုသူများက မြန်မာဘာသာဖြင့် သတင်းစာဖတ်နိုင်မှုနှင့် စာရေးနိုင်မှု ရှိ/မရှိကို ဖော်ပြကြသည်။ ဖြေဆိုသူ အများထု (၉၀.၃%) က ရေးဖတ်နိုင်သည်ဟုဆိုသည်။ ဖြေဆိုသူ (၆.၀%) ကသာလျှင် မြန်မာဘာသာဖြင့်ရေး သို့မဟုတ် ဖတ်နိုင်ခြင်းမရှိဟု ဖော်ပြသည်။

မြန်မာစာပေစကား တတ်မြောက်မှု အဆင့်မှာ အမျိုးသားနှင့် အမျိုးသမီးများကြား တူညီနီးပါးဖြစ်ပြီး အမျိုးသား (၉၁.၃%) နှင့် အမျိုးသမီး (၈၉.၃%) ဖြစ်သည်။ (ပုံ ၂.၁ (ခ) နောက်ဆက်တွဲ (ခ) တွင် ရှု)။


အခြားသူများနှင့်စာလျှင် မြန်မာစာပေစကား တတ်မြောက်မှု အချိုးအစားမှာ လီဆူဖြေဆိုသူများတွင်နည်းပါးသည်။ (ပုံ ၂.၁ (ဂ) နောက်ဆက်တွဲ (ခ) တွင် ရှု)။ မြန်မာစာပေစကား ရေးတတ် သို့မဟုတ် ဖတ်တတ်ခြင်းမရှိဟု ဖြေဆိုသည့်သူများအနက် ထက်ဝက် (၁၈ ဦးအနက် ၉ ဦး) သည် လီဆူများဖြစ်ပြီး ၄ ဦးမှာ ရဝမ်များဖြစ်သည်။ (ပုံ ၂.၁ (ဃ) နောက်ဆက်တွဲ (ခ) တွင်ရှု)။

## မသန်စွမ်းသူများ

ဒေသတွင်း ပြောင်းရွှေ့နေထိုင်ရသူများမဟုတ်သည့် (non-IDP) ဖြေဆိုသူ (၁၀) ဦးတွင် (၁) ဦးနီးပါး (၁၀.၇%) က ၎င်းတို့အိမ်ထောင်စုတွင် အနည်းဆုံး ပုံစံတစ်မျိုးဖြင့် မသန်စွမ်းသူတစ်ဦးရှိသည်ဟု ဆိုသည်။

မသန်စွမ်းမှုပုံစံများမှာ ရုပ်ပိုင်းဆိုင်ရာ၊ အမြင်အာရုံ၊ အကြားအာရုံ၊ စကားပြောနိုင်စွမ်းနှင့် သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်း သို့မဟုတ် ချို့တဲ့ခြင်းများ ပါဝင်သည်။

ပုံ ၂.၂ အိမ်ထောင်စု လစဉ်ဝင်ငွေအဆင့်အတန်း




## အိမ်ထောင်စုဝင်ငွေနှင့် ပိုင်ဆိုင်မှုများ

ဖြေဆိုသူများ၏ အနီးစပ်ဆုံးအိမ်ထောင်စု လစဉ်ဝင်ငွေ အဆင့်အတန်းကို ပုံ ၂.၂ တွင် ဖော်ပြထားသည်။

ဖြေဆိုသူထက်ဝက်နီးပါး၏ လစဉ်အိမ်ထောင်စုဝင်ငွေမှာ ကျပ် ၂၀၀,၀၀၀ သို့မဟုတ် ထိုထက်နည်းပါးသည်။ ၅ ပုံ ၁ ပုံကျော် (၂၁.၇%) ၏ ဝင်ငွေမှာ ကျပ် ၁၀၀,၀၀၀ အောက်ဖြစ်ပြီး ၄ ပုံ ၁ ပုံကျော် (၂၉.၇%) မှာ ကျပ် ၁၀၀,၀၀၀ နှင့် ကျပ် ၂၀၀,၀၀၀ ကြား ဖြစ်သည်။ ဖြေဆိုသူအနည်းစု (၁၃.၀%) ၏ စုစုပေါင်း အိမ်ထောင်စု လစဉ်ဝင်ငွေမှာ ကျပ် ၅၀၀,၀၀၀ အထက်ရှိသည်ဟု ဖော်ပြကြသည်။

အိမ်ထောင်စု လစဉ်ဝင်ငွေ ကျပ် ၅၀,၀၀၀ အောက် ရရှိသည့် လစဉ်ဝင်ငွေ အနိမ့်ဆုံး ဖြေဆိုသူများအနက် လီဆူ ဖြေဆိုသည့်အချိုးအစားမှာ အမြင့်မားဆုံးဖြစ်ပြီး (၁၇) ဦးအနက် (၇) ဦး (၄၂.၂%) ဖြစ်သည်။ လီဆူဖြေဆိုသည့် အားလုံးအနက် အိမ်ထောင်စု လစဉ်ဝင်ငွေ ကျပ် ၁၀၀,၀၀၀ မှ ကျပ် ၂၀၀,၀၀၀ ကြား ဝင်ငွေအချိုးအစား အမြင့်မားဆုံးဖြစ်ပြီး (၅၀) ဦးအနက် (၁၈) ဦး (၃၆.၀%) ရှိသည် (ဇယား ၂.၅ တွင်ရှု)။

ဇယား ၂.၅ လူမျိုးအလိုက် အိမ်ထောင်စု လစဉ်ဝင်ငွေ အဆင့်အတန်း

| အိမ်ထောင်စု လစဉ်ဝင်ငွေ အဆင့်အတန်း | လူမျိုး | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| | ဂျိမ်းဖော | လီဆူ | ရဝမ် | အခြားကချင် | ရှမ်းနီ | အခြားရှမ်း | အခြား | |
| ကျပ် ၅၀,၀၀၀ အောက် | ၂ | ၇ | ၂ | ၂ | ၂ | ၁ | ၁ | ၁၇ |
| ကျပ် ၅၀,၀၀၀ မှ ကျပ် ၁၀၀,၀၀၀ အောက် | ၁၃ | ၁၂ | ၁၀ | ၃ | ၂ | ၂ | ၆ | ၄၈ |
| ကျပ် ၁၀၀,၀၀၀ မှ ကျပ် ၂၀၀,၀၀၀ အောက် | ၁၃ | ၁၈ | ၁၆ | ၆ | ၁၃ | ၆ | ၁၇ | ၈၉ |
| ကျပ် ၂၀၀,၀၀၀ မှ ကျပ် ၃၀၀,၀၀၀ အောက် | ၁၁ | ၆ | ၇ | ၈ | ၆ | ၈ | ၁၂ | ၅၈ |
| ကျပ် ၃၀၀,၀၀၀ မှ ကျပ် ၄၀၀,၀၀၀ အောက် | ၃ | ၃ | ၆ | ၃ | ၅ | ၂ | ၉ | ၃၁ |
| ကျပ် ၄၀၀,၀၀၀ မှ ကျပ် ၅၀၀,၀၀၀ အောက် | ၁ | ၁ | ၄ | ၄ | ၀ | ၁ | ၄ | ၁၅ |
| ကျပ် ၅၀၀,၀၀၀ မှ ကျပ် ၈၀၀,၀၀၀ အောက် | ၂ | ၁ | ၄ | ၂ | ၄ | ၀ | ၅ | ၁၈ |
| ကျပ် ၈၀၀,၀၀၀ အထက် | ၄ | ၂ | ၁ | ၀ | ၃ | ၅ | ၆ | ၂၁ |
| မသိပါ | ၁ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၃ |
| စုစုပေါင်း | ၅၀ | ၅၀ | ၅၀ | ၃၀ | ၃၅ | ၂၅ | ၆၀ | ၃၀၀ |


မိသားစု အဓိကဝင်ငွေ လုပ်ငန်းများမှာ စိုက်ပျိုးရေး (ဖြေဆိုသူ ၂၆.၃%)၊ ရောင်းဝယ်ဖောက်ကား အသေးစား စီးပွားရေးလုပ်ငန်းများ (၁၉.၀%) နှင့် ယာဉ်စက်ပြင်ဆင်ခြင်း၊ ရိတ်သိမ်းလွန်ကာလလုပ်ငန်းများ စသည့် အသေးစား ဝန်ဆောင်မှု စီးပွားရေးလုပ်ငန်းများ (၁၁.၃%) ဖြစ်သည်။ အိမ်ထောင်စု ၅ ပုံ ၂ ပုံကျော် (၄၄.၃%) တွင် မိသားစုအပိုဝင်ငွေ လုပ်ငန်းမရှိကြပါ။

ဖြေဆိုသူ မိသားစုအတော်များများတွင် မော်တော်ဆိုင်ကယ်/တုတ်တုတ် (၉၁.၂%)၊ မိုဘိုင်းဖုန်း (၈၅.၈%)၊ ရုပ်မြင်သံကြားစက် (၇၄.၃%) နှင့် သို့မဟုတ် ရေဒီယို (၆၁.၈%) ပိုင်ဆိုင်ကြသည်ဟုဆိုသည်။ ဖြေဆိုသူ (၄) ဦး သို့မဟုတ် (၅) ဦး တွင် (၁) ဦးသည် မီးအားပေးစက် (၂၆.၀%)၊ ရေခဲသေတ္တာ (၂၅.၀%) နှင့် သို့မဟုတ် နွားလှည်း (၂၀.၆%) တို့ ပိုင်ဆိုင်ကြသည်။ ဤမေးခွန်းပုံစံတွင် ဖော်ပြထားသည့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှု (၁၅) မျိုးလုံး ၎င်းတို့အိမ်တွင် တစ်ခုမျှမရှိဟု ဖြေဆိုသူ (၄) ဦးက ဖော်ပြသည်။ ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် မိုဘိုင်းဖုန်းပိုင်ဆိုင်မှုကို အိမ်ထောင်စု လစဉ်ဝင်ငွေ အဆင့်အတန်းအလိုက် ပုံ ၂.၂ (က) နောက်ဆက်တွဲ (ခ) တွင် သုံးသပ်ဖော်ပြထားသည်။

## လူထုမီဒီယာ ထိတွေ့မှုနှင့် သတင်းအချက်အလက် လက်လှမ်းမီရရှိမှု


လူထုမီဒီယာနှင့် ထိတွေ့မှုကို ဖြေဆိုသူများက တစ်ပတ်လျှင် ရုပ်မြင်သံကြား/TV ကြည့်သည့် အကြိမ်အရေအတွက်၊ ရေဒီယိုနားထောင်သည့်အကြိမ်၊ သတင်းစာ သို့မဟုတ် ဂျာနယ်ဖတ်သည့် အကြိမ်အရေအတွက်များဖြင့် ဖော်ပြကြသည် (ပုံ ၂.၃ တွင်ရှု)။ လူထုမီဒီယာနှင့် ၎င်းတို့ ထိတွေ့သည့်အဆင့် သာမန်မျှသာဖြစ်သည်။

ပုံ ၂.၃ လူထုမီဒီယာနှင့်ထိတွေ့မှု




ဖြေဆိုသူ ၃ ပုံ ၁ ပုံကျော်သည် နေ့စဉ် သို့မဟုတ် နေ့စဉ်နီးပါး ရုပ်မြင်သံကြား ကြည့်ရှုကြသည် (၃၅.၇%) နှင့် သို့မဟုတ် ရေဒီယိုနားထောင်ကြသည် (၃၆.၃%)။ အနည်းစု (၆.၇%) သာလျှင် နေ့စဉ် သို့မဟုတ် နေ့တိုင်းနီးပါး သတင်းစာ သို့မဟုတ် ဂျာနယ် ဖတ်ကြသည်။ ဆန့်ကျင်ဖက်အားဖြင့် ဖြေဆိုသူ ၃ ပုံ ၁ ပုံ နီးပါး (၃၀.၃%) သည် သတင်း တစ်ပတ်အတွင်း ရုပ်မြင်သံကြား ကြည့်လေ့မရှိနှင့်/ သို့မဟုတ် ရေဒီယိုနားထောင်လေ့မရှိဟုလည်းကောင်း၊ (၃၆%) သည် သတင်းစာ သို့မဟုတ် ဂျာနယ် ဖတ်လေ့မရှိဟုဆိုသည်။

ပုံ ၂.၃ (က) သတင်းအချက်အလက် လက်လှမ်းမီ ရရှိနိုင်မှု



ဖြေဆိုသူ (၉၆.၀%) သည် သတင်းအချက်အလက်များကို မိသားစု/မိတ်ဆွေအပေါင်းအသင်း အိမ်နီးချင်းများထံမှ အဓိကရရှိသည်။ အများစုသည် ရေဒီယို (၆၇.၈%) နှင့် သို့မဟုတ် ရုပ်မြင်သံကြား (၆၃.၄%) ကိုလည်း အားထားရမည်။ အခြား သတင်းအချက် အလက် ရရှိနိုင်သည့် အဓိကနေရာများမှာ ဘာသာရေးခေါင်းဆောင်များ(၅၄.၇%)၊ ဂျာနယ် (၅၁.၇%)၊ သတင်းစာ (၅၀.၀%)၊ မိုဘိုင်းဖုန်း (၄၁.၉%)၊ ရပ်ရွာလူထုခေါင်းဆောင်များ (၃၅.၂%) နှင့် ရပ်ကျေး အုပ်ချုပ်ရေးမှူးများ (၃၂.၉%) ဖြစ်သည်။

အချို့သောဖြေဆိုသူများအတွက် ရေဒီယို ပိုင်ဆိုင်သူများသည်အရေးပါသည့် တဆင့်ခံသတင်းအချက်အလက် ဖြန့်ဝေပေးသူများဖြစ်သည်ဟု အထက်ပါရလဒ်များက ရည်ညွှန်းသည်။

အမျိုးသားနှင့် အမျိုးသမီးဖြေဆိုသူများ အကြား သတင်းအချက်အလက်ရရှိသည့် ပုံစံများအနည်းငယ်ကွဲပြားခြားနားပုံရသည် (ပုံ ၂.၃ (ခ) နောက်ဆက်တွဲ (ခ) တွင်ရှု)။ နိုင်ငံတွင် ဖြစ်ပျက်နေသည့် သတင်းအချက်အလက်များကို အများဆုံး သိရှိကြားသိရသည့် နည်းလမ်းမှာ အမျိုးသားနှင့် အမျိုးသမီးများကြားတူညီပြီး မိသားစု/ မိတ်ဆွေအပေါင်းအသင်း/ အိမ်နီးချင်းများထံမှဖြစ်သည် (၉၆.၀%)။ အမျိုးသမီးများအတွက် နောက်ထပ်အရေးပါသည့် သတင်းဇစ်မြစ်များမှာ ရေဒီယို (၆၃.၁%)၊ ရုပ်မြင်သံကြား (၆၂.၄%)၊ ဂျာနယ် (၅၄.၄%)၊ သတင်းစာ (၅၃.၀%)၊ ဘာသာရေးခေါင်းဆောင်များ (၄၉.၀%) နှင့် မိုဘိုင်းဖုန်း (၄၃.၆%) တို့ဖြစ်သည်။

သို့သော် အမျိုးသားဖြေဆိုသူများမှာ အမျိုးသမီးဖြေဆိုသူများထက်စာလျှင် အာဏာပိုင် ပုဂ္ဂိုလ်/အဖွဲ့အစည်းများအပေါ် ပို၍အားထားပုံရသည်။ အမျိုးသားများအတွက်ဆိုလျှင် မိသားစု/မိတ်ဆွေအပေါင်းအသင်း/အိမ်နီးချင်းများနောက် သတင်းအချက်အလက်ရရှိသည့် အဓိကဇစ်မြစ်များမှာ ရေဒီယို (၇၂.၅%)၊ ရုပ်မြင်သံကြား (၆၄.၆%)၊ ဘာသာရေးခေါင်းဆောင်များ (၆၀.၄%)၊ ဂျာနယ် (၄၉.၀%)၊ သတင်းစာ (၄၇.၀%)၊ ရပ်ရွာလူထု ခေါင်းဆောင်များ(၄၃.၀%)၊ မိုဘိုင်းဖုန်း (၄၀.၃%) နှင့် ဆယ်အိမ်မှူး၊ ရာအိမ်မှူးနှင့် ရပ်ရွာ/ဒေသန္တရအုပ်ချုပ်ရေးမှူးများ (တစ်မျိုးစီ ၃၄.၉%) ဖြစ်သည်။

ဖြေဆိုသူများက သတင်းအချက်အလက်များကို မည်သည့်ဘာသာစကားဖြင့် အဓိကလက်ခံရရှိသည်[၃၁] ကိုလည်း ဖော်ပြကြသည်။ အများစု (၈၂.၀%) အများစုသည် သတင်းအချက်အလက်များကို မြန်မာဘာသာစကားဖြင့် လက်ခံရရှိကြသည်။ အနည်းစုသော ဂျိမ်းဖော(ဖြေဆိုသူ ၇.၃%)[၃၂]၊ လီဆူ (၄.၃%) နှင့် ရဝမ် (၄.၀%) ဘာသာစကားများဖြင့် သတင်း အချက်အလက်များ အဓိကရရှိကြသည်။

ဤပုံစံမှာ ဖြေဆိုသူများ၏အိမ်ထောင်စု/မိသားစုအတွင်း အဓိကပြောဆိုသုံးစွဲသည့် ဘာသာစကား[၃၃] နှင့် ကွဲပြားမှု ရှိသည်။ ဖြေဆိုသူ ၃ ပုံ ၁ ပုံကျော် (၃၆.၃%) ကျော်သည် မိသားစုအတွင်း မြန်မာစကား ပြောဆိုကြပြီး ၄ ပုံ ၁ ပုံ (၂၄.၄%)[၃၄] မှာ ဂျိမ်းဖော၊ ရဝမ် (၁၆.၇%)၊ လီဆူ (၁၅.၃%) နှင့် ရှမ်း (၂.၇%) စကားပြောကြသည် (ပုံ ၂.၃ (ဂ) နောက်ဆက်တွဲ (ခ) တွင်ရှု)။

တိုင်းပြည်တွင်းဖြစ်ပျက်နေသည့် မည်သည့် သတင်းအချက်အလက်ကိုမျှ လက်ခံရရှိမှုမရှိဟု ဖြေဆိုသူ (၂) ဦးက ဆိုသည်။

## ဝန်ဆောင်မှုများလက်လှမ်းမီရရှိမှု

ဖြေဆိုသူအများစု (၈၈.၃%) က ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံ ရောက်ရှိရန် (၁၅) မိနစ် သို့မဟုတ် ထိုထက်နည်းသည့် အချိန်ယူရသည်မှာ အံ့အားသင့်ဖွယ်မဟုတ်သော်လည်း အနည်းစု (၉.၇%) က ခန့်မှန်းခြေ (၁) နာရီထိ အချိန်ယူရသည်ဟု ဖြေဆိုကြသည်။ စားရိတ်စကအနေဖြင့် အများစု (၆၀.၀%) က ၎င်းတို့၏ ရပ်ရွာ အုပ်ချုပ်ရေးမှူးများထံ သွားရောက်ခြင်းသည် စရိတ်ကုန်ကျမှုမရှိဟု ဆိုပြီး ၃ ပုံ ၁ ပုံနီးပါး (၃၂.၇%) က ထိုသို့ သွားရောက်ရာတွင် ကျပ် (၅၀၀) သို့မဟုတ် ထိုထက် နည်းစွာကုန်ကျနိုင်သည်ဟု ဆိုသည်။ တစ်နှစ်ပတ်လုံး အတိုင်းအတာကို ကြည့်မည်ဆိုလျှင် ဖြေဆိုသူ ထက်ဝက်ကျော် (၅၅.၃%) သည် ၎င်းတို့၏ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးသို့ အကူအညီရယူရန် သွားရောက်ခဲ့ခြင်းမရှိဟု ဖော်ပြသည်။ (၄၁.၃%) သည် (၁) နှစ်အတွင်း (၁) ကြိမ်မှ (၅) ကြိမ်ထိ သွားရောက်ခဲ့သည်ဟု ဆိုသည်။

ဖြေဆိုသူများအတွက် ၎င်းတို့အိမ်နှင့် အနီးစပ်ဆုံး ရဲကင်းစခန်းသို့ သွားရောက်ရန်အချိန်မှာ ယေဘုယျအားဖြင့် ပိုကြသည်။ ၅ ပုံ ၂ ပုံ နီးပါးသောဖြေဆိုသူ (၃၉.၇%) က (၁၅) မိနစ် သို့မဟုတ် ထိုထက်နည်းစွာ အချိန်ယူရပြီး အခြား (၄၂.၇%) က နာရီဝက်အထိ အချိန်ယူရသည်ဟုဆိုသည်။ ၎င်းတို့အိမ်နှင့် အနီးစပ်ဆုံး ရဲကင်းစခန်း မည်သည့် နေရာတွင် တည်ရှိသည်ကိုမသိဟု ဖြေဆိုသူ (၁၀) ဦးက ပြော

၃၁ ဖိအားပေးတိုက်တွန်းလို့ ဆော်မှု တစ်စုံတစ်ရာမပါသည့် အဖွင့်မေးခွန်းများမှတဆင့် လေ့လာတွေ့ ရှိချက်

၃၂ ဤကိန်းဂဏန်းတွင် သတင်းအချက်အလက်များကို `ကချင်´ ဘာသာစကားဖြင့် လက်ခံရရှိသည်ဟု ဆိုသည့် ဖြေဆိုသူ (၄.၃%) ပါဝင်သည်။ အခြားဖော်ပြခြင်းမရှိပါက ဤအစီရင်ခံစာတွင် အသုံးပြုထားသည့် `ကချင်´ ဝေါဟာရသည် ယေဘူယျအားဖြင့် အဓိက မျိုးနွယ်စု (၆) မျိုးဖြစ်သော ဂျိမ်းဖော၊ လချိတ်/လရှီ၊ လော်ဗို/မရူ၊ လီဆူ၊ ရဝမ်နှင့် ဇိုင်ဝါ/အဇီး အားလုံး လွှမ်းခြုံသည်။

၃၃ အဖွင့်မေးခွန်းမှတဆင့်

၃၄ ဤကိန်းဂဏန်းများတွင် မိမိတို့အိမ်ထောင်စုတွင် `ကချင်´ စကားကို အဓိကပြောဆိုသည်ဟု ဆိုသည့် ဖြေဆိုသူ (၁၀.၇%) ပါဝင်သည်။

ကြားသည်။ ရဲကင်းစခန်းသို့ သွားရောက်ရန် စရိတ်စက ကုန်ကျမှုမရှိဟု ဖြေဆိုသူအနည်းစု (၁၆.၇%) ကလည်းကောင်း၊ ကုန်ကျစရိတ် (၅၀၀) ကျပ်ထက် နည်းနိုင်သည်ဟု ၄ ပုံ ၁ ပုံ သာသာ (၂၆.၀%) က ဆိုသည်။ ဖြေဆိုသူအများစု (၅၄.၀%) က အနီးစပ်ဆုံး ရဲကင်းစခန်းသို့ သွားရောက်ရန် ခန့်မှန်းကုန်ကျစရိတ် ကျပ် (၅၀၀) အထက် ပိုမည်ဟုပြောကြသည် (ဇယား ၂.၆ နောက်ဆက်တွဲ(ခ) တွင်ရှု)။ ဖြေဆိုသူအများစု (၈၂.၃%) သည် တစ်နှစ်တာကာလတွင်း ရဲကင်းစခန်းသို့ အကူအညီတောင်းခံရန် သွားရောက်ခဲ့ခြင်း မရှိ။ (၁၇.၃%) သည် တစ်နှစ်ပတ်တွင်း ရဲကင်းစခန်းသို့ (၁) ကြိမ်မှ (၅) ကြိမ်ထိ သွားရောက်ခဲ့သည်ဟု ဖော်ပြကြသည်။

မိမိတို့အိမ်နှင့် အနီးဆုံး ဘာသာရေးခေါင်းဆောင်ထံ ရောက်ရှိရန်အတွက် ဖြေဆိုသူအများစု (၈၅.၇%) သည် အချိန် (၁၅) မိနစ် သို့မဟုတ် ထို့ထပ်နည်းစွာ ကြာမြင့်ပြီး အခြား (၁၁.၇%) အတွက် အချိန် နာရီဝက်အထိ ယူရနိုင်သည်ဟု ခန့်မှန်းကြသည်။ ၎င်းတို့အိမ်နှင့်အနီးစပ်ဆုံး ဘာသာရေးခေါင်းဆောင်ထံ သွားရောက်ခြင်းသည် ကုန်ကျစရိတ်မရှိဟု ၃ ပုံ ၂ ပုံကျော် (၆၉.၀%) ကလည်းကောင်း၊ ကုန်ကျစရိတ် ကျပ် (၅၀၀) သို့မဟုတ် ထိုထပ်နည်းသည်ဟု ၅ ပုံ ၁ ပုံသာသာ (၂၀.၇%) ကဆိုသည်။ တစ်နှစ်တာကာလအတွင်း အကူအညီရယူရန်အတွက် အနီးဆုံး ဘာသာရေးခေါင်းဆောင်ထံ သွားရောက်ခဲ့ခြင်းမရှိဟု ၄ ပုံ ၃ ပုံနီးပါးဖြေဆိုသူ (၇၂.၃%) ဖြေဆိုသူများကလည်းကောင်း၊ တစ်နှစ်တွင် (၁) ကြိမ်မှ (၅) ကြိမ်ခန့် သွားရောက်ခဲ့ရသည်ဟု (၅) ဦးတွင် (၁) ဦးခန့် (၂၁.၇%) က ဖော်ပြကြသည်။

မြို့နယ်အဆင့် ဝန်ဆောင်မှုများအတွက် ဖြေဆိုသူ ၄ ပုံ ၁ ပုံအောက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့ (၂၃.၇%)၊ မြို့နယ်ရဲစခန်းသို့ (၂၂.၃%) သို့မဟုတ် မြို့နယ်တရားရုံးသို့ (၂၄.၄%) သွားရချိန် (၁၅) မိနစ် သို့မဟုတ် ထိုထက်နည်းစွာ အချိန်ယူရသည်ဟုဆိုသည်။ ၃ ပုံ ၁ ပုံကျော် ဖြေဆိုသူများက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့ (၃၆.၃%)၊ မြို့နယ်ရဲစခန်းသို့ (၃၉.၀%)၊ မြို့နယ်တရားရုံးသို့ (၃၅.၃%) သွားရောက်ရန်အချိန် နာရီဝက်အထိ ကြာမြင့်သည်ဟု ခန့်မှန်းကြသည်။ (၁၅%) မှ (၁၇%) ဖြေဆိုသူများက မြို့နယ်အဆင့် ဝန်ဆောင်မှုများ ရရှိရန် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ (၁၅.၇%)၊ မြို့နယ်ရဲစခန်းသို့ (၁၆.၇%)၊ မြို့နယ်တရားရုံးသို့ (၁၇.၀%) သွားရောက်ရန် ကြာမြင့်ချိန် နာရီဝက် မှ တစ်နာရီ ရှိသည်ဟု ဖော်ညွှန်းသည်။ ထိုဝန်ဆောင်မှုများရရှိရန် အချိန် တစ်နာရီထက် ပိုလိုအပ်သည်ဟု (၁၅.၃%) ကဆိုသည်။ ဖြေဆိုသူအနည်းစုသည် မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး (၉.၀%)၊ မြို့နယ်ရဲစခန်း (၆.၇%) သို့မဟုတ် မြို့နယ်တရားရုံး (၇.၇%) တည်ရှိရာကို မသိဟု ဖော်ပြကြသည်။ ထိုဝန်ဆောင်မှုများရရှိမှုနှင့် စပ်လျဉ်းသည့်ဖြေဆိုသူများ ခန့်မှန်းကုန်ကျစရိတ်များကို ဇယား ၂.၆ နောက်ဆက်တွဲ (ခ) တွင် ဖော်ပြထားသည်။ မှတ်သားသင့်သည့်အချက်မှာ တစ်နှစ်တာကာလအတွင်း အကူအညီရယူရန် လုံးဝ သွားရောက်ခဲ့ခြင်းမရှိသည့် ဖြေဆိုသူမှာ အများစုဖြစ်ပြီး မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး (၈၉.၇%)၊ မြို့နယ်ရဲစခန်း (၈၉.၇%) နှင့် မြို့နယ်တရားရုံး (၉၄.၀%) ပမာဏရှိသည်။

## ပံ့ပိုးကူညီသည့် အဓိကဇစ်မြစ်များ

အကူအညီလိုအပ်လာပါက ဖြေဆိုသူ ထက်ဝက်နီးပါး (၄၈.၀%) သည် ၎င်းတို့မိသားစုများထံမှ တောင်းခံရယူကြသည်။ အနည်းစုမှာ မိတ်ဆွေအပေါင်းအသင်းနှင့် လုပ်ဖော်ကိုင်ဖက်များထံမှ (၁၃.၇% သောဖြေဆိုသူများ) နှင့် အိမ်နီးနားခြင်းများထံမှ (၈.၃%) အကူအညီတောင်းခံကြသည်။ ထင်ရှားသည့်အချက်မှာ အကူအညီတောင်းခံနိုင်မည့် တစ်ဦးတစ်ယောက်မျှ မရှိဟု ၄ ပုံ ၁ ပုံကျော် ဖြေဆိုသူ (၂၈%) က ဖော်ပြသည်။ အကူအညီတောင်းခံနိုင်မည့်သူရှိသည်ဟု ဖြေဆိုသူများအနက် အများစု (၂၁၆ ဦး အနက် ၁၈၉ ဦး၊ ၈၇.၅%) က ထိုအကူ အညီ (ဇစ်မြစ်) များသည် နိုင်ငံရေးပါတီနှင့် ဆက်နွယ်မှုမရှိဟုလည်းကောင်း၊ ထက်ဝက်ကျော် (၂၁၆ ဦးအနက် ၁၁၅ ဦး၊ ၅၃.၂%) က ထိုအကူအညီများသည် ချမ်းသာ ကြွယ်ဝသူများထံမှဖြစ်သည်ဟုလည်းကောင်း ဆိုကြသည်။

*အနှစ်ချုပ်အနေဖြင့် ကချင်ပြည်နယ် အတွင်း လေ့လာမှု နေရာဒေသများသည် လူဦးရေအရ စုံလင်ကြွယ်ဝပြီး မတူကွဲပြားသည့် လူမျိုးများ၊ ကိုးကွယ်သည့် ဘာသာပေါင်းစုံ ရောပြွန်းနေထိုင်ကြသည်။*

*ဖြေဆိုသူများ သတင်းအချက်အလက် ရရှိသည့် အဓိက ဇစ်မြစ်မှာ မိသားစု/မိတ်ဆွေအပေါင်းအသင်း/အိမ်နီးချင်းများဖြစ်သည်။ ထိုသတင်းဇစ်မြစ်များနောက် အမျိုးသားများသည် အမျိုးသမီးများနှင့်နှိုင်းယှဉ်လျှင် အခွင့်အာဏာရှိသူများအပေါ် ပို၍မှီခိုအားထားသည်။ ရုပ်မြင်သံကြားနှင့် ရေဒီယို ပိုင်ဆိုင်/ရှိသူများသည် သတင်းအချက်အလက် တဆင့်ဖြန့်ဝေသည့် အရေးပါသူများဖြစ်နိုင်ဖွယ်ရှိသည်။*

*၄ ပုံ ၁ ပုံကျော်ဖြေဆိုသူ (၂၈.၀%) သည် မိမိအကူအညီလိုအပ်ပါက တောင်းခံနိုင်မည့်သူ တစ်ဦးတစ် ယောက်မျှမရှိဟု ဖော်ပြကြသည်။*



ဓာတ်ပုံ - နမ့်မွန်ကျေးရွာရှုခင်း၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ်




# အခန်း(၃)
# တရားမျှတမှုနှင့်ဥပဒေအပေါ် သဘောထားအမြင်များ

ဓာတ်ပုံ - ကောင်းကထောင်ရပ်ကွက်ရှိ ခရိုင်တရားရုံး၊ ပူတာအိုမြို့နယ်၊ ကချင်ပြည်နယ်။

ဤအခန်းတွင် ဖြေဆိုသူများအကြား လူမှုယုံကြည်မှုရေချိန် အဆင့်အတန်းကို ဦးစွာအစီရင်ခံထားသည်။ လူမှုရေချိန်ကို (၁) ယေဘုယျအားဖြင့် လူများ၏ယုံကြည်ထိုက်မှုနှင့် မျှတမှု အတိုင်းအတာအပေါ် ဖြေဆိုသူများ၏ သဘောထားအမြင် (၂) မိမိထက်စာလျှင် အခြားသူများအပေါ် ဖြေဆိုသူများ၏ ယုံကြည်မှုအတိုင်းအတာစသည့် ရှုထောင့်နှစ်မျိုးဖြင့် လေ့လာဖော်ထုတ်ထားသည်။


ထို့နောက် တရားမျှတမှုနှင့် ဥပဒေတို့အပေါ် ဖြေဆိုသူများ၏ သဘောထား အမြင်များကို ဆန်းစစ်ထားသည်။ ဤသည်မှာ ပြည်သူများ တရားမျှတမှု ရှာဖွေရယူရသည့် အကြောင်းတရားနှင့် နည်းလမ်းများကို လေ့လာနိုင်မည့် အခြေအနေ အခင်းအကျင်းအချို့ကို ဖော်ပြထားသည် (နောက်ဆက်တွဲအခန်းများတွင် ဖော်ပြသကဲ့သို့)။

ဤအခန်းတွင်မူ ဒေသတွင်းရွှေ့ပြောင်းနေထိုင်ရသူများမဟုတ်သည့် (non-IDP) ဖြေဆိုသူများကိုသာ ရည်ညွှန်းသည် (ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ရသူ (IDP) ဖြေဆိုသူများနှင့်ပတ်သက်သည်များကို အခန်း (၇) တွင် ရှု)။

## လူမှုယုံကြည်မှု

လူမှုတန်ဖိုးနှင့်ဆက်နွယ်သည့် ဝိသေသလက္ခဏာနှစ်ရပ် (ယုံကြည်ထိုက်မှုနှင့် မျှတမှု) အပေါ် ဖြေဆိုသူများက ၎င်းတို့၏ သဘောထားအမြင်များကို ဖော်ပြကြသည် (ပုံ ၃.၁ တွင် ရှု)[၃၅] ။

ပုံ ၃.၁ လူမှုယုံကြည်မှု - ယုံကြည်ထိုက်မှုနှင့် မျှတမှု




[၃၅] ယုံကြည်ထိုက်မှုနှင့် မျှတမှုတို့နှင့်ဆိုင်သည့် အဆိုပြုချက်များကို ဖတ်ပြပြီး ဖြေဆိုသူများ၏ သဘောတူ သို့မဟုတ် သဘောမတူမှုအတိုင်းအတာကို မေးမြန်းခဲ့သည်။ ထိုအဆိုပြုချက် နှစ်ရပ်အပေါ် ဖြေဆိုသူများပေးသည့် သဘောထား ထင်မြင်ချက်များကို likert စကေး (likert scale) ၇ ခု - လုံးဝသဘောတူသည်၊ အတော်အတန် သဘောတူသည်၊ အနည်းငယ် သဘောတူသည်၊ `သဘောတူသည်လည်း မဟုတ်/မတူသည်လည်းမဟုတ်´၊ အနည်းငယ်/သိပ် သဘောမတူပါ၊ အတော်အတန် အတိုင်းအတာ သဘောမတူပါ၊ လုံးဝသဘောမတူ စသည်ဖြင့် မှတ်တမ်းတင်သည်။ လုံးဝသဘောတူသည်၊ အတော်အတန် သဘောတူသည်နှင့် အနည်းငယ်သဘောတူသည်တို့ကို သုံးသပ်မှု လွယ်ကူစေရန် သဘောတူသည်ဟု တစ်ခုတည်း ပေါင်းစုပြီး သိပ်သဘောမတူပါ။ အတော်အတန် အတိုင်းအတာ သဘောမတူပါနှင့် လုံးလုံးသဘောမတူပါတို့ကို သဘောမတူပါထဲတွင် စုစည်းထားသည်။


ထက်ဝက်ထက် နည်းသည့် `ဖြေဆိုသူများက´ ယေဘုယျဆိုရင် လူတွေက `ယုံကြည်ထိုက်တယ´ (၄၆.၀ %) အကြမ်းဖျဉ်းပြောရလျှင် လူတော်တော်များများက တခြားသူတွေအပေါ် မျှတဖို့ကြိုးစားတယ´ (၄၆.၃%) ဆိုသည်ကို သဘောတူကြသည်။ (၁၀%) နီးပါး ဖြေဆိုသူများက ထိုအဆိုပြုချက် (၂) ခုစလုံးကို သဘောမတူပါ။

ထိုစံတန်ဖိုးများအပေါ် ယုံကြည်မှုရေချိန်မှာ အမျိုးသားဖြေဆိုသူများတွင် မြင့်မားပုံရသည်။ အဆိုပြုချက်နှစ်ခုအပေါ် သဘောတူညီမှုမှာ အမျိုးသမီးများနှင့်စာလျှင် အမျိုးသားအချိုးအစား အနည်းငယ်မြင့်မားပြီး တစ်ဖက်တွင် အဆိုနှစ်ရပ်လုံး အပေါ် သဘောမတူညီမှု အချိုးအစားမှာ အမျိုးသားများထက် အမျိုးသမီး အနည်းငယ်မြင့်မားသည် (ပုံ ၃.၁ (က) နောက်ဆက်တွဲ (ခ) တွင်ရှု)။

ဗုဒ္ဓဘာသာ ဖြေဆိုသူများနှင့်နှိုင်းစာလျှင် အခြားသူများ၏ ယုံကြည်ထိုက်မှုနှင့် မျှတမှုအပေါ် ရှုမြင်သည့် သဘောထားအမြင်များမှာ ခရစ်ယာန် ဖြေဆိုသူများတွင် ပို၍ခိုင်မာပြတ်သားသည်။ အချိုးအစားအနည်းငယ် မြင့်မားသည့် ခရစ်ယာန်ဖြေဆိုသူများသည် အဆိုနှစ်ရပ်စလုံးကို သဘောတူကြပြီး သဘောမတူသည့် အချိုးအစား သိသာထင်ရှားစွာ မြင့်မားသည်။ အဆိုနှစ်ရပ်အပေါ် ကြားနေသဘောထားသည့် ဗုဒ္ဓဘာသာဖြေဆိုသူ အချိုးအစားမှာ သိသာစွာ မြင့်မားသည် (ပုံ ၃.၁ (ခ) နောက်ဆက်တွဲ (ခ) တွင်ရှု)။

ဖြေဆိုသူများသည် လူအမျိုးအစား အသီးသီးအပေါ် ၎င်းတို့၏ယုံကြည်မှု သို့မဟုတ် မယုံကြည်မှုအတိုင်းအတာများကိုလည်း ဖော်ပြကြသည်။ ထိုလူအမျိုးအစား အုပ်စုများမှာ မိသားစုနှင့်ဆွေမျိုးများ၊ အိမ်နီးနားချင်းများ၊ မိတ်ဆွေ အပေါင်းအသင်းများနှင့် ရပ်ရွာလူထု ခေါင်းဆောင်များ၊ ရပ်ရွာလူ့အသိုင်းအဝိုင်း အတွင်းနှင့်အပြင်မှ လူများ၊ ဘာသာကွဲနှင့် လူမျိုးကွဲများတို့ ဖြစ်သည်[၃၆] (ပုံ ၃.၂ တွင်ရှု)။

ပုံ ၃.၂ လူမှုယုံကြည်မှု - အခြားသူများအပေါ် ယုံကြည်မှု




၃၆ ဖြေဆိုသူများ၏ အဖြေများကို Likert စကေး (၇) ဆင့်- ``လုံးဝသဘောတူ သည်´´ ``အတော်အတန်သဘောတူသည်´´ ``အနည်းငယ်သဘောတူသည်´´ ``အနည်းအကျဉ်းသဘောတူသည်´´ ``သ ဘောတူသည်လည်းမဟုတ်၊ မတူသည်လည်းမဟုတ်´´ ``သိပ်သဘောမတူပါ´´ ``အတော်အတန်သဘောမတူပါ´´ ``လုံးဝ သဘောမတူ´´- စသည်ဖြင့် မှတ်တမ်းတင်သည်။သုံးသပ်မှု လွယ်ကူစေရန် ``လုံးဝသဘောတူသည်´´ ``အတော်အတန် သဘောတူသည်´´ ``အနည်းငယ်သဘောတူသည်´´စသည့်အဖြေများကို ``သဘောတူသည်´´အဖြစ် တစ်ခုတည်းပေါင်း စည်းပြီး၊ ``သိပ်သဘောမတူပါ´´ ``အတော်အတန် သဘောမတူ´´ ``လုံးဝသဘောမတူ´´တို့ကို ``သဘောမတူ´´အဖြစ် တစ် စုတည်း ပေါင်းထားသည်။

မိသားစုနှင့်ရပ်ရွာ လူ့အဖွဲ့အစည်းအပေါ်ယုံကြည်ကိုးစားမှု ပို၍အားကောင်းသည်ကို ရလဒ်များက ဖော်ပြသည်။ မိသားစုနှင့်ဆွေမျိုးအသိုင်းအဝိုင်းများမှာ အံ့အားသင့်စရာမလိုဘဲ အယုံကြည်ရဆုံး သူများဖြစ်သည်။ ရပ်ရွာ အသိုင်းအဝိုင်းပြင်ပမှ လူများမှာ ယုံကြည်ခံရမှု အနည်းဆုံးဖြစ်ပြီး အနည်းငယ်သော ပမာဏကသာ ၎င်းတို့အပေါ် ယုံကြည်ကြသည်။

လူအမျိုးအစားအုပ်စုအသီးသီးပေါ် ယုံကြည်မှုတွင် အမျိုးသားများ၊ ခရစ်ယာန် ဖြေဆိုသူများနှင့်စာလျှင် အမျိုးသမီးများနှင့် ဗုဒ္ဓဘာသာ ဖြေဆိုသူများသည် ယေဘုယျအားဖြင့် ယုံကြည်မှုရေချိန် ပို၍နည်းပါးပြီး မယုံကြည်မှု သို့မဟုတ် ကြားနေသဘော ပို၍မြင့်မားသည် (ပုံ ၃.၂ (က) နှင့် ၃.၂ (ခ) နောက်ဆက်တွဲ (ခ) တွင်ရှု)။

အချုပ်ဆိုရလျှင် အမျိုးသမီးများထက် စာလျှင် အမျိုးသားများက လူအများသည်ယေဘုယျအားဖြင့် ယုံကြည်ထိုက်သည်၊ မျှတသည်ဟု ပို၍သဘောထားကြသည်။ ဖြေဆိုသူများသည် မိသားစုနှင့် ရပ်ရွာလူ့ အသိုင်းအဝိုင်းအပေါ် ပို၍ယုံကြည်ကိုးစားကြပြီး `အပြင်လူများ´ အပေါ် မယုံကြည်လိုကြပေ။

## တရားမျှတမှုအပေါ် သဘောထားအမြင်

လေ့လာမှုတွင် တရားမျှတမှု အယူအဆအပေါ် ဖြေဆိုသူများ၏ နားလည် သဘောပေါက်မှုကို ဆန်းစစ် လေ့လာ မထားသော်ငြားလည်း အဆိုပြုချက်အတွဲ (၈) စုံကို ဖတ်ပြပြီး တရားမျှတမှုသည် အရေးပါသည့် လားရာရှုတောင့် (၈) ချက်အပေါ် ၎င်းတို့၏ သဘောထားအမြင်များ ရယူခဲ့သည်။ ထိုလားရာရှုထောင့် (၈) ချက်မှာ-

- သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော လမ်းကြောင်းများမှတဆင့် တရားမျှတမှုရှာဖွေခြင်း။
- တန်းတူညီမျှမှု အခြေခံမှုနှင့် လူ့အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရမည့် နိုင်ငံတော်အစိုးရ၏တာဝန်။
- ကုစားမှု ရယူခံစားပိုင်ခွင့်။
- ပုဂ္ဂလိကနှင့် အများပြည်သူအခွင့်အာဏာ။
- အသွင်ကူးပြောင်းမှုကာလ တရားမျှတမှု (ပဋိပက္ခရိုက်ခတ်ခံရသည့် လူ့အသိုင်းအဝိုင်းများတွင်)။
- လုပ်ငန်းစဉ်ကျမှု။
- ကျား/မ တန်းတူညီမျှမှု။
- လူမှုအသိုင်းအဝိုင်းများ သဟဇာတဖြစ်မှု၊ ပေါင်းစည်းမှုများနှင့် ဆက်နွယ်သည့် တစ်ဦးချင်း အခွင့်အရေးများ (ဇယား ၃.၁ တွင်ရှု)။

ဇယား ၃.၁ တရားမျှတမှုအပေါ် သဘောထားအမြင်

| တရားမျှတမှု လားရာရှုထောင့် | အဆိုပြုဖော်ပြချက်များ | သဘောတူညီမှု* |
|---|---|---|
| သမားရိုးကျနှင့် သမားရိုးကျ မဟုတ်သော | (က) အချို့သော အငြင်းပွားမှုများကို တရားရုံးများတွင် ဖြေရှင်းသည်မှာ အကောင်းဆုံးဖြစ်သည်။ | ၁၆.၇% |
| | (ခ) အငြင်းပွားမှု အများစုကို ရပ်ရွာအတွင်း ဖြေရှင်းလျှင် ပိုကောင်းသည်။ | ၇၁.၇% |
| သာတူညီမျှမှု | (က) လူတိုင်းသည် ဘာသာ၊ လူမျိုးမရွေး အစိုးရ၏ ဂရုစိုက်မှုနှင့် အလေးထားမှု ခံထိုက်သည်။ | ၉၀.၇% |
| | (ခ) လူအများစုဖြစ်သော လူမျိုးနှင့် ဘာသာဝင်များသည် လူနည်းစု လူမျိုးနှင့် ဘာသာဝင်များထက်ပိုပြီး အစိုးရ၏ ဂရုစိုက်မှုနှင့် အလေးထားမှုရသင့်သည်။ | ၇.၇% |
| ကံကြမ္မာ နှင့် ကုစားမှု | (က) မတရားမှုသည် ပြည်သူများအပေါ်တွင် ကျရောက်နိုင်သည်။ ထိုကိစ္စနှင့် ပတ်သက်၍ မိမိတို့သည် ဘာမျှမတတ်နိုင်။ အဘယ်ကြောင့်ဆိုသော် ယင်းမှာ မိမိတို့၏ ကံကြမ္မာအရသာဖြစ်သည်။ | ၇.၃% |
| | (ခ) ပြည်သူများသည် မတရားမှုခံရသည့်အခါ ကုစားမှုနှင့် တရားမျှတသော ရလဒ်ကို ရရှိစေရန်အတွက် အခြားသူများထံမှ အကူအညီရသင့်သည်။ | ၈၉.၃% |
| အိမ်တွင်းရေးနှင့် အများပြည်သူ အရေး | (က) မိသားစုအတွင်းဖြစ်သည့် ကိစ္စသည် အိမ်တွင်းတွင်သာ ဖြေရှင်းရမည့် အိမ်တွင်းရေးဖြစ်သည်။ အိမ်ထောင်ရှင်အမျိုးသားသည် ၎င်း၏ ဇနီးနှင့် သားသမီးများအပေါ်တွင် ဩဇာ အပြည့်အဝရှိသည်။ | ၄၀.၀% |
| | (ခ) ရပ်ရွာလူထုသည် တစ်ခါတစ်ရံ အခြားမိသားစုများ၏ တစ်ချို့သော အရေးကိစ္စများတွင် ကြားဝင်ဖြေရှင်းပေးရန် တာဝန်ရှိသည်။ | ၄၅.၀% |
| အသွင်ကူးပြောင်းမှု ကာလ တရားမျှတမှု | (က) အတိတ်ကဖြစ်ပျက်ခဲ့သည့် ပြဿနာအဟောင်းများကို ထပ်ခါထပ်ခါ ပြန်ကျော့ခြင်း မလုပ်သင့်။ လူတိုင်းသည် မြန်မာနိုင်ငံတော်သစ် တည်ဆောက်ရေးကိုသာ အလေးထားသင့်သည်။ | ၄၃.၃% |
| | (ခ) အတိတ်ကဖြစ်ပျက်ခဲ့သည့် ပြဿနာအဟောင်းများကို ဖြေရှင်းသင့်သည် သို့မှသာ မြန်မာနိုင်ငံတော်သစ်ကို တည်ဆောက်နိုင်လိမ့်မည်။ | ၅၀.၀% |
| လုပ်ငန်းစဉ် နှင့် ရလဒ် | (က) လုပ်ငန်းစဉ်တစ်လျှောက် မျှတစွာ ဆက်ဆံခံရခြင်းက ရလဒ်ကောင်း ထွက်ပေါ်လာရေးထက် ပိုမိုအရေးကြီးသည်။ | ၉၇.၇% |
| | (ခ) ရလဒ်ကောင်းထွက်ပေါ်လာရေးက လုပ်ငန်းစဉ်တစ်လျှောက် တရားမျှတစွာ ဆက်ဆံခံရရေးထက် ပိုမိုအရေးကြီးသည်။ | ၂.၀% |
| ကျား/မ ရေးရာ | (က) အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူ တန်ဖိုးရှိသည်။ သို့သော် အမျိုးသမီးများသည် ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ကို ထိန်းသိမ်းရန် ပိုမိုတာဝန်ရှိသည်။ | ၂.၇% |
| | (ခ) အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူ တန်ဖိုးရှိသည်။ အမျိုးသားများရော အမျိုးသမီးများပါ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ကို ထိန်းသိမ်းရန် အညီအမျှတာဝန်ရှိသည်။ | ၉၆.၀% |
| တစ်ဦးချင်းနှင့် ရပ်ရွာလူအဖွဲ့အစည်း | (က) လူတစ်ဦးချင်းစီ၏ အခွင့်အရေးအများကို ရပ်ရွာအတွင်း သဟဇာတ ဖြစ်စေရေးကို လေးစားသကဲ့သို့ပင် လေးစားသင့်သည်။ | ၇၀.၃% |
| | (ခ) တစ်ဦးချင်းအခွင့်အရေးများအတွက် အခိုင်အမာပြောဆိုခြင်းသည် တစ်ကိုယ်ကောင်းဆန်သည်။ ရပ်ရွာအတွင်း သဟဇာတဖြစ်မှုနှင့် သဘောတူညီမှု ထိန်းသိမ်းရေးကို ဦးစားပေးသင့်သည်။ | ၂၆.၃% |

* အကြောင်းအရာတစ်ခုစီအတွက် စုစုပေါင်း ဖြေဆိုထားသည်များသည် ၁၀၀% မပြည့်မီပေ။ အကြောင်းမှာ အချို့ဖြေဆိုသူများက အဆိုပြုချက်နှစ်ခုစလုံးကို ရွေးချယ်ကြပြီး အချို့က တစ်ခုကိုမျှ မရွေးချယ်ပါ။ အချို့က ဖြေဆိုရန် ငြင်းဆိုကြပြီး အချို့မှာ မည်သည့်အဆိုပြုချက်သည် ၎င်းတို့၏ အမြင်နှင့် ပို၍ ကိုက်ညီသည်ကို မသိပါဟုဖော်ပြကြသည်။

ဖြေဆိုသူအများစုက ဖြစ်စဉ်တလျှောက် လုပ်ထုံးလုပ်နည်းမျှတမှုသည် စိတ်ကြိုက်အဖြေရရှိခြင်းထက် ပို၍ အရေးပါသည် (၉၇.၇%)၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို အလေးထားစောင့်ရှောက်ရမည့် စံတန်ဖိုးနှင့်တာဝန်များမှာ အမျိုးသားနှင့် အမျိုးသမီးများအတွက် တန်းတူဖြစ်သည် (၆၉.၀%)၊မည်သည့်ကိုးကွယ်သည့်ဘာသာသို့မဟုတ်တိုင်းရင်းသားလူမျိုး ဖြစ်စေကာမူ လူတိုင်းသည် အစိုးရ၏အလေးပေးစောင့်ရှောက်မှုကို တန်းတူညီမျှ ရပိုင်ခွင့်ရှိသည် (၉၀.၇%)၊ လူများသည် မတရားမှုတွေ့ကြုံရသောအခါ ကုစားမှုရရှိရန်နှင့် မျှတသည့်ရလဒ်အဖြေ တစ်စုံတစ်ရာ ထွက်ပေါ်နိုင်ရန် တခြားသူများထံမှ အကူညီရပိုင်ခွင့်ရှိသည် (၈၉.၃%) စသည့် အဆိုပြုချက်များကို သဘောတူကြသည်။ သိသာသည့် ဖြေဆိုသူအများစုက ပြဿနာအငြင်းပွားမှုများကို ရပ်ရွာတွင်းပို၍ဖြေရှင်းလိုကြပြီး (၇၁.၇%)[၃၇]၊ လူတစ်ဦးချင်း အခွင့်အရေးများကို လူ့အဖွဲ့အစည်း သဟဇာတဖြစ်ခြင်းကဲ့သို့ လေးစားရမည် (၇၀.၃%) ဟု ယုံကြည်သည်။ မြန်မာနိုင်ငံတော်သစ် တည်ဆောက်ရာတွင် အသွင်ကူးပြောင်းမှုကာလ တရားမျှတမှုသည် အရေးပါသည်ဟု ဖြေဆိုသူ ထက်ဝက်က ထင်မြင်သည်။

ပုဂ္ဂလိကတစ်ဦးချင်းနှင့်အများသူငှာအခွင့်အာဏာ နှိုင်းယှဉ်သည့်မေးခွန်းတွင် (၄၅.၀%) က ရပ်ရွာ လူ့အသိုင်းအဝိုင်းသည် တစ်ခါတစ်ရံ အချို့အခြေအနေများတွင် အခြားသူများ၏ မိသားစုအရေးကိစ္စများကို ဝင်ရောက်စွက်ဖက်ရသည့် တာဝန်ရှိသည်ဆိုသည့် အဆိုပြုချက်ကို သဘောတူကြပြီး အခြားတစ်ဖက်တွင် ဖြေဆိုသူ (၄၀.၀%) သည် မိသားစုအရေးကိစ္စများမှာ ပုဂ္ဂိုလ်ရေးနှင့်အိမ်တွင်းရေးကိစ္စများဖြစ်ပြီး အိမ်ထောင်သည် အမျိုးသားသည် ၎င်း၏မိသားစုအပေါ် သြဇာအာဏာအပြည့်ရှိသည်ဟု ယုံကြည်သည်။[၃၈]

အမျိုးသမီးနှင့် အမျိုးသား ဖြေဆိုသူများ၏ အမြင်များမှာ ကျယ်ကျယ်ပြန့်ပြန့် ကိုက်ညီမှုရှိသည်။ သို့သော် တရားမျှတမှု ရှုထောင့်အမြင်လားရာနစ်ချက်တွင် ကွဲပြားမှုရှိသည် (ဇယား ၃.၀ (က) နောက်ဆက်တွဲ (ခ) တွင်ရှု)။ တစ်ဦးချင်းနှင့် ရပ်ရွာအရေး နှင့်ပတ်သက်၍ ရပ်ရွာလူ့အသိုင်းအဝိုင်းသည် အချို့အခြေအနေများတွင် အခြားသူများ၏ မိသားစုအရေး ကိစ္စများကို ဝင်ရောက်စွက်ဖက်ရသည့် တာဝန်ရှိသည့်အဆိုကို သဘောတူသည့် အမျိုးသမီးဖြေဆိုသူ (၄၉.၃%) ရှိချိန်တွင် အခြားတစ်ဖက်၌ မိသားစုရေးရာကိစ္စများမှာ ပုဂ္ဂလိကအရေးနှင့် အိမ်တွင်းရေးကိစ္စများဖြစ်ပြီး အိမ်ထောင်သည် အမျိုးသားသည် ၎င်း၏မိသားစုအပေါ် သြဇာအာဏာအပြည့်ရှိသည့်အဆိုဖက်ယိမ်းသူ အမျိုးသားဖြေဆိုသူ (၄၅.၃%) ရှိသည်။ အသွင်ကူးပြောင်းမှုကာလ တရားမျှတမှုနှင့်ပတ်သက်၍ အမျိုးသမီးဖြေဆိုသူအများစု (၅၈.၇%) သည် ခေတ်သစ်မြန်မာနိုင်ငံတစ်ရပ်ကို တည်ဆောက်နိုင်ရန်အတွက် အတိတ်ပြဿနာများကို ဖြေရှင်းရမည်ဟု ထင်ကြပြီး အခြားတစ်ဖက်တွင် ထိုထက်နည်းသည့် အမျိုးသားဖြေဆိုသူအများစု (၅၃.၃%) က အတိတ်ပြဿနာများကို ပြန်လည်တူးဆွမနေသင့်ဘဲ လူတိုင်းသည် ခေတ်သစ်မြန်မာနိုင်ငံ တည်ဆောက်ရေးကို အာရုံထား အလေးပေးသင့်သည့် အဆိုကို သဘောတူကြသည်။


တစ်ဦးချင်းနှင့် ရပ်ရွာအရေး၊ အသွင်ကူးပြောင်းမှုကာလတရားမျှတမှု စသည်တို့နှင့်ပတ်သက်၍ မြို့ပြနှင့်ကျေးလက်ဖြေဆိုသူများ၏ သဘောထားအမြင် များမှာလည်း ကွဲပြားမှုရှိသည် (ဇယား ၃.၁ (ခ) နောက်ဆက်တွဲ (ခ) တွင်ရှု)။ တစ်ဦးချင်းနှင့်ရပ်ရွာအရေး နှင့်ပတ်သက်၍ အိမ်ထောင်သည်အမျိုးသားသည် ပုဂ္ဂလိကအရေးနှင့် မိသားစုအိမ်တွင်းရေးကိစ္စများအပေါ် သြဇာအာဏာအပြည့်ရှိသည့်အဆိုအပေါ် သဘောထားယိမ်းသည့် မြို့ပြဖြေဆိုသူ (၄၅.၆%) က ရပ်ရွာလူ့အဖွဲ့အစည်းသည် တခါတရံအခြားသူများ၏ မိသားစုအိမ်ထောင်ရေးကိစ္စများကို ဝင်ရောက်စွက်ဖက်ရသည့် တာဝန်ရှိသည်ကို သဘောတူကြသည်။[၃၉] အသွင်ကူးပြောင်းမှုကာလ တရားမျှတမှုတွင်မြို့ပြဖြေဆိုသူအများစု (၅၁.၈%) က ခေတ်သစ်မြန်မာ နိုင်ငံတော်တည်ဆောက်ရန် အတိတ်ပြဿနာများကို ဖြေရှင်းရမည့်အဆိုကို သဘောတူကြပြီး တစ်ဖက်တွင် (၄၉.၅%) သော ကျေးလက်ဖြေဆိုသူများက အတိတ်က ပြဿနာများကို ပြန်လည်တူးဆွမနေသင့်ဘဲ လူတိုင်းသည် မြန်မာနိုင်ငံတော်သစ် တည်ဆောက်ရန် အလေးပေးသင့်သည့် သဘောထားရှိသည်။

အသွင်ကူးပြောင်းမှုကာလတရားမျှတမှုမှလွဲ၍ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဖြေဆိုသူများ၏ သဘောထားအမြင်များ ကျယ်ပြန့်စွာ ကိုက်ညီမှုရှိသည် (ဇယား ၃.၁ (ဂ) နောက်ဆက်တွဲ (ခ) တွင်ရှု)။ မြန်မာနိုင်ငံတော်သစ် တည်ဆောက်ရန် အတိတ်က ပြဿနာဟောင်းများကို ဖြေရှင်းရမည့်အဆိုကို ခရစ်ယာန်ဖြေဆိုသူအများစု (၅၆.၀%) ကသဘောတူပြီး အတိတ်ကပြဿနာများကို ပြန်လည်မတူးဆွသင့်သည့် သဘောထားပေးသော ဗုဒ္ဓဘာသာဖြေဆိုသူ (၄၉.၅%) ရှိသည်။

အဆိုပါ တရားမျှတမှု လားရာရှုထောင့်များအပေါ် သဘောထားအမြင်ကို လေ့လာဖော်ထုတ်သည့် အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ဖြေဆိုသူများသည် မြန်မာ့လူ့ ဘောင်အတွင်း လူတစ်ယောက်ကောင်းမွန်စွာ ဆက်ဆံခံရမှုအပေါ် အဆုံးအဖြတ်ပေးသည့် အချက်များကိုလည်း ဖော်ပြကြသည်။ ထိုအချက်များမှာ ပညာအရည်အချင်း၊ ချမ်းသာ

၃၇ `အချို့ပြဿနာအငြင်းပွားမှုများကို တရားရုံးများတွင် ဖြေရှင်းသည်မှာ အကောင်းဆုံးဖြစ်သည်´ နှင့် `ပြဿနာ အငြင်းပွားမှုများကို ရပ်ရွာလူ့အသိုင်းအဝိုင်းတွင် ဖြေရှင်းခြင်းက ပိုကောင်းသည်´ အဆိုနှစ်ခုစလုံးကို သဘောတူသည့် ဖြေဆိုသူ (၁၀) ဦးတွင် (၁) ဦးနီးပါး (၉.၇%) ရှိသည်။
၃၈ အမြင်နှစ်ခုစလုံးကို သဘောတူသည့်ဖြေဆိုသူ (၁၄.၃%) ရှိသည်။
၃၉ တရားမျှတမှုဆိုင်ရာ ပုဂ္ဂိုလ်ရေးနှင့် အများသူငှာရေး အဆိုပြုချက်နှစ်ခုစလုံးကို မြို့ပြဖြေဆိုသူ (၁၀) ဦးလျှင် (၁) ဦး (၁၀.၈%) နှင့် ကျေးလက်ဖြေဆိုသူ (၅) ဦးလျှင် (၁) ဦး (၂၁.၀%) တို့က သဘောတူကြသည်။

ပုံ ၃.၃ ပြုမူဆက်ဆံမှုအပေါ် အဆုံးဖြတ်ပေးသည့်အချက်များ




ကြွယ်ဝမှု၊ လူမျိုး၊ ကျား/မ၊ ကိုးကွယ်သည့်ဘာသာ၊ မိသားစုနှင့် နိုင်ငံရေးအဆက်အသွယ်များ ဖြစ်သည် (ပုံ ၃.၃ တွင်ရှု)။

ဖြေဆိုသူ အမြောက်အများက မြန်မာ့လူ့ဘောင်တွင် လူတစ်ယောက်ကောင်းမွန်စွာ ပြုမူဆက်ဆံရမှုကို ချမ်းသာကြွယ်ဝမှု (၉၁.၃%) နှင့် ပညာအဆင့်အတန်း (၈၉.၀%)တို့က အဓိကအဆုံးအဖြတ်ပေးသည်ဟုဆိုသည်။ အများစုကလည်း လူတစ်ဦးကောင်းမွန်စွာ ပြုမူဆက်ဆံရမှုသည် နိုင်ငံရေးအဆက်အသွယ်ရှိခြင်း (၈၄.၇%)၊ မိသားစုအဆက်အသွယ်ရှိခြင်း (၇၇.၇%)၊ လူမျိုး (၆၂.၃%)၊ ကျား/မ (၆၀.၀%) နှင့် ကိုးကွယ်သည့်ဘာသာတို့က အဆုံးအဖြတ်ပေးသည်ဟု ယုံကြည်ကြသည်။


*အချုပ်ဆိုရသော် အငြင်းပွားမှုပြဿနာတစ်ခုတွင် မိမိလိုလားသည့် ရလဒ်အဖြေရရှိခြင်းထက် ဖြစ်စဉ်တစ်လျှောက် လုပ်ထုံးလုပ်နည်းမျှတမှုက ပိုအရေးပါသည်ကိုဖြေဆိုသူအားလုံးနီးပါးက သဘောတူကြသည်။ သိသာထင်ရှားသည့် အများစုက အငြင်းပွားမှုပြဿနာများကို ရပ်ရွာအတွင်း ပို၍ဖြေရှင်းလိုကြသည်။*

*တဖန် ဖြေဆိုအများစုက ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများ အလေးထားစောင့်ရှောက်ရာတွင် အမျိုးသား နှင့် အမျိုးသမီးများကြား စံတန်ဖိုးနှင့်တာဝန်များ တူညီစွာရှိကြသည်။ မည်သည့်ကိုးကွယ်သည့်ဘာသာ သို့မဟုတ် လူမျိုးဖြစ်စေကာမူ လူတိုင်းသည် အစိုးရ၏ အလေးထားစောင့်ရှောက်မှုကို တန်းတူညီတူ ရထိုက်သည်။ မတရားမှုကြုံတွေ့ရပါက လူအများသည် ကုစားမှုနှင့် မျှတသည့်ရလဒ် တစ်စုံတစ်ရာရရှိရန် အကူအညီရယူပိုင်ခွင့်ရှိသည် ဆိုသည်များအပေါ် သဘောတူကြသည်။ ကျေးလက်ဖြေဆိုသူများထက် စာလျှင်မြို့ပြဖြေဆိုသူများသည်မြန်မာနိုင်ငံတော်သစ်တည်ဆောက်ရန် အသွင်ကူးပြောင်းမှုကာလ တရားမျှတမှုကို ပို၍အလေးသာသည်။ လူ့ဘောင်အဖွဲ့အစည်းတွင်း လူတစ်ဦး ကောင်းမွန်စွာ ပြုမူဆက်ဆံခံရမှုကို အဆုံးအဖြတ်ပေးသည့် အဓိကအချက်များမှာ ချမ်းသာကြွယ်ဝမှုနှင့် ပညာအဆင့် အတန်းများဟု လူအများက တခဲနက်ဖော်ပြကြသည်။*

## ဥပဒေအပေါ်သဘောထားအမြင်

သုတေသနလေ့လာမှုသည် ဖြေဆိုသူများ၏ ဥပဒေဆိုင်ရာ အသိပညာဗဟုသုတကို စစ်ဆေးရန် မဟုတ်ဘဲ တရားမျှတရေးစနစ်လည်ပတ်ပုံ သို့မဟုတ် ဖော်ပြသည့် အခြေအနေများတွင် ထိုစနစ်လုပ်ဆောင်ပုံများအပေါ် ဖြေဆိုသူများ၏ သဘောထားအမြင်များကို သဘောပေါက်နားလည်ရန်ဖြစ်သည်။ `ဥပဒေ´၊ `ရဲ´ `တရားသူကြီး´၊ `ဥပဒေအရာရှိ´၊ `တရားရုံး´ နှင့် `ရှေ့နေ´ စသည့်စကားလုံးများကို နေ့စဉ်ပြောဆိုဆက်ဆံမှုများတွင် မည်သည့်အတိုင်းအတာကြားရသည် သို့မဟုတ် ပြောဆိုအသုံးပြုသည်ကို ဖြေဆိုသူများက ဖော်ပြကြသည်။ အဖြေရလဒ်များသည်

ပုံ ၃.၄ နေ့စဉ်သုံးစကားလုံးများ




ဖြေဆိုသူများ သမားရိုးကျ တရားမျှတမှုစနစ်နှင့် ထိတွေ့ မှု အတိုင်းအတာကို ညွှန်ပြသည် (ပုံ ၃.၄ တွင်ရှု)။ ထို့အပြင် မြန်မာနိုင်ငံရှိ ဥပဒေပြဋ္ဌာန်းချက်များနှင့် လက်တွေ့အမြင်ကြား"ကွာဟချက်များ"အတိုင်းအတာကိုလည်း ဖော်ပြသည်။

ဖြေဆိုသူထက်ဝက်ကျော်က `ရဲ´ ဟူသောစကားလုံး (၅၈.၄%) နှင့် `ဥပဒေ´ ဟူသောစကားလုံး (၅၄.၄%) များကို နေ့စဉ်ပြောဆိုဆက်ဆံရာတွင် ပုံမှန် သို့မဟုတ် ရံဖန်ရံခါအသုံးပြုသည်ဟု ဆိုသည်။ ဖြေဆိုသူအများစုမှာ `ဥပဒေ အရာရှိ´ (၆၃.၃%)၊ `တရားသူကြီး´ (၅၆.၀%)၊ `တရားရုံး (၅၃.၇%) နှင့် `ရှေ့နေ´ (၅၁.၈%) စကားလုံးများကို ကြားရခဲ (သို့မဟုတ်) အသုံးခဲ၊ မကြားဘူး (သို့မဟုတ်) မသုံးဘူးကြပါ။

ခြုံငုံကြည့်ပါက အမျိုးသမီးဖြေဆိုသူများသည် အမျိုးသားဖြေဆိုသူများထက်စာလျှင် ထိုစာလုံးများနှင့် ထိတွေ့မှု အနည်းငယ်နည်းပါးသည် (ပုံ ၃.၄(က) နောက်ဆက်တွဲ (ခ) တွင်ရှု)။

ထို့နောက် အချို့ဥပဒေပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်းသည့် ဖြေဆိုသူများအားဖတ်ပြသော အဆိုပြုချက် (၃) ခုအပေါ် ၎င်းတို့၏ နားလည်သဘောပေါက်မှုကို ဖော်ပြကြသည် (ဇယား ၃.၂ တွင်ရှု)။ ယင်းမှာ ဥပဒေအပေါ် ၎င်းတို့၏ သဘောထားအမြင်နှင့် မြန်မာနိုင်ငံတွင် ဥပဒေလည်ပတ်ပုံတို့ အပေါ် အတိုင်းအတာ တစ်စုံတစ်ရာ သိမြင်စေသည်။ မှတ်သားသင့်သည့်အချက်မှာ ဤရလဒ်အဖြေများကို အခြေခံ၍ ဖြေဆိုသူများ၏ ဥပဒေအသိပညာနည်းပါးမှု (တွေးဆချက်) နှင့် ဥပဒေအကောင်အထည်ဖော်မှု အားနည်းခြင်းတို့အား ခွဲထုတ်ရန်မဖြစ်နိုင်ပါ။

ကလေးသူငယ် အလုပ်သမားရေးတွင် ဖြေဆိုသူထက်ဝက်ကျော် (၅၀.၇%) က အသက် ၁၂ နှစ်နှင့်အထက် ကလေးများသည် လက်ဖက်ရည်ဆိုင်များတွင် အလုပ်လုပ်ရန် ရွေးချယ်ဆုံးဖြတ်နိုင်သည်ဟု ထင်ကြသည်။ ထိုသဘောထားအမြင်သည် နိုင်ငံတဝှမ်း ဆင်းရဲမွဲတေမှုကြောင့် ကလေးများ လက်ဖက်ရည်ဆိုင်များတွင် အလုပ်လုပ်နေရသည့် ယေဘုယျပြယုဒ်ကို ထင်ဟပ်သည်။ ၁၉၅၁ ဈေးဆိုင်နှင့် ဆိုင်ခန်းများ အက်ဥပဒေ (ပုဒ်မ ၈) တွင် `အသက် ၁၃ နှစ်မပြည့်သေးသည့် မည်သူကိုမျှ ဆိုင်၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် အများပြည်သူ ဖျော်ဖြေရေးလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်ခြင်း မရှိစေရ´ ဟု ပြဋ္ဌာန်းထားသည်။

၅ ပုံ ၄ ပုံနီးပါး ဖြေဆိုသူ (၇၈.၀%) များသည်မြန်မာနိုင်ငံတွင် ဥပဒေရှေ့မှောက် တူညီသော အခွင့်အရေးများကို လူတိုင်းမရဟု ထင်မြင်ကြသည်။ ဤအချက်နှင့်ပတ်သက်၍ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အငြင်းပွားဖွယ် ပြဋ္ဌာန်းချက်များ ပါဝင်သည်။ တစ်ဖက်တွင် ပုဒ်မ ၂၁ (က) သည် ညီမျှခြင်း၊ လွတ်လပ်ခြင်းနှင့် တရားမျှတမှု အခွင့်အရေးများ

ဇယား ၃.၂ ဥပဒေအပေါ် သဘောထားအမြင်များ

| အကြောင်းအရာ | အဆိုပြုဖော်ပြချက်များ | သဘောတူညီမှု* |
| --- | --- | --- |
| ကလေးသူငယ် အလုပ်သမား | (က) မြန်မာနိုင်ငံတွင် ၁၂ နှစ်အောက် ကလေးများ လက်ဖက်ရည်ဆိုင်များတွင် အလုပ်လုပ်ခြင်းသည် ဥပဒေနှင့် မညီပါ။ | ၂၉.၇% |
| | (ခ) မြန်မာနိုင်ငံတွင် ၁၂ နှစ် နှင့်အထက် ကလေးများသည် လက်ဖက်ရည်ဆိုင်များတွင် အလုပ်လုပ်ရန် ရွေးချယ်ဆုံးဖြတ်နိုင်သည်။ | ၅၀.၇% |
| ဥပဒေရှေ့မှောက် တန်းတူညီမျှမှု | (က) မြန်မာနိုင်ငံတွင် လူတိုင်းသည် ဥပဒေရှေ့မှောက် တန်းတူ အခွင့်အရေးများရှိသည်။ | ၁၉.၀% |
| | (ခ) မြန်မာနိုင်ငံတွင် ဥပဒေရှေ့မှောက် တူညီသော အခွင့်အရေးကို လူတိုင်းမရ။ | ၇၈.၀% |
| အမျိုးသမီးများအပေါ် အကြမ်းဖက်မှု | (က) ပြည်တွင်း ဥပဒေအရ အမျိုးသမီး တစ်ဦးသည် ကိုယ်ထိလက်ရောက် အကြမ်းဖက်ခံရမှသာ ရဲစခန်းသို့ တိုင်ကြားနိုင်သည်။ | ၄၄.၃% |
| | (ခ) ပြည်တွင်း ဥပဒေအရ အမျိုးသမီးများသည် ၎င်းတို့၏ လုံခြုံမှုကို ခြိမ်းခြောက်ခံရပါက လည်း ရဲစခန်းသို့ တိုင်ကြားနိုင်သည်။ | ၄၄.၇% |
| မြေယာအခွင့်အရေး/ မြေယာပိုင်ဆိုင်ခွင့် | (က) မြေယာပိုင်ဆိုင်မှု တောင်းဆိုသည့်အခါ မြေယာနှင့်ဆိုင်သည့် အစိုးရတရားဝင် စာရွက်စာတမ်းများက အခိုင်မာဆုံးဖြစ်သည်။ | ၆၂.၀% |
| | (ခ) မြေယာပိုင်ဆိုင်မှုတွင် အစိုးရတရားဝင် စာရွက်စာတမ်းများသည် ရပ်ရွာအသိအမှတ်ပြု ဘိုးဘွား ပိုင်မြေလောက် ခိုင်မာမှု မရှိဟု သဘောထားသည်။ | ၃၂.၃% |

*အဆိုပြုချက်အတွဲတစ်တွဲစီ၏ စုစုပေါင်းမှာ ၁၀၀% မရှိပါ။ အဘယ်ကြောင့်ဆိုသော် အချို့ဖြေဆိုသူများက အဆိုပြုချက်နှစ်ခုစလုံးကို ရွေးချယ်ကြပြီး အချို့က တစ်ခုကိုမျှ မရွေးချယ်ပါ။ အချို့က ဖြေဆိုရန် ငြင်းဆိုကြပြီး အချို့မှာ မည်သည့်အဆိုပြုချက်သည် ၎င်းတို့၏ အမြင်နှင့် ပို၍ ကိုက်ညီသည်ကို မသိပါဟု ဖော်ပြကြသည်။

ကို နိုင်ငံသားများကိုသာ အာမခံထားသည်။ အခြားတစ်ဖက်တွင် ပုဒ်မ ၃၄၇ သည် ဥပဒေရှေ့မှောက် တန်းတူ အခွင့်အရေးများနှင့် ဥပဒေ၏သာတူညီမျှ ကာကွယ်စောင့်ရှောက်မှုကို ပြည်ထောင်စုအတွင်းရှိ မည်သူ့ကိုမဆို အာမခံပေးသည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့်ပတ်သက်၍ ဖြေဆိုသူများအကြား သဘောထားအမြင် (၂) မျိုး ဆတူနီးပါး ကွဲသွားပြီး ၄၄.၇% က လုံခြုံမှုကို ခြိမ်းခြောက်ခံရပါက အမျိုးသမီးများသည် ရဲထံသတင်းပို့တိုင်ကြားနိုင်သည်ဟု[၄၀] ထင်မြင်ကြပြီး အခြား ၄၄.၃% က အမျိုးသမီးတစ်ဦးသည် ကိုယ်ထိလက်ရောက် အကြမ်းဖက်ခံရမှသာ ရဲထံတိုင်ကြားနိုင်သည်ဟု ယုံကြည်ကြသည်။

နှစ်ဆနီးပါးဖြေဆိုသူများ (၆၂.၀%) က မြေယာပိုင်ဆိုင်မှု တောင်းဆိုသည့်အခါ တရားဝင် စာရွက်စာတမ်းများကသာ အခိုင်အမာဖြစ်သည်ဟု ထင်မြင်ကြပြီး ရပ်ရွာအသိအမှတ်ပြု ဘိုးဘွားပိုင်ဖြစ်မှုကလည်း အလားတူခိုင်မာသည်ဟု ယုံကြည်သည့်ဖြေဆိုသူမှာ ၃၂.၃% ဖြစ်သည်။

## ဥပဒေ အသိပညာပေးခြင်း

ပြည်သူ လူထုအကြား ဥပဒေ အသိပညာပေးခြင်းသည် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုလက်လှမ်းမီရေးတို့ မြှင့်တင်ရာတွင် အရေးပါသည်ဟု အစိုးရတာဝန်ရှိသူများက သဘောတူကြသော်လည်း ၎င်းတို့တွင် မတူညီသည့် ရှုထောင့်အမြင်များ ရှိကြသည်။ ဥပဒေအရာရှိတစ်ဦးအဆိုမှာ `ဒေသခံလူတွေကဥပဒေဗဟုသုတရော၊အထွေထွေ ဗဟုသုတရော နှစ်ခုလုံးမရှိကြတာ´၊ အခြားတစ်ဦးကမူ `သူတို့ပြောတဲ့ဟာနဲ့ တကယ့်လက်တွေ့နဲ့က မကိုက်တော့

[၄၀] ရာဇသတ်ကြီး ၁၈၆၁၊ ပုဒ်မ ၅၀၃

လူတွေက ဥပဒေ (ဗဟုသုတ) ကို စိတ်မဝင်စားဘူး´ ဟူ၍ ဥပဒေပြဋ္ဌာန်းချက်များနှင့် လက်တွေ့ပကတိအကြား `ကွာဟမှု´ကို ထောက်ပြသည်။

စိတ်နေသဘောထားများ ပြောင်းလဲရန်နှင့်တရားမျှတမှု၊ ဥပဒေလုပ်ထုံးလုပ်နည်းများ သိမြင်နားလည်ရန် သင်တန်းများမှာ ဒေသခံပြည်သူများအတွက် သာမက ရပ်ကျေးအုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်အဆင့် အရာရှိများအတွက်ပါ လိုအပ်သည်ဟု မြို့နယ်အုပ်ချုပ်ရေးမှူး တစ်ဦးက အလေးပေးပြောကြားသည်။

*အချုပ်အားဖြင့်ဆိုလျှင် ဖြေဆိုသူများ၏ နေ့စဉ်သုံးစကားများသည် သမားရိုးကျ တရားမျှတရေးစနစ်နှင့် ၎င်းတို့၏ ထိတွေ့မှုညွှန်းကိန်းတစ်ခုဖြစ်သည် ဆိုပါက ယေဘုယျအားဖြင့် ၎င်းတို့ထိတွေ့မှုများစွာမရှိသည်မှာ ထင်ရှားသည်။ ၎င်းတို့သည် ဥပဒေအရာရှိများ၊ ရှေ့နေများ၊ တရားရုံးများနှင့် တရားသူကြီးများထက်စာလျှင် ရဲများနှင့် ပို၍ကျွမ်းဝင်သည်။*

*ဖြေဆိုသူများသည် တခါတရံ ဥပဒေကို မသိနားမလည် သို့မဟုတ် နားလည်မှုလွဲတတ်ကြသည်။ သို့သော် ၅ ပုံ ၄ ပုံ နီးပါးက မြန်မာနိုင်ငံတွင် ဥပဒေရှေ့မှောက် တန်းတူညီမျှ အခွင့်အရေးရှိသည်မှာ လူတိုင်းမဟုတ်ဟု ရှုမြင်ကြသည်။ ဥပဒေအရာရှိများက ပြည်သူလူထုအား ဥပဒေပညာပေးရန်မြင်ကြပြီး ဖြေဆိုသူများ၏သဘောထားအမြင်များမှာ ဥပဒေပြဋ္ဌာန်းချက်များနှင့်လက်တွေ့လုပ်ဆောင်ချက်များကွာဟမှုများကိုသာ အတည်ပြုသည့် သဘောဆောင်သည်။*



# အခန်း(၄)
# တရားမျှတမှုဆိုင်ရာ အပြောင်းအလဲများနှင့် ဦးစားပေးပြဿနာများ

ဓာတ်ပုံ - ကောင်းကထောင်ရပ်ကွက်ရှိ ဈေးသည်တစ်ဦး၏ အိမ်မျက်နှာကျက်တွင် ချိတ်ဆွဲထားသည့် ဂရိတ်ဖရုသီးများ၊ ပူတာအိုမြို့နယ်၊ ကချင်ပြည်နယ်။

သုတေသနလေ့လာမှု ပထမမေးခွန်းမှာ ပြည်သူများ တရားမျှတမှုရရှိရန် မည်သို့မည်ပုံ ကြိုးစားရှာဖွေကြသနည်း ဖြစ်သည်။

ဖြေဆိုသူများသည် နေ့စဉ်ဘဝတွင် ရဲများ၏အခန်းကဏ္ဍတာဝန်နှင့် လုပ်ငန်းဆောင်ရွက်မှုတို့နှင့် ရင်းနီးကျွမ်းဝင် သော်လည်း ၎င်းတို့သည် သမားရိုးကျ တရားမျှတရေးစနစ် ဆက်စပ်ထိတွေ့မှု မရှိသလောက်နည်းပါးသည်ကို ရှေ့အခန်းတွင် ညွှန်ပြခဲ့သည်။ သို့ဖြစ်ရာ ထိုသူတို့သည် တရားမျှတမှုဆိုင်ရာအငြင်းပွားမှုများနှင့်ဦးစားပေးပြဿနာများကို မည်ကဲ့သို့ ကြိုးစား အဖြေရှာသနည်း။

ဤအခန်းတွင်တစ်ဦးချင်း/အိမ်ထောင်စုအဆင့်နှင့် ရပ်ရွာလူအဖွဲ့အစည်းအဆင့် ပေါ်ပေါက်ဖြစ်ပွားသည့်တရားမျှတမှုဆိုင်ရာအဓိကအငြင်းပွားမှုများနှင့်ဦးစားပေး ပြဿနာများကို သတ်မှတ်ဖော်ထုတ်ပြီး ဖြေဆိုသူများ၏ ပါဝင်ပတ်သက်ပုံကိုလည်းဖော်ပြထားသည်။ ထို့နောက်၎င်းတို့အတွက် အရေးပါသည်ဟု သတ်မှတ်သည့် ဆုံးရှုံးနစ်နာမှု၊ ပြဿနာများကို ဖြေရှင်းရန် ကြိုးပမ်းအားထုတ်ပုံနည်းလမ်းများနှင့် အောင်မြင်မှုအတိုင်းအတာတို့ကို ဆန်းစစ်ထားသည်။

ဤအခန်းသည် ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ရသူ မဟုတ်သည့် non-IDP ဖြေဆိုသူများကိုသာ ရည်ညွှန်းပြီး ဒေသတွင်းပြောင်းရွှေ့နေထိုင်ရသည့် IDP ဖြေဆိုသူများအတွက် အခန်း (၇) တွင် ဖော်ပြထားသည်။

## တစ်ဦးချင်း/အိမ်ထောင်စုအဆင့်


တရားမျှတမှုနှင့် ပတ်သက်သည့် ပြည်သူများ၏ ဦးစားပေးစိုးရိမ်မှု သဘောသဘာဝကို နားလည်သဘောပေါက်ရန် အလို့ငှာ လွန်ခဲ့သည့် ၁၂ လတာကာလအတွင်း ဖြစ်ပွားခဲ့သော (သို့မဟုတ် ဆက်လက်ဖြစ်ပွားနေသော) ပြဿနာအငြင်းပွားမှု အတိုင်းအတာပမာဏနှင့် ဖြစ်စဉ်အကြိမ်အရေအတွက်များကို စတင်စူးစမ်းဖော်ထုတ်သည်။

## အငြင်းပွားမှုပြဿနာအမျိုးအစား

ဖြေဆိုသူ (၃၀၀) အနက် (၇၆) ဦးဖြစ်သည့် ၄ ပုံ ၁ ပုံက ၎င်းတို့အိမ်ထောင်စုသည် အနည်းဆုံး အငြင်းပွားမှုပြဿနာတစ်ခု ကြုံတွေ့ခဲ့ရသည်ဟု ဖော်ပြသည်။ ထိုအငြင်းပွားမှုပြဿနာများမှာ ကျယ်ပြန့်သည့် အကြောင်းအရာအမျိုးမျိုး နှင့် ဆက်စပ်ပြီး ပေးထားသည့်စာရင်းတွင်[၄၁] ဖော်ပြထားသည့် ပြဿနာအမျိုးအစား အားလုံးအပြင် အခြားပြဿနာများလည်း ပါဝင်သည်။

အဖြစ်အများဆုံးပြဿနာမှာ မြေယာနှင့်ပတ်သက်နေပြီး ဖြေဆိုသူ (၂၄) ဦးက ဖော်ပြကြသည်။ နောက်ထပ်အဖြစ်များသည်မှာ ကြွေးမြီပြဿနာ (၁၉) ဦး ဖြစ်သည်။ အခြားပြဿနာများမှာ မွေးစာရင်းနှင့် မှတ်ပုံတင် အထောက်အထား ရယူရာတွင် ကြုံရသည့်ပြဿနာများ (၇) ဦး၊ ခိုက်ရန်ဖြစ်ပွားမှု၊ လာဘ်ပေးလာဘ်ယူ သို့မဟုတ် အဂတိ

ပုံ ၄.၁ အငြင်းပွားမှု ပြဿနာအမျိုးအစား





၄၁ သဘာဝအရင်းအမြစ်များ - မြေယာ၊ ရေ၊ သစ်တော (သစ်တောထွက်ပစ္စည်းများ အပါအဝင်)၊ ငါးဖမ်းပိုင်ခွင့်များ၊ အုပ်ချုပ်မှုဆိုင်ရာရေးရာ ပြဿနာများ၊ မွေးစာရင်းနှင့် မှတ်ပုံတင်အထောက်အထားရယူခြင်းဆိုင်ရာ ပြဿနာများ၊ မြေယာ မှတ်ပုံတင်အထောက်အထား၊ အခြားတရားဝင် စာရွက်စာတမ်း အထောက်အထားများ၊ မိသားစုအငြင်းပွားမှု၊ တကွဲစီနေခြင်း သို့မဟုတ် အိမ်ထောင်ကွဲခြင်း၊ ကလေးအုပ်ထိန်းခွင့်၊ အမွေ၊ အိမ်တွင်းအကြမ်းဖက်မှု၊ အလုပ်သမားအငြင်းပွားမှု အလုပ်ချိန် သို့မဟုတ် လုပ်ခ၊ ငွေရေးကြေးရေးပြဿနာများ၊ အကြွေးပြန်ဆပ်ခြင်း၊ အခြားသူများဆီမှရရန် ကြွေးမြီ များ၊ မှုခင်းဖြစ်မှုများ၊ လုယက်မှု၊ ကျော်နင်းမှု၊ လိင်ပိုင်းဆိုင်ရာစော်ကားမှု၊ အခြားကိုယ်ထိလက်ရောက်စော်ကားမှု၊ ရန်ဖြစ်မှု၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါး နှင့်ပတ်သက်သည့် ပြဿနာများ၊ အာဏာပိုင်များနှင့် အငြင်းပွားမှုပြဿနာများ၊ လာဘ်ပေး လာဘ်ယူမှု သို့မဟုတ် အဂတိလိုက်စားမှုနှင့် အာဏာပိုင်များ၏ ဖမ်းဆီးချုပ်နှောင်မှု။

လိုက်စားနှင့် ယာဉ်မတော်တဆမှု (တမျိုးစီတွင် ၆ ဦး)၊ အကြွေးပြန်ဆပ်ရာတွင် ကြုံရသည့်ပြဿနာနှင့် ခိုးမှု (တမျိုးစီတွင် ၅ ဦး) နှင့် အခြား အစိုးရစာရွက်စာတမ်း အထောက်အထား ရယူခြင်းနှင့်ဆိုင်သည့် ပြဿနာများ (၄) ဦးတို့ဖြစ်သည် (ပုံ ၄.၁ တွင်ရှု)။

အဖြစ်အများဆုံး အမှုပြဿနာအများစုတွင်(၁၁၂) မှုအနက် (၆၉) မှုတွင် ဖြေဆိုသူများသည် ငွေရေးကြေးရေးအရ ဆုံးရှုံးနစ်နာမှုများ ကြုံတွေ့ခဲ့ရပြီး (၁၆) မှုတွင် ပစ္စည်းဆုံးရှုံးမှုနှင့် (၁၀) မှုတွင် ခန္ဓာကိုယ် ဒဏ်ရာရရှိမှုများ ဖြစ်ခဲ့သည်။ လာဘ်ပေးလာဘ်ယူ သို့မဟုတ် အကျင့်ပျက်ခြစားမှု၊

ပုံ ၄.၂ အငြင်းပွားမှုပြဿနာဖြစ်စဉ် အကြိမ်အရေအတွက်




## အငြင်းပွားမှုပြဿနာဖြစ်စဉ် အကြိမ်အရေအတွက်

ထိုဖြေဆိုသူ (၇၆) ဦးသည် အငြင်းပွားမှုပြဿနာ (၁၃၃) ခုတွင် ပါဝင်ပါတ်သက်ခဲ့သည်ဟု ဖော်ပြကြသည်။

အခြားပြဿနာအမျိုးအစားများနှင့်စာလျှင် ကြွေးမြီပြဿနာဖြစ်ပွားမှုနှုန်းမှာ သိသာစွာမြင့်မားပြီး ဖော်ပြသည့် ပြဿနာ စုစုပေါင်း (၁၃၃) မှုအနက် ၄၀ (၃၀.၁%) ရှိသည်။ ထိုထက် ဖြစ်ပွားမှုနှုန်းနည်းသည့် အခြားပြဿနာများမှာမြေယာအငြင်းပွားမှု (၁၉.၅%၊ ၂၆ မှု)၊ မွေးစာရင်းနှင့် မှတ်ပုံတင်အထောက်အထား ရယူခြင်းနှင့်ဆိုင်သည့် ပြဿနာများ (၉.၀%၊ ၁၂ မှု)၊ အကြွေးပြန်ဆပ်ရာတွင် ကြုံရသည့်ပြဿနာများ၊ ခိုက်ရန်ဖြစ်မှု၊ လာဘ်ပေးလာဘ်ယူ သို့မဟုတ် အဂတိလိုက်စားမှုနှင့် ယာဉ်မတော်တဆမှု (တမျိုးစီတွင် ၇ မှု) နှင့် ခိုးမှု (၆) မှုတို့ဖြစ်သည်။ အဖြစ်အများဆုံးပြဿနာ စုစုပေါင်း (၁၁%) မှ ဖြစ်သည်။

မွေးစာရင်းနှင့် မှတ်ပုံတင် အထောက်အထားရယူခြင်းနှင့် ပတ်သက်သည့် ပြဿနာများမှာ အစိုးရတာဝန်ထမ်းဆောင်သည့် အရာရှိများ သို့မဟုတ် အစိုးရ/ပြည်သူ့ဝန်ဆောင်မှုပေးရသူများနှင့်သာ ဖြစ်ပွားသည်။ ကြွေးမြီ၊ အကြွေးပြန်ဆပ်ရာတွင် ကြုံရသည့်ပြဿနာများ၊ ခိုက်ရန်ဖြစ်မှုနှင့် ခိုးမှုတို့သည် ပုဂ္ဂလိကပြဿနာ သဘောဆောင်သည်။ မြေယာပြဿနာများနှင့် ယာဉ်မတော်တဆမှုများတွင် အစိုးရနှင့် ပုဂ္ဂလိကတို့နှင့် ဖြစ်ပွားသည့် ပုံစံနှစ်မျိုးစလုံးတွေ့ရသည်။

ကြွေးမြီအမှုပြဿနာ (၄၀) အနက် (၃၆) မှုတွင် ၎င်းတို့ရပ်ရွာမှ သို့မဟုတ် အခြားရပ်ရွာများမှ လူများနှင့် ဖြစ်ပွားရသည်ဟု ဖြေဆိုသူများက ဖော်ပြကြသည်။ အခြားရပ်ရွာများမှအစုအဖွဲ့များနှင့်လည်း ဖြစ်ပွားသည်ဟုဆို သည်။

မြေယာအငြင်းပွားမှု ပြဿနာအများစု (၂၆) မှ အနက်(၂၀) မှုဖြစ်သည့် အများစုမှာ သဘောသဘာဝအားဖြင့် ပုဂ္ဂလိက ပြဿနာများဖြစ်ပြီး ဖြေဆိုသူများ၏ရပ်ရွာမှ သို့မဟုတ် အခြားရပ်ရွာများမှလူများ၊ မိသားစုဝင်များ သို့မဟုတ်

ရပ်ရွာပြင်ပ အဖွဲ့များနှင့် ဖြစ်ပွားသည်။ အချို့အမှုများတွင် စီးပွားရေးလုပ်ငန်းများ၊ ကုမ္ပဏီများ၊ ပြည်နယ်အစိုးရ၊ မြို့နယ်မြေစာရင်းရုံး၊ ရပ်ကျေးအုပ်ချုပ်ရေး၊ တပ်မတော်တို့နှင့် ဖြစ်ပွားသည်။

မွေးစာရင်းနှင့် မှတ်ပုံတင်အထောက်အထားရယူမှုနှင့်ဆိုင်သည့် ပြဿနာ (၁၂) ခုအနက် (၇) မှုတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးဌာနနှင့် ဖြစ်ပွားရသည်ဟု ဖြေဆိုသူများကဖော်ပြသည်။ ရင်ဆိုင်ဖြစ်ပွားရသည့် အခြားသူများတွင် ဒေသန္တရ ရပ်ကျေးအုပ်ချုပ်ရေးနှင့် မီးဖွားဆရာမ/လက်သည်/သူနာပြုဆရာမတို့လည်း ပါဝင်သည်။

ခိုက်ရန်ဖြစ်မှု၊ အကြွေးပြန်ဆပ်ရာတွင် ကြုံရသောပြဿနာများနှင့် ယာဉ်တိုက်မှုများမှာ အများသောအားဖြင့် ပုဂ္ဂလိက ပြဿနာများဖြစ်ပြီး မိသားစုဝင်များ၊ ရပ်ရွာတွင်းမှ သို့မဟုတ် အခြားရပ်ရွာများမှ တစ်ဦးချင်း သို့မဟုတ် အစုအဖွဲ့များလည်း ပါဝင်ပတ်သက်နိုင်သည်။ ယာဉ်တိုက်မှုတစ်ခုတွင် တပ်မတော်နှင့်ဖြစ်ပွားရသည်ဟု ဖြေဆိုသူတစ်ဦးက ဖော်ပြသည်။ လာဘ်ပေးလာဘ်ယူ သို့မဟုတ် အဂတိလိုက်စားမှုနှင့် ပတ်သက်၍ မြို့နယ်မြေစာရင်းရုံး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးရုံး၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်ရဲ၊ တပ်မတော်တို့နှင့် ဖြစ်ပွားရသည်ဟုလည်း ဆိုပါသည်။ ခိုးမှုကျူးလွန်သူများမှာ မည်သူမည်ဝါဖြစ်သည်ဟု ထုတ်ဖော်ပြောဆိုနိုင်သော အမှုများတွင် ထိုသူတို့သည် ရပ်ရွာတစ်ခုတည်းမှ သို့မဟုတ် အခြားရပ်ရွာအသိုင်းအဝိုင်းများမှ လူများသာဖြစ်နေကြောင်း ဖြေဆိုသူများကဆိုသည်။

## တရားမျှတမှုဆိုင်ရာ ဦးစားပေးပြဿနာများ

လွန်ခဲ့သော (၁၂) လတွင် အငြင်းပွားမှုတစ်ခုခုတွင် ပါဝင်ပတ်သက်ခဲ့သော ဖြေဆိုသူ (၇၆) ဦးက ၎င်းတို့အနေဖြင့် အရေးအကြီးဆုံးဟုထင်သည့် ပြဿနာကို ဖော်ပြကြသည် (ပုံ ၄.၃ တွင်ရှု)။[၄၂] ဤအချက်အလက်ကို စိုးရိမ်မှုအကြီးမားဆုံး ဖြစ်စေသည့် အငြင်းပွားမှုပြဿနာများအား ဖြေရှင်းသည့်လမ်းကြောင်းများကို ခြေရာကောက်ရန် အသုံးပြုသည် (ပုံ ၅.၁ တွင် ရှု)။ အရေးကြီးဆုံးဟု သတ်မှတ်ထင်မြင်သည့်ပြဿနာများမှာ မြေယာအငြင်းပွားမှုနှင့် ကြွေးမြီပြဿနာများ ဖြစ်သည်။

*အနှစ်ချုပ်ဆိုရလျှင် ဖြေဆိုသူ ၄ ပုံ ၁ ပုံတွင် တစ်နှစ်တာ ကာလအတွင်း အနည်းဆုံး ပြဿနာအငြင်းပွားမှုတစ်ခုနှင့် ပါဝင်ပတ်သက်ခဲ့သည်။ အဖြစ်အများဆုံးနှင့် စိုးရိမ်ပူပန်ရဆုံး ဦးစားပေးပြဿနာများမှာ မြေယာနှင့် ကြွေးမြီပြဿနာများဖြစ်သည်။ ကြွေးမြီပြဿနာများမှာ အခြားပြဿနာ အမျိုးအစားများထက်စာလျှင် သိသာထင်ရှားစွာ ပို၍ အဖြစ်များပြီး ပုဂ္ဂလိကအချင်းချင်းကြား အများဆုံးဖြစ်ပွားသည်။ အကြွေးပြန်မဆပ်မှုများမှာ များပြားပုံရသော်ငြား လည်းသတင်းပို့ တိုင်ကြားမှုတ်တမ်းတင်မှုများ နည်းနေခြင်းဖြစ်နိုင်သည်။ မြေယာအငြင်းပွားမှု ပြဿနာများမှာလည်း ပုဂ္ဂလိက အချင်းချင်းကြားဖြစ်ပွားသည့် သဘောရှိသည်။*

ပုံ ၄.၃ တရားမျှတမှုဆိုင်ရာ အဓိက ဦးစားပေးပြဿနာများ




၄၂ လွန်ခဲ့သော (၁၂) လအတွင်း ကြုံတွေ့ခဲ့သည့် တစ်ခုတည်းသော အငြင်းပွားမှုပြဿနာကို ထုတ်ဖော်ပြောဆိုခဲ့သော ဖြေဆိုသူ (၄၇) ဦးအတွက် ယင်းပြဿနာကို အရေးကြီးဆုံးပြဿနာအဖြစ် မှတ်တမ်းတင်သည်။

## ကဏ္ဍအလိုက်ပြဿနာများ

ဤအခန်းတွင် သုတေသနလေ့လာမှု ကာလတစ်လျှောက် ကချင်ပြည်နယ်တွင် အဖြစ်များသည့် ကဏ္ဍအလိုက် ပြဿနာများကို ဆန်းစစ်လေ့လာထားသည်။ ၎င်းတို့မှာ (၁) မြေယာအငြင်းပွားမှုပြဿနာများ (၂) မူးယစ်ဆေးဝါး၊ ၎င်းနှင့် ဆက်စပ်သည့်ပြဿနာများ၊ (၃) ပဋိပက္ခနှင့် အရင်းအမြစ်ထုတ်ယူမှုဆိုင်ရာ နိုင်ငံရေးစီးပွားရေးအကျိုးဆက်များ၊ (၄) ချေးငွေနှင့် ကြွေးမြီဆိုင်ရာ တရားမ အငြင်းပွားမှုများနှင့် ယာဉ်မတော်တဆမှု၊ (၅) လိင်ပိုင်းဆိုင်ရာနှင့် ကျား/မ အခြေပြု အကြမ်းဖက်မှုနှင့်၊ (၆) နိုင်ငံသားအထောက်အထား စာရွက်စာတမ်းရယူမှုဆိုင်ရာ ပြဿနာအခက်အခဲများဖြစ်သည်။ ထိုပြဿနာများမှာ ရှေ့အခန်းတွင် ဖော်ပြခဲ့သည့် အငြင်းပွားမှုပြဿနာများနှင့် အခိုင်အမာ ချိတ်ဆက်လျက်ရှိသည်။ မြေယာနှင့်ဆိုင်သည့် အငြင်းပွားမှုများ၊ မူးယစ်ဆေးဝါးပြဿနာများ၊ ပဋိပက္ခနှင့် အရင်းအမြစ်ထုတ်ယူမှုဆိုင်ရာ နိုင်ငံရေး စီးပွားရေးပြဿနာများမှာ ဖြေဆိုသူများ၏ရှုထောင့်အမြင်အရ တစ်ဦးတစ်ယောက်ချင်း သို့မဟုတ် မိသားစုများကိုသာ ရိုက်ခတ်သည့် သီးခြားဖြစ်ရပ်များထက်စာလျှင် ရပ်ရွာလူ့အဖွဲ့အစည်းပြဿနာဖြစ်လာသည်ဟု မှတ်ယူနိုင်သည်။

## မြေယာ

မြေယာနှင့် ပတ်သက်သည့် အငြင်းပွားမှုပြဿနာများကို သုတေသန လေ့လာသည့် နေရာဒေသ တလျှောက်တွေ့ရသည်။ ဖြေဆိုသူများနှင့် ရပ်ရွာခေါင်းဆောင်များ ဖော်ပြသည့် ထိုပြဿနာအများစုမှာ ပုဂ္ဂလိက အချင်းချင်းကြား ပိုင်ဆိုင်မှုနှင့် နယ်မြေအငြင်းပွားမှုများဖြစ်သည်။[၄၃]

ပြဿနာအငြင်းပွားမှုများ မြင့်မားစေသည့် အဓိကတစ်ချက်မှာ မြေဈေးမြင့်တက်မှုဖြစ်သည်။ မိုးညှင်းရှိ ရပ်ရွာခေါင်းဆောင်တစ်ဦးက ၎င်းတို့ဒေသတွင် မြေကွက်ကာလပေါက်ဈေးမှာ လွန်ခဲ့သည့် တစ်နှစ်ခွဲတန်ဖိုးထက် အဆ (၂၀) ဖြစ်သည်ဟုဆိုသည်။ မြေတန်ဖိုး မြင့်တက်လာမှုကြောင့် ရပ်ရွာနေပြည်သူများသည် ပိုင်ဆိုင်မှု ပိုမိုသေချာ လိုကြပြီး ခြံခတ်ခြင်းများလည်း ပြုလုပ်ကြသည်။ လူအတော်များများမှာ ယခင်က မြေယာမှတ်ပုံတင်မထားခြင်း၊ တရားဝင်အမည်ပေါက်မရှိခြင်းများကြောင့် နယ်နိမိတ်ပိုင်ဆိုင်မှု ပြဿနာများဖြစ်ပွားသည်။ မညီမျှသည့် မှတ်ပုံတင်ခြင်းများကလည်း အပြိုင်အဆိုင် နေရာလျှောက်ထားခြင်းများနှင့်လျှောက်ထားမှုထပ်ခြင်းများ ဖြစ်ပွားစေသည်။ ဥပမာ အချို့က တရားဝင်စာရွက်စာတမ်းများရှိပြီး အချို့မှာ ဘိုးဘွားပိုင်ဖြစ်သည်ဟု အခိုင်အမာ ပြောဆိုကြသည် (ဖြစ်စဉ် ၁ ကိုရှု)။

ယခင် တပ်မတော်သိမ်းယူထားခဲ့သော မြေများကို ပြန်လည်ခွဲဝေရာတွင် ပွင့်လင်းမြင်သာမှုမရှိခြင်းကလည်း မြေယာ အငြင်းပွားမှုများဖြစ်စေသည့် အကြောင်းတစ်ရပ်ဖြစ်သည် (ဖြစ်စဉ် ၁ ကို ရှု)။

ဖြစ်စဉ် ၁

၁၉၈၉ နှင့် ၁၉၉၀ နှစ်များတွင် တပ်မတော်က မြေယာများသိမ်းဆည်းခဲ့သည်။ ဆိုရှယ်လစ်ခေတ်တွင် မြေယာပိုင်ဆိုင်မှု စာရွက်စာတမ်း လက်ဝယ်ရှိထားသည့် လီဆူမိသားစု (၆) စုသည် ဤမြေပေါ်တွင် ၁၉၆၉ ကတည်းက နေထိုင်ခဲ့ကြသည်။

၂၀၁၃ တွင် မူရင်းပိုင်ရှင်များအား မြေပြန်ပေးသည့် အမိန့်ကြော်ငြာစာအရ တပ်မတော်မှ ဤမြေကို ဘိုးဘွားပိုင်ဟု တောင်းဆိုသည့် အခြားမိသားစုတစ်စုထံ ပြန်လည်လွှဲပြောင်းပေးခဲ့သည်။ ထိုမိသားစုသည် ဤမြေအပေါ် အလုံးစုံ ပိုင်ဆိုင်မှုကို သံသယဖြစ်ဖွယ် စတင်လျှောက်ထားခဲ့သည်။

လီဆူမိသားစု (၆) စုသည် ဤအချက်ကို လေ့လာတွေ့ရှိခဲ့ပြီးနောက် မြို့နယ် မြေယာစီမံခန့်ခွဲမှုကော်မတီ၊ စည်ပင်သာယာရုံး၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ပြည်ထောင်စုအဆင့် မြေယာစီမံခန့်ခွဲမှုကော်မတီများထံ ၎င်းတို့၏မြေပိုင်ဆိုင်မှု အထောက်အထားများနှင့် တကွ တင်ပြခဲ့သည်။ ထိုအငြင်းပွားမှုနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်တစ်စုံတစ်ရာ ချမှတ်မှု မရှိသေးပါ။

မြေယာအငြင်းပွားမှုများကို လူမှုရေးအရ လက်ခံနိုင်သည့် နည်းလမ်းများ၊ ရပ်ရွာတွင်း အဖွဲ့ဝင်များ ပါဝင်သည့် ကော်မတီများ သို့မဟုတ် ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၊ အကွက်တာဝန်ခံများ သို့မဟုတ် ကျေးရွာအုပ်စုအဆင့် မြေယာ စီမံခန့်ခွဲမှုကော်မတီဝင်များ စသည့် တတိယပုဂ္ဂိုလ်များ၏ စေ့စပ်ညှိနှိုင်းမှုများဖြင့် ဖြေရှင်းကြသည်ဟု ဖြေဆိုသူများက ပြောပြသည် (အခန်း ၅ ရှု)။ သမိုင်းအစဉ်အဆက် မြေယာအသုံးပြုမှု၊ ပိုင်ဆိုင်မှုနှင့်ပတ်သက်သည့် ရပ်ရွာဒေသတွင်း မှတ်မိ သိရှိမှုအပြင် တရားဝင်စာရွက်စာတမ်း (ဥပမာ မြေယာမှတ်ပုံတင်လက်မှတ်) များကို အငြင်းပွားမှု ဖြေရှင်းရာတွင် ထည့်သွင်းစဉ်းစားသည်။

၄၃ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၇ (က) တွင် နိုင်ငံတော်သည် မြန်မာနိုင်ငံရှိ မြေအားလုံးကို အကြွင်းမဲ့ ပိုင်ဆိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ သို့သော် ယေဘူယျအားဖြင့် ဖြေဆိုသူများသည် မြေယာအသုံးချခွင့်နှင့် မြေယာပိုင်ဆိုင်မှုအကြား ကွဲပြားခြားနားမှုမရှိဘဲ တခုနှင့်တစ်ခု ရည်ညွှန်းပြောဆိုကြသည်။

ရပ်ရွာတွင် အသုံးပြုနေသည့် မြေယာများကို ကုမ္ပဏီများက ဝယ်ယူခြင်း သို့မဟုတ် အငှားချမှုအချို့ကိုလည်း လေ့လာမှုကာလအတွင်း တွေ့ရှိသည်။ ဤအငြင်းပွားမှုများမှာ ပြင်ပပုဂ္ဂိုလ်များနှင့် အစိုးရဌာနများ ပါဝင်ပတ်သက်သည့်အတွက် လူမှုရေးအရ လက်ခံနိုင်သည့်နည်းလမ်းများဖြင့် ရပ်ရွာအတွင်း ဖြေရှင်း၍မရပါ။ အစိုးရဌာနဆိုင်ရာများထံ အကူအညီ ကြိုးစားတောင်းခံခဲ့သော်လည်း အောင်မြင်မှုမရှိသလောက်ဖြစ်သည်ဟု ဖြေဆိုသူများက ဖော်ပြသည် (ဖြစ်စဉ် ၂ နှင့် ၃ ကိုရှု)။

### ဖြစ်စဉ် ၂

၂၀၀၉တွင်ရွာတစ်ရွာမှရွာသား(၂၀၀)ခန့်သည် သစ်တောဌာနသို့ ရွာပိုင်သစ်တောမြေ မှတ်ပုံတင်လျှောက်ထားသည်။ မြို့နယ်မြေစာရင်းဌာနမှ သစ်တောမြေအသုံးချမှု ခွင့်ပြုချက်ပုံစံ (၁၀၅) နှင့် (၁၀၆) များ ထုတ်ပေးသည်။

၂၀၁၄ တွင် ထိုရွာအား အသိပေးအကြောင်းကြားခြင်းမရှိဘဲ ကုမ္ပဏီကြီးတစ်ခုကရေအားလျှပ်စစ်စက်ရုံ စတင်တည်ဆောက်ခဲ့ရာ ရွာပိုင်သစ်တောမြေအချို့ပါသွားသည်။ ကုမ္ပဏီ၏လုပ်ရပ်များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနထံ ရွာသစ်တောကော်မတီက သတင်းပို့တိုင်ကြားခဲ့သော်လည်း တစ်စုံတစ်ရာ အရေးယူခြင်းမရှိပါ။

၂၀၁၅ တွင် ပြည်နယ်လွှတ်တော်သို့ ကျေးရွာသစ်တောကော်မတီမှ တိုင်ကြားစာပို့ခဲ့သည့် ကုမ္ပဏီ သိမ်းယူထားသည့် မြေပမာဏကို လျှော့ချရန်နှင့် သိမ်းထားသောမြေအတွက်ရပ်ရွာသို့လျော်ကြေးပေးရန် တောင်းဆိုခဲ့သည်။

ပြည်နယ်လွှတ်တော်သည် ထိုတိုင်ကြားမှုကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လွှဲပြောင်းကိုင်တွယ်ရန် ညွှန်ကြားခဲ့သည်။ သတင်းစာတွင် ထိုကိစ္စကိုဖော်ပြသောအခါ ကုမ္ပဏီက သတင်းစာရှင်းလင်းပွဲပြုလုပ်ပြီး ထိုကိစ္စမှာ မြေသိမ်းခြင်းမဟုတ်ဘဲ အစိုးရစီမံကိန်းကို အကောင်အထည်ဖော်ခြင်းသာဖြစ်ပြီးကျေးရွာသစ်တောအဖွဲ့အနေဖြင့် တောင်းပန်ရမည်ဟု ပြန်လည်တောင်းဆိုခဲ့သည်။

အခြေအနေ ပြောင်းလဲထူးခြားမှု မရှိသဖြင့် ကျေးရွာသစ်တော ကော်မတီသည် မြို့နယ်နှင့် ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနအပြင် မြို့နယ်သစ်တောဦးစီးဌာနများသို့ နောက်တစ်ကြိမ် ချဉ်းကပ်ခဲ့သည်။ ၎င်းတို့ကို ပြန်ပြောပြသည်မှာ ထိုကိစ္စသည် အထက်အဆင့်ခွင့်ပြုချက်ဖြင့် လုပ်ဆောင်သည့် ရေအားလျှပ်စစ်စီမံကိန်း ဖြစ်သည့်အတွက် မြို့နယ်အဆင့်အနေဖြင့် လုပ်ပိုင်ခွင့်မရှိကြောင်း၊ အခြားမြို့နယ်တွင် တည်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းရုံးသို့ တင်ပြသင့်ကြောင်း ဖြစ်ပါသည်။

### ဖြစ်စဉ် ၃

လွန်ခဲ့သည့် (၁၅) နှစ်ကျော်ခန့်က မိသားစု အချို့သည် ၎င်းတို့ရွာအဝင်လမ်းဘေးမြေကွက်ပေါ်တွင် စတင်အခြေချ ခဲ့သည်။ ထိုမိသားစုများသည် သစ်ပင်များ ရှင်းလင်းခုတ်ထွင်ပြီး ဈေးဆိုင်ငယ်များ၊ ယာဉ်စက်ပြင်ဆိုင်များ ဖွင့်လှစ်ခဲ့သည်။

သစ်တောဝန်ကြီးဌာနပိုင်မြေဖြစ်သည့်အတွက် ထိုမိသားစုများ အခြားနေရာသို့ ရွှေ့ပြောင်းရန် မြို့နယ်မြေစာရင်း ဌာနနှင့် သစ်တောဦးစီးဌာနတို့က ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။ (သို့သော် ဘိုးဘွားပိုင်မြေအစိတ်အပိုင်းဖြစ်သည်ဟု ဆိုသည့်အမျိုးသားတစ်ဦးအပါအဝင်) ထိုလူများသည် အဆိုပါနေရာတွင် ဆက်လက်နေထိုင် လုပ်ကိုင်စားသောက်ကြသည်။

၂၀၁၅ တွင် ထိုမြေပေါ်မှာ ပစ္စည်းသိုလှောင်ရုံများ ဆောက်လုပ်ရန် မြေအသုံးချခွင့်ကို သတ္တုတွင်းကုမ္ပဏီတစ်ခုအား ချပေးခဲ့သည်။ ကုမ္ပဏီအနေဖြင့် မြေရှင်းလင်းခြင်းလုပ်ငန်းများ စတင်သောအခါ ၎င်းမြေပေါ် နေထိုင်သူများက ဆန္ဒပြကြသည်။ ကုမ္ပဏီသည် ယင်းကိစ္စကို မြေစာရင်းဌာနနှင့် သစ်တောဌာနများသို့သတင်းပို့တိုင်ကြားခဲ့သည်။ ထိုဌာနနှစ်ခုမှ အရာရှိများက နှစ်ဖက်ညှိနှိုင်းများတွင် ကူညီပေးခဲ့သည်။ ကုမ္ပဏီအနေဖြင့် နစ်နာသည့်မိသားစုတစ်ခုချင်းကို ကျပ် (၅၀၀,၀၀၀) စီပေးရမည်ဟု သဘောတူခဲ့သည်။

မိသားစု (၈) စုထဲမှ (၃) စုသည် လျော်ကြေးငွေ နည်းသည်ကို မကျေနပ်၍ ထိုနေရာမှထွက်ခွာရန် ငြင်းဆိုခဲ့သည်။ အဆိုပါ အခင်းဖြစ်မြေသည် ရပ်ရွာပိုင်မြေဖြစ်သည့် စာရွက်စာတမ်းအထောက်အထားများကို ထိုမိသားစုများထဲမှ အမျိုးသားတစ်ဦးက သစ်တောဦးစီးဌာနသို့ တင်ပြခဲ့သည်။

ပေးဆောင်စရာရှိသည့် အခွန်အခများ ပေးဆောင်ခဲ့ပြီးဖြစ်ကြောင်း၊ သို့သော် အခွန်ဆောင်ထားသည့်ပြေစာ လက်မှတ်မရှိကြောင်း (သက်သေပြစရာ) ထိုသူကဆိုသည်။ ထိုမိသားစု (၃) စုသည် နောက်ဆုံး ဆုံးဖြတ်ချက်ကိုစောင့်စားရင်း အငြင်းပွားမြေပေါ်တွင် ဆက်လက်နေထိုင်သည်။

# မူးယစ်ဆေးဝါး

နေရာတစ်ခုမှလွဲ၍ ကချင်ပြည်နယ်တလျှောက် လေ့လာခဲ့သည့်နေရာဒေသအားလုံးတွင် မူးယစ်ဆေးဝါး၊ ယင်းနှင့်ဆက်စပ်သည့် ပြဿနာများသည် အဓိက စိုးရိမ်စရာပြဿနာများဖြစ်သည်ဟု ဖြေဆိုသူများက သတ်မှတ်သည်။ ရပ်ရွာတွင် မူးယစ်ဆေးဝါးပျံ့နှံ့နေမှုနှင့် လမ်းပေါ်တွင် ပြောင်ပြောင်တင်းတင်း ရောင်းချမှုများကို ၎င်းတို့က ပြစ်တင်ဝေဖန်ကြသည်။ သုတေသနလေ့လာရာဒေသတစ်ခုရှိ ဖြေဆိုသူများက ၎င်းတို့ရပ်ရွာအတွင်း အိမ်ထောင်စု (၈၀%) တွင် မူးယစ်ဆေးသုံးစွဲသူ အနည်းဆုံးတစ်ဦးခန့်ရှိမည်ဟုဆိုသည်။ မူးယစ်ဆေးသုံးစွဲခြင်းနှင့် ဆေးစွဲမှုပျံ့နှံ့နေခြင်းသည် ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုးကျိုးများ သက်ရောက်စေသည်။ မိသားစုဝင်ငွေရှာဖွေသူ ဆေးစွဲ၊ အလုပ်လက်မဲ့ဖြစ်ပါက အဓိကဆိုးကျိုးခံရသူများမှာ အမျိုးသမီးနှင့် ကလေးများဖြစ်သည်။

## ဖြစ်စေသည့်အကြောင်းတရားများနှင့် တုံ့ပြန်မှုများအပေါ် သဘောထားအမြင်များ

မိုးညှင်းမြို့နယ်ရှိ ဖြေဆိုသူများက အနီးအနား ရှိ ဖားကန့်ဒေသတွင် ကျောက်စိမ်းတူးဖော်မှု မြင့်မားလာခြင်းကြောင့် ၎င်းတို့ရပ်ရွာများတွင် မူးယစ်ဆေးသုံးစွဲမှုနှင့် ဆေးစွဲမှုမြင့်တက်လာပုံကို ထောက်ပြကြသည်။ လယ်ယာအလုပ်ထက်စာလျှင် ဝင်ငွေပိုရနိုင်သည့်အတွက် ဒေသခံအတော်များများသည် ကျောက်စိမ်းတွင်းများတွင် အလုပ်လုပ်ရန်ပို၍ စိတ်အားထက်သန်ကြသည်။ ဖြေဆိုသူများ၏အဆိုအရ ကုမ္ပဏီပေါ် သစ္စာမြဲရန်နှင့် ဆေးစွဲနေစေရန် ရည်ရွယ်ချက်ဖြင့် ကုမ္ပဏီအတော်များများသည် အလုပ်သမားများကို စိတ်ကြွဆေးပြားများနှင့် အခြားမူးယစ်ဆေးဝါးများ ပေးကြသည်ဟုဆိုသည်။ အချို့ကုမ္ပဏီများသည် လုပ်အားခ အချို့တဝက်ကို မူးယစ်ဆေးဖြင့်ပေးသည်၊ ဆေးစွဲ၍ အလုပ်ထိခိုက်ပါက အလုပ်ထုတ်ပစ်သည်ဟုလည်း တင်ပြကြသည်။

မူးယစ်ဆေး ရောင်းဝယ်ဖောက်ကားမှုသည် အကျင့်ပျက်ခြစားပြီး ထိရောက်မှုမရှိသည့် ရဲလုပ်ငန်းစဉ်များကြောင့် ဟု ဖြေဆိုသူများက ဆိုသည်။ ရွာသားများကိုယ်တိုင်ပင် မည်သူသည် မူးယစ်ဆေးရောင်းဝယ်သူများဖြစ်သည်၊ မည်သည့်နေရာတွင် တည်ရှိသည်ကို သိနေသောကြောင့် ရဲများအနေဖြင့် မည်သူပါဝင်ပတ်သက်နေသည်ကို မသိရှိဆိုသည်မှာ မဖြစ်နိုင်ဟု လေ့လာရာနေရာဒေသတလျှောက် ဖြေဆိုသူများက အခိုင်အမာပြောကြသည်။ မူးယစ်ဆေး ရောင်းဝယ် ဖောက်ကားမှု တိုးတက်များပြားလာခြင်းမှာ ဝန်ကြီးအဆင့်ထိ အစိုးရအရာရှိများ ပါဝင်ပတ်သက်နေကာ ချမ်းသာကြွယ်ဝ သည့် စီးပွားရေးသမားများနှင့် ကုန်သည်အကြီးစားများကို တရားစွဲအရေးယူခြင်းမှ ကာကွယ်ပေးထားပြီး လမ်းကြောင်းများ ဖွင့်ပေးထားသည်ဟု ၎င်းတို့က စွပ်စွဲပြောဆိုကြသည်။

(ယူဆထားသည့်)အစိုးရတာဝန်ကင်းမဲ့မှုကိုဖြေဆိုသူအချို့က ရှေးဆိုရိုးစကားပုံပြင် ရွှေသမင်ဘယ်ကထွက်၊ မင်းကြီးတာကထွက်နှင့် နှိုင်းယှဉ်ခိုင်းနှိုင်းသည်။

ပုံပြင်မှာ တစ်ခါက ဘုရင်တစ်ပါးသည် ၎င်း၏ တောထဲတွင် ရွှေသမင်အမဲလိုက်ထွက်သည်။ သို့သော် သမင်မှာ လွတ်မြောက်သွားသည်။ ဘုရင်က စုံစမ်းစစ်ဆေးခိုင်းရာ သမင်မှာ ဘုရင့်ဂိတ်ပေါက်မှ ထွက်ပြေးလွတ်မြောက်ခဲ့သည်ကို တွေ့ရှိသည်။ ဆိုလိုသည်မှာ ဘုရင့်လူများကိုယ်တိုင်က သမင်ကို လွှတ်ပေးခဲ့ခြင်းပင်ဖြစ်သည်။

ဖြေဆိုသူတစ်ဦးက အဖြစ်အပျက်တစ်ခုကို ပြန်ပြောပြရာတွင် မူးယစ်ဆေးဝါးရောင်းဝယ်မှုတွင် ပါဝင်ပတ်သက်သည့်အတွက် ၎င်းရွာမှ စီးပွားရေးသမားတစ်ဦး အဖမ်းခံရပြီး ထောင်နှစ်ရှည်ကျသည်။ သို့သော် (၆) လသာကြာပြီးနောက် ထိုစီးပွားရေးသမား ရွာသို့ပြန်ရောက်လာသည်။ စီးပွားရေးသမား၏ညီဖြစ်သူသည် Van ကား (၅) စီး ငွေအပြည့်တင်၍ ရန်ကုန်သို့သွားပြီး အစ်ကိုလွတ်မြောက်ရန် ညှိနှိုင်းခဲ့သည်ဟု ထိုဖြေဆိုသူက အခိုင်အမာဆိုသည်။ လေ့လာမှု နောက်တစ်နေရာတွင်မူ ၎င်းတို့ဒေသတွင် မူးယစ်ဆေးဝါး အကြီးစားရောင်းဝယ်ဖောက်ကားကြသူများမှာ ဘယ်သောအခါမှ အဖမ်းမခံရပါ။ အဘယ်ကြောင့်ဆိုသော် စီးနင်းရှာဖွေမှုမပြုလုပ်မီ နေပြည်တော်ရဲများက ရွာအုပ်ချုပ်ရေးမှူးထံ ကြိုတင်အသိပေးသည်။ ထိုသတင်းမှာ ကုန်သည်များထံရောက်ရှိပြီး အဖမ်းခံရမှုမှ ရှောင်ရှားနိုင်သည်။

ရဲလုပ်ဆောင်ချက်များသည် ပြဿနာ၏ ရေသောက်မြစ်အကြောင်းတရားများကို ကိုင်တွယ်ဖြေရှင်းရမည့်အစား လက္ခဏာများကိုသာ ပို၍အလေးပေးသည်ဟုလည်း ဖြေဆိုသူများက မှတ်ချက်ပေးသည်။ ဤအခြေအနေကို ဖြေဆိုသူတစ်ဦးက အောက်ပါအတိုင်း အနှစ်ချုပ်ပြောပြရာမှာ - `အဓိကပင်စည်ကိုမရှင်းသမျှ ဒီပြဿနာ ဘယ်တော့မှ ရှင်းလို့ရမှာမဟုတ်ဘူး၊ အခုဟာက သူတို့က သုံးတဲ့ သူ၊ အသေးအဖွဲ့ရောင်းတဲ့သူတွေကိုဖမ်းပြီး ကိုင်းဖျားကိုင်းနားလောက်ပဲရှင်းနေတာ´

သုတေသနလေ့လာရာဒေသတစ်ခုတွင် ဖြေဆိုသူများက သုံးစွဲသူများနှင့် အသေးစားရောင်းဝယ်လူများကို ဖမ်းဆီးခြင်းများသည် အာဏာပိုင်များအတွက် `ဒဏ်ကြေး´ ကောက်ခံရန် ကြီးမားသည့် အခွင့်အရေးတစ်ရပ် ဖြစ်စေသည် ဟု ရှင်းပြကြသည်။ ၎င်းတို့ရွာမှ မူးယစ်ဆေးသုံးစွဲသူအများအပြား အဖမ်းခံရပြီး ရဲစခန်းတွင် ချုပ်နှောင်ခံရသည့် မကြာသေးမီက ဖြစ်ရပ်တစ်ခုကို ဖြေဆိုသူများကပြန်ပြောပြသည်။ သက်ဆိုင်ရာ မိသားစုများကို ရဲစခန်းသို့

ဆင့်ခေါ်ပြီး ၎င်းတို့ဆွေမျိုးသားချင်းများ လွတ်မြောက်ရန် ကျပ် (၁၅၀၀၀၀) စီပေးရမည်ဟု တောင်းသည်။ `ဒဏ်ငွေ´ ပေးသည့်သူများ ချက်ချင်းလွတ်မြောက်ခဲ့ပြီး မပေးနိုင်သည့်လူများမှာ နောက်ဆုံး မြို့နယ်တရားရုံး၏ ထောင်ဒဏ်အမိန့်ချခံရသည်။ အခြားနေရာတစ်ခုမှ ဖြေဆိုသူတစ်ဦးက ၎င်းရပ်ရွာဒေသ၌လည်း ဤသို့ဖြစ်ပွားသည်ဟု ဆိုသည်။ `တကယ်လို့ မူးယစ်ဆေး ပမာဏက နည်းတယ်ဆိုလျှင် `ဒဏ်ငွေ´ ဆောင်ပြီးရင် (ဒေသခံ) ရဲက လွှတ်ပေးလေ့ရှိတယ်´။ အနီးအနားရွာတွင် မူးယစ်ဆေးဝါးရောင်းဝယ်မှု စည်ပင်ဖောက်ကားနေမှုကို `ရဲစားကွက်/စားကျက်´ ဟုလည်း ဖြေဆိုသူများက ရည်ညွှန်းသည်။

အကျင့်ပျက်ခြစား၍ တာဝန်ခံမှုမရှိသည့် ရဲလုပ်ရပ်များသည် မူးယစ်ဆေးဝါးနှင့် မပက်သက်သည့်သူများအပေါ်တွင်လည်း အကျိုးသက်ရောက်မှုရှိသည်ဟု ဖြေဆိုသူများက ပြောကြသည် (ဖြစ်စဉ် ၄ တွင် ရှု)။ အချို့က လမ်းပိတ်သို့မဟုတ် စီးနင်းရှာဖွေသည့် ရဲအထူးစီမံချက်များကို ပြောပြသည်။ ဤစီမံချက်ကာလအတွင်း ဖမ်းဆီးထိန်းသိမ်းခံရသူများကို တရားရုံးသက်သေခံအဖြစ် အသုံးပြုရန် ဆီးနမူနာ/ဆီးစစ်ခံရသည်။ ဆီးစစ်ဆေးခြင်းမှာ ရဲနှင့်တရားသူကြီးများ၏ ဝင်ငွေရလုပ်ငန်းဖြစ်သည်ဟု ဖြေဆိုသူများ ကောက်ချက်ပေးသည်။ "ပိုက်ဆံမပေးနိုင်လို့ကတော့ ရေဝတီမြစ်ထဲက ရေတောင် ဆီးစစ်ရင် ကျမှာ "။

### ဖြစ်စဉ် ၄

အမျိုးသားတစ်ဦးသည် ၎င်း၏ရွာမှ လူတစ်ယောက်ကို သူ၏ဆိုင်ကယ်ပေါ် ခေါ်တင်ခဲ့သည်။ ရွာအဝင်၌ ရဲမှ၎င်းတို့နှစ်ဦးအားတား၍ စစ်ဆေးရာ အနောက်မှလိုက်ပါလာသူ/ခရီးသည်ထံမှ မူးယစ်ဆေးဝါးတွေ့သည်။ ခရီးသည်က မူးယစ်ဆေးဝါးမှာ ၎င်းပိုင်ဆိုင်ကြောင်း၊ ဆိုင်ကယ်မောင်းသူနှင့် တစ်စုံတစ်ရာ ပက်သက်ခြင်းမရှိကြောင်း ရှင်းပြသော်ငြားလည်း နှစ်ဦးစလုံးအဖမ်းခံရပြီးရဲစခန်း၌ချုပ်နှောင်ခံရသည်။

ရွာသားအတော်များများသည် ရဲနှင့်တွေ့ဆုံ၍ ဆိုင်ကယ်ပိုင်ရှင်မှာ မူးယစ်ဆေးသုံးစွဲသူ မဟုတ်ကြောင်း သက်သေခံကြသော်လည်း သူ့ကိုရဲက မလွှတ်ပေးပါ။ ဖမ်းဆီးထိန်းသိမ်းခံရချိန်အတွင်း ဆီးနမူနာယူခဲ့သည်။

တရားခွင်ကြားနာမှုကာလအတွင်း ရဲနှင့်တရားသူကြီးကို ငွေကျပ် (၁၅) သိန်းပေးပါက အမှုမှ လွတ်မြောက်စေမည်ဟု အမှုပွဲစားတစ်ဦးက ဆိုင်ကယ်ပိုင်ရှင်အား ချဉ်းကပ်ကမ်းလှမ်းခဲ့သည်။ ထိုငွေပမာဏပေးရန် အမျိုးသားမှာမတတ်နိုင်ဘဲ ထောင်ဒဏ် (၁) နှစ်ခွဲ ကျခံရသည်။

## မူးယစ်ဆေးဝါး၏ ဆိုးကျိုးသက်ရောက်မှုများ

အခြေခံအကျဆုံးအဆင့်တွင် မူးယစ်ဆေးသုံးစွဲမှုသည် သုံးစွဲသူ၏ ကျန်းမာရေးကို တိုက်ရိုက်ထိခိုက်သည်။ လေ့လာသည့်ဒေသတစ်ခုတွင် ၎င်းတို့ရွာတွင် တစ်နှစ်လျှင် ၁၅ ဦး မှ ၂၀ ဦး အထိ မူးယစ်ဆေးသုံးစွဲမှုကြောင့် သေဆုံးပြီး မိသားစုများ လင်ယောကျ်ားမဲ့၊ ဖခင်မဲ့များ ဖြစ်ကြရသည်ဟု ဖြေဆိုသူများက မှတ်ချက်ပေးသည်။

မူးယစ်ဆေးစွဲမှုသည် မိသားစုများအပေါ် နက်ရှိုင်းသည့် လူမှုစီးပွားအကျိုးသက်ရောက်မှုများ ဖြစ်စေသည်ဟုလည်းပြောကြသည်။ အမျိုးသမီးဖြေဆိုသူများက လင်ယောကျ်ားသားများ မူးယစ်ဆေး သုံးစွဲသည့်အခါ အိမ်တွင်း အကြမ်းဖက်မှုမြင့်မားလာပြီး လင်မယားကွဲခြင်းနှင့် မိသားစုပြိုကွဲမှုနှုန်းများပြားမှုဆီသို့ ဦးတည်သွားသည်ဟု မှတ်ချက်ပေးသည် (ဖြစ်စဉ် ၅ တွင်ရှု)။

မူးယစ်ဆေးစွဲသူ အလုပ်မလုပ်နိုင်သည့်အတွက် မိသားစု ဝင်ငွေဆုံးရှုံးသည့်အခြေအနေ ဆိုးရွားလာပါက မူးယစ်ဆေးစွဲသူသည် မိသားစုထံမှ ခိုးယူခြင်း သို့မဟုတ် ဆေးဝယ်ရန် မိသားစုဝင်ငွေအားလုံးကို သုံးဖြုန်းပစ်ခြင်းကြောင့် အိမ်ထောင်စု အတော်များများ အကြွေးတင်ကြရသည်။ မူးယစ်ဆေး အသုံးပြုသူကြောင့် တင်ရသည့် အကြွေးပြန်ဆပ်နိုင်ရန် မိသားစုဝင်များသည် အိမ်ခြံမြေသို့မဟုတ် အဖိုးတန်ပစ္စည်းများလည်း ထုခွဲရောင်းချရသည်။ အပြောများသည့် ဆိုစကားမှာ `ကိုယ့်မိသားစုထဲမှာ ဆေးသမားရှိလို့ကတော့ ချူးတစ်ပြား မကျန်ပြီမှတ်´။

### ဖြစ်စဉ် ၅

အိမ်ထောင်ရှိ အမျိုးသားတစ်ဦးသည် မိမိလယ်ယာကိုစွန့်၍ ဖားကန့်ရှိ ကျောက်စိမ်းကုမ္ပဏီတစ်ခုတွင် အလုပ်သွားလုပ်သည်။ ရရှိသောဝင်ငွေဖြင့် အိမ်သစ်တစ်လုံး၊ ဆိုင်ကယ်တစ်စီး ဝယ်နိုင်ခဲ့သည်။

သို့သော် များမကြာမီ ထိုလူသည် လုပ်အားခအနေဖြင့် ကုမ္ပဏီမှပေးသည့် မူးယစ်ဆေးစွဲသွားပြီး ရွာပြန်ရောက်သောအခါစုဆောင်းရရှိခဲ့သည့်ငွေအားလုံးကို အိမ်အသုံးစရိတ်အတွက် ဇနီးမယားအားပေးမည့်အစား ဘိန်းဝယ်ရန်သုံးစွဲသည်။

ထိုသို့ ဆေးအလွန်စွဲနေသည့်သူအား မည်သည့်ကုမ္ပဏီကမျှ မခိုင်းတော့သဖြင့် ဝင်ငွေမရှိတော့ပါ။ မူးယစ်ဆေးဆက်လက်သုံးစွဲရန် မိန်းမထံမှ ပိုက်ဆံယူသုံးပြီး ငြင်းဆန်သည့်အခါတိုင်း မိန်းမကို ရိုက်

နက်သည်။ စုဆောင်းထားသည့်ငွေ ကုန်သည့်အခါ မိန်းမ၏ လက်ဝတ်ရတနာများကို ရောင်းချသည်။

ထိုလင်မယားသည် ၎င်းတို့အိမ်ကို ရောင်းချပြီး အိမ်သေးတစ်လုံးသို့ ပြောင်းရွှေ့နေထိုင်ရသည်။ အဆုံးတွင် မိန်းမသည် သူမ၏ခင်ပွန်းကိုပစ်ပြီး မိဘများနှင့်ပြန်နေသည်။ ခင်ပွန်း၏ဆေးစွဲသည့် အမူအကျင့်မပြောင်းလဲဘဲ ဆွေမျိုးအကူအညီမဲ့ဖြစ်ကာ တစ်ရက်တွင် ဆေးဆလွန်ကာသေဆုံးခဲ့သည်။

မိသားစုနှင့် ရပ်ရွာအတွင်း မူးယစ်ဆေးသုံးစွဲမှု ၏ အကျိုးဆက်များကို အထူးသဖြင့် ကလေးများကခံကြရသည်။ ၎င်းတို့မိဘများ၏ ဆေးစွဲသည့်အကျင့်နှင့် ဆေးသုံးစွဲသူများကို ပစ်မှတ်ထားသည့် နိုင်ငံတော်မူဝါဒ ပေါ်လစီအကျိုးဆက်များကြောင့် ကျောင်းထွက်ရသည့် ကလေးအများအပြားရှိသည် (ဖြစ်စဉ် ၆ တွင်ရှု)။ အချို့ဒေသများတွင် ကလေးများသည် မူးယစ်ဆေးရောင်းဝယ်မှု၏ ဈေးကွက်သားကောင်ဖြစ်ကြရသည်။ ရောင်းချသူများသည် ကျောင်းများအနီးတဝိုက် လှုပ်ရှားကြပြီး ကလေးများကို မူးယစ်ဆေးအခမဲ့နမူနာများပေးကာ ဆေးစွဲစေပြီး ဈေးကွက်သစ် ဖန်တီးကြသည်။ အချို့ဖြေဆိုသူများက ဆေးစွဲခြင်းကြောင့် အလယ်တန်းကလေး တော်တော်များများ ကျောင်းမှထွက်ပြီး ခါးပိုက်နှိုက်၊ ဖောက်ထွင်းမှုကျူးလွန်သူများ ဖြစ်ကုန်ကြသည်ဟု ပြောပြသည်။

ဖြစ်စဉ် ၆

မူးယစ်ဆေးသုံးသည်ဟု သိထားသည့် လူတစ်ယောက်၏အိမ်ကို ရဲများက ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါးများတွေ့သည်။ ထိုသူနှင့် ၎င်း၏ မိန်းမ ထောင် (၂) နှစ်ကျပြီး သားသမီး (၄) ဦး ကျောင်းထွက်ရသည်။

ဝင်ငွေရရှိရန် အကြီးဆုံးကလေးမှာ ကျောက်တွင်းကုမ္ပဏီများ၏ မြေစာပုံများတွင် ရေမဆေးကျောက်ရှာရသည်။ အခြားကလေးများမှာ ရွာထဲမှ အိမ်နီးချင်းတစ်ဦး၏ စားသောက်ဆိုင်တွင် အလုပ်လုပ်ရသည်။

ဖြေဆိုသူများသည် မူးယစ်ဆေးနှင့် ဆေးစွဲမှု ပျံ့နှံ့လာမှုကြောင့် မှုခင်းဖြစ်ပွားမှု မြင့်တက်ခြင်းနှင့် ရပ်ရွာ တွင်း မလုံခြုံမှုဖြစ်ရသည်ဟု တခဲနက်ဆိုကြသည်။ များပြားလာသည့် ဆေးစွဲသူများသည် အလုပ်လက်မဲ့ဖြစ်ကာ ဆေးဆက်လက်သုံးနိုင်ရန် ခိုးမှု သို့မဟုတ် ဖောက်ထွင်းမှုများ ကျူးလွန်လာကြသည်။ စီးပွားရေးလုပ်ငန်း၊ အိမ်၊ ဆိုင်များ ဖောက်ထွင်း လုယက်ခံရမှု၊ ဆန်အိတ်၊ ရပ်မြင်သံကြား၊ ဆိုင်ကယ် စသည့်ပစ္စည်းများ အခိုးခံရမှုများကို ဖြေဆိုသူများက ပြောပြသည်။ ဆေးစွဲသူများသည် ၎င်းတို့မိဘများထံမှလည်း ခိုးတတ်သည်ဟုဆိုသည်။

မှုခင်းမြင့်တက်မှုနှင့် မလုံခြုံမှုများအကြား အသက်ရှင်နေထိုင်ရမှုကို ဖြေဆိုသူများက ပုံစံအမျိုးမျိုးဖြင့်ဖော်ပြကြသည်။ မိုးညှင်းမှ ဖြေဆိုသူတစ်ယောက်က ၎င်းရပ်ရွာတွင် မှုခင်းများပေါများလာမှု၏အကျိုးဆက်ကို အောက်ပါအတိုင်း ငြီးတွားသည်။

'ဟိုတုန်းကဆို အိမ်တွေအကုန်လုံးနီးပါးမှာ ဝင်းတံခါးတွေမရှိဘူး။ အခုတော့ အိမ်ရှင်တွေက တံခါးအမြင့်ကြီးတွေ ခြံစည်းရိုးအမြင့်ကြီးတွေခတ်ရတယ်၊ ဝင်းတံခါးခြံတံခါးအစောင့်မရှိတဲ့အိမ်ဆို ဆေးသမားတွေက တိတ်တိတ်လေးဝင်ပြီး သူတို့နိုင်သလောက်ဆန်အိတ်တွေ ခိုးကြတာ။ အခုကျတော့လှောင်အိမ်ထဲမှာ နေရတာကျနေတာပဲ။'

မြစ်ကြီးနားရှိ လေ့လာသည့် နေရာတစ်ခုတွင် ၎င်းတို့ရပ်ရွာတွင်းမှ လူအတော်များများ လမ်းတွင် အုပ်စုဖွဲ့လုယက်ဆေးသမားများ၏ လုယက်ခံခဲ့ရသဖြင့် ည (၇) နာရီနောက်ပိုင်း ဤလမ်းကိုမသုံးဘဲ ရှောင်ကွင်းသွားရသည်ဟု ရပ်ရွာနေထိုင်သူများကဆိုသည် (ဖြစ်စဉ် ၇ တွင်ရှု)။

ဖြစ်စဉ် ၇

အမျိုးသားနှစ်ဦးသည် ၎င်းတို့ရွာ အိမ်အပြန်လမ်းတွင် သံတုတ်ကိုင်လုယက်များ၏ တိုက်ခိုက်ခြင်းကိုခံရပြီး ဆိုင်ကယ်ပေါ်မှ ရိုက်ချခံရသည်။

ချက်ချင်းဆိုသလို ဆေးစွဲသည့် လုယက်အုပ်စုကြီးဝိုင်းလာပြီး ၎င်းတို့ထံမှ ငွေတောင်းသည်။ ထိုအမျိုးသားနှစ်ဦးက ပါလာသည့်ငွေ ၁၀,၀၀၀ ကျပ်ခန့်အားပေးခဲ့သည်။ ၎င်းတို့က ရိုက်နက်ပြီး ဆိုင်ကယ်ကိုလည်း ယူသွားသဖြင့် ရွာသို့ခြေလျင် လျှောက်ပြန်ခဲ့ရသည်။

ရွာပြန်ရောက်သောအခါ ရွာခေါင်းဆောင်တစ်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်အချို့ ထိုလမ်းသို့ ပြန်သွားပြီး ဆိုင်ကယ်ပြန်ရရန် ကြိုးစားခဲ့ရသည်။ သို့သော် ထိုလုယက်အုပ်စုဖွဲ့ဂိုဏ်းမှာ လူအယောက် (၁၀၀) ကျော်ဖြစ်လာသည့်အတွက် ဆိုင်ကယ်ပြန်မရနိုင်ခဲ့ပါ။

မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ပြဿနာများကိုဖြေရှင်းရန် ထိရောက်သည့် အကူအညီ တောင်းခံရမည့်သူမရှိဟု ဖြေဆိုသူများကဆိုသည်။ သင်းအုပ်၊ သင်းထောက်၊ လူငယ်အသင်းအဖွဲ့ခေါင်းဆောင်များ၊ ဆယ်အိမ်မှူးများနှင့် အကွက်/ အပိုင်းတာဝန်ခံများ၏ ကြိုးစားအားထုတ်လုပ်ဆောင်မှုများမှာ ဆေးသုံးစွဲသူများ ဆေးဖြတ်ရန် ပညာပေး သို့မဟုတ် သတိပေးခြင်းများ အဆင့်သာရှိသည်။ မူးယစ်ဆေးပြဿနာ ဖြေရှင်းရန် ဒေသန္တရလှုပ်ရှားမှုများကို တချို့ရပ်ရွာများတွင် ဆောင်ရွက်ကြသည်။ သုတေသနလေ့လာသည့် နေရာတစ်ခုတွင် ကချင်ပြည်နယ်တွင် တက်ကြွစွာလှုပ်ရှားသည့် ခရစ်ယာန် ဘုရားရှိခိုးကျောင်းများလက်အောက်ခံ အဖွဲ့အစည်းဖြစ်သည့် ပက်ဂျေးဆန် Pat-Jasan အဖွဲ့ဝင်များသည် ဆေးစွဲသူများအတွက် တစ်အိမ်တက်ဆင်း ဝတ်ပြုဆုတောင်းပွဲများ၊ ဆေးစွဲသူများအား ဆေးဝါးနှင့်အစာ ပြုစုစောင့်ရှောက်ခြင်း၊ မူးယစ်ဆေးနှင့်အတူ ဆေးစွဲသူများ ဖမ်းဆီးခံရပါက ခံဝန်လက်မှတ်ရေးထိုးရန် ဖြောင်းဖြခြင်း၊ ရဲတပ်ဖွဲ့နှင့်လက်တွဲ၍ မူးယစ်ဆေးဝါးတိုက်ဖျက်မှုလုပ်ငန်းများတွင် ပါဝင်ခဲ့ကြသည်ဟု ဆိုသည်။ ပူတာအို မြို့နယ်မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့သည် မူးယစ်ဆေးဝါးစစ်ဆေးရှာဖွေ၊ ဖမ်းဆီးမှုများတွင်လည်း ပါဝင်ခဲ့ကြသည်။ ထိုအုပ်စု ဥက္ကဋ္ဌက ၎င်းတို့လှုပ်ရှားမှုမစခင်ကာလက ဖမ်းဆီးမှု လေးငါးခုရှိခဲ့ရာမှ ထိုအုပ်စု ပူးပေါင်းပါဝင်မှုကြောင့် ယခုအခါ ရဲများအနေဖြင့် တစ်နှစ်လျှင် ၃၀ မှ ၄၀ မှုများအထိ ဖမ်းဆီးနိုင်သည်ဟုဆိုသည်။

## ပဋိပက္ခနှင့်သယံဇာတထုတ်ယူမှုဆိုင်ရာ နိုင်ငံရေး၊ စီးပွားရေး

လေ့လာသည့်နေရာဒေသအချို့တွင် တပ်မတော်နှင့် KIA တို့၏ ပဋိပက္ခကြောင့် ဖြေဆိုသူများအကြားစိုးရိမ်ပူပန်မှုများရှိသည်။ အခြားစိုးရိမ်ပူပန်သည့် ပြဿနာများမှာ သဘာဝသယံဇာတ ထုတ်ယူခြင်းနှင့် ဆက်စပ်သည်။

### *လက်နက်ကိုင်ပဋိပက္ခအပေါ် သဘောထားအမြင်များ*

အချို့ရပ်ရွာ သက်ကြီးရွယ်ကြီးများနှင့် ခေါင်းဆောင်များသည် လက်နက်ကိုင် ပဋိပက္ခအကြောင်းကို ခံစားချက် အပြည့်ဖြင့် ပြောပြသည်။ မှတ်သားသင့်သည်မှာ အောက်တွင်ဖော်ပြသည့်အမြင်များသည် အားလုံးကို ကိုယ်စားမပြုဘဲ သဘောထားအမြင်ရှုထောင့် အတိုင်းအတာတစ်ခုကိုသာ ညွှန်းဆိုသည်။

ပဋိပက္ခဖြစ်ပွားရသည့် အခြေခံအကြောင်း တစ်ရပ်မှာ မညီမျှမှုကြောင့်ဟု သင်းထောက်ဆရာတစ်ဦးက အလေးပေး ဖော်ပြသည်။

`ညီမျှမှုနှင့် တရားမျှတမှု မရှိရင်တော့ အဲဒီအတွက် ကျွန်တော်တို့က လက်နက်စွဲကိုင် တိုက်ပွဲဝင်ရမှာဘဲ … ပြောင်းလဲချိန်တန်ပြီဆိုတဲ့ ဒေါ်စုစကားကို ကျွန်တော်ကြိုက်တယ်။ ကျွန်တော်တို့လိုချင်တာက ဖက်ဒရယ်စနစ်။ ဖက်ဒရယ်ပြည်ထောင်စုမရရင် စစ်ကဆက်ဖြစ်နေမှာ။ ဟိုအရင်တုန်းက ကျွန်တော်တို့ ဒူဝါများနှင့် ကိုယ့်ဘာသာကိုအုပ်ချုပ်ခဲ့တာ။ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူပင်လုံညီလာခံမှာ အားလုံးသဘောတူပြီး ဗမာတွေနဲ့ ကျွန်တော်တို့ စလက်တွဲခဲ့ပါတယ်။ ကျွန်တော်တို့က ဗမာကို မကြိုက်လို့မဟုတ်ဘူး။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဦးဆောင်မှုနောက် ကျွန်တော်တို့လိုက်ပါခဲ့တယ်။ ကျွန်တော်တို့ဒေသမှာရှိတဲ့ အရင်းအမြစ်တွေကနေ လုပ်ကိုင်စားသောက်ခွင့် ကျွန်တော်တို့လိုချင်တာ၊ ဒါပေမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေက ဆားချက်ခွင့်လောက်ပဲပေးထားတယ်။ ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့တဲ့ အတိုင်း ဗမာတစ်ကျပ်ရရင် ကချင်လည်းတစ်ကျပ်ရရမှာဖြစ်တယ်။ တပ်မတော်ဆိုတာတစ်ခုတည်းရှိတယ်လို့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကပြောတယ်။ ဟုတ်ကဲ့မှန်ပါတယ်။ ဒါပေမယ့် တိုင်းရင်းသားလူမျိုးတွေ အခွင့်အရေးတန်းတူရတဲ့ ပြည်ထောင်စုတပ်မတော်ပဲ ဖြစ်သင့်တယ်။ အခု တော့ တိုင်းရင်းသားဆို ဗိုလ်မှူးအဆင့်ထက်မတက်ဘူး။ ဗမာလူမျိုး တစ်ယောက်တောင် တကယ်လို့ ကချင်အမျိုးသမီးနဲ့ လက်ထပ်မယ်။ ခရစ်ယာန်ဘာသာ ကူးပြောင်းမယ်ဆိုရင် ရာထူးမတက်ဘူး။´

ရှမ်းနီ သက်ကြီးပုဂ္ဂိုလ်တစ်ဦးက ထိုအမြင်ကို ထောက်ခံသည့်အနေဖြင့် `KIA က အစတုန်းက ကချင်အကျိုးစီးပွားအတွက် လုပ်ခဲ့ပေမယ့် အခုတော့ သူတို့လည်း ဒီမိုကရေစီနဲ့ ဖက်ဒရယ် သာတူညီမျှမှုဘက်ကို ဦးတည်နေပြီ´ ဟု ပြောသည်။ သို့သော် အခြားရှမ်းနီ သက်ကြီးဝါကြီးတစ်ဦးကမူ- "KIA က လူတွေအားလုံးအတွက် အလုပ်လုပ်နေတာမဟုတ်ဘူး။ ရှမ်းနီတွေလည်း သူတို့လူမျိုး တိုးတက်စေချင်တာပဲ … ဖြစ်သင့်တာက ဗမာတစ်ကျပ်၊ ကချင်တစ်ကျပ်၊ ရှမ်းနီတစ်ကျပ်။ ဖက်ဒရယ်လို့ပြောရင် အားလုံးအတွက် တန်းတူညီတူဖြစ်သင့်တယ်" ဟု ဆိုသည်။

ရှမ်းသက်ကြီးရွယ်ကြီးများက တပ်မတော်နှင့် KIA အကြားပဋိပက္ခတွင် ရှမ်းနီပြည်သူ့စစ်၏အခန်းကဏ္ဍကို ရှင်းပြကြသည်။ ၁၉၆၀ ခုနှစ်များကာလ KIA ဖွဲ့စည်းပြီးနောက် မြောက်ပိုင်းရှိ နေရာဒေသအခြေအနေကို တပ်မတော် စစ်သားများနယ်မြေကျွမ်းကျင်မှု မရှိသည့်အတွက် ရှမ်းနီပြည်သူ့စစ်အဖွဲ့ကို တပ်မတော်မှ ဖွဲ့စည်းပြီး လက်နက်တပ်ဆင်ပေးခဲ့သည်။ ရလဒ်အနေဖြင့် KIA နှင့် ရှမ်းနီပြည်သူ့စစ်နှစ်ခုစလုံးသည် တစ်ဖက်၏ကျေးရွာများကို မီးရှို့ခြင်း၊ သတ်ဖြတ်ခြင်းများတွင် အပြန်အလှန် ပါဝင်ပတ်သက်ခဲ့ကြသည်။ ရှမ်းနီပြည်သူ့စစ်အားကောင်းလာချိန်တွင် ၎င်းတို့သည် အစိုးရကိုလည်း တိုက်ပွဲများစတင်ခဲ့သည်။ အဆုံး

တွင် တပ်မတော်သည် ရှမ်းနီပြည်သူ့စစ်အား တပ်ဆင်ပေးခဲ့သည့် လက်နက်များကို ပြန်လည်ရယူခဲ့သည်။

ရှမ်းနီသက်ကြီးပုဂ္ဂိုလ်တစ်ဦးကလတ်တလော ပြန်လည်ဖြစ်ပွားသည့်တိုက်ပွဲများနှင့် ပတ်သက်၍ စိုးရိမ်မှုကို ဤသို့ဖော်ပြသည်။

`တပ်မတော်က ပြည်သူ့စစ်ကို သင်တန်းတွေ မကြာမကြာပေးတယ်။ တကယ်လို့ KIA နဲ့ငြိမ်းချမ်းရေး သဘောတူညီချက် မရဘူးဆိုလျှင် တပ်မတော်က ပြည်သူ့စစ်ကို လက်နက်ပြန်တပ်ဆင်ပေးမယ်...ရှမ်းနီပြည်သူ့စစ်က လက်နက်တွေပြန်ရမယ်ဆိုရင် KIA နဲ့ ထိပ်တိုက်တွေ့မယ်။ ကျွန်တော်တို့အားလုံး တိုင်းရင်းသားလူမျိုးတွေပဲ။ တစ်ယောက်နဲ့တစ်ယောက် တိုက်တယ်ဆိုတာမကောင်းပါဘူး´။

## *ပဋိပက္ခ၏ အကျိုးသက်ရောက်မှု*

လက်နက်ကိုင်ပဋိပက္ခသည် ပြည်သူများ၏ဘဝကို ကြီးမားသော ဆိုးကျိုးသက်ရောက်မှုများ ရှိသည်မှာ ထင်ရှားသည်။ ကျောက်စိမ်းတွင်းများလမ်းတလျှောက်တည်ရှိသည့် သုတေသနလေ့လာရာ ဒေသတစ်ခုမှ ဖြေဆိုသူများကလည်း ၎င်းတို့ရွာပတ်လည်ဇရိယာများကို ခွဲခြမ်းထိန်းချုပ် ထားသည့် တပ်မတော်နှင့် ကေအိုင်အေနှစ်ဖွဲ့စလုံးကို ကြောက်ရွံ့သည်ဟုဆိုသည်။ ဖြေဆိုသူများသည် လုံခြုံမှုနှင့်ကာကွယ်စောင့်ရှောက်မှု ကင်းမဲ့ခြင်း မည်သည့်ဘက်ကမှ တာဝန်ယူလိုစိတ်နှင့် သို့မဟုတ် တာဝန်မယူနိုင်သည့် အနေအထားတွင် ၎င်းတို့ကြုံတွေ့ရသည့် ပြဿနာများအတွက် တာဝန်ယူတာဝန်ခံခြင်း ကင်းမဲ့မှုများ ခံစားရသည် (ဖြစ်စဉ် ၉ တွင်ရှု)။ ထို့ပြင် ရွာသားများသည် ၎င်းတို့၏ လှုပ်ရှားသွားလာမှုအပေါ် ကန့်သတ် ထိန်းချုပ်မှုများလည်း ကြုံရသည်။

`ငြိမ်းချမ်းရေးရရင်ကောင်းမှာပဲ၊ တပ်မတော် ရော ကေအိုင်အေရော ရှိနေတော့ နှစ်ဖက်စလုံးကို ကြောက်ရတယ်၊ လွတ်လွတ်လပ်လပ် သွားလို့မရဘူး။ သူတို့တွေ တိုက်ပွဲဖြစ်ရင် အခံစားရဆုံးက ကျောက်စိမ်းတူးတဲ့ သူတွေ။ ငြိမ်းချမ်းရေးရပြီးလျှင် တပ်မတော်နှင့် KIA ပူးပေါင်းရင်ကောင်းမှာပဲ ... တနိုင်းမှာတိုက်ပွဲတွေဖြစ် တုန်းက ကေအိုင်အေက တောင်ပေါ်ပြေးဖို့အမိန့်ပေးတယ်။ ပြီးတော့ တပ်မတော်က ပေါ်တာဆွဲတယ်၊ အခု ကျွန်တော်တို့လည်း ပဲလှော်ကြားဆားညှပ်ခံရတယ်။ တပ်မတော်က အုပ်ချုပ်ချင်တယ်ဆိုလည်း အုပ်ချုပ်ပေါ့။ ဒါမှမဟုတ် KIA က သူ့ဘာသာ အုပ်ချုပ်ရင်လည်း KIA ကို အုပ်ချုပ်ခိုင်းလိုက်ပေါ့။ ကျွန်တော်တို့က KIA နဲ့ ညီအစ်ကိုလို နေလို့ရပါတယ်။ KIA နဲ့ ခြင်းလုံးတောင်ခတ်လို့ရတယ်။

ဖြစ်စဉ် ၉

၂၀၁၆၊ ဇန်နဝါရီလတွင် ၎င်း၏ရွာတွင်နှစ်ရှည်လများ နေထိုင်ခဲ့သည့်အမျိုးသားတစ်ဦးသည် မိတ်ဆွေတစ်ဦးနှင့်ကျောက်စိမ်းတွင်းဒေသတစ်ခုသို့သွားရာ လမ်းခရီးတွင်လက်နက်ကိုင် (၃) ဦး၏ ဖမ်း ဆီးမှုခံရသည်။ ထိုသူများမှာ KIA မှ ဖြစ်သည်ဟု ၎င်းမိသားစုနှင့် မိတ်ဆွေအသိုင်းအဝိုင်းမှထင်ကြသည်။

ထိုအမျိုးသား၏ မိတ်ဆွေသည် ရွာသို့ပြန်ရောက်ပြီး ဖြစ်ပျက်ခဲ့သမျှကို ၎င်း၏မိသားစုအား ပြန်ပြောပြသည်။ ရက်ပေါင်းများစွာကြာသည့်တိုင် ၎င်းထံမှ သတင်းမကြားရသည့်အတွက် သူ့မိသားစုသည် ရွာအုပ်ချုပ်ရေးမှူး၊ ရဲစခန်း၊ ထိုသူ စာရေးဝန်ထမ်းအဖြစ်အလုပ်လုပ်သည့် မြို့နယ်အစိုးရဌာနများသို့ လူပျောက်တိုင်ချက်ဖွင့်ခဲ့သည်။

ရဲ၊ အုပ်ချုပ်ရေးမှူး၊ အစိုးရဌာနအရာရှိများနှင့် တပ်မတော်မှ ဗိုလ်မှူးကြီးတို့သည် ပျောက်ဆုံးသည့် အမျိုးသား၏မိတ်ဆွေအပေါင်းအသင်းများနှင့်မိသားစုတို့ကို ကြိမ်ဖန်များစွာ စစ်ဆေးမေးမြန်းခဲ့ သော်လည်း ၎င်းတည်ရှိရာနှင့်ပတ်သက် သည့် သတင်းတစ်စုံတစ်ရာမျှ မိသားစုမှ မသိရှိခဲ့ရပါ။

ထိုသူနှင့် ရင်းနှီးကျွမ်းဝင်သည့်ဖြေဆိုသူများက အာဏာပိုင်များသည် ဖိဖိစီးစီး ရှာဖွေခဲ့ခြင်းမရှိဟု ခံစားရသည်။ ပျောက်ဆုံးသူနှင့်ပတ်သက်သည့် နားလည်လွဲမှုကိုတပ်မတော်အရာရှိများက ကေအိုင်အေ တာဝန်ရှိသူများနှင့် ဆက်သွယ်ပြီး အစိုးရဝန်ထမ်းဖြစ်သည်ကို ရှင်းပြပါက ဤပြဿနာ အလွယ်တကူ ပြေလည်သွားနိုင်မည်ဟု ယုံကြည်ကြသည်။

ပျောက်ဆုံးသည့်အမျိုးသား၏မိတ်ဆွေအပေါင်းအသင်းများသည် ၎င်းတို့ဘာသာစုံစမ်းပြီးဖမ်းသွားသူတစ်ဦး၏အမည်ကိုသိခဲ့ရသည်။ သို့သော် အကူအညီရရှိရန် မည်သူသို့မဟုတ် မည်သည့်နေရာသို့ သတင်းပို့ရမည်ကိုမသိ၍စိတ်ပျက်ကြရသည်။ `လူတစ်ယောက် ဒီလိုပျောက်သွားရင် ဘာမှလုပ်လို့မရဘူး။ ဘယ်သူ့ဆီတိုင်ရမှန်းလည်းမသိ။ ဒီလို ပျောက်တာကို ဘယ်သူကမှလည်းအရေးတယူ ဂရုမစိုက်ဘူး´။

ဖြေဆိုသူအတော်များများ၏ ပြောပြချက်များသည် ပဋိပက္ခအပေါ် တိုင်းရင်းသားလူမျိုး အမြင်ရှုထောင့်အရ ကွဲပြားမှုရှိသည်။ လေ့လာဒေသတစ်ခုတည်းမှ ဖြေဆိုသူများသည် တိုင်းရင်းသားလူမျိုး ဖြစ်တည်မှုအပေါ် အခြေခံသည့်

စိတ်ပျက် မကျေနပ်မှုများကိုလည်း ဖော်ပြကြသည်။ ယင်းကဲ့သို့ခွဲခြားဆက်ဆံမှုများမှာ လက်နက်ကိုင် ပဋိပက္ခကြောင့် ပို၍ဆိုးရွားစေသည်။ ကချင်ဖြေဆိုသူတစ်ဦးက -

`ကျွန်တော်တို့ ကချင်လူမျိုးတွေကို ရှမ်းနဲ့ဗမာတွေက သူပုန်တွေလို့သဘောထားကြတယ်။ ကေအိုင်အေက လည်း အကာကွယ် မပေးနိုင်ဘူး။ ဆုံးရှုံးရတာတော့ လူတိုင်းပဲ၊ ဒါပေမယ့် ကချင်တွေက အခံရဆုံးပဲ။ ဗမာတွေ ခံရတာက တော်သေးတယ်။ ဘာလို့လည်းဆိုတော့ သူတို့တွေက တပ်မတော်နဲ့ လူမျိုးတစ်မျိုးတည်းလေ။´

တတိယ လေ့လာမှုနေရာတွင် လက်နက်ကိုင် ပဋိပက္ခ၏ ၎င်းတို့ဘဝများအပေါ် ရိုက်ခတ်မှု၊ ဖြစ်လာနိုင်သည့် ပြဿနာများမှ ရှောင်ရှားပုံများကို ဖြေဆိုသူများက ပုံဖော်ကြသည်။ ကချင်နှင့်ရှမ်းလူမျိုးများ အတူတကွနေထိုင်သည့် ထိုဒေသတွင် ရပ်ကျေးအုပ်ချုပ်ရေးမှူးအဖြစ် ရှမ်းလူမျိုးကိုသာ အမြဲတမ်းရွေးချယ်ကြသည်။ အကြောင်းမှာ ကချင်အုပ်ချုပ်ရေးမှူးသည် ကေအိုင်အေဘက်ယိမ်းသူဖြစ်ပါက ရပ်ရွာ "ဒုက္ခ" ရောက်မည်စိုးသောကြောင့်ဖြစ်သည်။ ကေအိုင်အေတပ်များ မကြာခဏလာ၍ (လာခေါ်သွားတယ်)[၄၄] စစ်မှုမထမ်းမနေရ စုဆောင်းလေ့ရှိသည်ဟု ရှင်းပြကြသည်။ ကချင်များမှာ အမျိုးသမီးများဖြစ်ပါက သူနာပြုဆရာမ သို့မဟုတ် ကျောင်းဆရာမ၊ အမျိုးသားဖြစ်ပါက စစ်မှု ထမ်းကြရသည်။ တစ်ခါတစ်ရံ ရွာသားများသည် ခေါ်ဆောင်သွားခြင်း ခံရသူများကို ရွာသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ကြသည် (ဖြစ်စဉ် ၁၀ တွင်ရှု)။ အချို့အခြေအနေများတွင် ခေါ်ဆောင်ခြင်းခံရသူများသည် ပတ်ဝန်းကျင်အသစ်နှင့် ကျင့်သားကျသွားပြီး ရွာသို့ ရံဖန်ရံခါ လာရောက်လည်ပတ်ကြသည်။

ဖြစ်စဉ် ၁၀

ကချင်အမျိုးသမီးငယ် တစ်ဦးသည် KIA တပ်သားများကို စာသင်သည့်ဆရာမအဖြစ် တာဝန်ထမ်းဆောင်ရန် (လာခေါ်သွားတယ်) ခေါ်ဆောင်ခြင်းခံခဲ့ရသည်။

၎င်း၏အမေသည် ကျေးရွာအုပ်ချုပ်ရေးမှူးထံ သတင်းပို့တိုင်ကြားခဲ့သည်။ အုပ်ချုပ်ရေးမှူးက ကေအိုင်အေနှင့် ဆက်ဆံရေးကောင်းမွန်သည့် ရှမ်းအမျိုးသားဖြစ်သော အုပ်ချုပ်ရေးမှူးဟောင်းထံအကူအညီတောင်းရန်အကြံပေးသည်။

ဆယ်နှစ်ကျော်ခန့်ကထိုအုပ်ချုပ်ရေးမှူးဟောင်းသည် KIA နှင့် အဆက်အသွယ်ရှိသည်ဟုဆိုကာ အဖမ်းခံရပြီး အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၂) နှစ်ကျခဲ့သည်။ သူနေခဲ့ရသည့် ရဲဘက်စခန်းတောင်ယာများမှာ ကေအိုင်အေ မိုင်ဂျာယန်ဌာနချုပ် စခန်းအနီးတဝိုက်ဖြစ်သောကြောင့် ပြစ်ဒဏ် (၂) နှစ်တာကာလအတွင်း ၎င်းတို့နှင့် ရင်းနှီးကျွမ်းဝင်ခဲ့သည်။

ခေါ်ဆောင်ခြင်းခံရသည့် အမျိုးသမီးငယ်၏ မိခင်က အုပ်ချုပ်ရေးမှူးဟောင်းထံ အကူအညီတောင်းသောအခါ သူသည်မိုင်ဂျာယန်သို့ဆက်သွယ်၍ အခြေအနေကိုစုံစမ်းခဲ့သည်။ နောက်တစ်ရက်တွင် အမေနှင့် ထိုသူတို့သည် အရာရှိများနှင့် တွေ့ဆုံပြီး အမေမှာ AIDS ရောဂါရှိသည့်အတွက် သမီးဖြစ်သူ၏ ပြုစုစောင့်ရှောက်မှုလိုအပ်သည်ဟု ရှင်းပြ၍ အမျိုးသမီးအားလွှတ်ပေးရန် တောင်းဆိုခဲ့သည်။ နောက်နေ့တွင် ထိုအမျိုးသမီး လွတ်မြောက်ခဲ့သည်။

## တရားမအငြင်းပွားမှုပြဿနာများ

၎င်းတို့ရပ်ရွာမှ အခြားသူများနှင့် ကြွေးမြီအငြင်းပွားမှုပြဿနာများ မကြာခဏကြုံတွေ့ရသည်ဟု ဖြေဆိုသူများကပြောသည်။ ထိုအငြင်းပွားမှုများမှာ အကြွေးပြန်ဆပ်ခြင်းနှင့် အကြွေးပြန်တောင်းခြင်းနှစ်ခုစလုံးနှင့် ဆက်စပ်သည်။ ရွာတစ်ရွာတွင် အစိုးရအရာရှိတစ်ဦးရှေ့မှောက် တရားဝင် စာချုပ်စာတမ်း လက်မှတ်ရေးထိုးခြင်းမျိုးမရှိပဲ အများစုမှာ အလွတ်သဘော ချေးငှားကြသည်။ ဖြေဆိုသူများသည် တရားဝင်ငွေချေးသူ သို့မဟုတ် အပေါင်ဆိုင်များထက်စာလျှင် အိမ်နီးချင်းနှင့် ရပ်ရွာတွင်းရှိ အခြားသူများထံမှ ပို၍ချေးငှားလိုကြသည်။ အဘယ်ကြောင့်ဆိုသော် အပေါင်ဆိုင်များသည် ရွှေ သို့မဟုတ် အိမ်မြေဂရမ်စသည်တို့ကိုအာမခံအပေါင်ပစ္စည်းအဖြစ်တောင်းပြီး အပေါင်ပစ္စည်းတန်ဖိုး၏ ၂၀% မှ ၂၅% ကိုသာ ချေးငှားခွင့်ပြုသည်။ ထို့အတွက် ချေးငွေအများစုမှာ "တရားမဝင်" ဟု သတ်မှတ်ပြီး အကြွေးပြန်ဆပ်ခိုင်းရန် ရဲ သို့မဟုတ် ရပ်ကျေးအုပ်ချုပ်ရေးမှူးထံ အကူအညီ တောင်းခံလေ့ မရှိဟု ဆိုသည်။ ၎င်းတို့သည် အကြွေးပြဿနာများကို ဆွေမျိုးသားချင်း သို့မဟုတ် သက်ကြီးဝါကြီး ပုဂ္ဂိုလ်များ၏အကူအညီဖြင့် စေ့စပ်ညှိနှိုင်းဖြေရှင်းမှုကို ပို၍အလေးပေးသည်။

ယာဉ်တိုက်မှုများကို လေ့လာရာနေရာဒေသ အားလုံးနီးပါးတွင်တွေ့ရသည်။ လူသေစေသည့် သို့မဟုတ် ဒဏ်ရာရစေသည့် ယာဉ်တိုက်မှုများတွင် တိုက်ရိုက်ညှိနှိုင်းမှုများ သို့မဟုတ် ရပ်ကျေးအုပ်ချုပ်ရေးမှူးများ သို့မဟုတ် ရပ်ကွက်အပိုင်းတာဝန်ခံစသည့် တတိယပုဂ္ဂိုလ်အကူအညီဖြင့် ဖြေရှင်းလေ့ရှိသည်။ တစ်မှုမှာ ယဉ်ကျေးမှုနှင့် စာပေအဖွဲ့ (CLA)

၄၄ ဖြေဆိုသူများ၏ စကားလုံးရွေးချယ်မှု "လာခေါ်သွားတယ်" မှာ "စစ်မှုမထမ်းမနေရ" အဓိပ္ပာယ်သဘောဆောင်သည်။

မှတစ်ဆင့် ဖြေရှင်းခဲ့သည်။ လေ့လာသည့်ဒေသတစ်ခုတွင် လူအများစုသည် ယာဉ်တိုက်မှုများကို ရဲ သို့မဟုတ် ရပ်ကျေးအုပ်ချုပ်ရေးမှူးထံ သတင်းပို့တိုင်ကြားခြင်းမရှိ။ အဘယ့်ကြောင့်ဆိုသော် နစ်ဖက်စလုံးက လာဘ်ပေးရပြီး အမှုမှာ အချိန်ကြာမည်စိုး၍ဖြစ်သည်။ လူအများစုသည် တရားရုံးစနစ်မှတစ်ဆင့် လုပ်ဆောင်ရခြင်းကို ရှောင်ရှားလိုကြသည်။ အခြားလေ့လာသည့်ဒေသမှ ရပ်ရွာခေါင်းဆောင်တစ်ဦးက ရဲနှင့်ပတ်သက်ပြီး လုပ်ဆောင်ပါက လျော်ကြေးရရန်ပိုခက်ပြီး တစ်ဦးမဟုတ် တစ်ဦးကလည်း ထောင်ကျသွားနိုင်သည်ဟု ရှင်းပြသည်။

## လိင်ပိုင်းဆိုင်ရာနှင့် ကျား/မ အခြေပြုအကြမ်းဖက်မှု

လိင်ပိုင်းဆိုင်ရာနှင့်ကျား/မအခြေပြုအကြမ်းဖက်မှု (SGBV)ကိုဎင်းတို့ရပ်ရွာ၏ဦးစားပေးပြဿနာတစ်ရပ်အဖြစ် ဖြေဆိုသူများက မသတ်မှတ်သော်ငြားလည်း လေ့လာရာနေရာဒေသအားလုံးရှိ တစ်ဦးချင်းတွေ့ဆုံမေးမြန်းမှုများမှတစ်ဆင့်၎ဖြစ်စဉ်သာဓကများပေါ်ထွက်ခဲ့သည်။ ပြောပြသည့် လိင်ပိုင်းဆိုင်ရာနှင့် ကျား/မအခြေပြုအကြမ်းဖက်မှု (SGBV) အဓိကပုံစံများမှာ (၁) အိမ်ထောင်သည်လင်မယားအကြား အိမ်တွင်းအကြမ်းဖက်မှု (၂) လိင်ပိုင်းဆိုင်ရာစော်ကားမှုနှင့် (၃) လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် စွန့်ပစ်ခြင်းများဖြစ်သည်။

### *အိမ်ထောင်သည်များအကြား အိမ်တွင်းအကြမ်းဖက်မှု*

အိမ်ထောင်သည်ဘဝတွင် လိင်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ခံကြရပြီး အကူအညီ တောင်းခံနိုင်စွမ်းမရှိ၊ ကိုယ်ပိုင်လုံခြုံမှု အာမခံချက်လည်းမရှိသည့် အမျိုးသမီးများခံစားနေရသော ဒုက္ခများကို ဖြစ်စဉ် အတော်များများတွင်တွေ့ရသည်။ ထိုအမျိုးသမီးများ တရားမျှတမှု မရရှိကြခြင်း၏ အဓိက အကြောင်းတရားတစ်ရပ်မှာ အိမ်တွင်းအကြမ်းဖက်မှုကို "လင်မယားကြားပြဿနာ"၊ စေ့စပ်ဖြန်ဖြေရမည့် ပြဿနာအဖြစ်သာ သဘောထားသတ်မှတ်သည့် လူ့အသိုင်းအဝိုင်း၏ စံများကြောင့်ဖြစ်သည်။

ဆွေမျိုးအသိုင်းအဝိုင်း၊ ရပ်ရွာခေါင်းဆောင်များနှင့် ရပ်ကျေးအုပ်ချုပ်ရေးမှူးများသည် အိမ်တွင်းအကြမ်းဖက်မှုကို ခန္ဓာကိုယ်ထိခိုက်နာကျင်စေသည့်ပြစ်မှု၊ ကျူးလွန်ခံရသူကိုကာကွယ်ပေးရန်လိုအပ်သည့်အမှုဟု သဘောထားမည့်အစား လင်ယောကျ်ားဖြစ်သူကို မိန်းမအား မရိုက်နက်ရန် ဆိုဆုံးမခြင်း စသည့် နည်းလမ်းအမျိုးမျိုးဖြင့် လင်မယားပြန်လည်သင့် မြတ်ရေးကိုသာ အမြဲတမ်းတိုက်တွန်းလေ့ရှိသည်။ ဖြစ်ရပ်တစ်ခုတွင် လင်ယောကျ်ား၏ လိင်ပိုင်းဆိုင်ရာ မတော်တရော်ပြုမှုကိုခံရသည့် အမျိုးသမီးသည် ရိုးရာလူကြီးတစ်ဦးထံ အကူအညီတောင်းခံခဲ့သည်။ ရိုးရာလူကြီးက (အခန်း၅ တွင်ရှု) သမားရိုးကျ တရားမျှတရေး လမ်းကြောင်းအတိုင်း မသွားရန်အကြံပြုသည်။ အကြောင်းမှာ "မုဒိမ်းမှုဖွင့်ပါက မြို့နယ်တရားရုံးရောက်မည်။" "အမှုနိုင်သူနှင့် အမှုရှုံးသူများဖြစ်မည်။" "ယောကျ်ားထောင်ကျနိုင်သည်" "ကြားဝင်ဆောင်ရွက်မှုတစ်ခု၏ ယေဘုယျရည်ရွယ်ချက်မှာ အိမ်ထောင်ရေးသာယာမှုကို ထိန်းသိမ်းရန်၊ အိမ်ထောင်ရေးမပြိုကွဲရန်ဖြစ်ပြီး မညီမျှသည့် နိုင်လိုမင်းထက် ဆက်ဆံရေးတွင် အမျိုးသမီးတစ်ဦး၏ ဗီဇထိခိုက်လွယ်မှုကို အသိအမှတ်ပြုခဲ့သည်။

အမျိုးသမီးများ နိုင်လိုမင်းထက်ဆက်ဆံခံရသည့် အခြေအနေများမှ စွန့်ခွာရခက်စေသည့် အခြားလူမှုရေးနှင့် ယဉ်ကျေးမှု စံသတ်မှတ်ချက်များကို ဖြေဆိုသူများက သွယ်ဝိုက်ဖော်ပြကြသည်။ ယောကျ်ားကြီးစိုးသည့်စံအယူအဆများအရ လင်ယောကျ်ားသည် ဇနီးမယားအပေါ်ဩဇာ ညောင်းသည်။ မိန်းမများသည် ဎင်းတို့လင်ယောကျ်ားကို လိုက်နာရိုသေရမည်ဆိုသည်ကို အားကောင်းစေသည်။ ဘာသာရေးအယူအဆများကလည်း အိမ်ထောင်ကွဲမှုကို လူ့ကျင့်ဝတ်ပိုင်းကိစ္စအဖြစ် ပြစ်တင်ရှုံ့ချပြီး ဘာသာရေးခေါင်းဆောင်များသည် အမျိုးသမီးအား အိမ်ထောင်ကွဲပေးလေ့ မရှိပါ။

ယဉ်ကျေးမှုနှင့်စာပေအဖွဲ့ တာဝန်ရှိသူများ အပါအဝင် ဖြေဆိုသူများက အမျိုးသမီးအနေဖြင့် အိမ်ထောင်ကွဲလိုပါက ဂိုမ်းဖောရိုးရာအစဉ်အလာအရ မင်္ဂလာကြေးနှစ်ဆပြန်ပေးရမည်။ လင်မယားကွဲမှုကို ခွင့်ပြုပါကအမျိုးသမီးသည်သူမ၏ ကလေးများအုပ်ထိန်းခွင့် ဆုံးရှုံးရသည်ဟု ရှင်းပြသည်။ ဖြစ်ရပ်နှစ်ခုတွင် မင်္ဂလာကြေးနှစ်ဆပမာဏကို လင်မယားကွဲလိုသည့် အမျိုးသမီးဘက်မှပေးရမည့် လျော်ကြေးအတွက် အကြမ်းခင်းဈေးဖြင့် သတ်မှတ်သည်။ လင်ယောကျ်ား အကြမ်းဖက်သည့်အခါတိုင်း မိဘများအိမ်သို့ ရှောင်နေလေ့ရှိသည့် ဖြေဆိုသူအမျိုးသမီးတစ်ဦးက သူမ၏ ကလေးများ မျက်နှာကို ထောက်၍ လင်ယောကျ်ားရှိရာအိမ်သို့ ပြန်လာရမြဲဖြစ်သည်ဟုဆိုသည်။

ဒေသန္တရ ရပ်ရွာခေါင်းဆောင်များက အမျိုးသမီးများအား လင်မယားကွဲခွင့်ပေးသည့် သာဓကများလည်းရှိခဲ့သည်။ သို့သော် ထိုသည်မှာ အမျိုးသမီးသည် အနိုင်အထက်ကျင့်မှုများကို နှစ်ရှည်လများဆိုးရွားစွာ တွေ့ကြုံခံစားခဲ့ပြီးမှသာလျှင် ဖြစ်သည် (ဖြစ်စဉ် ၁၁ တွင်ရှု)။

ဖြစ်စဉ် ၁၁

အမျိုးသားတစ်ဦးသည် သူ၏ငယ်ရွယ်သည့် ဇနီးမယားကို သူမကိုယ်ဝန်ရပြီးနောက်ပိုင်း စတင်ရိုက်နက်သည်။

အထူးသဖြင့် အရက်သေစာသောက်စားပြီးသည့်အခါ မိန်းမအား နှုတ်ဖြင့်ဖြစ်စေ၊ ကိုယ်ထိလက်ရောက်ဖြစ်စေစော်ကားရိုက်နက်သည်။ တစ်ကြိမ်တွင် အပြင်းအထန်ရိုက်နက်ရာ အမျိုးသမီးနားမှ နားကပ်များပြုတ်ထွက်ခဲ့ရသည်။ တစ်ခါတစ်ရံ ကလေးကိုလည်းရိုက်သည်။ မိန်းမက ယောကျ်ားဖြစ်သူအား အမူးမလွန်ရန် တောင်းပန်ဖျောင်းဖြ သည့်အခါတိုင်း ယောကျ်ားက သူ့အမေတုန်းက သူ့အဖေထံ တစ်ခါမျှ စောဒကမတက်ခဲ့သကဲ့သို့ မိန်းမကိုလည်း စောဒကတက်မတောင်းဆိုရန် ပြန်ပြောတတ်သည်။ စကားများပြီးတစ်ကြိမ်တွင် ယောကျ်ားသည် မိန်းမနှင့် ကလေးကို သူမမိဘများအိမ်သို့ပြန်ပို့ခဲ့သည်။

အမျိုးသမီးငယ်သည် သူမဇရိယာရှိနယ်မြေမှူး (အပိုင်းတာဝန်ခံ) ထံ လင်မယားကွဲခွင့် လျှောက်ထားသည်။ အမှုကြားနာရန် အဆုံးအဖြတ်ကော်မတီ (အခန်း ၅ တွင်ရှု) ဖွဲ့စည်းခဲ့သည်။ ဤကော်မတီတွင် မိန်းမဘက်မှ ရပ်ရွာလူကြီး (၃) ဦး၊ ယောကျ်ားဘက်မှ ရပ်ရွာလူကြီး (၃) ဦးနှင့် ကော်မတီကြားနာမှုကို ကြီးကြပ်သည့်နာယကတစ်ဦးနှင့်ဖွဲ့စည်းထားသည်။ ပထမအကြိမ်ကြားနာမှုတွင် အမျိုးသမီးအနေဖြင့် အမှန်တကယ်လင်မယားကွဲလိုမှု ရှိမရှိကိုမေးသည်။ ကော်မတီက လင်မယားပြန်လည်သင့်မြတ်ရန်ပြောပြီး အကယ်၍ အိမ်တွင်းအကြမ်းဖက်မှု ဆက်ဖြစ်ပါက ဇနီးသည်အနေဖြင့်ကွဲခွင့်ရမည်။ ယောကျ်ားက မြေ၊ ၎င်းတို့နေသည့်အိမ်နှင့် ကလေးအုပ်ထိန်းခွင့်ကို မိန်းမအားပေးရမည်ဟု ကတိပေးသည်။ အမျိုးသမီးက ထိုအချက်များကိုသဘောတူသည်။ ထို့အပြင် ယောကျ်ားဖြစ်သူသည် မိန်းမဘက်မိသားစုနှင့် အသိုင်း အဝိုင်းအား အရှက်ရစေခဲ့သဖြင့် မိန်းမဘက်မှ လူကြီးနှင့်ကော်မတီဝင်များကို တောင်းပန်ကြေး (ရှာဝါရှား) ၅၀၀,၀၀၀ ကျပ်ပေးရမည်ဟုလည်း ကော်မတီက ဆုံးဖြတ်သည်။

ထိုသို့ သဘောတူထားသော်လည်း (ရှာဝါရှား) တောင်းပန်ကြေးစရိတ်အပေါ် မိန်းမအားအပြစ်တင်ပြီးယောကျ်ားသည် ဆက်လက်ရိုက်နက်သည်။ တစ်ကြိမ်တွင် ကြိုးနှင့်ပြင်းပြင်းထန်ထန် ရိုက်နက်သည့်အတွက် အမျိုးသမီးသည် မိဘများထံထွက် ပြေးခဲ့ပြီး သူမ၏ အပိုင်းနယ်မြေမှူးထံ ကွဲခွင့်ထပ်မံ တောင်းဆိုခဲ့သည်။ နယ်မြေမှူးက ခွဲနေသည့် ကာလအတွင်း အခြေအနေတိုးတက်မှုရှိမရှိ စောင့်ကြည့်ရန်ပြောခဲ့သည်။ သို့သော်ယာကျ်ားသည် သူမမိဘများနေအိမ်သို့ အရက်မူးလာပြီး လာနေဆဲဖြစ်သည်။

အမျိုးသမီးသည် လင်မယားကွဲရန် တတိယအကြိမ်တောင်းခံခဲ့ပြီး အဆုံးအဖြတ် ကော်မတီကို ပြန်လည်ခေါ်ယူခဲ့သည်။ ယောကျ်ားဘက်တွင် အပိုင်းနယ်မြေမှူးတစ်ယောက်နှင့် မိန်းမဘက်တွင် သူမ၏ ဆွေမျိုးတစ်ယောက်ပါသည်။

ဆွေးနွေးညှိနှိုင်းမှုများအပြီးအမျိုးသမီး အနေဖြင့် ယောကျ်ားနှင့်ကွဲခိုင်းသည်။ ကလေးအုပ်ထိန်းခွင့်ရမည် သို့သော်သူမသည် ယောကျ်ားဘက်မှ မိသားစုအမည်ကိုလက်ခံရမည် အပြန်အလှန်အားဖြင့် ကလေးထောက်ပံ့ကြေးကို ယောကျ်ားကပေးရမည်ဟု ကော်မတီကဆုံးဖြတ်ချက်ချသည် သို့သော်ဆုံးဖြတ်ချက်တွင် ကလေးထောက်ပံ့ကြေးနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များ ဖော်ပြထားခြင်းမရှိပါ။ ထို့အတွက် အမျိုးသမီးသည် သူမ၏ခင်ပွန်းဟောင်းထံမှ ထောက်ပံ့ကြေးတစ်စုံတစ်ရာ ရရှိခဲ့ခြင်းမရှိ၊ ကနဦးသဘောတူညီချက်တွင် ကတိပေးခဲ့သည့် မြေသို့မဟုတ် အိမ်ကိုလည်း မရရှိခဲ့ပါ။ ယောကျ်ားဘက်ကိုယ်စားလှယ် နယ်မြေမှူးက- "သူမက ကွဲချင်တဲ့လူဆိုတော့ ရိုးရာအရ ဆိုရင်မင်္ဂလာကြေး (၂)ဆပြန်လျော်ရမှာ။ ယောကျ်ားဘက်က ကိုယ်စားလှယ်အနေနဲ့ ကျွန်တော်တောင်းရင်ရတာပဲ။ သြော် သူ့ (ယောကျ်ား) ကြောင့် တော်တော်ခံခဲ့ရတာပဲ ဆိုပြီးကျွန်တော် မတောင်းခဲ့ပါဘူး" ဟုဆိုသည်။

## *လိင်ပိုင်းဆိုင်ရာစော်ကားမှု*

လေ့လာမှုမှ လိင်ပိုင်းဆိုင်ရာစော်ကားမှုနှင့် မုဒိမ်းမှု (၄) ခုလည်း ပေါ်ပေါက်ခဲ့ပြီး တစ်မှုမျှ ရဲထံ ကနဦး သတင်းပေးတိုင်ကြားမှု မဆောင်ရွက်ခဲ့ပါ။ နှစ်မှုတွင် အမျိုးသမီးငယ် ကိုယ်ဝန်ရှိလာမှသာ မုဒိမ်းကျင့်ခံခဲ့ရသည်ကို မိသားစု သိရှိသည်။ ထိုစော်ကားမှုများကို ရပ်ရွာခေါင်းဆောင်များနှင့် ရပ်ကျေးအုပ်ချုပ်ရေးမှူးများထံ သတင်းပို့တိုင်ကြားခဲ့ပြီး ထိုသူများသည် ၎င်းတို့ဘာသာ ကိုင်တွယ်ဖြေရှင်းကြသည်။ ရဲထံလွှဲပြောင်းခြင်း မရှိပါ (ဖြစ်စဉ် ၁၂ တွင်ရှု)။

ဖြစ်စဉ် ၁၂

၁၉ နှစ်အရွယ် မိန်းကလေးတစ်ဦးသည် ညအချိန်အိမ်၌ တစ်ယောက်ထဲရှိချိန် တစ်ရပ်ကွက်ထဲနေ ညီအကိုနှစ်ဦး၏ အဓမ္မပြုကျင့်ခြင်းခံရပြီး ကိုယ်ဝန်ရသည်။ သူမသည် တခြားမြို့နယ်တွင် ကျောင်းသွားတက်သည့်အတွက် မိသားစုမသိအောင် ဖုံးထားနိုင်ခဲ့သည်။ ကိုယ်ဝန် (၈) လဖြင့် အိမ်ပြန်လာသောအခါမှ မုဒိမ်းကျင့်ခံရသည်ကို မိဘများက သိရသည်။

သူမမိဘများက ကိုယ်ဝန်အတွက်တာဝန်ယူပေးရန် ညီအကိုနှစ်ဦး၏ မိသားစုထံ ပထမချဉ်းကပ်ပြောဆိုသော်လည်း တစ်စုံတစ်ရာတာဝန်ယူရန် ငြင်းဆန်ကြသည်။ ထို့အတွက် အမျိုးသမီးငယ်၏ မိသားစုသည် ညီအကိုနှစ်ဦးနေထိုင်သည့်အပိုင်းနယ်မြေမှူးထံတိုင်ကြားခဲ့သည်။ နှစ်ဦးနှစ်ဖက် ပြောပြသည်များကို နားထောင်ပြီးနောက် ကောင်လေးများ မိသားစုက ကောင်မလေးမိသားစုကို ငွေကျပ် (၁၀) သိန်း ပေးရမည်ဟု နယ်မြေမှူးကဆုံးဖြတ်သည်။ နှစ်လကြာသွားသော်လည်းနှစ်နာကြေးတစ်စုံတစ်ရာလက်ခံရရှိခြင်း မရှိသည့်အတွက် အမျိုးသမီးငယ်၏ မိသားစုသည် ယဉ်ကျေးမှုနှင့်စာပေအဖွဲ့ထံတိုင်ကြားခဲ့သည်။ ထိုအဖွဲ့သည် ကြားနာမှုပြုလုပ်ပြီးကောင်လေးများမိသားစုမှအမျိုးသမီးငယ်မိသားစုကို ကျပ် (၁၂) သိန်း ပေးရမည်ဟု ဆုံးဖြတ်သည်။ ကောင်လေးများမိသားစုသည်ကျပ် (၆) သိန်း ကို ယဉ်ကျေးမှုနှင့်စာပေကော်မတီအဖွဲ့ဝင်များရှေ့မှောက်ပေးခဲ့ပြီး ကျန်ငွေကိုပေးပါမည်ဟု ကတိပြုသည်။ သို့သော် ထိုကျန်ငွေကို အမျိုးသမီးငယ်မိသားစုသည် ဘယ်သောအခါမျှ မရရှိခဲ့ပါ။

အဓမ္မကျင့်မှုများကို ရာဇဝတ်ပြစ်မှု အနေဖြင့် ကိုင်တွယ်သင့်သည်ကို အသိအမှတ်ပြုသည် များလည်းရှိပါသည်။ ဖြစ်ရပ်တစ်ခုတွင် အဓမ္မပြုကျင့်ခံရသူ၏ မိသားစုသည် ကျား/မအခြေပြုအကြမ်းဖက်မှုများတွင် အခမဲ့ ဥပဒေအထောက်အကူပေးသည့် အဖွဲ့အစည်းနှင့် အဆက်အသွယ်ရခဲ့ပြီး မြို့နယ်တရားရုံးသို့ အမှုဆွဲတင်နိုင်ခဲ့သည် (ဖြစ်စဉ် ၁၃ တွင်ရှု)။ နောက်တစ်မှုတွင်အဓမ္မပြုကျင့်ခံရသူ (၁၇) နှစ်အရွယ် မိန်းကလေးမိခင်နှင့် ကျူးလွန်သည့်ကျောင်းဆရာအကြား ရဲထံမတိုင်ပါက လျော်ကြေးပေးမည်ဟု သဘောတူခဲ့ကြသည်။ ကျောင်းဆရာဘက်မှ လျော်ကြေးပေးရန် ပျက်ကွက်သည့် အတွက် မိန်းကလေးမိခင်အား ဆွေမျိုးတစ်ဦးက ရဲထံတိုင်ကြားရန် အကြံပေးသည်။ ယခုထိုအမှုကို တရားရုံးတွင် ဆက်လက်ကြားနာဆဲဖြစ်သည်။

ဖြစ်စဉ် ၁၃

(၁၃) နှစ်အရွယ် စိတ်ပိုင်းဆိုင်ရာမသန်စွမ်းသည့် မိန်းကလေးသည် မိဘများနှင့် ရွာတစ်ရွာတွင် နေထိုင်ကြသည်။ တစ်ရက်တွင် ထိုမိန်းကလေးကိုယ်ဝန်ရှိသည်ကို မိခင်ဖြစ်သူတွေ့ရှိ၍ မေးမြန်းကြည့်ရာ အသက် (၄၀) အရွယ် အိမ်ထောင်သည် အိမ်နီးချင်းတစ်ဦးက မိဘများအိမ်၌မရှိချိန်ကြိမ်ဖန်များစွာအဓမ္မကျင့်ခဲ့ကြောင်းသိရသည်။

မိဘများသည် ၎င်းတို့နယ်မြေမှူးနှင့် ရပ်ကျေးအုပ်ချုပ်ရေးမှူးထံ ထိုသူကိုတိုင်ချက်ဖွင့်သည်။ နှစ်ဦးနှစ်ဖက်ကြားပြဿနာမှာ ၎င်းအပိုင်းတွင်ဖြစ်ပွားသည့်အတွက် ဤကိစ္စကိုကိုင်တွယ်ဖြေရှင်းရန် အုပ်ချုပ်ရေးမှူးမှ နယ်မြေမှူးကိုပြောသည်။

နယ်မြေအပိုင်မှူးသည် နှစ်ဖက်စလုံးကို ခေါ်ယူမေးမြန်းခဲ့သည်။ စွပ်စွဲခံရသူအမျိုးသားက မကျူးလွန်ကြောင်း လုံးလုံးလျားလျား ငြင်းဆိုသည်။ အပိုင်နယ်မြေမှူးက မိန်းကလေးမိသားစုကိုသက်သေ သို့မဟုတ် ဆရာဝန်ဆေးထောက်ခံချက် စသည့် အခြားသက်သေခံ ပစ္စည်းမရှိပဲ တရားစွဲနိုင်မည်မဟုတ်ဟု ပြောသည်။ နောက်နေ့တွင် စွပ်စွဲခံရသူသည် ရွာမှထွက်ပြေးကာ ခြေရာဖျောက်သွားသည်။ မည်သူ့ထံ အကူအညီတောင်းရမှန်းမသိသည့် မိန်းကလေးမိဘများသည် ရွာထမင်းဆိုင်ပိုင်ရှင် အမျိုးသမီးထံ အကြံတောင်းသည်။ ဆိုင်ပိုင်ရှင် အမျိုးသမီးသည် ရွာလူမှုရေးအဖွဲ့ ခေါင်းဆောင်တစ်ဦးဖြစ်သည့် သူမ၏ ယောက်ျားအားအဖြစ်အပျက်ကိုတစ်ဆင့်ပြန်ပြောပြသည်။ သူမ ယောက်ျားသည်မြို့ ပေါ်မှာနေထိုင်သည့် အသိမိတ်ဆွေ ဂျာနယ်လစ်တစ်ဦးထံ တဖန်အကူအညီတောင်းသည်။

ထိုဂျာနယ်လစ်သည် ရွာသို့လာပြီး အမှုမှန်စုံစမ်းဖော်ထုတ်ကာသတင်းရေးသားခဲ့သည်။ သူသည် လူမှုရေးအဖွဲ့ခေါင်းဆောင်အား လိင်ပိုင်းဆိုင်ရာနှင့် ကျား/မ အခြေပြု အကြမ်းဖက်မှု (SGBV) ပြဿနာများကို ကူညီဆောင်ရွက်ပေးသည့် မြစ်ကြီးနားအခြေစိုက်အဖွဲ့သို့ဆက်သွယ်ရန်အကြံပေးခဲ့သည်။ (SGBV) အဖွဲ့ဝင်များသည် မိန်းကလေး၊ သူမမိသားစုနှင့်ရွာသို့လာရောက်တွေ့ဆုံခဲ့ပြီး မြို့နယ်တရားရုံးသို့ တရားစွဲဆိုနိုင်ရန် ကူညီခဲ့သည်။

## *လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် စွန့်ပစ်မှု*

ပူတာအိုတွင် ထူးခြားသည့် လက္ခဏာတစ်ရပ် ရှိသည်။ ပူတာအိုတွင် တာဝန်ကျသည့် အစိုးရအရာရှိများ၊ တပ်မတော် အရာရှိများနှင့် (လက်မထပ်ဖြစ်ဘဲ) အတူနေသည့် အမျိုးသမီးများသည် ထိုအရာရှိများ အခြားတစ် နေရာသို့ တာဝန်ပြောင်းရွှေ့သည့်အခါ “စွန့်ပစ်ထားရစ်” ခြင်း ခံရသည်။ ထို “တရားမဝင်” လက်ထပ်မှုများမှ တစ်ခါတစ်ရံ သားသမီးများရရှိပြီး ထိုကလေးများကို အမျိုးသမီးများကသာ ကျွေးမွေးစောင့်ရှောက်ကြရမည်။ ပူတာအိုသို့ရောက်လာကြသူများသည် အမျိုးသမီးများ၏ မြန်မာနိုင်ငံအောက်ပိုင်း ဒေသများသို့ ပြောင်းရွှေ့နေထိုင်လိုသည့် ဆန္ဒကိုအခွင့်ကောင်းယူပြီး အမြတ်ထုတ်ကြသည်ဟု ဖြေဆိုသူများက မှတ်ချက်ပြုသည်။ အမျိုးသမီးများသည် စွန့်ပစ်ထားရစ်ခံရသည့်အခါ ၎င်းတို့၏ အပိုင်းတာဝန်ခံများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများနှင့် ရပ်ရွာခေါင်းဆောင်များထံ အကူအညီတောင်းကြသည်။

သို့သော်၎င်းတို့လိုလားသည့် ရလဒ်အဖြေများ မရရှိခဲ့ကြပါဟု ဖြေဆိုသူများက ကောက်ချက်ပေးသည် (ဖြစ်စဉ် ၁၄ တွင်ရှု)။

ဖြစ်စဉ် ၁၄

၂၅ နှစ်အရွယ် လီဆူအမျိုးသမီးတစ်ဦးသည် တပ်မတော်ဗိုလ်ကြီးတစ်ယောက်နှင့်အတူနေထိုင်ပြီး ကလေးနှစ် ယောက်ထွန်းကားသည်။

မကြာခင် ယင်း ဗိုလ်ကြီးတာဝန်ပြောင်းရွှေ့ပြီး သူမနှင့် ကလေးများထားရစ်ခဲ့မည်ကို သိရသော အခါ ဗိုလ်ကြီးနှင့်ဆွေးနွေးညှိနှိုင်းရန် သင်းထောက်ဆရာတစ်ဦးနှင့် အကွက်ပိုင်နယ်မြေမှူးတို့ထံ အကူအညီတောင်းသည်။ အမျိုးသမီးသည် ကလေးများနှင့်အတူ ဗိုလ်ကြီးနောက်လိုက်သွားလိုသော်လည်း ၎င်းမှာ အခြားအမျိုးသမီးတစ်ဦး နှင့် တရားဝင်လက်ထားသဖြင့် ဗိုလ်ကြီးကခွင့်မပြုပါ။

အမျိုးသမီးသည် ဗိုလ်ကြီးအား ကလေးများကို အုပ်ထိန်းစောင့်ရှောက်ရန်နှင့် သူမအားလျော်ကြေး သိန်း(၃၀)ပေးရန်တောင်းသည်။ သူ့တွင်ပိုက်ဆံမရှိ၍ မပေးနိုင်ဟု ဗိုလ်ကြီးကငြင်းဆိုသည်။ ကြာမြင့်စွာနှစ်ဦးနှစ်ဖက် အခြေအတင်ဖြစ်ပြီး သဘောတူညီ ချက်မရရှိပါ။ အဆုံးတွင်ဗိုလ်ကြီးသည် ဗိုလ်မှူးကြီးတစ်ဦးကို အကူအညီတောင်းသည်။ ဗိုလ်မှူးကြီးသည်အမျိုးသမီးအိမ်သို့လာ၍ ကျပ် (၈၀,၀၀၀) ပေးကာ ထိုကိစ္စနှင့်ပတ်သက်၍ နောက်ထပ် ဘာမှမကြားချင်ဟု ပြောဆိုပြီး ဗိုလ်ကြီးနှင့်အတူ ပြန်ထွက်သွားသည်။ ထို့နောက်ပိုင်း အမျိုးသမီးမှာ ဗိုလ်ကြီးထံမှ မည်သည့် ငွေ သို့မဟုတ် အဆက်အသွယ်မှုမရတော့ပဲ ကလေးငယ်နှစ်ဦးအား မိမိဘာသာပြုစုရှန်းကန်ရသည်။

## နိုင်ငံသား (မှတ်ပုံတင်) စာရွက်စာတမ်းအထောက်အထား

သုတေသနလေ့လာရာ အချို့မြို့ပြနေရာများတွင် တရုတ်၊ ဂေါ်ရခါးနှင့် ဟိန္ဒူဖြေဆိုသူများက လွတ်လပ်စွာသွားလာခွင့်၊ မြေပိုင်ဆိုင်ခွင့်၊ ပညာသင်ကြားခွင့်နှင့် စီးပွားရေးအခွင့်အလမ်းများကို ခံစားခွင့်ရစေမည့် မှတ်ပုံတင်အထောက်အထား စာရွက်စာတမ်းများရယူရာတွင် အခက်အခဲများကြုံရသည်ဟု ဖော်ပြကြသည်။ နိုင်ငံသား ခံယူရာတွင်လည်း အခက်အခဲများရှိသည်ဟု တရုတ်ဖြေဆိုသူများက ပြောကြသည်။

နိုင်ငံသားမှတ်ပုံတင် (NRC) ကဒ်လျှောက်ထားရာတွင် စိစစ်သည့်ကာလရှည်ကြာပြီး (၂ နှစ်မှ ၃ နှစ်)၊ လူဝင်မှုကြီးကြပ်ရေးအရာရှိများအား အပိုကြေး (ခန့်မှန်းချေ ကျပ်၂၀၀၀၀၀ မှ ၃၀၀၀၀၀) ပေးရသည်ဟု တရုတ်နှင့်ဂေါ်ရခါးနွယ်ဖွား ဖြေဆိုသူများက ဆိုသည်။ အရာရှိများအား အပိုကြေးငွေနှင့်လိုအပ်သည့်စာရွက် စာတမ်းများပေးပြီး သည့်တိုင် (NRC) သို့မဟုတ် ကဒ်အသစ် မရရှိကြသေးပါ။ ဖြစ်ရပ်တစ်ခုတွင် ငွေအမြောက် အများပေးပြီး (NRC) ကဒ်များကို တရားမဝင် ရယူကြသည် (ဖြစ်စဉ် ၁၅တွင်ရှု)။

နိုင်ငံခြားသားမှတ်ပုံတင်ကဒ် (FRC) ကိုင်ဆောင်ထားသူများအနေဖြင့် နှစ်စဉ်အခွန် (၆၀၀၀) ကျပ် မဆောင်မနေရဆောင်ရပြီး မြေပိုင်ဆိုင်ခွင့်မရှိဟု တရုတ်နွယ်ဖွားဖြေဆိုသူအချို့က ရှင်းပြသည်။ ဖြေဆိုသူတစ်ဦးက (FRC) ကဒ်ကိုင်ဆောင်ပြီး ကချင်ပြည်နယ်တွင် မျိုးရိုးစဉ် ဆက်နေထိုင်ခဲ့ကြသည့် တရုတ်လူမျိုးအတော်များများသည် နိုင်ငံသားပြုနိုင်ငံသားစိစစ်ရေးကဒ်ပြား (NCSC) မရရှိကြသေးဟု မှတ်ချက်ပြုပါသည်။ နိုင်ငံသားအဖြစ်ခံယူထားပြီး နိုင်ငံသားပြုနိုင်ငံသားစိစစ်ရေးကဒ် (NCSC) လက်ဝယ်ရှိသည့် ဖြေဆိုသူများသည် ခရီးသွားလာမှု ကန့်သတ်ချက်များရင်ဆိုင်ရသည်။ လူဝင်မှုကြီးကြပ်ရေးရုံး၏ ကြိုတင်ထောက်ခံ ချက်မပါပဲ ခရီးသွားခွင့်မရှိသည့်အပြင်၊ သွားရောက်မည့်ဒေသနှင့်ပြန်လာသည့်ရက်တွင် လူဝင်မှုကြီးကြပ်ရေးရုံးသို့ သတင်းပို့ရသည်။

ဖြစ်စဉ် ၁၅

ဗန်းမော်တွင် မွေးဖွားခဲ့သည့် တရုတ်နွယ်ဖွားအမျိုးသမီးတစ်ဦးသည် လွန်ခဲ့သည့် (၁၀) နှစ်က သူမမိသားစုအတွက် (NRC) ကဒ်များရရှိခဲ့သည်။

ထိုအမျိုးသမီးသည် လူဝင်မှုကြီးကြပ်ရေးအရာရှိတစ်ဦးနှင့် အမျိုးတော်သည့်ပွဲစားကို ပထမ ကျပ်(၁၀) သိန်းပေးခဲ့သည်။ (၄) လကြာသောအခါ သူမနှင့်သူမမိသားစုကိုဗမာမိသားစုတစ်ခုတွင်း သေဆုံးသွားသည့် မိသားစုဝင်များနေရာတွင် အိမ်ထောင်စုစာရင်း ထည့်သည်။ တရုတ်အမျိုးသမီးနှင့် သူမ၏မိသားစုသည် ဗမာနာမည်နှင့် လူမျိုးအဖြစ်လက်ခံရသည်။ နာမည်အသစ်များဖြင့် (NRC) ကဒ်ပြားများရရှိရန် လဝကအရာရှိများကို သိန်း (၆၀) ပေးခဲ့ရသည်။

တိုင်းရင်းသားလူမျိုး (၁၃၅) မျိုးထဲမှ တစ်မျိုးမျိုးမဟုတ်သည့် မိဘတစ်ပါးမှ ပေါက်ဖွားသည့် ကလေးများသည်လည်း မှတ်ပုံတင်ကဒ်ရရှိရန် အခက်အခဲများစွာကြုံရသည်။ ဆိုလိုသည်မှာ မိဘတစ်ဦးမှတ်ပုံတင်ရရှိရန် အခက်အခဲရှိခြင်းသည် သူ သို့မဟုတ် သူမ၏ ကလေးများမှတ်ပုံတင်ရရှိရန်ပို၍ အခက်တွေ့စေပြီး ပြဿနာကို ဆိုးရွားစေသည် (ဖြစ်စဉ် ၁၆ တွင်ရှု)။ ကျောင်းများတွင် ကျောင်းသားကျောင်းသူများကို မှတ်ပုံတင်ထုတ်ပေးသည့် အထူးစီမံချက်များတွင်

လူမျိုးကွဲသွေးနှောမိဘများ၏ ကလေးများမှာ မှတ်ပုံတင် မရရှိကြပဲ ၎င်းတို့၏မိဘများသည် လဝကရုံးသို့ တိုက်ရိုက် လျှောက်ထားရသည်ဟု ဖြေဆိုသူအချို့ကရှင်းပြသည်။ ကချင်အမျိုးသမီးတစ်ဦးနှင့်လက်ထပ်ထားသည့် တရုတ်ဖြေဆိုသူ အမျိုးသားတစ်ဦးက လဝကရုံးမှတောင်းသည့် ကလေးတစ်ယောက်လျှင် (၃၀၀၀၀) ကျပ် ပေးရမည်ကို မတတ်နိုင်သဖြင့် သူ၏ကလေးများ မှတ်ပုံတင်မရှိဟု ပြောပြသည်။

ဖြစ်စဉ် ၁၆

မြစ်ကြီးနားမြို့နယ်တွင် နေထိုင်သည့် ဟိန္ဒူ အမျိုးသမီးတစ်ဦးသည် လွန်ခဲ့သော (၂) နှစ်ကျော်က အသက်ပြည့် (NRC) မရှိလျှင် သူမ၏ကလေးများ မှတ်ပုံတင်မရနိုင်သည့်အတွက် လက်ရှိကိုင်ဆောင်ထားသည့် အသက် (၁၀) နှစ် ပြည့် (NRC) ကဒ်ကို အသက်ပြည့် (NRC) ကဒ် အသစ်လဲရန်ကြိုးစားခဲ့သည်။

သူမသည် မှတ်ပုံတင်လျှောက်ထားရန် ဇာတိမန္တလေးသို့ နှစ်ခေါက်သွားရောက်ခဲ့သည်။ တစ်ကြိမ်စီတွင် လဝက အရာရှိများကို ကျပ် (၂) သိန်းပေးရသော်လည်း သူမ၏ လျှောက်လွှာကို စိစစ်နေဆဲဟုသာကြားခဲ့ရသည်။ လက်ရှိအချိန်တွင် သူမ၏ကလေးများမှာ မည်သည့် မှတ်ပုံတင်အထောက်အထားမျှ မရှိပါ။

*အနှစ်ချုပ်ဆိုရသော် မြေယာနှင့် ပတ်သက်သည့် အငြင်းပွားမှုများ၊ မူးယစ်ဆေးဝါးနှင့်ဆက်စပ်သည့် ပြဿနာများ၊ ပဋိပက္ခနှင့်သဘာဝသယံဇာတထုတ်ယူမှုဆိုင်ရာ စီးပွားရေး၊ နိုင်ငံရေးအကျိုးဆက်များမှာ ရပ်ရွာလူ့အဖွဲ့အစည်းပြဿနာများအဖြစ် သိသာထင်ရှားစွာ ဖြစ်လာသည်။ မြေဈေးမြင့်တက်မှုနှင့် တပ်မတော်မှ ယခင်သိမ်းဆည်းခဲ့သည့် မြေများ ပြန်လည်ဝေငှခွဲဝေရာတွင် ပွင့်လင်းမြင်သာမှုမရှိခြင်းတို့သည် မြေယာနှင့်ပတ်သက်သည့် အငြင်းပွားမှုများ ဖြစ်စေသည့် အကြောင်းတရားများဖြစ်သည်။ ပုဂ္ဂလိက အငြင်းပွားမှုများကို မျိုးရိုးစဉ်ဆက် မြေယာပိုင်ဆိုင်အသုံးချမှု၊ ရပ်ရွာအတွင်း မှတ်မိအသိအမှတ်ပြုအထောက်အထားများ၊ တရားဝင် စာရွက်စာတမ်းလက်မှတ်များကို မှီငြမ်း၍ ရပ်ရွာဒေသအတွင်း ဖြေရှင်းကြသည်။ ရပ်ရွာပြင်ပမှ ပုဂ္ဂိုလ်များပါဝင်ပတ်သက်သည့် မြေယာအငြင်းပွားမှုများ ဖြေရှင်းရာတွင် ယေဘုယျအားဖြင့် အစိုးရဌာနဆိုင်ရာများမှာ အထောက်အကူမပြုပါ။*

*မူးယစ်ဆေးပြန်နှံ့စွာသုံးစွဲမှုနှင့် ဆေးစွဲမှုများသည် ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုးကျိုးများ ဖြစ်ပေါ်စေပြီး မိသားစုများ အထူးသဖြင့် အမျိုးသမီးနှင့် ကလေးများအပေါ် ကြီးမားသည့် အကျိုးသက်ရောက်မှုများရှိပြီး အိမ်တွင်းအကြမ်းဖက်မှု၊ မိသားစုပြိုကွဲမှုနှင့် ဒေသတွင်းမှုခင်းများမြင့်တက်လာစေသည်။ ကျောက်စိမ်းတူးဖော်ခြင်းနှင့် သတ္တုတွင်း ကုမ္ပဏီများ၏ ခေါင်းပုံဖြတ်အမြတ်ထုတ်လုပ်ရပ်များသည် မူးယစ်ဆေးစွဲမှု ပြဿနာကိုတွန်းပို့သည်။ အကျင့်ပျက်ခြစားပြီး ပြတ်သားထိရောက်မှုမရှိသည့် ရဲလုပ်ငန်းများသည် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုကို အားပေးရာရောက်သည်ဟု ပြည်သူများက ထောက်ပြသည်။*

*လိင်ပိုင်းဆိုင်ရာနှင့် ကျား/မအခြေပြုအကြမ်းဖက်မှု (SGBV) များသည် အထူးစိုးရိမ်စရာပြဿနာတစ်ရပ် ဖြစ်သည်။အမျိုးသမီးများအနေဖြင့် အနိုင်အထက်ပြုအကြမ်းဖက်ခံရသည့် အခြေအနေများကို စွန့်ခွာလွတ်မြောက်ရန် သို့မဟုတ် နိုင်ထက်စီးနင်း မတော်မတရားမှု၊ အမြတ်ထုတ်မှု သို့မဟုတ် စွန့်ပစ်မှုများကို ကုစားရန်နှင့် အကူအညီရရှိရန် ခက်ခဲစေသည့် လူမှုရေးနှင့် ယဉ်ကျေးမှုစည်းဘောင်အကန့်အသတ်များသည် ပြဿနာကို ပို၍စိုးရွားစေသည်။*

*တန်းတူညီမျှမှုမရှိခြင်းသည် တပ်မတော်နှင့် ကေအိုင်အေအကြားလက်နက်ကိုင်ပဋိပက္ခ၏အခြေခံ အကြောင်းတရားတစ်ရပ်ဖြစ်သည်ဟု ရှုမြင်သဘောထားသည်။ ဖြေဆိုသူများသည် နှစ်ဖက်အကြား ကြားညှပ်ရသည်ဟု ခံစားရပြီး လုံခြုံမှုနှင့် အကာအကွယ်ကင်းမဲ့မှု ဒုက္ခခံကြရသည်။ တာဝန်ယူ တာဝန်ခံမှုကင်းမဲ့နေသည်ဟု ထင်မြင်ကြသည်။ ၎င်းတို့၏ ဘဝများအပေါ် လက်နက်ကိုင်ပဋိပက္ခ၏ ရိုက်ခတ်မှုဆိုးကျိုးများကို ကုစားမှု မရနိုင်သည့်အတွက် အားလျော့စိတ်ပျက်ကြရသည်။*

*တရုတ်၊ ဂေါ်ရခါးနှင့်ဟိန္ဒူ ဖြေဆိုသူများသည် ၎င်းတို့၏ လွတ်လပ်စွာသွားလာခွင့်၊ မြေပိုင်ဆိုင်ခွင့်၊ ပညာသင်ကြားခွင့်နှင့် စီးပွားရေးအခွင့်အလမ်းများကို ရရှိခံစားစေမည့် မှတ်ပုံတင်အထောက်အထား စာရွက်စာတမ်းများ ရယူရာတွင် အခက်အခဲများကြုံကြရသည်။*

## ပြစ်မှုဆိုင်ရာ တရားမျှတရေးစနစ်

တရားမျှတရေးကဏ္ဍ တာဝန်ရှိပုဂ္ဂိုလ်များကမူးယစ်ဆေးကိစ္စသည် ကချင်ပြည်နယ်တွင် အမြစ်တွယ်နေသည့် အဓိကပြဿနာတစ်ရပ်အဖြစ် တညီတညွတ်တည်း အလေးပေးပြောဆိုကြသည်။ " မူးယစ်ဆေးတွေ ဒီဒေသထဲဝင်လာတဲ့အဓိကအကြောင်းက မငြိမ်းချမ်းလို့လက်နက်ကိုင် ပဋိပက္ခတွေရှိနေလို့၊ ပြီးတော့ မူးယစ်ဆေးအများစုက ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်ကြား နယ်စပ်တွေကစီးဝင်တာ" ဟု မြို့နယ်အုပ်ရေးမှူးကရှင်းပြသည်။ အစိုးရအရာရှိများက မူးယစ်ဆေးဝါးများသည်ရှမ်းပြည်နယ်တွင်ထုတ်လုပ်ပြီးကချင်ပြည်နယ်သို့ သယ်ယူပို့ဆောင်သည်ဟု ယေဘုယျ မှတ်ချက်ပြုသည်။

အချို့တရားသူကြီးများနှင့် ဥပဒေအရာရှိများက (၁၉၉၃) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးများဥပဒေအရ စွဲဆိုသည့် ပုဒ်မများသည် လူတစ်ယောက်တွင် ရှာဖွေတွေ့ရှိသည့် မူးယစ်ဆေးအလေးချိန်/ပမာဏပေါ် မူတည်သည်ဟုဆိုပြီး ဥပဒေပုဒ်မ ၁၆ (ဂ)[၄၅] နှင့် ၁၉ (က) [၄၆] တို့ကို အကျယ်တဝင့် ရှင်းပြကြသည်။ မူးယစ်ဆေးအမှုအများစုသည် သုံးစွဲမှုနှင့် သယ်ဆောင်မှုများ ဖြစ်သည်ဟု ဆက်လက်ပြောပြသည်။

ပြစ်မှုဆိုင်ရာ တရားမျှတရေးစနစ်တွင် မူးယစ်ဆေးဝါးမှုပမာဏမြင့်မားသည့် အကြောင်းတစ်ရပ်မှာ ဆင်းရဲမွဲတေမှုကြောင့်ဟု အချို့အရာရှိများက အသိအမှတ်ပြုသည်။ "သယ်တဲ့သူတွေလဲ ဒါပြစ်မှုမြောက်တယ်ဆိုတာ သိကြတာပဲ၊ ဒါပေမဲ့ သူတို့စားဝတ်နေရေးအတွက် လုပ်ကြတာဘဲ"ဟု ဥပဒေအရာရှိတစ်ဦးက ရှင်းပြသည်။ တရားသူကြီးတစ်ဦးကမူ "တရားခံအများစုက ယောကျ်ားတွေ၊ သူတို့ကို မူးယစ်ဆေးဝါးသယ်ခိုင်းတယ်၊ ဆင်းရဲကြတာကိုး" ဟုမှတ်ချက်ပြုသည်။ ပြစ်မှုဆိုင်ရာတရားမျှတရေး တာဝန်ရှိပုဂ္ဂိုလ်များက အပြစ်ပေးထောင်ချသည့် မူးယစ်ဆေးသယ်ဆောင်သူ အချိုးအစားတွင် အမျိုးသမီးများ အလွန်နည်းပါးသည်ဟုဆိုသည်။ " မူးယစ်ဆေးဝါးနှင့် ပတ်သက်လို့ အမျိုးသားနဲ့ အမျိုးသမီးကြား အဓိကမတူတဲ့အချက်က အမျိုးသားတွေက သုံးလည်းသုံးတယ် ဖြန့်လည်းဖြန့်တယ်၊ အမျိုးသမီးတွေကကြတော့ မသုံးဘူး၊ အဓိကဖြန့်တယ်၊ ဒါမှမဟုတ်ရောင်းကြတယ်။" ဟု ရဲအရာရှိတစ်ဦးက ၎င်း၏လေ့လာတွေ့ရှိချက်ကို ပြောပြသည်။ မူးယစ်ဆေးဝါးမှုနှင့် ထောင်ကျသူများကို ထောင်ထဲတွင် အခြားအကျဉ်းသားများနှင့် ရောနှောထားရှိခြင်း၊ ဗန်းမော်ထောင်တွင် ထောင်ကျသူအများစုမှာ ဆေးစွဲလူငယ်များဖြစ်ကြသည်ကို ယင်းအရာရှိက စိုးရိမ်စွာဖြင့် မှတ်ချက်ပေးသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးတစ်ဦးကလည်း သတင်းအချက်အလက်ကောက်ယူခြင်း၊ သံသယရှိသူများကို စောင့်ကြည့်လေ့လာခြင်း၊ ရဲ သို့မဟုတ် အစိုးရဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေး အထူးတပ်ဖွဲ့များထံ သတင်းပေးခြင်းများကို အစိုးရနှင့် အမှီခိုကင်းလုပ်ကိုင်ဆောင်ရွက်နေသည့် ဒေသတွင်းစေတနာ့ဝန်ထမ်း မူးယစ်ဆေးဝါးတိုက်ဖျက်မှုအဖွဲ့များ အကြောင်းရှင်းပြသည်။ ထို့အတွက် ပြစ်မှုဆိုင်ရာ တရားမျှတရေးစနစ်တွင် သိသာထင်ရှားသည့် ပြစ်မှုအမျိုးအစားများသည် မူးယစ်ဆေးဝါး၊ ၎င်းနှင့် ဆက်စပ်သည့်အမှုများ ဖြစ်နေသည်မှာ အံ့သြဖွယ်ရာမဟုတ်ပေ။

ကချင်ပြည်နယ်အတွင်း ခရိုင်(၄)ခုအနက် မိုးညှင်း၊ ဖားကန့်နှင့် မိုးကောင်းမြို့နယ်များပါဝင်သည့် မိုးညှင်းခရိုင်သည် အရေအတွက်ပမာဏနှင့် ကာလတန်ဖိုးများအရ မူးယစ်ဆေးဝါးမှုအများဆုံးဖြစ်သည်ဟုဥပဒေအရာရှိတစ်ဦးက ရှင်းပြသည်။ ဤသို့ဖြစ်ရသည်မှာ အဓိကအားဖြင့် ကျောက်စိမ်းတူးဖော်သည့်လုပ်ငန်းများရှိရာ ဖားကန့်မြို့နယ်မှ အမှုအရေအတွက် မြင့်မားသောကြောင့်ဖြစ်သည်။

မူးယစ်ဆေးဝါးမှုအမြင့်မားဆုံးမှာ မြစ်ကြီးနား သို့မဟုတ် မိုးညှင်းခရိုင်မှုဖြစ်ပြီး (တစ်နှစ်နှင့်တစ်နှစ် အမှုအရေအတွက် ကွဲပြားမှုရှိသည်။) အထူးသဖြင့် မြစ်ကြီးနား၊ ဝိုင်းမော်နှင့် ဖားကန့်မြို့နယ်များဖြစ်သည်။ ယင်းနောက် မူးယစ်ဆေးဝါးမှု ထုပြောမှုတွင် ဗန်းမော်နှင့် ပူတာအိုခရိုင်များ အသီးသီးဖြစ်ကြသည်။

မြို့နယ်အဆင့်တွင် ယာဉ်တိုက်မှုနှင့် ယာဉ်စည်းကမ်းဖောက်ဖျက်မှုများစွာကိုလည်း ကြားနာစစ်ဆေးရသည်ဟု တရားရေးအရာရှိများကဆိုသည်။

ကျောက်စိမ်းတွင်းများတွင် မြေပြို၍ အသက်ဆုံးရှုံးမှုများတွင် သမားရိုးကျ တရားမျှတရေးစနစ်၏ အခန်းကဏ္ဍမရှိပါ။

အခြား (၃) ခရိုင်နှင့်စာလျှင် ပူတာအိုခရိုင်၏ အမှုပမာဏမှာ သိသာစွာနည်းပါးသည်။ ပူတာအိုခရိုင်တွင်း အမှုအများဆုံးမှာပူတာအိုမြို့နယ်ဖြစ်ပြီး ဆွန်ပရာဘွန်၊မချမ်းဘော၊ နောင်မွန်မြို့နယ်များမှ မကြာသေးမီကာလအထိ အမှုများတက်လာခြင်းမရှိဟု ပူတာအိုမှ တရားရေးအရာရှိများက ရှင်းပြသည်။

*အနှစ်ချုပ်ဆိုရသော် မူးယစ်ဆေးဝါးသည် ကချင်ပြည်နယ်တွင်းအမြစ်တွယ်နေသည့်အဓိကပြဿနာတစ်ရပ်ဖြစ်သည်။ အချို့တရားရေးအရာရှိများက ဤပြဿနာကို ဆက်လက်ဖြစ်ပွားနေသည့် လက်နက်ကိုင် ပဋိပက္ခနှင့် ဆက်စပ်ကြပြီး၊ အချို့က ဆင်းရဲမွဲတေမှုသည် အဓိက အကြောင်းတစ်ရပ်ဖြစ်သည်ဟု အသိအမှတ်ပြုသည်။ မူးယစ်ဆေးဝါးနှင့်ပတ် သက်သည့်အမှုများမှာ ပြစ်မှုဆိုင်ရာ တရားစီရင်ရေးတွင် ပြစ်မှုအချိုးအစားပမာဏများစွာနေရာယူထားပြီး အထူးသဖြင့်ကျောက်စိမ်းတူးဖော်သည့် ဒေသများ တွင် အများဆုံးဖြစ်ပွားသည်။ မူးယစ်ဆေးဝါးဖြင့် ပြစ်ဒဏ်ကျသူများကို အခြားအကျဉ်းသားများနှင့်သီးသန့်ခွဲခြားမထားခြင်းသည်လည်း ပြဿနာတစ်ရပ်ဖြစ်သည်။*

---

၄၅ ပုဒ်မ ၁၆ (ဂ) "မည်သူမဆိုမူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးပိုင်ဆိုင်ခြင်း၊ သယ်ယူခြင်းပို့ဆောင်ခြင်းနှင့် လွှဲပြောင်းခြင်းကို ကျူးလွန်ကြောင်းပြစ်မှု ထင်ရှားတွေ့ရှိပါက အနည်းဆုံးထောင်ဒဏ် (၅) နှစ်မှ အများဆုံး (၁၀) နှစ်ပြစ်ဒဏ်ကျခံရပြီး ဒဏ်ငွေလည်းဆောင်ရနိုင်သည်။"
၄၆ ပုဒ်မ ၁၉ (က) "မည်သူမဆိုရောင်းချရန်အလို့ငှာ မူးယစ်ဆေးဝါးသို့မဟုတ် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးပိုင်ဆိုင်ခြင်း၊ သယ်ယူခြင်း၊ ပို့ဆောင်ခြင်းနှင့် လွှဲပြောင်းခြင်းကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားတွေ့ရှိပါက အနည်းဆုံးထောင်ဒဏ် (၁၀) နှစ်မှ အများဆုံးနှစ်အကန့်အသတ်မဲ့ ပြစ်ဒဏ်ကျခံစေရမည်"။




# အခန်း (၅)
# အငြင်းပွားမှုပြဿနာ ဖြေရှင်းသည့် လမ်းကြောင်းများ

ဓာတ်ပုံ-ကချင်ရပ်ရွာအခြေပြု မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့၊ ပတ်ဂျေဆန်၏ ရည်ရွယ်ချက်များ ဖော်ပြထားသည့် ပိုစတာ၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ်။

သုတေသနလေ့လာမှု၏ တတိယမေးခွန်းမှာဒေသတွင်းတည်ရှိသည့် သမားရိုးကျမဟုတ်သော တရားမျှတရေး လုပ်ငန်းစဉ်များ၏ အတိုင်းအတာနှင့် ၄င်းတို့လည်ပတ်ဆောင်ရွက်ပုံများဖြစ်သည်။

ဤအခန်းတွင် ဒေသတွင်းရွှေ့ပြောင်းနေထိုင်ရသူများမဟုတ်သည့် (non – IDP) ဖြေဆိုသူများက အဓိက ပြဿနာဟု ထုတ်ဖေါ်သတ်မှတ်သည့် အငြင်းပွားမှု ပြဿနာ (၇၆) မှုကိုလေ့လာထားသည်။ ထိုအငြင်းပွားမှုပြဿနာများကို မည်သို့မည်ပုံ ကြိုးစားဖြေရှင်းသည်၊ တစ်ခါတစ်ရံ မည်ကဲ့သို့ အောင်မြင်စွာဖြေရှင်းနိုင်ကြသည်စသည့် နည်းလမ်းများကို ဖေါ်ပြထားသည်။ တရားမျှတမှုဆိုင်ရာ အငြင်းပွားမှုပြဿနာများဖြေရှင်းရာတွင် ကူညီပံ့ပိုးပေးသည့် ရပ်ရွာနှင့်ခရိုင်အဆင့် တတိယပုဂ္ဂိုလ်များ၏ အခန်းကဏ္ဍနှင့် တာဝန်များကိုလည်း ထည့်သွင်းစဉ်းစားထားသည်။

ဒေသတွင်းရွှေ့ပြောင်းနေထိုင်ရသည့် (IDP) ဖြေဆိုသူများနှင့်ပတ်သက်၍ အခန်း (၇) တွင်ရှု။


# တိုက်ရိုက်ညှိနှိုင်းမှုများနှင့် တတိယပုဂ္ဂိုလ်အကူအညီ

၄ ပုံ ၃ ပုံကျော် (၇၆ မှုအနက် ၅၉ မှု၊ ၇၇.၆%) မှုများတွင် ဖြေဆိုသူများသည် တဖက်အငြင်းပွားသူနှင့် တိုက်ရိုက်ညှိနှိုင်းကြသည်။ ထိုအနက် ၃ ပုံ ၁ ပုံအောက် (၁၈%) မှာ တတိယပုဂ္ဂိုလ်ပါ၍သော်လည်းကောင်း၊ မပါဘဲနှင့် တိုက်ရိုက်ညှိနှိုင်းမှုများမှတစ်ဆင့်လည်းကောင်းပြေလည်သွားကြသည်။

စိုးရိမ်ပူပန်ရဆုံး ပြဿနာအငြင်းပွားမှု (၆) မျိုး၏[47] အချိုးအစားပမာဏမှာ ဦးစားပေးပြဿနာ စုစုပေါင်း၏ ၄ ပုံ ၃ ပုံနီးပါး (၇၆ မှုအနက် ၅၆ မှု၊ ၇၃.၇%) ဖြစ်သည်။ ပုံ ၅.၁ တွင် ထိုအမှုပြဿနာ (၅၆) မှု၏ ဖြေရှင်းရာလမ်းကြောင်းများကို အကျဉ်းချုပ် ဖေါ်ပြထားသည်။ ထိုအမှုအများစု (၅၆ မှုအနက် ၄၆ မှု) တွင် တိုင်ကြားသူများသည် တစ်ဖက်နှင့်ညှိနှိုင်းပြီး ပြဿနာဖြေရှင်းရန် ကနဦးကြိုးစားကြသည်။ (၁၂) မှုသာလျှင် ပြေလည်သွားကြသည်။

ကနဦးညှိနှိုင်းမှုများ မပြုလုပ်ခဲ့သော သို့မဟုတ် မအောင်မြင်ခဲ့သော (၄၄ မှု) တွင် တိုင်ကြားသူ (၂၀) ဦးသည် တတိယပုဂ္ဂိုလ်အကူအညီကို ရယူရှာဖွေပြီး နောက်ထပ်အမှု (၈) မှု ဖြေရှင်းနိုင်ခဲ့ကြသည်။ ထို့နောက်တိုင်ကြားသူ (၅) ဦးသည် အခြားတတိယပုဂ္ဂိုလ်များ၏ အကူအညီကိုရယူ၍ ဖြေရှင်းရာတွင် နောက်ထပ်တစ်မှု ပြေလည်သွားခဲ့သည်။

ပုံ၅.၁ အရေးကြီးဆုံးဦးစားပေး ပြဿနာများ ဖြေရှင်းရန်ကြိုးပမ်းသည့်လမ်းကြောင်းများ




[47] မြေယာနှင့်ပတ်သက်သည့် အငြင်းပွားမှုများ (၂၁ မှု)၊ ကြွေးမြီပြဿနာ (၁၅ မှု)၊ ယာဉ်တိုက်မှု (၆ မှု)၊ မွေးစာရင်းနှင့် မှတ်ပုံတင် ရယူမှုနှင့်ဆိုင်သည့် ပြဿနာများ (၅ မှု)၊ ခိုးမှု (၅ မှု)၊ ခိုက်ရန်ဖြစ်မှု (၄ မှု)။

အရေးအကြီးဆုံးဦးစားပေးပြဿနာ(၅၆)မှုအနက် (၃၅) မှု (၆၂.၅%) တွင် မည်သည့်ပြေလည်မှုမျှ မရပါ။

အချက်အချို့ကို အကျယ်တဝင့် ဖော်ပြရမည်ဆိုလျှင် ပထမအချက်မှာ မြေယာအငြင်းပွားမှု၊ ကြွေးမြီ၊ ယာဉ်တိုက်မှု၊ မွေးစာရင်းနှင့် မှတ်ပုံတင်လျှောက်ထားမှုနှင့်ဆိုင်သည့် ပြဿနာများ၊ ခိုးမှုနှင့်ခိုက်ရန်ဖြစ်မှု စသည့်အရေးအကြီးဆုံးဦးစားပေး ပြဿနာ (၆) မျိုးအနက် ယာဉ်မတော်တဆမှု ၆ မှုစလုံးနှင့် ခိုက်ရန်ဖြစ်မှု ၄ မှုစလုံးပြေလည်ခဲ့သည်ဟု ဖြေဆိုသူများက ဆိုသည်။ အမှုအများစုမှာ ကနဦးညှိနှိုင်းမှုများမှတဆင့် ပြေလည်ခဲ့ကြပြီး ကျန်အမှုများမှာ တတိယပုဂ္ဂိုလ်အကူအညီများဖြင့် ဖြေရှင်းခဲ့ကြသည်။

ဒုတိယအချက်မှာ ကနဦးညှိနှိုင်းမှုများမှတဆင့် မပြေလည်ခဲ့သော သို့မဟုတ် ကနဦးညှိနှိုင်းမှုများမရှိခဲ့သော ဦးစားပေးအမျိုးအစား ၆ မျိုးမှ ပြဿနာ ၄၄ မှုတွင် အချို့ဖြေဆိုသူများသည် တတိယပုဂ္ဂိုလ်အကူအညီများ ရှာဖွေရယူခဲ့ကြသည်။ တတိယပုဂ္ဂိုလ်များထံ ရောက်ရှိသွားသည့် အမှု ၂၀ (၄၅.၅%) ရှိသည်။[၄၈] ထိုအထဲမှ အများစု (၁၇ မှု) သည် ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၊"သက်ကြီးဝါကြီး လေးစားထိုက်သည့်ပုဂ္ဂိုလ်များ"၊ ဆယ်အိမ်မှူး သို့မဟုတ် ရာအိမ်မှူးများနှင့် အပိုင်း/ အကွက်တာဝန်ခံ နယ်မြေမှူးများစသည့် ရပ်ရွာခေါင်းဆောင်များထံလွှဲပြောင်းရောက်ရှိသွားကြသည်။အချို့အမှုအနည်းငယ်တွင်သာ မြေစာရင်းဌာန၊ ကချင်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးနှင့် ကချင်ပြည်နယ်အစိုးရထံ ချဉ်းကပ်အကူအညီတောင်းခံခဲ့သည်ဟု ဖြေဆိုသူများက ပြောပြသည်။ ရပ်ရွာခေါင်းဆောင်မဟုတ်သူများထံမှ အကူအညီရယူသည့် အမှုများမှာ မြေယာအငြင်းပွားမှုအားလုံး ဖြစ်သည်။ တတိယပုဂ္ဂိုလ်များထံ လွှဲပြောင်းခဲ့ သည့် (အမှု ၂၀ အနက် ၉ မှု) ပြေလည်ခဲ့သည်။ ပါဝင်ပတ်သက်သည့် တတိယပုဂ္ဂိုလ်အဖွဲ့အစည်းများမှ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ ဆယ်အိမ်မှူးများ၊ ရာအိမ်မှူးများ၊ အပိုင်နယ်မြေမှူးများ၊"သက်ကြီး ဝါကြီး လေးစားထိုက်သူများ"နှင့် မြို့နယ်တရားရုံးတို့ဖြစ်သည်။ တတိယပုဂ္ဂိုလ်အကူအညီ လွှဲပြောင်းသည့် (အမှု ၂၀ အနက် ၁၁ မှု) မှာအောင်မြင်သည့်ရလဒ်များထွက်ပေါ်ခဲ့ခြင်းမရှိ (ပုံ ၅.၁ တွင်ရှု)။

တတိယအချက်မှာ ဖြေဆိုသူများပြောပြသည့် ဖြေရှင်းနိုင်ခဲ့သည်ဟုဆိုသော (၂၁ မှု) တွင် မိမိလိုလားသည့်သို့မဟုတ် စိတ်ကျေနပ်စေသည့် နောက်ဆုံးရလဒ်အားလုံးဆောင်ကျဉ်းပေးနိုင်ခဲ့သည်ဟု မဆိုနိုင်။ မိမိ လက်ခံနိုင်သည့်ရလဒ် ထွက်ပေါ်ပါက ကျေနပ်မှုကိုဖော်ပြကြသည်။ (ဥပမာ "တပ်မတော်နှင့်ညှိပြီးသည့်နောက်ပိုင်း ကျွန်တော်မြေအသိမ်းမခံရဘူး၊ နဂိုအတိုင်း ဒီမှာဆက်နေလို့ရတယ်။ ပြီးတော့ ကျွန်တော်ကျေနပ်တယ်။" "အရာရှိတွေနဲ့ ညှိရတယ် ၃ လကြာတယ်၊ နောက်ဆုံး မှတ်ပုံတင်ရတယ်၊ အဲ့ဒီတော့ ကျွန်မတို့/ ကျွန်တော်တို့ ကျေနပ်တယ်။"၊ "(ယာဉ်တိုက်မှုမှာ) မှားတာကကျွန်တော်၊ လျော်ကြေးပေးရတယ်။ ထောင်မကျလို့ ကျေနပ်တယ်"၊ "(ယာဉ်တိုက်မှုဖြစ်ပြီးတော့) သူတို့က အဖေ့ကို ဆေးရုံခေါ်သွားတယ်၊ အဖေ့ကို ဆေးကုပေးတယ်၊ ကုန်ကျစရိတ်ခံတယ်၊ ပြီးတော့ကျွန်တော်ကျေနပ်တယ်။" "(နယ်မြေမှူးက ရန်ပွဲကိုဝင်ရောက်တားဆီးပြီးနောက်) ဟိုဘက်က ကျွန်တော့်ကိုတောင်းပန်လို့ကျေနပ်တယ်"၊"လင်နဲ့မယားဘဲလေ၊ ပြီးသွားတော့လည်း ပြန်တည့်ရတာပေါ့ ပြီးတော့ ကျေနပ်ပါတယ်"။ အချို့က တတိယပုဂ္ဂိုလ်လုပ်ဆောင်မှု အပေါ်ကျေနပ်မှုကို"လူကြီးတွေဆုံးဖြတ်ချက်အတိုင်း ကျွန်တော့်ညီကိုမြေတစ်ဝက် ပေးရတယ်၊ လူကြီးတွေက အကောင်းဆုံးဖြေရှင်းပေးခဲ့တယ်အဲ့တော့ကျေနပ်ပါတယ်"-ဟုဖော်ပြသည်။

အချို့က၄င်းတို့အခွင့်အရေးများပြန်ရမှုအပေါ် ကျေနပ်မှုကိုလည်းကောင်း (ဥပမာ "(အခိုးခံရတဲ့) ကျွန်တော့်ဆိုင်ကယ်ပြန်ရတော့ ကျေနပ်ပါတယ်"၊ "အရင်ကျွန်တော်ပိုင်ခဲ့တဲ့မြေပြန်ရတော့ ကျေနပ်ပါတယ်"၊ သို့မဟုတ် ထမ်းရမည့်ဝန်လျော့ကျပေါ့ပါးမှုအပေါ် ကျေနပ်မှုကို "ကျွန်တော့်ပိုက်ဆံတွေဆုံးပြီလို့ထင်တာ၊ အခုပြန်ရတော့ ကျေနပ်ပါတယ်။" စသည်ဖြင့်ထုတ်ဖော်ကြသည်။

သို့သော် အချို့ဖြေဆိုသူများသည် တရားမျှတမှုမရှိသည့်ရလဒ်များကို ဖော်ပြကြသည်။ (ဥပမာ "ကျွန်တော်ကတော့ တရားရုံးဆုံးဖြတ်ချက်ကို မကျေနပ်ဘူး။ တရားလို က တရားခံပြန်ဖြစ်တယ်။ ဘာတရားမျှတမှုမှမရှိဘူး။ လာဘ်ထိုးပြီး (တရားရုံး) လုပ်တာလို့ထင်တယ်"၊ "ကိုယ်ကမှားတာလည်းမဟုတ်ဘဲနဲ့ လျော်ရတယ်၊ ပြီးတော့ ဆိုင်ကယ်လည်းပျက်ဆီးတယ်"။ အချို့က ပြဿနာဖြေရှင်းမှု နှင့်ဆက် စပ်သည့် စာရိတ်စက ကုန်ကျမှုများအပေါ် မကျေနပ်မှုကို ထုတ်ဖော်သည်။ (ဥပမာ "ကုန်လိုက်တဲ့ငွေ ကျွန်တော်ကတော့ မကျေနပ်ဘူး (မြေအငြင်းပွားမှုကို နယ်မြေမှူး ဖြေရှင်းသည်နှင့်ပတ်သက်၍")။

အဖြေရလဒ်တစ်ခုထွက်သည်အထိ မညှိနှိုင်းခဲ့သော ဦးစားပေးအမှုများ၏ ထက်ဝက် (၄၄ မှုအနက် ၂၂ မှု) တွင် တိုင်ကြားသူသည် တစ်ယောက်ယောက်ထံမှ အကူအညီရယူခြင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်း မရှိကြပါ။ ထိုသို့မလုပ်ရသည့် အကြောင်းအမျိုးမျိုးမှာ

- ပြဿနာမှာ အရေးမပါသည့်အတွက် (၉ မှု)
- အရှက်ရမည်၊ အကူအညီတောင်းခံခြင်းကြောင့် ဒုက္ခရောက်မည် သို့မဟုတ် အကြမ်းဖက်ခံရမည်စိုးသောကြောင့် (၇ မှု)

---

၄၈ အဓိက ဦးစားပေးပြဿနာ (၆) မျိုးအနက် မွေးစာရင်းနှင့် မှတ်ပုံတင်ရယူခြင်းနှင့်ဆိုင်သည့် ပြဿနာများတွင် တတိယပုဂ္ဂိုလ်အကူအညီ လွှဲပြောင်းမပေးသည်မှာ မှတ်သားဖွယ်ဖြစ်သည်။

- အကူအညီတောင်းခြင်း သို့မဟုတ် တုံ့ပြန်ဆောင်ရွက်ခြင်းသည် အချိန်သာကုန်သည့်အတွက်(၅ မှ)
- ဘာလုပ်ရမည် သို့မဟုတ် မည်သူ့ထံအကူအညီတောင်းရမည်ကို မသိသည့်အတွက် (၅ မှ)
- အကူအညီတောင်းခြင်း သို့မဟုတ် တုံ့ပြန်ဆောင်ရွက်ခြင်းသည် ငွေကုန်ကြေးကျများနိုင်သည့် အတွက် (၄ မှ)
- အခြားဘက်မှာ ငွေအင်အားတောင့်တင်းသည့် အတွက် (၄ မှ)
- အခြားဘက်တွင် ပုဂ္ဂိုလ်ရေးအဆက်အသွယ် တောင့်တင်းမှု (၃ မှ)
- အကူအညီမှာ အလွန်ဝေးကွာသည့်နေရာတွင် ရှိခြင်း (၂ မှ)
- အကူအညီယူခြင်း သို့မဟုတ် တုံ့ပြန်ဆောင်ရွက်ခြင်းတို့ကြောင့် တစ်ဖက်နှင့်ဆက်ဆံရေး ပျက်ပြားမည်စိုးသောကြောင့် (၅ မှ)
- ရင်ဆိုင်ကြုံတွေ့ရသည့် ပြဿနာသည် နိုင်ငံတော်စီမံကိန်းနှင့်ဆက်စပ်သောကြောင့် (၁ မှ) စသည်တို့ဖြစ်သည်။

သူတစ်ပါးခြံမှ သစ်သီးခိုးခြင်း၊ အကြွေး၊ အိမ်တွင်းအကြမ်းဖက်မှု၊ ယာဉ်တိုက်မှု၊ လူကုန်ကူးမှုနှင့် ခြံမြေနယ်နိမိတ်အငြင်းပွားမှုများပါဝင်သည့် ဖြစ်နိုင်ဖွယ်ပြဿနာသာဓက (၆) ခုကို ဖြေဆိုသူများကစဉ်းစားကြပြီး ၄င်းတို့ ဖြေရှင်းမည့်နည်းလမ်းများကို ဖေါ်ပြကြသည်။ ဖြစ်နိုင်ဖွယ် သာဓကပြဿနာ ပထမ (၄) ခု နှင့်ဆိုင်သည့် ၄င်းတို့၏ အဖြေများ (ပုံ ၅.၂ (က) မှ ၅.၂ (ဃ) နောက်ဆက်တွဲ (ခ) တွင်ရှု) သည် လက်တွေ့ ပြဿနာဖြေရှင်းရာတွင် ပထမဆုံး မိမိကိုယ်ကို အားကိုးပြီးဖြေရှင်းလိုသည့် (ဥပမာ တိုက်ရိုက်ညှိနှိုင်းခြင်း) သဘောထားနှင့်ယေဘုယျ ကိုက်ညီသည်။

လူကုန်ကူးမှုသာဓကတွင် ဖြေဆိုသူ (၇၀%)ကျော်က ပထမဆုံးအနေဖြင့် မြို့နယ်ရဲစခန်းသို့မဟုတ် ရပ်ကျေးအုပ်ချုပ်ရေးမှူးထံမှ အကူအညီရယူမည်ဟုဆိုသည်။ အကယ်၍ မအောင်မြင်ခဲ့ပါက နောက်ထပ် အကူအညီတောင်းခံရမည့်သူမရှိ သို့မဟုတ် မည်သူ့ထံမှ အကူအညီရ ယူနိုင်မည်ကို မသိဟု ထက်ဝက်ကျော်နီးပါးက ပြောကြသည်။ (ပုံ ၅.၂ (င) နောက်ဆက်တွဲ (ခ) တွင်ရှု)။ ခြံမြေနယ်နိမိတ်အငြင်းပွားမှု သာဓကတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးထံမှ ပထမဆုံး အကူအညီရယူမည် သို့မဟုတ် မိမိကိုယ်ကိုအားကိုးမည်ဟု အများစုက ပြောသည်။ အကယ်၍ မအောင်မြင်ပါက နောက်ထပ် အကူအညီတောင်းစရာ တစ်ဦးတစ်ယောက်မျှမရှိဟု (၃) ဦးလျှင် (၁) ဦးက ဆိုသည်။ (ပုံ ၅.၂ (စ) နောက်ဆက်တွဲ (ခ) တွင်ရှု)။

ဤအခြေအနေကြုံရပါက ရိုးရာလူကြီးများထံ ချဉ်းကပ် အကူအညီတောင်းခံမည့် ဖြေဆိုသူ အလွန်ရှားသည်။

*အနှစ်ချုပ်ရလျှင် ဖြေဆိုသူများသည် သမားရိုးကျ တရားမျှတရေးစနစ်ကို မသုံးလိုကြဘဲ ပြဿနာများကို ရပ်ရွာဒေသတွင်း ဖြေရှင်းလိုကြသည်။ သို့သော်အများစု မှာ အောင်မြင်မှုမရှိကြ။ အမှုပြဿနာ ၄ ပုံ ၃ ပုံကျော်တွင် တိုင်ကြားသူများသည် ပထမဆုံး တိုက်ရိုက်ညှိနှိုင်းသော နည်းလမ်းဖြင့်ပြဿနာဖြေရှင်းရန်ကြိုးစားကြသည်။ တိုက်ရိုက်ညှိနှိုင်းမှုများ သို့မဟုတ် တတိယပုဂ္ဂိုလ်အကူအညီများ ရယူပြီး နောက် အရေးအကြီးဆုံး ဦးစားပေးပြဿနာ (၅၆ မှ အနက် ၆၂.၅%) ကျော်မှာ မပြေလည်နိုင်သေးဘဲ ဆက်လက်ကျန်ရှိနေသည်။ မိမိလိုလားသည့် သို့မဟုတ် စိတ်ကျေနပ်စေသည့်ရလဒ်များကို ဖြေရှင်းပြေလည်မှုတိုင်းက မဆောင်ကျဉ်းနိုင်ပါ။*

*တိုက်ရိုက်ဆွေးနွေးမှုများ မအောင်မြင်ပါက အချို့ တိုင်ကြားသူများသည် အကြောက်တရား၊ အရှုံးနှင့်သာ ရင်ဆိုင်ရမည် သို့မဟုတ် အရှက်ရမည်စိုးသဖြင့် နောက်ထပ် တစ်စုံတစ်ယောက်ထံ အကူအညီတောင်းခံခြင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်းများ မလုပ်ကြပါ။*

## နည်းလမ်းစနစ်များနှင့် လမ်းကြောင်းအမျိုးမျိုး

သမားရိုးကျ တရားမျှတရေးစနစ်ပြင်ပ၌ ပုဂ္ဂလိကအငြင်းပွားမှုပြဿနာများကို ဖြေရှင်းသည့်နည်းလမ်းများစွာ ကချင်ပြည်နယ်တွင်ရှိသည်။ အစိုးရ၏ သမားရိုးကျ တရားမျှတရေးစနစ်ထက်စာလျှင် သမားရိုးကျမဟုတ်သော နည်းလမ်းများ အသုံးပြုခြင်းကို ပို၍နှစ်သက်သည်ဟု ဖြေဆိုသူများက ယေဘုယျဆိုသည်။ ၄င်းတို့၏ အကြောင်းပြချက်များမှာ -


- သမားရိုးကျ တရားမျှတရေးစနစ်မှ ဖြေရှင်းခြင်းသည် တစ်ဖက်ဖက်က ထောင်ကျနိုင်သည်။
- ရဲစခန်း သို့မဟုတ် တရားရုံးသွားရာတွင် လာဘ်ပေးရနိုင်သည်။
- ရဲစခန်း သို့မဟုတ် တရားရုံးများသွားရခြင်းသည် အချိန်ပိုကုန်နိုင်သည်။
- သမားရိုးကျ တရားမျှတရေးစနစ်မှတစ်ဆင့် နစ်နာသူသည် လျော်ကြေးမရနိုင်။
- အချို့ဓလေ့ထုံးတမ်းရိုးရာနည်းလမ်းများဖြင့် အမှုပြဿနာကို သိုသိုသိပ်သိပ် ဖြေရှင်းနိုင်သည်။

- ပူတာအိုစသည့်ဒေသများတွင် အစိုးရအရာရှိများသည် ဒေသရိုးရာ ဓလေ့များနှင့် ရင်းနှီးကျွမ်းဝင်၊ မသိရှိဆိုသည့် သဘောထားအမြင်။
- အလုပ်စဝင်၍ ပထမဆုံး တာဝန်ကျ၍သော်လည်းကောင်း၊ သို့မဟုတ် စည်းကမ်းဖောက်ဖျက်သဖြင့် အပြစ်ပေးသည့်အနေဖြင့် နယ်ပို့ခံရသဖြင့် ပူတာအို စသည့်ဒေသများတွင် တာဝန်ကျသည့်အရာရှိများသည် စွမ်းဆောင်ရည်မပြည့်ဝဟုဆိုသည့် သဘောထားအမြင်များ ကြောင့်ဖြစ်သည်။

## ပုဂ္ဂလိက အငြင်းပွားမှုဖြေရှင်းခြင်း၊ လူမှုရေးအရလက်ခံနိုင်သည့်နည်းလမ်းများ

လူမှုရေးအရ လက်ခံနိုင်သည့် နည်းလမ်းများဖြင့် ပုဂ္ဂလိကအငြင်းပွားမှုပြဿနာသည် ပုံစံများမှာ ရိုးရာဓလေ့ထုံးတမ်း စည်းမျဉ်း၊ စည်းကမ်းများကို လက်ခံလိုက်နာမှုအတိုင်းအတာအရ ကွဲပြားခြားနားသည် (ပုံ ၅.၂ တွင်ရှု) တိုင်းရင်းသားလူမျိုးများအပေါ် အခြေခံဖွဲ့စည်းထားသည့် စာပေနှင့်ရိုးရာယဉ်ကျေးမှုအဖွဲ့အစည်း (CLA) များသည် ရိုးရာဓလေ့ထုံးတမ်းများကို အနီးစပ်ဆုံး လေးစားလိုက်နာပြီး လုပ်ထုံးလုပ်နည်းအကျဆုံး ဖြစ်သည်။ ပြည်သူများသည် သက်ဆိုင်ရာရပ်ရွာအဖွဲ့ဝင် (၅) ဦး၊ (၇) ဦး သို့မဟုတ် (၉) ဦးပါဝင်သည့် (လတ်တလောဖွဲ့စည်းသည့်) ဆုံးဖြတ်ချက်ကော်မတီများ၏ အကူအညီများကိုလည်း ရယူတတ်ကြသည်။ ထိုကော်မတီများသည် ရိုးရာဓလေ့ထုံးတမ်းအချို့ကို လေးစားလိုက်နာပြီး ပို၍တိုးသာလျော့သာသဘောရှိသည်။ အကယ်၍ လုပ်ထုံးလုပ်နည်းများနှင့် အဖြေရလဒ်တို့သည် ရိုးရာဓလေ့အပေါ် အလုံးစုံအခြေခံခြင်းမဟုတ်ဘဲ အကြောင်းအချက်များစွာအပေါ် အခြေခံထားပါက တစ်ဖက်လူနှင့် တိုက်ရိုက်ညှိနှိုင်းခြင်းနှင့် တတိယပုဂ္ဂိုလ်အကူအညီဖြင့် ဖြေရှင်းသည့် ရိုးရာဓလေ့ နည်းလမ်းများစွာ မရှိပါ။ ထိုနည်းလမ်းများ (တိုက်ရိုက်ညှိနှိုင်းခြင်းနှင့်တတိယပုဂ္ဂိုလ်အကူအညီရယူခြင်း) မှာ ကချင် မဟုတ်သည့် ဖြေဆိုသူများ၏ အဓိက နည်းလမ်းနှစ်မျိုးဖြစ်သည်။

ပုံ ၅.၂ လူမှုရေးအရ လက်ခံနိုင်သည့် ပုဂ္ဂလိကအငြင်းပွားမှုပြဿနာ ဖြေရှင်းသည့် လမ်းကြောင်းများ



မှတ်သားသင့်သည်မှာ ထိုလုပ်ထုံးလုပ်နည်းများသည် တရားသေမဟုတ်ဘဲ အမြဲတမ်းတသတ်မှတ်တည်းလမ်းကြောင်းများအဖြစ် မမှတ်ယူသင့်ပါ။ လက်တွေ့တွင် ရိုးရာ ဓလေ့ထုံးတမ်းများသည် ပြောင်းလည်းကြပြီး တိုင်းရင်းသား လူမျိုးစုတစ်စုတွင်းမှာပင်လျှင် ရပ်ရွာဒေသအလိုက် လုပ်ထုံးလုပ်နည်းများ ပြောင်းလဲနိုင်သည်။ ဝေါဟာရ အခေါ်အဝေါ်များမှာလည်း နေရာတစ်ခုနှင့်တစ်ခု ကွဲပြားကြသည်။ ကွဲပြားသည့် နေရာဒေသများမှ ဖြေဆိုသူများသည် တစ်ခါတစ်ရံအကြောင်းအရာတူကို နာမည်ကွဲသို့မဟုတ် အကြောင်းအရာကွဲကို နာမည်တူများသတ်မှတ် ခေါ်ဝေါ်ကြသည်။

ဤသုတေသနလေ့လာမှု၏ တွေ့ရှိချက်များ သည် အကန့်အသတ်ရှိသောကြောင့် ရိုးရာဓလေ့ထုံးတမ်း ယဉ်ကျေးမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် ပြောင်းလဲတိုးတက်နေသည့် ခေတ်မီကမ္ဘာနှင့်ကိုက်ညီမှု လက်တွေ့ပကတိ၏ အစိတ်အပိုင်းတစ်ရပ်ကိုသာ ထင်ဟပ်နိုင်မည်။ ဥပမာဆိုရလျှင် ကချင်ရိုးရာလက်ထပ်ထိမ်းမြားမှုများတွင် မင်္ဂလာကြေးအဖြစ် ဆက်သသည့်မောင်းများ၊ ငွေပိုက်ပြောင်းများကို ယခုအခါ ငွေကြေးပမာဏတစ်ရပ်ဖြင့် အစားထိုးကြသည်။ ကိုယ်အင်္ဂါ ထိခိုက်ဒဏ်ရာရသည့် အမှုများတွင် မည်သည့်ခန္ဓာကိုယ်အစိတ်အပိုင်း ထိခိုက်ဒဏ်ရာရမှုအပေါ် ရိုးရာအရဆုံးဖြတ်သတ်မှတ်သည့် လျော်ကြေးပမာဏကို ယခုအခါ အခင်းဖြစ်သည့် နှစ်ဖက်ညှိနှိုင်းသဘောတူသည့် ပမာဏနှင့် အစားထိုးကြသည်။ ယနေ့ခေတ်တွင် ယေဘုယျအားဖြင့် လျော်ကြေးပမဏကိုညှိနှိုင်းမှုဖြင့်ပို၍သဘောတူလက်ခံလာကြသည်ဆိုသော်ငြားလည်းအချို့ ရပ်ရွာများတွင်ဓလေ့ ထုံးတမ်းရိုးရာ စံသတ်မှတ်ချက်များ ဆက်လက်ကျင့်သုံးလျှက်ရှိသည်။ ဥပမာ အချို့လင်မယား ပြတ်စဲသည့်ကိစ္စများတွင် လင် မယားကွဲသူများသည် ရပ်ရွာကို “တောင်းပန်သည့်” အနေဖြင့် လင်မယားကွဲကြောင်း အသိပေးသည့်အနေဖြင့် ရပ်ရွာလူကြီးများအတွက် အခမ်းအနားကျွေးမွေးစရိတ် (ဂျိမ်းဖောဘာသာစကားဖြင့် ရှာဝါရှားဆက်ရသည်) ပေးရသည်။ တစ်ခါတစ်ရံ ရိုးရာယုံကြည်မှုများသည် ခရစ်ယာန်အယူအဆများနှင့် ရောယှက်နေသည်။ ဥပမာ - ရဝမ်ရွာတစ်ရွာတွင် အိမ်ထဲ၌ ထိပါးစော်ကားမှုများသည် အိမ်အပြင်သို့မဟုတ် အများသူငါနေရာများတွင် ကျူးလွန်သည့် စော်ကားမှုထက်ပို၍ အပြစ်ကြီးလေးသည်ဟု သဘောထားသည့်အကြောင်းမှာ အိမ်နှင့်မိသားစုတစ်ခုလုံးကို အရှက်ရ၊ စော်ကား၊ သိက္ခာချသည်ဟု ခံယူသောကြောင့်ဖြစ်သည်။ ရိုးရာအစဉ်အလာအရ “အိမ်ဆေး” ဆုတောင်းပွဲအတွက် ကုန်ကျစရိတ် (အိမ်ဆေးပွဲခ) ပေးရသည်။ ဤကဲ့သို့ပွဲများတွင် သိက္ခာချ စော်ကားခံရသည့်မိသားစုသည် ဆုတောင်း ပွဲအမှန်တကယ် ကုန်ကျစရိတ်ထက်ပိုသည့် လျော်ကြေးငွေပမာဏ သတ်မှတ်နိုင်သည်။

## စာပေနှင့်ရိုးရာယဉ်ကျေးမှုအဖွဲ့အစည်း တရားရေးကော်မတီများ

လူမှုရေးအရလက်ခံသည့်လမ်းကြောင်းနည်းလမ်းများဖြင့် ပြဿနာဖြေရှင်းရာတွင် တိုင်းရင်းသားလူမျိုးအပေါ်အခြေခံသည့် လူမှုရေးအဖွဲ့အစည်းများဖြစ်သည့် စာပေနှင့်ရိုးရာယဉ်ကျေးမှုအဖွဲ့အစည်းများ၏ ဖြေရှင်းပုံများသည် ပို၍တရားဝင်သဘောဆောင်သည်။ သုတေသနအဖွဲ့သည် (ကချင်မျိုးနွယ်စု (၆) စုကို လွှမ်းခြုံသည့်) ကချင်၊ ဂျိမ်းဖော နှင့် လာချိတ် စာပေနှင့်ရိုးရာယဉ်ကျေးမှုအဖွဲ့အစည်းများဖြင့် မြစ်ကြီးနားတွင်လည်းကောင်း၊ ရဝမ်နှင့်လီဆူစာပေနှင့် ရိုးရာယဉ်ကျေးမှု အဖွဲ့အစည်းများနှင့် ပူတာအိုတွင်လည်းကောင်း၊ မိုးညှင်းတွင် ရှမ်းစာပေနှင့်ရိုးရာယဉ်ကျေးမှု အဖွဲ့အစည်းနှင့်လည်းကောင်းတွေ့ဆုံခဲ့သည်။ စာပေနှင့်ရိုးရာယဉ်ကျေးမှုအဖွဲ့အစည်းတစ်ခုချင်းစီ၏ ဖွဲ့စည်းပုံကွဲပြားခြားနားကြ သော်လည်း မြို့နယ်နှင့်ဗဟိုအဆင့်ကော်မတီများသည်တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက် ရွေးချယ်တင်မြှောက်ခံရသည့်အတွက် လုပ်ပိုင်ခွင့်အာဏာနှင့် တရားဝင်ဖြစ်မှု[၄၉] ခိုင်မာကြသည်။

စာပေနှင့် ရိုးရာယဉ်ကျေးမှု အဖွဲ့အစည်းများ၏ အဓိကလုပ်ငန်းများမှာ စာပေနှင့်ဘာသာစကား၊ ရိုးရာအကနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ခြင်းများ ဖြစ်သော်လည်း အချို့ရိုးရာယဉ်ကျေးမှု အဖွဲ့အစည်းများတွင် အငြင်းပွားမှုပြဿနာဖြေရှင်းသည့် တရားရေးကော်မတီများရှိကြသည်။ သုတေသနအတွက် တွေ့ဆုံမေးမြန်းခဲ့သည့် ကချင်၊ ဂျိမ်းဖော၊ လီဆူနှင့် ရဝမ် စာပေနှင့်ရိုးရာယဉ်ကျေးမှု အဖွဲ့အစည်းများတွင် အငြင်းပွားမှုပြဿနာများကို တာဝန်ယူဖြေရှင်းသည့် ကော်မတီများယှဉ်တွဲတည်ရှိသည်။

ဤ အငြင်းပွားမှုဖြေရှင်းသည့် ကော်မတီများကို “ရိုးရာရုံး” သို့မဟုတ် “ရိုးရာတရားရေး ကော်မတီ”ဟု ရည်ညွှန်းခေါ်ဆိုသည်။ အကြောင်းမှာ ကော်မတီဝင်များသည် ၎င်း၏ဆုံးဖြတ်ချက်များချမှတ်ရာတွင် ယေဘုယျအားဖြင့် ရိုးရာဓလေ့ထုံးတမ်း စည်းမျဉ်းစည်းကမ်းများကို လိုက်နာကျင့်သုံးကြသော ကြောင့်ဖြစ်သည်။ စာပေနှင့်ရိုးရာ ယဉ်ကျေးမှုတရားရေးကော်မတီများသို့ အများဆုံးရောက်လာသည့်အမှုကိစ္စများမှာ လင်မယားပြဿနာများနှင့် မြေယာအငြင်းပွားမှု

၄၉ ဥပမာ (၁၉၄၅ တွင်တည်ထောင်ခဲ့သည့်) လီဆူစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့အစည်း၏ ဖွဲ့စည်းပုံသည် ကျေးရွာအဆင့်ကို အခြေခံသည်။ အိမ်ထောင်စု (၁၀) စုတိုင်းက ဆယ်အိမ်မှူးတစ်ယောက် ရွေးချယ်သည်။ ထိုဆယ်အိမ်မှူးများက ရပ်ကွက်/ကျေးရွာအုပ်စုခေါင်းဆောင် ရွေးချယ်သည်။ ထို့နောက် ထိုသူများက ၎င်းတို့အချင်းချင်းကြား အလုပ်အမှုဆောင်ကော်မတီဝင်များ ရွေးချယ်ကြသည်။ အလားတူစွာ (၁၉၅၁တွင်ဖွဲ့စည်းခဲ့သည့်) ရဝမ်စာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့အစည်းသည် ရဝမ်လူမျိုးအများအပြားနေထိုင်သည့် မြို့နယ် (၁၂) မြို့နယ်တွင် တည်ရှိပြီး မြို့နယ်ကော်မတီများကို သက်ဆိုင်ရာမြို့နယ်အတွင်းရှိ ရဝမ်ကျေးရွာတစ်ခုချင်းစီမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည်။ ထိုမြို့နယ်ကော်မတီအဖွဲ့ဝင်များ၊ အခြားရပ်ရွာခေါင်းဆောင်များ၊ ခရစ်ယာန်ဘာသာရေးခေါင်းဆောင်များနှင့် ကော်မတီ နာယကများက ဗဟိုကော်မတီဝင်များကို ရွေးချယ်တင်မြှောက်ကြသည်။ ဗဟိုကော်မတီရုံးမှာ ပူတာအိုတွင် အခြေစိုက်သည်။

များဖြစ်သည်။ အခြားအမှုများမှာ အမွေအငြင်းပွားမှု၊ ခိုးရာလိုက်ပြေးမှု၊ အတင်းအကြပ်လက်ထပ်စေမှု၊ အိမ်ထောင်စုတစ်ခုနှင့်တစ်ခုကြား ပြဿနာအငြင်းပွားမှု၊ နှုတ်ဖြင့်စော်ကားမှု၊ ခိုးမှု၊ ခန္ဓာကိုယ်နာကျင်စေမှုနှင့် မတော်တဆ သေဆုံးမှုများ ဖြစ်သည်။

အငြင်းပွားမှုဖြေရှင်းသည့် လုပ်ထုံးလုပ်နည်းများသည် ယေဘုယျအားဖြင့် တရားရေးကော်မတီများကြား များစွာတူညီမှုရှိသည်။ တိုင်စာတစ်စောင်လက်ခံရရှိပါက ကော်မတီအဖွဲ့ဝင်များသည် ထိုတိုင်စာကို စီစစ်လေ့လာ၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီး ညှိနှိုင်းကြားနာမှုများ ဆောင်ရွက်ရန် သက်ဆိုင်သူများကိုဆင့်ခေါ်သည်။ ကော်မတီ အဖွဲ့ဝင်များသည် သက်သေများကိုခေါ်ဆိုပြီး နှစ်ဦးနှစ်ဘက် သက်သေထွက်ဆိုချက်များကိုနားထောင်သည်။ နှစ်ဖက် အမှုသည်များအပြင် ၎င်းတို့၏ မိသားစုများ၊ သက်ဆိုင်သည့် ရပ်ရွာမှရွာသူရွာသားများနှင့် အခြားပါဝင် ပတ်သက်သူများ လည်းသက်သေခံထွက်ဆိုရန်ဆင့် ခေါ်နိုင်သည်။ ကော်မတီသည် တစ်ခါတစ်ရံ အမှုသည်များကို သီးခြားတွေ့ဆုံပြီး တစ်ခါတစ်ရံ အမှုသည်များကို တစ်ပေါင်းတည်း တွေ့ဆုံသည်။ သက်ဆိုင်သူ အားလုံးနှင့် တွေ့ဆုံဆွေးနွေးပြီးသောအခါ ကော်မတီမှဆုံးဖြတ်ချက်ချသည်။ သဘောတူရေးသားချက်ကို ထုတ်ပြန်ပြီး အများသူငါရှေ့တွင် ဖတ်ပြသည်။ အကယ်၍ နှစ်ဘက်စလုံးက သဘောတူပါက ၎င်းတို့သည်တရားရေးကော်မတီနှင့် အခြားသက်သေများရှေ့မှောက်တွင် လက်မှတ်ထိုးကြသည်။ သဘောတူမှုကို အသိအမှတ်ပြုသည့် အနေဖြင့် နှစ်ဖက်စလုံး လက်ဆွဲနှုတ်ဆက်ကြသည်ဟု ကချင်နှင့် ရဝမ်စာပေနှင့် ရိုးရာယဉ်ကျေးမှု တာဝန်ရှိသူများကပြောကြသည်။ ရဝမ်စာပေနှင့် ရိုးရာယဉ်ကျေးမှု တာဝန်ခံများကလည်း သဘောတူညီချက်ရပြီး သောအခါ နှစ်ဖက်အမှုသည်များနှင့် တရားရေး ကော်မတီဝင်များသည် ဆုတောင်း ရွတ်ဆိုကြသည်ဟုလည်းဆိုသည်။

လီဆူစာပေနှင့်ရိုးရာယဉ်ကျေးမှု တရားရေးကော်မတီ၏ ကြားနာမှုများသည် ရိုးရာအစဉ်အလာအားဖြင့် ပို၍တရားခွင်သဘောဆောင်သည်။ နှစ်ဖက်အမှုသည်များတွင် လီဆူရှေ့နေများ (ဇီဖာရင် - လီဆူဘာသာစကားဖြင့်) လိုက်ပါဆောင်ရွက်ကြသည်။ ကြားနာမှုတွင် တရားလိုရှေ့နေသည် တစ်ဖက်အမှုသည်ကိုစွဲဆိုသည့်စွဲချက်များကိုတင်ပြပြီး စွဲချက်တစ်ခုစီအတွက် တုတ်ချောင်းတစ်ချောင်းချင်း စားပွဲပေါ် သို့ချပြသည်။ ထို့နောက်တရားခံရှေ့နေက စွဲချက်တစ်ခုစီကိုပြန်လည်ချေပသည်။ ကော်မတီသည်တင်ပြသည့် သက်သေအထောက်အထားအားလုံးကို စဉ်းစားဆင်ခြင်ပြီး မဲခွဲ၍ဆုံးဖြတ်ချက်ချသည်။ မှတ်သားသင့်သည့် အချက်မှာ အမှုသည်များ၏ ဆွေမျိုးများ၊ သက်ဆိုင်သည့်သူများ၊ ရပ်ရွာလူကြီးများလည်း ကြားနာမှုများတွင် တက်ရောက်ကြပြီး ၎င်းတို့ဆိုင်ရာအမှုသည်များ၏ အကျိုးစီးပွားအတွက် ပြောဆိုပေးကြသည်။ ထိုကဲ့သို့ သောသူများမှာ "ဉာဏ်အမြော်အမြင်ရှိသည့်လေးစားထိုက်သူများ" သို့မဟုတ် "ရိုးရာဓလေ့ထုံးတမ်းစီရင်မှုနှင့်ယခင်အမှုများနှင့်ပတ်သက်၍ အတွေ့အကြုံဗဟုသုတရှိသူများ" ဖြစ်ကြသည်။ ထိုယုံကြည်လေးစားထိုက်သည့် ပုဂ္ဂိုလ်များကို "ရိုးရာလူကြီးများ" ဟုလည်းခေါ်ကြသည်။ ရဝမ်စာပေနှင့်ရိုးရာယဉ်ကျေးမှုအဖွဲ့တွင် နိုင်ငံရေးနှင့် ရဝမ်လူမျိုးတိုးတက်ရေးတွင် အတွေ့အကြုံရှိသူများနှင့် ဖွဲ့စည်းထားသည်။နာယကကော်မတီတစ်ရပ်လည်း ရှိသည်။ ထိုနာယကများသည် တစ်ခါတစ်ရံ စာပေနှင့်ရိုးရာယဉ်ကျေးမှုတရားရေးကော်မတီ ကြားနာဆုံးဖြတ်မှုများသို့ ဖိတ်ကြားခံရပြီး အကြံဉာဏ်နှင့် လမ်းညွှန်မှုများပေးကြသည်။

တရားရေးကော်မတီနှင့် အဖွဲ့ဝင်များ၏ အခန်းကဏ္ဍနှင့်တာဝန်များမှာ အမှုတစ်ခုချင်းစီအပေါ်အခြေခံ၍ ကွဲပြားပုံရှိသည်။ "ပြဿနာဖြေရှင်းတဲ့နည်းတွေကတော့ အများကြီးပဲ" ဟု ကချင်စာပေနှင့် ရိုးရာယဉ်ကျေးမှု တာဝန်ခံတစ်ဦး ကဆိုသည်။ ဤအဆိုပြုချက်ကို ဤအစီရင်ခံစာပါ (အကန့်အသတ်ရှိသည့်) တွေ့ရှိချက်များက ထောက်ခံထားသည်။ တစ်ခါတစ်ရံ ကော်မတီသည် ဖြန်ဖြေစေ့စပ်သူ သို့မဟုတ် ညှိနှိုင်းသူကဲ့သို့တာဝန်ယူရသည်။ တစ်ခါတစ်ရံ ဂိမ်းဖောစာပေနှင့် ရိုးရာယဉ်ကျေးမှု တာဝန်ခံတစ်ဦး ရှင်းပြသည့် သဘောတူညီချက်တစ်ခုရရှိရန် နှစ်ဖက်အမှုသည်များအကြား အပြန်ပြန်အလှန်လှန် သွားရောက်ဖျောင်းဖျရသည့် "လွှန်းပျံညှိနှိုင်းမှု" များ ဆောင်ရွက်ရသည်။ တစ်ခါတစ်ရံ ကော်မတီ၏ အခန်းကဏ္ဍမှာ ခုံသမာဓိတရားသူကြီးကဲ့သို့ဖြစ်သည် (ဖြစ်စဉ်၁၇ တွင်ရှု)။ အချို့အမှုများတွင် အမှုကြားနာမှု ကာလတစ်လျှောက် ကော်မတီအခန်းကဏ္ဍနှင့် တာဝန် အမျိုးမျိုးပြောင်းလဲသည်။ အကယ်၍ နှစ်ဖက်အမှုသည် နှစ်ဦးကြား သဘောတူညီချက် မရပါက ကော်မတီသည် နှစ်ဘက်စလုံးကို နားထောင်ပြီး ဆုံးဖြတ်ချက်ချနိုင်သည်။ ဤဆုံးဖြတ်ချက်ကို သဘောတူခြင်းရှိမရှိကို နှစ်ဖက်အားမေးရသည်။ တစ်ဖက် သို့မဟုတ် နှစ်ဖက်စလုံး တောင်းဆိုသည့် လင်မယားကွဲမှုများ အပါအဝင် လင်မယားပြဿနာများတွင် ကော်မတီများသည် လင်မယားပြန်လည် ပေါင်းစည်းရေးကို အမြဲတစေနီးပါး ဖျောင်းဖျလေ့ရှိသည်။ ပြန်လည်ပေါင်းစည်းရန် ကြိုးပမ်းချက်များ အဆင်မပြေသည့်အခါမှသာ လင်မယားကွာရှင်းမှုကို ကြားနာဆောင်ရွက်သည် (ဖြစ်စဉ် ၁၈ တွင်ရှု)။

ဖြစ်စဉ် ၁၇

ဝေးလံသည့် တောင်ပေါ်ရွာသုံးရွာအကြားဖြစ်ပွားသည့် မြေယာအငြင်းပွားမှုကို ၂၀၁၅ တွင် ကချင်စာပေနှင့် ရိုးရာယဉ်ကျေးမှု အဖွဲ့အစည်းထံ တိုင်ကြားခဲ့သည်။

ပထမရွာ (က-ရွာ) မှရွာသားများသည် (ကိုလိုနီခေတ်တွင် တိုင်းတာသတ်မှတ်ခဲ့သည့်) ၎င်းတို့ရွာနယ်နိမိတ်အတွင်းတည်ရှိသည့် မြေယာအချို့ကို ရောင်းလိုသည်။ ဒုတိယရွာ (ခ-ရွာ) မှရွာသားများက

ရောင်းချမှုကို ကန့်ကွက်သည်။ အကြောင်းမှာ၄င်းတို့ဘိုးဘွားများသည်အဆိုပါရွာမှလာခဲ့ကြသည်။ ထို့အတွက်၄င်းတို့သည်ရွာမြေပိုင်ခွင့် ရှိသည်ဟုဆိုသည်။

ထိုပြဿနာကို ရွာအဆင့်နှင့် ရဲအရာရှိ တစ်ဦး ဖြေရှင်းသည့်တိုင်မပြေလည်သဖြင့် ရွာသုံးရွာမှကိုယ်စားလှယ်များသည် ကချင်စာပေနှင့်ရိုးရာယဉ်ကျေးမှုအဖွဲ့အစည်းထံ အကူအညီတောင်းကြသည်။

ကချင်စာပေနှင့်ရိုးရာယဉ်ကျေးမှု တရားရေးကော်မတီသည် နှစ်ဖက်စလုံး၏တောင်းဆိုသည့် အကြောင်းအရာများကို မေးမြန်းခဲ့ပြီး အငြင်းပွားရွာနှစ်ရွာကြားတည်ရှိသည့် (ဂ-ရွာ) မှ ရွာသားများ အပါအဝင် သက်သေထွက်ဆိုချက်များကို ကြားနာခဲ့သည်။ ထိုကြားနာမှုတွင် (က)ရွာမှ ရွာသား(၁၀) ဦး၊ (ခ)ရွာမှ ရွာသား(၈)ဦးနှင့်(ဂ)ရွာမှ(၂)ဦးတက်ရောက်ခဲ့ကြသည်။

သက်သေခံချက်များကို ကြားနာပြီးသောအခါ (ခ) ရွာမှရွာသားများသည် (က) ရွာမြေကို တောင်းဆိုပိုင်ခွင့်မရှိဟု တရားရေးကော်မတီက ဆုံးဖြတ်သည်။ အကြောင်းမှာထိုရွာ (၂) ရွာကြားတွင် နောက်ထပ်တစ်ရွာရှိနေသည့်အတွက် ဖြစ်သည်။ ဆက်လက်၍ ကော်မတီက ဘိုးဘွားဘီဘင်များသည် (က) ရွာမှ ဆင်းသက်လာသည့်အတွက်(က)ရွာမြေကိုရိုးရာ အစဉ်အလာပိုင်ဆိုင်ခွင့်ရှိသည်ဆိုသည့်(ခ)ရွာသားများ၏တောင်းဆိုမှုမှာ ခေတ်နှင့်မကိုက်ညီတော့ဟု ရှင်းပြသည်။ယနေ့ခေတ်မြေပြန့်နေကချင်များ၏ဘိုးဘွားဘီဘင်များသည် တစ်ချိန်ကတောင်ပေါ်ဒေသများမှ ဆင်းသက်လာခဲ့ကြသော်ငြားလည်းထိုမြေပြန့်ကချင်များသည် တောင်ပေါ်မြေများပိုင်ဆိုင်မှု တောင်းဆိုခွင့်မရှိသည့်အချက်ကို ကိုးကားထောက်ပြခဲ့သည်။

ဖြစ်စဉ် ၁၈

ရဝမ်အမျိုးသားတစ်ဦးနှင့် လက်ထပ်ထားသည့် အမျိုးသမီးတစ်ဦးသည် သူမကိုယ်ဝန်ရှိလျှက်နှင့်ပင် သူမယောကျ်ား၏ လိင်ပိုင်းဆိုင်ရာနှိပ်စက်စော်ကားခံရသဖြင့် လင်မယားကွဲရန် ရဝမ်စာပေနှင့်ရိုးရာယဉ်ကျေးမှုအဖွဲ့ထံ တိုင်ကြားခဲ့သည်။

စာပေနှင့် ရိုးရာယဉ်ကျေးမှု တရားရေး ကော်မတီသည်၄င်းတို့နှစ်ဦးကိုဆင့်ခေါ်ပြီးလင်မယားပြတ်စဲခြင်း၏အကျိုးဆက်များကိုရှင်းပြခဲ့သည်။ (၂)ရက်ခန့်အကြာ ဒုတိယကြားနာမှုတွင် အမျိုးသမီးမှာ စိတ်မပြောင်းသဖြင့် ကော်မတီက ပြတ်စဲမှုကို သေချာပြန်စဉ်းစားရန်နှင့် နောက်ထပ်တစ်ပတ် စောင့်ရန် တိုက်တွန်းခဲ့သည်။

နောက်ဆုံး တတိယကြားနာမှုတွင် ကော်မတီသည် ကွဲကွာခွင့်ကိုခွင့်ပြုခဲ့ပြီး ဖခင်သည် မမွေးသေးသည့်ကလေးအား ၄င်း၏အမည်ပေးပိုင်ခွင့်ရှိသည် ရိုးရာအစဉ်အလာအရ ကလေးအုပ်ထိန်းခွင့် ရှိသည်ဟု ဆုံးဖြတ်သည်။ အမျိုးသားနှင့် အမျိုးသမီးနှစ်ဦးစလုံး ကြားနာမှုစရိတ် သို့မဟုတ် ရုံးစရိတ် (၅၀၀၀) ကျပ်ပေးရသည်။

စာပေနှင့်ရိုးရာယဉ်ကျေးမှု ကော်မတီများမှတဆင့် အငြင်းမှုပြဿနာဖြေရှင်းမှုဆိုင်ရာ တွေ့ရှိချက်အချို့ ထုတ်နှုတ် နိုင်သည်။

- တရားမျှတမှုကို နှစ်ဦးနှစ်ဖက်အား ကျေနပ်မှုပေးခြင်းဟု ခံယူနားလည်သည့် သဘောထား။ စာပေနှင့်ရိုးရာယဉ်ကျေးမှု တာဝန်ခံတစ်ဦးက ရှင်းပြသည်မှာ -"ရည်ရွယ်ချက်က စိတ်ကျေနပ်မယ့် သဘောတူညီချက်ရဖို့ပါ။ နှစ်ဖက်လုံးအတွက် ကျွန်တော်တို့ဆုံးဖြတ်တယ်။ ဒေါသထွက်နေရင်တောင်မှ ဒီတစ်နေရာထဲမှာ နှစ်ရှည်လများကျွန်တော်တို့တွေ အတူတူနေလာခဲ့ကြတာ။ ကျွန်တော်တို့ ကလေးတွေလည်း အတူတူနေကြရအုံးမှာ။ ဒီတော့ နှစ်ဖက်စလုံးအတွက် ကျေနပ်စေမယ့် အဖြေရအောင် ကြိုးစားတယ်။"

- ထိုရပ်ရွာအဖွဲ့အစည်းများ၏ ကျစ်လစ်စွာ ချည်နှောင်ဖွဲ့စည်းထားသည့် သဘောသဘာဝတွင် ရပ်ရွာလူ့အဖွဲ့အစည်း ဟန်ချက်ညီသဟဇာတဖြစ်မှုသည် ဆုံးဖြတ်ချက်ချရာတွင် ထည့်သွင်းစဉ်းစားသည့် အရေးပါသည့် စံတန်ဖိုးတစ်ရပ် ဖြစ်သည်။ ထို့အတွက် ဆုံးဖြတ်ချက်ချသူများသည် ရပ်ရွာလူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ ကောင်းကျိုးကို ထည့်သွင်းစဉ်းစားကြသည်။ ထို့အပြင် အားလုံးအတွက် ကျေနပ်စေမည့် ရလဒ်အဖြေရရှိရန် စာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့အစည်းများသည် အချို့ရိုးရာလုပ်ထုံးလုပ်နည်းများကို ဖြေလျှော့၍ ထိခိုက်နစ်နာမှုနည်းစေသည့် လျှော့ပေါ့သည့် အချက်များကို ထည့်သွင်းစဉ်းစားပြီး လျော်ကြေးပမာဏကိုလည်း တိုးသာလျှော့သာခွင့်ပြုသည်။ ရိုးရာဓလေ့ထုံးတမ်းကို အတိအကျလိုက်နာ ဆောင်ရွက်ရန် မဖြစ်နိုင်။ မျှခြေရှာရန်လိုအပ်သည်ဟု စာပေနှင့်ရိုးရာယဉ်ကျေးမှု တာဝန်ခံတစ်ဦးက "အခုခေတ်မှာ ကျွန်တော်တို့က ခရစ်ယာန်ဓလေ့ထုံးတမ်းတွေကိုပိုကြိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ဘုရားသခင်ရဲ့မေတ္တာပေါ်မှာအခြေခံထားလို့။"ဟုပြောပြသည်။

- စာပေနှင့်ရိုးရာယဉ်ကျေးမှု တရားရေးကော်မတီများ၏ လုပ်ပိုင်ခွင့်အာဏာသည် တစ်စိတ်တစ်ဒေသအားဖြင့် စာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့ထံ အကူအညီတောင်းခံသည့်နှစ်ဖက်အမှုသည်များ၏သဘောတူချက်အပေါ် အခြေခံသည်။ တရားရေးကော်မတီ၏ ဆုံးဖြတ်ချက်များ သက်ဝင်အကောင်အထည်ဖော်ရန် မည်သည့်

အရေးယူအပြစ်ပေးသည့် ပုံစံမျိုးမရှိပဲ သက်ဆိုင်သူအမှုသည်များက ၎င်းတို့ဆန္ဒအလျောက် လိုက်နာကြသည်။

- ပြဿနာပြေလည်ကျေအေးမှု အဓိကပုံစံမှာလျော်ကြေးဖြစ်သည်။ တစ်ဖက်ဖက်ကို အငြင်းပွားသည့်မြေပိုင်မှု သို့မဟုတ် ကလေးအုပ်ထိန်းခွင့် ဆုံးဖြတ်ပေးရသည့်မြေ သို့မဟုတ် အုပ်ထိန်းခွင့် အငြင်းပွားမှုများမှလွဲ၍ ငွေကြေးအရ လျော်ကြေးပေးခြင်းသည် ပြဿနာဖြေရှင်းမှု၏ အဓိကပုံစံဖြစ်သည်။ လျော်ကြေးပမာဏနှင့် ပတ်သက်၍ ရိုးရာဓလေ့စည်းမျဉ်းစည်းကမ်းများရှိသော်လည်း(ဥပမာ - မောင်း သို့မဟုတ် တိရစ္ဆာန်စသည့် ပစ္စည်းများ) ယင်းပမာဏမှာ တိုးသာညှိသာရှိပြီး ခုံသမာဓိတရားသူကြီး၏ ပြစ်ဒဏ်အမိန့်ပုံစံထက်စာလျှင် အငြင်းပွားသူများ ပါဝင်ညှိနှိုင်းမှုများဖြင့် သတ်မှတ်သည်။

- စာပေနှင့် ရိုးရာယဉ်ကျေးမှု ကော်မတီများသည် ကြားနာမှုတွင်တင်ပြသည့်စွဲဆိုချေပချက်များ၊ သက်သေအထောက်အထားများကိုအခြေခံ၍ကျိုးကြောင်းဆင်ခြင်သည့် ဆုံးဖြတ်ချက်များကိုအများရှေ့တွင် ချမှတ်ကြသည်။ ဆုံးဖြတ်ချက်များကို အမှုတစ်ခုပြီးပြတ်သည့်အခါ ဖတ်ပြလေ့ရှိပြီး ရပ်ရွာတွင်းထုတ်ပြန် အသိပေးသည်။

- ရိုးရာ ဓလေ့ထုံးတမ်းများတွင် အမျိုးသား လွှမ်းမိုးသည့် စံသတ်မှတ်ချက်များ၊ အယူအဆများ ဆက်လက်တည်ရှိနေပြီး အမျိုးသမီးများအနေဖြင့် ဤကြားနာမှုများမှတစ်ဆင့် တရားမျှတမှုမရနိုင်ဟု အခွင့်အလမ်းနည်းစေသည်။ လင်မယား ပြတ်စဲခွင့်ရရန် ယောက်ျားနှင့်စာလျှင် မိန်းမကပို၍ခက်ခဲသည်ဟု စာပေနှင့်ရိုးရာယဉ်ကျေးမှု တာဝန်ခံများ၊ ယင်းအဖွဲ့များထံ အိမ်ထောင်ကွဲလျှောက်ထားခဲ့သူများနှင့်တွေ့ဆုံစကားပြောမှုများကဖော်ပြသည်။ စာပေနှင့်ရိုးရာယဉ်ကျေးမှု တာဝန်ခံတစ်ဦးက ယခုကဲ့သို့ ပြောပြသည်။ "တကယ်လို့ ယောကျ်ားကကွဲချင်တယ် မိန်းမက မကွဲချင်ဘူး ဒါဆိုကော်မတီက ယောကျ်ားဘက်ကို အများဆုံးစဉ်းစားပေးတယ်။ နှစ်ယောက်စလုံးကွဲချင်တယ်ဆိုရင် ကျွန်တော်တို့က ရိုးရာကိုစဉ်းစားရတယ်။ ယောကျ်ားကရှုံးသွားလို့ ဒါမှမဟုတ် ပုံမှန်မဟုတ်တော့တာကလွဲလို့ ရိုးရာအရ မိန်းမကယောကျ်ားနဲ့ကွဲဖို့ဆိုတာ ၁၀၀% လောက် မဖြစ်နိုင်ဘူး။"

## *(အမှုကိစ္စပေါ်မှာ လတ်တလောဖွဲ့စည်းသည့်) အငြင်းပွားမှုပြဿနာဖြေရှင်းမှုကော်မတီများ (ယာယီကော်မတီများ)*

အမှုကိစ္စပေါ်ပေါက်မှ လတ်တလောဖွဲ့စည်းသည့် ပြဿနာဖြေရှင်းမှု ကော်မတီများ သို့မဟုတ် ဘုတ်အဖွဲ့များသည် ယုံကြည်လေးစားထိုက်သည့် ရပ်ရွာခေါင်းဆောင်များနှင့်ဖွဲ့စည်းထားပြီး စာပေနှင့်ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်စာလျှင် လုပ်ထုံးလုပ်နည်း နည်းပါးသည်။ ဖြေဆိုသူများက လူမှုရေးလမ်းကြောင်း[၅၀] ဟုခေါ်သည်။

ဤနည်းလမ်းတွင် ပြဿနာဖြေရှင်းမှု ကော်မတီများကို အငြင်းပွားမှုပြဿနာပေါ်ပေါက်မှသာ ဖွဲ့စည်းကြသည်။ ပြဿနာဖြစ်သည့် နှစ်ဖွဲ့စလုံးမှ၎င်းတို့ရွာမှ လေးစားထိုက်သည့်လူကြီးများ သို့မဟုတ် ရိုးရာလူကြီးများကို ဆုံးဖြတ်ချက်ပေးမည့် ကော်မတီအဖွဲ့ဝင်များအဖြစ် အဆိုပြုတင်သွင်းကြသည်။ ပြဿနာအတိမ်အနက်ကိုလိုက်၍ တစ်ဖက်စီမှ (၂) ဦး၊ (၃) ဦးသို့မဟုတ် (၄) ဦးအဆိုပြုသည့် ကော်မတီကိုကြီးကြပ်မည့်နာယကတစ်ဦးကိုရွေးချယ်ရာ စုစုပေါင်း ကော်မတီဝင် အရေအတွက်မှာ (၅) ဦး၊ (၇) ဦးသို့မဟုတ် (၉) ဦးဖြစ်သွားသည်။ နာယက၏ အဓိကတာဝန်မှာ တည့်မတ်ကြီးကြပ်ပေးခြင်းဖြစ်သည်။ ဘုတ်အဖွဲ့ဝင်များကို ရိုးရာဓလေ့အသိဗဟုသုတ၊ ရပ်ရွာတွင်းမျှတမှု၊ ဂုဏ်သိက္ခာတို့အရ ရွေးချယ်သည်။ စာပေနှင့်ရိုးရာယဉ်ကျေးမှု တရားရေးကော်မတီများကဲ့သို့ပင် ထိုလတ်တလော ကော်မတီများသည်၎င်းတို့၏ ဆုံးဖြတ်ချက်များကို လိုက်နာရန် စည်းမျဉ်းစည်းကမ်း၊ အပြစ်ပေးအရေးယူမှုများ မထားရှိပါ။ အမှုသည်များက လူကြီးများ၏ အကူအညီနှင့်ဆောင်ရွက်မှုကို လိုလိုလားလား တောင်းခံသဘောတူခဲ့သဖြင့် ဆုံးဖြတ်ချက်များကို လေးစားလိုက်နာ ကြသည်။

အမှုပြဿနာဖြေရှင်းသည့် ယာယီကော်မတီများတွင်စာပေနှင့်ရိုးရာယဉ်ကျေးမှုတရားရေးကော်မတီလုပ်ထုံးလုပ်နည်းများနှင့် တူညီသည့်အချက်များ ရှိသည်။ ကော်မတီရှေ့မှောက်တွင် စွဲဆိုချေပချက်များကို ကြားနာပြီး ဆုံးဖြတ်ချက် လည်းချမှတ်သည် (အထက်တွင်ရှု)။ သို့သော် ယာယီကော်မတီကြားနာမှုများမှာတရားဝင်လုပ်ထုံးလုပ်နည်းနည်းပါးသည် ဟုဖြေဆိုသူများက မှတ်ချက်ပြုသည်။ ယေဘုယျအားဖြင့်အငြင်းပွားသူများသည်တိုင်ကြားစာလျှောက်တင်၍ နာကြားမှုတက်ရောက်ရန် ဆင့်ခေါ်စာ/သမ္မာန်စာစောင့်ရန် မလိုကြပါ။ ထိုကြားနာမှုများသို့ လူအမြောက်အများ တက်ရောက်ကြပြီး အပြင်လူ/လေ့လာစောင့်ကြည့်သူ/ပရိတ်သတ်များကလည်း ၎င်းတို့အမြင်သဘောထားများကို လွတ်လပ်စွာပေးနိုင်သည်။ တစ်ရပ်ထဲတစ်ရွာထဲမှ လူများဖြစ်သဖြင့် ကော်မတီဝင်များက အမှုဖြစ်သည့်သူများကို သိနေသည့်အချက်ကလည်း ထိုကဲ့သို့ရင်းနှီး ပွင့်လင်းမှုကို ဖြစ်စေသည်။

မြစ်ကြီးနားမြို့နယ်တွင် တစ်ခါတစ်ရံ ပြည်သူများသည် ၎င်းတို့ကိုကိုယ်စားပြုရန်၊ ၎င်းတို့ဖက်မှ လိုက်ပါဆောင်ရွက်ရန် သို့မဟုတ် ၎င်းတို့ကိုယ်စား (လူမှုရေးကြားနာမှုများတွင်)[၅၁] ပြောဆိုပေးရန် လူမှုရေးရှေ့နေများငှားကြသည်။

---

[၅၀] ရဝမ်ဖြေဆိုသူများက ထိုကော်မတီများကို "ကန်တော့ပွဲ" ဟုဆိုသည်။
[၅၁] လူမှုရေးရှေ့နေများသည် တစ်ခါတစ်ရံ အမှုသည်များ၏ တိုက်ရိုက်ညှိနှိုင်းမှုများတွင်လည်း လိုက်ပါဆောင်ရွက်ကြသည် (ဇယား ၅.၁ တွင်ရှု)။

ထိုလူမှုရေးရှေ့နေများသည် အပြောအဆိုကောင်းပြီး စည်းရုံးစွဲဆောင်ပြောတတ်ကြသည်။ ထိုသူများသည် ရိုးရာဓလေ့ထုံးတမ်းစည်းမျဉ်းစည်းကမ်းများကို သိရှိနှံ့စပ်ရန်လိုအပ်သည်။ အမှုတစ်ခုပြီးပါက ရှေ့နေကြေး ကျပ် (၅၀,၀၀၀) မှ ကျပ် (၁၀၀,၀၀၀) ကြားရရှိသည်ဟု လူမှုရေးရှေ့နေတစ်ဦးကဆိုသည်။ ပူတာအိုရှိလီဆူရပ်ရွာများတွင် ထိုသို့ငှားရမ်းလိုက်ပါဆောင်ရွက်သည့် ရှေ့နေများကို "ဇီဖာ" ဟုခေါ်ကြသည်။ အချို့အမှုများတွင် ဘုတ်အဖွဲ့ဝင်တစ်ဦးက တစ်ဖက်ရှေ့နေအဖြစ်လည်း ဆောင်ရွက်သည်။

လူမှုရေးဟုဆိုသည့်အတိုင်း ယာယီကော်မတီအဖွဲ့ဝင်များသည် ဆုံးဖြတ်ချက်အမိန့်ချမှတ်ရာတွင် ရိုးရာဓလေ့ထုံးတမ်း၊ စည်းမျဉ်းစည်းကမ်းများကို တိတိကျကျ လိုက်နာသည်ထက်စာလျှင် "လူမှုရေး" အချက်အလက်များကိုပို၍ထည့်သွင်းစဉ်းစားကြသည်။ ဖြေဆိုသူများက ပျော့ပြောင်း၍တိုးသာဆုတ်သာရှိသည့် လူမှုရေးကြားနာမှု/တရားခွင်၏အားသာချက်ကိုဖော်ပြရာတွင်အဆုံးအဖြတ်ကော်မတီသည် အမှုနှင့်ဆိုင်သည့်အချက်အလက်များ/ပတ်ဝန်းကျင်အချက်အလက်များနှင့် သက်သာရာသက်သာကြောင်းကို ခွင့်ပြုထည့်သွင်းစဉ်းစားသည်။ လူမှုရေးကြားနာမှုတရားခွင်များ၏ အခြေခံအယူအဆ "နားလည်မှု" သဘောတရားကိုလူမှုရေးရှေ့နေတစ်ဦးက အလေးပေးဖော်ပြသည်။ ဤကြားနာမှုများ၏ အဓိကရည်ရွယ်ချက်မှာ အားလုံးစိတ်ကျေနပ်စေမည့် ရလဒ်အဖြေထွက်ပေါ်ရန် ဖြစ်သည် (ဖြစ်စဉ် ၁၉ တွင်ရှု)။

### ဖြစ်စဉ် ၁၉

ဘုံပိုင်မြေတစ်ကွက်ပေါ်တွင် မိသားစု (၂) စုသည်နှစ်ရှည်လများ အတူလုပ်ကိုင် စားသောက်ခဲ့ကြသည်။ မြေဈေးများ မြင့်တက်လာချိန်တွင်မိသားစု (၂) စုလုံးက ထိုမြေ ကိုတစ်ဦးတည်းပိုင်ဆိုင်လိုကြပြီး မည်သူ့တွင်မှ တရားဝင် စာရွက်စာတမ်းများ မရှိကြပါ။

အခြေအနေကို စဉ်းစားဆုံးဖြတ်ပေးမည့် ရပ်ရွာလူကြီး (၅) ဦးပါဝင်သည့် ယာယီကော်မတီ ဖွဲ့စည်းရန် မိသားစု များကသဘောတူသည်။ နှစ်ဖက်ကြားနာပြီးနောက် နှစ်ဖက်စလုံးမှာ ဤမြေပေါ်တွင် နှစ်ပေါင်းများစွာလုပ်ကိုင်ခဲ့ သည့်အတွက် အညီအမျှခွဲဝေသင့်သည်ဟု ကော်မတီဆုံး ဖြတ်ချက် အမိန့်ချသည်။

စာပေနှင့် ရိုးရာယဉ်ကျေးမှု တရားရေးကော်မတီများ ကြားနာဆုံးဖြတ်သည့်အမှုများကဲ့သို့ပင် ကိုယ်ခန္ဓာထိခိုက်နာကျင်မှုများကို ယာယီကော်မတီများရှေ့မှောက်ကြားနာပြီး လျော်ကြေးပမာဏကို ညှိနှိုင်းကြသည်။ တရားရေးကော်မတီများနှင့် မတူသည့်အချက်မှာ လင်မယားပြတ်စဲသည့်အမှုများတွင် လူမှုရေးတရားရုံးများသည် ပို၍ပျော့ပျောင်းပြီး တိုးသာလျော့သာ ရှိသည်။ ကချင်အမျိုးသမီးတစ်ဦးသည် သူမယောက်ျားနှင့် ရိုးရာဓလေ့အရပြတ်စဲလိုပါက အမျိုးသမီးသည် ၎င်းတို့လက်ထပ်စဉ်က သတို့သားက သူမ၏မိဘများထံတင်တောင်းခဲ့သည့် မင်္ဂလာကြေး (ကွမ်းဖိုး)၏ ၂ဆလျော်ကြေးပေးရသည်။သို့သော်လူမှုရေးကော်မတီများသည် အမျိုးသမီး၏ ကွဲလိုသော အကြောင်းတရားများ ကို ထည့်သွင်းစဉ်းစားနိုင်သည်။ အကယ်၍ အိမ်တွင်းအကြမ်းဖက်မှု သို့မဟုတ် အိမ်ထောင်ရေးဖောက်ပြန်မှု စသည့် လင်ယောက်ျား၏ ချို့ယွင်းချက်များကြောင့်ဖြစ်ပါက ကော်မတီသည် အမျိုးသမီးအားလင်မယားကွဲရန်ရိုးရာအရလုပ် ဆောင်ပေးရသည်။ မင်္ဂလာကြေး (ကွမ်းဖိုး) ၂ ဆကို လျော်ကြေးအဖြစ် ပေးဆောင်ရန်မလိုဟု ဆုံးဖြတ်နိုင်သည့်အတွက် ရိုးရာတရားရေးကော်မတီများထက်စာလျှင် ယာယီကော်မတီများရှေ့မှောက် အမျိုးသမီးတစ်ယောက်အနေဖြင့်လင်မယားပြတ်စဲခွင့်ရရန် အနည်းငယ် ပို၍လွယ်ကူသည်။ သို့သော် ဖြေလျှော့စဉ်းစားသည့်အချက်များကို အခြေခံသည့်ဆုံးဖြတ်ချက်အမိန့်များတွင် အမျိုးသားလွှမ်းမိုးသည့် စံသတ်မှတ်ချက် အယူအဆများ ဆက်လက်နေရာယူဆဲဖြစ်သည် (ဖြစ်စဉ် ၂၀ နှင့် ၂၁ တွင်ရှု)။

### ဖြစ်စဉ် ၂၀

ရပ်ကွက်တစ်ခုတွင် ဂျိန်းဖောလင်မယား ပေါင်းသင်းနေထိုင်ကြသည်။ လင်ယောက်ျားသည် ဆေးစွဲလာပြီး ဇနီးမယားကို ရုပ်ပိုင်းဆိုင်ရာနှင့်လိင်ပိုင်းဆိုင်ရာ ရိုက်နှက်စော်ကားလာသည်။

စော်ကားနှိပ်စက်မှုဒဏ်ကို ၁၀ နှစ်ခန့်ခံရပြီးနောက် အမျိုးသမီးသည် နယ်မြေမှူး (သူမ၏အကွက်/အပိုင်တာဝန်ခံ) ထံ တိုင်ကြားပြီး သူမယောက်ျားတွင် HIV ရောဂါရှိသည့် အကြောင်းပြချက်ဖြင့် ကွာခွင့်တောင်းသည်။ ယောက်ျားက ကွာခွင့်မပေးသည့်အတွက် ဤအမှုကိုကြားနာရန် လူမှုရေးကော်မတီဖွဲ့သည်။ ကော်မတီ၏ ဝင်ရောက်ကူညီမှုကြောင့် ယောက်ျားက ဆေးဖြတ်မည်၊ မိန်းမကိုစော်ကားရိုက်နှက်ခြင်းမှ ရပ်မည်ဟု သဘောတူပြီးမိန်းမကယောက်ျားနှင့်နောက်ထပ် ၂ လပေါင်းသင်းနေထိုင်ရန် သဘောတူခဲ့သည်။ ၂ လကြာပြီးနောက် ယောက်ျားသည်ဆေးသုံးမြဲသုံး၊ အိမ်တွင်းအကြမ်းဖက်မှုများကို ဆက်လက် ကျူးလွန်မြဲဖြစ်သဖြင့် အမျိုးသမီးသည်ကွဲကွာခွင့် ထပ်တောင်းခဲ့သည်။ လူမှုရေးကော်မတီသည် နှစ်ဖက်စလုံးအား နားထောင်ကြားနာပြီးနောက် နှစ်ဖက်စလုံးတွင်အပြစ် ချို့ယွင်းချက်ရှိသည်ဟု အမိန့်ချသည်။ ယောက်ျားသည် ရိုက်နှက်အကြမ်းဖက်ခြင်းကြောင့် မိန်းမသည် အိမ်ထောင်ရေးဖောက်ပြန်မှုကြောင့်ဖြစ်သည်။ ဆက်လက်၍ လင်မယား ပြန်လည်ပေါင်းသင်းနေထိုင်သင့်သည်ဟု ဆုံးဖြတ်သည်။ သို့သော် ယောက်ျားသည် ဆေးဆက်လက်သုံးစွဲပါက ၎င်းသည် မင်္ဂလာကြေး/

ကွမ်းဖိုးလျော်ကြေးမရပဲ ကွဲခွင့်ပြုရမည်ဖြစ်ပြီး ကလေး အုပ်ထိန်းခွင့် ဆုံးရှုံးရမည်ဟု သတ်မှတ်ချက်ပါရှိသည်။ နှစ်ဖက်စလုံးက ထိုဆုံးဖြတ်ချက်ကို လက်ခံကြသည်။

(၃)လကြာသောအခါ အမျိုးသမီးသည် လူမှုရေး ကော်မတီဝင်များထံ ကွဲခွင့်ထပ်မံ တောင်းဆိုသည်။ "သူမယောကျ်ား မကြာခင်သေသွားနိုင်သဖြင့် သည်းခံနေပါ"ဟုသူမကို အလွတ်သဘောပြောသည်။ လက်ငင်းချက်ခြင်းကွဲလိုပါက သူမအနေဖြင့် ကွမ်းဖိုး ၃ ဆ လျော်ရနိုင်သည်ဟု ဆိုသည်။

အမျိုးသမီးသည် တရားဝင်ကွာရှင်းခွင့် ဆက်လက် တောင်းဆိုသည်။ ဤအကြိမ်တွင်လူမှုရေး ကော်မတီက အမျိုးသမီးသည် ကလေးသုံးဦး မွေးဖွားပေးခဲ့သည်။ အိမ်ထောင်သက်တလျှောက် ယောကျ်ား၏ ဒဏ်ခံခဲ့ရသည်ဟူသည့် လျော့ပေါ့သက်သာသည့် အကြောင်းနှစ်ချက်ကြောင့်သူမသည်မည်သည့်ကွမ်းဖိုး လျော်ကြေးပေးရန်မလို၊ သို့သော် ရိုးရာအရယောကျ်ားသည်ကလေးများအုပ်ထိမ်းခွင့်နှင့် အတူနေသည့်လက်ရှိအိမ်ပိုင်ဆိုင်ခွင့်ရှိသည်ဟု အမိန့်ချသည်။ အဆုံးတွင် အမျိုးသမီးသည် သူမမိဘများအိမ်သို့ တကိုယ်တည်း ပြန်ခဲ့ရသည်။

### ဖြစ်စဉ် ၂၁

ရဝမ်အမျိုးသမီးတစ်ဦးသည် သူမ၏ခင်ပွန်း၊ ကလေး နှစ်ဦးတို့နှင့်အတူ ပူတာအိုတွင်နေထိုင်သည်။ ယောကျ်ားဖြစ်သူသည် အလုပ်မလုပ်၊ မိသားစုဝင်ငွေမရှာနိုင်သဖြင့် အမျိုးသမီးသည် ရန်ကုန်သို့ အလုပ်ထွက်လုပ်သည်။

သူမသည် ၃ နှစ်ကြာပြီးနောက် မြို့သို့ပြန်လာချိန်တွင် ယောကျ်ားသည် အိမ်ထောင်တာဝန် ပျက်ကွက်သဖြင့် ယောကျ်ားနှင့်ကွာရှင်းလိုသည်ဟု ရပ်ရွာရှိလေးစားထိုက်သည့် သက်ကြီးရွယ်ကြီး/ ရပ်မိရပ်ဖတစ်ဦး (အာရှာဖ) ကို အသိပေးသည်။ ဤကိစ္စကို ဖြေရှင်းရန်အဖွဲ့ဝင် ၉ ဦးပါကော်မတီတစ်ရပ်ကို ဖွဲ့စည်းသည်။ "ကျွန်တော်သူ့မိဘတွေကို မင်္ဂလာကြေးပေးခဲ့တာပဲ။ ဒီတော့ သူကျွန်တော့်စကား နားထောင်ရမယ်၊ ကွဲဖို့သဘောမတူပါ။" ဟု၎င်းကဆိုသည်။ အမျိုးသမီးက ကွဲဖို့ရန် တောင်းဆိုသည်။ ထိုအတွက် ကော်မတီက မည်၍မည်မျှဆိုလျှင်ကွဲရန် သဘောတူမည်နည်းဟု ယောကျ်ားအားမေးသည်။

အမျိုးသမီးတစ်ဦးအနေဖြင့် လင်မယားကွဲရန် လျော်ကြေးပေးရမည်ဟု ရဝမ်ရိုးရာတွင် မပြဋ္ဌာန်းထားသော်လည်း ယောကျ်ားဖြစ်သူက အမျိုးသမီးမိဘများထံတင်တောင်းခဲ့သည့်မင်္ဂလာကြေး ၃၈သိန်းကျပ်ကို ပြန်ပေးရမည်ဟု တောင်းဆိုသည်။ အမျိုးသမီးက ၅၀၀,၀၀၀ ကျပ်သာ တတ်နိုင်သည်ဟု ဆိုသည်။

အမျိုးသမီး၏ ကွဲလိုစိတ်ပြင်းပြခြင်းမှာ သူ၏ တာဝန်ယူမှုကင်းမဲ့မှုကြောင့်ဖြစ်သည်ဟု ထောက်ပြပြီး မိန်းမကမ်းလှမ်းသည့်ငွေကို လက်ခံရန်၊ ကွဲခွင့်ကိုသဘောတူရန် ကော်မတီက အမျိုးသားကို အကြံပြုသည်။ လျော်ကြေးကို တလုံးတခဲတည်း မရပါကကွဲမပေးနိုင်ဟု ယောကျ်ားက ဆက်လက်ငြင်းဆန်သဖြင့် အမျိုးသမီးက ၈၀၀,၀၀၀ ကျပ်ပေးမည်ဟု ကမ်းလှမ်းသည်။ အဆုံးတွင် နှစ်ဦးနှစ်ဖက်သဘောတူသည့် လျော်ကြေးမှာ ၈၀၀,၀၀၀ ကျပ်ဟု ကော်မတီက ဆုံးဖြတ်သည်။ ရဝမ်ရိုးရာအရ ကလေးစောင့်ရှောက်အုပ်ထိန်းခွင့်ကို ယောကျ်ားရရှိသည်။ သို့သော်ကလေးများကို မိခင်နှင့်တွေ့ခွင့်ပြုရန် ကော်မတီက အမျိုးသားကို နားချသည်။

လင်မယားအိမ်ထောင်ရေးကိစ္စများအပြင် လူမှုရေးနည်းလမ်းဖြင့်ဖြေရှင်းလေ့ရှိသည့် အခြားအမှု ပြဿနာများမှာ အမွေမှုများ၊ မြေပိုင်ဆိုင်မှုပြဿနာများ၊ ခိုးမှု၊ ကိုယ်ခန္ဓာထိခိုက်နာကျင်စေသည့် ယာဉ်တိုက်မှုများဖြစ်သည်။ မျိုးနွယ်စု သို့မဟုတ် တိုင်းရင်းသားလူမျိုး မတူသည့်သူများကြားဖြစ်ပွားသည့် အမှုပြဿနာများကို ရိုးရာတရားရေးကော်မတီများထက်စာလျှင် လူမှုရေးကြားနာမှုလမ်းကြောင်းဖြင့် ဖြေရှင်းခြင်းမျိုးကပို၍သင့်လျော်သည် ဟုလည်းသဘောထားကြသည်။ အကြောင်းမှာ လူမျိုးတစ်မျိုးနှင့်တစ်မျိုး ရိုးရာဓလေ့ထုံးတမ်း ကွဲပြားသောကြောင့် ဖြစ်သည်။

ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်းတစ်ဦးက သူ၏ အတွေ့အကြုံအရ လူမှုရေးနည်းလမ်းဖြင့်ဖြေရှင်းသည့် ပြဿနာများနှင့် မြို့နယ်စာပေနှင့်ရိုးရာယဉ်ကျေးမှု တရားရေးကော်မတီများမှ ဖြေရှင်းသည့် အမှုပြဿနာအချိုးအစားမှာ ၄ ချိုး ၁ ချိုးခန့်ရှိသည်ဟုဆိုသည်။ စာပေနှင့်ရိုးရာယဉ်ကျေးမှု တရားရေးကော်မတီများထက်စာလျှင် လူမှုရေးကော်မတီများကို လူများပိုနှစ်သက်သည့်အကြောင်းမှာ -

- လူမှုရေးကြားနာစစ်ဆေးမှုများသည်လုပ်ထုံးလုပ်နည်း ရုံးကနားအသွင် သိပ်မဆန်သဖြင့် လွတ်လပ်စွာပြောဆိုနိုင်သည်ဟု လူများကခံယူကြသည်။
- စာပေနှင့်ရိုးရာယဉ်ကျေးမှု၏ ကြားနာမှုများသည် ညှိနှိုင်းမှုများတွင် "နားလည်မှု" ကိုအမြဲတမ်းခွင့်မပြုပါ။
- စာပေနှင့်ရိုးရာယဉ်ကျေးမှု တရားရေးကော်မတီဝင်များသည် မြို့နယ်ဒေသအသီးသီးမှ လာကြသူများဖြစ်ရာ အခင်းဖြစ်သူများနှင့် စိမ်းတတ်ကြသည်။
- လူမှုရေးကြားနာမှုများကို မည်သည့်နေရာတွင်မဆို

ကျင်းပနိုင်ပြီး အများအားဖြင့် ရပ်ကွက်/ကျေးရွာထဲမှ လူတစ်ဦးဦး၏အိမ်တွင် ကျင်းပသည်။ စာပေနှင့်ရိုးရာယဉ်ကျေးမှု ကြားနာမှုများအတွက် ကျင်းပရာ စာပေနှင့်ရိုးရာယဉ်ကျေးမှုအဖွဲ့ရုံးသို့ အမှုသည်များနှင့် ၎င်းတို့ကိုယ်စားလှယ်များ လာရောက်ရသည့် လမ်းခရီး စရိတ်ကုန်ကျရသည်။

- အမှုသည်များဘက်မှရွေးချယ်သည့် ကိုယ်စားလှယ်များသည် တခါတရံ စာပေနှင့်ရိုးရာယဉ်ကျေးမှုရုံး သို့ ကြားနာမှု သွားရောက်တက်ရောက်ရန် မတတ်နိုင်ကြပါ။
- ခိုးမှု၊ ခိုက်ရန်ဖြစ်မှုစသည့် သေးငယ်သည့်အမှုကိစ္စများကိုစာပေနှင့်ရိုးရာယဉ်ကျေးမှုတရားရေးကော်မတီများက အမြဲတန်းလက်ခံလေ့မရှိ။
- စာပေနှင့်ရိုးရာယဉ်ကျေးမှု တရားရေးကော်မတီမှ တဆင့် အမှုပြဿနာဖြေရှင်းခြင်းသည် အချိန်ကြာမြင့်ပြီးကြိမ်ဖန်များစွာ ဆင့်ခေါ်မှုများရှိနိုင်သည်။

## *တိုက်ရိုက်ညှိနှိုင်းမှုများ (များသောအားဖြင့် တတိယပုဂ္ဂိုလ်အကူအညီဖြင့်)*

ပုဂ္ဂလိကအငြင်းပွားမှုပြဿနာများကို လူမှုရေးအရ လက်ခံသည့်လမ်းကြောင်းဖြင့် ဖြေရှင်းရာတွင် အများဆုံး တွေ့ရသည့်ပုံစံမှာ အခင်းဖြစ်သူများအကြား (များသောအားဖြင့် တတိယပုဂ္ဂိုလ်အကူအညီဖြင့်) တိုက်ရိုက်ညှိနှိုင်းခြင်းဖြစ်သည်။ ဤလမ်းကြောင်းသည် အလွတ်သဘော ဆန်ပြီး စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်း မရှိသလောက်ဖြစ်သည်။ တိုက်ရိုက်ညှိနှိုင်းမှုများ၏ အခြေခံအယူအဆမှာ "နားလည်မှု" ဖြစ်ပြီး ကျေနပ်ဖွယ်အဖြေရလဒ်တစ်ခုကို အခင်းဖြစ်သူများအကြား နားလည်မှုရယူခြင်းဖြစ်သည်။ ဤသည်မှာ လက်တွေ့တွင်များသောအားဖြင့် နှစ်ဖက် အမှုသည်များအကြား လျော်ကြေးပမာဏကို နှစ်ဦးနှစ်ဖက် အခြေအတင်ငြင်းခုံ၊ ကျိုးကြောင်းအချက်များဖြင့် တဖက်သား လက်ခံလာအောင် အပြန်အလှန် အပေးအယူဖြင့် ညှိနှိုင်းရယူခြင်းဖြစ်သည် (ဖြစ်စဉ် ၂၂ တွင်ရှု)။

ဖြစ်စဉ် ၂၂

လူအများပါဝင်သည့် ခိုက်ရန်ဖြစ်မှုတွင် လူနှစ်ဦး ဒဏ်ရာရပြီး ဆေးရုံသို့ပို့သည်။ ဒဏ်ရာရသူများ၏ ဆွေမျိုးသားချင်းများနှင့် သူတို့၏ ရပ်ရွာခေါင်းဆောင်များသည်ရိုက်နက်ခဲ့သူတစ်ဦး၏အိမ်သို့သွားပြီးလျော်ကြေး ၈၀၀,၀၀၀ ကျပ်တောင်းသည်။

ရိုက်နက်သူများဘက်မှ ကိုယ်စားလှယ် သင်းထောက်ဆရာက "ရိုက်တဲ့လူရဲ့အမေကပြီးခဲ့တဲ့ ၂ ပတ် ကမှဆုံးသွားတာ၊ ဒီတော့သူတို့ (မိသားစု) မှာ ငွေရေးကြေးရေး အဆင်မပြေဘူး၊ ၈၀၀,၀၀၀ ကျပ်ကတော့ များလွန်းတယ်၊ ၂၀၀,၀၀၀ ကျပ်ပဲထားရအောင်" ဟုရှင်းပြသည်။ အရိုက်ခံဒဏ်ရာရသူဘက်မှ ဆွေမျိုးသားချင်းများက ဤကဲ့သို့တုံ့ပြန်သည်။ "၂၀၀,၀၀၀ (နှစ်သိန်း) ကတော့ သမုဒ္ဒရာထဲက ရေတစ်စက်လောက်ရှိတာ၊ ပူတာအိုမှာ ကြက်တစ်ကောင် တစ်သောင်းခွဲ (၁၅,၀၀၀ ကျပ်) လောက်ရှိတယ်။ ကြက်ရှစ်ကောင်သတ်ရင် ဆေးဖိုး (ဆေးရုံစရိတ်) ပဲရှိတယ်။ ခင်ဗျားတို့ပြောတဲ့ငွေက ကြက်ဖိုးလောက်ပဲရှိတာ။

ရိုက်နက်သည့်ဘက်က မိသားစုများနှင့် ထပ်မံဆွေးနွေးပြီးနောက် သင်းထောက်ဆရာက ကျပ် ၄၀၀, ၀၀၀ တိုးမြှင့်ကမ်းလှမ်းသည်။ ဒဏ်ရာရသူများ၏ အကျိုးဆောင်ဩဇာရှိသည့် ရပ်မိရပ်ဖများက "ဒီလောက်နဲ့ကတော့မင်းတို့ကလျော်ကြေးပေးတာ မဟုတ်ဘူး ဒီလောက်နည်းရင် ငါတို့လက်မခံနိုင်ဘူး။" ဟုပြန်ပြောသည်။ ဤတွင်ရိုက်သူများဘက် ကိုယ်စားလှယ် သင်းထောက်ဆရာဖြစ်သူက "ကျွန်တော်တို့ဘက်ကိုဒီငွေကို တမင်သက်သက် ကပ်နေတယ်လို့မမြင်ပါနဲ့ဗျာ၊ ကျွန်တော်တို့ခရစ်ယာန်တွေက တစ်ဦးအပေါ် တစ်ဦးမေတ္တာရှေ့ထားရမယ်လေ၊ သူ့အမေဆုံးတာလည်းသိပ်ကြာသေးတာမဟုတ်ဘူး။ ဒီလိုအခြေအနေမျိုးမှာလျော်ကြေးအများကြီးတောင်းရင် မသင့်တော်ဘူးလို့ကျွန်တော်ထင်တယ်။" ဟုအယူခံဝင်သည်။

နောက်ဆုံးတွင် နှစ်ဖက်လုံးက လျော်ကြေး ၄၀၀,၀၀၀ ကျပ်နှင့် ဒဏ်ရာရသူများ ပျောက်ကင်းသက်သာစေရန် ပြုလုပ်သည့် ဝတ်ပြုဆုတောင်းပွဲအတွက် ဆိတ်တစ်ကောင်ဖြင့် သဘောတူခဲ့ကြသည်။

လူမှုရေးအရလက်ခံသည့်နည်းလမ်းများ၏ သဘောသဘာဝမှာ - ညှိနှိုင်းမှုများတွင် အငြင်းပွားသူများ၏ မိသားစုများနှင့် ရပ်ရွာတွင်းမှ အခြားသူများ ဝင်ရောက်ပတ်သက်ဆွေးနွေးခြင်းပင်ဖြစ်သည်။ အစဉ်အလာအားဖြင့် ဖခင် သို့မဟုတ် ဩဇာရှိသည့် (အမျိုးသား) အဖိုးက ၎င်း၏ဆွေမျိုးရင်းချာ မိသားစုများကိုယ်စား ပြောဆိုသည်။ အဖေ သို့မဟုတ် လေးစားရသည့် အဖိုးမရှိပါက နီးစပ်သည့်ဆွေမျိုးတစ်ဦးက ဝင်ရောက်ပြောဆိုသည်။ ဖြေဆိုသူများက ၎င်းတို့ (မိသားစု) ကိုယ်စား ဝင်ရောက်ပြောဆိုပေးရန် အပိုင်းတာဝန်ခံနယ်မြေမှူးများ၊ သင်းထောက်ဆရာများ၊ ရိုးရာလူကြီးများ၊ "လူမှုရေးရှေ့နေများ" (လီဆူရပ်ရွာများတွင် ဇီဖာရင်ဟု ခေါ်ဆိုသည်) သို့မဟုတ် အခြားဩဇာရှိသည့် သို့မဟုတ် ပြောတတ်ဆိုတတ်သူများ၏ အကူအညီတောင်းကြသည် ဟုလည်း ပြောပြကြသည်။ ထိုပုဂ္ဂိုလ်များသည် တစ်ဖက်အမှုသည်ကိုယ်စား ညှိနှိုင်းကြပြီး ကြားနေသဘောထားမဆောင်ပါ။

ရပ်ရွာမှ အသိသက်သေများ၏ သက်သေထွက်ဆိုချက်များကလည်း ညှိနှိုင်းဆွေးနွေးမှုများအပေါ် ဩဇာလွှမ်းမိုးနိုင်သည် (ဖြစ်စဉ် ၂၃ တွင်ရှု)။

ဖြစ်စဉ် ၂၃

ရွာတစ်ရွာမှ အမျိုးသားတစ်ဦးသည် မြို့သို့ဆိုင်ကယ်မောင်းစီးသွားရာ အမျိုးသမီးတစ်ဦးကိုတိုက်မိပြီး ထိုအမျိုးသမီး လက်ကျိုးသွားသည်။ အမျိုးသမီး သည် ဆေးရုံသို့ဆေးကုရန်သွားခဲ့ပြီး သူမ၏သားသမီးများက ထိုဆိုင်ကယ်ကို သိမ်းထားသည်။

အမျိုးသားသည် သူ၏ဆိုင်ကယ်ပြန်ရရေးအတွက် သူ၏ ရွာအုပ်ချုပ်ရေးမှူးနှင့် အကွက်တာဝန်ခံ (ရပ်ကွက်မှူး) (အောက်တွင်ရှု) တို့ထံ အကူအညီတောင်းသည်။ ရွာအုပ်ချုပ်ရေးမှူး၊ ရပ်ကွက်မှူးနှင့် ဆိုင်ကယ်ပိုင်ရှင်တို့သည် မြို့ပေါ်သို့ သွားပြီး အတိုက်ခံဒဏ်ရာရသည့် အမျိုးသမီးမိသားစုနှင့် တွေ့ဆုံသည်။

အမျိုးသမီးမိသားစုက လျော်ကြေး ၁၅ သိန်းတောင်းသည်။ ရွာအုပ်ချုပ်ရေးမှူးက ဆိုင်ကယ်ပိုင်ရှင်တွင် ငွေမရှိပါ၊ တကယ်တမ်းတွင် သူ့အိမ်ကို အကြွေးဖြင့်ဆောက်ခဲ့ရကြောင်း ရှင်းပြပြီး လျော်ကြေးငွေပမာဏကိုလျှော့ပေးရန် တောင်းဆိုသည်။ အမျိုးသမီးမိသားစုက ၁၀ သိန်းအထိ လျှော့ပေးသည်။ သို့သော် ဆိုင်ကယ်ပိုင်ရှင်က ၈ သိန်းသာ တတ်နိုင်သည်ဟု ဆိုသည်။ ၉ သိန်းဖြင့်နှစ်ဖက်သဘောတူ၍ ၂ သိန်းကိုဆိုင်ကယ်ပိုင်ရှင်က ချက်ခြင်းပေးပြီး ကျန်ငွေကို လကုန်လျှင်ပေးမည်ဟု ဂတိပေးသည်။

ဆိုင်ကယ်ပိုင်ရှင်နှင့်ရပ်ကွက်မှူးတို့ ကျန်ငွေကို ပေးရန် မြို့ပေါ်တက်လာသောအခါ ထိုအမျိုးသမီးနှင့် တစ်ရပ်တည်းနေ မျက်မြင်သက်သေများက ထိုအမျိုးသမီးသည် ဆိုင်ကယ်လမ်းကြောင်းထဲသို့ တမင်သက်သက် တိုးဝင်ခဲ့သည်ဟု ထင်ကြောင်း ဆိုင်ကယ်ပိုင်ရှင်အားပြောကြသည်။ သဘောတူခဲ့သည့် လျော်ကြေး ၉ သိန်းမှာ များလွန်းကြောင်း၊ ၎င်းတို့ သဘောဖြင့် ဆိုင်ကယ် ပိုင်ရှင်ဘက်မှ ပြောပေးမည်ဟု ထိုသူများက တညီတညွတ်တည်းဆိုသည်။ ဆိုင်ကယ်ပိုင်ရှင်သည် နောက်ထပ်ညှိနှိုင်းရန် မလိုလားပါ။ သို့သော် အရပ်ထဲမှ မျက်မြင် သက်သေများ၏ ပြောပြချက်များကြောင့် လျော်ကြေးပမာဏကို လျှော့ပေးရန် သူနှင့် အကျိုးဆောင်များက အမျိုးသမီးမိသားစုကို တောင်းဆိုသည်။ နောက်ဆုံး စုစုပေါင်းပမာဏ ၇ သိန်းခွဲကို အမျိုးသမီး မိသားစုက သဘောတူခဲ့သည်။

အကြွေးပြန်ဆပ်ခြင်း၊ ကြွေးမြီ၊ ကိုယ်ခန္ဓာထိခိုက်နာကျင်မှုနှင့် ယာဉ်မတော်တဆမှုစသည့် "အမှုသေး" များ (အခန်း ၄ တွင်ရှု) တွင်တိုက်ရိုက်ညှိနှိုင်းမှုကို ပိုမိုနှစ်သက်ကြသည်ဟု ပြောဆိုသူများကဆိုသည်။ ထို့အပြင် အငြင်းပွားသည့် တဖက်သို့မဟုတ် တဖက်ထက်ပိုသည့် အမှုသည်များဘက်က အကြောင်းကိစ္စကို အများသူငါ မသိစေလိုသောအခါတွင်လည်းတိုက်ရိုက်ညှိနှိုင်းမှုများကို ပို၍ အားသန်ကြသည်။ ထိုအခါ သမားရိုးကျ တရားမျှတရေးစနစ် သို့မဟုတ် စာပေနှင့်ရိုးရာယဉ်ကျေးမှု တရားရေးကော်မတီ ကြားနာမှုများကဲ့သို့ အလားဆင်တူသည် (ဖြစ်စဉ် ၂၄ တွင်ရှု)။

ဖြစ်စဉ် ၂၄

အိမ်ထောင်ရှိ အစိုးရအရာရှိတစ်ဦးသည် အမျိုးသမီးတစ်ဦးနှင့် ဇတ်လမ်းဖြစ်နေသည်။ တစ်နေ့တွင် ၎င်းတို့ နှစ်ဦးနေပြည်တော်၌ယာဉ်တိုက်မှုဖြစ်ရာ (စီးနင်းသူ) အမျိုး သမီးသေဆုံးသွားသည်။

အမျိုးသမီး မိသားစုက အမှုကို ရဲသ ို့တိုင်ကြားသည်။ သို့သော်အမျိုးသားမှာ အမှုကို သိုသိုသိပ်သိပ်ဖြစ်လိုသည်။ ထိုအတွက် သူနှင့်ဆွေမျိုးသားချင်းများက အမျိုးသမီးမိသားစုနှင့်ညှိနှိုင်းရန် ကမ်းလှမ်းသည်။

အမျိုးသမီးမိသားစုက လက်ခံပြီး ညှိနှိုင်းမှုတွင် ၎င်းတို့ဖက်မှ လိုက်ပါဆောင်ရွက်ရန် ရပ်ကွက်မှူးတစ်ဦးအား အကူအညီတောင်းသည်။ ရပ်ကွက်မှူးသည် အမျိုးသားဘက်နှင့် ညှိနှိုင်းရန် နေပြည်တော်သို့လာသည်။ အမျိုးသမီးမိသားစုကိုယ်စား ရပ်ကွက်မှူးက အမျိုးသမီးသေဆုံးမှုအတွက် လျော်ကြေးသိန်း ၁၀၀ ကျပ်တောင်းသည်။ အမျိုးသားဘက်မှ အကျိုးဆောင်က သိန်း ၁၀၀ မှာ အမျိုးသားအ တွက်များလွန်းကြောင်း အမျိုးသမီးမိသားစုဘက်မှသိန်း ၅၀ ဖြင့်လက်ခံပေးရန် တောင်းဆိုသည်။ ဆက်လက်ဆွေးနွေးမှုများ ပြီးနောက် နှစ်ဖက်စလုံးက ရဲစခန်းမှအမှုကို ရုပ်သိမ်းရန် အမျိုးသားက အမျိုးသမီးမိသားစုကို သိန်း ၅၀ လျော် ကြေးပေးရန် သဘောတူကြသည်။

## *တတိယပုဂ္ဂိုလ်၊ အဖွဲ့အစည်းထံမှ အကူအညီဖြင့် အမှုပြဿနာဖြေရှင်းခြင်း*

ပုဂ္ဂလိကအငြင်းပွားမှုပြဿနာများကို လူမှုရေးအရလက်ခံသည့် စတုတ္ထနည်းလမ်းမှာ တတိယပုဂ္ဂိုလ်/ အဖွဲ့အစည်းထံမှ အကူအညီတောင်းခံ ရယူခြင်းဖြစ်သည်။ ထိုတတိယပုဂ္ဂိုလ်/အဖွဲ့အစည်းသည်ကြားဝင်ကူညီရန် သီးခြားတာဝန် (ဖြစ်စဉ် ၂၅ တွင်ရှု) သို့မဟုတ် ကျွမ်းကျင်မှုရှိသည့်အခါများတွင် ထိုနည်းလမ်းကိုပို၍ အသုံးပြုကြသည်။ ဤနည်းလမ်းနှင့် အထက်တွင်ဖေါ်ပြခဲ့သည့် နည်းလမ်း

(တတိယပုဂ္ဂိုလ် အကူအညီများပါဝင်တတ်သည့် တိုက်ရိုက်ညှိနှိုင်းမှုများ) မတူသည့်အချက်မှာ - ယခု တတိယပုဂ္ဂိုလ်သည် ကြားနေပြီး ပြဿနာအငြင်းပွားသည့် အမှုသည် မည်သည့်ဘက်ကိုမျှ ဘက်လိုက်ခြင်းမရှိပါ။

ဖြစ်စဉ် ၂၅

ဖောက်ထွင်းခံရသူ အမျိုးသားတစ်ဦးသည်အဖြစ်အပျက်ကို ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးထံ သတင်းပို့တိုင်ကြားသည်။ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့သည် ဖောက်ထွင်းခံရသူနှင့် ကျူးလွန်သည်ဟု သံသယရှိသူများကိုရပ်ကွက်ရုံးသို့ဆင့်ခေါ်မေးမြန်းသည်။ ကျူးလွန်ခဲ့သူများက ကျူးလွန်ခဲ့ကြောင်း ဝန်ခံသည်။

ရပ်ကွက်အုပ်ချုပ်ရေးမှူးက နစ်နာသူအား ခိုးယူခံရသည့်ပစ္စည်းဥစ္စာဆုံးရှုံးမှုအတွက်မည်ကဲ့သို့ လျော်ကြေးရလိုသည်ကို မေးသည်။ အုပ်ချုပ်ရေးအဖွဲ့သည် နစ်ဖက်ကြားညှိနှိုင်းပေး၍ ဆုံးဖြတ်ချက်ချသည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးသည် ကျူးလွန်သူများကို နောက်နောင်မကျူးလွန်ရန် ခံဝန်ဂတိလက်မှတ်လည်း ထိုးခိုင်းသည်။

အငြင်းပွားမှု အမှုပြဿနာပေါ်မူတည်၍ တတိယပုဂ္ဂိုလ်သည် ဖြန်ဖြေစေ့စပ်သူ၊ ညှိနှိုင်းသူ သို့မဟုတ် ခုံသမာဓိအဖြစ် ပို၍ဆောင်ရွက်သည်။ ထိုအငြင်းပွားမှုဖြေရှင်းသည့် တတိယပုဂ္ဂိုလ်များသည် ရပ်ရွာအတွင်းခေါင်းဆောင်မှု အခန်းကဏ္ဍ တာဝန်တစုံတရာရှိသည်ဟု အသိအမှတ်ပြုခံရသူများဖြစ်ပြီး အများအားဖြင့် အမျိုးသားများဖြစ်သည်။ ဥပမာ - ရိုးရာလူကြီးတစ်ယောက်သည် ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်းတစ်ဦးဖြစ်နိုင်ပြီး ၎င်း၏ ရိုးရာဓလေ့ထုံးတမ်းအသိကြွယ်ဝမှုကြောင့် လူမှုရေးရှေ့နေတစ်ဦးအဖြစ် လိုက်ပါဆောင်ရွက်နိုင်သည်။

ဇယား ၅.၁ တွင် ဤ သုတေသနအတွင်း တွေ့ကြုံခဲ့ရသည့် တတိယပုဂ္ဂိုလ်အဖွဲ့ အစည်းအသီးသီးနှင့်လူမှုရေးအရလက်ခံသည့် အမှုပြဿနာဖြေရှင်းရာတွင် ၎င်းတို့၏ ဖြစ်နိုင်ဖွယ် အခန်းကဏ္ဍတာဝန်များကို ဖေါ်ပြထားသည်။

ဇယား ၅.၁ တတိယပုဂ္ဂိုလ်များ၏ အငြင်းပွားမှုပြဿနာဖြေရှင်းရာတွင် ဖြစ်နိုင်ဖွယ် အခန်းကဏ္ဍတာဝန်များ


| ပုဂ္ဂိုလ် | ဝိသေသလက္ခဏာဖော်ပြချက် | ဖြစ်နိုင်ဖွယ်အခန်းကဏ္ဍ/တာဝန် |
|---|---|---|
| အကွက်အပိုင်းတာဝန်ခံ/ခေါင်းဆောင် (ရပ်ကွက်မှူး၊ နယ်မြေမှူး၊ အုပ်စုမှူး) | • ရပ်ကွက် သို့မဟုတ် ကျေးရွာ တရွာ၏ ပထဝီဧရိယာအစိတ်အပိုင်းတခုအပေါ် လုပ်ပိုင်ခွင့်အာဏာ သက်ရောက်သည့် ဒေသန္တရဆိုင် ရာရပ်ရွာခေါင်းဆောင် (အကွက်/အပိုင်းသည် လူမျိုးအလိုက် သို့မ ဟုတ် ကိုးကွယ်သည့်ဘာသာ အလိုက်ဖြစ်နိုင်သည်)<br>• ၎င်းတို့၏ ဧရိယာ/အကွက်အပိုင်းအတွင်း ဖြစ်ပွားသည့် ခိုက်ရန်ဖြစ်မှု၊ ယာဉ်တိုက်မှု၊ မူးယစ်ဆေးဝါး ပြဿနာ၊ သောက်စားမူးယစ်ရမ်းကားခြင်းကြောင့် အများပြည်သူအနှောင့်အယှက်ဖြစ်မှု၊အကြွေး အိမ်ခြံမြေငှားရမ်းခြင်း၊ ခြံမြေနယ် နမိတ်ပြဿနာနှင့် အမွေမှုများကိုတခါတရံဒေသန္တရဆိုင်ရာ ရပ်ကျေးအုပ်ချုပ်ရေးမှူးများနှင့်/သို့မဟုတ် အခြားအကွက်အပိုင်း တာဝန်ခံများနှင့်ပူးပေါင်းဖြေရှင်းသည်။ | • စီရင်ဆုံးဖြတ်သည့် ယာယီ ကော်မတီအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အမှုသည်များဘက်မှ ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ လိုက်ပါဆောင်ရွက်သည်။<br>• တိုက်ရိုက်ညှိနှိုင်းမှုများတွင် သက်ဆိုင်ရာအမှုသည်များဘက်မှကိုယ်စားလှယ်အဖြစ် လိုက်ပါဆောင်ရွက်သည်။<br>• အငြင်းပွားမှုပြဿနာများကို မိမိကိုယ်တိုင် ဖြေရှင်းသည်။ |
| "သက်ကြီးရွယ်ကြီးနှင့် လေးစားရသောပုဂ္ဂိုလ်" (ရပ်မိရပ်ဖ) | • မြို့ပြနှင့် ဗမာအသိုင်းအဝိုင်းတွင် ပို၍တွေ့ရသည်။ | • တိုက်ရိုက်ညှိနှိုင်းမှုများတွင် သက်ဆိုင်ရာ အမှုသည်များဘက်မှ ကိုယ်စားလှယ်အဖြစ် လိုက်ပါဆောင်ရွက်သည်။<br>• အငြင်းပွားမှုပြဿနာများကို မိမိကိုယ်တိုင် ဖြေရှင်းသည်။ |
| ဒေသဆိုင်ရာအုပ်ချုပ်ရေးမှူး (ရပ်ကွက်/ကျေးရွာအုပ်စု/ကျေးရွာအုပ်ချုပ်ရေးမှူး) အခမ်းအနားမှူး (နာယက) | • ၎င်းတို့၏ မဲဆန္ဒနယ်မြေမှ သွယ်ဝိုက် ရွေးချယ်တင်မြှောက်ခံရပြီး ၂၀၁၂ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ် ရေး ဥပဒေအရ လုပ်ငန်း တာဝန်များ ထမ်းဆောင်သည်။<br>• အစိုးရဌာနဆိုင်ရာများနှင့်ပတ်သက်သည့် ကိစ္စများတွင် အထူးသဖြင့်အရေးပါသည်။<br>• လင်မယားပြဿနာ၊ ယာဉ်တိုက်မှု၊ ခိုးမှု၊ လိမ်လည်မှု၊ ခိုက်ရန်ဖြစ်မှု၊ အချင်းစကားများမှုနှင့် မြေယာပြဿနာများ ကိုဖြေရှင်းသည်။ | • တိုက်ရိုက်ညှိနှိုင်းမှုများတွင် သက်ဆိုင်ရာအမှုသည်များဘက်မှ ကိုယ်စားလှယ်အဖြစ်လိုက်ပါဆောင်ရွက်သည်။<br>• အငြင်းပွားမှုပြဿနာများကို မိမိကိုယ်တိုင် ဖြေရှင်းသည်။<br>• ကြားနာစီရင်သည့် ယာယီကော်မတီများကို နာယကအဖြစ်ကြီးမှူးပြီး ဆုံးဖြတ်ချက်ချမှတ်ရာတွင်ပါဝင်သည်။ |

| | | |
|---|---|---|
| နာယက | • ဓလေ့ထုံးတမ်းရိုးရာ နှံ့စပ်ကျွမ်းကျင်သည့် လေးစားရသည့်သက်ကြီးပုဂ္ဂိုလ် | • စာပေနှင့်ရိုးရာယဉ်ကျေးမှုအဖွဲ့ တရားရေးကော်မတီများကို အကြံဉာဏ်ပေးသည်။ |
| (ဒေသဆိုင်ရာ) ဘာသာရေးခေါင်းဆောင် (တရားဟောဆရာ/သင်းအုပ်ဆရာ၊ သင်းထောက်ဆရာ) | • သင်းထောက်ဆရာတဦးမှာ ဘာသာရေး လုပ်ငန်းများ ဆောင်ရွက်ရန် ဘုရားကျောင်းအသင်းဝင်များကထောက်ခံထားသည့်လူပုဂ္ဂိုလ်များဖြစ်သည်။ [၅၂]<br>• အကျင့်သီလပြည့်စုံသူအဖြစ် အသိ အမှတ်ပြုခံရပြီး အိမ်တွင်းအကြမ်းဖက်မှု၊ လင်မယားပြဿနာ၊ မူးယစ်ဆေးစွဲသည့်ပြဿနာများ ဖြေရှင်းရာတွင် ယုံကြည်အားထားခဲ့ရသည်။<br>• ပြဿနာဖြေရှင်းသည့်နည်းတွင် ဝတ်ပြုဆုတောင်း၊ တရားဟောခြင်းလည်းပါဝင်သည်။<br>• ဘာသာရေးခေါင်းဆောင်များဖြစ်သည့်အတွက် လင်မယားကွဲခွင့်ပေး၍မရပါ။<br>• ယာဉ်တိုက်မှုတွင်လည်း ကြားဝင်စေ့စပ်ပေးသည်။ | • ကြားနာစီရင်ဆုံးဖြတ်သည့် ကော်မတီဝင်အဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအမှုသည် ကိုယ်စားလှယ်အဖြစ်လည်းကောင်း လိုက်ပါဆောင်ရွက်သည်။<br>• တိုက်ရိုက်စေ့စပ်ညှိနှိုင်းမှုများတွင် သက်ဆိုင်ရာအမှုသည် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်သည်။<br>• ပြဿနာအငြင်းပွားမှုများကို မိမိကိုယ်တိုင် ဖြေရှင်းသည်။ |
| လူမှုရေးရှေ့နေ | • အပြောအဆိုစကားပြောကောင်းသူဖြစ်ပြီး တဖက်အမှုသည်ကိုယ်စားလှယ်အဖြစ် ငှားရမ်းလိုက်ပါဆောင်ရွက်သည် | • ဆုံးဖြတ်ချက်ချမှတ်သည့်ယာယီကော်မတီကြားနာမှုများတွင်အမှုသည် များဘက်မှ လိုက်ပါဆောင်ရွက်သည်။<br>• တိုက်ရိုက်စေ့စပ်ညှိနှိုင်းမှုများတွင် အမှုသည်ကိုယ်စားလှယ်အဖြစ် လိုက်ပါဆောင်ရွက်သည်။ |
| ရိုးရာလူကြီး<br>(ရဝမ် ဘာသာစကားဖြင့် အာရှာဖေ (ah shapae) ၊ ခါရှင်ရှောက် (kha shin shauk) ဟုခေါ်သည်) | • ရိုးရာဓလေ့ထုံးတမ်း သိရှိနှံ့စပ်မှုကြောင့် ရပ်ရွာမှလေးစားရသည့် သက်ကြီးဝါကြီးပုဂ္ဂိုလ်<br>• လင်မယားကွဲမှု/ပြတ်စဲခြင်း၊ ကျား/မ အခြေပြု အကြမ်းဖက်မှု၊ ခန္ဓာကိုယ်ထိခိုက်နာကျဉ်မှု (ယာဉ်တိုက်မှုကြောင့်ဖြစ်ပေါ်သည့် ထိခိုက်နာကျဉ်မှုအပါအဝင်) မြေယာနှင့်ဆိုင်သည့် အငြင်းပွားမှုပြဿနာ၊ ခိုးမှုနှင့် ခိုက်ရန်ဖြစ်မှု စသည့်ကိစ္စများကို ဖြေရှင်းသည်။ | • စာပေနှင့် ရိုးရာယဉ်ကျေးမှု တရားရေးကော်မတီဝင်အဖြစ် ဆောင်ရွက်သည်။ (အကယ်၍ စာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင် ဖြစ်ပါက)<br>• စာပေနှင့်ရိုးရာယဉ်ကျေးမှု ကြားနာမှုများတွင် အမှုသည်ကိုယ်စားလှယ်အဖြစ် လိုက်ပါဆောင်ရွက်သည်။<br>• စီရင်ဆုံးဖြတ်ချသည့် ယာယီ ကော်မတီများတွင် အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ အကြံပေးအဖြစ်လည်းကောင်းဆောင်ရွက်သည်။<br>• စီရင်ဆုံးဖြတ်သည့်ယာယီကော်မတီကြားနာမှုများတွင် အမှုသည်ကိုယ်စား လိုက်ပါဆောင်ရွက်သည်။<br>• တိုက်ရိုက်စေ့စပ်ညှိနှိုင်းမှုများတွင် အမှုသည်ကိုယ်စားလိုက်ပါဆောင်ရွက်သည်။<br>• ပြဿနာအငြင်းပွားမှုများကို မိမိကိုယ်တိုင် ဖြေရှင်းသည်။ |

ပုံ ၅.၂ (က) တွင် တတိယပုဂ္ဂိုလ် အသီးသီးပါဝင်ပတ်သက်သည့် အငြင်းပွားမှုပြဿနာများကို လူမှုရေးအရ လက်ခံသည့် နည်းလမ်းများကို ဖော်ပြထားသည်။

၅၂ သင်းထောက်တစ်ဦးသည် (သာမန်) လူပုဂ္ဂိုလ်ဖြစ်ပြီး (ရိုးရိုးအရပ်သားတစ်ဦးဖြစ်ပြီး) ဘုရားကျောင်း/ အသင်းတော်လစာ မရရှိသော်လည်း အရက်သေစာ သောက်စားခြင်းမှရှောင်ကျဉ်ခြင်း၊ မှန်သောစကားကို အမြဲဆိုခြင်း စသည့်ကျင့်ဝတ်သိက္ခာများနှင့် အညီ ကျင့်ကြံနေထိုင်ရသည်။

ပုံ ၅.၂ (က) လူမှုရေးအရလက်ခံသည့် ပဋိပက္ခအမှုပြဿနာဖြေရှင်းသည့် နည်းလမ်းများ၊ တတိယပုဂ္ဂိုလ်များ။




## စံလင်သည့်နည်းလမ်းများ

လူမှုရေးအရ လက်ခံသည့် စံလင်သည့်နည်းလမ်းများဆိုသည်မှာ-ပဋိပက္ခအမှုပြဿနာအငြင်းပွားမှုများတွင် အခင်းဖြစ်အမှုသည်များသည် တခါတရံ ၎င်းတို့လိုအပ်ချက်များနှင့် အကောင်းဆုံးကိုက်ညီသည့် နည်းလမ်းများကို ရွေးချယ်နိုင်ခြင်းဖြစ်သည်။ အထက်တွင် ဆွေးနွေးခဲ့သည့်အတိုင်း ပြည်သူများသည် စရိတ်စက ကုန်ကျစရိတ်၊တိုးသာလျော့သာရှိမှု၊ ရင်းနှီးကျွမ်းဝင်ရှိမှု၊ အချိန်ပေးရမှု၊ ခရီးသွားရန်လိုအပ်ချက်၊ မျှော်လင့်သည့်ရလဒ်၊ ထောင်ကျမည့်အရေးမှရှောင်ရှားလိုမှု စသည့်အကြောင်းအချက်များ ပေါ်အခြေခံ၍ နည်းလမ်းများကို ရွေးချယ်ကြသည် (ဖြစ်စဉ် ၂၆ တွင်ရှု)။

> ### ဖြစ်စဉ် ၂၆
>
> ခရစ္စမတ်မတိုင်မီရက်အနည်းငယ်က ယာဉ်မောင်းတစ်ဦးသည် ကလေးငယ်တစ်ဦးကို တိုက်မိပြီး ထိုကလေး သေဆုံးခဲ့သည်။ ထိုသူမှာရက်မကြာမီ မင်္ဂလာဆောင်တော့မည်ဖြစ်ရာ ရပ်ရွာမှ ဘာသာရေးခေါင်းဆောင်များက သူ့ကိုမဖမ်းရန် ရဲနှင့်ညှိနှိုင်းကြသည်။ ဤအမှုကို စာပေနှင့်ရိုးရာ ယဉ်ကျေးမှု တရားရေးကော်မတီရှေ့မှောက် လူမှုရေးအရလုပ်နိုင်သည့်နည်းလမ်းဖြင့် ဖြေရှင်းနိုင်သည်ဟု ရဲကိုအာမခံသည်။
>
> နစ်ဖက်စလုံးက ဤအမှုကို တတ်နိုင်သမျှ ပြီးပြတ်လိုကြသည်။ ယာဉ်မောင်းက ထောင်ကျမည်စိုး၍ သမားရိုးကျ တရားမျှတရေးလမ်းကြောင်းဖြင့် မသွားလို၊ နစ်နာသည့် မိသားစုက ယာဉ်မောင်းတာဝန်မှ ရှောင်ထွက်သွားမည်ကို မလိုလားကြပေ။ အမင်္ဂလာ ကံဆိုးမှုများမှ ဝေးလိုသည့်အတွက် နစ်ဖက်စလုံးက ခရစ္စမတ်မတိုင်မီ ဤအမှုကို ပြီးပြတ်လိုကြသည်။
>
> ၎င်းတို့က မြို့နယ် စာပေနှင့်ရိုးရာယဉ်ကျေးမှုအဖွဲ့ အစည်းကို အားကိုးတကြီး အကူအညီ တောင်းခံသည်။ နောက်နေ့တွင် စာပေနှင့် ရိုးရာယဉ်ကျေးမှုကော်မတီဝင်များက ကြားနာသည်။ ယာဉ်မောင်းက နစ်နာသည့် မိသားစုအား သိန်း ၃၀ ကျပ် လျော်ကြေးပေးရန်သဘောတူချက်ဖြင့် အမှုဖြေရှင်းပြီးပြတ်ခဲ့သည်။

အောက်ဖော်ပြပါအမှု (ဖြစ်စဉ် ၂၇) ဖြစ်စဉ်တွင် ဖြေရှင်းသည့်နည်းလမ်း တစ်ခုစီ၏ ဆုံးဖြတ်ချက်ကို လိုက်နာအကောင်အထည်ဖော်ရန် ပျက်ကွက်သည့်အတွက် နည်းလမ်းပေါင်းများစွာ ချဉ်းကပ်ရပုံကို သရုပ်ဖော်ထားသည်။

> ### ဖြစ်စဉ် ၂၇
>
> ၁၉၈၂ တွင် "ဖွန်စာ*- Phung Sar" အမည်ရှိ ရပ်မှဆိုးတစ်ဦးသည် ဒရယ်တစ်ကောင်ကို ပစ်ခတ်ရာ

ခြေထောက်ကို ထိမှန်သွားသည်။ သူသည် သေလုနီးပါး ဒရယ်ပြေးရာတလျှောက် နောက်မှခြေရာခံလိုက်သည်။ မကြာခင် တစ်ရွာတည်းနေ အခြားမုဆိုး "ဒီးရမ်*- Dee Ram" ဒရယ်သေတစ်ကောင်ကို ခုတ်ထစ်နေသည်နှင့် တိုးသည်။

ဖွန်စာက ဤဒရယ်သည် သူပစ်သည့် ဒရယ်ဟု သံသယဝင်သည်။ သို့သော် ဒီးရယ်က သူပစ်သည် ဟု ဆိုသည်။ ရဝမ်ရိုးရာဓလေ့အရ မုဆိုးတစ်ဦးသည် ၎င်း သတ်သည့် တိရစ္ဆာန်ဦးခေါင်းကို တောင်းရသည်။ ပျက်ကွက်ပါက မုဆိုးသည် နောက်နောင် အမဲတစ်ကောင်မျှ မရရှိတော့ပဲ၊ ၎င်းနှင့် သားစဉ်မြေးဆက် ကျိမ်စာထိုက်သည်။

ဤဒရယ်ကို ဖွန်စာကသူပစ်ခဲ့သည်ဟု ယုံကြည်သည်။ ထို့အတွက် ဒရယ်ခေါင်းကို သူအသည်းအသန် လိုချင်သည်။ ဒီးရမ်ထံမှ ဒရယ်အားဝယ်ယူခဲ့သည့် တတိယလူ (စင်ဇီ)* က ထိုဒရယ်ခြေထောက်တွင် သေနတ်ဒဏ်ရာ အမှန်တကယ်ရှိသည်ဟု ဖုန်စာ အားပြောပြသည်။ ဖုန်စာက ဒရယ်ခြေထောက်ကို ခဏငှား၍ ဤဒရယ်ကို သူအရင်ပစ်ခဲ့ကြောင်း ဒီးရမ်ကို သက်သေပြသည်။ ဒီးရမ်က ဒရယ်ခေါင်းကိုပေးရန် ငြင်းဆန်သည်။

ဖုန်စာသည် ဤကိစ္စကို ရွာလူကြီး (ရွာသူကြီး) ထံ တိုင်သည်။ ရွာသူကြီးက ဒီးရမ်ကို အနိုင်ပေး ဆုံးဖြတ်သည်။ ရွာသူကြီး၏ ဆုံးဖြတ်ချက်ကို အပြီးသတ်အဖြစ် လက်မခံလိုသောကြောင့် ဖုန်စာသည် မြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထားသည်။ တရားသူကြီးက သက်သေခံအဖြစ် တင်ပြလာသည့် ဒရယ်ခြေထောက်ကို စစ်ဆေးပြီးနောက် ဒီးရမ်က ဒရယ်ခေါင်းကိုပြန်ပေးရန်၊ ဒဏ်ငွေ (၈၀) ကျပ်ဆောင်ရန် အမိန့်ချမှတ်သည်။ ဒရယ်ခေါင်းကိုခွေးစားသွားသည်ဟုဆိုပြီး ဒီးရမ်ကဒရယ်ခေါင်းကို ပြန်မအပ်ပါ။

တစ်ပြိုင်နက်တည်းတွင် စင်ဇီက ဖုန်စာသည် ပိုင်နက်ကျူးလွန်ပြီး ဒရယ်ခေါင်းကို ခွင့်ပြုချက်မရဘဲ ယူသွားခဲ့သည်ဟု စွပ်စွဲကာ မြို့နယ်တရားရုံး၌ တရားစွဲဆိုသည်။ ပိုင်နက်ကျူးလွန်ကြောင်း အပြစ်ထင်ရှားသည်ဟု ဖုန်စာ အမိန့်ချမှတ်ခံရပြီး အချုပ် (၁၃) ရက်နှင့် ဒဏ်ငွေ (၂၀၀) ကျပ်ဆောင်ရသည်။

ထိုဖြစ်ရပ်များအပေါ် စိတ်ပျက်လက်ပျက်ဖြစ်သည့် ဖုန်စာသည် မြို့နယ်စာပေနှင့်ရိုးရာယဉ်ကျေးမှုအဖွဲ့ထံ စင်ဇီနှင့် ဒီးရမ် တို့ကိုတိုင်ချက်ဖွင့်သည်။ စာပေနှင့်ရိုးရာယဉ်ကျေးမှု တရားရေးကော်မတီသည် စင်ဇီနှင့်ဒီးရမ်တို့ကို တရားခွင်ကြားနာရန် ဆင့်ခေါ်ခဲ့သော်လည်း ၎င်းတို့နှစ်ဦးမှာ လာရောက်ခြင်းမရှိ။ ထို့ကြောင့် တရားရေးကော်မတီသည် ဒရယ်ခေါင်းကို ဖုန်စာ အားပြန်ပေးရမည်ဟု အမိန့်ချမှတ်သည်။ သို့သော် ဤအမိန့်ကို မည်သူတစ်ဦးတစ်ယောက်ကမျှ လိုက်နာဆောင်ရွက်ခြင်းမရှိပါ။

ဤနှစ်ကာလများအတွင်း ဖုန်စာ၏ဇနီး၊ သားနှစ်ယောက်နှင့် ချွေးမသေဆုံးခဲ့သည်။ ဤသည်ကို ဒရယ်ခေါင်းမပိုင်ရ၍ ကျိမ်စာထိုက်သည်ဟု ဖုန်စာယုံကြည်သည်။ ထို့အတွက် ဖုန်စာသည် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ သွားရောက်၍ အကူအညီတောင်းသည်။ ထွေအုပ်ရုံးက တရားရုံးသွားရန် အကြံပြုသည်။ ဒေသခံ ရဝမ်လူမျိုးဖြစ်သည့် တရားရုံးစာရေးက အမှုကို တရားရုံးသို့ဦးတိုက်လျှောက်ထားရန် စာပေနှင့်ရိုးရာယဉ်ကျေးမှုရုံးမှ လွှဲစာလိုသည်ဟု ဖုန်စာအားအကြံပေးသည်။

၂၀၁၅ တွင် ဖုန်စာသည် စာပေနှင့်ရိုးရာယဉ်ကျေးမှုရုံးမှလွှဲစာရရှိခဲ့ပြီး မြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထားသည် ကြားနာမှုရုံးချိန်း (၇) ကြိမ်ပြီးနောက် သက်သေခံပစ္စည်းများ မရှိတော့သဖြင့် တရားသူကြီးက အမှုကိုပလပ်ခဲ့သည်။ *အမည်ရင်းများမဟုတ်ပါ။

*အနှစ်ချုပ်အားဖြင့် သမားရိုးကျ တရားမျှတရေးပြင်ပတွင် ပုဂ္ဂလိကအငြင်းပွားမှုပြဿနာများကို ဖြေရှင်းသည့်နည်းလမ်းများစွာရှိသည်။ ထိုသမားရိုးကျစနစ်ထက်စာလျှင် ရိုးရာဓလေ့ထုံးတမ်း နည်းလမ်းများကို ဖြေဆိုသူများက ပို၍နှစ်သက်အသုံးပြုကြသည်။ စားရိတ်စက၊ ကုန်ကျစရိတ်တိုးသာလျော့သာရှိမှု၊ အချိန်ကြာမြင့်မှု၊ ခရီးသွားလာရမှုနှင့် မျှော်လင့်သည့်ရလဒ်အဖြေများအပေါ်အခြေခံပြီး နည်းလမ်းများကို ရွေးချယ်ကြသည်။*

*ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း လုပ်ထုံးလုပ်နည်းများသည် ခေတ်မီကမ္ဘာနှင့်လိုက်လျောညီထွေဖြစ်ရန် ပြုပြင်ပြောင်းလဲနေသည်မှာ ထင်ရှားသည်။ ရိုးရာဓလေ့၊ လူမျိုးအပေါ်အခြေခံသည့် စာပေနှင့်ရိုးရာယဉ်ကျေးမှုအဖွဲ့များပင်လျှင် အငြင်းပွားမှုပြဿနာ ဖြေရှင်းသည့် နည်းလမ်းအသွယ်သွယ်ကို အသုံးပြုလျှက်ရှိသည်။ ပြည်သူများသည် ပို၍တိုးသာလျော့သာရှိသည့် ဆုံးဖြတ်ချက်အမိန့် ချမှတ်ရာတွင် "လူမှုရေး"နှင့်လျော့ပေါ့သက်သာသည့်အကြောင်းအချက်များကို ခွင့်ပြုစဉ်းစားသည့် ရပ်ရွာမှလေးစားထိုက်သည့် လူများဖြင့် ဖွဲ့စည်းထားသည့် ယာယီ ဆုံးဖြတ်ချက်ကော်မတီများထံမှ အကူအညီများ ပိုတောင်းလေ့ရှိသည်။*

*ပုဂ္ဂလိက အငြင်းပွားမှုများကိုဖြေရှင်းသည့် အများဆုံးတွေ့ရသည့်နည်းလမ်းမှာ အမှုသည်များကြား တိုက်ရိုက်ညှိနှိုင်းခြင်း ဖြစ်သည်။ ဤနည်းလမ်းမှာနားလည်မှု အပေါ်အခြေခံပြီး ကျေနပ်စေသည့်ရလဒ်အဖြေထွက်ပေါ်ရန် အမှုသည်များကြား ဘုံနားလည်မှု တည်ဆောက်ရယူခြင်းဖြစ်*

*သည်။ (သဘောတရား) ဤတရားမျှတမှုရယူသည့် နည်းလမ်းကို အကြွေးပြန်ဆပ်ခြင်း၊ ကြွေးမြီပြဿနာ၊ ကိုယ်ခန္ဓာထိခိုက်နာကျင်မှုနှင့် ယဉ်မတော်တဆမှု စသည့် "အမှုသေးအမှုငယ်များ" သို့မဟုတ် ပြဿနာဖြစ်သည့် တစ်ဖက် သို့မဟုတ် တစ်ဖက်ထက် ပိုသူများက အမှုကိစ္စကို အများသူ ငါ မသိစေလိုသည့်အခြေအနေများတွင် ပို၍အသုံးပြုကြသည်။*

*အငြင်းပွားမှုပြဿနာများကို လူမှုရေးအရ လက်ခံဖြေရှင်းသည့် နောက်ထပ်တွေ့ရလေ့ရှိသော နည်းလမ်းမှာ မိမိကိုယ်စားဆောင်ရွက်ပေးသည့် ဘက်မလိုက်သည့်ကြားနေ တတိယပုဂ္ဂိုလ် (သီးခြားသတ်မှတ်ထားသည့် တာဝန်အရသော်လည်းကောင်း၊ကျွမ်းကျင်မှုအရသော်လည်း ကောင်း) ၏ အကူအညီရယူခြင်းဖြစ်သည်။ ထိုပုဂ္ဂိုလ်များသည် များသောအားဖြင့် ရပ်ရွာတွင်းမှ ခေါင်းဆောင်များဖြစ်ပြီး အမျိုးသားများဖြစ်သည်။*

# ပြစ်မှုဆိုင်ရာ တရားမျှတရေးစနစ်

အစိုးရအရာရှိများက ရှင်းပြသည်မှာ၄င်းတို့သည် ယေဘုယျအားဖြင့် အမှုများကို ရိုးရာဓလေ့ခေါင်းဆောင်များထံ လွှဲပြောင်းပေးခြင်းမရှိ၊ အုပ်ချုပ်ရေးနှင့် တရားရေးစနစ်အကြား၊ အုပ်ချုပ်ရေးနှင့် ရိုးရာဓလေ့ထုံးတမ်းစံနှုန်းများအကြား အပြန်အလှန် ချိတ်ဆက်မှုများ မရှိဟုဆိုသည်။ အကယ်၍ အမှုသည်များသည် ၄င်းတို့အမှုများကို ရိုးရာဓလေ့နည်းလမ်းဖြင့် ကိုင်တွယ် ဖြေရှင်းပုံကို မကျေနပ်ပါက သမားရိုးကျ တရားမျှတရေးစနစ် ရှေ့မှောက် စွဲတင်နိုင်သည်ဟု အချို့အရာရှိများက ဆိုသည်။ ထိုသို့စွဲတင်လာပါက ရိုးရာလူကြီးများချမှတ်ခဲ့သည့်ယခင်အမိန့်ဆုံးဖြတ်ချက်များကို တရားရုံးအနေဖြင့် ထည့်သွင်းစဉ်းစားခြင်း မရှိဟု တရားသူကြီးတစ်ဦးက မှတ်ချက်ပြုသည်။

ပူတာအိုမြို့နယ်တွင် လွန်ခဲ့သည့်နှစ်များအတွင်း နိုင်ငံတော်အဆင့် ပြုပြင်ပြောင်းလည်းမှုများနှင့်အညီ သမားရိုးကျ တရားမျှတရေးစနစ်အသုံးပြုမှုတဖြည်းဖြည်းတိုးမြင့်လာသည်ဟု တရားရေးအရာရှိများက မှတ်ချက်ပေးသည်။

## ရဲအရေးပိုင်သည့် အမှုများနှင့် လုပ်ပိုင်ခွင့်အာဏာ

ရဲလုပ်ငန်းများကို သက်ဆိုင်ရာလုပ်ပိုင်ခွင့်အာဏာများအရ အမျိုးအစား ကဏ္ဍ (၃) ခုခွဲထားသည်။

- "အမှုကြီး" (၁၀) မှု - လူသတ်မှု၊ ဓါးပြလုယက်မှု၊ လုယက်မှု၊ ပြန်ပေးဆွဲမှု၊ မုဒိမ်းမှု၊ ဖောက်ထွင်းမှု၊ တိရစ္ဆာန်ခိုးမှု၊ နိုင်ငံတော်ပုန်ကန်မှု၊ မတရားအသင်းနှင့် လက်နက်အမှုများသည် ခရိုင်ရဲတပ်ဖွဲ့ လုပ်ပိုင်ခွင့် အာဏာအောက်တွင် ရှိသည်။
- "အခြားအမှုများ" - ပြည်သူပိုင် သို့မဟုတ် အစိုးရပိုင်ပစ္စည်းခိုးမှု၊ ယာဉ်ခိုးမှု၊ ခါးပိုက်နှိုက်မှု၊ သာမန် နာကျင်စေမှုစသည့် အမှုများသည် ပြစ်မှုနှင့်တွဲသည့် ပြစ်ဒဏ်ကို လိုက်၍ ခရိုင် သို့မဟုတ် မြို့နယ် ရဲတပ်ဖွဲ့ လုပ်ပိုင်ခွင့် အာဏာအောက်တွင် ရှိသည်။
- "ကြို/ကာမှုများ" တွင် ၁၉၄၅ ရဲအက်ဥပဒေ၊ ၁၉၅၀ အရေးပေါ် စီမံချက်အက်ဥပဒေ၊ ၁၉၆၁ ပြစ်မှုကျူး လွန်တတ်သူများ သွားလာလှုပ်ရှားမှုကိုကန့်သတ်သည့် ခံဝန်နှင့်ခြေချုပ်ဥပဒေစသည့် ဥပဒေပြဌာန်းချက်များအောက် ကျူးလွန်သည့် အမှုများ၊ လောင်းကစား၊ အရက်သေစာ သုံးစွဲရောင်းချခြင်းနှင့် ပြည့်တန်ဆာလုပ်ငန်းများ စောင့်ကြည့်ခြင်းတို့မှာ မြို့နယ် ရဲတပ်ဖွဲ့၏ လုပ်ပိုင်ခွင့်အာဏာ အောက်တွင်ရှိသည်။

ပြစ်မှုကျူးလွန်တတ်သူများ၏ လှုပ်ရှားသွားလာမှုကိုကန့်သတ်သည့် ခံဝန်နှင့် ခြေချုပ်ကြိုတင်ကာကွယ်သည့် ဆောင်ရွက်ချက်များသည်မြို့နယ်ရဲတပ်ဖွဲ့၏လုပ်ငန်းတာဝန် အမျိုးအစားအများစုကို နေရာယူထားသည်။ အခြေခံအဆင့်တွင်ထိုကြိုတင်ကာကွယ်သည့်လုပ်ငန်းများမှာ မူးယစ်ဆေးသုံးစွဲသူနှင့် အရက်သေစာ သောက်စားမှုကြောင့် ကျူးလွန်ခြင်းစသည့် ပြစ်မှုကျူးလွန်တတ်သူများအပေါ် အထူးအလေးပေးခြင်း အပါအဝင် မှုခင်းကာကွယ်ရန် ရည်ရွယ်သည်။

ရဲအရာရှိတစ်ဦးက ၁၉၆၁ ပြစ်မှုကျူးလွန်တတ်သူများ ခံဝန်နှင့်ခြေချုပ်ဥပဒေအရ အဓိက ပြစ်မှုမြောက်စေသည့်အချက်မှာ "၄င်း၏ပြုမူတတ်သော သို့မဟုတ် ယခင်ပြုမူတတ်သော အမူအကျင့် အပြုအမူအပေါ် အခြေခံ၍ ထိုသူရှိနေခြင်းသည် ရပ်ရွာအတွင်း စိုးရိမ်ကြောက်ရွံ့မှုကိုဖြစ်စေသည်" ဟုရှင်းပြသည်။ ယင်းအရာရှိကပင် ဤဥပဒေလက်တွေ့ကျင့်သုံးမှုကို ဖေါ်ပြရာတွင် -

"ရပ်ကွက်/ရွာထဲမှာ လူတစ်ယောက်က အများသူငါ ငြိုငြင် အနှောက်အယှက် ဆက်ဖြစ်နေတယ်ဆိုရင် သူ့ကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးခေါ်ပြီး နောက်မလုပ်ပါဘူးဆိုတဲ့ ခံဝန်လက်မှတ် ထိုးခိုင်းတယ်။ တကယ်လို့ ဂတိဖောက်ဖျက်ရင် ရပ်ကွက်အုပ်ချုပ်ရေးမှူးက မြို့နယ်အုပ်ချုပ်ရေးမှူးဆီစာတင်တယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးက ရဲကိုအမှုဖွင့်ပြီး ဥပဒေအရတရားစွဲပါလို့ ညွှန်ကြားချက်ပေးတယ်။ ရဲစခန်းကို တစ်ပတ်တစ်ခါသွားပြီး လက်မှတ်ထိုးဖို့ တရားရုံးက အမိန့်ချနိုင်ပါတယ်။"

နောက်ရဲအရာရှိတစ်ဦးက ရဲအခန်းကဏ္ဍ တာဝန်ကို အကျယ်တဝင့်ရှင်းပြသည်။

" တကယ်လို့ လူတစ်ယောက်က (၃) ကြိမ် ဂတိဖောက်ဖျက်ရင် ရပ်ကွက်အုပ်ချုပ်ရေးမှူးက ရဲကိုသတင်းပို့တယ်။ ရဲက တာဝန်ခံအရာရှိ/ စခန်းမှူးနဲ့တိုင်ပင်တယ်။ ရပ်

ကွက်အုပ်ချုပ်ရေးမှူးပေးတဲ့သတင်း မှန်မမှန်ကို နယ်မြေရဲ ထောက်လှမ်းရေးပေးတဲ့ သတင်းအချက်အလက်နဲ့ တိုက်ကြည့်တယ်။ တရားစွဲမယ်မစွဲဘူးဆုံးဖြတ်ဖို့က မြို့နယ်အုပ်ချုပ်ရေးမှူးရဲ့ သဘောထားမှတ်ချက်လိုတယ်၊ ဒီဥပဒေ စွဲချက်ပုဒ်မတွေက ရာဇသတ်ကြီးပုဒ်မတွေလောက် အပြစ်မကြီးဘူး။"

မြို့နယ်အုပ်ချုပ်ရေးမှူးတစ်ဦးက လူတစ်ဦးသည် လူမြင်ကွင်းတွင် ပြုမူမှသာ အရေးယူသည်ဟု မှတ်ချက်ပြုသည်။

## ဥပဒေကိုယ်စားလှယ်လိုက်ပါဆောင်ရွက်မှု (ရှေ့နေလိုက်ပါနိုင်မှု)

တရားသူကြီးများနှင့် ဥပဒေအရာရှိများက ရှေ့နေလိုက်ပါနိုင်မှုနှင့် ဥပဒေအထောက်အကူပြု ကိစ္စများကို ဆွေးနွေးကြသည်။ အချို့ အရာရှိများက တရားဥပဒေ ရှေ့မှောက် တန်းတူညီမျှမှု အခြေခံမှုကို အသိအမှတ်ပြုကြပြီး ဥပဒေအထောက်အကူပေးခြင်းသည် တရားစွဲဆိုခံရသူများ အတွက် တရားမျှတမှု ပိုမိုလက်လှမ်းမီရရှိစေနိုင်သည်ဟု ယူဆကြသည်။ တရားသူကြီးတစ်ဦးက -

"တရားခံဘက်မှ ရှေ့နေပါရင် ပိုကောင်းတယ်၊ ဘာလို့လဲဆိုတော့ သူ့အနေနဲ့ လွတ်နိုင်တာ ဒါမှမဟုတ် ပြစ်ဒဏ်နည်းနည်းပဲ ကျနိုင်တာပေါ့" ဟုဆိုသည်။ ဥပဒေအထောက်အကူပြုအဖွဲ့ ဖွဲ့စည်းရေးအတွက် ဥပဒေအရာရှိ တစ်ဦးက အောက်ပါအတိုင်းအကြံပြုသည်။

"ရှေ့နေမတတ်နိုင်တဲ့ သူတွေအတွက် ဥပဒေအထောက်အကူပြုအဖွဲ့ ဖွဲ့ရင်ကောင်းတာပေါ့။ ကျွန်တော်တို့ ကူညီတယ် ဆိုတာက အကန့်အသတ်ရှိတယ်။ သူတို့တွေ ဥပဒေအထောက်အကူရရင် ထွက်လာမဲ့ ရလဒ်လည်း ပိုမျှတမယ် ပြီးတော့ သူတို့လည်း တရားမျှတမှုကို ပိုရတာပေါ့။"

သို့သော် နောက်ဥပဒေအရာရှိတစ်ဦးက "တရားခံဘက်က ရှေ့နေပါရင်တောင် အကူအညီ သိပ်မဖြစ်ပါဘူး။ ဘာလို့လဲဆိုတော့ အမှုအများစုမှာ သက်သေခံလုံလောက်တာကိုး" ဟုမှတ်ချက်ပေးသည်။ ဥပဒေကိုယ်စားလှယ် အထောက်အကူပေးမှုကို မည်သူများ အကျိုးခံစားခွင့်ရှိသည်ကို လေ့လာသုံးသပ်ရန်လိုပေမည်။

## မြို့နယ်အုပ်ချုပ်ရေး

မြို့နယ်အဆင့် အချို့ အုပ်ချုပ်ရေးမှူးများက ၎င်းတို့အချိန် ၃ ပုံ ၁ ပုံကို တိုင်တန်းစာများနှင့် ကုန်ကြရသည်ဟု ပြောကြသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးတစ်ဦးက တိုင်တန်းစာများကို ကိုင်တွယ်ဖြေရှင်းသည့် နည်းလမ်းပုံစံ (၃) မျိုးက ရှင်းပြသည်။

- "ကျွန်တော်တို့က တိုင်တန်းသူနဲ့တွေ့ပြီး တိုင်ကြားတာ မှန်ကန်မှုရှိမရှိကြည့်တယ်။ လုပ်ထုံးလုပ်နည်းတွေ ဥပဒေအရ သူတို့အခွင့်အရေး ဘာတွေရှိတယ်ဆိုတာ ရှင်းပြတယ်။ တခါတလေကျတော့ လူတွေက ဥပဒေကို သေချာသဘောမပေါက်ကြဘူး။ အဲ့ဒီလိုမျိုးမှာ ကျွန်တော်တို့က ဥပဒေကိုရှင်းပြတယ်။ တကယ်လို့ သက်ဆိုင်တဲ့ အစိုးရဌာနတွေက တဖက်သတ်ဒါမှမဟုတ် မှားယွင်းပြီး ဆုံးဖြတ်တယ်ဆိုတာ ကျွန်တော်တို့တွေ့ရင် သတိပေးတာမျိုး သို့တည်းမဟုတ် လိုအပ်တဲ့ အရေးယူဆောင်ရွက်မှုတွေ လုပ်ပါတယ်။"
- တိုင်တန်းတာတွေနဲ့ ပတ်သက်ပြီး ထိတွေ့ကိုင်တွယ်တဲ့ နောက်တစ်နည်းက One – Stop Shop ကတဆင့် ဝန်ဆောင်မှုတစ်ခုရဖို့ ဘယ်လိုလုပ်ထုံးလုပ်နည်းတွေလိုတယ်ဆိုတာ ပြည်သူတွေကို ကျွန်တော်တို့ ရှင်းပြတယ်။
- ကျွန်တော်တို့ဘက်က ဝန်ဆောင်မှု မပေးနိုင်ဘူးဆိုရင် သက်ဆိုင်ရာဌာနတွေနဲ့ ချိတ်ဆက်ပေးတယ်။

အခြား မြို့နယ် အုပ်ချုပ်ရေးမှူး တစ်ဦးက အစိုးရဌာနများနှင့်ဆိုင်သော တိုင်ကြားမှုများ ကိုင်တွယ် ဖြေရှင်းရန် သီးခြား အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းသင့်ကြောင်း အဆိုပြုသည်။

"တိုင်စာတစ်ခုချင်းကို ကိုင်နေရရင် ဘယ်တော့မှ ဆုံးမှာမဟုတ်ဘူး။ ဒီတိုင်စာတွေကို ကိုယ်တွယ်ဖို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မတီလို သီးခြားကော်မရှင်တစ်ရပ် ထားတာမျိုးပေါ့။"




ဓာတ်ပုံ- တိုင်စာဌာန၊ မိုးညှင်းမြို့နယ်၊ ကချင်ပြည်နယ်။

*အနှစ်ချုပ်အားဖြင့် အုပ်ချုပ်ရေး၊ သမားရိုးကျ တရားမျှတရေးစနစ်နှင့် ရိုးရာဓလေ့ထုံးတမ်း စနစ်များ အကြား ချိတ်ဆက်လုပ်ဆောင်မှုများ မရှိသလောက် ဖြစ်သည် သို့မဟုတ် မရှိပါ။ ရိုးရာဓလေ့ထုံး တမ်းနည်းမှ တဆင့် ၎င်းတို့၏ အမှုရလဒ်အဖြေထွက်ပေါ်မှုကို ကျေနပ် မှုမရှိသူများသည် သမားရိုးကျ တရားမျှတရေးစနစ်သို့ ဦးတိုက်စွဲဆိုနိုင်ပြီး ပူတာအိုတွင် ဤကဲ့သို့စွဲဆိုမှုများ တစ တစ ရှိလာသည်။*

*ဥပဒေအထောက်အကူပေးခြင်းသည် တရားစွဲ ဆိုခံရသူများအတွက် တရားမျှတမှုပို၍ ရရှိနိုင်သည်ဟု အရာရှိအချို့ အသိအမှတ်ပြုသည်။ အစိုးရဌာန တိုင်ကြား စာများကို လေ့လာစိစစ်ရသည့် ပမာဏအတိုင်းအတာ များပြားသည့်အတွက် ဤကိစ္စကိုကိုယ်တွယ်ရန် သီးခြား အဖွဲ့တစ်ရပ် ဖွဲ့စည်းသင့်သည်ဟု အုပ်ချုပ်ရေးမှူး တစ်ဦးက အဆိုပြုသည်။*




# အခန်း (၆)

# တရားမျှတမှုစနစ်နှင့် တရားရေးပုဂ္ဂိုလ်များအပေါ် သဘောထားအမြင်

ဓာတ်ပုံ- ညောင်ပင်ရပ်ကွက်အတွင်းရှိ IDP စခန်း လက်ခံထားရှိရာ အထက်တန်းကျောင်း၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ်။

သုတေသနလေ့လာမှု၏ ဒုတိယမေးခွန်းမှာ သမားရိုးကျတရားမျှတရေးစနစ်အပေါ် ပြည်သူများ၏သဘောထား၊ ယုံကြည်မှုနှင့် အားကိုးသက်ဝင်မှုများ မည်သို့ရှိသနည်း ဖြစ်သည်။

ကချင်ပြည်နယ်ရှိ ရွှေ့ပြောင်းနေထိုင်ရသူများမဟုတ်သည့် တခြားနက်သော (non – IDP) ဖြေဆိုသူများသည် သမားရိုးကျ တရားမျှတရေးစနစ်ကို အသုံးမပြုလိုကြပဲ ၎င်းတို့၏ အငြင်းပွားမှုပြဿနာများကို ရပ်ရွာဒေသအတွင်း ဖြေရှင်းရန် ကြိုးစားကြသည်ကို တွေ့ရှိရသည်။ အများစု မှာ အောင်မြင်မှုမရှိကြပါ။ ဤအချက်ကို နှလုံးမူ၍ ယခုအခန်းတွင် အများလက်ခံထားသည့် စံတန်ဖိုးများကို ပြန်လည်ကြည့်ရှုပြီး အစိုးရအရာရှိများ၏ ပြည်သူ့အပေါ် တာဝန်ယူတာဝန်ခံမှုကို လေ့လာသုံးသပ်သွားမည် ဖြစ်သည် (ရွှေ့ပြောင်းနေထိုင်ရသည့် IDP ဖြေဆိုသူများနှင့်ပတ်သက်၍ အခန်း ၇ တွင်ရှု)။

ဤအခန်းတွင် ပထမဆုံးအနေဖြင့် သမားရိုးကျ တရားမျှတရေးစနစ်အပေါ် ဖြေဆိုသူများ၏ သဘောထားအပြအမူများ၊ တရားရေးဝန်ဆောင်မှုများ ပေးရာတွင် အခန်းကဏ္ဍတာဝန် တစ်စုံတစ်ရာရှိသူများဖြစ်သည့် [၅၃] တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရဲများနှင့်ရပ်ရွာခေါင်းဆောင်များအပေါ် သဘောထားအမြင်များကို ဖော်ပြထားသည်။ ထိုအဓိက တရားရေးပုဂ္ဂိုလ်များအပေါ် ပြည်သူများ၏ ယုံကြည်မှုညွှန်းကိန်းကို အဆိုပြုတင်ပြထားသည်။ အကယ်၍ တရားရေးအရာရှိများ ခွဲခြားဆက်ဆံစွာပြုမူဆောင်ရွက်ပါက ဖြေဆိုသူများ၏ တုံ့ပြန်နိုင်ပုံများကို ထည့်သွင်း စဉ်းစားထားသည်။ ဤအခန်းကို ပြည်သူ့ဝန်ဆောင်မှုပေးသူများအပေါ် ဖြေဆိုသူများ၏ သဘောထားအမြင်များနှင့် မျှော်လင့်တောင့်တချက်များဖြင့် အဆုံးသတ်ထားသည်။

# သမားရိုးကျ တရားမျှတရေးစနစ်အပေါ် သဘောထားအမြင်များ

တရားမျှတရေးစနစ်အပေါ် ဖြေဆိုသူများ၏ သဘောထားအမြင်များကို ယေဘုယျသိမြင်တိုင်းတာနိုင်ရန် ဤလေ့လာမှုတွင် အညွှန်းပြအကြောင်းအရာ (၃) မျိုးဖြစ်သည့် လာဘ်ပေးလာဘ်ယူမှု သို့မဟုတ် အဂတိလိုက်စားမှု၊ သမားရိုးကျ တရားရုံးစနစ်ကို လက်လှမ်းမီအသုံးပြုနိုင်မှု သီးခြားအခြေအနေတစ်ရပ်တွင် ဥပဒေ၏ လုပ်ကိုင်ဆောင်ရွက်မှုတို့အပေါ် ဖြေဆိုသူများ၏ သဘောထားအမြင်များကို ရှုမြင်လေ့လာထားသည် (ဇယား ၆.၁ တွင်ရှု)။

ဇယား ၆.၁ တရားမျှတရေးစနစ်အပေါ်သဘောထားအမြင်များ

| အကြောင်းအရာ | အဆိုပြုဖော်ပြချက်များ | သဘောတူညီမှု* |
|---|---|---|
| လာဘ်ပေးလာဘ်ယူမှု | (က) အစိုးရအရာရှိများသည်လစာမလုံလောက်သဖြင့် ၎င်းတို့၏ လာဘ်ငွေ ထပ်မံ တောင်းခံမှုများသည် လက်ခံဖွယ်ရာရှိသည် | ၃၁.၃% |
| | (ခ) အစိုးရအရာရှိများသည် ပြည်သူကို အလုပ်အကျွေးပြုရမည်။ ၎င်းတို့၏ လာဘ်ငွေ ထပ်မံတောင်းခံမှုများသည် လက်ခံဖွယ်ရာမရှိ။ | ၆၁.၇% |
| သမားရိုးကျ တရားရုံးစနစ်သို့ ရောက်ရှိနိုင်ခြင်း | (က) ဗဟုသုတရှိခြင်းက လူထုအား (အစိုးရ) တရားရုံးများသို့ တက်ရောက်မှု ပိုမိုများပြားလာစေမည်။ | ၅၈.၃% |
| | (ခ) အရာရှိများနှင့် ပုဂ္ဂိုလ်ရေးအဆက်အသွယ်ရှိခြင်းက လူထုအား (အစိုးရ) တရားရုံးများသို့ တက်ရောက်မှုပိုမိုများပြားလာစေမည်။ | ၃၇.၃% |
| ဥပဒေ၏ လုပ်ကိုင်ဆောင်ရွက်မှု | (က) ဥပဒေသည် ချမ်းသာကြွယ်ဝသူများနှင့် သြဇာရှိသူများ၏ အကျိုးစီးပွားများကို အကာအကွယ်ပေးသည်။ | ၃၃.၃% |
| | (ခ) ဥပဒေသည် ချမ်းသာကြွယ်ဝသူများနှင့် သြဇာရှိသူများ၏ မတရားအနိုင်ကျင့်မှုများမှ အကာအကွယ်ပေးသည်။ | ၅၈.၇% |

*အဆိုပြုချက်အတွဲတစ်တွဲစီ၏ စုစုပေါင်းမှာ ၁၀၀%မရှိပါ။ အဘယ်ကြောင့်ဆိုသော် အချို့ဖြေဆိုသူများက အဆိုပြုချက်နှစ်ခုစလုံးကို ရွေးချယ်ကြပြီး အချို့က တစ်ခုကိုမျှ မရွေးချယ်ပါ။ အချို့က ဖြေဆိုရန် ငြင်းဆိုကြပြီး အချို့မှာ မည်သည့်အဆိုပြုချက်သည် ၎င်းတို့၏ အမြင်နှင့် ပို၍ ကိုက်ညီသည်ကို မသိပါဟုဖော်ပြကြသည်။

---

၅၃ ၂၀၁၂ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပြဋ္ဌာန်းချက်အရ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများတွင် တရားဝင်ပြဿနာအငြင်းပွားမှုဖြေရှင်းသည့် အခန်းကဏ္ဍနှင့် တာဝန်များရှိကြသည် (အပိုင်း ၃ တွင်ရှု)။

ဖြေဆိုသူ ၃ ပုံ ၂ ပုံနီးပါး (၆၁.၇%) က အစိုးရအရာရှိများအနေဖြင့် အပိုကြေးတောင်းခံခြင်းသည် လက်ခံဖွယ်ရာမဟုတ်ဟု သဘောတူကြသည်။ ၃ ပုံ ၁ ပုံ (၃၁.၃%) က အစိုးရအရာရှိများသည် လစာမလုံလောက်သောကြောင့် ဤသို့တောင်းသည်မှာ လက်ခံဖွယ်ဖြစ်သည်ဟု ဆိုသည်။

(၅၈.၃%) သောထင်ရှားသည့် အများစုက အသိပညာဗဟုသုတရှိခြင်းသည် အစိုးရတရားရုံးများ သို့ ပြည်သူများလက်လှမ်းမီမှု မြင့်မားစေသည်ကို သဘောတူကြသည်။ ၃ ပုံ ၁ ပုံထက်ပိုသည့် (၃၇.၃%) သောဖြေဆိုသူများက အသိပညာ ဗဟုသုတရှိခြင်းထက် အစိုးရအရာရှိများနှင့် ပုဂ္ဂိုလ်ရေးရင်းနှီးမှု အဆက်အသွယ်ရှိခြင်းက အစိုးရတရားရုံးများသို့ ပြည်သူများလက်လှမ်းမီမှုကို မြင့်မားစေသည်ဆိုသည့်အချက်ကို သဘောတူကြသည်။

(၅၈.၇%) သော ဖြေဆိုသူအများစုက ဥပဒေသည် ချမ်းသာသူများ၊ အင်အားကြီးသူများ၏ မတရားအနိုင်ကျင့်မှုများမှ ကာကွယ်ပေးသည်ဟုဖော်ပြကြပြီး တစ်ဖက်တွင် ၃ ပုံ ၁ ပုံ (၃၃.၃%) က ဥပဒေသည် ချမ်းသာအင်အားကြီးသူများ၏ အကျိုးစီးပွားများကို အကာအကွယ်ပေးသည်ဟူသောအချက်ကို သဘောတူကြသည်။ ဤအဆိုပြုချက်နှစ်ခုစလုံးသည် ဥပဒေကို မှန်ကန်စွာကျင့်သုံးပါက သာမန်ပြည်သူများ၏ အခွင့်အရေးများကို ကာကွယ်နိုင်သည် သို့မဟုတ် ကာကွယ်သင့်သည်ဆိုသည့် ယုံကြည်ချက်ကို ဖော်ပြရာရောက်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုနိုင်သည်။ ထိုအတိုင်းဆိုပါက ဖြစ်နိုင်ဖွယ် ဖြေဆိုသူ (၉၂.၀%) သည် ထိုယုံကြည်ချက် သဘောထားအမြင်ရှိသည်ဟု ဆိုနိုင်သည်။


## တရားရေးပုဂ္ဂိုလ်များအပေါ် ရှုမြင်သည့် သဘောထားအမြင်များ

ဤလေ့လာမှုသည် သမားရိုးကျ တရားရေးကဏ္ဍမှပုဂ္ဂိုလ်များ အထူးသဖြင့် တရားသူကြီးများ၊ ဥပဒေအရာရှိများ နှင့်ရဲများ၊ အလားတူပင် ရပ်ရွာအသိုင်းအဝိုင်းခေါင်းဆောင်များ[၅၄] အပေါ် ဖြေဆိုသူများ၏ သဘောထားအမြင်များကိုလည်း ဆန်းစစ်လေ့လာခဲ့သည်။ ဤအကြောင်းအရာနှင့်ပတ်သက်၍ စွမ်းဆောင်ရည်ပြည့်ဝမှုကို သတ်မှတ်ဖွင့်ဆိုရာတွင် ခေတ်နှင့်အညီ ဗဟုသုတအသိပညာရှိခြင်း၊ လုံလောက်သည့်သင်တန်းများ တက်ရောက်ခဲ့ခြင်း၊ အရင်းအမြစ်များလုံလောက်ပြည့်စုံခြင်းတို့အပြင်ပြည်သူများယုံကြည်သည့်အတိုင်း မှန်ကန်သည့်သဘောထားဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်း ရှိမရှိတို့ဖြင့် တိုင်းတာသတ်မှတ်သည်။ မှန်ကန်သည့်သဘောထား သို့မဟုတ် အများလက်ခံထားသည့် စံတန်ဖိုးများ အယူအဆတွင် ရပ်ရွာလူထု၏ဦးစားပေးမှုများနှင့်ကိုက်ညီခြင်း၊ လေးစားသမှုပြုမှုဆက်ဆံခြင်း၊ မျှတစွာပြုမှုဆက်ဆံခြင်းနှင့် မျှတသည့်ရလဒ်အဖြေများနှင့်ဝန်ဆောင်မှုများအတွက် လာဘ်လာဘမျှော်ကိုးမှု မရှိခြင်းများပါဝင်သည် (အခန်း ၁ တွင်ရှု)။

### တရားသူကြီးများ

အကြမ်းအားဖြင့် ဖြေဆိုသူများသည် တရားသူကြီးများ၏ စွမ်းဆောင်ရည်ပြည့်ဝမှုအပေါ် ယုံကြည်မှုကို ဖော်ပြကြသော်လည်း တရားသူကြီးများထားရှိသည့် စံတန်ဖိုးများ

ပုံ ၆.၁ တရားသူကြီးများအပေါ်သဘောထားအမြင်များ




---

[၅၄] ၂၀၁၂ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ပြဌာန်းချက်အရ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများတွင် တရားဝင်ပြဿနာအငြင်းပွားမှုဖြေရှင်းသည့် အခန်းကဏ္ဍနှင့် တာဝန်များရှိကြသည်။ ဒေသဆိုင်ရာ ရပ်ကွက်နှင့်ကျေးရွာ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၏ အခန်းကဏ္ဍနှင့် တာဝန်များကို အခန်း ၅ တွင်ရှု။

သည် မျှတ၍ သမာဓိတည်ကြည်မှု၊ လေးစားသမှု၊ အဂတိတရားကင်းမှု စသည့် အများလက်ခံထားသော စံတန်ဖိုးများနှင့် ကိုက်ညီနိုင်မှုအပေါ် ယုံကြည်မှုနည်းကြသည် (ပုံ ၆.၁ တွင်ရှု)။ မှတ်သားသင့်သည်မှာ သမားရိုးကျ တရားမျှတရေးစနစ်နှင့် အနည်းနှင့်အများ တွေ့ထိမှုမရှိခြင်းသည် တရားသူကြီးများအပေါ် ဖြေဆိုသူများ၏ သဘောထားအမြင်ကို တစ်စိတ်တစ်ဒေသ ထင်ဟပ်စေသည် (အခန်း ၃ တွင်ရှု)။

(၆၈.၃%) သော ဖြေဆိုသူအများစုက တရားသူကြီးများတွင် ခေတ်နှင့်အညီ အသိပညာဗဟုသုတရှိ ကြသည်။ (၅၈.၃%) က ၎င်းတို့သည် သင်တန်းများ လုံလောက်စွာတက်ရောက်ခဲ့ကြသည်ဟု ရှုမြင်ယုံကြည်ကြသည်။ သို့သော် ထက်ဝက်နီးပါးဖြစ်သည့် ဖြေဆိုသူ (၄၇.၇%) က တရားသူကြီးများတွင် ၎င်းတို့လုပ်ငန်းတာဝန်များ ထမ်းဆောင်ရန် လုံလောက်သည့် အရင်းအမြစ်များ မရှိကြဟုထင်သည်။

လူအများလက်ခံထားသည့် စံတန်ဖိုးများနှင့်ပတ်သက်၍ ဖြေဆိုသူထက်ဝက်ကျော်က တရားသူကြီးများသည် ၎င်းတို့ကို လေးစားသမှု ဆက်ဆံပြုမူလိမ့်မည် မဟုတ်ဟု၎င်း (၅၆.၇%)၊ တရားသူကြီးများသည် ရပ်ရွာလူထုဦးစားပေးများနှင့် ကိုက်ညီမှု မရှိဟု၎င်း (၆ဝ.၇%)၊ ၎င်းတို့ရှေ့မှောက် ရောက်ရှိလာသည့်အမှုများကို ကြားနာဆုံးဖြတ်ရာတွင် တရားသူကြီးများသည်မျှတသည့်ရလဒ် ဆောင်ကျဉ်းပေးနိုင်မည် မဟုတ်ဟုလည်းကောင်း (၇ဝ.၃%) ရှုမြင်သဘောထားကြသည်။ ၄ ပုံ ၃ ပုံနီးပါးဖြေဆိုသူ (၇၄.၃%) ကလည်း တရားသူကြီးများသည် အမှုပြဿနာများ ဖြေရှင်းရာတွင် သမာဓိ တည်ကြည်မျှတ နိုင်လိမ့်မည်မဟုတ်ဟုလည်းကောင်း ဖြေဆိုသူ (၅) ဦး လျှင် (၄) ဦးကျော်ကျော် (၈၂%) က တရားသူကြီးများသည် ၎င်းတို့၏ဝန်ဆောင်မှုများအတွက် လာဘ်လာဘမျှော်ကိုးနိုင်သည်ဟု ယူဆကြသည်။


## ဥပဒေအရာရှိများ

ဥပဒေအရာရှိများအပေါ် ဖြေဆိုသူများ၏ သဘောထားအမြင်များသည် တရားသူကြီးများအပေါ်ထားသည့် သဘောထားအမြင်များနှင့် အလားတူသည် (ပုံ ၆.၂ တွင်ရှု)။

ဖြေဆိုသူအများစုက ဥပဒေအရာရှိများသည် ခေတ်နှင့်အညီ အသိပညာဗဟုသုတရှိကြသည် (၇၁.ဝ%)၊ ၎င်းတို့သည် လုံလောက်သောသင်တန်းများ တက်ရောက်ခဲ့ကြသည် (၆ဝ.ဝ%) ဟုရှုမြင်ကြသည်။ သို့သော် ဖြေဆိုသူထက်ဝက်နီးပါး (၄၇.ဝ%) က ဥပဒေအရာရှိများတွင် ၎င်းတို့၏ လုပ်ငန်းတာဝန်များထမ်းဆောင်ရန် အရင်းအမြစ် များ လုံလောက်မှုမရှိဟု ထင်ကြသည်။

လူအများလက်ခံထားသည့် စံတန်ဖိုးများနှင့်ပတ်သက်၍ဖြေဆိုသူထက်ဝက်ကျော်ကဥပဒေအရာရှိများသည် ၎င်းတို့ကို လေးစားစွာ ပြုမူဆက်ဆံကြလိမ့်မည် မဟုတ်ဟုလည်းကောင်း၎င်း (၅၈.ဝ%)၊ ဥပဒေအရာရှိများသည် ရပ်ရွာလူထုဦးစားပေးမှုများနှင့် ကိုက်ညီ မှုမရှိဟုလည်း ကောင်း၎င်း (၆၁.၃%)၊ ၎င်းတို့ကိုင်တွယ်သည့်အမှုများတွင် မျှတသည့် ရလဒ်ဆောင်ကျဉ်းပေးနိုင်မည်မဟုတ်ဟုလည်းကောင်း၎င်း (၆၉.၃%) ထင်ကြသည်။ ၄ ပုံ ၃ ပုံနီးပါး (၇၃.ဝ%) က ဥပဒေအရာရှိများသည် အငြင်းပွားမှုပြဿနာများဖြေရှင်း

ပုံ ၆.၂ ဥပဒေအရာရှိများအပေါ် သဘောထားအမြင်များ




ရာတွင် မျှတလိမ့်မည်မဟုတ် ဟုလည်းကောင်း၄င်း (၅) ဦးလျှင် (၄) ဦး (၈၀.၃%) က ဥပဒေအရာရှိများသည် ၄င်းတို့ ဝန်ဆောင်မှုများအတွက် လာဘ်လာဘ မျှော်ကိုးလိမ့်မည်ဟု ထင်ကြသည်။

ဤသည်မှာလည်း တရားဝင်/သမားရိုးကျအစိုးရ တရားရေးစနစ်နှင့် အနည်းနှင့်အများ ထိတွေ့မှုမရှိခြင်းသည် ဖြေဆိုသူများ၏ဥပဒေအရာရှိများအပေါ်သဘောထားအမြင်ကို တစ်စိတ်တစ်ပိုင်းထင်ဟပ်စေသည်။ (အခန်း ၃ တွင်ရှု)။

ဦးစားပေးများနှင့် ကိုက်ညီမှုမရှိ (၆၂.၀%)၊ ၄င်းတို့သည် ဖြေဆိုသူ (အမှုသည်) များကို လေးစားစွာဆက်ဆံမှုပြုလိမ့်မည်မဟုတ် (၅၇.၇%) ဟုထင်ကြသည်။ သိသာသည့်အများစု (၇၁.၇%) အများစုက ရဲများသည် ၄င်းတို့ထံရောက်ရှိလာသည့် အမှုကိစ္စများအတွက် မျှတသည့်ရလဒ် ဆောင်ကျဉ်းပေးနိုင်မည်မဟုတ်ဟု၄င်း၊ ထိုထက်များသည့် (၇၄.၇%) က ရဲများသည်အမှုပြဿနာအငြင်းပွားမှု များဖြေရှင်းရာတွင် မျှတလိမ့်မည်မဟုတ်ဟု ယူဆကြသည်။ ရဲများသည် ၄င်းတို့ ဝန်ဆောင်မှုများအတွက် လာဘ်လာဘ မျှော်ကိုးကြမည်ဟု (၈၀%) ကျော်က ယူဆကြသည်။

ပုံ ၆.၃ ရဲများအပေါ်သဘောထားအမြင်များ




## ရဲများ

ဖြေဆိုသူများသည် ယေဘုယျအားဖြင့် တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့်စာလျှင် ရဲများနှင့် ၄င်းတို့၏ လုပ်ငန်းတာဝန်များကို ပို၍အကျွမ်းတဝင်သိရှိသည်။(အခန်း ၃ တွင်ရှု)။ သို့သော် ရဲများအပေါ်ရှုမြင်သည့် သဘောထားအမြင်များသည် တရားသူကြီးများနှင့် ဥပဒေအရာရှိများအပေါ်ထားသည့် သဘောထားများနှင့် များစွာ တူညီသည်။ (ပုံ ၆.၃ တွင်ရှု)။

၃ ပုံ ၂ ပုံနီးပါး ဖြေဆိုသူများက ယေဘုယျအားဖြင့် ရဲများသည် စွမ်းဆောင်ရည်ပြည့်ကြသည်။ ခေတ်နှင့်အညီ အသိပညာ ဗဟုသုတရှိသည် (ဖြေဆိုသူ ၆၆.၇%) ဟု ၄င်း၊ လုံလောက်သောသင်တန်းများ ရရှိကြသည်ဟု၄င်း (၆၃.၃%) ထင်ကြသည်။ သို့သော် ထို့ထက်နည်းပါးသည့် (၅၁.၀%) ဖြေဆိုသူများက ရဲများတွင်၄င်းတို့၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရန် လုံလောက်သည့်အရင်းအမြစ်များမရှိဟု ထင်ကြသည်။


လူအများလက်ခံထားသည့် တန်ဖိုးများနှင့်ပတ်သက်၍ ထက်ဝက်ကျော်ဖြေဆိုသူများက ရဲများသည် ရပ်ရွာ

ရဲသင်တန်းများနှင့်ပတ်သက်၍ ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီစသည့် နိုင်ငံတကာအဖွဲ့အစည်းများကပေးသည့် သင်တန်းများအကြောင်းကို ရဲအရာရှိများက တွေ့ဆုံမေးမြန်းသည့်အင်တာဗျူးများတွင် အကောင်းဖက်သဘောဆောင်စွာ ပြောကြားကြသည်။ လူ့အခွင့်အရေးကဏ္ဍတွင် ၄င်းတို့၏ ပရိုဖက်ရှင်နယ် အသိဗဟုသုတသစ်များ ရရှိကြသည်ဟု အချို့က ဆိုသည်။

"အဲ့ဒီ (ဥရောပသမဂ္ဂသင်တန်း) မတိုင်ခင်တုန်းက ကျွန်တော်တို့ရဲ့ဆောင်ရွက်တုံ့ပြန်တဲ့ mindset အသိက ဥပဒေပေါ်မှာပဲ ထည့်စဉ်းစားတာ၊ ဥပဒေအတိုင်းလုပ်ရင် လုံလောက်ပြီလို့ထင်ခဲ့တာ။ ဒါပေမယ့် ကျွန်တော်တို့ လေ့လာသိလိုက်ရတာက လူ့အခွင့်အရေးတွေကိုလည်း ထည့်စဉ်းစားရမယ်ဆိုတာ၊ အဲ့ဒါက ကျွန်တော်တို့အတွက် အသစ်ပဲ။"

"ဒီသင်တန်းတွေက အရေးပါပါတယ်၊ ကျွန်တော်တို့ဥပဒေကို လေးစားလိုက်နာဖို့လိုတယ်၊ ဒါပေမယ့် လူ့အခွင့်အရေးတွေကိုလည်း လေးစားရမယ်။ ဒီအသိအယူအဆကို အခြားတပ်ဖွဲ့တွေကြားထဲ ပျံ့နှံ့ဖို့ ကျွန်တော်တို့ အများကြီးလုပ်ရဦးမယ်။"

ပုံ ၆.၄ ရပ်ရွာ ခေါင်းဆောင်များအပေါ် သဘောထားအမြင်များ




## ရပ်ရွာ (လူ့အသိုင်းအဝိုင်း) ခေါင်းဆောင်များ

ရပ်ရွာခေါင်းဆောင်များ[၅၅] အပေါ် ဖြေဆိုသူများ၏ သဘောထားအမြင်များသည် တရားသူကြီးများ၊ ဥပဒေအရာရှိများ နှင့်ရဲများအပေါ်ရှုမြင်သည့် သဘောထားအမြင်များနှင့် သိသာစွာ ကွဲပြားခြားနားသည်။ (ပုံ ၆.၄ တွင်ရှု)။

ရှင်းလင်းပြတ်သားသည့်ဖြေဆိုသူအများစု(၅၉%) က ရပ်ရွာခေါင်းဆောင်များသည် ခေတ်နှင့်အညီ အသိပညာ ဗဟုသုတရှိကြသည်ဟု ယုံကြည်ကြသည်။ ၃ ပုံ ၂ ပုံနီးပါး (၆၅.၃%) က ရပ်ရွာခေါင်းဆောင်များတွင် သင့်တင့်လုံလောက်သည့် သင်တန်းများမရှိ၊ ၄ ပုံ ၃ ပုံနီးပါး (၇၃.၃%) က ထိုခေါင်းဆောင်များသည် ၎င်းတို့၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရန် သင့်တင့်လုံလောက်သည့်အရင်းအမြစ်များ မရှိကြဟုထင်သည်။

လူအများလက်ခံထားသည့် စံတန်ဖိုးများ၊ မှန်ကန်သည့် သဘောထားများနှင့်ပတ်သက်၍ တရားသူကြီးများ၊ ဥပဒေအရာရှိအစိုးရ ရှေ့နေများနှင့် ရဲများထက်စာလျှင် ရပ်ရွာခေါင်းဆောင်များအပေါ် ဖြေဆိုသူများ၏အမြင်များမှာ ပို၍အကောင်းမြင် အပြုသဘောဆောင်သည်။ ဖြေဆိုသူအများစုက ရပ်ရွာခေါင်းဆောင်များသည် အမှုကိစ္စပြဿနာ ဖြေရှင်းသောအခါ မျှတလိမ့်မည်ဟုလည်းကောင်း (၅၆.၃%)၊ မျှတသည့်အဖြေရလဒ် ရရှိနိုင်စေမည်ဟု လည်းကောင်း (၆၀.၀%) ထင်မြင်သည်။ ဖြေဆိုသူ ၃ ပုံ ၂ ပုံ (၆၇.၀%) က ရပ်ရွာခေါင်း ဆောင်များသည် ရပ်ရွာဦးစားပေးများနှင့် ကိုက်ညီမှုရှိသည်။ ၄ ပုံ ၃ ပုံကျော်ကျော် (၇၅.၃%) က ရပ်ရွာခေါင်းဆောင်များသည် ၎င်းတို့ကိုလေးစားသမှု ဆက်ဆံလိမ့်မည်ဟု ထင်သည်။ ဝန်ဆောင်မှုများ အပေါ် လာဘ်လာဘမျှော်ကိုးမှုနှင့် ပတ်သက်၍ ဖြေဆိုသူများအကြား ကွဲလွဲသည့်အမြင် ဆတူနီးပါးရှိပြီး (၄၉.၇%) က မျှော်ကိုးသည်ဟူ၍ လည်းကောင်း၎င်း၊ (၄၈.၃%) က မမျှော်ကိုးဟုလည်းကောင်း ထင်ကြသည်။

## တရားရေးပုဂ္ဂိုလ်များအပေါ် ပြည်သူလူထုယုံကြည်မှု

ပုံ ၆.၁ မှ ၆.၄ တွင်ဖော်ပြထားသော ဖြေဆိုသူများ၏အဖြေများကို အခြေခံ၍ တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရဲ များနှင့် ရပ်ရွာခေါင်းဆောင်များအပေါ် ဖြေဆိုသူများ၏ ယုံကြည်မှုကို ဖေါ်ပြနိုင်ရန် ယုံကြည်မှုညွှန်းကိန်းစု [၅၆] တစ်ရပ်တည် ဆောက်ထားသည်။

ဇယား ၆.၂ တရားရေးပုဂ္ဂိုလ်များအပေါ် ယုံကြည်မှု

| တရားစီရင်ရေး ဝန်ဆောင်မှုပေးသူ | ယုံကြည်မှုညွှန်းကိန်း |
|---|---|
| တရားသူကြီးများ | ၁၈.၃% |
| ဥပဒေအရာရှိများ | ၂၀.၇% |
| ရဲများ | ၁၈.၃% |
| ရပ်ရွာခေါင်းဆောင်များ | ၂၅.၀% |

[၅၅] ဤဝေါဟာရကို မြန်မာဘာသာတွင် ရပ်ကွက်နှင့်ကျေးရွာခေါင်းဆောင်များဟုပြန်ဆိုပြီး အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ဖြေဆိုသူများ အား ပေးမထားပါ။ သို့သော် ရပ်ကွက်နှင့်ကျေးရွာ အုပ်ချုပ်ရေးမှူးများ ပါဝင်သည်ဟု မှတ်ယူနိုင်သည်။

[၅၆] စွမ်းဆောင်ရည်ပြည့်ဝမှုနှင့်ဆိုင်သည့် မေးခွန်း ၃ ခုမှ အနည်းဆုံး ၂ခုကို "ဟုတ်ပါသည်/ရှိပါသည်"၊ မှန်ကန်သော သဘောထားနှင့်ပတ်သက်သည့် မေးခွန်း ၅ ခုအနက် အနည်းဆုံး ၃ခုကို "ဟုတ်ပါသည်/မှန်ပါသည်" ဟုအဖြေပေးပါက သက်ဆိုင်ရာ တရားရေးပုဂ္ဂိုလ်အပေါ် ဖြေဆိုသူက ယုံကြည်မှုရှိသည်ဟု မှတ်ယူသည်။

*တရားသူကြီးများနှင့်ရဲများအပေါ် ဖြေဆိုသူများ၏ ယုံကြည်မှုမှာ အနည်းဆုံးအဆင့်များတွင်ရှိနေပြီး ရပ်ရွာခေါင်းဆောင်များအတွက် ယုံကြည်မှုညွှန်းကိန်း (၂၅.၅%) သည် အခြားနေရာတွင်ဖော်ပြခဲ့သည့် ၎င်းတို့၏ ရပ်ရွာခေါင်းဆောင်များကို "အလွန်" ယုံကြည်သည် ဟုဆိုသည့် ဖြေဆိုသူအမျိုးအစား (၁၉.၃%) နှင့် များစွာကိုက်ညီမှု ရှိသည် (ပုံ ၃.၂ တွင်ရှု)။

*အနှစ်ချုပ်ဆိုရလျှင် အသိပညာ ဗဟုသုတရှိခြင်းသည် တရားရုံးများသို့ ပြည်သူများပိုမိုလက်လှမ်းမီစေသည်ကို ဖြေဆိုသူအများစုက သဘောတူသည်။*

*ဖြေဆိုသူများသည် တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့်ရဲများသည် စွမ်းဆောင်ရည်ပြည့်ဝသည်ဟု ယုံကြည်ကြသော်လည်း မျှတ၍သမာသမတ်ရှိမှု၊ လေးစားမှု၊ အဂတိတရားကင်းမှုစသည့် အများလက်ခံထားသည့် စံတန်ဖိုးများနှင့် ကိုက်ညီနိုင် မှုအပေါ်ယုံကြည်မှုနည်းသည်။ ဤသည်မှာ သမားရိုးကျ တရားမျှတရေးစနစ်နှင့်ပြည်သူများအနည်းနှင့်အများ ထိတွေ့မှုနည်းသည်ကို ထင်ဟပ်နိုင်သည်။*

*အစိုးရအရာရှိများအနေဖြင့် အပိုကြေးတောင်း ခံခြင်းမှာ လက်ခံဖွယ်ရာမဟုတ်သည့်အချက်ကို ဖြေဆို သူ ၃ ပုံ ၂ ပုံနီးပါးက သဘောတူသည်။ သို့သော် (၈၀%) မှ (၈၂%)က တရားသူကြီးများ ဥပဒေအရာရှိများနှင့် ရဲများသည် ၎င်းတို့ ဝန်ဆောင်လုပ်ကိုင်ပေးမှုများအတွက် လာဘ်လာဘမျှော်ကိုးနိုင်သည်ဟုထင်သည်။*


*ရပ်ရွာခေါင်းဆောင်များအပေါ် ဖြေဆိုသူများ၏ သဘောထားအမြင်များမှာ အကောင်းဖက်သို့ ပိုဆောင်သည်။ ရပ်ရွာခေါင်းဆောင်များသည် ရပ်ရွာဦးစားပေးမှုများနှင့်ကိုက်ညီပြီး အများလက်ခံထားသည့် စံတန်ဖိုးများကို လေးစားကျင့်ကြံသည်ဟု အများစုက ယုံကြည်သည်။ သူတို့သည် လူများကို လေးစားသမှုဆက်ဆံကြမည်ဟု ၄ ပုံ ၃ ပုံက ထင်သည်။*

*ခြုံကြည့်ပါက တရားသူကြီးများနှင့်ရဲများသည် ယုံကြည်မှုအနည်းဆုံး တရားရေးပုဂ္ဂိုလ်များဖြစ်နေပြီး ရပ်ရွာခေါင်းဆောင်များမှာ အများဆုံး ယုံကြည်မှုရရှိထားသည်။*

# မညီမျှသည့်ပြုမူဆက်ဆံမှုအပေါ် သဘောထားအမြင်များ

ဤလေ့လာမှုတွင် တရားရေးစနစ်အတွင်း ပြည်သူများ သာတူညီမျှဆက်ဆံခံရမှု/မခံရမှုအပေါ် ဖြေဆိုသူများ၏ ယုံကြည်မှု အတိုင်းအတာကို လေ့လာတိုင်းတာသည်။ တူညီသည့်ပြစ်မှုတစ်ခုကို ကျူးလွန်သည်ဟု သံသယဖြစ်မှုဖြင့် အာဏာပိုင်တို့၏ ဖမ်းဆီးထိန်းသိမ်းစွဲချက်တင်ခံသူနှစ်ဦးဖြစ်ရပ်ကို ဖြေဆိုသူများအား တွေးမြင်စဉ်းစားစေသည်။ ထို့နောက် အကယ်၍ သံသယရှိသူနှစ်ဦးထဲမှ တစ်ယောက်ယောက်တွင် ထူးခြားသည့် ဝိသေသလက္ခဏာ များရှိခြင်းကြောင့် အကျိုးယုတ်အားနည်းမှု ဖြစ်မဖြစ်ကိုမေးသည် (ပုံ ၆.၅ တွင်ရှု)။

ပုံ ၆.၅ မမျှတသည့်ပြုမူဆက်ဆံမှုအပေါ် သဘောထားအမြင်များ



လူတစ်ဦးသည် ပြစ်မှုတစ်ခုဖြင့်စွဲဆိုခံရသောအခါ ဆင်းရဲသည်ဆိုသည့်အချက်က အခြားသူများနှင့် စာလျှင် ၄င်းကို အာဏာပိုင်များက ကောင်းမွန်စွာပြုမူဆက်ဆံနိုင်ခြေ ပို၍နည်းပါးသည်ဟု သဘောထားသည်။ သံသယဖြစ်ခံရသူ သည် ဆင်းရဲပါက အားနည်းချက်ဖြစ်စေသည်ဟု ဖြေဆို သူအများစု (၈၄.၇%) ကထင်သည်။

ဖြေဆိုသူ ၃ ပုံ ၂ ပုံခန့်က သံသယဖြစ်ခံရသူသည် အစိုးရအရာရှိနှင့်မတူသည့် လူမျိုးကွဲ (ဖြေဆိုသူ ၆၅.၇%) သို့မဟုတ် ဘာသာကွဲ (၅၈.၀%) ဖြစ်ပါက အားနည်းချက် အကျိုးနည်းစေသည်ဟု ထင်သည်။ ဖြေဆိုသူ ထက်ဝက် ကျော် (၅၅.၀%) က သံသယဖြစ်ခံရသူသည် ဒေသကွဲမှ သို့မဟုတ် သက်ဆိုင်ရာဒေသမှ (နယ်ခံ) မဟုတ်ပါက အကျိုးယုတ်လျော့နိုင်သည်ဟု၄င်း၊ (၅၂.၇%) က သံသယ ဖြင့်စွဲဆိုခံရသူသည် အမျိုးသမီးဖြစ်ပါက အခွင့်အရေး နည်းပါးသည်ဟု ထင်ကြသည်။ တရားမျှတရေးစနစ်တွင်း ရှိ တာဝန်အရာရှိသူများသည် ခွဲခြားဆက်ဆံမှုကင်းစွာ ပြုမူ ဆောင်ရွက်ခြင်းမရှိဆိုသည့် သဘောထားအယူအဆကို ဤအဖြေများက ထင်ဟပ်သယောင်ရှိသည်။

ဤသဘောထားအမြင်များသည် အခန်း (၃)တွင် ဖေါ်ပြခဲ့သည့် မြန်မာ့လူ့ဘောင်တွင် လူတစ်ဦး ကောင်းစွာပြု မူဆက်ဆံ ခံရမှုကို အဆုံးဖြတ်ပေးသည့် အကြောင်းအချက် များအပေါ် ထားသည့် အမြင်များနှင့်ကိုက်ညီမှု ရှိသည်။


*အချုပ်အားဖြင့်ဆိုရလျှင် တရားမျှတရေးစနစ် အတွင်းရှိ တာဝန်ရှိပုဂ္ဂိုလ်အရာရှိများသည် ခွဲခြားဆက်ဆံမှု ကင်းစွာ ပြုမူဆောင်ရွက်ခြင်းမရှိဟု ကျယ်ကျယ်ပြန့်ပြန့် လက်ခံသဘောထားသည်။ ပြစ်မှုတစ်ခုဖြင့် စွဲဆိုခံရပါက ဆင်းရဲသူများသည် အခြားသူများထက်စာလျှင် ဥပဒေ အောက်တန်းတူညီမျှ ဆက်ဆံမခံရနိုင်ချေ အများဆုံးဖြစ် သည်ဟု ဖြေဆိုသူများ ယုံကြည်သည်။*

## တာဝန်ယူတာဝန်ခံမှုအပေါ် သဘောထားအမြင်များ

လေ့လာမှုတွင် အစိုးရအရာရှိများ၏ တာဝန်ယူတာ ဝန်ခံမှုအပေါ် ဖြေဆိုသူများ၏ သဘောထားအမြင်များကို အကျင့် ပျက်ခြစားအဂတိလိုက်စားမှုလုပ်ရပ်ကို ၄င်းတို့၏ တိုင်ကြားခြေရှိမရှိဖြင့် စမ်းသပ်လေ့လာခဲ့သည်။ ဖြစ်နိုင်ဖွယ် သာဓကဖြစ်စဉ် နှစ်ခုတွင်အရာရှိများ လာဘ်လာဘ တောင်း ခံပါက မည်ကဲ့သို့တုံ့ပြန်ဆောင်ရွက်မည်နည်းဟု ဖြေဆိုသူ များအားမေးသည်။ ထို ဖြစ်နိုင်ဖွယ် သာဓကဖြစ်စဉ်နှစ်ခုမှာ (၁)မြေယာမှတ်ပုံတင်လိုသူတစ်ဦးကိုဒေသန္တရဆိုင်ရာအရာ ရှိက ကျပ် (၃၀၀,၀၀၀) တောင်းသည်။ (၂) မှတ်ပုံတင် အသစ်လုပ်လိုသူကို မြို့နယ်အရာရှိက ကျပ် (၁၅၀,၀၀၀) တောင်းသည်။

ဤသာဓက ဖြစ်စဉ်နှစ်ခုစလုံးတွင် ဖြေဆိုသူအများ စုက ဤကိစ္စကို တိုင်မည် သို့မဟုတ် တိုင်ကောင်းနိုင်သည်၊ ထက် ဝက်ထက်နည်းသည့် ဖြေဆိုသူများက တိုင်မည် မဟုတ်ဟုဆိုသည်။ (ပုံ ၆.၆ တွင်ရှု)။

ပုံ ၆.၆ တာဝန်ယူတာဝန်ခံမှုအပေါ် သဘောထားအမြင်



သာဓကဖြစ်စဉ် နှစ်ခုတွင် တိုင်ကြားမည် သို့မဟုတ် တိုင်ကြားကောင်း တိုင်ကြားနိုင်မည်ဟု ဆိုသူများက ဖြစ်ရပ် တစ်ခုချင်းစီကို တုံ့ပြန် ဆောင်ရွက်မည့်ပုံစံများ တူညီကြ သည်။ အများစုက မိခင်ဌာနသို့သာ တိုင်ကြားမည်ဟု ဆိုသည်။တိုင်မည်ဟုပြောသည့်ဖြေဆိုသူထက်ဝက်နီးပါးက ပထမဖြစ်ရပ်ကို မြို့နယ်မြေစာရင်းဌာနသို့တိုင်ကြားမည် (၁၅၆ အနက် ၇၇ ဦး၊ ၄၉.၄%)၊ ဒုတိယဖြစ်စဉ်တွင် (၁၆၄ အနက် ၈၀ ဦး၊ ၄၈.၈%) က မြို့နယ်လူဝင်မှုကြီးကြပ်ရေး ဌာနသို့ တိုင်ကြားမည်ဟုဆိုသည်။ ကျန်သူများက ကျေးရွာ အုပ်ချုပ်ရေးမှူးထံတိုင်ကြားမည် (ဖြစ်ရပ် ၁ တွင် ၁၄.၁%၊ ဖြစ်ရပ် ၂ တွင် ၁၁.၀%) သို့မဟုတ် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဌာနသို့တိုင်ကြားမည် (ဖြစ်ရပ် ၁ တွင် ၁၀.၃%၊ ဖြစ်ရပ် ၂ တွင် ၁၂.၈%) ဟုဆိုသည်။

ဖြစ်စဉ်တစ်ခုစီတွင် တိုင်ကြားလိုက်သည့်အတွက် မျှော်လင့်သည့်ရလဒ်များမှာ တူညီကြသည်။ ဖြစ်စဉ် နှစ်ခု လုံးတွင် ကျူးလွန်သည့်အရာရှိအား အရေးယူဆောင်ရွက်မှု များ ပြုလုပ်လိမ့်မည်/အရေးယူခံရမည်ဟု ဖြေဆိုသူ အချိုး အစားများစွာက မျှော်လင့်သည် (ဖြစ်စဉ် ၁ တွင် ၄၂.၉%၊ ဖြစ်စဉ် ၂ တွင် ၅၃.၇%)၊ အဖြစ်အပျက်ကို တိုင်ကြားပြီးပါက တောင်းသည့်ငွေမပေးရရန် ဖြေဆိုသူ ၄ ပုံ ၁ ပုံ နီးပါးကမျှော်လင့်သည် (ဖြစ်စဉ် ၁ တွင် ၂၃.၁%၊ ဖြစ်စဉ် ၂ တွင် ၂၃.၈%)၊ တိုင်ကြားပြီးပါက မည်သည့် ရလဒ် တစ်စုံတစ်ရာ ထူးခြားမည်မဟုတ်ဟု မျှော်လင့်သည် အနည်းငယ်သာရှိသည် (ဖြစ်စဉ် ၁ တွင် ၁၆.၀%၊ ဖြစ်စဉ် ၂ တွင် ၉.၁%)။

ထိုဖြစ်ရပ်များကို သတင်းပို့တိုင်ကြားလိမ့်မည်မဟု တ်ဟုပြောသည့် ဖြေဆိုသူများ၏ အကြောင်းပြချက်များကို ပုံ ၆.၆ (က) နောက်ဆက်တွဲ (ခ) တွင်ဖော်ပြထားသည်။ ဖြစ်စဉ်သာဓက နှစ်ခုလုံးနှင့်ပတ်သက်၍ တာဝန်ခံမှုကို အဟန့်အတားဖြစ်စေသည့် အကြောင်းအချက်မှာ အကျင့် ပျက်ခြစား အဂတိလိုက်စားမှုဖြစ်သည်ဟု ထိုဖြေဆိုသူ ထက်ဝက်ကျော်က မှတ်ယူသည်။ (ဖြစ်စဉ် ၁ တွင် ၁၃၁ အနက် ၆၈ ဦး ၅၁.၉%၊ ဖြစ်စဉ် ၂ တွင် ၁၃၀ အနက် ၆၈ ဦး ၅၂.၃%)။ ဖြေဆိုသူများက ထိုပြဿနာအမြစ် တွယ်နေမှုကို အသိအမှတ်ပြုသည် (ဥပမာ "ဒါက အစိုးရ အရာရှိတွေရဲ့ လက်ထဲမှာရှိတာ တကယ်လို့ ကျွန်တော် မပေးဘူးဆိုရင် (မှတ်ပုံတင်) ရမှာလဲမဟုတ်ဘူး။ ဒီတော့ ကျွန်တော်တိုင် မှာ မဟုတ်ဘူး"၊ "သူတို့က မှတ်ပုံတင်ပေးရင် ကျွန်တော့်ဘက် ကလည်း ငွေပေးရမှာပဲ ပိုက်ဆံပေးမှ စိတ်ချရတယ်ဆိုတာ ကျွန်တော် ကောင်းကောင်းသဘောပေါက်တယ်။" "ဒီခေတ် မှာ ဘာမဆိုပေးနေ ရတာ၊ အာဏာရှင်ခေတ်ကျနေတာဘဲ")

ဖြစ်စဉ်သာဓကများကို မတိုင်ကြားဟုဆိုသော ဖြေဆိုသူများပေးသည့် နောက်ထပ်အကြောင်းပြချက်မှာ တိုင်တန်းရန်ကြောက်၍ ဖြစ်သည်။ (ဖြစ်စဉ် ၁ တွင် ၁၃၁ အနက် ၅၆ ဦး ၄၂.၇%၊ ဖြစ်စဉ် ၂ တွင် ၁၃၀ အနက် ၄၃ ဦး ၃၃.၀%)။ ထိုအကြောက်တရား၏ အရေးအကြီးဆုံးအ ချက်မှာ ငွေတောင်းသည်ဟု တိုင်ကြားခြင်းသည် တိုင်ကြား သူအတွက်သာ ပြဿနာပိုမိုကြီးထွားစေ သည်ဆိုသည့် စိုး ရိမ်စိတ်ဖြစ်သည်။ (ဥပမာ "ကျွန်တော့်မှာ ပိုက်ဆံရှိရင်တော့ မြေမှတ်ပုံတင်လုပ်မယ် မရှိလို့ကတော့ မလုပ်ဘူး၊ ဘယ်ကို တိုင်ရမှန်းလည်း ကျွန်တော်မသိဘူး၊ သူတို့က အစိုးရဆို တော့ ပြဿနာတက်မှာကြောက်တယ်။" "တကယ်လို့ ကျွန် တော်တိုင်ရင် ကျွန်တော်နဲ့အစိုးရအရာရှိတွေကြား ပြဿနာ တက်မယ်၊ ဒီတော့ တိုင်မနေတော့ဘူး ပိုက်ဆံပဲပေးလိုက် တယ်/ ဒီတော့ တိုင်လဲမတိုင်ဘူး ပေးလဲမပေးဘူး။""တိုင်ရင် နောက်အကျိုးဆက် သိပ်မကောင်းဘူးလို့ထင်တယ်၊ နောက် တစ်ကြိမ် အကူအညီလိုလို့တောင်းရင် သူတို့ပေးတော့မှာ မဟုတ်ဘူး။") ဒုတိယအချက်မှာ တရားဝင်အစိုးရ ဗျူရိုက ရေစီ ယန္တရားနှင့် ဆက်စပ်ပတ်သက်ရမည်ကို ဖြေဆိုသူများ က စိုးရွံ့ကြသည်။ (ဥပမာ (အစိုးရ) ရုံးတွေသွားရတာရှုတ် တယ်၊ ကိုယ့်စီးပွားရေး အလုပ်လည်းပျက်တယ်၊ ဒီတော့ မတိုင်ဘူး"၊ "အစိုးရရုံးတွေသွားရတာမောတယ်၊ ပြီးတော့ ပိုက်ဆံလည်း ပိုကုန်တယ်၊ ဒီတော့ မတိုင်ဘူး"၊ "မတိုင်နိုင် ပါဘူးဗျာ အစိုးရအရာရှိတွေနဲ့ စကားလည်းမပြောတတ် ဘူး။")။ အများစုပြောသည့် တတိယ အကြောက်တရားမှာ "ကိုယ်ကကြောက်တတ်တော့ မတိုင်ရဲပါဘူး။" ဖြစ်သည်။

တိုင်ကြားခြင်းကြောင့် ဘာမှထူးခြားမလာဟု ၎င်း တို့မျှော်လင့်သည်ကလည်း မတိုင်လိုသည့် ဖြေဆိုသူများ အပေါ် လွှမ်းမိုးသည့် အကြောင်းတစ်ရပ်ဖြစ်သည်။ (ဥပမာ "ကျွန်တော်တိုင်လည်း အရေးယူခဲပါတယ်၊ ဒီတော့တိုင် မနေတော့ဘူး။"၊ "ဘယ်နေရာကို တိုင်ရမှန်းလည်းမသိဘူး၊ ပြီးတော့ တိုင်ရင်လဲ ထူးခြားလာမယ်လို့ မထင်ဘူး။"၊ "တိုင် ရင်လည်း ဘာမှထူးခြားလာမှာ မဟုတ်ဘူး၊ ဒီတော့ လဝက (အရာရှိ) နဲ့ ညှိတာအကောင်းဆုံးပဲ။")။ ထိုကဲ့သို့ အလားတူ ဖြစ်ရပ်များကို တိုင်ကြားရန်ငြင်းဆန်မှု များပြားသည်မှာ လည်း ထင်ရှားသည်။ ဖြေဆိုသူများက မိမိကိုယ်ကိုအားကိုး သည့် အထူးသဖြင့် ကြေးလျှော့ပေးရန် အရာရှိများနှင့် ညှိနှိုင်းသည့် နည်းလမ်းကိုလည်း ဖော်ပြသည်။ အချို့က ခွဲခြားဆက်ဆံမှုကို ထောက်ပြသည်။ (ဥပမာ - ကျွန်တော်က လူမျိုးကွဲလေ ပြဿနာ ထပ်မတက်ချင်ဘူး၊ ဒီတော့ သူတို့ တောင်းသလောက်ပေးပြီး မှတ်ပုံတင်လုပ်မှာပဲ။) ဘာလုပ်ရ မည်၊ မည်သူကကူညီ ပေးသည်ကိုမသိ၍ မတိုင်ဟု ဖြေဆိုသူ အနည်းစုက ဆိုသည်။ တစ်ဦးတည်းသော ဖြေဆိုသူက ဥပဒေကြောင်းမသိ၍ မတိုင်ဟု သီးခြားဖော်ပြသည်။

အမျိုးသားဖြေဆိုသူများနှင့်စာလျှင် အမျိုးသမီးဖြေ ဆိုသူများက ထိုဖြစ်နိုင်ဖွယ်သာဓကဖြစ်ရပ်များကို ပို၍မတိုင် လိုကြပေ။ ပထမဖြစ်ရပ်နှင့်ပတ်သက်၍ ဖြေဆိုသူအမျိုး သမီးထက်ဝက်ကျော် ၅၂% (အမျိုးသားဖြေဆိုသူ ၃၅.၃% နှင့်နှိုင်းယှဉ်ပါက) က မြေယာမှတ်ပုံတင်ရန် အပိုကြေး

တောင်းခံခြင်းကို တိုင်ကြားလိမ့်မည် မဟုတ်ဟုဆိုသည်။ ဒုတိယဖြစ်ရပ်တွင် အမျိုးသမီးဖြေဆိုသူ ၅၀.၀% (အမျိုးသားဖြေဆိုသူ ၃၆.၇% နှင့်နှိုင်းယှဉ်လျှင်) က မှတ်ပုံတင်အသစ်ပြုလုပ်ရာတွင် အပိုကြေးတောင်းခြင်းကို တိုင်ကြားလိမ့်မည် မဟုတ်ဟုဆိုသည်။

*အချုပ်အားဖြင့် အကျင့်ပျက်ခြစားအဂတိလိုက်စားသည့် လုပ်ရပ်ကိုတိုင်ကြားလိမ့်မည် သို့မဟုတ် တိုင်ကြားကောင်း တိုင်ကြားမည်ဟုဖြေဆိုသူ အများစုက ဆိုသည်။ အမျိုးသားများထက်စာလျှင် အမျိုးသမီးများသည် ပို၍မတိုင်ကြားလိုကြပါ။ လာဘ်ပေးလာဘ်ယူမှုကို တိုင်ကြားလိုသည့်သူများသည် ရလဒ်အနေဖြင့် အပြစ်ပေးအရေးယူမှုများကို မျှော်လင့်ကြသော်လည်း အစိုးရ တာဝန်ခံတာဝန်ယူမှုနှင့် ပတ်သက်၍ မြင့်မားသည့် မျှော်လင့်ချက်များ မထားကြပါ။*

*အဂတိလိုက်စားမှုကို မတိုင်လိုသည့်သူအများစုသည် တာဝန်ယူတာဝန်ခံမှုကို အာမခံရန် အတားအဆီးအဟန့်အတားမှာ ထိုအဂတိလိုက်စားမှုပင်ဖြစ်သည်ဟု ထောက်ပြသည်။ တိုင်ကြားရန် လက်တွန့်စိုးရိမ်စေသည့်အကြောင်းများမှာ ငွေပေးရမည်စိုး၍ အစိုးရဗျူရိုကရေစီယန္တရားနှင့် ဆက်စပ်ပတ်သက်ရမည်စိုး၍ သို့မဟုတ် ဘာမှဖြစ်မလာသည့်အတွက်/ဘာမှမထူးခြားသည့်အတွက် နောက်ဆုတ်ရုပ်သိမ်းသွားရမည်စိုး၍ဟု ဖြေဆိုသူ အတော်များများက ဖော်ပြကြသည်။*



# အခန်း ၇
# ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ရသည့် IDP ဖြေဆိုသူများ

ဓာတ်ပုံ- ဒေသတွင်းရွှေ့ပြောင်းနေထိုင်သူများ IDP စခန်းတွင်းမြင်ကွင်း၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ်

ဤအခန်းတွင် ဒေသတွင်းရွှေ့ပြောင်းနေထိုင်ရသည့် IDP ဖြေဆိုသူများနှင့်ဆိုင်သည့် လေ့လာတွေ့ရှိချက်များကို အထူးဖော်ပြထားသည်။

ဖြေဆိုသူများ၏ လူဦးရေ၊ ယဉ်ကျေးမှု၊ လူမှုစီးပွားနောက်ခံအခြေအနေများကို ဦးစွာဖော်ပြသည်။ ထိုနောက် ၎င်းတို့အကြား လူမှုယုံကြည်မှု ရေချိန်အဆင့်အတန်းကို ဆန်းစစ်လေ့လာသည်။ လူမှုယုံကြည်မှုကို (၁)ယေဘုယျအားဖြင့်လူများ၏ယုံကြည်ထိုက်မှုနှင့်မျှတသမာဓိတည်ကြည်မှုအပေါ် ဖြေဆိုသူများ၏ သဘောထားရှုမြင်မှု၊ (၂) မိမိကိုယ်ကိုထက်စာလျှင် အခြားသူများအပေါ် ဖြေဆိုသူများ၏ ယုံကြည်မှု အတိုင်းအတာ ရှုထောင့်များအရ ကြည့်မြင် လေ့လာသည်။ ဤအခန်းတွင် တရားမျှတရေးနှင့် ဥပဒေရှုထောင့်အချို့အပေါ် IDP ဖြေဆိုသူများ၏ အမြင်သဘော ထားများကိုလည်း ဆန်းစစ်ထားသည်။

တစ်ဦးတစ်ယောက်ချင်း / အိမ်ထောင်စုအဆင့်နှင့် ရပ်ရွာအဖွဲ့အစည်းအဆင့် ဖြစ်ပွားသည့် IDP ဖြေဆိုသူများ၏ အငြင်းပွားမှုပြဿနာများ၊ တရားမျှတမှုဆိုင်ရာ အဓိကဦးစားပေးပြဿနာများနှင့် ထိုအမှုပြဿနာများတွင် ၎င်းတို့ ၏ ပါဝင်ပတ်သက်မှုများကို ဖော်ထုတ်ထားသည်။ ပြီးနောက် ၎င်းတို့အနေဖြင့် အဓိကဦးစားပေးဟု သတ်မှတ်သည့် အမှုပြဿနာများနှင့် ဆုံးရှုံးနစ်နာမှုကို ဖြေရှင်းသည့်လမ်းကြောင်းများ၊ ထိုလမ်းကြောင်းများနှင့် အောင်မြင်မှု အတိုင်းအတာတို့ကို စစ်ဆေးလေ့လာသည်။

ဤအခန်းတွင် သမားရိုးကျ တရားမျှတရေးစနစ်အပေါ် IDP ဖြေဆိုသူများ၏ သဘောထားအမြင်များနှင့် တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရဲများနှင့် ရပ်ရွာခေါင်းဆောင်များ[၅၇] အပေါ် ၎င်းတို့ခံယူသည့် သဘောထားများကိုလည်း အစီရင်ခံထားသည်။ ထိုအဓိကတရားရေး ပုဂ္ဂိုလ်များအပေါ် ပြည်သူလူထုယုံကြည်မှုညွှန်း ကိန်းကို အဆိုပြုတင်ပြထားသည့်အပြင် တရားအရာရှိများ ခွဲခြားဆက်ဆံပြုမှုခဲ့ပါက IDP ဖြေဆိုသူများ တုံ့ပြန်နိုင်ပုံများကို ထည့်သွင်းစဉ်းစားထားသည်။ ဤအခန်းကို အစိုးရအရာရှိများ၏ တာဝန်ယူ၊ တာဝန်ခံမှုအပေါ် ဖြေဆိုသူများ၏ မျှော်လင့် တောင့်တချက်များ၊ ရှုမြင်သည့်သဘောထားများကို အစီရင်ခံတင်ပြခြင်းဖြင့် အဆုံးသတ်သည်။

# သုတေသနလေ့လာမှု ဖြေဆိုသူများ

ဤအခန်းတွင် စနစ်တကျတည်ဆောက်ပြင်ဆင်ထားသည့် အိမ်ထောင်စု အင်တာဗျူးမေးခွန်းများအသုံးပြု၍ ဖြေဆိုသူများ၏ လူဦးရေ၊ ယဉ်ကျေးမှု၊ လူမှုစီးပွားနောက်ခံများကို ဖော်ပြသည်။

သက်ဆိုင်သည့် လေ့လာရာနေရာဒေသများမှာ မြစ်ကြီးနားနှင့်ဗန်းမော်မြို့နယ်များတွင် တည်ရှိသည့် ဒေသတွင်းရွှေ့ပြောင်းနေထိုင်ရသူများ IDP စခန်းများဖြစ်သည်။ ထိုနေရာများမှာ ခရစ်ယာန် ဘုရားကျောင်းဝင်းထဲတွင် (တစ်ခုမှာ Baptist ဘုရားကျောင်း၊ Catholic ဘုရားကျောင်း) တည်ရှိသည်။ ဒေသတွင်းရွှေ့ပြောင်းနေထိုင်ရသည့် အရွယ်ရောက်ပြီးသူ IDP ဖြေဆိုသူစုစုပေါင်း ၁၀၀ ဦး (အမျိုးသမီး ၅၇၊ အမျိုးသား ၄၃) နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ IDP ဖြေဆိုသူများ၏ ပျမ်းမျှအသက်မှာ ၃၇ နှစ်ဖြစ်ပြီး၊ အငယ်ဆုံး ၁၈ နှစ်နှင့် အကြီးဆုံး ၆၅ နှစ်ဖြစ်သည်။ ဖြေဆိုသူ ၅ ဦးလျှင် ၄ ဦး (၈၀%) သည် တွေ့ဆုံမေးမြန်းချိန်တွင် အိမ်ထောင်သည်များဖြစ်ကြသည်။

ဇယား ၇.၁ လူမျိုးနှင့် ကျား/မ လိင်အရ ဖြေဆိုသူပြဇယား

| လူမျိုး | လိင် | | စုစုပေါင်း |
|---|---|---|---|
| | မ | ကျား | |
| ဂျိမ်းဖော | ၂၂ | ၂၅ | ၄၇ |
| ကချင် | ၂၈ | ၁၄ | ၄၂ |
| လော်ဖို / မရူ | ၂ | ၁ | ၃ |
| ဂေါ်ရခါး | ၀ | ၂ | ၂ |
| ရှမ်း | ၂ | ၀ | ၂ |
| တရုတ် | ၁ | ၀ | ၁ |
| ပလောင်/တအာန်း | ၀ | ၁ | ၁ |
| ရဝမ် | ၁ | ၀ | ၁ |
| ဖိုင်ဗာ / အဇီ | ၁ | ၀ | ၁ |
| စုစုပေါင်း | ၅၇ | ၄၃ | ၁၀၀ |

၅၇ ၂၀၁၂ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးဥပဒေ ပြဋ္ဌာန်းချက်အရ ရပ်ကွက်နှင့်ကျေးရွာ အုပ်ချုပ်ရေးမှူးများသည် တရားဝင်ပြဿနာအငြင်းပွားမှု ဖြေရှင်းသည့်အခန်းကဏ္ဍနှင့် တာဝန်များရှိသည် (အပိုင်း ၃ တွင်ရှု)။

## ယဉ်ကျေးမှုဆိုင်ရာ ဝိသေသလက္ခဏာများ

ဖြေဆိုသူများက ၎င်းတို့၏လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာများကို ဖော်ပြသည်။[၅၈] လူမျိုးနှင့် ကျား / မ လိင်အရ ဖြေဆိုသူများအား ခွဲခြားထားမှုကို ဇယား ၇.၁ တွင် တင်ပြထားသည်။ [၅၉]

IDP ဖြေဆိုသူများက ၎င်းတို့၏ ကိုးကွယ်သည့်ဘာသာအဖြစ် ဗုဒ္ဓဘာသာ သို့မဟုတ် ခရစ်ယာန်[၆၀] ဟု ဖော်ပြသည်။ လူ မျိုးနှင့် ကိုးကွယ်သည့်ဘာသာအလိုက် ဖြေဆိုသူများအား ခွဲခြားထားမှုကို ဇယား ၇.၂ တွင် ဖော်ပြထားသည်။


ဇယား ၇.၂ လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာအလိုက် ဖြေဆိုသူပြဇယား

| လူမျိုး | ကိုးကွယ်သည့်ဘာသာ | | စုစုပေါင်း |
|---|---|---|---|
| | ဗုဒ္ဓဘာသာ | ခရစ်ယာန် | |
| ဂိုမ်းဖော | ၀ | ၄၇ | ၄၇ |
| ကချင် | ၀ | ၄၂ | ၄၂ |
| လော်ဗို / မရူ | ၀ | ၃ | ၃ |
| ဂေါ်ရခါး | ၁ | ၁ | ၂ |
| ရှမ်း | ၀ | ၂ | ၂ |
| တရုတ် | ၁ | ၀ | ၁ |
| ပလောင်/တအာန်း | ၁ | ၀ | ၁ |
| ရဝမ် | ၀ | ၁ | ၁ |
| ဇိုင်ဖာ / အဇီ | ၀ | ၁ | ၁ |
| စုစုပေါင်း | ၃ | ၉၇ | ၁၀၀ |

## ပညာရေးအဆင့်အတန်းနှင့် မြန်မာစာတတ်မြောက်မှု

ခွဲခြမ်းစိတ်ဖြာလေ့လာရန် ရည်ရွယ်ချက်ဖြင့် ပညာရည်ပြီးမြောက်မှုအဆင့်အတန်းနှင့်သက်ဆိုင်သည့် အဖြေများကို အုပ်စု (၇) စု ထပ်မံခွဲထားသည်။ ၎င်းတို့မှာ- အတန်းပညာမရှိ၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်ဝင်တန်း၊ ကောလိပ် / ဘွဲ့ကြို၊ ဘွဲ့လွန်နှင့် အခြား[၆၁] တို့ဖြစ်သည်။ ဖြေဆိုသူများကို ပညာအဆင့်အတန်းအလိုက် ပုံ ၇.၁ တွင် ဖော်ပြထားသည်။

ပုံ ၇.၁ ပညာအဆင့်အတန်း (IDP ဖြေဆိုသူများ)




၅၈ တိုက်တွန်းလှုံ့ဆော် ဖိအားပေးမှုမပါသည့် အဖွင့်မေးခွန်းများမှတစ်ဆင့်
၅၉ လူမျိုးနှင့်ပတ်သက်သည့် IDP ဖြေဆိုသူများ၏ အဖြေများကို အုပ်စုခွဲခြားခြင်းမရှိ။ မှတ်သားရမည်မှာ ယခင်ဆို ခဲ့သည့်အတိုင်း "ကချင်"ဝေါဟာရသည် ဂိုမ်းဖော၊ လချိတ်/လရှီ၊ လော်ဗို/မရူ၊ လီဆူ၊ ရဝမ်နှင့် ဇိုင်ဖာ/အဇီ မျိုးနွယ်စု ၆ မျိုးကို လွှမ်းခြုံသည်ဟု ယေဘုယျ နားလည်မှတ်ယူသည်။
၆၀ ဒေသတွင်းရွှေ့ပြောင်းနေထိုင်သူ မဟုတ်သည့် non - IDP ဖြေဆိုသူများကဲ့သို့ပင် မိမိကိုယ်ကို ခရစ်ယာန်ဟု ဖော်ပြ သည့် IDP ဖြေဆိုသူများသည် ၎င်းတို့၏အသင်းတော် အမည်နာမကို နောက်ထပ်အကျယ်တဝင့် မဖော်ပြပါ။
၆၁ ပညာအဆင့်အတန်းတစ်ခုစီကို အောက်ခြေမှတ်စု (၂၃ မှ ၂၉) များတွင် ရှင်းလင်းဖော်ပြထားသည်။

IDP ဖြေဆိုသူများအားလုံး၏ ထက်ဝက် (၅၀%) သည် အလယ်တန်းပညာရေးအဆင့် တစ်စုံတစ်ရာရှိကြပြီး၊ ၄ ပုံ ၁ ပုံနီးပါး (၂၂%) သည် အထက်တန်းပညာအဆင့် တစ်ခုခုရှိသည်။ အနည်းစုသာလျှင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ကြသည်။ (၄%) သို့မဟုတ် တက္ကသိုလ် အဆင့်မြင့်ပညာရေး တစ်စုံတစ်ရာ ရှိကြသည် (၂%)။

အစိုးရကျောင်း သို့မဟုတ် အလွတ်ပညာရေး လုံးဝ မရှိသူများမှာ အမျိုးသား (၂.၃%) ထက်စာလျှင် အမျိုးသမီး (၇%) အချိုးအစား ပို၍မြင့်မားသည်။ အခြေခံပညာအဆင့် တစ်ခုခုရှိမှုတွင် အမျိုးသမီးများထက်စာလျှင် အမျိုးသား ပို များပြီး၊ အလယ်တန်းအဆင့် တစ်စုံတစ်ရာရှိမှုတွင် အမျိုးသားများထက် အမျိုးသမီးများပိုများသည်။ အထက်တန်း ပညာအဆင့်တွင်လည်း အမျိုးသားအချိုးက ပို၍မြင့်မားသည်။ အတက်တန်းပညာအဆင့် တစ်စုံတစ်ရာ သို့မဟုတ် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့မှုတွင် အမျိုးသမီးများထက် အမျိုးသားများက ပိုမြင့်မားသည်။ သို့သော် ဘွဲ့ကြိုအဆင့်တွင် အမျိုးသမီးများရှိပြီး၊ အမျိုးသားတစ်ဦးတစ်ယောက်မျှ မရှိ (ပုံ ၇.၁ (က) တွင်ရှု)။


ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ရသူ မဟုတ်သည့် non – IDP ဖြေဆိုသူများထက်စာလျှင် IDP ဖြေဆိုသူများသည် ပညာရေးအဆင့် အောက်ဆုံးပိုင်းများတွင် ရှိကြသည်။ အခြေခံပညာနှင့် အလယ်တန်းပညာ တစ်စုံတစ်ရာရှိ သည့် အဆင့်တွင် IDP မဟုတ်သည် ့ဖြေဆိုသူများနှင့်နှိုင်းယှဉ်လျှင် IDP ဖြေဆိုသူ အချိုးအစား ပို၍မြင့်မားသည်။ သို့သော် အထက်တန်းပညာရှိမှု၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့မှု သို့မဟုတ် အဆင့်မြင့်ပညာအဆင့်တွင် IDP ဖြေဆိုသူများ ထက်စာလျှင် IDP မဟုတ်သည့်ဖြေဆိုသူ အချိုးအစား ပို၍မြင့်မားသည်။ (ပုံ ၇.၁ (ခ) နောက်ဆက်တွဲတွင်ရှု)။

ဖြေဆိုသူများက မြန်မာဘာသာဖြင့် သတင်းစာ ဖတ်တတ်မှု သို့မဟုတ် စာရေးတတ်မှုများကို ဖော်ပြသည်။ IDP ဖြေဆိုသူ ၄ ပုံ ၃ ပုံကျော် (၇၈%) က ရေးတတ်၊ ဖတ်တတ်ကြသည်ဟု ဆိုသည်။ မြန်မာဘာသာဖြင့် မရေးတတ် သို့မဟုတ် မဖတ်တတ်သည့် IDP ဖြေဆိုသူများမှာ ၁၀ ဦးလျှင် ၁ ဦး (၉%) ရှိသည်။

အမျိုးသမီးများမှာ အမျိုးသားများထက်စာလျှင် မြန်မာစာရေးနိုင်ဖတ်နိုင်စွမ်း ၂ မျိုးစလုံးရှိကြသည်။ သို့သော် ရေးနိုင်၊ ဖတ်နိုင်စွမ်းမရှိသည့် အချိုးမှာလည်း အမျိုးသမီးများက အမျိုးသားများထက် ပိုများသည်။ (ပုံ ၇.၁ (ဂ) နောက်ဆက်တွဲ (ခ) တွင်ရှု)။

မြန်မာစာရေးတတ်၊ ဖတ်တတ်နိုင်စွမ်းတွင် IDP ဖြေဆိုသူ အချိုးအစားသည် IDP မဟုတ်သည့်ဖြေဆိုသူ အချိုးအစားထက် နည်းပါးသည်။ တစ်ချိန်တည်းမှာပင် မြန်မာစာမတတ်သည့်နှုန်းတွင်လည်း IDP မဟုတ်သည့် ဖြေဆို သူများထက် IDP ဖြေဆိုသူအချိုး ပိုမြင့်မားသည် ။(ပုံ ၇.၁ (ဃ) နောက်ဆက်တွဲ (ခ) တွင်ရှု)။

ပုံ ၇.၁ (က) ကျား/မ လိင်အလိုက် ပညာအဆင့်အတန်း (IDP ဖြေဆိုသူများ)



## မသန်စွမ်းသူများ

IDP ဖြေဆိုသူ ၅ ဦးလျှင် ၁ ဦးကျော်ကျော် (၂၁%) က ၎င်းတို့ အိမ်ထောင်စုတွင် အနည်းဆုံး မသန်စွမ်း ချို့တဲ့သည့် ပုံစံတစ်မျိုးဖြင့် မသန်စွမ်းသူတစ်ဦးရှိသည်ဟု ပြောကြသည်။ ထိုမသန်စွမ်းမှုပုံစံများတွင် ရုပ်ပိုင်းဆိုင်ရာ၊ အမြင်အာရုံ၊ အကြားအာရုံ၊ စကားပြောနိုင်စွမ်းနှင့် / သို့မဟုတ် စိတ်ပိုင်းဆိုင်ရာမသန်စွမ်း သို့မဟုတ် ချို့တဲ့ခြင်းများ ပါဝင်သည်။

## အိမ်ထောင်စုဝင်ငွေနှင့် ပိုင်ဆိုင်မှုများ


ဖြေဆိုသူများ၏ အိမ်ထောင်စုခန့်မှန်းခြေ လစဉ်ဝင်ငွေအဆင့်အတန်းကို ပုံ ၇.၂ တွင် ဖော်ပြထားသည်။

သုတေသနလေ့လာခဲ့သည့် IDP ဖြေဆိုသူ ၃ ပုံ ၂ ပုံကျော် (၇၁%) ၏ လစဉ်ဝင်ငွေမှာ (၁၀၀,၀၀၀) ကျပ်အောက်ဖြစ်ပြီး ထိုအထဲတွင် လစဉ်ဝင်ငွေ (၅၀,၀၀၀) ကျပ်အောက် ၄ ပုံ ၁ ပုံကျော် (၂၈%) ပါဝင်သည်။ ခန့်မှန်းခြေ လစဉ်ဝင်ငွေ (၁၀၀,၀၀၀) မှ (၂၀၀,၀၀၀) ကျပ်အတွင်းရှိသည့် အိမ်ထောင်စုများမှာ ၄ ပုံ ၁ ပုံအောက် (၂၂%) ဖြစ်သည်။

အနိမ့်ဆုံး အိမ်ထောင်စုလစဉ်ဝင်ငွေ အမျိုး အစားတွင် IDP မဟုတ်သည့် အိမ်ထောင်စုများထက် IDP အိမ်ထောင်စု ပို၍မြင့်မားသည်။ (ပုံ ၇.၂ (က) တွင်ရှု)။

IDP ဖြေဆိုသူမိသားစုများ၏ အဓိကလစဉ်ဝင်ငွေ လုပ်ငန်း/လမ်းကြောင်းများမှာ ကြုံရာကျပန်း (၄၅%)၊နေ့စား

ပုံ ၇.၂ အိမ်ထောင်စု လစဉ်ဝင်ငွေ အဆင့်အတန်း (IDP ဖြေဆိုသူများ)





(၂၂%)၊ လယ်ယာအလုပ် (၁၀%) များ ဖြစ်သည်။ IDP ဖြေဆိုသူ ၃ ပုံ ၂ ပုံကျော် (၇၀%) က ၎င်းတို့တွင် မိသားစုအပိုဝင်ငွေ အလုပ် မရှိဟုဆိုသည်။

ဖော်ပြထားသည့် အိမ်ထောင်စုပိုင်ဆိုင်မှု အမျိုးအစား (၁၅) မျိုးအနက် (၄) မျိုးကိုသာ ပိုင်ဆိုင်သည်ဟု IDP ဖြေဆိုသူများက ပြောသည်။ ၎င်းတို့မှာ မော်တော်ဆိုင်ကယ် / တုတ်တုတ် (IDP ဖြေဆိုသူ ၄၉%)၊ မိုဘိုင်းဖုန်း (၄၉%)၊ ရေဒီယို (၄၃%) နှင့် ရုပ်မြင်သံကြားစက် (၃၃%) ဖြစ်သည်။

၅ ဦးလျှင် ၁ ဦးနီးနီး (၁၈%) က ဖော်ပြပါပစ္စည်း ၁၅ မျိုးထဲမှ တစ်ခုမျှ မပိုင်ဆိုင်ဟုဆိုသည်။ IDP ဖြေဆိုသူများနှင့် IDP မဟုတ်သည့် (non - IDP) ဖြေဆိုသူများ၏ အိမ်ထောင်စုပိုင်ဆိုင်မှု နှိုင်းယှဉ်ချက်ကို ပုံ ၇.၂ (ခ) နောက်ဆက်တွဲ (ခ) တွင် ဖော်ပြထားသည်။

ပုံ ၇.၂ (က) အိမ်ထောင်စုလစဉ်ဝင်ငွေအဆင့်အတန်း (IDP ဖြေဆိုသူများနှင့် IDP မဟုတ်သည့်ဖြေဆိုသူများ)





# လူထုမီဒီယာနှင့် ထိတွေ့မှု၊ သတင်းအချက်အလက် လက်လှမ်းမီရယူနိုင်မှု

တစ်ပတ်လျှင် ရုပ်မြင်သံကြားကြည့်သည့်၊ ရေဒီယိုနားထောင်သည့်၊ သတင်းစာ သို့မဟုတ် ဂျာနယ်ဖတ်သည့် အကြိမ်အရေအတွက်ကို ဖြေဆိုသူများက ညွှန်းပြကြသည်။ (ပုံ ၇.၃ တွင်ရှု)။

သတင်းပတ်တစ်ပတ်အတွင်း လူထုမီဒီယာနှင့် ထိတွေ့မှုအခြေအနေမှာ ၃ ပုံ ၂ ပုံကျော် (၇၁%) သော IDP ဖြေဆိုသူများသည် ရုပ်မြင်သံကြားလုံးဝကြည့်ရှုခြင်း မရှိသကဲ့သို့၊ ထက်ဝက်ကျော် ၅၃% သည် သတင်းစာ သို့မဟုတ် ဂျာနယ် မဖတ်ကြပါ။

IDP ဖြေဆိုသူ ထက်ဝက်ကျော်လောက် (၅၁%) သည် တစ်ပတ်လျှင် အနည်းဆုံး ၃ ရက် ရေဒီယိုနားထောင်ကြသည်။ ထိုအထဲတွင် နေ့စဉ် သို့မဟုတ် နေ့စဉ်နီးပါးရေဒီယိုနားထောင်သူ ၃ ပုံ ၁ ပုံကျော် ၃၄% လည်း ပါဝင်သည်။

ပုံ ၇.၃ လူထုမီဒီယာနှင့် ထိတွေ့မှု (IDP ဖြေဆိုသူများ)



IDP ဖြေဆိုသူများ၏ အဓိကသတင်းအချက်အလက်ရရှိသည့် ဇစ်မြစ်များမှာ မိသားစု/မိတ်ဆွေအပေါင်းအသင်းများ / အိမ်နီးချင်းများဖြစ်သည် (ဖြေဆိုသူ ၉၃ ဦး)။ ၇၅ ဦးက ရေဒီယိုကို မှီခိုအားထားသည်။ အခြားသတင်းဇစ်မြစ်များမှာ ဘာသာရေးခေါင်းဆောင်များ (၄၁)၊ သတင်းစာ (၃၉)၊ ဂျာနယ် (၃၅)၊ မိုဘိုင်းဖုန်း (၂၆) နှင့် ရုပ်မြင်သံကြား (၂၁) တို့ဖြစ်သည် (ပုံ ၇.၃ (က) တွင်ရှု)။


အမျိုးသားဖြေဆိုသူများသည် အမျိုးသမီးဖြေဆိုသူများ ထက်စာလျှင် သတင်းအချက်အလက် အရင်းအမြစ်ပိုမို စုံလင်သည် (ပုံ ၇.၃ (ခ) နောက်ဆက်တွဲ (ခ) တွင်ရှု)။ အမျိုးသမီးများနှင့် နှိုင်းယှဉ်လျှင် ဘာသာရေးခေါင်း ဆောင်များ၊ မိုဘိုင်းဖုန်းနှင့် အင်တာနက်တို့ကို သတင်းဇစ်မြစ်များအဖြစ် မှီခိုအားထားသည့် အမျိုးသားအချိုးအစား သိသာစွာမြင့်မားသည်။

တိုင်းပြည်တွင်ဖြစ်ပျက်သည့် သတင်းများကို အဓိက ဘာသာစကားနှစ်မျိုးဖြင့် ရယူကြသည်ဟု IDP ဖြေဆိုသူများက ဖော်ပြသည်။[၆၂] ထက်ဝက်ကျော် (၅၈%) က မြန်မာဘာသာဖြင့်လည်းကောင်း၊ ကျန် (၄၂%) က ကိုမ်းဖောဘာသာ[၆၃] ဖြင့်လည်းကောင်း လက်ခံရယူသည်ဟုဆိုသည်။ ဤပုံစံသည် ဖြေဆိုသူများ၏ မိသားစုအတွင်း အဓိကပြောဆိုသည့် ဘာသာစကားများနှင့် ကွဲပြားသည်။ ဖြေဆိုသူအများအပြား (၉၄%) က မိသားစုအတွင်း ကိုမ်းဖောစကား ပြောကြသည်[၆၄] ဟုပြောသည်။ အနည်းငယ်ကသာ အခြားဘာသာစကားများ ပြောကြသည်။ မြန်မာစကား (၃%)၊ လောပို (၂%) နှင့် တရုတ်စကား (၁%) (ပုံ ၇.၃ (က) နောက်ဆက်တွဲ (ခ) တွင်ရှု)။

## ဝန်ဆောင်မှုများရရှိမှု

ဒေသန္တရ ဝန်ဆောင်မှုများနှင့် ပတ်သက်သည့် သတင်းအချက်အလက်သိရှိမှု၊ ထိုဝန်ဆောင်မှုများကို အကူအညီတောင်းခံခဲ့မှုတွင် ဒေသတွင်းရွှေ့ပြောင်းနေထိုင်သူမဟုတ်သည့် (non – IDP) ဖြေဆိုသူများထက်စာလျှင် IDP ဖြေဆိုသူများ၏ အချိုးအစား သိသာစွာနည်းပါးသည်။

ပုံ ၇.၃ (က) သတင်းအချက်အလက် လက်လှမ်းမီရရှိနိုင်မှု (IDP ဖြေဆိုသူများ)




၆၂ တွန်းအားပေးလှုံ့ဆော် ဖိအားမပါသည့် အဖွင့်မေးခွန်းမှတစ်ဆင့်
၆၃ ဤပမာဏ (၄၂%) တွင် "ကချင်" ဘာသာ ဖြင့် သတင်းအချက်အလက်များ လက်ခံရရှိသည်ဟုပြောသည့် ဖြေဆိုသူ (၂၇%) ပါဝင်သည်။
၆၄ ဤပမာဏ (၉၄%) တွင် ၎င်းတို့မိသားစုအတွင်း "ကချင်" စကားကို အဓိကပြောဆိုသည်ဟု ဆိုသည့် ဖြေဆိုသူ (၅၂%) ပါဝင်သည်။

IDP ဖြေဆိုသူထက်ဝက်နီးပါး (၄၇%) က ၎င်းတို့နေထိုင်သည့်နေရာမှ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေး မှူးများထံ သွားရောက်ရန် အချိန်မည်မျှယူရသည်ကို မသိဟုဆိုသည်။ အချိန် ၁၅ မိနစ် သို့မဟုတ် ထိုထက်နည်းစွာ ကြာနိုင်သည်ဟု ၃ ပုံ ၁ ပုံကျော် (၇၃%) က ခန့်မှန်းပြီး ကျန် (၁၆%) က နာရီဝက်ခန့်ကြာနိုင်သည်ဟု ပြောသည်။ ကုန်ကျစရိတ်နှင့်ပတ်သက်၍ ရပ်ကျေးအုပ်ချုပ်ရေးမှူးများတည်ရှိရာ မည်မျှကွာဝေးသည်ကိုမသိသည့် (၄၇%) က ထိုနေရာသို့သွားရန် မည်မျှကုန်ကျမည်ကိုလည်း မသိဟုဆိုသည်။ ဖြေဆိုသူ ၄ ပုံ ၁ ပုံက ထိုသို့သွားရောက်ခြင်းသည် စရိတ်စက မကုန်နိုင်ဟု ဖော်ပြသည်။ ကျန်ဖြေဆိုသူများတွင် သွားရသည့်ခရီးတစ်ခေါက်သည် ကျပ် (၅၀၀) သို့မဟုတ် ထို့ ထက်နည်းနိုင်သည်ဟု ဆိုသူများနှင့် ကျပ် (၅၀၀) ထက် ပိုကုန်နိုင်သည်ဟုထင်သူများအကြားအချိုးအစားညီမျှသည် (သက်ဆိုင်ရာ ထင်မြင်ချက်တစ်ခုစီတွင် (၁၄%) ရှိသည်)။ ဖြေဆိုသူအများစု (၉၀%) က တစ်နှစ်တာကာလအတွင်း ၎င်းတို့၏ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးရုံးများသို့ သွားရောက်အကူအညီ တောင်းခံခဲ့ခြင်းမရှိဟု ဖော်ပြပြီး အနည်းငယ်သာ (၇%) သည်သာ ၁ ကြိမ်မှ ၅ ကြိမ်ကြား သွားရောက်ခဲ့သည်ဟု ခန့်မှန်းကြသည်။

IDP ဖြေဆိုသူ (၃၈%) (၅) ဦးလျှင် (၂) ဦးနီးပါးက ၎င်းတို့နေထိုင်ရာနှင့် အနီးဆုံးရဲစခန်းသို့ သွားရောက်ရန် အချိန်မည်မျှကြာသည်ကို မသိဟုဖော်ပြသည်။ ၃ ပုံ ၁ ပုံ (၃၃%) က ၁၅ မိနစ် သို့မဟုတ် ထို့ထက်နည်းစွာ ကြာနိုင်သည်ဟု ခန့်မှန်းပြီး (၅) ဦးလျှင် (၂) ဦး (၂၂%) က နာရီဝက်ခန့်ကြာနိုင်သည်ဟု ထင်သည်။ စရိတ်စကနှင့်ပတ်သက်၍ အနီးဆုံးရဲကင်း မည်မျှကွာဝေးသည်ကို မသိသည့် ဖြေဆိုသူ (၃၈%) က ထိုနေရာသို့ရောက်ရန် မည်မျှကုန်ကျမည်ကိုလည်း မသိဟုဆိုသည်။ IDP ဖြေဆိုသူ ၄ ပုံ ၁ ပုံကျော် (၂၉%) က ရဲကင်းသို့သွားရန် ကျပ် (၅၀၀) ထက် ပိုကုန်နိုင်သည်ဟုခန့်မှန်းသည်။ ကုန်ကျစရိတ်မရှိဟု ထင်သူမှာ (၁၈%)၊ (၅၀၀) ကျပ် သို့မဟုတ် ထိုထက်နည်းနိုင်သည်ဟု ထင်သူမှာ (၁၅%) ဖြစ်သည်။ IDP ဖြေဆိုသူအများစု (၉၀%) က ၎င်းတို့သည် တစ်နှစ်တာကာလအတွင်း ရဲကင်းစခန်းသို့ သွား ရောက်အကူအညီ ရယူခဲ့ခြင်းမရှိဟုဆိုပြီး အနည်းငယ် (၈%) ကသာ ခန့်မှန်းခြေ (၁) ကြိမ်မှ (၅) ကြိမ်ကြား သွားရောက်ခဲ့ သည်ဟု ပြောသည်။

IDP ဖြေဆိုသူ (၅) ဦးလျှင် (၄) ဦးကျော်ကျော် (၈၂%) က ၎င်းတို့နေထိုင်ရာနှင့် အနီးဆုံး ဘာသာရေးခေါင်းဆောင်ထံ သွားရောက်ရသည်မှာ ခန့်မှန်းခြေ (၁၅) မိနစ် သို့မဟုတ် ထိုထက်နည်းသည်ဟုဆိုသည်။ နောက်ထပ် (၁၀%) က နာရီဝက်ခန့်ကြာနိုင်မည်ဟု ခန့်မှန်းသည်။ တစ်နာရီမက ကြာနိုင်သည်ဟု ဖြေဆိုသူတစ်ဦးကပြောပြီးအခြား (၅) ဦး က အချိန်မည်မျှလိုသည်ကို မသိဟုဆိုသည်။ ၄ ပုံ ၃ ပုံကျော်(၇၇%)က၎င်းတို့၏ဘာသာရေးခေါင်းဆောင်များထံ သွားရောက်ခြင်းသည် ကုန်ကျစရိတ်မရှိနိုင်ဟု ၎င်း (၁၀) ဦးလျှင် (၁) ဦးမျှ (၁၁%) က ခန့်မှန်းခြေ ကျပ် (၅၀၀) ထက် ပို၍ ကုန်ကျနိုင်သည်ဟု ဆိုသည်။ ဖြေဆိုသူ ၃ ပုံ ၂ ပုံ (၆၇%) ၎င်းတို့သည် တစ်နှစ်တာကာလအတွင်း အနီးစပ်ဆုံးရှိ ဘာ သာရေးခေါင်းဆောင်ထံ သွားရောက် အကူအညီတောင်းခံခဲ့ခြင်းမရှိဟု ပြောပြီး ၃ ပုံ ၁ ပုံအောက် (၃၁%) က ခန့်မှန်းခြေ (၁) ကြိမ်မှ (၅) ကြိမ်အတွင်း သွားရောက်ခဲ့သည်ဟုဆိုသည်။

အနီးဆုံးမြို့နယ်ရှိ ဝန်ဆောင်မှုများ ရယူနိုင်မှုနှင့် ပတ်သက်၍ IDP ဖြေဆိုသူအများစု (၅၈%) သည် မြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံးသို့သွားရန် အချိန်မည်မျှကြာသည်ကိုမသိဟုဖော်ပြသည်။ ထို့ထက်နည်းသည့် (၅၀%) က မြို့နယ်တရားရုံးသို့သွားရန် ကြာမြင့်ချိန်ကိုမသိဟုလည်းကောင်း၊ (၄၇%) က မြို့နယ်ရဲစခန်းသွားရန် မည်မျှ ကြာသည်ကိုမသိဟု ဆိုသည်။ ၄ ပုံ ၁ ပုံနီးပါးက ထိုသို့သွားရောက်ခြင်းသည် နာရီဝက်ခန့် ကြာနိုင်သည်ဟု ပြောသည်။ (မြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံး ၂၃%၊ မြို့နယ်ရဲစခန်း ၂၅%၊ မြို့နယ်တရားရုံး ၂၈%)။ ၁၅ မိနစ် သို့မဟုတ် ထို့ထက်နည်း နိုင်သည်ဟု ခန့်မှန်းသည့် အချိုးအစားမှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံး ၁၅%၊ မြို့နယ်ရဲစခန်း ၂၃%၊ မြို့နယ် တရားရုံး ၁၇% ဖြစ်သည်။ မြို့နယ်ရှိဝန်ဆောင်မှုများ အကွာအဝေးကိုမသိသည့် ဖြေဆိုသူများက ထိုနေရာများသို့ သွားရောက်ရမည့် ကုန်ကျစရိတ်ကိုလည်း မသိဟုဖော်ပြသည်။ စရိတ်စက ကျပ် (၅၀၀) ထက်ပိုနိုင်သည်ဟု ခန့်မှန်းသည့် အချိုးအစားမှာ ၃ ပုံ ၁ ပုံခန့်ဖြစ်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဌာန (၃၂%)၊ မြို့နယ်ရဲစခန်း (၃၄%) နှင့် မြို့နယ်တရားရုံး (၃၅%) အသီးသီးဖြစ်သည်။ သိသာထင်ရှားသည့် ဖြေဆိုသူအများစုက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဌာန (၉၄%)၊ မြို့နယ်ရဲစခန်း (၉၅%)၊ မြို့နယ်တရားရုံး (၉၆%) များသို့ အကူအညီရယူရန် တစ်နှစ်အတွင်း သွားရောက်ခဲ့ ခြင်းမရှိဟု ဖော်ပြသည်။

## အကူအညီပေးသည့် အဓိကဇစ်မြစ်များ

အကူအညီလိုအပ်လာပါက မည်သူ့ထံမှ တောင်းခံနိုင်သနည်းဟု ဖြေဆိုသူများအား မေးမြန်းခဲ့သည်။ အချိုးအစားအများဆုံးဖြစ်သည့် (၃၂%) သော IDP ဖြေဆိုသူများက အကူအညီ တောင်းခံရယူနိုင်မည့်သူ တစ်ဦးမျှမရှိဟုဆို သည်။ ၄ ပုံ ၁ ပုံကျော် (၂၆%) က ၎င်းတို့၏ မိသားစုများနှင့် ဆွေမျိုးသားချင်းများ၊ (၅) ဦးလျှင် (၁) ဦးသာ သာ (၂၁%) က မိတ်ဆွေအပေါင်းအသင်းများနှင့် လုပ်ဖော်ကိုင်ဖက်များထံမှဟု ဖော်ပြသည်။ (၁၀) ဦးလျှင် (၁) ဦး (၁၀%) က အိမ်နီးချင်းများကို ညွှန်းဆိုသည်။

အကူအညီပံ့ပိုးမှု အရင်းအမြစ် ရှိကြသည်ဟု ဆိုသည့် IDP ဖြေဆိုသူအများစု (၆၈ ဦးအနက် ၆၀ ဦး

၈၈.၂%) က ထိုအကူအညီများသည် နိုင်ငံရေးပါတီနှင့်ဆက်နွယ်ခြင်းမရှိပါဟု တခဲနက်ဆိုသည်။ ၆၈ ဦးအနက် ၄၀ ဦး (၅၈.၈%) က ကူညီပေးသည့်သူများမှ ချမ်းသာကြွယ်ဝသည့်သူများဟု ဖော်ပြသည်။

အနှစ်ချုပ်အနေဖြင့် IDP ဖြေဆိုသူ ၁၀၀ ဦးသည် ဘုရားကျောင်းဝင်းများတွင် တည်ရှိသည့် ရွှေ့ပြောင်းနေထိုင်ရသူများ IDP စခန်းများမှဖြစ်သည်။ အများစုမှာ ဂိုမ်းဖောသို့မဟုတ် ကချင် ခရစ်ယာန် ဘာသာဝင်များဖြစ်သည်။ အခြားဖြေဆိုသူများနှင့် နှိုင်းယှဉ်လျှင် IDP ဖြေဆိုသူများ မှာ ပညာအဆင့်အတန်းနိမ့်ပါးသူများပို၍များပြီး မြန်မာစာတတ်မြောက်မှု ပို၍နည်းပါးသည်။ ထို့အပြင် အိမ်ထောင်စုအတွင်း မသန်စွမ်းသူရှိမှုတွင် နှစ်ဆမြင့်မားသည်။ အိမ် ထောင်စုဝင်ငွေအဆင့်အနိမ့်ဆုံးအပိုင်းတွင်ပိုများကြပြီးအိမ်ထောင်စုပိုင်ဆိုင်မှု ပို၍နည်းကြသည်။ သတင်းရရှိမှုတွင် ၎င်းတို့သည် အဓိကအားဖြင့် မိသားစု၊ မိတ်ဆွေအပေါင်းအသင်းများနှင့် အိမ်နီးချင်းများ သို့မဟုတ် ရေဒီယိုကို အား ထားမှီခိုကြသည်။

အကယ်၍ အကူအညီလိုအပ်ပါက တောင်းခံရမည့်လူ မရှိဟု IDP ဖြေဆိုသူ ၃ ဦးလျှင် ၁ ဦးနီးပါးကဆိုသည်။ IDP မဟုတ်သည့်ဖြေဆိုသူများထက်စာလျှင် IDP ဖြေဆိုသူများသည် ဒေသတွင်းဝန်ဆောင်မှုများ၏ ကူညီပံ့ပိုးမှု ရနိုင်ချေအလွန်နည်းပါးသည်။


## တရားမျှတမှုနှင့် ဥပဒေအပေါ် သဘောထားအမြင်များ

ဤအခန်းတွင် IDP ဖြေဆိုသူများ၏ တရားမျှတမှုနှင့် ဥပဒေရှုထောင့်အချို့အပေါ် သဘောထားအမြင်များကို ဆန်းစစ်လေ့လာသည်။ ဤသည်မှာ ပြည်သူများ တရားမျှတမှုကို မည်သည့် အကြောင်းများကြောင့် ရယူရသည်၊ မည်သို့ ရယူကြသည်တို့ကို လေ့လာရသည်။ နောက်ခံအခြေအနေတချို့ကို ဖော်ပြပေးသည် (နောက်ဆက်တွဲအခန်းများတွင်ရှု)။

### လူမှုယုံကြည်မှု

လူမှုတန်ဖိုးနှင့်ဆက်နွယ်သည့် ဝိသေသလက္ခဏာနှစ်ရပ် - ယုံကြည်ထိုက်မှုနှင့် မျှတမှုအပေါ် ဖြေဆိုသူများက ၎င်းတို့ရှုမြင်သည့် သဘောထားများကို ပေးကြသည် (ပုံ ၇.၄ တွင်ရှု)။[၆၅]

ပုံ ၇.၄ လူမှုယုံကြည်မှု - ယုံကြည်ထိုက်မှုနှင့် မျှတမှု (IDP ဖြေဆိုသူများ)




၆၅ ယုံကြည်ထိုက်မှုနှင့် မျှတမှုနှင့်ဆိုင်သည့် အဆိုပြုချက် (၂) ရပ်အပေါ် ဖြေဆိုသူများ၏ သဘောတူမှု သို့မဟုတ် သဘောမတူမှု အတိုင်းအတာကို မေးမြန်းသည်။ ၎င်းတို့၏အဖြေများကို Likert စကေး (၇) ဆင့်- "လုံးဝသဘောတူ သည်" "အတော်အတန်သဘောတူသည်" "အနည်းငယ်သဘောတူသည်" "အနည်းအကျဉ်းသဘောတူသည်" "သ ဘောတူသည်လည်းမဟုတ်၊ မတူသည်လည်းမဟုတ်" "သိပ်သဘောမတူပါ" "အတော်အတန်သဘောမတူပါ" "လုံးဝ သဘောမတူ"- စသည်ဖြင့် မှတ်တမ်းတင်သုံးသပ်မှု လွယ်ကူစေရန် "လုံးဝသဘောတူသည်" "အတော်အတန် သဘောတူသည်" "အနည်းငယ် သဘောတူသည်" စသည့်အဖြေများကို "သဘောတူသည်" အဖြစ် တစ်ခုတည်းပေါင်း စည်းပြီး၊ "သိပ်သဘောမတူပါ" "အတော်အတန်သဘောမတူ" "လုံးဝသဘောမတူ" တို့ကို "သဘောမတူ" အဖြစ် တစ် စုတည်း ပေါင်းထားသည်။

IDP ဖြေဆိုသူများ ထုတ်ဖော်သည့် လူမှုရေးချိန်များ နိမ့်ပါးသည်။ "အကြမ်းအားဖြင့်ဆိုရလျှင် လူအားလုံးလောက် နီးပါးသည် ယုံကြည်ရသည်" (၄၅.၀%) နှင့် "ယေဘုယျ ဆိုသော် လူအားလုံးလောက်နီးပါးသည် အခြားသူများ အပေါ်မျှတရန်ကြိုးစားသည်"(၄၂.၀%) ဆိုသည် အဆိုပြု ချက်များကို သဘောတူထောက်ခံသည့်အချိုးမှာ ထက်ဝက် အောက်ဖြစ်သည်။ ယေဘုယျအားဖြင့် လူများကို ယုံကြည် ၍ရသည် (၂၈.၀%) နှင့် ယေဘုယျအားဖြင့် လူအားလုံး နီးပါးသည် အခြားသူများအပေါ် မျှတရန် ကြိုးစားကြသည် (၂၇.၀%) ကို ၄ ပုံ ၁ ပုံကျော်က သဘောမတူကြပါ။

အမျိုးသမီးဖြေဆိုသူများထက်စာလျှင် အမျိုးစား ဖြေဆိုသူများက ထို ၂ ချက်လုံးကို ပို၍ထောက်ခံသည့် သဘောရှိသည်။ သို့သော် ကြားနေသဘောထားများတွင် အမျိုးသားများထက် အမျိုးသမီးဖြေဆိုသူ များသည် (ပုံ ၇.၅ (က) နောက်ဆက်တွဲ (ခ) တွင်ရှု)။

ဖြေဆိုသူများက လူပုဂ္ဂိုလ်အမျိုးအစား အသီးသီး အပေါ် ၎င်းတို့၏ယုံကြည်မှု သို့မဟုတ် မယုံကြည်မှု အတိုင်း အတာများကိုလည်း ဖော်ပြသည်။ ထိုလူပုဂ္ဂိုလ်အသီးသီးမှာ- မိသားစုနှင့် ဆွေမျိုးများ၊ အိမ်နီးချင်းများ၊ မိတ်ဆွေ အပေါင်းအသင်းများနှင့် ရပ်ရွာအသိုင်းအဝိုင်းထဲမှ လူများ၊ ရပ်ရွာ ခေါင်းဆောင်များ၊ ရပ်ရွာအသိုင်းအဝိုင်းပြင်ပမှသူ များ၊ ဘာသာကွဲ၊ လူမျိုးကွဲများဖြစ်သည် (ပုံ ၇.၅ တွင်ရှု)။ [၆၆] ထိုလူပုဂ္ဂိုလ်အမျိုးအစား အသီးသီးအနက် မိသားစု နှင့် ဆွေ မျိုးများကိုယုံကြည်မှုအများဆုံး၊ ရပ်ရွာအသိုင်းအဝိုင်းပြင်ပ သူများကို ယုံကြည်မှုအနည်းဆုံးဟု IDP ဖြေဆိုသူများက ညွှန်းပြသည်။


အမျိုးသားဖြေဆိုသူများနှင့် နှိုင်းယှဉ်လျှင် အမျိုး သမီးဖြေဆိုသူများသည် မိသားစုနှင့် ဆွေမျိုးများမှလွဲ၍ အခြား လူအုပ်စုအမျိုးအစားများကို ယုံကြည်မှုနည်းပြီး မယုံ ကြည်မှုများသည့် သဘောရှိသည်။ မိသားစုနှင့်ဆွေမျိုးများ အပေါ် ယုံကြည်မှုနှင့်မယုံကြည်မှု နှစ်ခုစလုံးတွင် အမျိုးသား များထက် အမျိုးသမီးအချိုးအစား ပိုများသည် (ပုံ ၇.၅ (က) နောက်ဆက်တွဲ (ခ) တွင်ရှု)။

## တရားမျှတမှုအပေါ် သဘောထားအမြင်

ဤလေ့လာမှုသည် တရားမျှတမှုအယူအဆအပေါ် ဖြေဆိုသူများ၏ သိမြင်နားလည်မှုကိုလေ့လာဖော်ထုတ်ခြင်း မဟုတ်ဘဲ အရေးပါသည့် တရားမျှတမှုဆိုင်ရာ ရှုထောင့်(၈) ခုအပေါ် အဆိုပြုချက်အစုံလိုက်ဖတ်ပြပြီး ဖြေဆိုသူများ၏ သဘောထားအမြင်များကိုရယူသည်။ ထိုရှုထောင့် (၈)ခုမှာ -

- သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော တရားမျှ တမှုလမ်းကြောင်းများ
- တန်းတူညီမျှမှု အခြေခံမှုနှင့် လူ့အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရမည့် နိုင်ငံတော်၏တာဝန်
- ကုစားမှု ရယူခံစားခွင့်
- ပုဂ္ဂလိကနှင့် အများပြည်သူ အခွင့်အာဏာ
- အသွင်ကူးပြောင်းမှုကာလ တရားမျှတမှု (ပဋိပက္ခ ရိုက်ခတ်ခံရသည့် လူ့အသိုင်းအဝိုင်းတွင်)
- မှန်ကန်သည့် လုပ်ထုံးလုပ်နည်း
- ကျား/မ တန်းတူညီမျှမှု
- တစ်ဦးချင်း အခွင့်အရေးများနှင့် လူမှုမျှခြေ သဟ ဇာတ၊ လူမှုပေါင်းစည်းမှု (ဇယား ၇.၃ တွင်ရှု)

ပုံ ၇.၅ လူမှုယုံကြည်မှု - အခြားသူများအပေါ် ယုံကြည်မှု (IDP ဖြေဆိုသူများ)




၆၆ ဖော်ပြထားသည့် လူအုပ်စုအမျိုးအစား အသီးသီးအပေါ် ဖြေဆိုသူများ၏ ယုံကြည်မှုအတိုင်းအတာကို ဖော်ပြစေသည်။ ၎င်းတို့၏ ဖြေဆိုချက်များကို Likert စကေး (၇) ဆင့်တွင်- "အလွန်ယုံကြည်သည်" "အတော်အတန်ယုံကြည်သည်" "အနည်းငယ်ယုံကြည်သည်" "ယုံသည်လည်းမဟုတ်၊ မယုံသည်လည်းမဟုတ် (ကြားနေ)" "သိပ်မယုံ" "အတော်အတန်မယုံ" "လုံးဝမယုံ"- စသဖြင့် မှတ်တမ်းတင်သည်။ လွယ်ကူရိုးရှင်းစွာ သုံးသပ်နိုင်ရန် -"အလွန်ယုံကြည်သည်" "အတော်အတန်ယုံကြည်သည်" "အနည်းငယ်ယုံကြည်သည်" များကို "ယုံကြည်သည်" အဖြစ် ပေါင်းစုပြီး၊ "သိပ် မယုံ" "အတော်အတန်မယုံ" "လုံးဝမယုံ" တို့ကို "မယုံကြည်ပါ" ဟု တစ်စုတည်း ပေါင်းထားသည်။

ဇယား ၇.၃ တရားမျှတမှုအပေါ် သဘောထားအမြင် (IDP ဖြေဆိုသူများ)

| တရားမျှတမှု လားရာရှုထောင့် | အဆိုပြုဖော်ပြချက်များ | သဘောတူညီမှု* |
|---|---|---|
| သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော | (က) အချို့ပြဿနာအငြင်းပွားမှုများကို တရားရုံးများတွင် ဖြေရှင်းသည်မှာ အကောင်းဆုံး ဖြစ်သည်။ | ၂၅.၀% |
| | (ခ) ပြဿနာအငြင်းပွားမှုအများစုကို ရပ်ရွာထဲတွင် ဖြေရှင်းခြင်းက ပိုကောင်းသည်။ | ၆၃.၀% |
| သာတူညီမျှမှု | (က) မည်သည့် ကိုးကွယ်သည့် ဘာသာ၊ လူမျိုးဖြစ်စေကာမူ လူတိုင်းသည် အစိုးရ၏ အလေးထား စောင့်ရှောက်မှုကို အညီအမျှ ရထိုက်သည်။ | ၈၉.၀% |
| | (ခ) လူအများကိုးကွယ်သည့် ဘာသာဝင်များ သို့မဟုတ် လူအများစုသည် လူနည်းစု လူမျိုး သို့မဟုတ် လူနည်းစု ကိုးကွယ်သည့် ဘာသာဝင်များထက် အစိုးရ၏ အလေးထား စောင့်ရှောက်မှုကို ပို၍ ရသင့်သည်။ | ၁၀.၀% |
| ကံကြမ္မာ နှင့် ကုစားမှု | (က) မတရားမှုသည် လူများအပေါ် ကျရောက်နိုင်သည် ဤသည်မှာ ထိုသူများ၏ ကံတရားဖြစ်၍ ၎င်းတို့ အနေဖြင့် မည်သို့မျှ မတတ်နိုင်။ | ၁၀.၀% |
| | (ခ) လူများသည် မတရားမှုများ တွေ့ကြုံရသောအခါ ကုစားမှု ရရှိရန်နှင့် မျှတသည့် ရလဒ်အဖြေတစ်ခု ထွက်ပေါ်နိုင်ရန် အခြားသူများထံမှ အကူအညီ ရရှိနိုင်သည်။ | ၈၉.၀% |
| အိမ်တွင်းရေး နှင့် အများပြည်သူအရေး | (က) မိသားစုတစ်ခု၏ အရေးကိစ္စများမှာ ပုဂ္ဂလိကရေးနှင့် အိမ်တွင်းရေးကိစ္စများဖြစ်ပြီး၊ အိမ်ထောင်သည် ယောက်ျားသည် သူ၏ဇနီးနှင့် ကလေးများအပေါ် ဩဇာအာဏာ အပြည့်ရှိသည်။ | ၃၈.၀% |
| | (ခ) ရပ်ရွာလူအဖွဲ့အစည်းသည် တစ်ခါတရံ အချို့ အခြေအနေများတွင် အခြားသူများ၏ မိသားစု အိမ်ထောင်ရေးကိစ္စများကို ဝင်ရောက်စွက်ဖက်ရသည့် တာဝန်ရှိသည်။ | ၄၄.၀% |
| အသွင်ကူးပြောင်းမှုကာလ တရားမျှတမှု | (က) အတိတ်တွင်ဖြစ်ခဲ့သော ပြဿနာဟောင်းများကို ပြန်လည်တူးဆွ မနေသင့်ပဲ လူတိုင်းသည် ခေတ်သစ် မြန်မာနိုင်ငံ တည်ဆောက်ရေးကို အာရုံထား အလေးထားသင့်သည်။ | ၂၃.၀% |
| | (ခ) အတိတ်က ဖြစ်ပွားခဲ့သည့် ပြဿနာဟောင်းများကို ဖြေရှင်းမှသာ ကျွန်ုပ်တို့သည် ခေတ်သစ် မြန်မာနိုင်ငံ တစ်ရပ်ကို တည်ဆောက်နိုင်မည်။ | ၇၂.၀% |
| အသွင်ကူးပြောင်းမှုကာလ တရားမျှတမှု လုပ်ငန်းစဉ် နှင့် ရလဒ် | (က) ဖြစ်စဉ်တလျှောက် မျှတစွာပြုမူဆက်ဆံခံရခြင်းသည် စိတ်အလိုကျဖြေ တစ်ခု ရရှိခြင်းထက် ပို၍ အရေးပါသည်။ | ၈၇.၀% |
| | (ခ) ဖြစ်စဉ်တလျှောက် မျှတစွာ ပြုမူဆက်ဆံခံရခြင်းထက် စိတ်ကြိုက် အဖြေရလဒ်တစ်ခု ရရှိခြင်းက ပို၍ အရေးကြီးသည်။ | ၁၂.၀% |
| ကျား/မရေးရာ | (က) ယောက်ျား နှင့် မိန်းမများတွင် တူညီသည့် စံတန်ဖိုး ရှိကြသည်။ သို့သော် အမျိုးသမီးများသည် ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို ပို၍ အလေးထားရမည့် တာဝန်ရှိသည်။ | ၅.၀% |
| | (ခ) ယောက်ျား နှင့် မိန်းမတို့ တန်ဖိုးများတူညီ ကြသည်။ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို အလေးထားရမည့် တာဝန်လည်း အညီအမျှ ရှိကြသည်။. | ၉၃.၀% |
| တစ်ဦးချင်း နှင့် ရပ်ရွာ | (က) တစ်ဦးချင်း အခွင့်အရေးများကို လူ့အဖွဲ့အစည်း ဟန်ချက်ညီ သဟဇာတကဲ့သို့ လေးစားလိုက်နာရမည်။ | ၇၄.၀% |
| | (ခ) တစ်ဦးချင်း အခွင့်အရေးများ တောင်းဆိုမှုသည် တကိုယ်ကောင်းဆန်ရာကျပြီး လူ့အဖွဲ့အစည်း ဟန်ချက်ညီ သဟဇတ နှင့် သဘောတူညီမှုတို့ကို ဦးစားပေး ထိန်းသိမ်းရမည်။ | ၂၀.၀% |

*အဆိုပြုချက် အတွဲ တတွဲစီ၏ စုစုပေါင်းမှာ ၁၀၀% မရှိပါ။ အဘယ့်ကြောင့်ဆိုသော် အချို့ ဖြေဆိုသူများက အဆိုပြုချက် နှစ်ခုစလုံးကို ရွေးချယ်ကြပြီး အချို့က တစ်ခုကိုမှ မရွေးချယ်ပါ။ အချို့က ဖြေဆိုရန် ငြင်းဆိုကြပြီး အချို့မှာ မည်သည့်အဆိုပြုချက်သည် ၎င်းတို့၏ အမြင်နှင့် ပို၍ ကိုက်ညီသည်ကို မသိပါဟု ဖော်ပြကြသည်။

ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို အလေးထားစောင့်ရှောက်ရမည့် စံတန်ဖိုးနှင့်တာဝန်များ ယောကျာ်း နှင့် မိန်းမ တန်းတူဖြစ်သည် (၉၃.၀%)၊ မည်သည့်ကိုးကွယ်သည့်ဘာသာ သို့မဟုတ် လူမျိုးမဆို အစိုးရ၏ အလေးပေးစောင့် ရှောက်မှုကို တန်းတူညီမျှ ရထိုက်သည် (၈၉.၀%)၊ လူများသည် မတရားမှုတွေ့ကြုံရသောအခါ ကုစားမှုရရှိရန်နှင့် မျှတသည့် ရလဒ်အဖြေတစ်ခု ထွက်ပေါ်ရန် အကူအညီရယူနိုင်ရမည် (၈၉.၀%)၊ ဖြစ်စဉ်တလျှောက် လုပ်ထုံးလုပ်နည်း မျှတမှုသည် စိတ်ကြိုက်အဖြေရလဒ် ရရှိခြင်းထက် ပို၍အရေးပါသည် (၈၇.၀%) စသည့် အဆိုပြုချက်များကို သဘော တူသည့် IDP ဖြေဆိုသူ အချိုးအစားမြင့်မားသည်။

IDP ဖြေဆိုသူ ၄ ပုံ ၃ ပုံနီးပါးက တစ်ဦးချင်းအခွင့်အရေးများကို လူ့အဖွဲ့အစည်း ဟန်ချက်ညီ သဟဇာတ သကဲ့သို့ လေးစားရမည် (၇၄.၀%)၊ မြန်မာနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရာတွင် အသွင်ကူးပြောင်းမှု တရားမျှတမှုသည် အရေးပါသည် (၇၂.၀%) စသည် အချက်များကို သဘောတူသည်။


သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော အမှုပြဿနာဖြေရှင်းနည်းများနှင့် ပတ်သက်၍ ဖြေဆိုသူအများစု (၆၃.၀%) က ပြဿနာအများစုကို ရပ်ရွာအသိုင်းအဝိုင်းတွင်း၌ ပို၍ဖြေရှင်းလိုသည်ဟုလည်းကောင်း၊ ၄ ပုံ ၁ ပုံ (၂၅.၀%) က အချို့ပြဿနာများကို တရားရုံးတွင် ဖြေရှင်းခြင်းက အကောင်းဆုံးဖြစ်သည်ဟု ထင်သည်။ ထိုအဆိုပြုချက် (၂) ခုစလုံးကို ဖြေဆိုသူ ၁၀ ဦးလျှင် ၁ ဦး (၁၂.၀%) က သဘောတူသည်။

တစ်ဦးချင်းနှင့် အများသူငါ တရားမျှတမှု ရှုထောင့်များတွင် IDP ဖြေဆိုသူ ထက်ဝက်အောက် (၄၄.၀%) က တစ်ခါတစ်ရံ ရပ်ရွာလူ့အသိုင်းအဝိုင်းသည် အခြားသူများ၏ မိသားစုအရေးများကို ဝင်ရောက်စွက်ဖက်ရသည့် တာဝန်ရှိသည်ကိုထောက်ခံကြသော်လည်းထိုထက်နည်းသည့်အချိုး (၃၈.၀%) က ထိုကိစ္စများမှာ အိမ်တွင်းရေးဖြစ်သည်။ အိမ်ထောင်သည်ယောကျာ်းသည် ၎င်း၏မိသားစုအပေါ် ဩဇာအာဏာ အပြည့်ရှိသည်ဟု ယူဆသည်။ ၅ ပုံ ၁ ပုံနီးပါး (၁၇.၀%) က ထိုအမြင် ၂ ခုစလုံးကို သဘောတူကြသည်။

အမျိုးသမီးနှင့် အမျိုးသား IDP ဖြေဆိုသူများ၏ အမြင်များ ကျယ်ပြန့်စွာတူညီကြသော်လည်း တစ်ဦးတစ်ယောက်ချင်း / အများသူငါ တရားမျှတမှု ရှုထောင့်များတွင် ကွဲပြားသည်။ အမျိုးသမီးဖြေဆိုသူ အများစု (၄၇.၄%) က ရပ်ရွာလူ့အသိုင်းအဝိုင်းသည် တစ်ခါတစ်ရံ အချို့အခြေအနေများတွင် အခြားသူများ၏ မိသားစုရေးတွင် ဝင်ရောက် စွက်ဖက်ရသည့် တာဝန်ရှိသည်ကို သဘောတူထောက်ခံပြီး၊ အမျိုးသားဖြေဆိုသူ အများအပြား (၄၄.၂%) က ထိုကိစ္စမှာ မိသားစု ပုဂ္ဂလိကအရေးဖြစ်သည်။ အိမ်ထောင်သည်ယောကျာ်းက သူ့မိသားစုအပေါ် ဩဇာအာဏာ အပြည့်ရှိသည်ဟု ယူဆသည် (ဇယား ၇.၃ (က) နောက်ဆက်တွဲ (ခ) တွင်ရှု)။

ဖြေဆိုသူများက မြန်မာလူ့ဘောင်အသိုင်းအဝိုင်းတွင် လူတစ်ဦး ကောင်းမွန်စွာ ပြုမူဆက်ဆံခံရသမျှကို အဆုံး အဖြတ်ပေးသည့် အကြောင်းအချက်များ (ပညာ၊ ချမ်းသာကြွယ်ဝမှု၊ လူမျိုး၊ ကျား / မ လိင်၊ ကိုးကွယ်သည့်ဘာသာ၊ မိသားစုအဆက်အသွယ်၊ နိုင်ငံရေးအဆက်အသွယ်) အပေါ် သဘောထားထင်မြင်ချက်များကိုလည်း ပေးကြသည် (ပုံ ၇.၆ တွင်ရှု)။

ပုံ ၇.၆ ပြုမူဆက်ဆံခြင်းဆိုင်ရာ အကြောင်းအချက်များ (IDP ဖြေဆိုသူများ)



ဖြေဆိုသူအများဆုံး (၉၀.၀%) ကမြန်မာ့လူ့ဘောင်တွင် လူတစ်ယောက် ကောင်းမွန်စွာ ပြုမူဆက်ဆံခံရမှုကို ချမ်းသာ ကြွယ်ဝမှုက အဆုံးအဖြတ်ပေးသည်ဟု လည်းကောင်း၊ အများစု ဖြေဆိုသူများကလည်း ပညာ (၈၄.၀%)၊ နိုင်ငံရေး အဆက်အသွယ် (၈၃.၀%) နှင့် မိသားစုအဆက်အသွယ် (၇၉.၀%) များကြောင့်ဟု ယုံကြည်သည်။ အများစုဖြစ်သည့် (၆၃.၀%) က လူမျိုး၊ (၆၁.၀%) က ကိုးကွယ်သည့်ဘာသာနှင့် (၅၆.၀%) က ကျား / မ လိင်တို့မှာ လူတစ်ဦး ကောင်းမွန်စွာ ဆက်ဆံခံရမှုကို အဆုံးအဖြတ်ပေးသည်ဟု ဖော်ပြသည်။

ထိုအဖြေများသည် ဒေသတွင်း ပြောင်းရွှေ့နေထိုင်ရသူများ မဟုတ်သည့် non – IDP ဖြေဆိုသူများ၏ အဖြေများနှင့်သိသာစွာကွဲပြားသည်။ အထူးသဖြင့်ချမ်းသာကြွယ်ဝမှုနှင့်ပတ်သက်၍ (IDP ဖြေဆိုသူ ၉၀%၊ non - IDP ဖြေဆိုသူ ၈၂.၀%)၊ နိုင်ငံရေးအဆက်အသွယ်တွင် (သဘောတူသည့် IDP ဖြေဆိုသူ ၈၃.၀%၊ non - IDP ဖြေဆိုသူ ၆၇.၅%) ရှိသည်။ non - IDP ဖြေဆိုသူများထက်စာလျှင် IDP ဖြေဆိုသူများက ကျား / မ လိင်ကို အဆုံးအဖြတ်ပေး သည့်အချက်အနေဖြင့် ပို၍သဘောထားပြီး လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာအပေါ် သဘောထားမှုနည်းသည်။

## ဥပဒေအပေါ် သဘောထားအမြင်


ဤလေ့လာမှုတွင် ဖြေဆိုသူများ၏ဥပဒေအသိပညာဗဟုသုတ စစ်ဆေးခြင်းမဟုတ်ဘဲ ဖော်ပြသည့်အခြေအနေများတွင် တရားမျှတရေးစနစ် လည်ပတ်ပုံနှင့်လုပ်ဆောင်သည့်နည်းလမ်းများအပေါ် ဖြေဆိုသူများ၏ သဘောထားအမြင်များကို နားလည် သဘောပေါက်ရန်ဖြစ်သည်။ ဥပဒေ၊ ရဲ၊ တရားသူကြီး၊ ဥပဒေအရာရှိ၊ တရားရုံးနှင့် ရှေ့နေ စသည့် စကားလုံးများကို နေ့စဉ်ပြောဆို ဆက်ဆံမှု များတွင် မည်မျှအတိုင်းအတာ ကြားရသည် သို့မဟုတ် ထည့်သွင်းအသုံးပြုသည်ကို ဖြေဆိုသူများကဖော်ပြသည် (ပုံ ၇.၇ တွင် ဖော်ပြထားသည့် ရလဒ်များက သမားရိုးကျ တရားမျှတမှုစနစ်နှင့် ဖြေဆိုသူများထိတွေ့မှု အတိုင်းအတာကို ညွှန်ပြသည်။ ထို့အပြင် မြန်မာနိုင်ငံရှိ ဥပဒေ ပြဋ္ဌာန်းချက်များနှင့် ရှုမြင်လက်ခံထားသည့် ပကတိလက်တွေ့အကြား `ကွာဟချက်များ´ အတိုင်းအတာကိုလည်း ပြဆိုသည်။

IDP ဖြေဆိုသူအများစုက နေ့စဉ်ပြောဆိုဆက်ဆံရာတွင် ဥပဒေအရာရှိ (၇၀.၀%)၊ တရားသူကြီး (၆၉.၀%)၊ ရှေ့နေ (၆၅.၀%)၊ တရားရုံး (၆၃.၀%)နှင့် ဥပဒေ (၆၃.၀%) စကားလုံးများကို ကြားရခဲ သို့မဟုတ် မကြားဖူး၊ အသုံးခဲ သို့မဟုတ် တစ်ခါမျှ မသုံးဖူးကြောင်း ဆိုသည်။ ထက်ဝက်ကျော်ကျော် (၅၁.၀%) က `ရဲ´ ဆိုသည့်စကားလုံးကို နေ့စဉ်ပြောဆိုမှုများတွင် ပုံမှန် သို့မဟုတ် ရံဖန်ရံခါသုံးသည်ဟု ပြောသည်။

၁၀% အောက် အမျိုးသားများနှင့် ထိုထက်နည်းသည့် အမျိုးသမီးများက ထိုစကားလုံးတစ်ခုခုကို ပုံမှန်ကြားလေ့ သို့မဟုတ် သုံးလေ့ရှိသည်။ `ရဲ´ စကားလုံးမှ လွဲ၍အခြားစကားလုံးများနှင့်ထိတွေ့မှုအဆင့်တွင် အမျိုးသားများထက်စာလျှင် အမျိုးသမီးဖြေဆိုသူများက ထိတွေ့မှု ပို၍ နည်းကြသည် (ပုံ ၇.၇ (က) နောက်ဆက်တွဲ (ခ) တွင်ရှု)။

ထို့နောက် ထုတ်နုတ်ထားသည့် သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များနှင့် ဆက်စပ်သည့်အဆိုပြုချက် (၃) ခု

ပုံ ၇.၇ နေ့စဉ်သုံး စကားလုံးများ (IDP ဖြေဆိုသူများ)



စီကို ဖတ်ပြပြီး ဖြေဆိုသူများ၏ နားလည်သဘောပေါက်မှုကို ဖော်ပြစေသည် (ဇယား ၇.၄ တွင်ရှု)။ ဤသည်မှာ ဥပဒေအပေါ် ၎င်းတို့၏ သဘောထားအမြင်နှင့် မြန်မာနိုင်ငံတွင် ယင်းဥပဒေ လည်ပတ်ပုံတို့အပေါ် အတိုင်းအတာကို သိမြင်စေသည်။ မှတ်သားသင့်သည်မှာ ဤရလဒ်အဖြေများကို အခြေခံ၍ ဖြေဆိုသူများ၏ ဥပဒေအသိပညာ နည်းပါးမှု (တွေးဆချက်) ကို ဥပဒေ အကောင်အထည်မှု အားနည်းမှုမှ ခွဲထုတ်ရန် မဖြစ်နိုင်ပါ။

ကလေးသူငယ် အလုပ်သမားနှင့်ပတ်သက်သည့် ရလဒ်မှာ စိတ်ဝင်စားဖွယ်အကောင်းဆုံးဖြစ်ပြီး စိတ်ရှုပ်ထွေးမှုအချို့ကို ထင်ဟပ်သည်။ ထက်ဝက်အောက်ဖြေဆိုသူများ (၄၇.၀%) က ၁၂ နှစ်နှင့်အထက် ကလေးများသည် လက်ဖက်ရည်ဆိုင်များတွင် အလုပ်လုပ်ရန် "ရွေးချယ်ဆုံးဖြတ်နိုင်" သည်ကို သဘောတူသည်။ ဤထင်မြင်ယူဆမှုသည် ဆင်းရဲမွဲတေမှုကြောင့် နိုင်ငံတဝှန်း ကလေးများ လက်ဖက်ရည်ဆိုင်များတွင် အလုပ်လုပ်နေရသည့် ပြယုဂ်လက္ခဏာကို ထင်ဟပ်သည်။ ၁၉၅၁ ဈေးဆိုင်နှင့်ဆိုင်ခန်းများ အက်ဥပဒေ ပုဒ်မ (၈) တွင် "အသက် ၁၃ နှစ် မပြည့်သည့် မည်သူ တစ်ဦးတစ်ယောက်မျှ ဆိုင်၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် အများပြည်သူ ဖျော်ဖြေ ရေးလုပ်ငန်းတွင် အလုပ်လုပ်ကိုင်ခြင်း မရှိစေရ" ဟု ပြဋ္ဌာန်း ထားသည်။ ဖြေဆိုသူ ၃ ပုံ ၁ ပုံအောက် (၃၂.၀%) က ၁၂ နှစ်အောက်ကလေးများ လက်ဖက်ရည်ဆိုင်များတွင် အလုပ်လုပ်ခြင်းသည် တရားမဝင်ဟု ထင်မြင်သည်။ မှတ်သားဖွယ်ကောင်းသည်မှာ ဖြေဆိုသူ ၁၈%က အဖြေနှစ်ခုစလုံးပေးသူ (၁၂%) သို့မဟုတ် အဖြေတစ်ခုမှ မပေးသူ (၆.၀%) သို့မဟုတ် မသိပါ သို့မဟုတ် ဖြေဆိုရန် ငြင်းဆိုသူ (၃.၀%) များ ဖြစ်သည်။

၄ ပုံ ၃ ပုံနီးပါး ဖြေဆိုသူများ (၇၄%) က မြန်မာနိုင်ငံတွင် ဥပဒေရှေ့မှောက် တူညီသောအခွင့်အရေးများကို လူတိုင်းမရဟုထင်မြင်သည်။ ဤအချက်နှင့်ပတ်သက်၍ ၂၀၀၈ ဖွဲ့စည်းပုံတွင် ဝိရောဓိ / အငြင်းပွားဖွယ် ပြဋ္ဌာန်းချက်များ ပါဝင်သည်။ တစ်ဖက်တွင် ပုဒ်မ ၂၁ (က) အရ ညီမျှခြင်း၊ လွတ်လပ်မှုနှင့် တရားမျှတမှု အခွင့်အရေးများကို နိုင်ငံသားများကိုသာအာမခံထားသည်။ အခြားတစ်ဖက်တွင်ပုဒ်မ ၃၄၇ အရ ဥပဒေရှေ့မှောက်တန်းတူညီမျှ အခွင့်အရေးများနှင့် ဥပဒေ၏သာတူညီမျှ ကာကွယ်စောင့်ရှောက်မှုကို ပြည်ထောင်စုအတွင်းရှိ မည်သူ့ကိုမဆို အာမခံထားသည်။

ဇယား ၇.၄ ဥပဒေအပေါ် သဘောထားအမြင်များ (IDP ဖြေဆိုသူများ)

| အကြောင်းအရာ | အဆိုပြုဖော်ပြချက်များ | သဘောတူညီမှု* |
|---|---|---|
| ကလေးသူငယ် အလုပ်သမား | (က) မြန်မာနိုင်ငံတွင် ၁၂ နှစ်အောက် ကလေးများ လက်ဖက်ရည်ဆိုင်များတွင် အလုပ်လုပ်ခြင်းသည် ဥပဒေနှင့် မညီပါ။ | ၃၂.၀% |
| | (ခ) မြန်မာနိုင်ငံတွင် ၁၂ နှစ် နှင့်အထက် ကလေးများသည် လက်ဖက်ရည်ဆိုင်များတွင် အလုပ်လုပ်ရန် ရွေးချယ်ဆုံးဖြတ်နိုင်သည်။ | ၄၇.၀% |
| ဥပဒေရှေ့မှောက် တန်းတူညီမျှမှု | (က) မြန်မာနိုင်ငံတွင် လူတိုင်းသည် ဥပဒေရှေ့မှောက် တန်းတူ အခွင့်အရေးများရှိသည်။ | ၂၃.၀% |
| | (ခ) မြန်မာနိုင်ငံတွင် ဥပဒေရှေ့မှောက် တူညီသော အခွင့်အရေးကို လူတိုင်းမရ | ၇၄.၀% |
| အမျိုးသမီးများအပေါ် အကြမ်းဖက်မှု | (က) ပြည်တွင်း ဥပဒေအရ အမျိုးသမီးတစ်ဦးသည် ရုပ်ပိုင်းဆိုင်ရာ/ကိုယ်ထိလက်ရောက် အကြမ်းဖက်ခံရမှသာ ရဲစခန်းသို့ တိုင်ကြားနိုင်သည်။ | ၆၀.၀% |
| | (ခ) ပြည်တွင်း ဥပဒေအရ အမျိုးသမီးများသည် ၎င်းတို့၏ လုံခြုံမှုကို ခြိမ်းခြောက်ခံရပါက လည်း ရဲစခန်းသို့ တိုင်ကြားနိုင်သည်။ | ၃၃.၃% |
| မြေယာအခွင့်အရေး/ မြေယာပိုင်ဆိုင်ခွင့် | (က) မြေယာပိုင်ဆိုင်မှု တောင်းဆိုသည့်အခါ မြေယာ နှင့် ဆိုင်သည့် အစိုးရတရားဝင် စာရွက်စာတမ်းများက အခိုင်မာဆုံးဖြစ်သည်။ | ၆၉.၀% |
| | (ခ) မြေယာပိုင်ဆိုင်မှုတွင် အစိုးရတရားဝင် စာရွက်စာတမ်းများသည် ရပ်ရွာအသိအမှတ်ပြု ဘိုးဘွားပိုင်မြေလောက် ခိုင်မာမှု မရှိဟု မှတ်ယူသည်။ | ၂၄.၀% |

*အဆိုပြုချက်အတွဲတစ်တွဲစီ၏ စုစုပေါင်းမှာ ၁၀၀% မရှိပါ။ အဘယ်ကြောင့်ဆိုသော် အချို့ဖြေဆိုသူများက အဆိုပြုချက်နှစ်ခုစလုံးကို ရွေးချယ်ကြပြီး အချို့က တစ်ခုကိုမျှ မရွေးချယ်ပါ။ အချို့က ဖြေဆိုရန် ငြင်းဆိုကြပြီး အချို့မှာ မည်သည့်အဆိုပြုချက်သည် ၎င်းတို့၏ အမြင်နှင့် ပို၍ ကိုက်ညီသည်ကို မသိပါဟုဖော်ပြကြသည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့်ပတ်သက် ၍ အမျိုးသမီးများသည် ၎င်းတို့၏လုံခြုံမှုကို ခြိမ်းခြောက်ခံရ ပါက ရဲသို့သတင်းပို့ တိုင်ကြားနိုင်သည်ကို [၆၇] သဘောတူ သည်ဖြေဆိုသူများ (၃၃.၃%) ထက် ကိုယ်ထိလက်ရောက် အကြမ်းဖက်ခံရမှသာ ရဲသို့သတင်းပို့ တိုင်ကြားနိုင်သည်ဟု ယုံကြည်သည်ဟု ဖြေဆိုသူများ (၆၀.၀%) မှာ နှစ် ဆနီးပါး ရှိသည်။

မြေယာပိုင်ဆိုင်မှု တောင်းဆိုသည့်အခါ တရားဝင် စာရွက်စာတမ်းလက်မှတ်သည် ပိုင်ဆိုင်မှုအခိုင်မာဆုံး အ ထောက်အထားဖြစ်သည်ဟု ဖြေဆိုသူ ၃ ပုံ ၂ ပုံကျော် (၆၉.၀%) ကလည်းကောင်း၊ တစ်ဖက်တွင် ၄ ပုံ ၁ ပုံအောက် (၂၄.၀%) က ရပ်ရွာအသိအမှတ်ပြု ဘိုးဘွား ပိုင်ဖြစ်မှု ကလည်း အလားတူခိုင်မာသည်ဟု ယုံကြည်သည်။

အနှစ်ချုပ်အားဖြင့် IDP ဖြေဆိုသူများ၏ လူမှုယုံ ကြည်မှုအဆင့်များ နိမ့်ပါးသည်။ အခြားဖြေဆိုသူများကဲ့ သို့ပင် ၎င်းတို့သည် မိသားစုနှင့်ဆွေမျိုးများကို အယုံကြည်ဆုံ းဖြစ်ပြီး ရပ်ရွာအသိုင်းအဝိုင်းပြင်ပမှ လူများကို ယုံကြည်မှုအ နည်း ဆုံးဖြစ်သည်။ ဖြေဆိုသူ ပမာဏအများစုက အမျိုးသား နှင့်အမျိုးသမီးများသည် ရိုးရာယဉ်ကျေးမှုဓလေ့ များကိုထိန်း သိမ်းစောင့်ရှောက်ရန်အတွက် တူညီသော စံတန်ဖိုးနှင့်တန်း တူတာဝန်ရှိကြသည်။ မည်သည့်ကိုးကွယ်သည့်ဘာသာ သို့ မဟုတ် လူမျိုးမဆို လူတိုင်းသည် အစိုးရ၏ သာတူညီမျှ အ လေးထားစောင့်ရှောက်မှုရထိုက်သည်။ မတရားမှုခံရပါကလူ များသည် ကုစားမှုနှင့်မျှတသည့် ရလဒ်ရရှိရန် အကူအညီ တောင်းခံနိုင်ခွင့်ရှိရမည်။ မိမိလိုလားသည့် ရလဒ်အဖြေရရှိ ခြင်းထက် ဖြစ်စဉ်တစ်လျှောက် လုပ်ထုံးလုပ်နည်းမျှတ မှုက ပို၍အရေးပါသည်စသည့်အချက်များကို သဘောတူကြသည်။ ထက်ဝက်ကျော်သည့် အများစုကအမှုပြဿနာအများစုကို ရပ်ရွာအသိုင်းအဝိုင်းအတွင်း ပို၍ဖြေရှင်း လိုကြသည်။

ထင်ရှားသည့် IDP ဖြေဆိုသူအများစု (အခြားဖြေ ဆိုသူ အချိုးအစားထက် ပို၍မြင့်မားသည်) က မြန်မာ့လူ့အဖွဲ့ အစည်းတွင် လူတစ်ဦး ကောင်းမွန်စွာပြုမူ ဆက်ဆံခံရမှုကို အဆုံးအဖြတ်ပေးသည်မှာ ချမ်းသာကြွယ်ဝမှုကြောင့် လည်း ကောင်း၊ ဖြေဆိုသူအများအပြားကလည်း နိုင်ငံရေးအဆက် အသွယ် (အခြားဖြေဆိုသူများထက် အချိုးအစား သိသာစွာ မြင့်မားသည်)နှင့် ပညာအဆင့်အတန်းများကြောင့်ဟု ယုံ ကြည်သည်။ အခြားဖြေဆိုသူများကဲ့သို့ပင် IDP ဖြေဆိုသူ များသည် အခြား တရားရေးပုဂ္ဂိုလ်များနှင့်စာလျှင် ရဲများကို ပို၍ရင်းနှီးကျွမ်းဝင်သည်။ ၄ ပုံ ၃ ပုံနီးပါး က မြန်မာနိုင်ငံတွင် တရားဥပဒေရှေ့မှောက် တန်းတူညီမျှ အခွင့်အရေးများကို ရရှိသည်မှာလူတိုင်းမဟုတ်ဟု ရှုမြင်သဘောထား ကြသည်။

## တရားမျှတမှုဆိုင်ရာ အငြင်းပွားမှုပြဿနာများနှင့် ဦးစားပေးပြဿနာများ

သုတေသနလေ့လာမှု၏ ပထမမေးခွန်းမှာ တရား မျှတမှုကို ပြည်သူများ မည်ကဲ့သို့ရယူကြသနည်း ဖြစ်သည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း နေ့စဉ်ပြောဆို ဆက်ဆံမှုများတွင် IDP ဖြေဆိုသူများသည် သမားရိုးကျ တ ရားမျှတရေးစနစ်နှင့် ထိတွေ့ပတ်သက်မှု မရှိပါ။ ယေဘုယျ အားဖြင့်၎င်းတို့သည် အဓိကတရားရေးပုဂ္ဂိုလ်များနှင့် အ ဆက်အစပ် ပြတ်တောက်ကြသည်။ ဤသို့ဆိုလျှင် ၎င်းတို့၏ အငြင်းပွားမှုများ၊ တရားမျှတမှုဆိုင်ရာ ဦးစားပေးပြဿနာ များကို မည်သို့မည်ပုံ ဖြေရှင်းကြပါသနည်း။

ဤအခန်းတွင် တစ်ဦးချင်း/အိမ်ထောင်စုအဆင့်နှင့် ရပ်ရွာအသိုင်းအဝိုင်းအဆင့်ပေါ်ပေါက်ဖြစ်ပွားသည့်တရားမျှ တမှုဆိုင်ရာ အဓိကအငြင်းပွားမှုများနှင့် ဦးစားပေးပြဿနာ များကို သတ်မှတ်ဖော်ထုတ်ပြီး ဖြေဆိုသူများ၏ ပါဝင်ပတ် သက်မှုကိုဖော်ပြထားသည်။ ထို့နောက်၎င်းတို့အတွက်အရေး ကြီးဆုံးဟုသတ်မှတ်သည့်ဆုံးရှုံးနစ်နာမှုပြဿနာများကိုဖြေ ရှင်းရန် ကြိုးပမ်းသည့်နည်းလမ်းများနှင့် ထိုနည်းလမ်းများ ၏အောင်မြင်မှုအတိုင်းအတာတို့ကို ဆန်းစစ်လေ့လာသည်။

## တစ်ဦးချင်း / အိမ်ထောင်စုအဆင့်

တရားမျှတမှုနှင့်ပတ်သက်သည့် ပြည်သူများ၏ ဦးစားပေးစိုးရိမ်မှုသဘော သဘာဝကို နားလည်သဘော ပေါက်ရန်အလို့ငှာ လွန်ခဲ့သည့် (၁၂) လတာ ကာလအတွင်း ဖြစ်ပွားခဲ့သော သို့မဟုတ် ဆက်လက်ဖြစ်ပွားနေသော ပြဿနာ အငြင်းပွားမှု အတိုင်းအတာပမာဏနှင့် ဖြစ်စဉ်အကြိမ် အရေ အတွက်များကို စတင်စူးစမ်းဖော်ထုတ်သည်။

### *အငြင်းပွားမှုပြဿနာအမျိုးအစားများ*


IDP ဖြေဆိုသူ ၅ ပုံ ၁ ပုံကျော် (၁၀၀ အနက် ၂၂ ဦး) က ၎င်းတို့အိမ်ထောင်စုတွင် လွန်ခဲ့သည့် (၁၂) လတာ ကာ လအတွင်း အနည်းဆုံး အငြင်းပွားမှုပြဿနာတစ်ခု ကြုံတွေ့ ခဲ့ရသည်ဟု ဖော်ပြသည်။ ထိုအငြင်းပွားမှု ပြဿနာ များမှာ ကျယ်ပြန့်သည့် အကြောင်းအရာအမျိုးမျိုးနှင့် ပတ်သက်ပြီး ဖော်ပြထားသည့်စာရင်းထဲမှ[၆၈] (၂၂)မျိုးအပြင်အတင်းအကျပ် ထိမ်းမြားလက်ထပ်ခြင်း၊ လိမ်လည်မှုနှင့် ခိုးမှုတို့ပါဝင်သည်။

---

၆၇ ရာဇသတ်ကြီး ၁၈၆၀ ခုနှစ်၊ ပုဒ်မ ၅၀၃
၆၈ သဘာဝအရင်းအမြစ်များ-မြေယာ၊ ရေ၊ သစ်တော (သစ်တောထွက်ပစ္စည်းများ အပါအဝင်)၊ ငါးဖမ်းပိုင်ခွင့်များ၊ အုပ်ချုပ်မှုဆိုင်ရာ ရေးရာပြဿနာများ၊ မွေးစာရင်းနှင့် မှတ်ပုံတင်အထောက်အထား ရယူခြင်းဆိုင်ရာ ပြဿနာများ၊ မြေယာမှတ်ပုံတင် အထောက်အထား၊ အခြားတရားဝင် စာရွက်စာတမ်းများ၊ အထောက်အထားများ၊ မိသားစုအငြင်းပွားမှု၊ တကွဲစီနေခြင်း သို့မဟုတ် အိမ်ထောင်ကွဲခြင်း၊ ကလေးအုပ်ထိန်းခွင့်၊ အမွေ၊ အိမ်တွင်းအကြမ်းဖက်မှု၊ အလုပ်သမား အငြင်းပွားမှု အလုပ်ချိန် သို့မဟုတ် လုပ်ခ၊ ငွေရေးကြေးရေးပြဿနာများ၊ အကြွေးပြန်ဆပ်ခြင်း၊ အခြားသူများစီမှရရန် ကြွေးမြီများ၊ မှုခင်းဖြစ်မှုများ၊ လုယက်မှု၊ ကျော်နင်းမှု၊ လိင်ပိုင်းဆိုင်ရာ စော်ကားမှု၊ အခြားကိုယ်ထိလက်ရောက် စော်ကားမှု၊ ရန်ဖြစ်မှု၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပြဿနာများ၊ အာဏာပိုင်များနှင့် အငြင်းပွားမှု ပြဿနာများ၊ လာဘ်ပေးလာဘ်ယူမှု သို့မဟုတ် အဂတိလိုက်စားမှု၊ အကျင့်ပျက်ခြစားမှုနှင့် အာဏာပိုင်များ၏ ဖမ်းဆီးချုပ်နှောင်မှု။

အများဆုံး အဖြစ်များလေ့ရှိသည့် ပြဿနာများမှာ အလုပ်ချိန် သို့မဟုတ် လုပ်ခပြဿနာ (ဖြေဆိုသူ ၅ ဦး) နှင့် ခိုက်ရန်ဖြစ်မှုတို့ ဖြစ်သည်။ ကြွေးမြီပြဿနာနှင့် လာဘ်ပေးလာဘ်ယူ သို့မဟုတ် အကျင့်ပျက်ခြစားမှုတို့တွင် ဖြေဆိုသူ (၃) ဦးစီကလည်းကောင်း၊ အတင်းအကျပ် ထိမ်မြားလက်ထပ်မှု၊ မြေယာ၊ မွေးစာရင်းနှင့် မှတ်ပုံတင်ရယူရာတွင် ကြုံရသည့် ပြဿနာတစ်မျိုးစီကို ဖြေဆိုသူ (၂) ဦးစီက ဖော်ပြသည် (ပုံ ၇.၈ တွင်ရှု)။


ပုံ (၇.၈) ပြဿနာအမျိုးအစားများ (IDP ဖြေဆိုသူများ)




## *ပြဿနာဖြစ်ပွားသည့် အကြိမ်အရေအတွက်*

ထိုဖြေဆိုသူ (၂၂) ဦးသည် အမှုပြဿနာ ဖြစ်စဉ် (၃၈) မှုတွင် ပါဝင်ပတ်သက်ခဲ့ကြသည်။ (ပုံ ၇.၉ တွင်ရှု)။

ပုံ ၇.၉ ပြဿနာအမှုဖြစ်သည့် အကြိမ်အရေအတွက် (IDP ဖြေဆိုသူများ)



အလုပ်ချိန် သို့မဟုတ် လုပ်အားခပြဿနာနှင့် ခိုက်ရန်ဖြစ်မှုတို့မှာ အကြိမ်အများဆုံးဖြစ်ပွားပြီး တစ်မျိုးစီတွင် (၆) ကြိမ်ဖြစ်သည်။ ယင်းနောက် လာဘ်ပေးလာဘ်ယူ သို့မဟုတ် အဂတိလိုက်စားမှု၊ ကြွေးမြီ၊ မွေးစာရင်းနှင့် မှတ်ပုံတင်ရယူရာတွင် ကြုံရသည့်ပြဿနာများမှာ တစ်မျိုးလျှင် ၄ ကြိမ်ရှိသည်။ ထိုမကြာခဏ အဖြစ်များဆုံး ပြဿနာများမှာ စုစုပေါင်းအမှုပြဿနာ ၃၈ မှုအနက် ၂၄ မှု ရှိသည်။ (၂) ကြိမ်စီဖြစ်ပွားသည့် အမှုပြဿနာများမှာ အိမ် တွင်းအကြမ်းဖက်မှု၊ အတင်းအဓမ္မ လက်ထပ်ထိမ်းမြားမှု၊ မြေယာနှင့် ခိုးမှုများဖြစ်သည်။ သို့အတွက် ကြိမ်ဖန်များစွာ ဖြစ်ပွားသည့် စုစုပေါင်းအမှုမှာ (၃၂) မှုဖြစ်သည်။

ထို ၃၂ မှုအနက် ၁၄ မှုတွင် ငွေရေးကြေးရေးအရ ဆုံးရှုံးနစ်နာခဲ့သည် (အတင်းအကျပ် ထိမ်းမြားလက်ထပ်မှု မှလွဲ၍)။ ၃ မှုတွင် ထိခိုက်ဒဏ်ရာ ရရှိခဲ့ပြီး၊ သေဆုံးခြင်း သို့မဟုတ် ပစ္စည်းဥစ္စာ ဆုံးရှုံးခြင်းများ မရှိဟုဆိုသည်။ အမှု ၄ ပုံ ၃ ပုံ (၃၂ မှုအနက် ၂၄ မှုတွင် တစ်ဖက်အမှုသည်များမှာ တသီးပုဂ္ဂလ အရပ်သားများ (ဥပမာ မိသားစုဝင်၊ အလုပ်ရှင်၊ စီးပွားရေးသမား) ဖြစ်ပြီး ကျန် ၈ မှုတွင် အစိုးရတာဝန်ရှိသူ သို့မဟုတ် ဝန်ဆောင်မှုများပေးသည့် ပြည်သူ့ဝန်ထမ်းများနှင့် ဖြစ်ပွားသည်။

အလုပ်ချိန် သို့မဟုတ် လုပ်အားခပြဿနာအားလုံးနှင့် ခိုက်ရန်ဖြစ်မှုအားလုံးမှာ သဘောသဘာဝအားဖြင့် ပုဂ္ဂလိက ပြဿနာများဖြစ်သည်။ အလုပ်သမားပြဿနာအများစုတွင် အခြားရပ်ရွာအသိုင်းအဝိုင်းမှသူများ သို့မဟုတ် ပွဲစားများ ပါဝင်ပတ်သက်သည်။ ခိုက်ရန်မှုများတွင် ဖြေဆိုသူများ၏ ရပ်ရွာအသိုင်းအဝိုင်းမှ လူများ သို့မဟုတ် အခြားရပ်ရွာအသိုင်းအဝိုင်းမှ အစုအဖွဲ့များ ပါဝင်ပတ်သက်သည်။


ကြွေးမြီပြဿနာအားလုံးမှာ ပုဂ္ဂလိကပြဿနာများ ဖြစ်ပြီး ဖြေဆိုသူများ၏ ရပ်ရွာအသိုင်းအဝိုင်းမှ သို့မဟုတ် အခြားရပ်ရွာအသိုင်းအဝိုင်းမှ လူများနှင့် ဖြစ်ပွားသည်။ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ လာဘ်ပေးလာဘ်ယူသို့မဟုတ် အဂတိလိုက်စားမှု သို့မဟုတ် မွေးစာရင်းနှင့် မှတ်ပုံတင်ရယူရာတွင် ကြုံရသည့်ပြဿနာ ၈ ခုအနက် ၇ မှုတွင် သားဖွား ဆရာမ၊ လက်သည်၊ သူနာပြုဆရာမတို့နှင့် ဖြစ်ရသည်။

မိသားစုတွင်း အိမ်တွင်းအကြမ်းဖက်မှုပြဿနာတွင် မိမိရပ်ရွာတွင်းမှလူများ ပါဝင်ပတ်သက်သည့် အတင်းအကျပ်ထိမ်းမြားခြင်း (အောက်တွင်ရှု) ပြဿနာများကို ဖြေဆိုသူများက ဖော်ပြသည်။ မြေယာအငြင်းပွားမှု ၂ မှုတွင် ၁ မှုမှာ အခြားရပ်ရွာမှလူနှင့် ဖြစ်ပွားပြီး၊ နောက် ၁ မှုမှာ ရပ်ကျေးအုပ်ချုပ်ရေး စာရေးနှင့် ဖြစ်ပွားသည်။ ခိုးမှု ၂ မှုတွင် မည်သူနှင့်ဖြစ်ရ သည်ဟု ဖြေဆိုသူများက မဖော်ပြနိုင်ပါ။

## *တရားမျှတမှုဆိုင်ရာ အဓိကဦးစားပေးပြဿနာများ*

လွန်ခဲ့သည့် ၁၂လတာကာလအတွင်း အမှုပြဿနာ ဖြစ်ခဲ့ရသည့် ဖြေဆိုသူ ၂၂ ဦးက အရေးကြီးဆုံးဟု ၎င်းတို့ သဘောထားသည့် ပြဿနာကို ဖော်ပြသည် (ပုံ ၇.၁၀ တွင်ရှု)[၆၉]။ ဤအချက်ကို စိုးရိမ်မှု အကြီးမားဆုံးဖြစ်စေ သည့် အငြင်းပွားမှုပြဿနာများကို ဖြေရှင်းသည့်လမ်းကြောင်းများကို ခြေရာကောက်ရန် အသုံးပြုသည် (ပုံ ၇.၁၁ တွင်ရှု)။ ခိုက်ရန်ဖြစ်မှုများကို အရေးကြီးဆုံးပြဿနာဟု သဘောထားပြီး၊ ယင်းနောက်တွင် အလုပ်ချိန် သို့မဟုတ် လုပ်အားခ ပြဿနာ၊ ကြွေးမြီ၊ အတင်းအကျပ်ထိမ်းမြားမှုနှင့် မြေယာ အငြင်းပွားမှုများဖြစ်သည်။

ပုံ ၇.၁၀ တရားမျှတမှုဆိုင်ရာ အဓိကဦးစားပေးပြဿနာများ (IDP ဖြေဆိုသူများ)




၆၉ လွန်ခဲ့သည့် ၁၂ လတာ ကာလအတွင်း အငြင်းပွားမှုပြဿနာတစ်ခုတည်းသာ ကြုံခဲ့ရသည်ဟုပြောသည့် ဖြေဆိုသူ ၁၅ ဦးအတွက် ထိုတစ်ခုတည်းသော ပြဿနာကိုသာ ၎င်းတို့၏ အရေးကြီးဆုံးပြဿနာဟု မှတ်တမ်းတင်သည်။

## ကဏ္ဍအလိုက်ပြဿနာများ

ဖြေဆိုသူများ ပါဝင်ပတ်သက်ခဲ့သည့် အမှုပြဿနာ ပြောကြားချက်များမှာ ကဏ္ဍအလိုက် ပြဿနာများလည်း ပေါ်ထွက်လာသည်။ ၎င်းတို့မှာ ခွဲခြားဆက်ဆံမှု၊ လက်နက်ကိုင်ပဋိပက္ခနှင့် ဆက်နွယ်သည့်ပြဿနာများ၊ မိမိတို့ ရပ်ရွာများသို့ ပြန်နိုင်မည့်အလားအလာနှင့် သို့မဟုတ် ပြန်လည်ထူထောင်ရေး၊ လက်ခံထားသည့် ရပ်ရွာအသိုင်းအဝိုင်း နှင့် ဆက်ဆံရေး၊ လိင်ပိုင်းဆိုင်ရာ ကျား/မ အခြေပြု အကြမ်းဖက်မှု၊ (SGBV) မှုတို့ဖြစ်ပြီး ထိုပြဿနာများသည် အထက် တွင် ဖော်ပြခဲ့သည့် ဦးစားပေးပြဿနာများနှင့် များစွာဆက်စပ်မှု ရှိသည်။ လိင်ပိုင်းဆိုင်ရာ ကျား / မ အခြေပြု အကြမ်းဖက်မှု (SGBV) ပြဿနာမှလွဲ၍ ကျန်ကဏ္ဍဆိုင်ရာပြဿနာများမှာ ဖြေဆိုသူများ၏ရှုထောင့်အမြင်အရ တစ်ဦးချင်းတစ်ယောက်ချင်းနှင့် သို့မဟုတ် မိသားစုများကိုသာ ရိုက်ခတ်အကျိုးသက်ရောက်သည့် သီးခြားဖြစ်ရပ်များနှင့်စာလျှင် ရပ်ရွာလူ့အသိုင်းအဝိုင်း ပြဿနာဖြစ်လာသည်ဟု ခံယူနိုင်သည်။

### *ခွဲခြားဆက်ဆံမှု*

ခွဲခြားဆက်ဆံမှု ပုံစံအမျိုးမျိုးနှင့် တွေ့ကြုံရသည်ဟု သုတေသနလေ့လာခဲ့သည့် နေရာနှစ်ခုစလုံးမှ IDP ဖြေဆိုသူများက တင်ပြသည်။

ပထမဦးစွာ IDP ဖြေ ဆိုသူများသည် လုပ်အား ခေါင်းပုံဖြတ်ခံရသည့် ပုံစံအမျိုးမျိုးကို ဖော်ပြသည်။

နည်းပါးသည့်လုပ်ခ- IDP အလုပ်သမားများ၏ တစ်နေ့ လုပ်ခမှာ အစားအသောက်မပါ (၅၀၀၀) ကျပ်ဖြစ်ပြီး IDP မဟုတ်သည့် အလုပ်သမားများ၏ နေ့ခမှာ အစားအသောက်အပြီးအစီး ကျပ် (၆၀၀၀) မှ (၇၀၀၀)ရသည်ဟု စခန်းတစ်ခုမှ ဖြေဆိုသူများက ပြောသည်။ နောက်စခန်းမှ ဖြေဆိုသူများက IDP အလုပ်သမားများသည် တစ်နေ့ (၈၀၀၀) ကျပ်ရသည်။ IDP မဟုတ်သည့်အလုပ်သမားများ တစ်နေ့ (၁၀,၀၀၀)ကျပ်ရသည် ဟုဆိုသည်။

အပိုကြေးမပါသည့်အချိန်ပို- စခန်းနှစ်ခုစလုံးမှ ဖြေဆိုသူများက အပိုကြေးမရဘဲ တစ်နေ့လျှင် အချိန်ပို တစ်နာရီမှ နှစ်နာရီအတင်းအကျပ် အမြဲလုပ်ခိုင်းခံရသည်ဟုဆိုသည်။ တစ်ညလုံး နောက်နေ့မနက် (၆း၀၀) နာရီအထိ အလုပ်လုပ်ရသည့်ဖြစ်ရပ်ကို ဖြေဆိုသူများက ဖော်ပြသည်။

လုပ်အားခဖြတ်တောက်ခြင်း- စခန်းတစ်ခုမှ ဖြေဆိုသူများက တစ်နေ့ (၆၀၀၀) ကျပ် ပေးမည်ဟု သဘောတူခဲ့သော်လည်း (၅၀၀၀) ကျပ်သာ ရရှိသည်ဟုဆိုသည်။

လုပ်အားခ အချိန်ကြန့်ကြာခြင်း- ၎င်းတို့၏ လုပ်အားခများကိုလည်း အချိန်ကြန့်ကြာပြီးမှ တစ်ခါတစ်ရံ တစ်လနောက်ကျပြီးမှရသည်ဟု ဖြေဆိုသူအချို့ပြောပြသည်။

မမြင်ရသည့် အဖိုးအခကြေးများ- လုပ်ငန်းခွင်များသို့ သွားရာတွင် သယ်ယူပို့ဆောင်စရိတ်များကို အပိုကြေး အဖြစ်ပေးရသည်ဟု အချို့ကဆိုသည်။

အလုပ်ချိန်နှင့် လုပ်ရသည့်အလုပ်ချင်း တူသည့်တိုင် အမျိုးသားများထက်စာလျှင်နေ့စားခ (၅၀၀)မှ (၁၀၀၀) ကျပ် နည်းသည်ဟု စခန်းနှစ်ခုစလုံးမှ ဖြေဆိုသူအမျိုးသမီးများက ပြောသည်။

လုပ်ကိုင်စားသောက်စရာ စီးပွားရေးအခွင့်အလမ်းများ အလွန်နည်းပါးသည့်အတွက် လုပ်အားခေါင်းပုံဖြတ်ခြင်းနှင့် လုပ်အားခ မညီမျှမှုများကို တိုင်ကြားပြောရမည့်နေရာ၊ နည်းလမ်းများမရှိဟု IDP ဖြေဆိုသူများက ပြောသည်။ စခန်းတစ်ခုမှ ဖြေဆိုသူတစ်ဦးက ဤသို့ရှင်းပြသည်။

"ကျွန်တော်တို့က IDP စခန်းတွေကမို့လို့ ခေါင်းပုံဖြတ်ခံရတာ၊ သူတို့ကလည်း ကျွန်တော်တို့ အလုပ်လိုတာ သိတယ်။ (လုပ်အားခ ခွဲခြားပေးတာကို) တာဝန်ရှိတဲ့သူတွေ ဒါမှမဟုတ် စခန်းတာဝန်ခံစီ သွားမတိုင်ရဲဘူး။ ဘာလို့လဲ ဆိုတော့ တိုင်ရင် ပွဲစားတွေက နောက်ဆို လာခေါ်တော့မှာ မဟုတ်ဘူး။ အလုပ်လုပ်ဖို့ လိုတယ်လေ။ စခန်းမှာပေးတဲ့ ရိက္ခာတွေက ဟိုတလောထဲက စဖြတ်နေပြီ"

နောက်စခန်းမှ ဖြေဆိုသူတစ်ဦးကလည်း -"ဘယ်သူ့ကိုမှသွားမတိုင်ပါဘူး။ (၆၀၀၀) အစား တစ်နေ့ (၃၀၀၀) ပဲ ပေးလည်းမတိုင်နိုင်ပါဘူး။ ဘာအလုပ်ပဲဖြစ်ဖြစ်ဘယ်လောက်ပဲပေးပေး ကိုယ်တွေက လုပ်မယ်ဆိုတာ ပွဲစားတွေ ကသိတယ်။ ဖြစ်နေတဲ့အနေအထားက အလုပ်မရမှာ ပွဲစားတွေ လာမခေါ်မှာကိုကြောက်နေရတာ"ဟုမှတ်ချက်ပေးသည်။

ဒုတိယအချက်အနေဖြင့်ပညာရေးနှင့်ပတ်သက်ပြီး ခွဲခြားဆက်ဆံမှုများ တွေ့ကြုံရသည်ဟု IDP ဖြေဆိုသူများက ဆိုသည်။ ၎င်းတို့အား လက်ခံထားသည့် ရပ်ရွာအတွင်းရှိ ကျောင်းများသို့တက်ရသည့် IDP ကလေးများသည် ဆရာ၊ ဆရာမများ ထို့အတူ အခြားကျောင်းသားများ၏ ခွဲခြားဆက်ဆံမှု ကြုံရသည်ဟု စခန်းနှစ်ခုစလုံးမှ ဖြေဆိုသူများက ပြောသည်။ ၎င်းတို့မိသားစုများက ကျောင်းအလှူငွေမတတ်နိုင်သဖြင့် ကျောင်းအုပ်ဆရာမကြီး၏ ခွဲခြားဆက်ဆံမှု ကို IDP ကျောင်းသားများ ခံရသည်ဟု စခန်းတစ်ခုမှ ဖြေဆိုသူများကဆိုသည်။ နောက်စခန်းတွင် ဆရာမတစ်ဦးက IDP ကလေးတစ်ယောက်ကိုရိုက်သဖြင့်ကျောင်းမှပေးထားသည့် ဝန်ထမ်းအိမ်ရာတွင် ဆက်လက်နေထိုင်ခွင့်မရတော့ သည့် နောက်ပိုင်းတွင် ကျောင်းရှိဆရာ၊ ဆရာမများက IDP ကလေးများ၏ ပညာရေးကို လျစ်လျူရှုခဲ့သည်ဟုဆိုသည်။ ကျောင်းတန်းစီသည့်အချိန် တစ်ကျောင်းလုံးရှေ့တွင်ကျောင်း

အုပ်ဆရာက IDP ကျောင်းသားများကို “ငတုံးများ / တုံးသည်”ဟု ပြစ်တင်ကြိမ်းမောင်းသည်ကို မိဘတစ်ဦးကပြောပြသည်။ စခန်းနှစ်ခုစလုံးမှ ဖြေဆိုသူများက IDP ကျောင်းသားများကို အခြားကလေးများက “ပဲစားကလေးများ” ဟု နောက်ပြောင်ခေါ်ဝေါ်ကြကြောင်းဆိုသည်။ အကြောင်းမှာ ထိုကလေးများသည် စခန်းထဲတွင် ပဲကိုသာ စားရသောကြောင့်ဖြစ်သည်။

တတိယပုံစံမှာ အစိုးရဆေးရုံသို့ သွားရောက်ဆေးကုသရာတွင် ခွဲခြားဆက်ဆံခံရသည်ဟု စခန်းတစ်ခုမှ IDP ဖြေဆိုသူများကပြောပြသည်။ ဆရာဝန်များသည် IDPလူနာများကို ဂရုတစိုက် ပြုစုကုသပေးခြင်းမရှိဟု အမျိုးသမီးဖြေဆိုသူများခံစားကြရပြီး ၎င်းတို့သည် “ညစ်ပတ်” ပြီး ကလေးအမြောက်အမြားမွေးကြသည်ဟု ဆေးရုံဝန်ထမ်းများ၏ အပြော ခံရသည်ဟုဆိုသည်။

## *လက်နက်ကိုင်ပဋိပက္ခနှင့် ဆက်နွယ်သည့် ပြဿနာများ*

ဖြေဆိုသူအချို့က တပ်မတော်နှင့် KIA အကြား ဖြစ်ပွားသည့် လက်နက်ကိုင်ပဋိပက္ခကြောင့် နေရပ်များမှ စွန့်ခွာပြီး စခန်းများသို့ ရောက်ခဲ့ရပုံများကို ပြောပြသည်။ စခန်းတစ်ခုမှ အမျိုးသမီးဖြေဆိုသူများက ယခုကဲ့သို့ အကျယ်တဝင့် ရှင်းပြသည်။

“ကချင်နဲ့ ဗမာတပ်မတော်ကြား စစ်ဖြစ်တယ်။ ရှမ်းတွေလည်းပြေးရတာပဲ။ ကချင်တွေက တောင်ပေါ်မှာ နေတယ်။ စစ်က တောင်ပေါ်မှာဖြစ်တယ်။ အဓိကပြေးရတာ ကချင်တွေ... ကျွန်မတို့ရွာမှာ တိုက်ပွဲအကြီးအကျယ် ၂ ခါ ဖြစ်တယ်။ လူတွေလည်း သေကြတာ။ ရှမ်းတွေ ပလောင်တွေထက်စာရင် တပ်ကမတော်က ကချင်တွေကို ပိုနှိပ်ကွပ်တယ်။ တကယ်လို့ ခရစ်ယာန်ဆိုရင် ပိုဖိနှိပ်တယ်”

IDP ဖြေဆိုသူများက တပ်မတော်နှင့် KIA ပဋိပက္ခကြား ကြားညပ်ရသည့် ခံစားချက်ကိုလည်း ဖော်ပြသည်။

စခန်းတစ်ခုမှ အမျိုးသားဖြေဆိုသူများက (မြို့ပေါ်တွင် အလုပ်အကိုင်ရှားပါးသောကြောင့်) တောတောင်ဒေသများတွင် လယ်ယာအလုပ် သွားလုပ်သည့်အခါ KIA ၏ အတင်းအဓမ္မ စစ်သားစုဆောင်းခံရသည့် စိုးရိမ်ကြောက်ရွံ့မှုကို ပြောပြသည်။ ကျောင်းသားများမှလွဲ၍ လူအများစု မှာ တပ်သားစုဆောင်းခံရပါက KIA အတွက် လုပ်ပေးရသည်ဟု ရှင်းပြသည်။ စစ်သားစုဆောင်းခံရသည့် ယောကျ်ားများ၏ မိသားစုများက ၎င်းတို့လွတ်မြောက်ရန် KIA ကို ငွေပေးရသည်ဟု အချို့ဖြေဆိုသူများက ဆိုသည်။ အခြားတစ်ဖက်တွင်လည်း ၎င်းတို့ကို အစိုးရတပ်က KIA ဟု စွပ်စွဲခံရမည်ကိုလည်း ကြောက်နေရသည်ဟု စခန်းနှစ်ခုစလုံးမှ ဖြေဆိုသူများကပြောသည်။ အစိုးရ၏ စောင့်ကြည့် နောက်ယောင်ခံလိုက်ခြင်းကို ခံကြရသည်။ စခန်းတစ်ခုမှ ယောကျ်ား တစ်ဦးကို ညသန်းခေါင်အချိန်တွင် KIA အဖွဲ့ဝင်ဟုဆိုကာ ရဲနှင့် စစ်သားများ လာရောက်ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည့် ဖြစ်ရပ်ကို(ဖြစ်စဉ်၂၈တွင်ရှု)ဖြေဆိုသူအချို့ကပြောပြသည်။ ထိုဖြစ်ရပ်နှင့်အတူ စခန်းတွင် နေထိုင်သူအချို့မှာ ယခင်က KIA ၏ တပ်သားစုဆောင်းခံခဲ့ရသဖြင့် စခန်းရှိယောကျ်ားများသည် အစိုးရတပ်များ၏ သံသယနှင့် စွပ်စွဲခံရမည်ကို ကြောက်ရွံ့နေရသည်။

ဖြစ်စဉ် ၂၈

စခန်းဖွင့်ပြီး၃လအကြာည၁၁း၀၀နာရီခန့်တွင် စစ်ကား ၃ စီး ရောက်ရှိလာပြီး စခန်းကို ဝိုင်းသည်။ ကားတစ်စီးတွင် ရပ်ကျေးအုပ်ချုပ်ရေးမှူးနှင့် ရဲများပါသည်။

ရပ်ကျေးအုပ်ချုပ်ရေးမှူး၊ တပ်မတော်နှင့် ရဲများအားလုံး စခန်းတွင် ဝင်ရောက်ပြီး ၎င်းတို့ အလိုရှိသည့် စခန်းတွင်းနေထိုင်သူကို ရှာဖွေသည်။ ထိုသူအားတွေ့၍ ဖမ်းဆီးပြီး ဇနီးနှင့်ကလေးကို ထားရစ်သည်။

အဖမ်းခံရသူသည် နောက် ၂ နှစ်ကြာသည့် အခါမှသာ အာဏာပိုင်များက လူမှားဖမ်းခဲ့သည် ဆိုသော အကြောင်းပြချက်ကြောင့် လွတ်ခဲ့သည်။

လွတ်မြောက်လာပြီးနောက် စခန်းတွင် ဆက်လက်မနေထိုင်လိုတော့သဖြင့်သူ၏ရွာသို့ပြန်ပြီး လယ်အလုပ် ပြန်လုပ်သည်။ ကလေးမှာ မူလတန်းကျောင်း စတက်နေရပြီ ဖြစ်သောကြောင့် သူ၏မိန်းမမှာ ရွေးစရာမရှိဘဲ စခန်းတွင် ဆက်လက်နေရသည်။

စခန်းတစ်ခုမှ ဖြေဆိုသူများက ခရီးထွက်ရသည့်အခါ စစ်တပ်စစ်ဆေးဂိတ်တွင် ဖမ်းဆီးထိန်းသိမ်းစစ်ကြောခြင်း ခံရသည့်အဖြစ်ကိုလည်း ပြောပြသည်။ အမျိုးသမီး ဖြေဆိုသူတစ်ဦးက ပြန်ပြောပြရာတွင် -

“စခန်းမြောက်ဘက်က အမျိုးတွေရှိတဲ့ရွာကို ကျွန်မသွားတုန်းက စစ်ဆေးရေးဂိတ်မှာ အစိုးရတပ်က ကျွန်မ မှတ်ပုံတင် တောင်းကြည့်တယ်။ ကျွန်မတို့ ရွာနာမည်နဲ့ ကချင်ဆိုလည်းတွေ့ရော ကျွန်မကိုဖမ်းဆီးထိန်းသိမ်းပြီး စစ်ဆေးမေးမြန်းတယ်။ KIA အဖွဲ့ဝင်လို့လည်း စွပ်စွဲတယ်။ ကျွန်မဆိုတာ အရမ်းကြောက်လိုက်တာ”။

မိမိဌာနေ ရွာသို့ သွားခဲ့ပြီးနောက် တပ်မတော်အရာရှိများ၏ ဖမ်းဆီးထိန်းသိမ်း စစ်ကြောမေးမြန်းခံခဲ့ရသည့်

စိတ်ပိုင်းဆိုင်ရာချို့တဲ့သူ လူငယ်တစ်ဦး၏ ဖြစ်ရပ်ကို အချို့ ဖြေဆိုသူများက ပြောပြသည်။ ထိုလူငယ်မှာ ထောင်သို့အပို့ ခံရပြီး တစ်နှစ်ကျော်နေခဲ့ရသည်။ ထိုကဲ့သို့ဖြစ်ရပ်များကြောင့် စခန်းတွင်နေထိုင်သူများသည် ခရီးထွက်ရမည်ကို လုံခြုံမှုမရှိဟု ခံစားရပြီး၊ တပ်မတော်စစ်ဆေးရေးဂိတ်များကို ဖြတ်သန်းပြီး သွားရသည့်နေရာများသို့ ခရီးမထွက်ရဲကြပါ။ တပ်မတော်စစ်ဆေးရေးဂိတ်များမှ ဖြတ်သန်းသွားသည့်အချို့မှာလည်း ခရီးဆက်သွားခွင့်မရဟု ၎င်းတို့က ရှင်းပြသည်။

## *မူလဌာနေရပ်ရွာများသို့ ပြန်လည်အခြေချခြင်း*

သုတေသနလေ့လာရာ စခန်းနှစ်ခုစလုံးမှ IDP ဖြေဆိုသူအားလုံးနီးပါးသည် ၂၀၁၁ ကတည်းက စခန်းများတွင် နေထိုင်ခဲ့ကြသည်။ ၎င်းတို့သည် အများအားဖြင့် မိမိတို့၏ ဌာနေရွာများသို့ ပြန်လိုကြသော်လည်း ထိုအပြန်ခရီးကို အဟန့်အတား ဖြစ်နေသည့် အကြောင်းတရားများကို ထောက်ပြကြသည်။

- ရပ်ရွာအပြန်လမ်းခရီးတွင် အဖမ်းခံရမည်ကို ကြောက်ရွံ့ခြင်း-

  တပ်မတော်စစ်ဆေးရေးဂိတ်များကို ဖြတ်ရမည်ဖြစ်သဖြင့် ၎င်းတို့၏မူလရွာများသို့ ပြန်မသွားရဲဟု စခန်းတစ်ခုမှဖြေဆိုသူများကရှင်းပြသည်။ စစ်ဆေး ရေးဂိတ်များတွင် စစ်သားများကို ၎င်းတို့နာမည် ပြောပြသည့်အခါ KIA အဖွဲ့ဝင်ဟုသံသယဖြင့် အဖမ်းခံရမည်ကို စိုးရိမ်သည်ဟု ၎င်းတို့ကပြောသည်။

- ၎င်းတို့အား ရွာမှထွက်ခွာရန် အမိန့်ပေးခဲ့သော ရွာအနီး စခန်းချတပ်စွဲထားသည့် အစိုးရတပ်များကို ကြောက်ရွံ့စိုးရိမ်ခြင်း-

  အမျိုးသမီးဖြေဆိုသူတစ်ဦးက “တချို့ IDP တွေက ဒီနှစ်မှာ လယ်အလုပ်တွေ ပြန်စဖို့ ရွာကိုပြန်ကြတယ်။ ဒါပေမဲ့ အနားမှာရှိတဲ့ ကင်းစခန်းက စစ်သားတွေက ပြန်မောင်းထုတ်တယ်။ သူတို့တွေ ရွာကပြေးရုံကလွဲပြီး တခြားရွေးစရာမရှိဘူး။ အမိန့်မနာခံရင် အစိုးရတပ်တွေက ပစ်မှာကြောက်ရတယ်လေ” ဟု ဆိုသည်။

- မြေမြှုပ်မိုင်းအန္တရာယ်-

  “ရွာပြန် လယ်အလုပ်၊ တောင်ယာအလုပ်ပြန်လုပ်ပြီး ဝမ်းစာတော့ရှာချင်ပါတယ်။ ဒါပေမဲ့ တောင်ယာထဲမှာ မြေမြှုပ်မိုင်းတွေ အများကြီးထောင်ထားတယ်လို့ကြားတယ်”ဟုအမျိုးသားဖြေဆိုသူတစ်ဦးကမှတ်ချက်ပြုသည်။

- တိုက်ပွဲများ ပြန်လည်စတင်မည်ကို စိုးရိမ်မှု-

  “ကျွန်တော်တို့က အချိန်ပြည့်စိုးရိမ်နေရတာ၊ ဘယ်အချိန်တိုက်ပွဲပြန်ဖြစ်မလဲပဲ။ နှစ်ဖက်စလုံးက ငြိမ်းချမ်းရေးလက်မှတ်ထိုးနိုင်မှအိမ်ပြန်နိုင်မှာ”ဟု ဖြေဆိုသူ တစ်ဦးက ဆိုသည်။

- မူလဌာနေရွာများတွင် စီးပွားရေးအခွင့်အလမ်း မရှိမှု၊ ရှားပါးမှု-

  “ရွာတွေကို ပြန်တဲ့လူက နည်းနည်းလေးပဲဆိုတော့ စီးပွားရေးလုပ်ပြီး အမြတ်ရဖို့က မလွယ်ဘူး။ ဒီမှာ (မြို့ပေါ်တွင်၊ မြို့ပြဒေသတွင်) က ပျမ်းမျှ တစ်နေ့ ၄၀၀၀ကျပ်ဝင်တယ်။ ရွာပြန်အလုပ်လုပ်ရင် တစ်နေ့ရမှာက ၁၀၀၀ ကျပ်ပဲ” ဟု ဖြေဆိုသူ အမျိုးသားတစ်ဦးက ရှင်းပြသည်။ ၎င်းက ဆက်လက်၍ တိုက်ပွဲများပြန်ဖြစ်မဖြစ် မရေရာမှုကလည်း ဌာနေရပ်ရွာများသို့ပြန်ပြီး စီးပွားရေး ရင်းနှီးမြှုပ်နှံလိုသူများအတွက် အဟန့်အတားဖြစ်စေသည်ဟု မှတ်ချက်ပေးသည်။

- ပညာရေးအထောက်အပံ့များ မရှိခြင်း၊ မလုံလောက်ခြင်း-

  ၎င်းတို့ရွာပြန်ဖြစ်ပါက ထွက်ပြေးစွန့်ခွာခဲ့ရသည့် ဆရာ၊ ဆရာမ ရွာသို့ပြန်မလာလျှင်၊ ထို့အပြင် ကျောင်းအဆောက်အဦများမှာလည်း ပျက်စီးခဲ့ရသဖြင့် ကလေးများပညာရေး လောက်ငစွာမရမည့် စိုးရိမ်စိတ်ကို ဖြေဆိုသူများက ရှင်းပြသည်။ မြို့ပြဒေသများတွင် ပညာရေးအရည်အသွေးပိုကောင်းသည်ဟု ၎င်းတို့ထင်မြင်သည်။

ယေဘုယျအားဖြင့် IDP ဖြေဆိုသူများက ပြန်လည်အခြေချရန် အခွင့်အလမ်းများ ပွင့်စေလိုသည်။ အချို့က ပညာရေး၊ ကျန်းမာရေးနှင့် စားဝတ်နေရေး အခွင့်အလမ်းများအတွက် မြို့နှင့်နီးစပ်သည့်နေရာတွင် ပြန်လည် အခြေချလိုကြ သည်။ စခန်းတစ်ခုမှ IDP များအတွက် အစိုးရက ပြန်လည်အခြေချရန် နေရာတစ်ခု သတ်မှတ်ခဲ့သည်။ သို့သော် ထိုရွာ သစ်မှာ မြို့နှင့်အလှမ်းဝေးပြီး အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသောကြောင့် IDP များက ထိုနေရာသို့ မပြောင်းလို ကြဟု ဖြေဆိုသူများက ဆိုသည်။

## *လက်ခံထားသည့် ရပ်ရွာအသိုင်းအဝိုင်းနှင့် ဆက်ဆံရေး*

၎င်းတို့အားလက်ခံထားသည့် သက်ဆိုင်ရာ ရပ်ရွာအသိုင်းအဝိုင်းနှင့် သင့်မြတ်ရန်၊ ဆက်ဆံရေးကောင်းရန် ကြိုးစားကြရသည်ဟု လေ့လာသည့် နေရာနှစ်ခုစလုံးမှ IDP ဖြေဆိုသူများက ပြောသည်။

သို့သော်ဘုရားကျောင်းဝင်းအတွင်း တည်ရှိသည့် စခန်းတစ်ခုမှ ဖြေဆိုသူများက ၎င်းတို့ကိုလက်ခံထားသည့် ရပ်ရွာအသိုင်းအဝိုင်းနှင့် ဆက်ဆံရေးသည် နွေးထွေးမှု သိပ်မရှိဟုဆိုသည်။ ဘာသာရေးပွဲများတွင် ဘေးဖယ်ထားခံရ

သည်ဟု အချို့ကပြောသည်။ ရပ်ရွာတွင်းမှ လူများက IDP ကလေးများသည် ဆူညံအော်ဟစ်၊ ညစ်ပတ်နံစော်သည်ဟု ညည်းညူတိုင်တန်းသဖြင့် စခန်းတွင်းနေထိုင်သူများသည် ရပ်ရွာမှသူများနှင့်အတူဝတ်ပြုဆုတောင်းပွဲတက်ခွင့်မရှိချေ။ IDP ကလေးများသည် ဝတ်ပြုဆုတောင်းပွဲများတွင် တစ်ခါတစ်ရံ အပေါ့အပါးစွန့်တတ်သည်ဟု စခန်းနေသူတစ်ဦးက ဝန်ခံသည်။ ဘုရားကျောင်းဝင်းအတွင်း၌စခန်းကို လက်ခံဖွင့်ထားသဖြင့် ရပ်ရွာပျော်ပွဲရွှင်ပွဲနှင့် အားကစားများ ကျင်းပရန် ဘုရားကျောင်းဝင်းကို အသုံးမပြုနိုင်သောကြောင့် ရပ်ရွာမှ ဘုရားကျောင်းအသင်းဝင်များက IDP များ နေထိုင်မှုကို မနှစ်မြို့သလို စခန်းတွင် နေထိုင်သူများ ခံစားရသည်။

၎င်းတို့ ဈေးသွားဝယ်သည့်အခါ ဈေး၌ ကုန်ဈေးနှုန်းများ တက်ရခြင်းမှာ ၎င်းတို့ကြောင့်ဟု ပြစ်တင်သံများ၊ ၎င်းတို့ကို ရှုံ့ချပြောဆို ဝေဖန်မှုများကိုခံရသည်ဟု ထိုစခန်းမှ ဖြေဆိုသူများက ပြောသည်။ မော်တော်ဆိုင်ကယ် အခိုးခံရမှု၊ မူးယစ်ဆေးဝါးရောင်းဝယ်မှု စသည့်အမှုအခင်းများတွင် ၎င်းတို့သည် လက်ခံထားသည့် ရပ်ရွာအသိုင်းအဝိုင်း၏ မတရားပြစ်တင် ပုတ်ခတ် စွပ်စွဲမှုကိုလည်းခံရသည်။[၇၀] စခန်းဖွင့်ထားသည့် ၅ နှစ်တာကာလအတွင်း ညအချိန်မတော် ရဲများ ဝင်ရောက်စီးနင်းရှာဖွေမှု (၃) ကြိမ် ကြုံခဲ့ရသည်။ ထိုသို့ စီးနင်းရှာဖွေရာတွင် စခန်းဝင်ပေါက်၊ ထွက်ပေါက်အားလုံးကို ပိတ်ဆို့ရှာဖွေခဲ့သော်လည်း အခိုးခံရသည့်ဆိုင်ကယ် သို့မဟုတ် မူးယစ်ဆေးဝါး တွေ့ရှိခြင်းမရှိခဲ့ဟု ဖြေဆိုသူအချို့က ပြောသည်။ ထို့အပြင် ရပ်ရွာအတွင်းမှ လူငယ်များသည် IDP များအပေါ် ရန်လိုကြပြီး စကားများခြင်း၊ ကိုယ်ထိလက်ရောက်ခိုက်ရန်ဖြစ်ပွားမှုများလည်းရှိကြောင်းဖြေဆိုသူ အမျိုးသားများက ဆိုသည် (ဖြစ်စဉ် ၂၉ တွင်ရှု)။

ဖြစ်စဉ် ၂၉

၂၀၁၃ ကာလက လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် IDP လူငယ်များ စားသောက်နေချိန် ဒေသခံလူငယ်များက ၎င်းတို့၏ ဆိုင်ကယ်များကို ခဲဖြင့်ပစ်ပေါက်ပြီး ဒေါသကိုဆွသည်။ ထိုလူငယ်များ ဆိုင်ကယ်များဖြင့် ပြန်ထွက်သွားသည့်အခါ IDP လူငယ်များက ၎င်းတို့ဆိုင်ကယ်များမောင်း၍ နောက်မှ ထပ်ကြပ်မကွာလိုက်ကာ နှောင့်ယှက်ဟန့်တားကြသည်။ ဒေသခံလူငယ်များ ဆိုင်ကယ်ပေါ်မှ ပြုတ်ကျကာ ဒဏ်ရာအနာတရဖြစ်ကြသည်။

ဒေသခံလူငယ်များ၏ မိဘများက ရဲစခန်းသို့ တိုင်ကြားသဖြင့် IDP လူငယ်များ ဖမ်းဆီးရုံးတင်ခံရသည်။ ၎င်း တို့ ၄ ဦးထဲမှ ၃ ဦး ထောင် ၂ နှစ်ကျသည်။ ၁၃ နှစ်အရွယ် စတုတ္ထလူငယ်မှာ ထောင်ဒဏ် ၅ လ အပြစ်ပေးခံရသည်။

## *လိင်ပိုင်းဆိုင်ရာနှင့် ကျား/မ အခြေပြု အကြမ်းဖက်မှု (SGBV)*

လိင်ပိုင်းဆိုင်ရာနှင့် ကျား / မ အခြေပြု အကြမ်းဖက်မှုကို ၎င်းတို့ အသိုင်းအဝိုင်းအတွက် အဓိက ဦးစားပေး ပြဿနာတစ်ရပ်အဖြစ် ဖြေဆိုသူများက သတ်မှတ်သဘောမထားသော်ငြားလည်း လင်မယားကြား အချေအတင် စကားများခြင်းမှ အိမ်တွင်းအကြမ်းဖက်မှုဆီ ဦးတည်သွားသည့်ဖြစ်ရပ်များမှာ ဖြစ်လေ့ဖြစ်ထရှိသည့် ပြဿနာတစ်ရပ်အဖြစ်တွေ့ရှိရပြီး ထိုဖြစ်ရပ်များနှင့်ပတ်သက်၍ကျူးလွန်သူအပေါ် အပြစ်ပေးအရေးယူ တုံ့ပြန်မှုများ မရှိသလောက်ဖြစ်သည်။ ဖြစ်ရပ်တစ်ခုတွင် ယောကျ်ားက သူ၏မိန်းမကို ဓားဖြင့်ခြိမ်းခြောက်သည်။ အိမ်နီးနားချင်းတစ်ဦးက စခန်းတာဝန်ခံအား သတင်းပို့သည်။ ထိုယောကျ်ားသည် အကြမ်းဖက်သည့်မှတ်တမ်း ရှိသောကြောင့် စခန်းတာဝန်ခံက ထိုသူအား စခန်းမှ နှင်ထုတ်ခဲ့သည်။

စခန်းတစ်ခုတွင် အမျိုးသမီးငယ်များကို လူငယ်များက စခန်းမှ အတင်းအကျပ် ခေါ်ဆောင်သွားခဲ့သည်။ ဖြစ်စဉ်တစ်ခုတွင် စခန်းထဲမှ မိန်းကလေးတစ်ဦးကို (လက်ခံထားသည့်) ရပ်ကွက်ထဲမှ လူငယ်တစ်ဦးက ပြန်ပေးဆွဲခေါ်ဆောင်ခဲ့သည်။ နှစ်ဖက်မိဘများ၊ စခန်းကော်မတီ တာဝန်ခံများ၊ ကချင်ရိုးရာဓလေ့ နားလည်သိကျွမ်းသည့် ပုဂ္ဂိုလ်တစ်ဦး ပါဝင်ညှိနှိုင်းကြရာ ကျပ် ၄၀၀,၀၀၀ ဖြင့် ကျေအေးသွားသည်။ ဤအမှုကို ရပ်ရွာအသိုင်းအဝိုင်းက လိင်ပိုင်းဆိုင်ရာနှင့် ကျား / မ အခြေပြု အကြမ်းဖက်မှုထက် အလိုမတူဘဲ ခိုးပြေးခြင်းအဖြစ် သဘောထားသည်။ ဒုတိယဖြစ်ရပ်တွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုပါဝင်ပြီး ကိုယ်ဝန်ရခဲ့သည်ကို ခိုးပြေးတယ်ဟုသဘောထားပြီး မုဒိန်းမှုအဖြစ် မသတ်မှတ်ပါ (ဖြစ်စဉ် ၃၀ တွင်ရှု)။

ဖြစ်စဉ် ၃၀

၂၀၁၅ ခုနှစ်တွင် IDP စခန်းတစ်ခုတွင် နေထိုင်သူ ၁၉နှစ် အရွယ် အမျိုးသမီးတစ်ဦးကို စခန်းမှ သက်တူရွယ်တူ လူငယ်တစ်ဦးက ပွဲသွားရန်ဖိတ်ခေါ်သည်။ လူငယ်သည် အမျိုးသမီးကို ပွဲသို့ခေါ်မသွားပဲ စခန်းမှ ဆိုင်ကယ် ၂ နာရီ၊ ၃ နာရီ ခန့်စီးရသည့် ၎င်း၏ မူလဌာနေရွာသို့ ခေါ်သွားသည်။

၇၀ ၎င်းတို့ရပ်ကွက်ထဲတွင် IDP စခန်း ဖွင့်ခဲ့သည့်နောက်ပိုင်း အမှုအခင်းများပြားလာသည်ဟု လက်ခံသည့် ရပ်ရွာအသိုင်းအဝိုင်းမှ ဖြေဆိုသူများက ပြောသည်။

ရွာသို့ရောက်သောအခါ လူငယ်က အမျိုးသမီးကို ၎င်းတို့မိသားစုလယ်တောရှိ အိမ်သို့ခေါ်သွားပြီး မုဒိန်းကျင့်သည်။ မိန်းကလေးမှာ ကိုယ်ဝန်ရသည်။ အကယ်၍ ထွက်ပြေးရန်ကြိုးစားပါက နစ်ယောက်စလုံးကို (ကလေးနှင့်မိခင်) သတ်ပစ်မည်ဟုလည်း ခြိမ်းခြောက်သည်။ သူမသည် အတင်းအဓမ္မအကျပ်ကိုင်ခံရ၍ ရွာတွင်နေရပြီး အိမ်တွင်ချက်ပြုတ်ခြင်းနှင့် လယ်အလုပ်များ လုပ်ခိုင်းခံရသည်။

ကိုယ်ဝန် (၆) လရသောအခါ အဖွားဖြစ်သူက သူမအားထိုရွာတွင် တွေ့ရှိသွားပြီး စခန်းသို့ပြန်ခေါ်ခဲ့သည်။ စခန်းသို့ ပြန်ရောက်ပြီး တစ်လကြာသောအခါ လူငယ်မိသားစုနှင့်ဆွေမျိုးများစခန်းသို့ ရောက်လာပြီး မိန်းကလေးမိဘများ၊ စခန်းစီမံခန့်ခွဲမှုကော်မတီတို့နှင့်တွေ့ဆုံကာ လက်ထပ်ထိမ်းမြားရန် ညှိနှိုင်းကြသည်။ အမျိုးသမီးငယ်က ထိုလူငယ်ကို လက်ထပ်ရန် ငြင်းဆိုသည်။ သူမမိသားစုက ကချင်ရိုးရာအရ လျော်ကြေးတောင်းသည်။ လူငယ်မိသားစုက လျော်ကြေးပေးရန် သို့မဟုတ် ကလေးစရိတ်ထောက်ပံ့ရန် သဘောမတူကြ။ ထိုလူငယ်သည် မိန်းကလေး၊ ကလေးတို့နှင့် ကင်းကင်းရှင်းရှင်း ဝေးရာတွင် နေမည်ဟူသော သဘောတူချက်ဖြင့် မိန်းကလေးဘက်မှ ကျေအေးရသည်။

စခန်းတာဝန်ခံက ရှင်းပြသည်မှာ "ကောင်မလေးမိသားစုဖက်က မုဒိန်းမှုလို့ပြောတယ်။ မုဒိန်းမှုမဟုတ်တော့ လျော်ကြေးကိစ္စ ကျွန်တော်လဲ ဘာမှ မတတ်နိုင်ဘူး။ ကောင်လေးက မယူချင်ပါဘူးဆိုရင် ပြဿနာက တစ်မျိုးဖြစ်မှာ။ အခုဟာက ကောင်လေးက ယူချင်တယ်။ မယူချင်တာကသူ (ကောင်မလေး)။ ဒီတော့ ကျွန်တော်တို့ လုပ်ပေးနိုင်တဲ့ ဘောင်ကကုန်ပြီ"။ စခန်းထဲမှ လူများက ထိုကိုယ်ဝန်မှာ သူမအမှားကြောင့်ရခဲ့သည်ဟု အထင်ခံရပြီး၊ အရှက်ရ စော်ကားခံရသည်ဟု အမျိုးသမီးငယ်ကဆိုသည်။

ဤအမှုကို လိင်ပိုင်းဆိုင်ရာနှင့် ကျား/မ အခြေပြုအကြမ်းဖက်မှုအဖြစ် သဘောမထားသဖြင့် စခန်းရှိ ကျား/မ အကြမ်းဖက်မှုကော်မတီက ပါဝင်ပတ်သက်ခြင်းမရှိဘဲ၊ ထိုအမျိုးသမီးငယ်ရရှိသည့် အကူအညီမှာ ကလေးပြုစုစောင့် ရှောက်ရန် ငွေရေးကြေးရေးအခက်အခဲရှိသည့်အတွက် ကျန်းမာရေးနှင့် ကျား/မရေးရာ လှုပ်ရှားဆောင်ရွက်နေသည့် ဒေသတွင်း NGO တစ်ခုမှ ပေးသည့် ထောက်ပံ့ကြေး ၁၀,၀၀၀ ကျပ်မှ ၂၀,၀၀၀ ကျပ်သာဖြစ်သည်။

စီးပွားရေးလုပ်ကိုင်သည့် အခွင့်အလမ်းများမရှိခြင်းကြောင့် အချို့ IDP အမျိုးသမီးသည် စားဝတ်နေရေးအတွက် လိင်လုပ်သားများ ဖြစ်သွားကြရသည်။ လေ့လာသည့်နေရာ (စခန်း) တစ်ခုတွင် လိင်လုပ်သား အမျိုးသမီးငယ်၏ အိမ်နီးချင်းများက သူမနှင့် သူမ၏ဖောက်သည် (စခန်းတွင်း နေထိုင်သူမဟုတ်) တို့ကိုအကွက်တာဝန်ခံ (နယ်မြေမှူး) ထံတိုင်ကြားခဲ့သည်။ နယ်မြေမှူးကချမှတ်သည့် ဒဏ်ငွေ ၁၅,၀၀၀ ကျပ်ကို သူမ၏ဖောက်သည်က ပေးရန် ငြင်းဆိုပြီး ထွက်သွားသောအခါ၊ အဆိုပါ ဒဏ်ငွေကိုသူမက ပေးဆောင်ရန်အမိန့်ချပြီး နောက်နောင် ထိုသို့မလုပ်ရန် သတိပေးခံရသည်။

အချုပ်အားဖြင့်ဆိုရလျှင် IDP ဖြေဆိုသူ ၅ ပုံ ၁ ပုံကျော်သည် လွန်ခဲ့သည့် ၁၂ လတာ ကာလအတွင်း အမှုပြဿနာတစ်ခု သို့မဟုတ် ထိုထက်ပိုသည့် ပြဿနာ အငြင်းပွားမှုများတွင် ပါဝင်ပတ်သက်တွေ့ကြုံခဲ့သည်။ အဖြစ်အများဆုံး ပြဿနာများမှာအလုပ်ချိန်သို့မဟုတ် လုပ်ခပြဿနာများနှင့် ခိုက်ရန်ဖြစ်ပွားမှုများဖြစ်ပြီး ခိုက်ရန်ဖြစ်မှုကို စိုးရိမ်စရာ ဦးစားပေး ပြဿနာဟု သဘောထားသည်။

IDP ဖြေဆိုသူများသည် လုပ်အားခေါင်းပုံဖြတ်ခြင်းနှင့် လုပ်ခမညီမျှခြင်း၊ ပညာရေးနှင့်ကျန်းမာရေး ဝန်ဆောင်မှုများတွင် ခွဲခြားဆက်ဆံခံရခြင်းများ အပါအဝင် ခွဲခြား ဆက်ဆံမှုပုံစံအမျိုးမျိုးနှင့် ရင်ဆိုင်ကြရသည်။

အခြားဖြေဆိုသူများကဲ့သို့ပင် IDP ဖြေဆိုသူများသည် လက်နက်ကိုင်ပဋိပက္ခကြား ကြားညှပ်ပိတ်မိနေသည်ဟု ခံစားကြပြီးလုံခြုံမှုနှင့် ကာကွယ်စောင့်ရှောက်မှုကင်းမဲ့မှုများ ရင်ဆိုင်တွေ့ကြုံရသည်။ လက်နက်ကိုင်ပဋိပက္ခကြောင့် ၎င်းတို့၏ စားဝတ်နေရေးဘဝများအပေါ် ရိုက်ခတ်သည့်ဆိုးကျိုးများကိုဖြေရှင်းကုစားနိုင်ခြင်းမရှိသည့်အတွက်စိတ်ပျက်အားလျော့ကြရသည်။ မိမိတို့၏ မူရင်းရပ်ရွာများသို့ ပြန်လိုကြသော်လည်း ကြောက်ရွံ့စိုးရိမ်မှု၊ လုံခြုံမှုမရှိမှု၊ စီးပွားရေးနှင့် ပညာရေးအခွင့်အလမ်းများမရှိမှုတို့ကြောင့် အပြန်ခရီးမှာ အဟန့်အတားဖြစ်နေဆဲဖြစ်သည်။ IDP ဖြေဆိုသူများနှင့် ၎င်းတို့အား လက်ခံထားသည့် ရပ်ရွာအသိုင်းအဝိုင်းကြား ဆက်ဆံရေးမှာယေဘုယျအားဖြင့် နွေးထွေးပျူငှာခြင်းမရှိပါ။

IDP အသိုင်းအဝိုင်းများတွင် အိမ်တွင်း အကြမ်းဖက်မှုနှင့် အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်စော်ကားမှုနှင့် ခေါင်းပုံဖြတ်မှုများမှာလည်း ဖြစ်တတ်လေ့ မရှိသည့်အရာများ မဟုတ်ကြပေ။ ကျူးလွန်သူများကို အပြစ်ပေးအရေးယူတုံ့ပြန်ခြင်းမှာ မရှိသလောက်ပင်ဖြစ်သည်။ စီးပွားရေးလုပ်ကိုင်ခွင့် အခွင့်အလမ်းများ မရှိသည့်အတွက် အချို့ IDP အမျိုးသမီးများ လိင်လုပ်သားအဖြစ်ရောက်ကြရသည်။

## အငြင်းပွားမှုပြဿနာ ဖြေရှင်းသည့် လမ်းကြောင်းများ

လေ့လာမှု၏ တတိယမေးခွန်းမှာ- ဒေသတွင်းရှိ ရိုးရာဓလေ့ထုံးတမ်း တရားစီရင်မှု စနစ်များမှာ အဘယ်နည်း၊ ထိုစနစ်များ မည်ကဲ့သို့ လုပ်ဆောင် လည်ပတ်သနည်း ဖြစ်သည်။


ဤအခန်းတွင် IDP ဖြေဆိုသူများက အဓိကဦးစား ပေးပြဿနာအဖြစ် သတ်မှတ်သည့် အမှုပြဿနာ ၂၂ မှု ကို လေ့လာထားသည်။ ထိုအမှုပြဿနာများကို ဖြေရှင်းရန် မည်သို့မည်ပုံ ကြိုးပမ်းအားထုတ်ကြသည်။ တခါတရံ မည်ကဲ့သို့ အောင်မြင်သွားကြသည်ကိုလည်း ဖော်ပြထား သည်။ တရားမျှတမှုနှင့်ဆိုင်သည့် ပြည်သူများ၏ အမှုပြဿနာ အငြင်းပွားမှု များနှင့် ၎င်းတို့စိုးရိမ်ပူပန် သည့် အဓိက ဦးစားပေးပြဿနာများ ဖြေရှင်းရာတွင် ဒေသ (ရပ်ကွက်နှင့်ကျေးရွာ) အဆင့်နှင့် ခရိုင် အဆင့်မှကူညီဆောင် ရွက်ပေးသည်။ တတိယပုဂ္ဂိုလ်အဖွဲ့အစည်းများ၏ အခန်း ကဏ္ဍနှင့်တာဝန်များကိုလည်းထည့်သွင်းစဉ်းစားထားသည်။

## တိုက်ရိုက်ညှိနှိုင်းမှုများနှင့် တတိယပုဂ္ဂိုလ်အကူအညီ

အမှုပြဿနာအားလုံးနီးပါး(၂၂မှုအနက်၁၉မှု)တွင် ဖြေဆိုသူများသည် အမှုပြဿနာဖြစ်သည့် အခြားဘက်နှင့် တိုက်ရိုက်ညှိနှိုင်းသည်။ ထိုအမှုပြဿနာထက်ဝက်နီးပါး (၁၀ မှု) မှာညှိနှိုင်းမှုများမှတဆင့် တတိယပုဂ္ဂိုလ်အကူအညီ ပါ၍သော်လည်းကောင်း သို့မဟုတ် မပါပဲနှင့်လည်းကောင်း ကျေအေးဖြေရှင်းပြေလည်သွားကြသည်။

အရေးကြီးဆုံးဦးစားပေးပြဿနာ (၅) မျိုး (ပုံ ၇.၁၀ တွင်ရှု)[၇၁] စုစုပေါင်းမှာဦးစားပေးပြဿနာ ၂၂ မှုအနက် ၁၃ မှု (၅၉.၆%) ဖြစ်သည်။ ပုံ ၇.၁၁ တွင် ထိုအမှုပြဿနာ (၁၃) မှုတို့၏ ဖြေရှင်းရာလမ်းကြောင်းများကို ဖော်ပြထားသည်။ ထို (၁၃) မှုစလုံးတွင် တိုင်ကြားသူများသည် တဖက်နှင့်တိုက်ရိုက်ညှိနှိုင်းပြီး ပြဿနာဖြေရှင်းရန် ကနဦးကြိုးစားခဲ့သည်။ ၆ မှုသာပြေလည်ခဲ့သည်။

ပုံ ၇.၁၁ အဓိကဦးစားပေးပြဿနာများကိုဖြေရှင်းသည့် ကြိုးပမ်းအားထုတ်မှုများ (IDP ဖြေဆိုသူများ)




၇၁ ခိုက်ရန်ဖြစ်မှု (၂၂ မှုအနက် ၄ မှု)၊ အလုပ်ချိန် သို့မဟုတ် လုပ်ခပြဿနာ (၃ မှု)၊ ကြွေးမြီပြဿနာ (၂ မှု)၊ အတင်းအကြပ် လက်ထပ်ထိမ်းမြားမှု (၂ မှု) နှင့် မြေယာ (၂ မှု) တို့ဖြစ်သည်။

ကနဦး ညှိနှိုင်းမှုများမလုပ်ခဲ့သော သို့မဟုတ် မအောင်မြင်ခဲ့သည့် အမှု (၇) မှုတွင် တိုင်ကြားသူ ၃ ဦးက တတိယပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ထိုထက်ပိုသည့်ထံမှ အကူအညီရှာဖွေရယူခဲ့ပြီး ၂ မှု ကျေအေးပြေလည်ခဲ့သည်။ ထိုဖြေဆိုသူများသည် ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၊ စခန်းတာဝန်ခံ၊ ရာအိမ်မှူး သို့မဟုတ် မြို့နယ်တရားရုံး အကူအညီများရယူ၍ ၎င်းတို့အမှုပြဿနာများကို ပြေလည်ဖြေရှင်းရန် ကြိုးစားကြသည်။

မည်သည့် ပြေလည်ကျေအေးသည့် အဖြေမျှ မရရှိခဲ့ သည့် အမှုပြဿနာမှာ (၅) မှုဖြစ်ပြီး အရေးကြီးဆုံး စိုးရိမ်ပူပန်ရသည့် ဦးစားပေးပြဿနာ ၂၂ မှု၏ ၂၃.၀% နီးပါးဖြစ်သည်။

တိုက်ရိုက်ညှိနှိုင်းမှုများမှတဆင့် ကျေအေးပြေလည်သွားခဲ့သည့် ဖြေဆိုသူများက ကျေနပ်သည့် ရလဒ်အဖြေများရခဲ့ကြသည်ဟု ဆိုသည်။ (ဥပမာ- "ကျွန်တော်လိုချင်တဲ့ ပမာဏရမှာမို့လို့ကျေနပ်တယ်"၊ " ကျွန်မသမီးဘေးမသီရန်မခ ပြန်ရောက်လို့ ကျေနပ်တယ်")။ ကျေနပ်သည့် ခံစားချက်အကြောင်းတရားများတွင် အမှုပြဿနာတွင် ၎င်းတို့၏ အခန်းကဏ္ဍကို မိမိကိုယ်တိုင် အသိအမှတ်ပြုဂုဏ်ယူခြင်း (ဥပမာ- "ဖြစ်တာက ကျွန်တော့်အမှား၊ ကျွန်တော်တောင်းပန်လိုက်တော့ ပြဿနာပြေလည်သွားတယ်။ အဲဒီအတွက် ကျေနပ်တယ်")၊ မိမိအခွင့်အရေးများကို အသိအမှတ်ပြု ထိန်းသိမ်းထားနိုင်ခြင်း (ဥပမာ- "တဖက်လူက ကျွန်တော့်မြေကိုရဖို့ ကြိုးစားတယ်၊ ဒါပေမဲ့ သူတို့ကိုပေးစရာမလိုတော့ဘူး ဒီတော့ ကျွန်တော် ကျေနပ်တယ်")၊ သူတစ်ပါးအကျိုးဆောင်ခြင်း (ဥပမာ-"ကြွေးလျော်ပေးရပေမဲ့ သူတို့ကို ကူညီလိုက်နိုင်လို့ ကျေနပ်ပါတယ်") တို့ပါဝင်သည်။

ကနဦးညှိနှိုင်းမှုများမှ ကျေအေးအဖြေ မထွက်ခဲ့သည့် အမှု (၇) မှုအနက် (၄) မှုတွင် တိုင်ကြားသည့် အမှုသည်များသည် တတိယပုဂ္ဂိုလ်အကူအညီ ရယူခြင်း မရှိပါ။ ထိုဖြေဆိုသူများပေးသည့် အကြောင်းပြချက်များမှာ-

- ပြဿနာမှာ အရေးမပါသောကြောင့် (၂ မှု)
- အကူအညီတောင်းခြင်း သို့မဟုတ် ဆက်လက်လုပ်ဆောင်ခြင်းသည် အကုန်အကျများမည် စိုးသောကြောင့် (၁ မှု)
- အကူအညီတောင်းခြင်း သို့မဟုတ် ဆက်လက်လုပ်ဆောင်ခြင်းအားဖြင့် တစ်ဖက်လူနှင့်ဆက်ဆံရေးပျက်ပြားမည် စိုးသောကြောင့် (၁ မှု) တို့ဖြစ်သည်။

IDP ဖြေဆိုသူများအား ဖြစ်နိုင်ဖွယ်ပုံပမာ အမှုပြဿနာ (၄) မှု (ကြွေးမြီ၊ အိမ်တွင်းအကြမ်းဖက်မှု၊ ယာဉ်မတော်တဆမှုနှင့် လူကုန်ကူးမှု)[72] ကို သုံးသပ်စဉ်းစားစေသည်။ ၎င်းတို့ဖြေရှင်းမည့် နည်းလမ်းများကို ဖော်ပြသည်။ ပထမအမှု (၃) မှုအတွက် ၎င်းတို့၏ အဖြေများသည် (ပုံ ၇-၁၂ (က) မှ ၇.၁၂ (ဂ) နောက်ဆက်တွဲ (ခ) တွင်ရှု) ယေဘုယျအားဖြင့် မိမိကိုယ်ကို ကနဦး အားကိုးလိုသည့် သဘောထား (ဥပမာ တိုက်ရိုက်ညှိနှိုင်းခြင်း) နှင့်ကိုက်ညီမှု ရှိသည်။ သို့သော်အချို့က နယ်မြေမှူးထံ အကူအညီတောင်းခံမည်ဟုဆိုသည်။

လူကုန်ကူးမှုသာဓကဖြစ်စဉ်တွင် ဖြေဆိုသူအများစုက ပထမဆုံးအနေဖြင့် မြို့နယ်ရဲစခန်း သို့မဟုတ် အခြားရဲစခန်း ခွဲများသို့ အကူအညီ တောင်းခံမည်။ အချို့က နယ်မြေမှူးထံ တိုင်ကြားမည်ဟုပြောသည်။ အကယ်၍ မအောင်မြင်ခဲ့ပါက ဖြေဆိုသူ (၅၉%) သည် နောက်ထပ်မည်သူ့ထံမှ အကူအညီတောင်းခံရမည်ကို မသိ သို့မဟုတ် နောက်ထပ်သွားစရာ တစ်ယောက်မှမရှိဟု ဖော်ပြသည် (ပုံ ၇.၁၂ (ဃ) နောက်ဆက်တွဲ (ခ) တွင်ရှု)။

## စခန်းစီမံခန့်ခွဲမှု ဖွဲ့စည်းပုံ

လေ့လာခဲ့သည့် IDP နေရာနှစ်ခုစလုံးတွင် ဖြေဆိုသူများက စခန်းတာဝန်ခံဟုခေါ်သည့် စခန်းစီမံခန့်ခွဲအုပ်ချုပ်မှုအကြီးအကဲမှာအရေးပါသည့်တတိယပုဂ္ဂိုလ်တစ်ဦးအဖြစ် ထွက်ပေါ်လာသည်။ စခန်းတာဝန်ခံသည် စခန်းစီမံခန့်ခွဲအုပ်ချုပ်မှုကို ကြီးကြပ်ခြင်းနှင့် အမှုပြဿနာဖြေရှင်းရာတွင် ကူညီခြင်းအပါအဝင် ရပ်ကျေးအုပ်ရေးမှူးများ ပုံမှန်လုပ်ဆောင်သည့် လုပ်ငန်းတာဝန်များစွာကို ဆောင်ရွက်သည်။

ပထမလေ့လာသည့်နေရာမှ စခန်းတာဝန်ခံသည် လူလတ်ပိုင်းမူလတန်းကျောင်းဆရာမဟောင်းတစ်ဦးဖြစ်ပြီး စခန်းတွင်းနေထိုင်သူများက ရွေးချယ်တင်မြှောက်ခဲ့သည်။ သူမသည်စခန်းတွင်းဖြစ်ပွားသည့်ရန်ဖြစ်မှု၊ လင်မယားကြားစကားများမှု၊ အရက်သောက်စားပြီး ပတ်ဝန်းကျင်အနှောင့်အယှက်ပေးမှုများအပြင် စခန်းတွင်းနေထိုင်သူများနှင့် လက်ခံထားသည့် ဒေသခံရပ်ရွာမှ လူများကြားခိုက်ရန်ဖြစ်မှုများတွင် ကူညီဖြေရှင်းပေးသည်။ ပတ်ဝန်းကျင် အနှောင့်အယှက်ပေးမှုများတွင် စခန်းတာဝန်ခံသည် ကျူးလွန်သူကို အကြိမ်ကြိမ်သတိပေးသည်။ တတိယအကြိမ် ဖောက်ဖျက်ပါက သူမသည်ရပ်ကျေးအုပ်ချုပ်ရေးမှူး သို့မဟုတ် ရဲထံသတင်းပို့ပြီး အမှုကို ကိုင်တွယ်ရန် အကူအညီ တောင်းခံသည်။ အကယ်၍ စခန်းအတွင်းနေထိုင်သူတစ်ဦးသည် ကြမ်းတမ်းစွာပြုမူပါက စခန်းတာဝန်ခံသည် အလားတူလုပ်ရပ် နောက်ထပ်မပြုမူရန် ခံဝန်လက်မှတ်ထိုးခိုင်းသည်။ အကယ်၍ ထိုသူသည် ခံဝန်ကတိကို ဖောက်ဖျက်ပြီး နောက်တစ်ကြိမ် ကြမ်းတမ်းစွာပြုမူပါက ထိုသူအား အိမ်သာဆေးခြင်း၊ စခန်းတွင်းသန့်ရှင်းရေးစသည့် စခန်း ဝေယျာဝစ္စ

[72] မေးခွန်းများကို IDP စခန်းအခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေရန် သူတပါးမြေမှ သစ်သီးခိုးမှုနှင့် မြေနယ်နမိတ် အငြင်းပွားမှု ဖြစ်နိုင်ဖွယ်ပုံပမာအမှုပြဿနာ (၂) ခုကိုဖြုတ်ထားသည်။

အလုပ်များဆောင်ရွက်ရန် အလုပ်ပြစ်ဒဏ်ချသည်။

ဤစခန်းတာဝန်ခံသည် IDP စခန်းနှင့်ပြင်ပအဖွဲ့အစည်းများကြား ကြားခံချိတ်ဆက်ပေးသည်။ သူမသည် စခန်းတွင်း လူဦးရေအချက်အလက်များကို သက်ဆိုင်ရာ ရပ်ကျေးအုပ်ချုပ်ရေးရုံးသို့ ပေးပို့ခြင်း၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး UNHCR စသည့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ခြင်း၊ IDP များခရီးသွားရန် သို့မဟုတ် မြို့နယ်ဆေးရုံတက်ရန်လိုအပ်ပါက ထောက်ခံစာရေးပေးခြင်းနှင့် ဆိုင်ကယ်စီးရာတွင် ဦးထုပ်မဆောင်းမှုဖြင့် ရဲစခန်းတွင် ဖမ်းဆီးထိန်းသိမ်းခံရသည့် IDP စခန်းမှ လူများလွတ်မြောက်ရန် ညှိနှိုင်းခြင်းများ ဆောင်ရွက်သည်။

စခန်းညှိနှိုင်းဆောင်ရွက်မှုနှင့် စခန်းစီမံခန့်ခွဲမှုရေးရာ တာဝန်ခံများသည် စခန်းတာဝန်ခံကိုယ်စား လုပ်ငန်းတာဝန်များ ဆောင်ရွက်ကြပြီး စီမံခန့်ခွဲအုပ်ချုပ်မှုများတွင် ပံ့ပိုးကူညီပေးသည်။ ထိုသက်ဆိုင်ရာ တာဝန်ခံများသည် အကယ်၍ စခန်းတာဝန်ခံ မရှိမအားလပ်ပါက အမှုပြဿနာဖြေရှင်းပေးခြင်း၊ ထောက်ခံစာရေးပေးခြင်း စသည့် လုပ်ငန်းတာဝန်များကိုလည်း လွှဲပြောင်းဆောင်ရွက်ကြသည်။ ထိုရေးရာတာဝန်ခံများ၏ အမှုပြဿနာဖြေရှင်းမှုကို မကျေနပ်ပါက စခန်းတာဝန်ခံထံ သတင်းပို့လို့ရသည်။ ထိုရေးရာတာဝန်ခံများသည် ပညာတတ်လူငယ် အမျိုးသားအမျိုးသမီးများဖြစ်ပြီး စခန်းတွင်နေထိုင်သူများက ရွေးချယ်တင်မြှောက်ကြသည်။

ပထမလေ့လာရာစခန်းမှ အရေးပါသည့် အခန်းကဏ္ဍရှိသည့် အခြားပုဂ္ဂိုလ်များမှာ (၁) ကာသိုလစ် Catholic ဘုန်းတော်ကြီး - ၎င်းသည်စခန်းစီမံခန့်ခွဲအုပ်ချုပ်မှုတွင် တရားဝင် အခန်းကဏ္ဍတာဝန်မရှိသော်ငြားလည်း အသေးအဖွဲ့ အခြေအတင်စကားများမှုများကို တစ်ခါတစ်ရံ ဖြန်ဖြေစေ့စပ်ကူညီသည်။ ကုလသမဂ္ဂအဖွဲ့ အစည်းများမှ ထောက်ခံသည့် ရိက္ခာမလုံလောက်သည့်အခါများတွင် စခန်းတာဝန်ခံများ၏ မေတ္တာရပ်ခံချက်အရ အလှူရှင်များ ရရှိရန်လည်း ကူညီပေး သည်။ (၂) အဆောင်မှူးများ [၇၃] - ၎င်းတို့သည် စားနပ်ရိက္ခာဝေငှရာတွင် အဆောင်လိုက် တာဝန်ယူရသည်။ (၃) အခြား ရေးရာကော်မတီဝင်များ (အခြေခံပညာ၊ ပညာရေး၊ အမျိုးသမီးရေးရာ၊ ကျား/မအခြေပြုအကြမ်းဖက်မှု GBV ရေးရာ၊ လူငယ်ရေးရာ၊ စားနပ်ရိက္ခာစီမံခန့်ခွဲမှု၊ စည်းကမ်းထိန်းသိမ်းရေး၊ မူးယစ်ဆေးဝါးတားဆီးတိုက်ဖျက်ရေး၊ မီးသတ်၊ ရေ၊ တစ်ကိုယ်ရေတကာယနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှု (WASH) ရေးရာ ကော်မတီများ) တို့ ဖြစ်သည်။

ဒုတိယလေ့လာခဲ့သည့် စခန်းတာဝန်ခံမှာ မိမိဌာနေ ရွာမှစွန့်ခွာခဲ့ရသည့် ဓမ္မဆရာ/သင်းအုပ် ဆရာတစ်ဦးဖြစ်ပြီး စခန်းစီမံခန့်ခွဲအုပ်ချုပ်မှုတာဝန်ခံအဖြစ် အသင်းတော်မှရွေးချယ်ခဲ့သည်။ ဤစခန်း၏ အရွယ်အစားကြီးမားမှုနှင့် သင်းအုပ် ဆရာတစ်ဦးအနေဖြင့် လူမှုရေးပြဿနာများကို ဖြေရှင်းရန်မသင့်တော်ဟု စခန်းတွင်နေထိုင်သူများက ထင်မြင်သောကြောင့် အမှုပြဿနာအများစုမှာ စခန်းတာဝန်ခံထံသို့ တိုက်ရိုက်အသိပေးတင်ပြခြင်း မရှိကြပါ။ ထို့အတွက် စခန်းတာဝန်ခံသည် စခန်းတွင်းရှိ ကြီးလေးသည့် အမှုပြဿနာများကိုသာ ကိုင်တွယ်ပြီး ကျူးလွန်သူများကို စခန်းတွင်းမှနှင်ထုတ်နိုင်သည့် အခွင့်အာဏာရှိသည်။ တစ်ကြိမ်တွင် စခန်းတွင်း ထိန်းမနိုင်သိမ်းမရ အကြမ်းဖက် သောင်းကျန်းသည့် နေထိုင်သူတစ်ဦးကို နှင်ထုတ်ခဲ့သည့် သာဓကရှိခဲ့သည်။ UNHCR၊ ရဲ စသည့် ပြင်ပအဖွဲ့အစည်းများနှင့် ပတ်သက်ပါက ပထမဆုံးဆက်သွယ်ရမည့်သူမှာ စခန်းတာဝန်ခံဖြစ်သည်။

ဒုတိယ လေ့လာခဲ့သည့် (စခန်း) နေရာကို ပထဝီအနေအထားအရ စီမံခန့်ခွဲအုပ်ချုပ်မှုဖုံအပိုင်းများ ခွဲခြားထားပြီး အပိုင်းတစ်ခုစီတွင် အပိုင်းတာဝန်ခံတစ်ဦးရှိသည်။ လင်မယားကြားအချင်းများမှု၊ စခန်းတွင်းနေထိုင် သူများ နှင့် လက်ခံထားသည့် ဒေသခံရပ်ရွာမှ လူများအကြား ခိုက်ရန်ဖြစ်မှု စသည့်အမှုပြဿနာများဖြေရှင်းရန် စခန်းနေသူများက ၎င်းတို့သက်ဆိုင်ရာ အပိုင်းတာဝန်ခံများထံသို့ ကနဦး အကူအညီ တောင်းကြသည်။ ပြဿနာဖြေရှင်းရာတွင် နာမည် ကောင်းရှိသည့် ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်း အပိုင်းတာဝန်ခံကို စခန်းတွင်းနေထိုင်သူများက အခြားအပိုင်းတာဝန်ခံများထက်စာလျှင် ပို၍ယုံကြည်အားကိုးကြသည်။ ကြီးလေးသောအမှုကိုသာလျှင် အပိုင်းတာဝန်ခံများက စခန်းတာဝန်ခံထံ အသိပေးတင်ပြကြသည်။ အပိုင်းတာဝန်ခံများသည် လူဦးရေ စာရင်းဇယားကောက်ယူခြင်း၊ စားနပ်ရိက္ခာစာရင်းပြုစုခြင်း စသည့် ၎င်းတို့အပိုင်းလိုက် စီမံခန့်ခွဲအုပ်ချုပ်မှုတာဝန်များယူရပြီး စခန်းတာဝန်ခံထံ အစီရင်ခံရသည်။

ပထမလေ့လာသည့် စခန်းကဲ့သို့ပင် ဒုတိယစခန်း၌လည်း သက်ဆိုင်ရာလိုင်းခန်းများအလိုက် စားနပ်ရိက္ခာဝေငှမှု တာဝန်ယူရသည့် တာဝန်ခံလိုင်းမှူးများအပြင် လျှပ်စစ်မီး၊ ရေနှင့် ပညာရေးကော်မတီများလည်းရှိကြသည်။

အချုပ်အားဖြင့် အခြားသူများထက်စာလျှင် IDP ဖြေဆိုသူများသည် အမှုပြဿနာဖြေရှင်းရာတွင် မိမိကိုယ်ကိုပို၍ မှီခိုအားထားကြသည်။ ၎င်းတို့၏ပြဿနာများဖြေရှင်းရာတွင် သေးငယ်သည့်အမှုများအားလုံးနီးပါးကို တစ်ဖက်လူနှင့် တိုက်ရိုက်ညှိနှိုင်းကြပြီးထိုအမှုပြဿနာထက် ဝက်ခန့်

[၇၃] မိသားစုများစွာ နေထိုင်ရန်ဆောက်လုပ်ထားသည့် IDP စခန်းရှိ ယာယီအဆောက်အဦး (ဥပမာ- အဆောင် အိမ်ရှည်တစ်ခုတွင် အခန်းများ ကန့်ထားသည်။)

မှာ တတိယပုဂ္ဂိုလ်အကူအညီဖြင့်သော်လည်းကောင်း သို့မဟုတ် အကူအညီမပါဘဲသော်လည်းကောင်း ကျေအေးပြေလည်မှု ရခဲ့သည်။ ဦးစားပေးပြဿနာအားလုံး၏ ၄ ပုံ ၁ ပုံနီးပါးမှာ ကျေအေးဖြေရှင်းနိုင်မှု မရှိခဲ့ပါ။

အငြင်းပွားမှုပြဿနာဖြေရှင်းရာတွင် ပံ့ပိုးကူညီသည့် တတိယပုဂ္ဂိုလ်များမှာ စခန်းစီမံခန့်ခွဲအုပ်ချုပ်မှု အကြီးအကဲ (စခန်းတာဝန်ခံ၊ ရေးရာတာဝန်ခံများ၊ အပိုင်းတာဝန်ခံများ၊ ခရစ်ယာန်ဘုန်းတော်ကြီး သို့မဟုတ် သင်းအုပ်ဆရာ၊ လိုင်းမှူးများနှင့် ရေးရာကော်မတီများ) ဖြစ်သည်။

## တရားမျှတမှုစနစ်နှင့် တရားရေးပုဂ္ဂိုလ်များအပေါ် သဘောထားအမြင်များ

ဤအခန်းတွင် တရားရေးစနစ်နှင့် တရားရေးဝန်ဆောင်မှုများပေးသည့်သူများအပေါ် IDP ဖြေဆိုသူများ၏ ခံယူချက် သဘောထားအမြင်များကို ဖော်ပြထားသည်။

## တရားရေးစနစ်အပေါ် သဘောထားအမြင်များ

တရားရေးစနစ်အပေါ် IDP ဖြေဆိုသူများ၏ ယေဘုယျ သဘောထားအမြင်များကို တိုင်းတာနိုင်ရန် ဤလေ့လာမှုတွင် လာဘ်ပေးလာဘ်ယူ သို့မဟုတ် အကျင့်ပျက်ခြစားမှု၊ သမားရိုးကျ တရားရုံးစနစ်နှင့် လက်လှမ်းမီမှုနှင့် သီးခြား အခြေအနေတစ်ရပ်တွင် ဥပဒေလုပ်ကိုင်ဆောင်ရွက်မှုစသည့် ရည်ညွှန်းချက် (၃) ရပ်အပေါ် ဖြေဆိုသူများ၏ အမြင်သဘောထားများကို ဆန်းစစ်လေ့လာထားသည် (ဇယား ၇.၅ တွင်ရှု)။

IDP ဖြေဆိုသူအများစု (၅၇.၀%) က အစိုးရအရာရှိများသည် ပြည်သူကို အလုပ်အကျွေးပြုရမည်ဖြစ်ရာ အပိုကြေး တောင်းခံခြင်းမှာ လက်ခံနိုင်ဖွယ်ရာမရှိဟု ထင်ကြသည်။

ထက်ဝက်အောက် (၄၉.၀%) ကအသိဗဟုသုတရှိခြင်းသည် သမားရိုးကျ တရားရုံးများသို့ ပြည်သူများ လက်လှမ်းမီသွားရောက်နိုင်မှု မြင့်မားစေသည်ဆိုသည့်အချက်ကို သဘောတူကြသော်လည်း တစ်ဖက်တွင် (၄၄.၀%) က ပုဂ္ဂိုလ်ရေးအဆက်အသွယ်ရှိခြင်းက ပို၍ လက်လှမ်းမီစေသည်ဟု ထင်ကြသည်။

ဇယား ၇.၅ တရားရေးစနစ်အပေါ် ရှုမြင်သည့်သဘောထားအမြင်များ (IDP ဖြေဆိုသူများ)

| အကြောင်းအရာ | အဆိုပြုဖော်ပြချက်များ | သဘောတူညီမှု* |
|---|---|---|
| လာဘ်ပေးလာဘ်ယူမှု | (က) အစိုးရအရာရှိများသည် လစာမလုံလောက်သဖြင့် ၎င်းတို့၏ လာဘ်ငွေ ထပ်မံတောင်းခံမှုများသည် လက်ခံဖွယ်ရာရှိသည် | ၃၈.၀% |
| | (ခ) အစိုးရအရာရှိများသည် ပြည်သူကို အလုပ်အကျွေးပြုရမည်။ ၎င်းတို့၏ လာဘ်ငွေ ထပ်မံတောင်းခံမှုများသည် လက်ခံဖွယ်ရာမရှိ။ | ၅၇.၀% |
| တရားဝင် တရားရုံးစံနစ်သို့ ရောက်ရှိနိုင်ခြင်း | (က) ဗဟုသုတရှိခြင်းက လူထုအား (အစိုးရ) တရားရုံးများသို့ တက်ရောက်မှု ပိုမိုများပြားလာစေမည်။ | ၄၉.၀% |
| | (ခ) အရာရှိများနှင့် ပုဂ္ဂိုလ်ရေးအဆက်အသွယ်ရှိခြင်းက လူထုအား (အစိုးရ) တရားရုံးများသို့ တက်ရောက်မှုပိုမိုများပြားလာစေမည်။ | ၄၅.၀% |
| ဥပဒေ၏ လုပ်ကိုင်ဆောင်ရွက်မှု | (က) ဥပဒေသည် ဥပဒေသည် ချမ်းသာကြွယ်ဝသူများနှင့် ဩဇာရှိသူများ၏ အကျိုးစီးပွားများကို အကာအကွယ်ပေးသည်။ | ၃၁.၀% |
| | (ခ) ဥပဒေသည် ချမ်းသာကြွယ်ဝသူများနှင့် ဩဇာရှိသူများ၏ မတရားအနိုင်ကျင့်မှုများမှ အကာအကွယ်ပေးသည်။ | ၆၅.၀% |

*အဆိုပြုချက်အတွဲတစ်တွဲစီ၏ စုစုပေါင်းမှာ ၁၀၀% မရှိပါ။ အဘယ်ကြောင့်ဆိုသော် အချို့ဖြေဆိုသူများက အဆိုပြုချက်နှစ်ခုစလုံးကို ရွေးချယ်ကြပြီး အချို့က တစ်ခုကိုမျှ မရွေးချယ်ပါ။ အချို့က ဖြေဆိုရန် ငြင်းဆိုကြပြီး အချို့မှာ မည်သည့်အဆိုပြုချက်သည် ၎င်းတို့၏ အမြင်နှင့် ပို၍ ကိုက်ညီသည်ကို မသိပါဟု ဖော်ပြကြသည်။


IDP ဖြေဆိုသူ ၃ ပုံ ၂ ပုံ နီးပါးက ဥပဒေသည် ချမ်းသာကြွယ်ဝသူများနှင့် အာဏာအင်အားကြီးသူများ၏ မတရားမှုမှ ကာကွယ်ပေးသည်ဟု ၎င်းတို့၏ ယုံကြည်ချက်ကို ညွှန်ပြပြီး (၃၁.၀%) က ဥပဒေသည် ချမ်းသာသူများ နှင့် အင်အားကြီးသူများ၏ အကျိုးစီးပွားများကို ကာကွယ်ပေးသည် ဆိုသည့်အချက်ကို သဘောတူကြသည်။ (၁.၀%) အနည်းငယ်ကသာ နှစ်ချက်စလုံးကို သဘောတူသည်။ ဤအဆိုပြုချက် နှစ်ရပ်စလုံးကို အဓိပ္ပာယ်ဖွင့်ဆိုပါက ဥပဒေကို မှန်ကန်စွာကျင့်သုံးလျှင် သာမန်ပြည်သူများ၏ အခွင့်အရေးများကို ကာကွယ်နိုင်သည် သို့မဟုတ် ကာကွယ်သင့်သည်ဟုဆိုသည့် ယုံကြည်ချက်ကို ဖော်ပြသည်ဟု ဖွင့်ဆိုနိုင်သည်။ ဤအတိုင်းဆိုပါလျှင် IDP ဖြေဆိုသူ ၉၃.၀% (non IDP ဖြေဆိုသူ အချိုးအစားကဲ့သို့) သည် ထိုသဘောထားအမြင်ရှိသည်ဟု ဆိုနိုင်သည်။

## တရားသူကြီးများ

တရားသူကြီးများ၏ စွမ်းဆောင်ရည်ပြည့်ဝမှုအပေါ် ယုံကြည်မှုကို IDP ဖြေဆိုသူများက ပြသကြ သော်လည်း မျှတ၍ သမာဓိတည်ကြည်မှု၊ လေးစားမှုနှင့် အဂတိတရားကင်းမှုစသည့် လူအများလက်ခံထားသည့် စံတန်ဖိုးများနှင့် တရားသူကြီးများ၏ စံတန်ဖိုးများထပ်တူကျနိုင်မှုအပေါ် သံသယရှိလိုသည် (ပုံ ၇.၁၃ (က) တွင်ရှု)။ ရှေ့တွင် ဆွေးနွေးခဲ့သည့်အတိုင်း တရားသူကြီးများအပေါ် IDP ဖြေဆိုသူများ၏ သဘောထားအမြင်များသည် သမားရိုးကျ တရားရေးစနစ်နှင့် ၎င်းတို့ ထိတွေ့မှုနည်းခြင်းက တစ်စိတ်တစ်ပိုင်းဖြစ်နိုင်သည်။

IDP ဖြေဆိုသူ ၄ ပုံ ၃ ပုံကျော်(၇၇.၀%) က တရားသူကြီးများသည် ခေတ်နှင့်အညီ အသိဗဟုသုရှိသည်ဟု ခံယူကြပြီး ၃ ပုံ ၂ ပုံ နီးပါး (၆၃.၀%) က သူတို့သည်

ပုံ ၇.၁၃ (က) တရားသူကြီးများအပေါ် သဘောထားအမြင်များ (IDP ဖြေဆိုသူများ)




## တရားရေးပုဂ္ဂိုလ်များအပေါ် ရှုမြင်သည့်သဘောထားအမြင်များ


ဤလေ့လာမှုတွင် သမားရိုးကျ တရားမျှတရေးကဏ္ဍမှ တာဝန်ရှိသူများဖြစ်သည့် တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် ရဲများအပြင် ရပ်ရွာအသိုင်းအဝိုင်းခေါင်းဆောင်များ[74] အပေါ် IDP ဖြေဆိုသူများ၏ သဘောထားအမြင် များကို စူးစမ်းလေ့လာသည် (ပုံ ၇.၁၃ (က) မှ ၇.၁၃ (ဃ) ကိုရှု) [75]

လုံလောက်သည့် သင်တန်းများရရှိထားသည်ဟု ယုံကြည်ကြသည်။ တရားသူကြီးများ ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် အရင်းအမြစ်များမပြည့်စုံဟု ဖြေဆိုသူထက်ဝက် (၅၀.၀%) ကထင်သည်။

အများလက်ခံထားသည့် စံတန်ဖိုးများနှင့် ပတ်သက်၍ ဖြေဆိုသူ ထက်ဝက်အောက် (၄၇.၀%) က

၇၄ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသည် ၂၀၁၂ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဥပဒေ ပြဌာန်းချက်များအရ အငြင်းပွားမှုပြဿနာဖြေရှင်းရသည့် တရားဝင်အခန်းကဏ္ဍနှင့် တာဝန်များရှိသည် (အပိုင်း ၃ တွင်ရှု)။
၇၅ ဤအနေအထားတွင် စွမ်းဆောင်ရည်ပြည့်ဝမှုကို ဖွင့်ဆိုသတ်မှတ်ရာတွင် ခေတ်နှင့်အညီ အသိပညာဗဟုသုတရှိခြင်း၊ လုံလောက်သည့် သင်တန်းများ၊ အရင်းအမြစ်ပြည့်စုံမှုနှင့် ပြည်သူလူထုယုံကြည်သည့်အတိုင်း လုပ်လိုသည့် မှန်ကုန်သည့် သဘောထားရှိမှုတို့ပါဝင်သည်။ မှန်ကန်သည့်သဘောထား သို့မဟုတ် အများလက်ခံထားသည့် စံတန်ဖိုးများအယူအဆတွင် ရပ်ရွာဦးစားပေးများနှင့် လိုက်လျောညီထွေမှု၊ လေးစားစွာပြုမူဆက်ဆံခြင်း၊ မျှတသည့်အပြုအမူ၊ ရလဒ်အဖြေများနှင့် ဝန်ဆောင်မှုများအတွက် လာဘ်လာဘ မမျှော်ကိုးခြင်းတို့ ပါဝင်သည် (အခန်း ၁ တွင်ရှု)။

ပုံ ၇.၁၃ (ခ) ဥပဒေအရာရှိများအပေါ် သဘောထားအမြင်များ (IDP ဖြေဆိုသူများ)





တရားသူကြီးများသည် ရပ်ရွာဦးစားပေးများနှင့် ကိုက်ညီမှုရှိသည်ဟုရှုမြင်ပြီး အခြား (၄၄.၀%) က မကိုက်ညီဟု ထင်ကြသည်။ ဖြေဆိုသူ အများစု (၅၇.၀%) က တရားသူကြီးများသည် ၎င်းတို့အား လေးစားသမှု ပြုမူဆက်ဆံမည် မဟုတ်ဟုလည်းကောင်း၊ တရားသူကြီးများသည် ၎င်းတို့ရှေ့မှောက် ရောက်ရှိလာသည့် အမှုပြဿနာတစ်ရပ်တွင် မျှတသည့်ရလဒ် ဆောင်ကျဉ်းပေးနိုင်မည်မဟုတ်ဟု ခံယူသဘောထားသည်။ ၃ ပုံ ၂ ပုံကျော် (၇၀.၀%) က တရားသူကြီးများသည် အမှုပြဿနာများ ကိုင်တွယ်ဖြေရှင်းရာတွင် မျှတလိမ့်မည်မဟုတ်ဟုလည်းကောင်း၊ ဖြေဆိုသူ (၅) ဦးလျှင် (၄) ဦးခန့် (၇၉.၀%) က တရားသူကြီးများသည် ၎င်းတို့ ဝန်ဆောင်လုပ်ကိုင်ပေးမှုများအတွက် လာဘ်လာဘ မျှော်ကိုးလိုသည်ဟု ထင်မြင်ကြသည်။

## ဥပဒေအရာရှိများ

ဥပဒေအရာရှိများအပေါ် IDP ဖြေဆိုသူများ၏ သဘောထားများသည် တရားသူကြီးများအပေါ်ထားသည့် သဘောထားများနှင့်တူညီသည် (ပုံ ၇.၁၃ (ခ) တွင်ရှု)။

IDP ဖြေဆိုသူများက ယေဘုယျ အားဖြင့် ဥပဒေအရာရှိများသည် စွမ်းဆောင်ရည်ရှိကြသည်။ ခေတ်နှင့်အညီ အသိပညာ ဗဟုသုတများရှိသည် (ဖြေဆိုသူ ၇၆.၀%)။ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရန် လုံလောက်သည့် သင်တန်းများရကြသည် (၆၈.၀%) ဟု မှတ်ယူသဘောထားကြသည်။ သို့သော်ဖြေဆိုသူ ထက်ဝက် (၅၀%) က ၎င်းတို့သည် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရန် လုံလောက်သည့် အရင်းအမြစ်များ မရှိဟုထင်သည်။

ပုံ ၇.၁၃ (ဂ) ရဲများအပေါ် သဘောထားအမြင်များ (IDP ဖြေဆိုသူများ)



အများလက်ခံမှုဝေထားသည့်စံတန်ဖိုးများနှင့်ပတ်သက်၍ ဥပဒေအရာရှိများအပေါ် IDP ဖြေဆိုသူများ၏ သဘောထားအမြင်များသည် တရားသူကြီးများ အပေါ်ထားသည့် ခံယူချက်သဘောထားများနှင့် များစွာထင်ဟပ်မှုရှိသည်။ ထက်ဝက်ကျော် (၅၄.၅%) က ဥပဒေအရာရှိများသည် ရပ်ရွာဦးစားပေးအလေးထားမှုများနှင့် မကိုက်ညီဟုလည်းကောင်း၊ (၅၇.၀%) က ဥပဒေအရာရှိများသည် ၎င်းတို့အား လေးစားစွာ ပြုမူဆက်ဆံမည်မဟုတ်ဟု လည်းကောင်း၊ (၅၅.၀%) က သူတို့သည်မိမိရှေ့မှောက် အမှုပြဿနာတစ်ရပ်တွင် မျှတသည့်ရလဒ် ဆောင်ကျဉ်းလိမ့်မည်မဟုတ်ဟုလည်းကောင်း ရှုမြင် ယုံကြည်ကြသည်။ ၃ ပုံ ၂ ပုံနီးပါး (၆၆.၀%) သော IDP ဖြေဆိုသူများက ဥပဒေ အရာရှိများသည် အမှုပြဿနာများဖြေရှင်း ကြားနာရာတွင် မျှတမှုရှိလိမ့်မည်မဟုတ်၊ (၈၁.၀%) က ဥပဒေအရာရှိများသည် ၎င်းတို့ဝန်ဆောင်များအတွက် လာဘ်လာဘ အပိုကြေး မျှော်ကိုးလိမ့်မည်ဟုယုံကြည်သည်။

ဥပဒေအရာရှိများအပေါ် IDP ဖြေဆိုသူများ၏ သဘောထားအမြင်များမှာ သမားရိုးကျ တရားမျှတရေး စနစ်နှင့် ၎င်းတို့ထိတွေ့မှုနည်းခြင်းကြောင့်လည်း တစ်စိတ်တစ်ပိုင်းဖြစ်နိုင်သည် (အထက်တွင်ရှု)။


## ရဲများ

ရဲများအပေါ် IDP ဖြေဆိုသူများ၏ သဘောထားအမြင်များသည် တရားသူကြီးများနှင့် ဥပဒေအရာရှိများအပေါ် သဘောထားအမြင်များနှင့် များစွာတူညီမှုရှိသည် (ပုံ ၇.၁၃ (ဂ) တွင်ရှု)။ ၎င်းတို့က ရဲများသည် စွမ်းဆောင်ရည်ရှိသည် သို့သော် အရင်းအမြစ်များလုံလောက်မှုမရှိ၊ လုပ်ကိုင်ပေးမှုများအတွက် လာဘ်လာဘအပိုကြေး မျှော်ကိုးလိုသည်ဟု ရှုမြင်သည်။

ဖြေဆိုသူ ၄ ပုံ ၃ ပုံနီးပါး (၇၂.၀%) က ရဲများတွင် ခေတ်မီအသိဗဟုသုတ ရှိကြသည်။ ၃ ပုံ ၂ ပုံ (၆၆.၀%) က ၎င်းတို့သည် လုံလောက်သည့် သင်တန်းများရရှိခဲ့သည်၊ သို့သော် (၃၃.၀%) ကသာ ၎င်းတို့၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရန် အရင်းအမြစ်ပြည့်စုံသည်ဟု လက်ခံယုံကြည်ကြသည်။

အများသဘောတူလက်ခံထားသည့် စံတန်ဖိုးများနှင့် ပတ်သက်၍ IDP ဖြေဆိုသူများ၏ ရဲများအပေါ်ထားသည့် သဘောထားများမှာ အခြားဖြေဆိုသူများနှင့် နှိုင်းယှဉ်လျှင် အကောင်းဘက်ဆောင်မှု ပို၍နည်းပါးသည်။ IDP ဖြေဆိုသူ ထက်ဝက်နီးပါး (၄၈.၀%) က ရဲများသည် ရပ်ရွာဦးစားပေးများနှင့်ကိုက်ညီမှုမရှိ၊ (၄၃.၀%) က ကိုက်ညီမှုရှိသည်ဟု ထင်မြင်သည်။ ရဲများက ၎င်းတို့ကို လေးစားစွာ ပြုမူဆက်ဆံမည်ဟု ထင်သူမှာ (၃၉.၀%) သာဖြစ်သည်။ ထို့ထက်နည်းသည့် (၃၄.၀%) က ရဲများသည် ၎င်းတို့ရှေ့မှောက်ရောက်ရှိလာသည့် အမှုပြဿနာတစ်ရပ်တွင် မျှတသည့်ရလဒ် ဆောင်ကျဉ်းလိမ့်မည်ဟု ထင်ကြသည်။ (၂၀.၀%) သော ဖြေဆိုသူများကသာ ရဲများသည် အမှုပြဿနာများ ကိုင်တွယ်ဖြေရှင်းရာတွင် မျှတမှုရှိလိမ့်မည်ဟု ယုံကြည်ပြီး ထိုသို့မယုံကြည်သည့် အချိုးအစားမှာ ၄ ပုံ ၃ ပုံ နီးပါး (၇၄.၀%) ဖြစ်သည်။ ၅ ဦးလျှင် ၄ ဦးကျော်ကျော် (၈၂.၀%) က ရဲများသည် ၎င်းတို့ဝန်ဆောင်မှုများအတွက် လာဘ်လာဘ အပိုကြေး မျှော်ကိုးလိုသည်ဟု ထင်မြင်သည်။

ပုံ ၇.၁၃ (ဃ) ရပ်ရွာအသိုင်းအဝိုင်းခေါင်းဆောင်များအပေါ် သဘောထားအမြင်များ (IDP ဖြေဆိုသူများ)



ဇယား ၇.၆ တရားရေးပုဂ္ဂိုလ်များအပေါ် ယုံကြည်မှု (IDP ဖြေဆိုသူများ)

| တရားရေးပုဂ္ဂိုလ်များ | ယုံကြည်မှုညွှန်းကိန်း |
|---|---|
| တရားသူကြီးများ | ၁၈.၃% |
| ဥပဒေအရာရှိများ | ၂၀.၇% |
| ရဲများ | ၁၈.၃% |
| ရပ်ရွာ ခေါင်းဆောင်များ | ၂၅.၀% |


## ရပ်ရွာအသိုင်းအဝိုင်းခေါင်းဆောင်များ

ရပ်ရွာအသိုင်းအဝိုင်း ခေါင်းဆောင်များ[၇၆] အပေါ် IDP ဖြေဆိုသူများ၏ ခံယူချက်သဘောထားများမှာ တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် ရဲများအပေါ်ထားသည့် အမြင်များနှင့် သိသာစွာကွဲပြားခြားနားသည် (ပုံ ၇.၁၃ (ဃ) တွင်ရှု)။

IDP ဖြေဆိုသူ ၃ ပုံ ၂ ပုံနီးပါးက ရပ်ရွာအသိုင်းအဝိုင်း ခေါင်းဆောင်များတွင် ခေတ်နှင့်အညီ အသိပညာဗဟုသုတ ရှိသည်ဟု ယုံကြည်သော်လည်း(၅၇.၀%)က ၎င်းတို့တွင်လုံလောက်သည့် သင်တန်းများမရှိဟု သဘောထားသည်။ ထင်ရှားသိသာသည့် (၇၁.၀%)က ရပ်ရွာအသိုင်းအဝိုင်းခေါင်းဆောင်များသည် ၎င်းတို့၏လုပ်ငန်းတာဝန်များ ထမ်းဆောင်ရန် အရင်းအမြစ်များလုံလောက်မှုမရှိဟု ထင်ကြသည်။

သို့သော် (၇၂.၀%) က ရပ်ရွာ ခေါင်းဆောင်များသည် ရပ်ရွာဦးစားပေးအလေးထားမှုများနှင့် ကိုက်ညီကြသည်။ ၃ ပုံ ၂ ပုံကျော်က ရပ်ရွာခေါင်းဆောင်များသည် ၎င်းတို့ကို လေးစားစွာဆက်ဆံလိမ့်မည်ဟုထင်သည်။ စိတ်ဝင်စားဖွယ်ရာမှာ ဖြေဆိုသူထက်ဝက်ကျော်ကျော်(၅၃.၀%) က ရပ်ရွာခေါင်းဆောင်များသည် အမှုပြဿနာ တစ်ခုဖြေရှင်းရာတွင် မျှတမှု မရှိနိုင်ဟုလည်းကောင်း ယူဆပြီး ထိုအချိုးအစားအတိုင်း တူညီသည့် အရေအတွက်က ရပ်ရွာခေါင်းဆောင်များသည် မျှတသည့် ရလဒ်ဆောင်ကျဉ်းလိမ့်မည်ဟု ယုံကြည်ကြသည်။ ရပ်ရွာခေါင်းဆောင်များသည် ၎င်းတို့ ဝန်ဆောင်ပေးမှုများအတွက် လာဘ်လာဘ အပိုကြေး မျှော်ကိုးမည်ဟု ယုံကြည်သည့်အချိုးအစားမှာ အများစု (၅၆.၀%) ဖြစ်သည်။

ပုံ ၇.၁၄ မညီမျှသည့်ပြုမူဆက်ဆံမှုအပေါ် သဘောထားအမြင်များ (IDP ဖြေဆိုသူများ)




[၇၆] မြန်မာဘာသာတွင် ဤဝေါဟာရကို ရပ်ကွက်နှင့်ကျေးရွာခေါင်းဆောင်များဟု ပြန်ဆိုပြီး ဖြေဆိုသူများအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်သတ်မှတ်ပေးမထားပါ။ သို့သော် ရပ်ကျေးအုပ်ချုပ်ရေးမှူးများ ပါဝင်သည်ဟု မှတ်ယူနိုင်သည်။

## တရားရေးပုဂ္ဂိုလ်များအပေါ် အများပြည်သူယုံကြည်မှု

တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရဲများနှင့် ရပ်ရွာခေါင်းဆောင်များအပေါ်[၇၇] IDP ဖြေဆိုသူများ၏ ယုံကြည်မှုကို တိုင်းတာရန် ပုံ ၇.၁၃ (က) မှ ၇.၁၃ (ဃ) တွင် ဖော်ပြထားသည့် ဖြေဆိုချက်များအပေါ်အခြေခံ၍ ယုံကြည်မှုညွှန်းကိန်းတစ်ခုကို တည်ဆောက်ထားသည် (ဇယား ၇.၆ တွင်ရှု)။

တရားသူကြီးများနှင့် ရဲများကို IDP ဖြေဆိုသူများက ယုံကြည်မှုအနည်းဆုံးဖြစ်ပြီး ရပ်ရွာခေါင်းဆောင်များကို အများဆုံးယုံကြည်သည်။ ရပ်ရွာခေါင်းဆောင်များအပေါ် ယုံကြည်မှုညွှန်းကိန်း(၁၀.၀%)သည်ရှေ့တွင်ဖော်ပြခဲ့သည့် ရပ်ရွာခေါင်းဆောင်များကို "အလွန်ယုံကြည်သည်" ဟုဆိုခဲ့သည့် IDP ဖြေဆိုသူ (၁၇.၀%) ထက်နည်းပါးသည်[၇၈] (ပုံ ၇.၅ နှင့် ၇.၅ (ခ) နောက်ဆက်တွဲ (ခ) တွင်ရှု)။

## မညီမျှသည့်ပြုမူဆက်ဆံမှုများအပေါ် သဘောထားအမြင်များ

တရားမျှတရေးစနစ်အတွင်း ပြည်သူများတန်းတူညီမျှပြုမူဆက်ဆံခံရမှု သို့မဟုတ် မခံရမှုအပေါ် ဖြေဆိုသူများ၏ ယုံကြည်မှုအတိုင်းအတာကိုလည်း လေ့လာထားသည်။ တူညီသည့်ပြစ်မှုတစ်ခုကို ကျူးလွန်သည်ဟုအာဏာပိုင်များက ဖမ်းဆီးထိန်းသိမ်းပြီး စွဲချက်အတင်ခံရသည့် သံသယရှိသူနှစ်ဦး ဖြစ်ရပ်ကို ဖြေဆိုသူများအား တွေးဆစဉ်းစားစေသည်။ ထို့နောက် ၎င်းတို့နှစ်ယောက်အနက် တစ်ဦးသည်ထူးခြားသည့် ဝိသေသလက္ခဏာအချို့ရှိပါက အခွင့်အလမ်း နည်းပါးမှုရှိမရှိ ဆက်လက်မေးမြန်းသည် (ပုံ ၇.၁၄ တွင်ရှု)။


လူတစ်ယောက်သည် ပြစ်မှုတစ်ခုဖြင့် စွဲဆိုခံရပါက ဆင်းရဲသည့်အချက်ကြောင့် အခြားသူများထက်စာလျှင် အာဏာပိုင်များ၏ ကောင်းမွန်စွာပြုမူဆက်ဆံခံရမှု ပို၍နည်းပါးနိုင်သည်။ ဆင်းရဲသည်ဟု သံသယရှိသူသည် ပို၍အခွင့်အလမ်းနည်းနိုင်သည်ဟု ဖြေဆိုသူ ၅ ဦးလျှင် ၄ ဦးကျော် (၈၂.၀%) က ထင်ကြသည်။ သံသယရှိသူသည် အစိုးရအရာရှိနှင့် မတူညီသည့် လူမျိုးကွဲဖြစ်ပါက အခွင့်အလမ်းနည်းနိုင်သည်ဟု ဖြေဆိုသူ ၄ ပုံ ၃ ပုံနီးပါး (၇၂.၀%) က ယူဆသည်။ သံသယရှိသူသည် အခြားနေရာဒေသမှ သို့မဟုတ် ဒေသခံမဟုတ်ပါက အခွင့်အလမ်းနည်းနိုင်မည်ကို ၃ ပုံ ၂ ပုံ (၆၆.၀%) က လည်းကောင်း၊ အမျိုးသမီးဖြစ်ပါက အခွင့်အလမ်းနည်းနိုင်မည်ဟု အများစု (၅၉.၀%) ကလည်းကောင်း သဘောထားယုံကြည်ကြသည်။

တရားမျှတမှုစနစ်တွင်းရှိ တာဝန်ရှိပုဂ္ဂိုလ်များ/အရာရှိများသည် ခွဲခြားဆက်ဆံမှုကင်းမဲ့စွာ ပြုမူဆက်ဆံခြင်း မရှိဆိုသည့် ဖြေဆိုသူများ၏ ကျယ်ပြန့်သည့် သဘောထားအမြင်များကို ဤအဖြေများက ညွှန်းဆိုသည်။

## တာဝန်ယူ တာဝန်ခံမှုအပေါ် သဘောထား အပြုအမူများ


ဤလေ့လာမှုတွင် အကျင့်ပျက်ခြစားလုပ်ရပ်ကို တိုင်ကြားနိုင်ချေရှိမရှိကို စမ်းသပ်စစ်ဆေးပြီး အစိုးရအရာရှိများ၏ တာဝန်ယူတာဝန်ခံမှုအပေါ် ဖြေဆိုသူများ၏သဘောထား အပြုအမူများကို ဖော်ထုတ်ထားသည်။ အရာရှိများက လာဒ်လာဘ အပိုကြေးတောင်းသည့် ဥပမာဖြစ်စဉ်ဖြစ်ရပ် (၂) ခုတွင် မည်သို့တုံ့ပြန်မည်နည်းဟု ဖြေဆိုသူများအား

ပုံ ၇.၁၅ တာဝန်ယူ တာဝန်ခံမှုအပေါ် သဘောထားအပြုအမူများ (IDP ဖြေဆိုသူများ)




[၇၇] စွမ်းဆောင်ရည်ပြည့်ဝမှုနှင့်ဆိုင်သည့် မေးခွန်း ၃ ခုမှ အနည်းဆုံး ၂ ခုကို "ဟုတ်ပါသည်/ရှိပါသည်"၊ မှန်ကန်သော သဘောထားနှင့်ပတ်သက်သည့် မေးခွန်း ၅ ခုအနက် အနည်းဆုံး ၃ ခုကို "ဟုတ်ပါသည်/မှန်ပါသည်" ဟုအဖြေပေးပါက သက်ဆိုင်ရာတရားရေးပုဂ္ဂိုလ်အပေါ် ဖြေဆိုသူက ယုံကြည်မှုရှိသည်ဟု မှတ်ယူသည်။
[၇၈] ထိုအချိုးအစားအပြင် ရပ်ရွာခေါင်းဆောင်များကို အတော်အသင့်ယုံကြည်သည်ဟု ဖော်ပြခဲ့သည့် IDP ဖြေဆိုသူ ၃ ပုံ ၁ ပုံ အောက် (၃၂.၀%) နှင့် အနည်းငယ် ယုံကြည်သည်ဟု ညွှန်ပြသည့် နောက်ထပ် (၁၂.၀%) ရှိသည်။

ပုံ ၇.၁၅ (က) တာဝန်ယူ တာဝန်ခံမှုကို တားဆီးသည့် အဟန့်အတားများ (IDP ဖြေဆိုသူများ)




မေးမြန်းသည်။ ထိုဉပမာဖြစ်ရပ်များမှာ (၁) မြေယာမှတ်ပုံတင်လိုသူအား (ဒေသဆိုင်ရာ) အရာရှိက ၃၀၀,၀၀၀ ကျပ်တောင်းသည်၊ (၂) မှတ်ပုံတင်အသစ် လုပ်လိုသူအား မြို့နယ်အရာရှိက ကျပ် ၁၅၀,၀၀၀ တောင်းသည်။

ပထမဉပမာဖြစ်ရပ်တွင် ဖြေဆိုသူအများ ၆၈% က တိုင်ကြားမည် (သို့) တိုင်ကြားကောင်းတိုင်ကြားမည်ဟု ဆိုသည်၊ ဒုတိယဉပမာဖြစ်ရပ်တွင် ဖြေဆိုသူနှစ်ပိုင်းကွဲပြားပြီး ၄၉% က တိုင်းနိုင်ဖွယ်ရှိသည်ဟုဆိုရင်း ၄၆% က တိုင်လိမ့်မည်မဟုတ်ဟု ပြောသည် (ပုံ ၇.၁၅ တွင်ရှု)။

ဉပမာဖြစ်စဉ်နှစ်ခုလုံးတွင် သတင်းပို့တိုင်ကြားမည် (သို့) တိုင်ကြားကောင်းတိုင်ကြားနိုင်မည်ဟု ဆိုသူများ၏ တုံ့ပြန်ဆောင်ရွက်မှုအားလုံးနီးပါး တူညီကြသည်။ ဖြစ်စဉ်ကို မိခင်ဌာနတွင်း တိုင်ကြားမည်ဟုဆိုသည် ဖြေဆိုသူအမျိုးအစားမှာ အမြင့်မားဆုံးဖြစ်သည်။ ပထမဖြစ်ရပ်တွင် မြို့နယ်မြေစာရင်းဌာနသို့ (၆၈ ဦးအနက် ၂၄ ဦး၊ ၃၅.၃%)။ ဒုတိယဖြစ်ရပ်တွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးဌာနသို့ (၄၉ ဦးအနက် ၁၉ ဦး၊ ၃၈.၈%) ဖြစ်သည်။ အခြားသူများက ရပ်ကျေးအုပ်ချုပ်ရေးမှူးထံ (ဖြစ်ရပ် ၁ တွင် ၆၈ ဦးအနက် ၁၉ ဦး၊ ၂၇.၉%၊ ဖြစ်ရပ် ၂ တွင် ၄၉ ဦးအနက် ၁၀ ဦး၊ ၂၀.၄%) တိုင်ကြားမည်ဟုဆိုသည်။

ဖြစ်စဉ်တစ်ခုခြင်းစီတွင် သတင်းပို့တိုင်ကြားခြင်းကြောင့် ထွက်ပေါ်မည့်အကျိုးဆက်ရလဒ်အပေါ် မျှော်လင့်ထားမှုများကလည်း တူညီကြသည်။ ဖောက်ဖျက်ကျူးလွန်သည့်အရာရှိကိုအရေးယူဆောင်ရွက်မည်ဟုမျှော်လင့်သည့် အမျိုးအစားမှာ အများဆုံးဖြစ်သည် (ပထမဖြစ်ရပ်တွင် ၆၈ ဦးအနက် ၂၉ ဦး၊ ၄၂.၆%၊ ဒုတိယဖြစ်ရပ်တွင် ၄၉ ဦးအနက် ၂၄ ဦး ၄၈.၉% ဖြစ်သည်) ဒုတိယအများဆုံး မျှော်လင့်ချက်မှာ သတင်းပို့တိုင်တန်းသူသည် တောင်းသည့် အပိုကြေးကိုပေးရန် မလိုတော့ချေ (ပထမဖြစ်စဉ် ၆၈ ဦးအနက် ၂၂ ဦး၊ ၃၂.၄%၊ ဒုတိယဖြစ်စဉ်တွင် ၄၉ ဦးအနက် ၁၆ ဦး၊ ၃၂.၇%) ဖြစ်သည်။

တိုင်ကြားမည်မဟုတ်ဟုဆိုသည့် ဖြေဆိုသူများ၏ အကြောင်းပြချက်များကို ပုံ ၇.၁၅ (က) တွင် ဖော်ပြထားသည်။

ဉပမာဖြစ်ရပ်နှစ်ခုစလုံးနှင့်ပတ်သက်၍ တာဝန်ယူ တာဝန်ခံစေမှုကို အဟန့်အတားဖြစ်စေသည့် အကြောင်းတရားများမှာ အကျင့်ပျက်ခြစား အဂတိလိုက်စားမှုနှင့် အကြောက်တရားတို့ဖြစ်သည်ဟု အမျိုးအစား သိသာထင်ရှားသည့် IDP ဖြေဆိုသူများက သတ်မှတ်သည်။

ပထမဖြစ်ရပ်တွင် ၂၅ ဦးအနက် ၁၂ ဦး၊ ဒုတိယဖြစ်ရပ်တွင် ၄၆ ဦးအနက် ၁၄ ဦးက အစိုးရဝန်ထမ်းရှိကရေစီယန္တရားနှင့် ဆက်စပ်ပတ်သက်ရမည်ကို စိုးရိမ်ကြသည် (ဉပမာ- ပြဿနာ အရှုပ်ထဲ မပတ်သက်ချင်ဘူး ဒီတော့ မတိုင်တော့ဘူး။ စာမှပညာမှမတတ်တာအစိုးရရုံးတွေမသွားရဲပါဘူး တိုင်လည်းမတိုင်ရဲပါဘူး ပူညံပူညံလဲ မလုပ်ရဲပါဘူး)။ မြေယာမှတ်ပုံတင်လက်မှတ် ရယူငွေတောင်းသည့်ကိစ္စကို တိုင်ကြားကာမှ မိမိအပေါ်ပြဿနာပိုတက်မည်ကိုလည်း စိုးရိမ်ကြသည် (ဉပမာ - "မြေယာမှတ်ပုံတင်ရမယ်ဆိုရင် ဘယ်လောက်ကုန်ကုန်ပေးမှာပဲ။ တကယ်လို့တိုင်ရင် ပြဿနာတွေ ပိုရှုပ်ကုန်မယ်။ ပြီးတော့ မလိုအပ်တာ တွေအတွက်လည်း ကုန်ရဦးမယ်" "ဘယ်တိုင်ရမှန်းလည်း မသိပါဘူး ပြီးတော့ အစိုးရလေ ပြဿနာတက်မှာ ကြောက်တယ်")။

အချိုးအစား သိသာထင်ရှားသည့် IDP ဖြေဆို သူများ (ပထမဖြစ်ရပ်တွင် ၂၅ ဦးအနက် ၈ ဦး၊ ဒုတိယဖြစ်ရပ်တွင် ၄၆ ဦးအနက်၂၆ ဦး) က အမြစ်တွယ် အရိုးစွဲနေသည့် အကျင့်ပျက်ခြစားမှု သဘောသဘာဝကို ထောက်ပြပြီး မိမိတို့လိုလားချက်ရရှိရန် တောင်းဆိုသည့် ငွေပမာဏကို ပေးမည်ဟုဖော်ပြသည် (ဥပမာ မြေယာ မှတ်ပုံတင်အမှတ် ရဖို့ဆိုတာက ခက်တယ်။ ဒီတော့ သူတို့တောင်းသလောက် ပေးသင့်တယ်လို့ထင်တယ်။ မှတ်ပုံတင်လက်မှတ်ရဖို့က အရေးကြီးတယ်။ မှတ်ပုံတင် မရှိရင် ခရီးသွားရတာခက်တယ် ဒီတော့ တိုင်မှာမဟုတ်ဘူး)။

အချုပ်အားဖြင့်ဆိုလျှင် အစိုးရဝန်းထမ်းများ လာဒ်လာဘအပိုကြေးတောင်းခြင်းမှာ လက်ခံနိုင်ဖွယ်မရှိဟု IDP ဖြေဆိုသူအများစုကယုံကြည်သည်။ ထက်ဝက်နီးပါးက အသိပညာဗဟုသုတရှိခြင်းသည် ပြည်သူများ သမားရိုးကျ တရားဝင်တရားရုံးများသို့ သွားရောက်ရန် ပိုမိုလက်လှမ်းမီစေသည်။ သဘောတူပြီး ၄၄% က ပုဂ္ဂိုလ်ရေး အဆက်အသွယ်များရှိခြင်းက တရားရုံးများသို့ ပိုမိုလက် လှမ်းမီစေသည်ဟု ထင်မြင်သည်။

IDP မဟုတ်သည့် ဖြေဆိုသူ အချိုးအစားကဲ့သို့ပင် တူညီသည့်အချိုးအစား IDP ဖြေဆိုသူများ (ဖြစ်နိုင်ဖွယ် ၉၃.၀%) ကလည်း မှန်ကန်စွာကျင့်သုံးသည့် ဥပဒေသည် သာမာန်ပြည်သူများကို အကာအကွယ်ပေးနိုင်သည် (သို့) ပေးသင့်သည်ဟု ယုံကြည်ကြသည်။

အခြားဖြေဆိုသူများကဲ့သို့ပင် IDP ဖြေဆိုသူများက တရားရေးကဏ္ဍ အဓိကတာဝန်ရှိပုဂ္ဂိုလ်များ၏ စွမ်းဆောင်ရည်ပြည့်ဝမှုအပေါ် ယုံကြည်မှုရှိသော်လည်း ထိုသူများ၏ စံတန်ဖိုးများသည် မျှတမှုလေးစားမှု အဂတိတရားကင်းမှုသည် လူအများလက်ခံထားသည့် စံတန်ဖိုးများနှင့် ကိုက်ညီနိုင်မှုအပေါ် သံသယရှိကြသည်။ ၇၉.၀%နှင့်၈၂.၀%ကြား IDP ဖြေဆိုသူများက တရားသူကြီးများ ဥပဒေအရာရှိများနှင့် ရဲများသည် ၎င်းတို့ ဝန်ဆောင်မှုများအတွက် လာဒ်လာဘအပိုကြေးမျှော်ကိုးလိမ့်မည်ဟု ထင်ကြသည်။ IDP ဖြေဆိုသူများ၏ ရဲများအပေါ် ရှုမြင်သည့် သဘောထားမှာ အခြားဖြေဆိုသူများထက်စာလျှင် အကောင်းမြင်သဘော ပို၍နည်းပါးသည်။

IDP ဖြေဆိုသူအများစုက ရပ်ရွာအသိုင်းအဝိုင်းခေါင်းဆောင်များသည် ရပ်ရွာဦးစားပေး အလေးထားမှုများနှင့် သဟဇာတ ကိုက်ညီမှုရှိသည်။ ထိုခေါင်းဆောင်များသည် ၎င်းတို့ကို လေးစားမျှတစွာ ဆက်ဆံလိမ့်မည်ဟု ယုံကြည်ကြသည်။ IDP ဖြေဆိုသူအများစုကလည်း ရပ်ရွာခေါင်းဆောင်များသည် ၎င်းတို့ဝန်ဆောင် လုပ်ကိုင်ပေးမှုများအတွက် လာဒ်လာဘအပိုကြေး မျှော်ကိုမည်ဟု ထင်ကြသည်။

တရားကဏ္ဍတာဝန်ရှိသူများအနက် တရားသူကြီးများနှင့် ရဲများကို IDP ဖြေဆိုသူများက ယုံကြည်မှုအနည်းဆုံးဖြစ်ပြီး ရပ်ရွာအသိုင်းအဝိုင်းခေါင်းဆောင်များကို အယုံကြည်ဆုံးဖြစ်သည်။

တရားရေးတာဝန်ရှိသူများသည် ခွဲခြားဆက်ဆံမှုကင်းမဲ့စွာ ပြုမူဆက်ဆံခြင်းမရှိဟူသော အမြင်မှာ IDP ဖြေဆိုသူများအကြား ကျယ်ကျယ်ပြန့်ပြန့်ရှိပြီး အထူးသဖြင့် လူတစ်ဦးသည် ပြစ်မှုတစ်ခုဖြင့် စွဲချက်အတင်းခံရသောအခါ ၎င်းသည် ဆင်းရဲသူဖြစ်ပါက အာဏာပိုင်များနှင့် ပတ်သက်ရာတွင် အခွင့်အလမ်းနည်းနိုင်သည်ဟု ၈၂.၀% က ထင်ကြသည်။

မြေယာမှတ်ပုံတင် လျှောက်ထားမှုကို အခြေခံသည့် အကျင့်ပျက်ခြစား အဂတိလိုက်စားမှု ဥပမာဖြစ်ရပ်တွင် သတင်းပို့တိုင်ကြားမည် (သို့) တိုင်ကြားကောင်း တိုင်ကြားမည်ဟု IDP ဖြေဆိုသူအများစုက ဖြေဆိုသော်လည်း မှတ်ပုံတင်အသစ်လဲသည့်ဖြစ်ရပ်တွင် ထိုသို့တိုင်ကြားမည့်သူ အချိုးအစား နည်းပါးသည်။ အကျင့်ပျက် ခြစား အဂတိလုပ်ရပ်ကို တိုင်ကြားမည့်သူများက ကျူးလွန်သည့်အရာရှိအား အပြစ်ပေးအရေးယူမှုများကို အကျိုးဆက်အနေဖြင့် မျှော်လင့်ကြသည်။ အဂတိဖြစ်ရပ်များကို မတိုင်လိုသူများအား တားဆီးနေသည့် အကြောင်းတရားများမှာ အကျင့်ပျက်ခြစား အဂတိလိုက်မှုအမြစ်တွယ် ဖြစ်တည်နေမှုနှင့် အကြောက်တရားများပင်ဖြစ်သည်။



# အခန်း (၈)
# နိဂုံးသုံးသပ်ချက်နှင့် အကြံပြုချက်များ

ဓာတ်ပုံ - ရိုးရာယက်ကန်း ယက်လုပ်နေသည့် အမျိုးသားတစ်ဦး၊ ကချင်ပြည်နယ်

ဤလေ့လာမှုမှ ရလဒ်များသည် တရားမျှတမှု လက်လှမ်းမီရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူလူထု အပေါ် တာဝန်ယူမှု တာဝန်ခံမှုတို့နှင့်စပ်လျဉ်း၍ ကချင်ပြည် နယ်တွင် လေ့လာခဲ့သည့် နေရာဒေသ (၁၀) နေရာမှ (ရပ် ကွက်နှင့် ကျေးရွာ (၈) ခု IDP စခန်း (၂) ခု) ဖြေဆိုသူများ ၏ ရှုမြင်သည့်သဘောထားအမြင်များကို ညွှန်ပြလေသည်။ ထို့အပြင် ဖြေဆိုသူများ ကြုံတွေ့ခဲ့ရသည့် အမှုပြဿနာများ၊ တရားမျှတမှုနှင့်ဆိုင်ရာ ဦးစားပေးပြဿနာများ၊ ထိုပြဿနာ များ၏ ၎င်းတို့အပေါ် အကျိုးသက်ရောက်မှုများနှင့် ဖြေရှင်း သည့်နည်းလမ်းများ၊ ပြေလည်ကျေအေးသွားသည့် အောင် မြင်မှုများနှင့် ရင်ဆိုင်ရသည့် အတားအဆီး စိန်ခေါ်မှုများကို လည်း ဖော်ပြထားသည်။

ဖြေဆိုသူများ၏ လူမှုစီးပွားရေး ဝိသေသလက္ခဏာ များ (အခန်း ၂ နှင့် အခန်း ၇) သည် ဤသုတေသနအတွက် အရေးပါသည့် နောက်ခံအခြေအနေကို ပြသပေးပြီး တရားမျှ တမှုဆိုင်ရာ ပြဿနာများပေါ်ပေါက်ရသည့် ပတ်ဝန်းကျင် ဖြစ်ပေါ်စေသည့် အကြောင်းတရားများကို ဖော်ပြပေးသည်။ ထိုအကြောင်းတရားများသည် ဦးစားပေးပြဿနာများကို တစ်ဦးချင်းတစ်ယောက်ချင်းအဆင့်နှင့် ရပ်ရွာအသိုင်း အဝိုင်းအဆင့်များတွင် မည်သို့မည်ပုံနှင့် မည်သည့်အတိုင်း အတာ အထိ တရားမျှတမှု ရရှိရေးအတွက် အကူအညီရ ယူနိုင်မှုအပေါ်လည်း လွှမ်းမိုးသက်ရောက်သည်။

အခန်း (၁) တွင် ဖော်ပြခဲ့သည့် အယူအဆပိုင်း ဆိုင်ရာဆွေးနွေးချက်ကို ပြန်လည်ကောက်ယူမည်ဆိုလျှင် လူအများလက်ခံထားသည့် စံတန်ဖိုးများသည် တရားမျှတမှု လက်လှမ်းမီရေး (အလေ့အကျင့်) အတွက် အဓိကကျ သည် ကို ဤလေ့လာမှုက ဖော်ထုတ်ထားသည်။ ဤသဘောတူ လက်ခံထားကြသည့် စံတန်ဖိုးများသည် သမားရိုးကျဖြစ် သော၊သမားရိုးကျ/အုပ်ချုပ်ရေးဆန်သော သို့မဟုတ် သမား ရိုးကျမဟုတ်သောမည်သည့်အခင်းအကျင်းတွင်မဆို တရား ရေးလုပ်ငန်းစဉ်များအပေါ် ပြည်သူများ၏ မျှော်လင့်တောင့် တချက်များကိုလည်း အသိပေးဖော်ပြသည်။ ထိုစံတန်ဖိုးများ တွင် ဥပဒေရှေ့မှောက်တန်းတူညီမျှမှု ခွဲခြားဆက်ဆံမှုကင်း ခြင်း တပါးသူ အပေါ်လေးစားမှု၊ မျှတမှုနှင့် လူ့ဘောင်အဖွဲ့ အစည်းအတွင်း အဂတိတရားကင်း စင်ခြင်းများပါဝင်သည်။ ရပ်ရွာအသိုင်းအဝိုင်းအဆင့်တွင် ထိုစံတန်ဖိုးများသည် လူမှု ရေးရာကိစ္စများ၌ တန်းတူညီမျှမှုနှင့် ခွဲခြားဆက်ဆံမှု ကင်း ခြင်းအပြင် တရားရေးလုပ်ငန်းစဉ်များတွင် ပွင့်လင်းမြင်သာမှု၊ အမှီအခိုကင်းလွတ်လပ်မှုနှင့် မျှတသမာဓိရှိမှုတို့နှင့် ဆက် စပ်သည်။ ၎င်းတို့သည် လူ့အခွင့်အရေး အခြေခံမှုများနှင့် လည်းဆက်နွယ်သည်။ ကောင်းမွန်သည့် အုပ်ချုပ်မှု အခြေခံ တစ်ရပ်ဖြစ်သည့် တာဝန်ယူတာဝန်ခံအပေါ် ဘုံမျှော်လင့် ချက်တစ်ရပ်အဖြစ်လည်း အဓိပ္ပါယ်သက်ရောက်သည်။

တရားမျှတမှုလက်လှမ်းမီရေးကို အဓိကကျားကန် ပေးသည့် အယူအဆ (၃) ရပ်အား ဤလေ့လာမှုတွင် အတည် ပြုဖော်ပြထားသည်။ တစ်ခုနှင့်တစ်ခု နွယ်ယှက် နေသည့် တန်းတူညီမျှမှုနှင့်တာဝန်ယူတာဝန်ခံမှုအပြင် ကချင်ပြည်နယ် တွင် ဖြေဆိုသူများ၏ အတွေ့အကြုံ သဘောထားအမြင် များမှ ပေါ်ထွက်လာသည့် ဆက်စပ်မှုရှိသော တရားရေးလုပ် ပိုင်ခွင့် အာဏာအပေါ် ပြည်သူများ၏ ယုံကြည်မှုနည်းပါးမှု တို့ဖြစ်သည်။ အဓိက အနှစ်ချုပ်တွေ့ရှိချက်များကို အောက် တွင်ဖော်ပြထားပြီး တရားရေးကဏ္ဍမှတာဝန်ရှိသူများ၊ မူဝါဒ ရေးဆွဲချမှတ်သူများ၊ ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်အဖွဲ့အစည်း များအတွက် နောက်ဆက်တွဲ အကြံပြုချက်များကို ဤ တွေ့ရှိချက် မှုဘောင်အရတင်ပြထားသည်။

# တန်းတူညီမျှမှု

တန်းတူညီမျှမှုကို တောင်းဆိုသည့် အမြင့်မားဆုံး သဏ္ဍာန်ကို လက်နက်ကိုင်ပဋိပက္ခဖြင့်ဖော်ပြသည်။ အခြား တစ်ဖက်တွင် တရားမျှတမှုဆိုင်ရာအမှုပြဿနာများတွင် ထိ ခိုက်လွယ်အားနည်းသည့် အုပ်စုများပါဝင်ပါက ထိုပြဿနာ များကို ထုတ်ဖော်ပြောဆိုခွင့် မရှိခြင်းနှင့် အသိမှတ်ပြုမခံရ ခြင်းများလည်းရှိသည်။အထူးသဖြင့်အိမ်တွင်းအကြမ်းဖက်မှု ကြုံရသည့် ဖြေဆိုသူ အမျိုးသမီးများနှင့် ခွဲခြားဆက်ဆံမှုပုံစံ အမျိုးမျိုးကို ရင်ဆိုင်ရသည့် IDP ဖြေဆိုသူများတွင် ဤဖြစ် ရပ်ကို အများဆုံးတွေ့ရသည်။ အခြားဖြစ်ရပ်များတွင် ဇီဇ ယဉ်ကျေးမှု စရိုက်လက္ခဏာများကြောင့် ခွဲခြားဆက်ဆံခံရ ပြီးဤသည်ကို နိုင်ငံသား မှတ်ပုံတင် အထောက်အထား လျှောက်ထားရာတွင် ဖြေဆိုသူအချို့ ကြုံတွေ့ရသည်။လူမျိုး ကိုးကွယ်သည့်ဘာသာ ကျား/မ ထိခိုက်အားနည်းလွယ် မှုအပေါ် အခြေခံသည် ထိုခွဲခြားဆက်ဆံမှု အတွေ့အကြုံများ သည် လူတစ်ဦးတစ်ယောက်ချင်းအရသော်လည်းကောင်း ရပ်ရွာအသိုင်း အဝိုင်းအရသော်လည်းကောင်း နိုင်ငံတော်နှင့် အခြားသူများမှတန်းတူညီမှု၊ အသိမှတ်ပြုမှု၊ မျှတ၍တန်းတူ သည့် ပြုမူဆက်ဆံရမှုများအတွက် မျှော်လင့်တောင်းတ ချက်များကို မီးမောင်းထိုးပြသည်။

ထို့ကြောင့် တန်းတူညီမျှမှုဟူသည် အခြေခံမှုအရ သော်လည်းကောင်း အနှစ်သာရပြည့်ဝသည့် အယူအဆ အရသော်လည်းကောင်း မြန်မာနိုင်ငံ၏ စုံလင်ကြွယ်ဝသည့် ပထဝီရေမြေနှင့် ယဉ်ကျေးမှု မတူကွဲပြားမှုများကို အခြေခံ၍ နိုင်ငံတော်နှင့်ပြည်သူများအကြားကူးလူးဆက်ဆံမှုပုံစံအမျိုး မျိုးကို ဖော်ဆောင်လမ်းညွှန်သည့် တရားဥပဒေစိုးမိုးရေး ၏ အဓိကစံတစ်ရပ်ဖြစ်သည်။ ဤကူးလူးဆက်ဆံရေးများတွင် ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသားဒေသများ အကြား၊ မြန် မာနိုင်ငံ၏ စုံလင်သည့် တိုင်းရင်းသားလူမျိုးစုများအကြား၊ အမျိုးသားနှင့်အမျိုးသမီးများအကြား၊ လူများစုဗုဒ္ဓဘာသာ ဝင်များနှင့် လူနည်းစုဘာသာဝင်များ အကြား တို့ ပါဝင်သည်။

ထို့အတွက် ဖွဲ့စည်းတည်ဆောက်ပုံ မညီမျှမှုများကို ပြန်လည်တည့်မတ်ခြင်းနှင့် အမြစ်တွယ်နေသည့် ဘေးဖယ် ပြစ်ပယ်ခြင်း ပုံစံအမျိုးမျိုးကို ကုစားဖြေရှင်းခြင်းများမှာ လုပ်ဆောင်ရမည့် ဦးစားပေးတစ်ရပ်ဖြစ်သည်။

## တန်းတူညီမျှမှု အဓိကအကြံပြုချက်များ

### *ပညာရေးနှင့် လူမှုပေါင်းစည်းမှုနှင့် ပတ်သက်၍*

- နိုင်ငံ၏ ယဉ်ကျေးမှု၊ လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာမတူကွဲပြားမှုများကိုပွေ့ဖက်၍ တန်းတူညီမျှ၊ မျှတမှု၊ လေးစားမှုနှင့် သည်း ခံနားလည်မှုတို့ကို မြှင့်တင်သည့်အမျိုးသားစရိုက်လက္ခဏာတစ်ရပ်တည်ဆောက်နိုင်စေမည့် မြန်မာနိုင်ငံတော်နှင့် မြန်မာ့လူ့အဖွဲ့အစည်းဆိုင်ရာ နိုင်ငံသားပညာရေးတစ်ရပ်နှင့် လူထုပညာပေးလှုံ့ဆော်မှု ချမှတ်ထူထောင်ခြင်း။
- သင့်လျော်သည့် အသက်အရွယ် တစ်ခု၌ စာသင်ကျောင်းများတွင် ကလေးအားလုံး အတွက်နိုင်ငံသားပညာရေးကို အမျိုးသားပညာရေးသင်ရိုးညွှန်းတန်းအဖြစ်ပြဋ္ဌာန်း သင်ကြားခြင်း။
- နိုင်ငံတစ်ဝှမ်း အမျိုးသားပညာရေး ပြုပြင်ပြောင်းလဲမှု အစိတ်အပိုင်းအဖြစ် ဘာသာ စကားစုံလင်သည့် ပညာရေးမူဝါဒ ရေးဆွဲရာတွင် သက်ဆိုင်သည့် အကျိုးဆိုင်ပုဂ္ဂိုလ်အဖွဲ့အစည်း stakeholders အားလုံးနှင့် ပွင့်လင်းမြင်သာပြီး အားလုံးပါဝင်သည့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခြင်း။

### *လူ့အခွင့်အရေးများနှင့်ပတ်သက်၍*

- ပြည့်သူ့ဝန်ထမ်း ရွေးချယ်ခန့်အပ်ခြင်းနှင့် လူသားအရင်းအမြစ်မူဝါဒများတွင် ခွဲခြားဆက်ဆံမှုပုံစံအားလုံးကို တားမြစ်သည့် အထူးမူဝါဒများ ရေးဆွဲထည့်သွင်းအကောင်ထည်ဖော်ခြင်း။
- ဒေသအတွင်း ရွှေ့ပြောင်းနေထိုင်ရသူ IDP များအတွက် ခွဲခြားဆက်ဆံမှုမရှိသည့် မျှတသည့်လုပ်အားခ တူညီသောလစာများအပါအဝင် မျှတသင့်လျော်သည့် လုပ်ငန်းခွင်အခြေအနေ ရပိုင်ခွင့်များကို အဆင့်ဆင့်ဖော်ဆောင် အာမခံပေးခြင်း။ နိုင်ငံသားဖြစ်ခွင့်နှင့် နိုင်ငံတွင်းအမြဲတမ်းနေထိုင်ခြင်းဆိုင်ရာ ဥပဒေမူဘောင်များကို မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ နိုင်ငံတကာလူ့ အခွင့်အရေးသဘောတူစာချုပ်များပါဂတိကဝတ်တာဝန်များနှင့်အညီ ရှင်းလင်းပြတ်သားစွာ ပြဋ္ဌာန်းခြင်း။ အားလုံးတန်းတူညီမှုဖြစ်စေမည့် နိုင်ငံသားမှတ်ပုံတင်ခြင်း အစီအစဉ်ဖော်ဆောင်ရန်နှင့် လက်ရှိဥပဒေမူဘောင်ကိုအပြီးသတ်ချမှတ်နိုင်ရန်အတွက် တာဝန်ယူလုပ်ဆောင်သွားနိုင်မည့် လွတ်လပ်သည့် နိုင်ငံသားမှတ်ပုံတင်ချုပ် ခန့်အပ်နိုင်ရန် စာရင်းကိန်းဂဏန်းများအချက်အလက်ဖွံ့ဖြိုးမှုဆိုင်ရာ အမျိုးသားမဟာဗျူဟာ ချမှတ်ခြင်း။
- (တိုင်းဒေသကြီး/ပြည်နယ် မြို့တော်အဆင့် များတွင်) တရားမျှတရေးကဏ္ဍအရာရှိများနှင့်ပြည်သူ့ဝန်ထမ်းများ၏ လုပ်ငန်းတာဝန်တစ်ရပ်အဖြစ်အနှစ်သာရပြည့်ဝသည့် တန်းတူညီမျှမှု၊ ခွဲခြားဆက်ဆံခြင်းကင်းမဲ့မှု၊ မတူကွဲပြားမှုအပေါ် လေးစားမှု စသည့် ခေါင်းစဉ်များပါဝင်သည့် စဉ်ဆက်မပြတ်စွမ်းရည် ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်ကို တက်ရောက်သင်ယူနိုင်ရန် ချမှတ်အကောင်အထည်ဖော်ခြင်း။

## တာဝန်ယူတာဝန်ခံမှု

ပြည်သူလူထုအပေါ် တာဝန်ယူတာဝန်ခံမှု အခြေအနေများအပေါ် ၎င်းတို့၏ယုံကြည်ချက်နှင့် ထိုတာဝန်ခံမှုကို အခွင့်အရေးတစ်ရပ်အဖြစ် ရယူလိုသည့် မျှော်လင့်တောင့်တချက်ကို ဖြေဆိုသူများက ရှင်းလင်းပြတ်သားစွာ ဖော်ပြကြသည်။

မြေယာ အငြင်းပွားမှုများ၊ နိုင်ငံသားမှတ်ပုံတင် အထောက်အထားရယူခြင်း၊ လာဒ်ပေးလာဒ်ယူ (သို့) အကျင့်ပျက်ခြစားမှု၊ ပဋိပက္ခနှင့်အရင်းမြစ်သံယံဇာတ ထုတ်ယူခြင်းဆိုင်ရာ နိုင်ငံရေးစီးပွားရေး၊ လက်နက်ကိုင်ပဋိပက္ခ၏ ရိုက်ခတ်မှုများ စသည်တို့နှင့် ပတ်သက်သည့် ဖြေဆိုသူများ၏ စိုးရိမ်ပူပန်မှုများမှာ ပြည်သူလူထုအပေါ် တာဝန်ယူတာဝန်ခံမှုဆိုင်ရာ လားရာရှုထောင့်လေးရပ် ပေါ်ထွက်ခဲ့သည်။

ပထမရှု့ထောင့်မှာ နိုင်ငံသားမှတ်ပုံတင်အထောက်အထားရယူရာတွင်လည်းကောင်း အချို့မြေယာအငြင်းပွားမှုများတွင်လည်းကောင်း ကြုံတွေ့ရသည့် အခက်အခဲများအရ နိုင်ငံတော်လုပ်ငန်းများဖော်ဆောင်နေသူများ သို့မဟုတ် ပြည်သူ့ဝန်ဆောင်မှုပေးနေသူများသည် ၎င်းတို့၏ ဆောင်ရွက်ချက်များကို ဥပဒေအရ လုပ်ပိုင်ခွင့်ဘောင်အတွင်း တာဝန်ယူမှု တာဝန်ခံမှုရှိရမည် ဟူသည့် တောင်းဆိုချက်ဖြစ်သည် (စီမံအုပ်ချုပ်မှုဥပဒေ)။

တာဝန်ယူတာဝန်ခံမှု၏ ဒုတိယရှုထောင့်မှာ လာဒ်ပေးလာဒ်ယူ အဂတိလိုက်စားမှုနှင့် တိုက်ရိုက်ဆက်စပ်သည်။ ဤရှုထောင့် ပထမရှုထောင့်နှင့် အခိုင်အမာဆက်သွယ်မှုရှိပြီး ပုဂ္ဂိုလ်ရေး အကျိုးစီးပွားအတွက် အခွင့်အာဏာအလွဲသုံးစားလုပ်ခြင်းများ ပါဝင်သည်။

ပဋိပက္ခနှင့် သံယံဇာတ အရင်းအမြစ်ထုတ်ယူခြင်းဆိုင်ရာ နိုင်ငံရေး စီးပွားရေး လက်နက်ကိုင်ပဋိပက္ခ၏ အထူးသဖြင့် IDP ဖြေဆိုသူများအပေါ် အကျိုးသက်ရောက်မှုများနှင့် ဆိုင်သည့် ဖြေဆိုသူများ၏ စိုးရိမ်ပူပန်မှုများသည် တာဝန်ယူ တာဝန်ခံမှု တတိယနှင့် စတုတ္ထလားရာများကို မီးမောင်းထိုးပြသည်။ ၎င်းတို့မှာ

မြန်မာနိုင်ငံဥပဒေစနစ် Common Law System [၇၉] အောက် ရာဇဝတ်မှုဆိုင်ရာနစ်နာမှု အယူအဆနှင့် အသွင်ကူးပြောင်းမှုကာလ တရားမျှတမှုတို့ဖြစ်သည်။ အသွင်ကူးပြောင်းမှုကာလ တရားမျှတမှုဟုဆိုရာတွင် အမှန်တရားဖော်ထုတ်ခြင်း၊ တရားမျှတမှု၊ နစ်နာမှုအတွက်လျော်ကြေး၊ အစုလိုက်အပြုံလိုက် လူ့အခွင့်အရေးဖောက်ဖျက်မှုများနှင့် ကြီးလေးသည့် နိုင်ငံတကာလူသားချင်းစာနာရေးဥပဒေချိုးဖောက်မှုများကဲ့သို့ အလားတူဖြစ်ရပ်များ နောက်နောင်မဖြစ်ပွားရန် အာမခံချက်ပေးခြင်းများပါဝင်သည်။ ဤသည်မှာ တရားမျှတမှုကို ရရှိခံစားစေခြင်း၊ နစ်နာသူများအတွက် ကုစားမှုပေးခြင်း၊ ပြန်လည်သင့်မြတ်ရေးကို မြှင့်တင်ခြင်း၊ အစိုးရ အင်စတီကျူးရှင်းများအပေါ် ယုံကြည်မှုပြန်လည်တည်ဆောက်ခြင်းနှင့် မြန်မာနိုင်ငံအတွင်းတရားဥပဒေစိုးမိုးမှု မြှင့်တင်ခြင်းများအတွက် အရေးပါသည်။

တာဝန်ယူ တာဝန်ခံမှုနှင့်ပတ်သက်သည့် ဤလားရာရှု့ထောင့်လေးချက်သည် အနာဂတ်ဦးစားပေး လုပ်ငန်းလေးရပ်ကို ညွှန်ပြသည်။ ၎င်းတို့မှာ (၁) အုပ်ချုပ်မှုဆိုင်ရာတရားရေးစနစ် အယူအဆနှင့်အလေ့အကျင့်များကို အားပေးမြှင့်တင်ရန် (အစိုးရဌာနဆိုင်ရာ အရာရှိများ၏ လုပ်ပိုင်ခွင့်အာဏာ အလွဲသုံးစားပြုခြင်းနှင့် တရားစီရင်မှုဆန် သောဆုံးဖြတ်ချက်များအတွက် ကုစားမှုပေးမည့် တရားဝင်နည်းလမ်းအားလုံး ကျယ်ပြန့်စွာပါဝင်သည်) (၂) အကျင့်ပျက်ခြစား အဂတိလိုက်စားမှုကို တိုက်ဖျက်သည့်နည်းလမ်းများပိုမိုအားကောင်းလာစေရန် (၃) မြန်မာနိုင်ငံ ဥပဒေစနစ် Common Law System အောက် ရာဇဝတ်မှုဆိုင်ရာ နစ်နာမှုအယူအဆကို နားလည်မှုမြင့်မားလာစေရန်နှင့် (၄)အသွင်ကူးပြောင်းမှုကာလ တရားမျှတမှုနှင့်ဆိုင်သည့် ဆွေးနွေးပြောဆိုမှုများ စတင်ရန်တို့ဖြစ်သည်။

ပထမဦးစားပေးနစ်ရပ်သည် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်နေသည့် အစိုးရအရာရှိများ၏ လုပ်ပိုင်ခွင့်အာဏာအလွဲသုံးစားမှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် အဓိကကျသည်။ ဖြေဆိုသူအများအပြားသည် ခွဲခြားဆက်ဆံမှု (ဥပဒေအရနှင့် လက်တွေ့တွင်) နှင့် အစိုးရအာဏာပိုင်များ၏ လုပ်ပိုင်ခွင့်အာဏာအလွဲသုံးစားမှုများ၏ အကျိုးဆက်ကြောင့်ဖြစ်ပွားလာသည့် အမှုပြဿနာများတွင် ပါဝင်ပတ်သက်ရပြီး ယင်းအတွက် သမားရိုးကျတရားမျှတရေးစနစ်အတွင်း ကူညီပံ့ပိုးမှုများ မရရှိကြပါ။ စီမံအုပ်ချုပ်မှုဥပဒေသည် အဓိကစိုးရိမ်ဖွယ်တစ်ရပ် ဖြစ်ရသည်မှာ တရားရေးမဟုတ်သည့် အစိုးရတာဝန်ရှိသူများချမှတ်သည့် အရေးကြီး ဆုံးဖြတ်ချက်များအပေါ် (မှန်ကန်သည့် ဆုံးဖြတ်ချက်များ ဖြစ်သည့်တိုင်) ပြည်သူများအနေဖြင့် တရားဝင်ကြားနာပိုင်ခွင့် သို့မဟုတ် အယူခံခွင့်များ မရှိပါ။ အစိုးရအာဏာပိုင်များ၏ ခွဲခြား ဆက်ဆံသည့် သဘောထားလုပ်ရပ်များကြောင့်အမှု ပြဿနာများဖြေရှင်းရန် ညှိနှိုင်းမှုများမှာ (အကယ်၍ညှိနှိုင်းရမည်ဆိုပါက) တိုင်ကြားသူ၏ စီးပွားရေးအနေအထား ပညာရေးအဆင့်အတန်း၊ လူမျိုးဘာသာ၊ ကျား/မ စသည့် အကြောင်းအရာများပေါ်မူတည်ပြီး ရလဒ်အပေါ်လည်း ထင်ဟပ်သည်။

ထိုကဲ့သို့ အခြေအနေများသည် တရားမျှတမှုရရေးကို များစွာအဟန့်အတားဖြစ်စေသည်။ ဤအချက်ကို အစိုးရအာဏာပိုင်များ၏ အဓိကလုပ်ရပ်ကို ရင်ဆိုင်ကြုံတွေ့ရသည်ဟုဆိုသော ဥပမာဖြစ်ရပ်များကို ဖြေဆိုသူများ တုန့်ပြန်ဖြေဆိုရာတွင် ထင်ရှားစွာတွေ့ရသည်။ အဂတိလိုက်စားမှုအမြစ်တွယ်နေခြင်းနှင့်ပြည်သူတို့၏အကြောက်တရားတို့သည် အစိုးရအရာရှိများ၏ တာဝန်ယူမှုတာဝန်ခံမှုကိုအာမခံမှုရှိစေရန်ကြိုးပမ်းအားထုတ်မှုများအား အတားအဆီးဖြစ်စေသည်ဟုလည်း ဖြေဆိုသူများကဖော်ပြကြသည်။ ထို့အတွက် အထက်ဖော်ပြပါ ဦးစားပေးလုပ်ဆောင်မှုများ လိုအပ်သည်။

## တာဝန်ယူမှု တာဝန်ခံမှု အဓိက အကြံပြုချက်များ

### *အစိုးရတာဝန်ယူ တာဝန်ခံမှု၊ အဂတိလိုက်စားမှုနှင့်ပတ်သက်၍*

- ဌာနအတွင်းကြီးကြပ်စီစစ်လေ့လာစောင့်ကြည့်သည့်စနစ်၊ အများပြည်သူတိုင်ကြားမှု (သို့) ဆုံးရှုံးနစ်နာမှုကုစားဖြေရှင်းသည့်စနစ်နှင့် လုပ်ထုံးလုပ်နည်း များကိုအများပြည်သူသိရှိ၊လက်လှမ်းမီနိုင်သည့်နည်းလမ်းများဖြင့် ထုတ်ပြန်ကြေငြာပြီး အစိုးရဝန်ကြီးဌာနအဖွဲ့အစည်းများ၏ တာဝန်ယူ တာဝန်ခံမှုများနှင့် ပွင့်လင်းမြင်သာမှုကို မြှင့်တင်ခြင်း။
- အစိုးရအရာရှိတစ်ဦးအပေါ် အပြစ်ပေးအရေး ယူခြင်းနှင့် အရေးယူရသည့်အကြောင်းများကို ထုတ်ပြန်အသိပေးခြင်း။
- သက်ဆိုင်ရာအစိုးရဝန်ဆောင်မှုများအတွက် ကုန်ကျစားရိတ်နှင့် ကြာမြင့်ချိန်အသီးသီးတို့ကို အများပြည်သူ လက်လှမ်းမီနိုင်သည့် နည်းလမ်းများဖြင့် မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးရုံးများတွင် ထုတ်ပြန်အသိပေးခြင်း။

### *အုပ်ချုပ်မှုဆိုင်ရာ တရားစီရင်ရေးနှင့် ပတ်သက်၍*

- သမားရိုးကျ တရားမျှတရေးစနစ်နှင့် စီမံအုပ်ချုပ်မှု ဥပဒေစနစ်အပေါ် နိုင်ငံသားများ၏ ယုံကြည် ကျေနပ်မှုများ မြင့်မားလာစေရေးအတွက် (က) ပြည်သူများအနေဖြင့် ၎င်းတို့အမှုများကို တရားရုံး (သို့) အစိုးရဌာနတွင် စီရင်သည့်အခါ ကြားနာခွင့်ရရှိရန်

[၇၉] ဥပမာ သမားရိုးကျ တရားမျှတရေးစနစ်သည် ကျောက်စိမ်းတွင်းမြေပြိုမှုများကြောင့် လူ့အသက်များစွာ ဆုံးရှုံးမှုများအတွက် တရားမျှတမှုရရှိရန် အာမခံသည့် အခန်းကဏ္ဍနှင့် တာဝန်မရှိ။

- (ခ) အစိုးရဌာနဆိုင်ရာများအတွင်း တရားရေးဆန်သော အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ ချမှတ်သော ဆုံးဖြတ်ချက်များကို အယူခံခွင့်ရှိစေခြင်း စသည့်ပိုမိုကောင်းမွန်သည့် လုပ်ထုံးလုပ်နည်းများနှင့် ဆုံးဖြတ်ချက်ချရာတွင် ကျွမ်းကျင်မှုများအတွက် ချမှတ်အကောင်ထည်ဖော်ခြင်း။

### *ဒေသတွင်းပြောင်းရွှေ့နေထိုင်ရသူများနှင့်ပတ်သက်၍*

- IDP များနေရပ်ပြန်ခြင်း/ပြန်လည် အခြေချနေထိုင်ခြင်း/ပြန်လည်နေရာချခြင်း စသည့်ကိစ္စများတွင် အမျိုးသမီးများအပါအဝင် IDP များကိုယ်တိုင်နှင့် သက်ဆိုင်သည့် အကျိုးဆိုင်အဖွဲ့အစည်း(stakeholders) များအား ဆွေးနွေးညှိနှိုင်းမှုများတွင် ပါဝင်စေခြင်း။
- IDP များနေရပ်ပြန်ခြင်း/ပြန်လည်အခြေချနေထိုင်ခြင်း/ပြန်လည်နေရာချခြင်း တို့ကို IASC (Inter-Agency Standing Committee) ၏ IDP များအတွက် ရေရှည်တည်တံ့မည့် အဖြေရလဒ်များဆိုင်ရာ မူဘောင်နှင့်အညီ မိမိဆန္ဒအလျောက် လုံခြုံစိတ်ချပြီး ဂုဏ်သိက္ခာရှိစွာ ဖြစ်စေခြင်း။

### *လူ့အခွင့်အရေးများနှင့်ပတ်သက်၍*

- လူ့အခွင့်အရေးများနှင့် အသွင်ကူးပြောင်းမှုကာလ တရားမျှတမှုတို့ကို ၂၁ ရာစု ပင်လုံညီလာခံနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ အစိတ်အပိုင်းအဖြစ် ထည့်သွင်းခြင်း။
- ၂၁ ရာစုပင်လုံညီလာခံနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်အမျိုးသမီးများ၏ပါဝင်မှုကိုအာမခံပေးခြင်း။

### *မြန်မာအစိုးရ၏မိတ်ဖက်အဖွဲ့အစည်းများသို့ အကြံပြုချက်များ*

- အုပ်ချုပ်ရေးဆိုင်ရာ တရားစီရင်ရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတို့နှင့်ဆိုင်သည့် သုတေသနလေ့လာမှုများပြုလုပ်ပြီး အစိုးရတာဝန်ရှိသူများက ၎င်းတို့၏ လုပ်ဆောင်မှုများအတွက် တာဝန်ယူတာဝန်ခံစေမည့် သင့်လျော်သည့် အကြံပြုချက်များဖြင့် မြန်မာအစိုးရအား ပံ့ပိုးကူညီခြင်း။
- အုပ်ချုပ်မှုဆိုင်ရာ တရားစီရင်မှု အယူအဆဆိုင်ရာ ဆွေးနွေးပွဲများ၊ ဟောပြောပွဲများကို တရားမျှတရေးကဏ္ဍတာဝန်ရှိပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အယူဝါဒပေါ်လစီ ချမှတ်မှုများပြည်သူများနှင့် အစပျိုးပြုလုပ်ရန် သို့မဟုတ် လက်ခံကျင်းပခြင်း။
- ရာဇဝတ်မှုဆိုင်ရာ နစ်နာမှုများနှင့်ဆိုင်သည့် သုတေသနလေ့လာမှုများပြုလုပ်ပြီး အထူးသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအား မြင့်တင်ရာတွင် ဖြစ်ပေါ် တတ်သည့် ပွတ်တိုက်တင်းမာမှုများတွင် အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်မှု ခိုင်မာစေရန် အကြံပြုချက်များဖြင့် မြန်မာအစိုးရအား ပံ့ပိုးကူညီခြင်း။

## တရားရေးလုပ်ပိုင်ခွင့် အာဏာ အပေါ် ပြည်သူလူထုယုံကြည်မှု

ဖြေဆိုသူများသည် ၎င်းတို့၏ အငြင်းပွားမှုများ ပြဿနာများကို ဖြေရှင်းရာတွင် သမားရိုးကျ တရားမျှတရေးစနစ်ကို ရယူခြင်းထက်စာလျှင် သမားရိုးကျမဟုတ်သော လမ်းကြောင်းများကို ပို၍အသုံးပြုလိုကြသည်။ ဤသည်မှာ တရားမျှတမှုရရှိရေးအတွက် သမားရိုးကျမဟုတ်သော လမ်းကြောင်းများ၏ တရားဝင်ဖြစ်မှုကို အလေးအနက်ပြုရာရောက်သည်။ ၎င်းစနစ်များသည် ယေဘုယျအားဖြင့် အမျိုးသားလွှမ်းမိုးသည့် စံသတ်မှတ်ချက် အယူအဆများ စွဲကိုင်ထားသည့်တိုင် အသုံးပြုရန် နစ်သက်အားသာသည်။

ဖြေဆိုသူများသည် သမားရိုးကျ တရားမျှတရေးကဏ္ဍမှ တာဝန်ရှိပုဂ္ဂိုလ်များထက်စာလျှင် ၎င်းတို့၏ အသိုင်းအဝိုင်းခေါင်းဆောင်များကို ပို၍ယုံကြည်သည်မှာ ထင်ရှားသည်။ ဖြေဆိုသူများက တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် ရဲများသည် ခေတ်မှီအသိပညာ ဗဟုသုတနှင့်လုပ်ငန်းတာဝန်များ ထမ်းဆောင်ရန် သင်တန်းလေ့ကျင့်မှုများ အလုံအလောက်ရှိသည်ဟု ယေဘုယျခံယူသော်လည်း လုံလောက်သည့်အရင်းအမြစ်များ မရှိဟုယုံကြည်သည်။ သိသာသည်မှာ သမားရိုးကျ တရားမျှတရေးကဏ္ဍတာဝန်ရှိသူများသည် လက်ခံထားသည့် စံတန်ဖိုးများဖြစ်သည့် မျှတ တည်ကြည်မှု၊ လေးစားမှုနှင့် အဂတိတရားကင်းမှုများကို စွဲကိုင်ကျင့်သုံးကြသည်ဟု ဖြေဆိုသူများက မယုံကြည်ပါ။ တရားမျှတရေးကဏ္ဍ တာဝန်ရှိသူများအနေဖြင့် တရားမျှတရေးစနစ်ကို ပြည်သူများ ပိုမိုယုံကြည်အားကိုးမှု ရှိလာစေရေးလည်း ဦးစားပေးတစ်ရပ်ဖြစ်ပါက လူ့အသိုင်းအဝိုင်းများတွင် ယုံကြည်လက်ခံထားသည့် မျှတမှု၊ လေးစားမှု၊ ဥပဒေရှေ့မှောက် တန်းတူညီမျှမှု၊ အထူးသဖြင့် တရားစီရင်မှုဖြစ်စဉ်တလျှောက် ပွင့်လင်းမြင်သာမှု၊ အမှီခိုကင်းလွတ်လပ်မှု နှင့် မျှတတည်ကြည်မှုတို့ကို မြှင့်တင်အားပေးသည့် မူဝါဒများ ဦးတည်ချမှတ်ရန် အရေးပါသည်။

ကျယ်ပြန့်သည့်အတိုင်းအတာတွင် ဒေသန္တရ၊ ရိုးရာဓလေ့ထုံးတမ်းနည်းလမ်းများဖြင့် ပြဿနာအငြင်းပွားမှုများ ဖြေရှင်းမှုကို ပိုမိုနစ်သက်ကြသည်ဆိုသည်မှာ အစိုးရက ယခင်သိမ်းဆည်းခဲ့သည့် မြေယာများပြန်လည်ပေးအပ်ခြင်း၊ ခွဲဝေခြင်းစသည့်ကိစ္စများတွင် ပွင့်လင်းမြင်သာမှု ပိုမိုရှိခြင်းဖြင့် စီရင်ဆုံးဖြတ်ချက်ထက်စာလျှင် ဖြစ်စဉ်တလျှောက် အကျိုးကျေးဇူး များစွာဖြစ်ထွန်းစေမည်ဟု ရည်ညွှန်းသည်။

# တရားရေးလုပ်ပိုင်ခွင့်အာဏာ အပေါ် ပြည်သူလူထုယုံကြည်မှု၊ အဓိက အကြံပြုချက်များ

### *ဒေသန္တရတရားမျှတမှုဆောင်ကြဉ်းရေး နှင့် ပတ်သက်၍*

လက်ရှိဒေသန္တရ အုပ်ချုပ်ရေးမှူးများက ၎င်းတို့၏ လုပ်ငန်းတာဝန်များ ပိုမိုထိရောက်စွာ ထမ်းဆောင်နိုင်ရန်အတွက် အနှစ်သာရ ပြည့်ဝသည့် တန်းတူညီမျှမှု၊ ကျား/မ အကဲဆတ်မှု၊ တရားဥပဒေစိုးမိုးရေး အခြေခံမှုများ၊ မျှတသည့် တရားစီရင်ရေးနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်၊ စေ့စပ်ဖြန်ဖြေမှု အခြေခံမှုများ၊ အုပ်ချုပ်ဆိုင်ရာ တရားမျှတမှု စသည့် ခေါင်းစဉ်များဖြင့် လိုအပ်သည့် သင်တန်းများပံ့ပိုးပေးခြင်း။

### *တရားစီရင်ရေးနှင့် ပတ်သက်၍*

ငွေကြေးအမှီခိုကင်း၍ လုံလောက်သည့် အရင်းအမြစ်ရှိခြင်း၊ တရားသူကြီးခန့်အပ်ရာတွင် သမာသမတ်ဓမ္မဓိဋ္ဌာန်ကျမှုနှင့် ပွင့်လင်းမြင်သာမှုရှိခြင်း၊ တရားရေးဆိုင်ရာ တာဝန်ယူတာဝန်ခံမှုနှင့် အလုပ်ရာထူးနေရာ ရေရှည်တည်မြဲမှု အာမခံခြင်းများ အပါအဝင် တရားစီရင်ရေး၏လွတ်လပ်စွာလုပ်ပိုင်ခွင့်နှင့် တာဝန်ယူတာဝန်ခံမှုတို့ကို နိုင်ငံတကာစံနှုန်းများနှင့် အညီဖြစ်စေခြင်း။

### *တရားစီရင်မှုကြားနာဆုံးဖြတ်မှု လုပ်ငန်းစဉ်များ ပွင့်လင်းမြင်သာမှုနှင့် ပတ်သက်၍*

တရားရုံးဆုံးဖြတ်ချက်များ၊ အကျိုးအကြောင်းနှင့် တရားဝင်တရားရုံးစရိတ်များကို လက်လှမ်းမီလွယ်သည့် ပုံစံဖြင့် တရားရုံးများအားလုံး ထုတ်ပြန်ရေး အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ညွှန်ကြားနိုင်ရန် အားပေးပံ့ပိုးခြင်း။

### *လုပ်ငန်းကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍*

(တိုင်းဒေသကြီး/ပြည်နယ်မြို့တော်အဆင့်တွင်) စဉ်ဆက်မပြတ် စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်ကို တရားမျှတရေးကဏ္ဍတာဝန်ရှိသူအားလုံး၏ လုပ်ငန်းတာဝန်တစ်ရပ်အဖြစ် ထည့်သွင်းခြင်း။

လုပ်ငန်းတာဝန်များ မထမ်းဆောင်မီ ပြည်သူဝန်ထမ်းအားလုံးအား ကျား/မနှင့် အနှစ်သာရပြည့်ဝသည့် တန်းတူညီမျှမှုဆိုင်ရာ သင်တန်းများ ပို့ချပေးခြင်း။

### *အမျိုးသမီးများတရားမျှတမှုနှင့် အခြား ဝန်ဆောင်မှုများရရှိရေးနှင့်ပတ်သက်၍*

အမျိုးသမီးများအား ပံ့ပိုးကူညီမည့် ရုပ်ပိုင်းဆိုင်ရာ၊ လူမှုစိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုများ၊ ဥပဒေအကြံပေးမှု၊ ဥပဒေအထောက်အကူ ရရှိရန်လွှဲပြောင်းခြင်း၊ ဥပဒေအသိပညာမြှင့်တင်ခြင်းစသည့် ဝန်ဆောင်မှုအမျိုးမျိုး ပါဝင်သည့် One-Stop-Shop ဝန်ဆောင်မှုများကို သက်ဆိုင်ရာအကျိုးဆိုင်အဖွဲ့အစည်း stake-holders များနှင့် ညှိနှိုင်းဆွေးနွေးပြီး ရေ့ပြေးအစီအစဉ်ချမှတ် ဆောင်ရွက်ခြင်း။

### *မြေယာနှင့်ပတ်သက်၍*

အိမ်ယာ၊ မြေနှင့် ပိုင်ဆိုင်မှုကဏ္ဍ အုပ်ချုပ်မှုဆိုင်ရာ တရားရေးမူဝါဒ ပြုပြင်ပြောင်းလဲမှုကို ပံ့ပိုးခြင်း။ နိုင်ငံတော်မှ ယခင်သိမ်းယူခဲ့သည့် မြေယာများ ပြန်လည်စွန့်လွှတ်ခြင်းနှင့်ပတ်သက်သည့် လုပ်ထုံးလုပ်နည်း လုပ်ငန်းစဉ်ဆိုင်ရာ သတင်းအချက်အလက်များကို အများပြည်သူအလွယ်တကူလက်လှမ်းမီ၍ ပွင့်လင်းမြင်သာသည့် နည်းလမ်းများဖြင့် ဖြန့်ဝေထုတ်ပြန်ခြင်း။

### *သယံဇာတအရင်းအမြစ် ထုတ်ယူသည့် လုပ်ငန်းများနှင့် ပတ်သက်၍*

EITI (သံယံဇာတ ထုတ်ယူသည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှု) စံချိန်စံညွှန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက်ပိုမိုလုပ်ဆောင်ခြင်း။ EITIအား အထူးသဖြင့် ကျောက်စိမ်းထုတ်လုပ်မှုနှင့်စပ် လျဉ်း၍ ကချင်ပြည်နယ်တွင် အပြည့်အဝ အကောင်အထည်ဖော်ရန် ဦးစားပေးဆောင်ရွက်ခြင်း။

၂၀၁၅ ခုနှစ်မြန်မာ ပတ်ဝန်းကျင် အကျိုးသက် ရောက်မှုအကဲဖြတ်ချက် လုပ်ထုံးလုပ်နည်းများ (Myanmar Enviromental Impract Assessment Procedures 2015) သက်ဝင်အကောင်အထည်ဖော်ရန် လိုအပ်သည့် အရင်းအမြစ်များ မြှပ်နှံဂတိဝတ်ပြုခြင်း။

### *မြန်မာနိုင်ငံအစိုးရ၏ မိတ်ဖက် အဖွဲ့အစည်းများသို့ အကြံပြုချက်များ။*

ရိုးရာဓလေ့ထုံးတမ်း တရားမျှတရေးစနစ်များကို ဦးတည်ချက်သတ်မှတ်၍ ဆက်လက်လေ့လာမှုများ ပြုလုပ်ပြီး ထိုစနစ်များနှင့် ထိတွေ့ဆက်နွယ်ပူးပေါင်းလုပ်ဆောင်မည့် နည်းဗျူဟာများ သတ်မှတ်ဖော်ထုတ်ခြင်း။

စာပေနှင့်ရိုးရာယဉ်ကျေးမှု အဖွဲ့အစည်း (CLA) များနှင့် အတူ ကျား/မ တန်းတူညီမျှမှု (Gender Equality) ဆိုင်ရာ ပူးပေါင်းဆောင်ရွက်၊ ဆွေးနွေးမှုများပြုလုပ်ခြင်း။ တရားမျှတရေးကဏ္ဍ တာဝန်ရှိသူများနှင့် အနှစ်သာရပြည့်ဝသည့် တန်းတူညီမျှမှု၊ ဥပဒေရှေ့မှောက်တန်းတူညီမျှမှု စသည့် ခေါင်းစဉ်များဖြင့် စားပွဲဝိုင်းဆွေးနွေးပွဲ များ၊ ဟောပြောပွဲများ အစပျိုးခြင်း သို့မဟုတ်လက်ခံကျင်းပခြင်း။

# နောက်ဆက်တွဲ (က)
# သုတေသနလေ့လာမှုနည်းနိဿယ

မြန်မာနိုင်ငံရှိတရားမျှတမှုရရှိရေးနှင့် ပတ်သက်၍ လက်ရှိသိမြင်နားလည်မှုအနေအထား အကန့်အသတ်များ၊ သုတေသနလေ့လာရာ နေရာဒေသများ၏ နက်နဲရှုပ်ထွေးမှုနှင့် အကဲဆတ် ထိခိုက်လွယ်မှု အခြေအနေများ အပါအဝင် ယုံကြည်စိတ်ချနိုင်သည့် နမူနာကောက်ယူသည့် စနစ်ကောင်းနည်းပါးမှုများကြောင့် ဤလေ့လာမှုကို အရည်အသွေးအခြေခံသည့်နည်း (qualitative methodology) ဖြင့်ချဉ်းကပ်ခဲ့သည်။

## သုတေသနမေးခွန်းများနှင့် အသုံးပြုသည့် အထောက်အကူနည်းလမ်းများ

ဤလေ့လာမှုတွင် အဓိကမေးခွန်း (၃) ခု၏အဖြေရယူရှာဖွေထားသည့် ၎င်းတို့မှာ

၁။ တရားမျှတမှုကို ပြည်သူများမည်ကဲ့သို့ ရယူကြသနည်း။

၂။ သမားရိုးကျ တရားမျှတရေးစနစ်အပေါ် ပြည်သူများ၏သဘောထားအမြင်၊ ယုံကြည်မှုနှင့်သက်ဝင်ကိုးစားမှုများမှာ အဘယ်နည်း။

၃။ ဒေသအတွင်းတွင် မည်သည့်သမားရိုးကျ တရားမျှတမှုစနစ်များတည်ရှိနေသနည်းနှင့် ထိုစနစ်များ လုပ်ဆောင်လည်ပတ်ပုံမှာ အဘယ်နည်း တို့ဖြစ်သည်။

လေ့လာမှုတွင်ပေါင်းစပ်နည်းလမ်းများကိုအသုံးပြုသည်။ အိမ်ထောင်စုအဆင့်တွင်[၈၀] ပြင်ဆင်ထားသည့် မေးခွန်းပုံစံကို အသုံးပြုမေးမြန်းပြီး ယင်းကိုကျေးရွာနှင့်ရပ်ကွက်အဆင့် အုပ်စုလိုက်ဆွေးနွေးမှုများ (Focus Group Discussions) တစ်ဦးချင်းအဆင့် Key Informart Interview သတင်းအချက်အလက် အဓိကပံ့ပိုးပေးနိုင်သူများနှင့် တွေ့ဆုံမေးမြန်းခြင်းများဖြင့် ပံ့ပိုးထားသည်။

ဒေသန္တရအဆင့်တွင် သုတေသနလေ့လာမှု နည်းလမ်းများအသုံးပြုပြီး ကွင်းဆင်းလေ့လာမှုများ ပြုလုပ်နေချိန်နှင့် တပြိုင်နက်တည်းမှာပင် မေးခွန်းပုံစံ တစ်စိတ်တစ်ပိုင်းပြင်ဆင်ထားသည့် တွေ့ဆုံမေးမြန်းမှုများ (semi-structured interviews SSIs) ကို မြို့နယ်နှင့်ခရိုင်အဆင့် တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရဲအရာရှိများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာရှိများနှင့် သီးခြားပြုလုပ်ခဲ့သည်။ ထိုဆွေးနွေးမှုများတွင် ဒေသတွင်း အဓိကဦးစားပေး တရားရေးပြဿနာရေးရာများနှင့် ပတ်သက်၍ သမားရိုးကျ တရားမျှတရေးကဏ္ဍ တာဝန်ရှိသူများ၏ ရှုထောင့်အမြင်များ၊ ထိုပြဿနာများ ဖြေရှင်းရာတွင် ဌာနဆိုင်ရာများ၏ အခန်းကဏ္ဍများနှင့် မိမိတို့၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် ကြုံတွေ့ရသည့် ဌာနဆိုင်ရာ လိုအပ်ချက်နှင့် စိန်ခေါ်မှုများကို ဆွေးနွေးခဲ့သည်။

ထို့အပြင် တစိတ်တပိုင်းတည်ဆောက်ထားသည့် သီးခြားအင်တာဗျူးမေးခွန်းပုံစံကို အသုံးပြုပြီး မြို့နယ်နှင့်ပြည်နယ်အဆင့် စာပေနှင့်ရိုးရာယဉ်ကျေးမှု အဖွဲ့တာဝန်ခံများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ ထိုတွေ့ဆုံမှုများ၏ ရည်ရွယ်ချက်မှာ ဓလေ့ထုံးတမ်းရိုးရာအရ အငြင်းပွားမှုများ ဖြေရှင်းခြင်းများတွင် စာပေနှင့် ရိုးရာယဉ်ကျေးမှု အဖွဲ့အစည်းများ၏အခန်းကဏ္ဍနှင့် ရိုးရာယဉ်ကျေးမှုအလေ့အထများကို နားလည်သဘောပေါက်ရန် ဖြစ်သည်။

## သုတေသနလေ့လာမှု နမူနာကောက်ကွက်

သုတေသနလေ့လာမှုကို ကချင်ပြည်နယ် တလျှောက် သတ်မှတ်ရွေးချယ်ထားသည့် မြို့နယ် (၄) မြို့နယ် (ခရိုင်တစ်ခုလျှင် မြို့နယ်တစ်ခုစီ) ဖြစ်သည့် မြစ်ကြီးနား၊ ဗန်းမော်[၈၁]၊ ပူတာအိုနှင့် မိုးညှင်း[၈၂] တို့တွင် ဆောင်ရွက်ခဲ့သည်။ ထိုမြို့နယ်အသီးသီးမှာ ခရိုင်ရုံးစိုက်ရာ နေရာများလည်း ဖြစ်သည်။

မြို့နယ်တစ်ခုချင်း၌ ရပ်ကွက်နှင့် သို့မဟုတ် ကျေးရွာ၏ (၂) ခုကို အထွေထွေအုပ်ချုပ်ရေးအရာရှိများနှင့် နီးကပ်စွာ ညှိနှိုင်းဆွေးနွေးပြီး ရည်ရွယ်ချက်ရှိစွာ ရွေးချယ်ခဲ့သည်။ လေ့လာရာနေရာဒေသ (၈)ခုအနက် (၃) ခုမှာ ကျေးလက်တောရွာများဖြစ်ပြီး ကျန် (၅) နေရာမှာ မြို့ပြရပ်ကွက်များဖြစ်သည်။ မြစ်ကြီးနားနှင့်ဗန်းမော်မြို့နယ်များရှိ IDP စ

၈၀ ဤမေးခွန်းပုံစံကို IDP စခန်းများနှင့် လိုက်လျောညီထွေဖြစ်စေရန် အနည်းငယ် ပြောင်းလဲပြင်ဆင်ထားသည် (အောက်ခြေမှတ်စု ၇၁ တွင်ရှု)။ သုတေသနလေ့လာမှုတွင် အသုံးပြုသည့် မေးခွန်းပုံစံနည်းနိဿယများကို အင်္ဂလိပ်ဘာသာဖြင့် ပြုစုပြီး မြန်မာဘာသာပြန်ဆိုခဲ့သည်။ အိမ်ထောင်စုအဆင့် စနစ်တကျ ပြင်ဆင်ထားသည့် မေးခွန်းပုံစံ (SIQQ) ကိုအကြံပေးအဖွဲ့ထံတင်ပြ၍ သဘောထားမှတ်ချက်များ ရယူခဲ့ပြီး လိုက်လျောညီထွေကိုက်ညီ အသုံးပြု လွယ်ကူအောင် ပြင်ဆင်ခဲ့သည်။ ယင်းမေးခွန်းပုံစံကို မြန်မာဘာသာသို့ ပြန်ဆိုရာတွင် မြန်မာလုပ်ဖော်ကိုင်ဖက်များနှင့် ကြိမ်ဖန်များစွာ ဆွေးနွေးပြီး ဘာသာစကားအသုံးအနှုန်း၊ သဘောတရားနှင့်အယူအဆများ ပြတ်သားရှင်းလင်းစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ စမ်းသပ်လေ့လာမှုတစ်ကြိမ်အပြီး ထိုမေးခွန်းပုံစံနည်းလမ်းများကို ပြန်လည်သုံးသပ်ခဲ့သည်။

၈၁ Bhamo ဟုလည်း ပေါင်းသည်။

၈၂ Mohnyin ဟုလည်း ပေါင်းသည်။

ခန်းနစ်ခု (တမြို့နယ်တွင်တစ်ခု) ဩလည်း လေ့လာမှုပြု လုပ်ခဲ့သည်။ ဤလေ့လာမှုတွင် အစိုးရ မထိန်းချုပ်သည့် ဒေသများ မပါဝင်ပါ။[၈၃]

လေ့လာမှု နမူနာကောက်ကွက်ပမာဏ အရွယ်အစားများကို ဇယား ၁ နှင့် ဇယား ၁ (ခ) တို့တွင် ဖော်ပြထားသည်။ ဖြေဆိုသူများ၏ ကျား/မ အချိုးအစား[၈၄] နှင့် (၅၀း ၅၀) မိမိကိုယ်ကို သတ်မှတ်သည့် လူမျိုးအုပ်စု အမျိုးအစား

ကိုတာ (quota) များကို စနစ်တကျ တည်ဆောက်ပြင် ဆင်ထားသည့် အင်တာဗျူး (structured interivews) များတွင် [၈၅] သတ်မှတ်ထားသည်။

ဇယား ၁ ။ လေ့လာမှုနမူနာကောက်ကွက် ပမာဏအရွယ်အစား

| မြို့နယ် | အိမ်ထောင်စုအလိုက် တွေ့ဆုံမေးမြန်းမှုများ | | အုပ်စုလိုက် ဆွေးနွေးမှုများ | | အသေးစိတ် အင်တာဗျူးများ | | ကြိုတင်ပြင်ဆင်ထားသည့်မေးခွန်းများတစ်တပိုင်းပါဝင် သည့်အစိုးရ တာဝန် ရှိသူများနှင့်တွေ့ဆုံမေးမြန်းမှုများ | |
|---|---|---|---|---|---|---|---|---|
| | မ | ကျား | မ | ကျား | မ | ကျား | ယဉ်ကျေးမှုနှင့် စာပေရှိရာအဖွဲ့ တာဝန်ခံများ* | အစိုးရအရာရှိများ ** |
| မြစ်ကြီးနား | ၇၃ | ၅၇ | ၂၀ | ၁၈ | ၁၀ | ၁၅ | ၁၄ | ၁၂ |
| ဝန်းမော် | ၇၃ | ၅၆ | ၁၉ | ၂၂ | ၅ | ၁၁ | -- | ၁၁ |
| ပူတာအို | ၃၇ | ၃၅ | ၁၃ | ၁၄ | ၄ | ၁၃ | ၁၂ | ၁၆ |
| မိုးညှင်း | ၂၄ | ၄၅ | ၁၃ | ၁၂ | ၉ | ၁၃ | ၂ | ၁၅ |
| စုစုပေါင်း | ၂၀၇ | ၁၉၃ | ၆၅ | ၆၆ | ၂၈ | ၆၂ | ၂၈ | ၅၄ |

* မြို့နယ် နှင့်ခရိုင်အဆင့်နှစ်ခုစလုံးမှ တာဝန်ခံများ ပါဝင်သည်

** မြို့နယ် နှင့်ခရိုင်အဆင့်နှစ်ခုစလုံးမှ အစိုးရအရာရှိများပါဝင်သည်

ဇယား ၁ (က) လေ့လာမှုနမူနာကောက်ကွက် ပမာဏအရွယ်အစား (non-IDP နှင့် IDP ဖြေဆိုသူများ)

| မြို့နယ် | IDP မဟုတ်သည့် ဖြေဆိုသူများ | | | | | | IDP ဖြေဆိုသူများ | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | အိမ်ထောင်စုအလိုက် တွေ့ဆုံမေးမြန်းမှုများ | | အုပ်စုလိုက် ဆွေးနွေးမှုများ | | အသေးစိတ် အင်တာဗျူးများ | | အိမ်ထောင်စုအလိုက် တွေ့ဆုံမေးမြန်းမှုများ | | အုပ်စုလိုက် ဆွေးနွေးမှုများ | | အသေးစိတ် အင်တာဗျူးများ | |
| | မ | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | ကျား |
| မြစ်ကြီးနား | ၄၅ | ၄၁ | ၁၃ | ၁၃ | ၇ | ၁၃ | ၂၈ | ၁၆ | ၇ | ၅ | ၃ | ၂ |
| ဝန်းမော် | ၄၄ | ၂၉ | ၁၃ | ၁၅ | ၄ | ၈ | ၂၉ | ၂၇ | ၆ | ၇ | ၁ | ၃ |
| ပူတာအို | ၃၇ | ၃၅ | ၁၃ | ၁၄ | ၄ | ၁၃ | -- | | | | | |
| မိုးညှင်း | ၂၄ | ၄၅ | ၁၃ | ၁၂ | ၉ | ၁၃ | -- | | | | | |
| စုစုပေါင်း | ၁၅၀ | ၁၅၀ | ၅၂ | ၅၄ | ၂၄ | ၄၇ | ၅၇ | ၄၃ | ၁၃ | ၁၂ | ၄ | ၅ |
| | ၃၀၀ | | ၁၀၆ | | ၇၁ | | ၁၀၀ | | ၂၅ | | ၉ | |

၈၃ သုတေသနပြုလုပ်ရန် KIO ထံတောင်းခံခဲ့သော်လည်း ထောက်ခံချက် မရရှိခဲ့ပါ။

၈၄ စနစ်တကျ ပြင်ဆင်တည်ဆောက်ထားသည့် အင်တာဗျူးမေးခွန်းများအတွက် ကျား/မ အမျိုးအစား ကိုတာ (quota) မှာ non-IDP ဖြေဆိုသူများတွင် ပြည့်မီခဲ့ပြီး IDP ဖြေဆိုသူများတွင် ပြည့်မီခြင်းမရှိပါ (ဇယား ၁ (က) တွင်ရှု)။

၈၅ တရားမျှတမှုရရှိမှုကို တိုက်ရိုက်အကျိုးသက်ရောက်မှုရှိသည့် ဝိသေသလက္ခဏာများ ပါဝင်သည်။ ဖြစ်နိုင်ဖွယ်မရှိ ကိုယ်တာနမူနာ (non-probability quota sample) တည်ဆောက်ရာတွင် ကျား/မ နှင့် လူမျိုး သတ်မှတ်ချက် (၂) ခု နှင့်ဇယား ၇.၁ တွင်ရှု။

## အချက်အလက်ကောက်ယူခြင်း

ကွင်းဆင်းလေ့လာမှုကို ၂၀၁၆ ခုနှစ်ဇန်နဝါရီ၏ ၁၃ မှ ဖေဖော်ဝါရီ ၄ အထိ လုပ်ဆောင်ခဲ့သည်။

နိုင်ငံတကာ အကြံပေးပညာရှင် (၂) ဦးသည် ကွင်းဆင်းလုပ်ငန်းများကို ဦးဆောင်ပြီး၊ အစိုးရတာဝန်ရှိ ပုဂ္ဂိုလ်များ၊ စာပေနှင့် ရိုးရာယဉ်ကျေးမှုတာဝန်ခံများနှင့်လည်းတွေ့ဆုံဆွေးနွေးခဲ့သည်။ တရားဥပဒေစိုးမိုးရေး၊ တရားမျှတမှုရရှိရေး ဥပဒေစနစ်လေ့လာမှု အများအပြားတွင် ယခင်အတွေ့အကြုံများရှိသည့် ပညာအလင်းပွင့်မြန်မာသုတေသနအဖွဲ့ (Enlightened Myanmar Research Foundation) သည် UNDP နှင့် စာချုပ်ချုပ်ဆိုပြီးရပ်ကွက်နှင့် ကျေးရွာအဆင့် ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်ခဲ့သည်။[၈၆] ပညာ အလင်းပွင့်မြန်မာသုတေသနအဖွဲ့သည်မြို့နယ်စီတွင်(၃)ရက်ကြာသွားပြီး ဒေသခံများနှင့် တွေ့ဆုံမေးမြန်းမှု၊ ဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။

ဘာသာပြန် ၁၁ ဦး (မြစ်ကြီးနားနှင့် မိုးညှင်းတက္ကသိုလ်များမှ ကျောင်းသား/သူနှင့် ဘွဲ့ရ ၉ဦး၊ ဘာသာပြန်အတွေ့အကြုံရှိသူ ၂ဦး) အား ဌားရမ်းလေ့ကျင့်ပေးပြီး၊ ၎င်းတို့သည်ရပ်ကွက်နှင့် ကျေးရွာအဆင့် ကွင်းဆင်း လေ့လာမှုများတွင် လိုက်ပါကူညီခဲ့ကြသည်။ ဂျိမ်းဖော-မြန်မာဘာသာပြန် ၄ ဦး၊ လီဆူ-မြန်မာဘာသာပြန် ၄ ဦးနှင့် ရဝမ်-မြန်မာဘာသာပြန် ၃ ဦး အသီးသီးဖြစ်သည်။

## ကျင့်ဝတ်ပိုင်းဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများ

မိမိဆန္ဒအလျှောက်ပါဝင် ဆွေးနွေးဖြေဆိုခြင်း၊ ကြိုတင်အသိပေး ရယူသည့်သဘောတူညီချက်၊ လျှို့ဝှက်မှု၊ ဘေးအန္တရာယ် ကင်းရှားလုံခြုံစိတ်ချမှု၊ ကြားနေမှုနှင့် ဓမ္မဓိဌာန်ကျမှု၊ ပဋိပက္ခအကဲဆတ်မှု သုံးသပ်သိမြင်မှုနှင့် ဘေးဥပါဒ်မဖြစ်စေမှုစသည့် သုတေသန ကျင့်ဝတ်များကို ကွင်းဆင်းလေ့လာမှုများတလျှောက် လိုက်နာကျင့်သုံးခဲ့သည်။[၈၇]

## သုတေသနလေ့လာမှု ဆောင်ရွက်ရာတွင် စိန်ခေါ်မှုနှင့် အကန့်အသတ်များ

လေ့လာမှုကို ဒီဇိုင်းရေးဆွဲခြင်း နည်းလမ်းများဖြင့် ပြင်ဆင်ပြုစုခြင်း၊ ဘာသာပြန်ခြင်း၊ သုတေသနအဖွဲ့အား သင်တန်းပေးခြင်း စသည့်ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်ခဲ့ရသည့်အချိန်မှာ (၂)လထက်နည်းပါးသည်။ ကချင်ပြည်နယ်အတွင်း သုတေသနလေ့လာမှု ရည်မှန်းချက်များ ပြည့်မြောက်ခဲ့သော်လည်း အကယ်၍ ပြင်ဆင်ချိန် ပိုရခဲ့ပါက လေ့လာမှုအခန်းကောက်ယူအပြီး အသုံးပြုသည့် နည်းနိဿရ ပုံစံများကို ပြန်လည်သုံးသပ်သည့်အချိန် ပိုမိုရရှိသလို လုပ်ငန်းအတွက် ပို၍အကျိုးရှိနိုင်မည်ဖြစ်သည်။

## အချက်အလက်ကောက်ယူခြင်းနှင့် အကြောင်းအရာ

ဖြေဆိုမှု/အဖြေများ၏ ယုံကြည်စိတ်ချမှုနှင့် တည်ကြည်မှန်ကန်မှု ရရှိစေရေးကို ကြိုးပမ်းအားထုတ်စေသော်ငြားလည်း အကြောင်းအရာ ခေါင်းစဉ်၏ ထိရှအကဲဆတ်မှု သဘောသဘာဝ နေရာ/ဒေသတစ်ခုတွင် (၃) ရက်တာဟူသော အချက်အလက် စုဆောင်းကောက်ယူမှုအချိန် တိုတောင်းမှုတို့ကြောင့် မှတ်တမ်းမတင်ဖြစ်သည့် တရားမျှတမှုဆိုင်ရာ အငြင်းပွားမှု ဦးစားပေးပြဿနာများ ရရှိနိုင်ချေကို ပြစ်ပယ်၍မရနိုင်ပါ (အချိန်တိုအတွင်း ဒေသခံများနှင့် ယုံကြည်မှုတည်ဆောက်ရန်မှာ စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်)။ ထို့အတွက် တွေ့ရှိချက်များသည် ဦးတည်ချက်လားရာ အမျိုးမျိုးသို့ ရောက်နိုင်ဖွယ်ရှိသည်။

## ဘာသာစကား အခက်အခဲ

သုတေသနလေ့လာမှုအတွက် ဂျိန်းဖော၊ လီဆူနှင့် ရဝမ်ဘာသာပြန်များခန့်အပ်လေ့ကျင့်ပေးခဲ့သော်ငြားလည်း အချို့မေးခွန်းများကို ဖြေဆိုသူအချို့ နားလည်သဘောပေါက် လွဲနိုင်ချေကို ပြစ်ပယ်၍မရနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် အယူအဆအတွေးအခေါ် အဓိပ္ပါယ်များမှာ မတူသည့်ဘာသာစကားများအကြား ကွဲလွဲမှုရှိနိုင်သည်။ [၈၈]

## ကိုယ်စားပြုမှုအတိုင်းအတာ

ကွင်းဆင်းလေ့လာသည့် နေရာဒေသများနှင့် ဖြေဆိုသူများကို ရည်ရွယ်ချက်ရှိစွာ ဦးတည်ရွေးချယ်ထားသောကြောင့် တွေ့ရှိချက်များသည် လေ့လာမှုနမူနာအတွက်ကိုသာ ဖော်ပြသည်။ ကိန်းဂဏန်းစာရင်းဇယားအရ အရေးပါသိသာသည့် နှိုင်းယှဉ်မှုပြု၍မရနိုင်သကဲ့သို့ တွေ့ရှိချက်များကို ကျယ်ပြန့်သည့် လူဦးရေအတိုင်းအတာတစ်ခုအတွက် ယေဘုယျကောက်ယူ၍ မရနိုင်ပါ။

---


၈၆ ၂၀၁၅ အောက်တိုဘာလတွင် ပြုလုပ်သည့်အဓိက အယူအဆများနှင့် ရေးရာပြဿနာကိစ္စများဆိုင်ရာ တစ်ပတ်ခွဲကာလ ပဏာမသင်တန်းအပြင် EMReF အဖွဲ့ဝင်များ (အမျိုးသမီး (၁၀) ဦး အမျိုးသား (၄) ဦး) သည် ကချင်ပြည်နယ် အနေအထားအခင်းအကျင်း နှင့်ဆိုင်သည့် (၃) ရက်ခွဲကာလ မွန်းမံသင်တန်းကို ၂၀၁၆ ဇန်နဝါရီလတွင် ရရှိခဲ့ကြသည်။

၈၇ ကချင်ပြည်နယ်တွင် သုတေနလေ့လာသည့် ကာလအတွင်း ဖြေဆိုသူတစ်ဦးသည် အိမ်ထောင်စုအလိုက် တွေ့ဆုံမေးမြန်းမှု မပြီးဆုံးမီ နှုတ်ထွက်သွားခဲ့ပြီး ဖြေဆိုသူ၏ ဆန္ဒကိုလေးစားလိုက်နာပြီး တွေ့ဆုံမေးမြန်းမှုကို ရပ်တန့်အဆုံးသတ်ခဲ့သည်။


၈၈ ဥပမာ ရပ်ကွက်နှင့် ကျေးရွာကွင်းဆင်းလေ့လာမှုများအတွက် ငှားရမ်းထားသည့် လီဆူဘာသာပြန်များက လီဆူဘာသာစကားတွင် "မျှတမှု"ဆို သည်မှာ "တန်းတူညီမျှမှုထက်စာလျှင်" "အမှန်တရား" အဓိပ္ပါယ် ပိုဆောင်သည်ဟု ရှင်းပြကြသည်။ ဆက်လက်ပြီး "ဥပဒေ" နှင့် ညီမျှသည့် ဝေါဟာရ လီဆူ ဘာသာစကားတွင် မရှိပဲ အနီးစပ်ဆုံးမှာ သမ္မာကျမ်းစာပါ "ပညတ်တော်" နှင့် "စည်းမျဉ်း စည်းကမ်းများ" ဟု ရှင်းပြသည်။

# နောက်ဆက်တွဲ(ခ)
# နောက်ဆက်တွဲပုံနှင့်ဇယားများ
## အခန်း ၂ သုတေသနလေ့လာသည့်နေရာဒေသများနှင့် ဖြေဆိုသူတို့၏ ဝိသေသလက္ခဏာများ


ပုံ ၂.၁ (က) ကျား/မ လိင်အပိုင်းအခြားအလိုက် ပညာရေးအဆင့်အတန်း





ပုံ ၂.၁ (ခ) ကျား/မ လိင်အပိုင်းအခြားအလိုက် မြန်မာစာတတ်မြောက်မှု




ပုံ ၂.၁ (ဂ) လူမျိုးအလိုက် မြန်မာစာတတ်မြောက်မှု





ပုံ ၂.၁ (ဃ) လူမျိုးအလိုက် မြန်မာစာတတ်မြောက်မှု




ပုံ ၂.၂ (က) ဝင်ငွေအဆင့်အတန်းအလိုက် အိမ်ထောင်စုပိုင်ဆိုင်မှုများ



ပုံ ၂.၃ (ခ)   ကျား/မ လိင်ပိုင်းခြားလိုက် သတင်းအချက်အလက် လက်လှမ်းမီရယူနိုင်မှု




ပုံ ၂.၃ (ဂ) ဘာသာစကားများ



မိသားစုအတွင်း အဓိကပြောဆိုသည့် ဘာသာစကား
သင်တင်းရယူသည့် အဓိက ဘာသာစကား (%)
သင်တင်းရယူသည့် ဒုတိယ ဘာသာစကား (%)
မြန်မာ
၃၆.၃%
၈၂.၀%
၁၂.၀%
ရခိုင်
၁၆.၇%
၄.၀%
၁၀.၀%
လီဆူ
၁၅.၃%
၄.၃%
၅.၀%
ဂျိမ်းဖော
၁၃.၇%
၃.၀%
၉.၇%
ကချင်
၁၀.၇%
၄.၃%
၁၇.၇%
ရှမ်း
၂.၇%
၀.၀%
၃.၇%
ဂေါ်ရခါး
၁.၇%
၀.၃%
၀.၃%
တရုတ်
၁.၃%
၁.၀%
၁.၃%
လော်ဝို
၀.၇%
၀.၀%
၀.၀%
ကိုးကန့်
၀.၃%
၀.၀%
၀.၃%
လရှီတ်
၀.၃%
၀.၀%
၀.၀%
ရှမ်းကြီး
၀.၃%
၀.၀%
၀.၀%
အင်္ဂလိပ်
၀.၀%
၀.၃%
၄.၃%
အိန္ဒိယ / ဟိန္ဒူ
၀.၀%
၀.၀%
၀.၇%
ထိုင်း
၀.၀%
၀.၀%
၀.၃%

# အခန်း ၃ တရားမျှတမှုနှင့် ဥပဒေသဘောထားအမြင်များဆိုင်ရာ လေ့လာတွေ့ရှိချက်များ


ပုံ ၃.၁ (က) လူမှုယုံကြည်မှု၊ ယုံကြည်ထိုက်မှုနှင့် မျှတမှု (ကျား/မ လိင်အပိုင်းအခြားအလိုက်)




(က) "ယေဘုယျပြောရရင် လူအများစုဟာ ယုံကြည်ထိုက်သည်

(ခ) "ယေဘုယျပြောရရင် လူအများစုဟာ တဖက်သား(တခြားသူများ) အပေါ် မျှတဖို့ကြိုးစားသည်


ပုံ ၃.၁ (ခ) လူမှုယုံကြည်မှု၊ ယုံကြည်ထိုက်မှုနှင့် မျှတမှု (ကိုးကွယ်သည့်ဘာသာအလိုက်)





(က) "ယေဘုယျပြောရရင် လူအများစုဟာ ယုံကြည်ထိုက်သည်

(ခ) "ယေဘုယျပြောရရင် လူအများစုဟာ တဖက်သား(တခြားသူများ) အပေါ် မျှတဖို့ကြိုးစားသည်

ပုံ ၃.၂ (က) လူမှုယုံကြည်မှု၊ အခြားသူများအပေါ်ယုံကြည်မှု (ကျား/မ လိင်အပိုင်းအခြားအရ)




ပုံ ၃.၂ (ခ) လူမှုယုံကြည်မှု၊ အခြားသူများအပေါ်ယုံကြည်မှု (ကိုးကွယ်သည့် ဘာသာအလိုက်)



ဇယား ၃.၁ (က) ကျား/မ လိင်အလိုက် တရားမျှတမှုအပေါ် သဘောထားအမြင်များ

| တရားမျှတမှု လားရာရှုထောင့် | အဆိုပြုဖော်ပြချက်များ | သဘောတူညီမှု* ကျား | မ |
|---|---|---|---|
| သမားရိုးကျနှင့် သမားရိုးကျ မဟုတ်သော | (က) အချို့သော အငြင်းပွားမှုများကို တရားရုံးများတွင် ဖြေရှင်းသည်မှာ အကောင်းဆုံးဖြစ်သည်။ | ၁၉.၃% | ၁၄.၀% |
| | (ခ) အငြင်းပွားမှု အများစုကို ရပ်ရွာအတွင်း ဖြေရှင်းလျှင် ပိုကောင်းသည်။ | ၆၇.၃% | ၇၆.၀% |
| သာတူညီမျှမှု | (က) လူတိုင်းသည် ဘာသာ၊ လူမျိုးမရွေး အစိုးရ၏ ဂရုစိုက်မှုနှင့် အလေးထားမှုခံထိုက်သည်။ | ၉၂.၇% | ၈၈.၇% |
| | (ခ) လူအများစုဖြစ်သော လူမျိုးနှင့် ဘာသာဝင်များသည် လူနည်းစု လူမျိုးနှင့် ဘာသာဝင်များထက်ပိုပြီး အစိုးရ၏ ဂရုစိုက်မှုနှင့် အလေးထားမှု ရသင့်သည်။ | ၆.၀% | ၉.၃% |
| ကံကြမ္မာ နှင့် ကုစားမှု | (က) မတရားမှုသည် ပြည်သူ/လူများအပေါ်တွင်ကျရောက်နိုင်သည်။ ထိုကိစ္စနှင့်ပတ်သက်၍ မိမိတို့သည် ဘာမျှမတတ်နိုင်။ အဘယ်ကြောင့်ဆိုသော် ယင်းမှာ မိမိတို့၏ ကံကြမ္မာအရသာဖြစ်သည်။ | ၉.၃% | ၅.၃% |
| | (ခ) ပြည်သူများသည် မတရားမှုခံရသည့်အခါ ကုစားမှုနှင့် တရားမျှတသော ရလဒ်ကို ရရှိစေရန်အတွက် အခြားသူများထံမှ အကူအညီရသင့်သည်။ | ၈၇.၃% | ၉၁.၃% |
| အိမ်တွင်းရေးနှင့် အများပြည်သူ အရေး | (က) မိသားစုအတွင်းဖြစ်သည့် ကိစ္စသည် အိမ်တွင်းတွင်သာ ဖြေရှင်းရမည့် အိမ်တွင်းရေးဖြစ်သည်။ အိမ်ထောင်ရှင်အမျိုးသားသည် ၎င်း၏ ဇနီးနှင့် သားသမီးများ အပေါ်တွင် ဩဇာ အပြည့်အဝရှိသည်။ | ၄၅.၃% | ၃၄.၇% |
| | (ခ) ရပ်ရွာလူထုသည် တစ်ခါတစ်ရံ အခြားမိသားစုများ၏ တစ်ချို့သောအရေးကိစ္စများတွင် ကြားဝင်ဖြေရှင်းပေးရန် တာဝန်ရှိသည်။ | ၄၀.၇% | ၄၉.၃% |
| အသွင်ကူးပြောင်းမှု ကာလ တရားမျှတမှု | (က) အတိတ်ကဖြစ်ပျက်ခဲ့သည့် ပြဿနာအဟောင်းများကို ထပ်ခါထပ်ခါပြန်ကျော့ခြင်းမလုပ်သင့်။ လူတိုင်းသည် မြန်မာနိုင်ငံတော်သစ် တည်ဆောက်ရေးကိုသာ အလေးထားသင့်သည်။ | ၅၃.၃% | ၃၃.၃% |
| | (ခ) အတိတ်ကဖြစ်ပျက်ခဲ့သည့် ပြဿနာအဟောင်းများကို ဖြေရှင်းသင့်သည် သို့မှသာ မြန်မာနိုင်ငံတော်သစ်ကို တည်ဆောက်နိုင်လိမ့်မည်။ | ၄၁.၃% | ၅၈.၇% |
| လုပ်ငန်းစဉ် နှင့် ရလဒ် | (က) လုပ်ငန်းစဉ်တစ်လျှောက် မျှတစွာ ဆက်ဆံခံရခြင်းက ရလဒ်ကောင်းထွက်ပေါ်လာရေးထက် ပိုမိုအရေးကြီးသည်။ | ၉၈.၇% | ၉၆.၇% |
| | (ခ) ရလဒ်ကောင်းထွက်ပေါ်လာရေးက လုပ်ငန်းစဉ်တစ်လျှောက် တရားမျှတစွာ ဆက်ဆံခံရရေးထက် ပိုမိုအရေးကြီးသည်။ | ၁.၃% | ၂.၇% |
| ကျား/မ ရေးရာ | (က) အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူ တန်ဘိုးရှိသည်။ သို့သော် အမျိုးသမီးများသည် ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ကို ထိန်းသိမ်းရန် ပိုမိုတာဝန်ရှိသည်။ | ၂.၇% | ၂.၇% |
| | (ခ) အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူ စံတန်ဖိုးရှိသည်။ အမျိုးသားများရော အမျိုးသမီးများပါ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ကို ထိန်းသိမ်းရန် အညီအမျှ တာဝန်ရှိသည်။ | ၉၅.၃% | ၉၆.၇% |
| တစ်ဦးချင်းနှင့် ရပ်ရွာလူ အဖွဲ့အစည်း | (က) လူတစ်ဦးချင်းစီ၏ အခွင့်အရေးအများကို ရပ်ရွာအတွင်း သဟဇာတ ဖြစ်စေရေးကို လေးစားသကဲ့သို့ပင် လေးစားသင့်သည်။ | ၇၀.၇% | ၇၀.၀% |
| | (ခ) တစ်ဦးချင်းအခွင့်အရေးများအတွက် အခိုင်အမာပြောဆိုခြင်းသည် တစ်ကိုယ်ကောင်းဆန်သည်။ ရပ်ရွာအတွင်း သဟဇာတဖြစ်မှုနှင့် သဘောတူညီမှု ထိန်းသိမ်းရေးကို ဦးစားပေးသင့်သည်။ | ၂၇.၃% | ၂၅.၃% |


ဇယား ၃.၁ (ခ)  မြို့ပြ/ကျေးလက်ဒေသအလိုက် တရားမျှတမှုအပေါ် သဘောထားအမြင်များ

| တရားမျှတမှု လားရာရှုထောင့် | အဆိုပြုဖော်ပြချက်များ | သဘောတူညီမှု* မြို့ပြ | သဘောတူညီမှု* ကျေးလက် |
|---|---|---|---|
| သမားရိုးကျနှင့် သမားရိုးကျ မဟုတ်သော | (က) အချို့သော အငြင်းပွားမှုများကို တရားရုံးများတွင် ဖြေရှင်းသည်မှာ အကောင်းဆုံးဖြစ်သည်။ | ၁၆.၄% | ၁၇.၁% |
| | (ခ) အငြင်းပွားမှု အများစုကို ရပ်ရွာအတွင်း ဖြေရှင်းလျှင် ပိုကောင်းသည်။ | ၇၁.၈% | ၇၁.၄% |
| သာတူညီမျှမှု | (က) လူတိုင်းသည် ဘာသာ၊ လူမျိုးမရွေး အစိုးရ၏ ဂရုစိုက်မှုနှင့် အလေးထားမှုခံထိုက်သည်။ | ၉၁.၃% | ၈၉.၅% |
| | (ခ) လူအများစုဖြစ်သော လူမျိုးနှင့် ဘာသာဝင်များသည် လူနည်းစု လူမျိုးနှင့် ဘာသာဝင်များထက်ပိုပြီး အစိုးရ၏ ဂရုစိုက်မှုနှင့် အလေးထားမှု ရသင့်သည်။ | ၆.၇% | ၉.၅% |
| ကံကြမ္မာ နှင့် ကုစားမှု | (က) မတရားမှုသည် ပြည်သူများအပေါ်တွင် ကျရောက်နိုင်သည်။ ထိုကိစ္စနှင့်ပတ်သက်၍ မိမိတို့သည် ဘာမျှမတတ်နိုင်။ အဘယ်ကြောင့်ဆိုသော် ယင်းမှာ မိမိတို့၏ ကံကြမ္မာအရသာဖြစ်သည်။ | ၇.၂% | ၇.၆% |
| | (ခ) ပြည်သူများသည် မတရားမှုခံရသည့်အခါ ကုစားမှုနှင့် တရားမျှတသော ရလဒ်ကို ရရှိစေရန် အတွက် အခြားသူများထံမှ အကူအညီရသင့်သည်။ | ၈၉.၇% | ၈၈.၆% |
| အိမ်တွင်းရေးနှင့် အများပြည်သူ အရေး | (က) မိသားစုအတွင်းဖြစ်သည့် ကိစ္စသည် အိမ်တွင်းတွင်သာ ဖြေရှင်းရမည့် အိမ်တွင်းရေးဖြစ်သည်။ အိမ်ထောင်ရှင် အမျိုးသားသည် ၎င်း၏ ဇနီးနှင့် သားသမီးများ အပေါ်တွင် ဩဇာ အပြည့်အဝရှိသည်။ | ၄၅.၆% | ၂၉.၅% |
| | (ခ) ရပ်ရွာလူထုသည် တစ်ခါတစ်ရံ အခြားမိသားစုများ၏ တစ်ချို့သောအရေးကိစ္စများတွင် ကြားဝင် ဖြေရှင်းပေးရန် တာဝန်ရှိသည်။ | ၄၃.၁% | ၄၈.၆% |
| အသွင်ကူးပြောင်းမှု ကာလ တရားမျှတမှု | (က) အတိတ်ကဖြစ်ပျက်ခဲ့သည့် ပြဿနာအဟောင်းများကို ထပ်ခါထပ်ခါ ပြန်ကျော့ခြင်းမလုပ်သင့်။ လူတိုင်းသည် မြန်မာနိုင်ငံတော်သစ် တည်ဆောက်ရေးကိုသာ အလေးထားသင့်သည်။ | ၄၀.၀% | ၄၉.၅% |
| | (ခ) အတိတ်ကဖြစ်ပျက်ခဲ့သည့် ပြဿနာအဟောင်းများကို ဖြေရှင်းသင့်သည် သို့မှသာ မြန်မာနိုင်ငံ တော်သစ်ကို တည်ဆောက်နိုင်လိမ့်မည်။ | ၅၁.၈% | ၄၆.၇% |
| လုပ်ငန်းစဉ် နှင့် ရလဒ် | (က) လုပ်ငန်းစဉ်တစ်လျှောက် မျှတစွာ ဆက်ဆံခံရခြင်းက ရလဒ်ကောင်း ထွက်ပေါ်လာရေးထက် ပိုမိုအရေးကြီးသည်။ | ၉၈.၅% | ၉၆.၂% |
| | (ခ) ရလဒ်ကောင်းထွက်ပေါ်လာရေးက လုပ်ငန်းစဉ်တစ်လျှောက် တရားမျှတစွာ ဆက်ဆံခံရရေးထက် ပိုမိုအရေးကြီးသည်။ | ၁.၀% | ၃.၈% |
| ကျား/မ ရေးရာ | (က) အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူ တန်ဘိုးရှိသည်။ သို့သော် အမျိုးသမီးများသည် ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ကို ထိန်းသိမ်းရန် ပိုမိုတာဝန်ရှိသည်။ | ၁.၀% | ၅.၇% |
| | (ခ) အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူ တန်ဘိုးရှိသည်။ အမျိုးသားများရော အမျိုးသမီး များပါ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ကို ထိန်းသိမ်းရန် အညီအမျှတာဝန်ရှိသည်။ | ၉၇.၉% | ၉၂.၄% |
| တစ်ဦးချင်းနှင့် ရပ်ရွာလူ အဖွဲ့အစည်း | (က) လူတစ်ဦးချင်းစီ၏ အခွင့်အရေးအများကို ရပ်ရွာအတွင်း သဟဇာတဖြစ်စေရေးကို လေးစားသကဲ့ သို့ပင် လေးစားသင့်သည်။ | ၇၅.၄% | ၆၁.၀% |
| | (ခ) တစ်ဦးချင်းအခွင့်အရေးများအတွက် အခိုင်အမာပြောဆိုခြင်းသည် တစ်ကိုယ်တော်ကောင်းဆန် သည်။ ရပ်ရွာအတွင်း သဟဇာတဖြစ်မှုနှင့် သဘောတူညီမှု ထိန်းသိမ်းရေးကို ဦးစားပေးသင့်သည်။ | ၂၂.၁% | ၃၄.၃% |

ဇယား ၃.၁ (ဂ) ကိုးကွယ်သည့်ဘာသာအလိုက် တရားမျှတမှုအပေါ် သဘောထားအမြင်များ


| တရားမျှတမှု လားရာရှုထောင့် | အဆိုပြုဖော်ပြချက်များ | သဘောတူညီမှု* ဗုဒ္ဓဘာသာ | ခရစ်ယာန် |
|---|---|---|---|
| သမားရိုးကျနှင့် သမားရိုးကျ မဟုတ်သော | (က) အချို့သော အငြင်းပွားမှုများကို တရားရုံးများတွင် ဖြေရှင်းသည်မှာ အကောင်းဆုံးဖြစ်သည်။ | ၂၁.၂% | ၁၅.၂% |
| | (ခ) အငြင်းပွားမှု အများစုကို ရပ်ရွာအတွင်း ဖြေရှင်းလျှင် ပိုကောင်းသည်။ | ၅၉.၆% | ၇၇.၀% |
| သာတူညီမျှမှု | (က) လူတိုင်းသည် ဘာသာ၊ လူမျိုးမရွေး အစိုးရ၏ ဂရုစိုက်မှုနှင့် အလေးထားမှုခံထိုက်သည်။ | ၈၉.၉% | ၉၂.၁% |
| | (ခ) လူအများစုဖြစ်သော လူမျိုးနှင့် ဘာသာဝင်များသည် လူနည်းစု လူမျိုးနှင့် ဘာသာဝင်များထက်ပိုပြီး အစိုးရ၏ ဂရုစိုက်မှုနှင့် အလေးထားမှု ရသင့်သည်။ | ၇.၁% | ၇.၃% |
| ကံကြမ္မာ နှင့် ကုစားမှု | (က) မတရားမှုသည် ပြည်သူများအပေါ်တွင်ကျရောက်နိုင်သည်။ ထိုကိစ္စနှင့်ပတ်သက်၍ မိမိတို့သည် ဘာမျှမတတ်နိုင်။ အဘယ်ကြောင့်ဆိုသော် ယင်းမှာ မိမိတို့၏ ကံကြမ္မာအရသာဖြစ်သည်။ | ၃.၀% | ၉.၄% |
| | (ခ) ပြည်သူများသည် မတရားမှုခံရသည့်အခါ ကုစားမှုနှင့် တရားမျှတသော ရလဒ်ကို ရရှိစေရန်အတွက် အခြားသူများထံမှ အကူအညီရသင့်သည်။ | ၉၀.၉% | ၈၈.၅% |
| အိမ်တွင်းရေးနှင့် အများပြည်သူ အရေး | (က) မိသားစုအတွင်းဖြစ်သည့် ကိစ္စသည် အိမ်တွင်းတွင်သာ ဖြေရှင်းရမည့် အိမ်တွင်းရေးဖြစ်သည်။ အိမ်ထောင်ရှင်အမျိုးသားသည် ၎င်း၏ ဇနီးနှင့် သားသမီးများ အပေါ်တွင် ဩဇာ အပြည့်အဝရှိသည်။ | ၄၁.၄% | ၃၇.၂% |
| | (ခ) ရပ်ရွာလူထုသည် တစ်ခါတစ်ရံ အခြားမိသားစုများ၏ တစ်ချို့သော အရေးကိစ္စများတွင် ကြားဝင်ဖြေရှင်းပေးရန် တာဝန်ရှိသည်။ | ၄၇.၅% | ၄၅.၅% |
| အသွင်ကူးပြောင်းမှု ကာလ တရားမျှတမှု | (က) အတိတ်ကဖြစ်ပျက်ခဲ့သည့် ပြဿနာအဟောင်းများကို ထပ်ခါထပ်ခါပြန်ကျော့ခြင်းမလုပ်သင့်။ လူတိုင်းသည် မြန်မာနိုင်ငံတော်သစ် တည်ဆောက်ရေးကိုသာ အလေးထားသင့်သည်။ | ၄၉.၅% | ၃၈.၇% |
| | (ခ) အတိတ်ကဖြစ်ပျက်ခဲ့သည့် ပြဿနာအဟောင်းများကို ဖြေရှင်းသင့်သည် သို့မှသာ မြန်မာနိုင်ငံတော်သစ်ကို တည်ဆောက်နိုင်လိမ့်မည်။ | ၄၀.၄% | ၅၆.၀% |
| လုပ်ငန်းစဉ် နှင့် ရလဒ် | (က) လုပ်ငန်းစဉ်တစ်လျှောက် မျှတစွာ ဆက်ဆံခံရခြင်းက ရလဒ်ကောင်း ထွက်ပေါ်လာရေးထက် ပိုမိုအရေးကြီးသည်။ | ၉၈.၀% | ၉၇.၄% |
| | (ခ) ရလဒ်ကောင်းထွက်ပေါ်လာရေးက လုပ်ငန်းစဉ်တစ်လျှောက် တရားမျှတစွာ ဆက်ဆံခံရရေးထက် ပိုမိုအရေးကြီးသည်။ | ၁.၀% | ၂.၆% |
| ကျား/မ ရေးရာ | (က) အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူ စံတန်ဖိုးရှိသည်။ သို့သော် အမျိုးသမီးများသည် ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ကို ထိန်းသိမ်းရန် ပိုမိုတာဝန်ရှိသည်။ | ၄.၀% | ၂.၁% |
| | (ခ) အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူ စံတန်ဖိုးရှိသည်။ အမျိုးသားများရော အမျိုးသမီးများပါ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ကို ထိန်းသိမ်းရန် အညီအမျှ တာဝန်ရှိသည်။ | ၉၃.၉% | ၉၆.၉% |
| တစ်ဦးချင်းနှင့် ရပ်ရွာလူ အဖွဲ့အစည်း | (က) လူတစ်ဦးချင်းစီ၏ အခွင့်အရေးအများကို ရပ်ရွာအတွင်း သဟဇာတ ဖြစ်စေရေးကို လေးစားသကဲ့သို့ပင် လေးစားသင့်သည်။ | ၆၄.၆% | ၇၁.၇% |
| | (ခ) တစ်ဦးချင်းအခွင့်အရေးများအတွက် အခိုင်အမာပြောဆိုခြင်းသည် တစ်ကိုယ်တော်ကောင်း ဆန်သည်။ ရပ်ရွာအတွင်း သဟဇာတဖြစ်မှုနှင့် သဘောတူညီမှု ထိန်းသိမ်းရေးကို ဦးစားပေးသင့်သည်။ | ၂၉.၃% | ၂၆.၂% |

ပုံ ၃.၄ (က) နေ့စဉ်သုံးဝေါဟာရစကားလုံးများ (ကျား/မ အပိုင်းအခြားအရ)




# အခန်း ၅ ပြဿနာဖြေရှင်းသည့်လမ်းကြောင်းများဆိုင်ရာ လေ့လာတွေ့ရှိချက်များ

ပုံ ၅.၂ (က) အငြင်းပွားမှုဖြေရှင်းရာတွင် ပိုမိုနှစ်သက်သည့် နည်းလမ်းများ (တွေးဆဖြစ်ရပ် ၁)





ပုံ ၅.၂ (ခ) အငြင်းပွားမှုဖြေရှင်းရာတွင် ပိုမိုနှစ်သက်သည့် နည်းလမ်းများ (တွေးဆဖြစ်ရပ် ၂)

ပုံ ၅.၂ (ခ) အငြင်းပွားမှုဖြေရှင်းရာတွင် ပိုမိုနှစ်သက်သည့် နည်းလမ်းများ (တွေးဆဖြစ်ရပ် ၂)





ပုံ ၅.၂ (ခ) အငြင်းပွားမှုဖြေရှင်းရာတွင် ပိုမိုနှစ်သက်သည့် နည်းလမ်းများ (တွေးဆဖြစ်ရပ် ၂)

ပုံ ၅.၂ (ဂ)   အငြင်းပွားမှုဖြေရှင်းရာတွင် ပိုမိုနှစ်သက်သည့် နည်းလမ်းများ (တွေ့ဆဖြစ်ရပ် ၃)





တွေ့ဆဖြစ်ရပ် ၃ ။     သင်၏အသိမိတ်ဆွေဖြစ်သူ အမျိုးသမီးသည် ပုံမှန်အိမ်တွင်း အကြမ်းဖက်ခံရပြီး သင့်ထံအကူအညီတောင်းသည်။

ပုံ ၅.၂ (ဃ) အငြင်းပွားမှုဖြေရှင်းရာတွင် ပိုမိုနှစ်သက်သည့် နည်းလမ်းများ (တွေ့ဆဖြစ်ရပ် ၄)





တွေ့ဆဖြစ်ရပ် ၄ ။ သင်ဆိုင်ကယ်တိုက်မှုဖြစ်ပြီး သင်၏ဆိုင်ကယ်မှာ ပြင်၍ မရအောင် သို့မဟုတ် သုံး၍မရအောင်ပျက်စီးသွားသည်။

ပုံ ၅.၂ (င)   အငြင်းပွားမှုဖြေရှင်းရာတွင် ပိုမိုနစ်သက်သည့် နည်းလမ်းများ (တွေ့ဆုံဖြစ်ရပ် ၅)




ပုံ ၅.၂ (စ)   အငြင်းပွားမှုဖြေရှင်းရာတွင် ပိုမိုနှစ်သက်သည့် နည်းလမ်းများ (တွေ့ဆုံဖြစ်ရပ် ၆)




# အခန်း ၆ တရားမျှတရေးစနစ်နှင့် တရားရေးပုဂ္ဂိုလ်များအပေါ် သဘောထားအမြင်

ပုံ ၆.၆ (က) တာဝန်ယူ တာဝန်ခံမှုဆိုင်ရာတားဆီးအဟန့်အတားများနှင့် ပတ်သက်၍ သဘောထားခံယူချက်များ




# အခန်း ၇ ဒေသတွင်း ပြောင်းရွှေ့နေထိုင်ရသည့် ဖြေဆိုသူများ ဆိုင်ရာ လေ့လာတွေ့ရှိချက်များ


ပုံ ၇.၁ (ခ) ပညာရေးအဆင့်အတန်း (ဒေသတွင်းရွှေ့ပြောင်းနေထိုင်ရသည့် အခြေအနေအရ )





ပုံ ၇.၁ (ခ) ကျား/မ လိင်အရ မြန်မာစာတတ်မြောက်မှု (ဒေသတွင်းရွှေ့ပြောင်းနေထိုင်ရသည့် အခြေအနေအရ )




ပုံ ၇.၁ (ဃ) ကျား/မ လိင်အရ မြန်မာစာတတ်မြောက်မှု (ဒေသတွင်းရွှေ့ပြောင်းနေထိုင်ရသည့် အခြေအနေအရ )





ပုံ ၇.၃ အိမ်ထောင်စုအလိုက်ပိုင်ဆိုင်မှုများ (ဒေသတွင်းရွှေ့ပြောင်းနေထိုင်ရသည့် အခြေအနေအရ )




ပုံ ၇.၄ (ခ) ကျား/မ လိင်အပိုင်းအခြားအရ သတင်းအချက်အလက်လက်လှမ်းမီ ရယူနိုင်မှု (IDP ဖြေဆိုသူများ




ပုံ ၇.၄ (ဂ) ဘာသာစကားများ (IDP ဖြေဆိုသူများ)




ပုံ ၇.၅ (က) လူမှုယုံကြည်မှု၊ ကျား/မ လိင်အရ ယုံကြည်ထိုက်မှုနှင့် မျှတမှု (IDP ဖြေဆိုသူများ)




(က) "ယေဘုယျအားဖြင့် လူအများစုသည် ယုံကြည်ထိုက်သည်။"
(ခ) "ယေဘုယျအားဖြင့် လူအများစုသည် တဖက်လူ (တခြားသူများအပေါ်) မျှတရန်ကြိုးစားသည်။"


ပုံ ၇.၆ (က) လူမှုယုံကြည်မှု၊ ကျား/မ လိင်အရ အခြားသူများအပေါ်ယုံကြည်မှု (IDP ဖြေဆိုသူများ)




ဇယား ၇.၃ (က)  ကျား/မ လိင်အလိုက် တရားမျှတမှုအပေါ်သဘောထားအမြင်များ (IDP ဖြေဆိုသူများ)

| တရားမျှတမှု လားရာရှုထောင့် | အဆိုပြုဖော်ပြချက်များ | သဘောတူညီမှု* ကျား | မ |
|---|---|---|---|
| တရားဝင်နှင့် ဓလေ့ထုံးတမ်း | (က) အချို့သော အငြင်းပွားမှုများကို တရားရုံးများတွင် ဖြေရှင်းသည်မှာ အကောင်းဆုံးဖြစ်သည်။ | ၃၇.၂% | ၁၅.၈% |
| | (ခ) အငြင်းပွားမှု အများစုကို ရပ်ရွာအတွင်း ဖြေရှင်းလျှင် ပိုကောင်းသည်။ | ၅၁.၂% | ၇၁.၉% |
| တန်းတူညီမျှမှု | (က) လူတိုင်းသည် ဘာသာ၊ လူမျိုးမရွေး အစိုးရ၏ ဂရုစိုက်မှုနှင့် အလေးထားမှုခံထိုက်သည်။ | ၈၈.၄% | ၈၉.၅% |
| | (ခ) လူအများစုဖြစ်သော လူမျိုးနှင့် ဘာသာဝင်များသည် လူနည်းစု လူမျိုးနှင့် ဘာသာဝင်များထက်ပိုပြီး အစိုးရ၏ ဂရုစိုက်မှုနှင့် အလေးထားမှု ရသင့်သည်။ | ၁၁.၆% | ၈.၈% |
| ကံကြမ္မာ နှင့် ကုစားမှု | (က) မတရားမှုသည် ပြည်သူများအပေါ်တွင်ကျရောက်နိုင်သည်။ ထိုကိစ္စနှင့် ပတ်သက်၍ မိမိတို့သည် ဘာမျှမတတ်နိုင်။ အဘယ်ကြောင့်ဆိုသော် ယင်းမှာ မိမိတို့၏ ကံကြမ္မာအရသာဖြစ်သည်။ | ၁၁.၆% | ၈.၈% |
| | (ခ) ပြည်သူများသည် မတရားမှုခံရသည့်အခါ ကုစားမှုနှင့် တရားမျှတသော ရလဒ်ကို ရရှိစေရန်အတွက် အခြားသူများထံမှ အကူအညီရသင့်သည်။ | ၈၈.၄% | ၈၉.၅% |
| အိမ်တွင်းရေး နှင့် အများပြည်သူ | (က) မိသားစုအတွင်းဖြစ်သည့် ကိစ္စသည် အိမ်တွင်းတွင်သာ ဖြေရှင်းရမည့် အိမ်တွင်းရေးဖြစ်သည်။ အိမ်ထောင်ရှင်အမျိုးသားသည် ၎င်း၏ ဇနီးနှင့် သားသမီးများ အပေါ်တွင် ဩဇာ အပြည့်အဝရှိသည်။ | ၄၄.၂% | ၃၃.၃% |
| | (ခ) ရပ်ရွာလူထုသည် တစ်ခါတစ်ရံ အခြားမိသားစုများ၏ တစ်ချို့သော အရေးကိစ္စများတွင် ကြားဝင်ဖြေရှင်းပေးရန် တာဝန်ရှိသည်။ | ၃၉.၅% | ၄၇.၄% |
| အသွင်ကူးပြောင်းမှု ကာလ တရားမျှတမှု | (က) အတိတ်ကဖြစ်ပျက်ခဲ့သည့် ပြဿနာအဟောင်းများကို ထပ်ခါထပ်ခါ ပြန်ကျော့ခြင်းမလုပ်သင့်။ လူတိုင်းသည် မြန်မာနိုင်ငံတော်သစ် တည်ဆောက်ရေးကိုသာ အလေးထားသင့်သည်။ | ၃၀.၂% | ၁၇.၅% |
| | (ခ) အတိတ်ကဖြစ်ပျက်ခဲ့သည့် ပြဿနာအဟောင်းများကို ဖြေရှင်းသင့်သည် သို့မှသာ မြန်မာနိုင်ငံတော်သစ်ကို တည်ဆောက်နိုင်လိမ့်မည်။ | ၆၇.၄% | ၇၅.၄% |
| လုပ်ထုံးလုပ်နည်း ဖြစ်စဉ် နှင့် ရလဒ် | (က) လုပ်ငန်းစဉ်တစ်လျှောက် မျှတစွာ ဆက်ဆံခံရခြင်းက ရလဒ်ကောင်း ထွက်ပေါ်လာရေးထက် ပိုမိုအရေးကြီးသည်။ | ၈၁.၄% | ၉၁.၂% |
| | (ခ) ရလဒ်ကောင်းထွက်ပေါ်လာရေးက လုပ်ငန်းစဉ်တစ်လျှောက် တရားမျှတစွာ ဆက်ဆံခံရရေးထက် ပိုမိုအရေးကြီးသည်။ | ၁၆.၃% | ၈.၈% |
| ကျား/မ ရေးရာ | (က) အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူ တန်ဘိုးရှိသည်။ သို့သော် အမျိုးသမီးများသည် ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ကို ထိန်းသိမ်းရန် ပိုမိုတာဝန်ရှိသည်။ | ၄.၇% | ၅.၃% |
| | (ခ) အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူ တန်ဘိုးရှိသည်။ အမျိုးသားများရော အမျိုးသမီးများပါ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ကို ထိန်းသိမ်းရန် အညီအမျှတာဝန်ရှိသည်။ | ၉၃.၀% | ၉၃.၀% |
| တစ်ဦးချင်း နှင့် ရပ်ရွာ | (က) လူတစ်ဦးချင်းစီ၏ အခွင့်အရေးအများကို ရပ်ရွာအတွင်း သဟဇာတ ဖြစ်စေရေးကို လေးစားသကဲ့သို့ပင် လေးစားသင့်သည်။ | ၇၄.၄% | ၇၃.၇% |
| | (ခ) တစ်ဦးချင်းအခွင့်အရေးများအတွက် အခိုင်အမာပြောဆိုခြင်းသည် တစ်ကိုယ်တော်ကောင်း ဆန်သည်။ ရပ်ရွာအတွင်း သဟဇာတဖြစ်မှုနှင့် သဘောတူညီမှု ထိန်းသိမ်းရေးကို ဦးစားပေးသင့်သည်။ | ၂၃.၃% | ၁၇.၅% |


ပုံ ၇.၈ (က) ကျား/မ လိင်ကိုလိုက်၍ နေ့စဉ်သုံးဝေါဟာရစကားလုံးများ (IDP ဖြေဆိုသူများ)





ပုံ ၇.၈(ခ) ကျား/မ လိင်အရ နေ့စဉ်သုံးဝေါဟာရစကားလုံးများ ဒေသတွင်းရွှေပြောင်းနေထိုင်ရသည့် အခြေအနေအရ )




ပုံ ၇.၁၃ (က) အငြင်းပွားမှု ဖြေရှင်းရာတွင် ပိုမိုနှစ်သက်သည့်နည်းလမ်းများ- တွေးဆဖြစ်ရပ် ၁ (IDP ဖြေဆိုသူများ)




ပုံ ၇.၁၃ (ခ)   အငြင်းပွားမှု ဖြေရှင်းရာတွင် ပိုမိုနှစ်သက်သည့်နည်းလမ်းများ- တွေးဆဖြစ်ရပ် ၂ (IDP ဖြေဆိုသူများ)



ပုံ ၇.၁၃ (ဂ)   အငြင်းပွားမှု ဖြေရှင်းရာတွင် ပိုမိုနှစ်သက်သည့်နည်းလမ်းများ- တွေ့ဆုံဖြစ်ရပ် ၃ (IDP ဖြေဆိုသူများ)



ပုံ ၇.၁၃ (ဃ) အငြင်းပွားမှု ဖြေရှင်းရာတွင် ပိုမိုနှစ်သက်သည့်နည်းလမ်းများ- တွေ့ဆုံဖြစ်ရပ် ၄ (IDP ဖြေဆိုသူများ)



*Empowered lives.*
*Resilient nations.*


ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်
အမှတ် ၆၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊
စာတိုက်သေတ္တာအမှတ် ၆၅၀၊ ရန်ကုန် ၁၁၂၁၁၊ မြန်မာ။
Tel: (95 1) 542910 - 19,  Fax: 95(1) 544 531
www.mm.undp.org
UNDP Myanmar
UNDP_Myanmar


ဒီဇင်ဘာလ- ၂၀၁၆